သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒအဋ္ဌကထာမြန်မာပြန်

# ဓမ္မပဒဝတ္ထု

## (စတုတ္ထတွဲ)


ပြည်ထောင်စု မြန်မာနိုင်ငံတော်

သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

၂၃၂၃

သာသနာရေးဝန်ကြီးဌာန

သာသနာရေးဦးစီးဌာန

ဓမ္မပဒအဋ္ဌကထာမြန်မာပြန်

# ဓမ္မပဒဝတ္ထု

(စတုတ္ထတွဲ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၃၆ ကောဇာ ၁၃၅၄ ခရစ် ၁၉၉၂

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဦးစီးဌာန ပုံနှိပ်တိုက်၌
လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်း
(မှတ်ပုံတင်အမှတ် ၀၂၄၀၅/၀၂၅၂၇)က ပုံနှိပ်ထုတ်ဝေသည်။

# ဓမ္မပဒဝတ္ထု

## (စတုတ္ထတွဲ)

### မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | **၁၅။ သုခဝဂ်** | |
| ၁။ | ဆွေတော်မျိုးတော်များ ရန်ပွဲပြေငြိမ်းခြင်းဝတ္ထု .... .... | ၁ |
| | ဆွေတော်မျိုးတော်တို့ ခိုက်ရန်ဖြစ်ပွားကြပုံ .... .... | ၂ |
| | မြတ်စွာဘုရား ကြွတော်မူ၍ ရန်ပွဲငြိမ်းခြင်း .... .... | ၃ |
| ၂။ | မာရဝတ္ထု .... .... | ၅ |
| | မာရ်နတ်မင်း နှောက်ယှက်ပုံ .... .... | ၆ |
| | ငါးရာသော သတို့သမီးတို့အား တရားဟောတော်မူခြင်း .... | ၆ |
| ၃။ | ကောသလမင်းကြီး စစ်ရှုံးသောဝတ္ထု .... .... | ၇ |
| ၄။ | မထင်ရှားသော အမျိုးသမီးငယ်ဝတ္ထု .... .... | ၉ |
| ၅။ | နွားပျောက်သော ဥပါသကာတစ်ဦးဝတ္ထု .... .... | ၁၀ |
| | ပြင်းစွာဆာလောင်မွတ်သိပ်သော်လည်း တရားတော်ကို နာယူခြင်း .... .... | ၁၁ |
| | မြတ်စွာဘုရားအား ကဲ့ရဲ့ရှုတ်ချခြင်း .... .... | ၁၂ |
| ၆။ | ပသေနဒီကောသလမင်းဝတ္ထု .... .... | ၁၄ |
| ၇။ | တိဿတ္ထေရဝတ္ထု .... .... | ၁၇ |
| ၈။ | သိကြားမင်းဝတ္ထု .... .... | ၂၀ |
| | သိကြားမင်း လုပ်ကျွေးပြုစုပုံ .... .... | ၂၀ |
| | သိကြားမင်း အထူးကြည်ညိုခြင်းအကြောင်း .... .... | ၂၈ |
| | **၁၆။ ပိယဝဂ်** | |
| ၁။ | သားအမိသုံးယောက် ရဟန်းပြုသောဝတ္ထု .... .... | ၂၄ |
| | သူငယ်ရဟန်းပြုပုံ .... .... | ၂၄ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၂။ | မထင်ရှားသော သူကြွယ်ဝတ္ထု | .... | .... | ၂၈ |
| | မြတ်စွာဘုရား သူကြွယ်အိမ်သို့ ကြွခြင်း | .... | .... | ၂၈ |
| | သောကကို ပယ်ရှားသော အလောင်းတော်ပုဏ္ဏား | .... | .... | ၂၉ |
| | သံကြိုးမင်း ဆင်းသက်၍ မေးမြန်းရခြင်း | .... | .... | ၃၁ |
| ၃။ | ဝိသာခါဝတ္ထု | .... | .... | ၃၅ |
| ၄။ | လိစ္ဆဝီဝတ္ထု | .... | .... | ၃၇ |
| | အကြောင်းအတ္ထုပ္ပတ္တိအစဉ် | .... | .... | ၃၇ |
| ၅။ | အနိတ္ထိဂန္ဓကုမာရဝတ္ထု | .... | .... | ၃၈ |
| | ရွှေစင်ရုပ်နှင့် သမီးကညာ | .... | .... | ၃၉ |
| | သတို့သမီးကို တွေ့ရှိခြင်း | .... | .... | ၄၀ |
| ၆။ | ဗြာဟ္မဏ တစ်ယောက်ဝတ္ထု | .... | .... | ၄၂ |
| ၇။ | သူငယ်ငါးရာဝတ္ထု | .... | .... | ၄၄ |
| | အရှင်မဟာကဿပမထေရ်အား မုန့်လှူခြင်း | .... | .... | ၄၅ |
| ၈။ | အနာဂါမိမထေရ် တစ်ပါးဝတ္ထု | .... | .... | ၄၇ |
| | ဥဒ္ဒံသောတပုဂ္ဂိုလ် | .... | .... | ၄၈ |
| ၉။ | နန္ဒိယသူကြွယ်ဝတ္ထု | .... | .... | ၄၉ |
| | ရေဝတီသတို့သမီးနှင့် လက်ထပ်ခြင်း | .... | .... | ၄၉ |
| | မိဂဒါဝုန်တော၌ ကျောင်းတော်ဆောက်လုပ် လှူဒါန်းခြင်း | | .... | ၅၀ |


## ၁၇။ ကောဓဝဂ်


| | | | | |
|---|---|---|---|---|
| ၁။ | ရောဟိနီ ခတ္တိယကညာဝတ္ထု | .... | .... | ၅၄ |
| | ရောဟိနီ မင်းသမီးအား ယားယံသော ရောဂါဖြစ်ခြင်း | | .... | ၅၄ |
| | ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းခြင်း | .... | .... | ၅၅ |
| | ရှေးအတိတ်က | .... | .... | ၅၆ |
| | နတ်သားလေးယောက် လုနေ၍ သိကြားမင်း သိမ်းပိုက်ခြင်း.... | | | ၅၇ |
| | သိကြားမင်း၏ မိဖုရားဖြစ်ခြင်း | .... | .... | ၅၈ |
| ၂။ | ရဟန်းတစ်ပါးဝတ္ထု | — | .... | ၅၉ |
| | နတ်သမီးက တားဆီးခြင်း | .... | .... | ၅၉ |
| | နတ်သမီး ဒေါသချုပ်တည်းပုံ | .... | .... | ၆၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ဥတ္တရာဥပါသိကာမဝတ္ထု .... .... | ၆၂ |
| | ဤကား အစဉ်အတိုင်းသော စကားတည်း .... .... | ၆၂ |
| | ပုဏ္ဏသူရင်းငှါး သူဌေးဖြစ်ခြင်း .... .... | ၆၃ |
| | မယ်ဥတ္တရာ၏ အလှူဒါန .... .... | ၆၄ |
| | မယ်ဥတ္တရာ၏ လိမ္မာပုံ .... .... | ၆၅ |
| | သူရင်းငှါး ပုဏ္ဏကို သူဌေးမြှောက်ခြင်း .... .... | ၆၇ |
| | မိစ္ဆာဒိဋ္ဌိ လင့်အိမ်သို့ လိုက်ပါရခြင်း .... .... | ၆၈ |
| | သိရိမာကို ငှါးပေးခြင်း .... .... | ၇၀ |
| | ဥတ္တရာကို ထောပတ်ဆီပူဖြင့် လောင်းခြင်း .... .... | ၇၁ |
| | သိရိမာ၏ တောင်းပန်ခြင်း .... .... | ၇၂ |
| ၄။ | မဟာမောဂ္ဂလာနတ္ထေရပဉ္စဝတ္ထု .... .... | ၇၅ |
| | သစ္စာစကား ပြော၍ နတ်သမီးဖြစ်ခြင်း .... .... | ၇၅ |
| | အမျက်မထွက်ခြင်းကြောင့် နတ်သမီးဖြစ်ခြင်း .... | ၇၆ |
| | ကြံတစ်ချောင်းလှူခဲ့၍ နတ်သမီးဖြစ်ခြင်း .... | ၇၇ |
| | သစ်သီးတစ်လုံးလှူဖူးသော နတ်သမီးများ .... | ၇၇ |
| | မြတ်စွာဘုရားအား အရှင်မောဂ္ဂလာန်မထေရ် .... မေးမြန်းလျှောက်ထားခြင်း .... .... | ၇၈ |
| ၅။ | ဗုဒ္ဓခမည်းတော်ပုဏ္ဏားဝတ္ထု .... .... | ၇၉ |
| | ဘဝငါးရာ ခမည်းတော် မယ်တော်ဖြစ်ဖူးခြင်း .... | ၈၁ |
| | ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ ဈာပနကို ပို့တော်မူခြင်း .... | ၈၂ |
| ၆။ | ပုဏ္ဏကျွန်မဝတ္ထု .... .... | ၈၄ |
| | မြတ်စွာဘုရားအား ဆန်ကွဲမုန့်လှူခြင်း .... .... | ၈၅ |
| | အတိတ်ဝတ္ထုကို ဟောတော်မူခြင်း .... .... | ၈၇ |
| ၇။ | အတုလဥပါသကာဝတ္ထု .... .... | ၈၈ |
| | စိတ်တိုင်းမကျသော ဒါယကာ .... .... | ၈၈ |
| ၈။ | ဆဗ္ဗဂ္ဂီရဟန်းဝတ္ထု .... .... | ၉၂ |
| | **၁၈။ မလဝဂ်** | |
| ၁။ | နွားသတ်ယောကျ်ား၏ သားယယ်ဝတ္ထု .... .... | ၉၅ |
| | နွားသတ်ယောကျ်ား လျှာပြုတ်၍ အဝီစိသို့ လားခြင်း .... | ၉၅ |
| | သားယယ် တက္ကသိုလ်ပြည်သို့ ထွက်ပြေးခြင်း .... | ၉၆ |

# ဓမ္မပဒဝတ္ထု


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂။ | အညတရ ဗြာဟ္မဏဝတ္ထု .... .... | ၁၀၁ |
| | အဆင့်ဆင့် သဒ္ဓါတရားဖြစ်ပေါ်လာပုံ .... | ၁၀၁ |
| ၃။ | သန်းဖြစ်ရသော တိဿမထေရ်ဝတ္ထု.... .... | ၁၀၃ |
| | သင်္ကန်းကို အသစ်တစ်ဖန် ပြန်လည်ရက်လုပ်ခြင်း .... | ၁၀၃ |
| | တိဿမထေရ် စုတေ၍ သန်းဖြစ်ခြင်း.... .... | ၁၀၄ |
| | သန်းဘဝမှ ကျွတ်၍ တုသိတာနတ်ပြည်သို့ ရောက်ခြင်း | ၁၀၄ |
| ၄။ | လာလုဒါယီဝတ္ထု .... .... .... | ၁၀၆ |
| | လာလုဒါယီမထေရ် မစင်တွင်းသို့ ကျခြင်း .... | ၁၀၈ |
| | သူကရဇာတ် .... .... | ၁၀၈ |
| ၅။ | မထင်ရှားသော အမျိုးသားဝတ္ထု .... .... | ၁၁၂ |
| | မကောင်းမှုတ်ထွေး အညစ်အကြေးကို ပြသော ပါဠိတော်ဂါထာ ဒေသနာ .... .... | ၁၁၄ |
| | ဒေသနာတော်၏ အကျိုးအာနိသင် .... .... | ၁၁၅ |
| ၆။ | စူဠသာရိဝတ္ထု .... .... | ၁၁၅ |
| | အရှက်မရှိသော သူနှင့် အရှက်ရှိသူ နှစ်ဦးတို့၏ အကြောင်းကို ဟောပြသော ပါဠိတော်ဂါထာ ဒေသနာ .... .... | ၁၁၆ |
| ၇။ | ပဉ္စဥပါသကာ ဝတ္ထု .... .... | ၁၁၉ |
| ၈။ | တိဿဒဟာန်းငယ် ဝတ္ထု .... .... | ၁၂၂ |
| | ဒဟာန်းငယ်၏ အမျိုးကို စုံစမ်းခြင်း .... .... | ၁၂၂ |
| | အတိတ်ကို ဆောင်တော်မူခြင်း .... .... | ၁၂၃ |
| | ဝက်ကြီးဝက်ငယ် ကျေပွန်သဖြင့် ဆင်းရဲမှ လွတ်၍ ချမ်းသာကြီးစွာ ရခြင်း .... .... | ၁၂၅ |
| | ပရိယာယ်ဖြင့် ကဲ့ရဲ့တတ်သော အလေ့ကို ဆုံးမခြင်း.... | ၁၂၇ |
| ၉။ | ဥပါသကာ ငါးဦးဝတ္ထု .... .... | ၁၂၉ |
| | ဥပါသကာတို့၏ အတိတ်ကို ဆောင်တော်မူခြင်း .... | ၁၃၀ |

| အမှတ်စဉ် | အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|---|
| ၁၀။ | မေတ္တကသေဋ္ဌိ ဝတ္ထု | .... | .... | ၁၃၃ |
| | ဝိပဿီမြတ်စွာဘုရားအား ဆင်ဝင်ဇရပ်လှူဒါန်းခြင်း | | .... | ၁၃၄ |
| | ပစ္စေကဗုဒ္ဓါ အထံ၌ ဆုတောင်းပန်ထွာခြင်း | | .... | ၁၃၅ |
| | ဆွမ်းဒါန ဒိဋ္ဌဓမ္မအကျိုး | .... | .... | ၁၄၀ |
| | ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ အကျိုးပေးပုံ | .... | .... | ၁၄၀ |
| | မြတ်စွာဘုရားထံ ချဉ်းကပ်ခြင်း | .... | .... | ၁၄၀ |
| ၁၁။ | ဥဋ္ဌာနသညိတ္ထေရဝတ္ထု | .... | .... | ၁၄၃ |
| ၁၂။ | သုဘဒ္ဒပရိဗိုဇ်ဝတ္ထု | .... | .... | ၁၄၄ |

၁၉။ ဓမ္မဋ္ဌဝဂ်

| | | | | |
|---|---|---|---|---|
| ၁။ | ဝိနိစ္ဆယမဟာမတ္တတ္ထေရဝတ္ထု | .... | .... | ၁၄၇ |
| ၂။ | ဆဗ္ဗဂ္ဂိယဝတ္ထု | .... | .... | ၁၄၉ |
| ၃။ | တစ်ဂါထာ ဥဒါန်းကျူးသော ရဟန္တာမထေရ်ဝတ္ထု | | .... | ၁၅၀ |
| | ဥဒါန်းဂါထာ | .... | .... | ၁၅၀ |
| ၄။ | လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု | .... | .... | ၁၅၃ |
| ၅။ | စိတ်သဘောကောက်ကျစ်သော ရဟန်းများဝတ္ထု | | .... | ၁၅၄ |
| ၆။ | ဟတ္ထကရဟန်းဝတ္ထု | .... | .... | ၁၅၆ |
| | သမဏမည်ကြောင်း ဟောပြသော ဂါထာဒေသနာ | | .... | ၁၅၇ |
| ၇။ | အညတရဗြာဟ္မဏ ဝတ္ထု | .... | .... | ၁၅၈ |
| ၈။ | မုနိအသွင်ဆောင်ကုန်သော တိတ္ထိတို့ဝတ္ထု | | .... | ၁၆၀ |
| ၉။ | ငါးများသမား ဝတ္ထု | .... | .... | ၁၆၂ |
| ၁၀။ | သီလစသည်နှင့် ပြည့်စုံသော ရဟန်းများဝတ္ထု | | .... | ၁၆၄ |

၂၀။ မဂ္ဂဝဂ်

| | | | | |
|---|---|---|---|---|
| ၁။ | ခရီးလမ်းအကြောင်း ပြောကြားကုန်သော ရဟန်းငါးရာဝတ္ထု | .... | .... | ၁၆၆ |
| ၂။ | အနိစ္စလက္ခဏာဝတ္ထု | .... | .... | ၁၆၉ |
| ၃။ | ဒုက္ခလက္ခဏာဝတ္ထု | .... | .... | ၁၇၀ |
| ၄။ | အနတ္တလက္ခဏာဝတ္ထု | .... | .... | ၁၇၁ |
| ၅။ | ပဓာနကမ္မိကတိဿမထေရ်ဝတ္ထု | .... | .... | ၁၇၂ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၆။ | သူကရပေတဝတ္ထု .... .... | ၁၇၆ |
| | ဝက်ပြိတ္တာ၏ အတိတ်ဝတ္ထု .... .... | ၁၇၇ |
| | ကျောင်းရရန် ကုန်းချောပုံ .... .... | ၁၇၈ |
| | ရဟန်းနှစ်ပါးတို့ ကွဲပြားသွားခြင်း .... .... | ၁၇၉ |
| | ဓမ္မဂူထိက ထွက်ပြေးခြင်း .... .... | ၁၈၂ |
| ၇။ | ပိဋကသုံးပုံဆောင် ကောဋ္ဌိလမထေရ်ဝတ္ထု .... .... | ၁၈၃ |
| | ကောဋ္ဌိလမထေရ် တောထွက်ခြင်း .... .... | ၁၈၃ |
| | ခုနစ်နှစ်ရွယ် သာမဏေထံ၌ ကမ္မဋ္ဌာန်းယူပုံ .... .... | ၁၈၄ |
| ၈။ | ပဌမမဟလ္လကမထေရ်ဝတ္ထု .... .... | ၁၈၆ |
| | ကျီးမိုက်ဝတ္ထု .... .... | ၁၈၇ |
| ၉။ | ရွှေပန်းထိမ်သည်မထေရ်ဝတ္ထု .... .... | ၁၉၁ |
| | စရိုက်နှင့် မလျော်သော ကမ္မဋ္ဌာန်းဖြစ်၍ တရားထူးမရခြင်း | ၁၉၁ |
| | စရိုက်ကို ကြည့်၍ မြတ်စွာဘုရား ကမ္မဋ္ဌာန်း ပေးသနားတော်မူခြင်း | ၁၉၂ |
| | ရဟန်းငယ်အား ကမ္မဋ္ဌာန်း နိမိတ်ထင်ခြင်း .... .... | ၁၉၃ |
| ၁၀။ | မဟာနေကုန်သည် ဝတ္ထု .... .... | ၁၉၅ |
| ၁၁။ | ကိသာဂေါတမီဝတ္ထု .... .... | ၁၉၈ |
| ၁၂။ | ပဋာစာရာဝတ္ထု .... .... | ၁၉၉ |


## ၂၁။ ပကိဏ္ဏကဝဂ်


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | မြတ်စွာဘုရား၏ ရှေးကောင်းမှုဝတ္ထု .... .... | ၂၀၂ |
| | ဝေသာလီပြည်၌ ဘေးကြီးသုံးပါး .... .... | ၂၀၂ |
| | ဝေသာလီပြည်သို့ မြတ်စွာဘုရား ကြွတော်မူရာ အကြီးအကျယ် ပူဇော်ပုံ .... .... | ၂၀၄ |
| | အရှင်အာနန္ဒာမထေရ် ရတနသုတ်ကို ဟောတော်မူခြင်း .... | ၂၀၆ |
| | အလောင်းတော် သင်္ခပုဏ္ဏားကြီးဝတ္ထု .... .... | ၂၀၉ |
| | စေတီတော် ရင်ပြင်၌ သဲခင်းခြင်းစသော ကုသိုလ်ကို ပြုခြင်း | ၂၁၁ |
| ၂။ | ကြက်ဥစားဝတ္ထု .... .... | ၂၁၃ |
| ၃။ | ဘဒ္ဒိယရဟန်းတို့ ဝတ္ထု .... .... | ၂၁၇ |
| ၄။ | လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု .... .... | ၂၁၉ |
| | စကားကို အနည်းငယ်ချဲ့ဦးအံ့ .... .... | ၂၁၉ |
| | ဒေသနာတော်၏အကျိုး .... .... | ၂၂၀ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၅။ | ထင်းလှည်းသမား၏ သားဝတ္ထု .... .... | ၂၂၁ |
| ၆။ | ဝဇ္ဇိပုတ္တကဘိက္ခုဝတ္ထု .... .... | ၂၂၆ |
| ၇။ | စိတ္တဂဟပတိဝတ္ထု .... .... | ၂၂၉ |
| ၈။ | စူဠသုဘဒ္ဒါဝတ္ထု .... .... | ၂၃၀ |
| | စူဠသုဘဒ္ဒါ သူဌေးသမီးလက်ထပ်ခန်း .... .... | ၂၃၁ |
| | ယူဇနာ တစ်ရာနှစ်ဆယ်ကွာအရပ်မှ မြတ်စွာဘုရားကို ပင့်ခြင်း | ၂၃၅ |
| ၉။ | ဧကစာရီ နေလေ့ရှိသော ရဟန်း၏ဝတ္ထု .... .... | ၂၃၈ |

## ၂၂။ နိရယဝဂ်

| | | |
|---|---|---|
| ၁။ | သုန္ဒရီပရိဗိုဇ်မဝတ္ထု .... .... | ၂၄၁ |
| | အမှုမှန်ပေါ်ထွက်ခြင်း .... .... | ၂၄၃ |
| ၂။ | ဒုစရိုက်အကျိုး ခံစားရသော သတ္တဝါတို့ဝတ္ထု .... | ၂၄၄ |
| ၃။ | ဝဂ္ဂုမုဒါမြစ်ကမ်း၌ နေသော ရဟန်းတို့ဝတ္ထု .... .... | ၂၄၅ |
| ၄။ | ခေမကသေဋ္ဌိပုတ္တဝတ္ထု .... .... | ၂၄၆ |
| | ခေမကသူဌေးသား၏ အတိတ်ဝတ္ထု .... .... | ၂၅၂ |
| ၅။ | ဆိုနိုင်ခက်သော ရဟန်းဝတ္ထု .... .... | ၂၅၂ |
| ၆။ | ငြူစူခြင်း နှိပ်စက်သောမိန်းမဝတ္ထု .... .... | ၂၅၄ |
| ၇။ | များစွာသောရဟန်းတို့ဝတ္ထု .... .... | ၂၅၆ |
| ၈။ | နိဂဏ္ဌဝတ္ထု .... .... | ၂၅၈ |
| ၉။ | တိတ္ထိတပည့်တို့ဝတ္ထု .... .... | ၂၆၀ |

## ၂၃။ နာဂဝဂ်

| | | |
|---|---|---|
| ၁။ | အတ္တဒန္တဝတ္ထု .... .... | ၂၆၂ |
| ၂။ | ဆင်ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု .... .... | ၂၆၅ |

| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃။ | ပုဏ္ဏားအိုနှင့် သားလေးယောက်ဝတ္ထု .... .... | ၂၆၇ |
| | အမိကို လုပ်ကျွေးသော ဘုရားလောင်းဆင်မင်းဝတ္ထု .... | ၂၇၂ |
| | အလောင်းတော်ဆင်မင်းသည် ပုဏ္ဏားယုတ်ကို ကယ်ဆယ်ခြင်း .... .... | ၂၇၃ |
| | အလောင်းတော်ဆင်မင်းကို ဗာရာဏသီသို့ ဆောင်ယူပုံ .... .... | ၂၇၄ |
| | အလောင်းတော်ဆင်မင်းသည် မင်းကြီးအား ဆုံးမ၍ တောသို့ ပြန်သွားခြင်း .... .... | ၂၇၇ |
| | ကာသိမင်းသည် အလောင်းတော်ဆင်မင်းကို ဆည်းကပ်လုပ်ကျွေးခြင်း .... .... | ၂၇၈ |
| ၄။ | ပသေနဒီကောသလဝတ္ထု .... .... | ၂၈၀ |
| ၅။ | သာနုသာမဏေဝတ္ထု .... .... | ၂၈၂ |
| | သာနုသာမဏေ၏ ရှေးဘဝ အမိတော်ဖူးသော ဘီလူးမ ဂုဏ်ကြီးပုံ .... .... | ၂၈၂ |
| | သာနုသာမဏေ လူထွက်လို၍ အမိအိမ်သို့ ကြွသွားခြင်း .... | ၂၈၃ |
| ၆။ | ပါဝေယျကဟတ္ထိဝတ္ထု .... .... | ၂၈၈ |
| ၇။ | သမ္ဗဟုလဘိက္ခုဝတ္ထု .... .... | ၂၉၀ |
| ၈။ | မာရဝတ္ထု .... .... | ၂၉၄ |

# ဓမ္မပဒဝတ္ထု

## (စတုတ္ထတွဲ)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁၅။ သုခဝဂ်

### ၁။ ဆွေတော်မျိုးတော်များ ရန်ပွဲပြေငြိမ်းခြင်းဝတ္ထု

သုသုခံဝတ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သက္ကတိုင်း၌ သီတင်းသုံးနေတော်မူစဉ် ရန်ပွဲ ငြိမ်းအေးစေခြင်းငှါ ဆွေတော်မျိုးတော်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားရှင်၏ ဆွေတော် မျိုးတော်ဖြစ်ကုန်သော သာကီဝင်တို့သည် ကပိလဝတ်မြို့၏လည်းကောင်း၊ ကောလိယမြို့၏လည်းကောင်း နှစ်ခုသော မြို့တို့၏ အကြားရှိ ရောဟိဏီမြစ်ကို ရေသွားလမ်းကို တားဆီး ပိတ်ပင်တတ်သော ဆည်တစ်ခု ဆည်ဖို့စေ၍ ကောက်စိုက်ကြကုန်၏။ ထိုအခါ နယုန်လ၌ ကောက်ပင်တို့သည် ညှိုးနွမ်းကုန်သည်ရှိသော် နှစ်ဦးနှစ်ဖက်သော မြို့၌ နေကုန်သော သူတို့၏ အလုပ်သမားတို့သည် စည်းဝေးကြကုန်၏။ ထိုအစည်းအဝေး၌ ကောလိယမြို့၌ နေကုန်သော သူတို့က ဤရေသည် နှစ်ဦးနှစ်ဖက် ယူအပ်သည် ရှိသော် အသင်တို့အားလည်း မလုံလောက် ငါတို့အားလည်း မလုံလောက်သည် ဖြစ်ပေလတ္တံ့။ ငါတို့၏ ကောက်သည်ကား တစ်ကြိမ်တည်း ပေးအပ်သော ရေဖြင့်သာလျှင် ပြည့်စုံလုံလောက် ပြီးမြောက်ပေလိမ့်မည်(ရေအောင်လိမ့်မည်) ဤရေကို ငါတို့အား ပေးကြကုန်လော့ဟု ပြောဆိုကုန်၏။ ကပိလဝတ်ပြည်၌ နေလေ့ရှိသော သူတို့ကလည်း အသင်တို့စပါးကျီကြတို့၌ ပြည့်စေ၍ နေသည်ကုန်။ သည်ရှိသော် ငါတို့သည် ရွှေ, နီလာ, ပတ္တမြားနှင့် အသပြာတို့ကို ယူငင်၍ ခြင်းတောင်း, အိတ် အစရှိသည်တို့ကို ကိုင်ကုန်လျက် အသင်တို့ အိမ်တံခါး၌ သွားရောက် လှည့်လည် တောင်းခံခြင်းငှါ ငါတို့ မစွမ်းနိုင်ကုန်။ ငါတို့၏

ကောက်ပင်သည်လည်း တစ်ကြိမ်ပေးသော ရေဖြင့်သာလျှင် ပြည့်စုံပြီးမြောက်လိမ့်မည်။ သို့ဖြစ်သည်ကြောင့် ဤရေကို ငါတို့အား ပေးကြကုန်လော့ဟု ပြောဆိုကုန်၏။ နှစ်ဦးနှစ်ဖက် အငြင်းပွားကြရာ တစ်ဦးတစ်ဖက်သော သူတို့က ငါတို့သည်မပေးနိုင်ကုန်ဟု ဆိုကုန်သည်ရှိသော် တစ်ဖက်သော သူတို့က ငါတို့ကလည်း မပေးနိုင်ကုန်ဟု ပြောဆိုကုန်၏။

## ဆွေတော်မျိုးတော်တို့ ခိုက်ရန် ဖြစ်ပွားကြပုံ

ဤသို့သော အခြင်းအရာဖြင့် များစွာသော စကားကို ကျယ်ပွားစေ၍ တစ်ယောက်သော သူသည် လျင်စွာထပြီးသော် တစ်ယောက်သော သူအား ပုတ်ခတ်ခြင်းကို ပြု၏။ ပုတ်ခတ်သောဒဏ် ခံယူရသော ထိုသူကလည်း ပုတ်ခတ်သောသူအား ပြန်၍ ပုတ်ခတ်ပြန်၏။ ဤသို့ ရှုတ်ခြင်း အချင်းချင်းလျှင် ထန့်ပြင်း အမျက်ထွက်ခါ အမျိုးမျိုး ထိုးသတ် ပုတ်ခတ်၍ မြင့်မြတ်သောသူဟု ဆိုအပ်ကုန်သော မင်းမျိုးတို့၏ မျိုးရိုးဇာတိကို ထိခိုက်စကား ပြောကြားလျက် ခိုက်ရန်ကို ပွားစေကြကုန်၏။ ကောလိယ မင်းတို့၏ အလုပ်သမားတို့က အသင်တို့သည် ကပိလဝတ်ပြည်သား သူငယ်ကလေးတို့ကို လက်ကိုင်ပြုလျက် ကြုံးဝါး ပြောဆိုကြကုန်၏။ အသင်တို့သည် သွားကြကုန်လော့။ ကပိလဝတ်ပြည်တွင် အကြင်မင်းသားငယ်တို့သည် ခွေး, မြေခွေး စသည်တို့ကဲ့သို့ မိမိ၏ နှမတို့နှင့် ဟက္ခ ပေါင်းစု အိမ်ထောင်ပြု၍ နေကြကုန်၏။ ထိုကဲ့သို့ သဘောရှိသော မင်းမျိုးတို့၏ ဆင်, မြင်း, စစ်တပ် ပျဉ်ချပ်ကာချက် လက်နက်တို့သည် ငါတို့ကို အဘယ်သို့လျှင် အန်တုကုဏ်ပြိုင် ပြုနိုင်ကုန်လတ္တံ့နည်းဟု ပြောဆိုကြကုန်၏။

သာကီဝင်မင်းတို့၏ အလုပ်သမားတို့ကလည်း အသင်တို့သည် ဤယခု အခါ၌ အနူ၏ သားငယ်တို့ကို လက်ကိုင်ပြုသည် ဖြစ်၍ ကြုံးဝါး ပြောဆိုကြကုန်၏။ အသင်တို့သည် သွားကြကုန်လော့ ကောလိယမည်သော မင်းတို့သည် မှီခိုရာကင်းမဲ့ပြီး နေအိမ် မရှိကုန်သည် ဖြစ်၍ တိရစ္ဆာန် သတ္တဝါတို့ကဲ့သို့ ကလောပင်၏ အရင်း၌သာလျှင် ချဉ်းကပ် နေထိုင်ကြရကုန်သည်။ နေအိမ် မရှိ၍ ကလောပင်၏ အရင်း၌ ချဉ်းကပ် နေထိုင်ရသော ထိုမင်းတို့၏ ဆင်, မြင်း, စစ်တပ် ပျဉ်ချပ် ကာချက် လက်နက် တို့သည်လည်း ငါတို့အား ကြီးမားကြောက်ရွံ့ဖွယ် အဘယ်သို့ပြုကုန်လတ္တံ့နည်းဟု ပြန်လှန်ပြောဆိုကြကုန်၏။ ထိုသို့အချင်းချင်း ငြင်းခုံရန်ပွား စကားပြောဆို ထိုအမှုလုပ်သော သူတို့သည် အသီးသီး သွားကြ၍ မိမိတို့၏ အထက်ဖြစ်သော လယ်ယာ စိုက်ပျိုး အမှုမျိုး၌ အုပ်စိုးစီစစ်တတ်ကုန်သော အမတ်ကြီးတို့အား ပြောကြကုန်၏၊ ထို အမတ်တို့ကလည်း တပ်ဆင့်၍ ဖြစ်သည့်အကြောင်းကို အထက်မင်းမျိုးတို့အား လျှောက်ကြားကြကုန်၏။

ထိုသို့ လျှောက်တင်ချက်ကို ကြားသိရသောကြောင့် သာကီဝင် မင်းတို့သည် ပြင်းစွာအမျက်ထွက်ပြီးလျှင် နှမတို့နှင့် အတူတကွ ပေါင်းဖော်နေထိုင်ခြင်းပြုသော သူတို့၏ အစွမ်းကိုလည်းကောင်း ခွန်အားကိုလည်းကောင်း ပြကုန်အံ့ဟု ကြုံဝါးပြောဆိုကာ စစ်ထိုးခြင်းငှာ စီရင်၍ထွက်ကြကုန်၏ ကောလိယမင်းတို့သည်လည်း ကလောပင်ကို အမှီပြု၍ နေလေ့ရှိကုန်သော သူတို့၏ အစွမ်းကိုလည်းကောင်း ခွန်အားကိုလည်းကောင်း ပြကုန်အံ့ဟု ပြောဆိုကြိမ်းမောင်းပြီးခါ စစ်ထိုးခြင်းငှါ စီရင်၍ ထွက်ကြကုန်၏။

## မြတ်စွာဘုရား ကြွတော်မူ၍ ရန်ပွဲငြိမ်းခြင်း

မြတ်စွာဘုရားရှင်သည်လည်း လင်းစင်မိုးသောက် ရောက်သော အခါကာလ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ဤဆွေတော် မျိုးတော်တို့ကို မြင်၍ ငါဘုရား မကြွသွားသည်ရှိသော် ဆွေတော် မျိုးတော်တို့သည် အချည်းနှီး ပျက်စီးကြကုန်လတ္တံ့ ငါဘုရားသည် ကြွသွားခြင်းငှာ သင့်လျှော်လျောက်ပတ် အပ်တော့သည် သာတည်းဟု ကြံတော်မူပြီးလျှင် ကိုယ်တော်တစ်ပါးတည်း ကောင်းကင် ခရီးဖြင့် ကြွတော်မူပြီး၍ ရောဟိဏီမြစ်၏ အလယ်အပြင် ကောင်းကင်အထက်၌ ထက်ဝယ်ဖွဲ့ခွေခြင်းဖြင့် သီတင်းသုံးထိုင်နေတော်မူ၏ ဆွေတော် မျိုးတော်တို့သည် မြတ်စွာဘုရားရှင်ကို မြင်၍ လက်နက်တို့ကို စွန့်ပစ်ကြပြီးလျှင် ရှိခိုး၍ နေကြကုန်၏ ထိုအခါ မြတ်စွာဘုရားရှင်က ထိုဆွေတော် မျိုးတော်တို့ကို အိုမင်းမြတ်တို့ ဤယခု ခိုက်ရန်မည်သည် အဘယ်ကဲ့သို့သော အကြောင်းက စ၍ဖြစ်ပေါ်ရလေသနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မသိပါဘုရားဟု လျှောက်ကြားသဖြင့် ဤယခုအခါ၌ အဘယ်သူ သိလိမ့်မည်နည်းဟု မေးတော်မူပြန်၍အိမ်ရှေ့မင်းသည် သိပါလိမ့်မည်ဟု လျှောက်ကြားသဖြင့် အိမ်ရှေ့မင်းကလည်း စစ်သူကြီးသည်သိပါလတ္တံ့ဟု လွှဲပြန်လျှင် ဤသို့သော အစဉ်အကြောင်းဖြင့် စစ်ဆေးမေးမြန်းခြင်း ပြုလျက် ကျွန်အမှုလုပ်တို့တိုင်အောင် မေးမြန်းအပ်သည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောက်ပင်လယ်တွင်းသို့ ရေပေးသွင်းခြင်းအမှုကစပြီး ခိုက်ရန်ဖြစ်ပါသည်ဟု လျှောက်ကြကုန်၏။

မြတ်စွာဘုရား ရှင်က အိုမင်းမြတ်တို့ ဤရေသည် အဘယ်မျှလောက် အဖိုးထိုက်ကုန်သနည်းဟု မေးတော်မူလျှင် ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား အဖိုးအနည်းငယ်မျှသာ ထိုက်ပါသည်ဟု လျှောက်ကြကုန်၏၊ အိုမင်းမြတ်တို့ မင်းတို့မည်သည် အဘယ်မျှလောက် အဖိုးတိုက်ကုန်သနည်းဟုမေးတော်မူပြန်လျှင် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မင်းတို့သည်ကား အဖိုးအတိုင်းမသိ ထိုက်ပါကုန်သည်ဟု လျှောက်ကြားကြပြန်၏။ အနည်းငယ်မျှအဖိုးထိုက်လေသော ဤရေကိုအမှီပြု၍ အဖိုးအတိုင်းမသိထိုက်သော မင်းတို့ကို

သေကြေပျက်စီးအောင် ဖျက်ဆီးခြင်းငှာ အသင်တို့အား မသင့်လျော် မလျောက်ပတ်လေဟု မိန့်တော်မူသည်ရှိသော် ထိုမင်းတို့သည် ဆိတ်ဆိတ်နေသည် ဖြစ်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်က အိုမင်းမြတ်တို့-ဟု ထိုမင်းတို့ကို ခေါ်တော်မူပြီးလျှင် အဘယ့်ကြောင့် ဤသို့သဘောရှိသော အမှုကို အသင်တို့ ပြုလုပ်ကြကုန်သနည်း ငါဘုရားသည် အကယ်၍ မရှိခဲ့သော် ယနေ့ ဤအခါ သွေးရေသည် မြစ်ရေစီးသကဲ့သို့ ဖြစ်ကုန်လတ္တံ့ သွေးချောင်းစီးလတ္တံ့ အသင်တို့အား ဤသို့သောအမှုသည် မသင့်လျော် မလျောက်ပတ်။ အသင်တို့သည် ငါးပါးကုန်သောရန်သူတို့နှင့် အတူတကွ ပေါင်းသင်း၍ နေရသဖြင့် ရန်သူတို့နှင့် အတူတကွနေကြရကုန်၏။ ငါဘုရားကား ရန်သူမရှိမူ၍နေ၏ အသင်တို့သည် ကိလေသာဖြင့် လွန်စွာ ထိုးကျင့်ကုန်သည်ဖြစ်၍ နေရကုန်၏။ ငါဘုရားကား ကိလေသာတရား မထိုးကျင့်သည်ဖြစ်၍နေ၏။ အသင်တို့သည် ငါးပါးအာရုံ ကာမဂုဏ်ကို ရှာမှီးခြင်းဖြင့် လုံ့လပြုကုန်သည်ဖြစ်၍ နေကြကုန်၏။ ငါဘုရားကား လုံ့လမပြုမူ၍နေတော်မူ၏ဟု မိန့်ဆိုတော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

> သုသုခံ ဝတ ဇီဝါမ၊ ဝေရိနေသု အဝေရိနော။
>
> ဝေရိနေသု မနုဿေသု၊ ဝိဟရာမ အဝေရိနော။
>
> သုသုခံ ဝတ ဇီဝါမ၊ အာတုရေသု အနာတုရာ။
>
> အာတုရေသု မနုဿေသု၊ ဝိဟရာမ အနာတုရာ။
>
> သုသုခံ ဝတ ဇီဝါမ၊ ဥဿုကေသု အနုဿုကာ။
>
> ဥဿုကေသု မနုဿေသု၊ ဝိဟရာမ အနုဿုကာ။

ရန်လိုနေသောသူတို့၌ ရန်မလိုသည်ဖြစ်၍ ချမ်းချမ်းသာသာ အသက်မွေးနေလိုကြပါကုန်၏၊ လူများစုက ရန်လိုနေချိန်မှာပင် ကျွန်ုပ်တို့သည် ရန်မလိုဘဲ နေထိုင်ကြပါကုန်စို့။

နာကျင်နေသောသူတို့၌ နာကျင်မှု ကင်းသည်ဖြစ်၍ ကျွန်ုပ်တို့သည် ချမ်းချမ်းသာသာ အသက်ရှင်နေလိုကြပါကုန်၏၊ လူများစုသည် နာကျင်နေချိန်တွင် ကျွန်ုပ်တို့သည် မနာမကျင်ဘဲ နေကြပါကုန်စို့။

ကြောင့်ကြ စိုက်ထုတ်နေသူတို့၌ အကျွန်ုပ်တို့သည် ကြောင့်ကြကင်းမဲ့စွာ ချမ်းချမ်းသာသာ အသက်ရှည်ကြပါကုန်၏၊ လူအပေါင်းသည် ကြောင့်ကြဗျာပါရများနေစဉ် အကျွန်ုပ်တို့သည် ကြောင့်ကြမဲ့ နေကြပါကုန်စို့။

**သုသုခံ=ဟူသည် ကောင်းသောချမ်းသာတည်း။**

အဓိပ္ပါယ်ကား။ ။လူဝတ်ကြောင်တို့သည် အိမ်ဖေါက်ထွင်းမှု စသည်တို့နှင့် လည်းကောင်း ရှင်, ရဟန်းတို့သည် ဆေးကုခြင်း စသည်တို့နှင့် လည်းကောင်း အသက်မွေးမှုကို ဖြစ်စေ၍ ချမ်းသာစွာ အသက်ရှည်ကုန်၏ဟူ၍ ဆိုကြကုန်၏၊ ထိုလူရှင်ရဟန်းတို့ထက် အကျွန်ုပ်တို့သည်သာလျှင် ချမ်းချမ်းသာသာ အသက်ရှည်ကြကုန်၏။ ကျွန်ုပ်တို့သည် ရန်သူမျိုးငါးပါး ဝန်းရံနေသော လူ့ဘဝ၌ ဘေးရန်ကင်းစွာ ကိလေသာထိုးကျင့်၍'နာကျင်နေသော လူ့ဘဝ၌ ကိလေသာ ကင်းပြီးသည်၏ အဖြစ်ကြောင့် နာကျင်မှုကင်းမဲ့စွာ နေကြရ၏၊ ကာမဂုဏ် ငါးပါး ရှာမှီမှု၌ ကြောင့်ကြဗျာပါရ စိုက်ထုတ်ရသည့် လောက၌ ထိုရှာမှီး ခြင်း၏ မရှိခြင်းကြောင့် ကြောင့်ကြမဲ့ဖြစ်ကုန်၏။

ကြွင်းအဓိပ္ပါယ်ပေါ်လွင်ပြီ။

ဒေသနာတော်၏အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဆွေတော်မျိုးတော်တို့၏ ရန်ပွဲပြေငြိမ်းခြင်းဝတ္ထုပြီး၏။

---

## ၂။ မာရဝတ္ထု

သုသုခံ ဝတ ဇီဝါမ–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာ ဘုရားရှင်သည် ပဥ္စသာလာမည်သော ပုဏ္ဏားရွာ၌ သီတင်းသုံးနေတော်မူစဉ် မာရ်နတ်သားကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားရှင်သည် ငါးရာကုန်သော သတို့သမီး ငယ်တို့၏ သောတာပတ္တိမဂ်၌ တည်အံ့သော အကြောင်း၏ ပြည့်စုံခြင်းကို မြင်တော်မူ၍ ထိုရွာကိုအမှီပြုလျက် သင့်တင့်လျောက်ပတ် တစ်ခုသောအရပ်၌ သီတင်းသုံးတော်မူ၏၊ ထိုသတို့သမီးငါးရာတို့သည် နက္ခတ်သဘင် ကျုံးကြိုက် သော်နေ့၌ မြစ်သို့သွား၍ ရေချိုး၍ များစွာသောတန်ဆာတို့ဖြင့် တန်ဆာ ဆင်ကုန်လျက် မိမိတို့ရွာသို့ ရှေးရှုပြန်လည်ခြင်းကို ပြုသောအားဖြင့် သွားကြ ကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း ထိုရွာသို့ ကြွဝင်တော်မူပြီးလျှင် အိမ်စဉ် မကျန် ဆွမ်းခံခြင်းငှာ လှည့်လည်တော်မူ၏။

## မာရ်နတ်မင်း နှောက်ယှက်ပုံ

ထိုအခါ မာရ်နတ်မင်းသည် အလုံးစုံသော ရွာ၌နေသော လူတို့၏ကိုယ်၌ ပူးကပ်၍ အကြင်သို့သော အခြင်းအရာဖြင့် ပြုအပ်သည် ရှိသော် မြတ်စွာဘုရားရှင်သည် တစ်ယောက်ချို မျှလောက်သော ဆွမ်းကိုပင် သော်လည်း မရနိုင်၊ ဤသို့သော အခြင်းအရာဖြင့် လှည့်ပတ်ဖြားယောင်း၍ ဆွမ်းမလောင်းသည်ကို ပြုသောကြောင့် တစ်ယောက်ချိုမျှ ဆွမ်းမရဘဲ ကြွလာခဲ့သော် ဆေးကြောမြဲတိုင်းသော သပိတ်ဖြင့်သာ ရွာမှထွက်ခါ ပြန်ကြွတော်မူလာသော မြတ်စွာဘုရားကို မာရ်နတ်သားသည် ရွာတံခါး၌ ရပ်တည်လျက် အိုရဟန်း စင်စစ် အနည်းငယ်မျှသော ဆွမ်းကို ရပါသလောဟု- မေးမြန်းပြောဆို၏။ မြတ်စွာ ဘုရားရှင်က အိုယုတ်မာသော မာရ်နတ် အကြင်သို့သော အခြင်းအရာ အရပ်ရပ်ဖြင့် လှည့်ပတ်ဖြားယောင်း၍ ထားသည်ရှိသော် ငါဘုရားသည် ဆွမ်းကို မရနိုင်ပေအံ့ ထိုသို့သော အခြင်းအရာဖြင့် အသင်မာရ်နတ်သည် လှည့်ပတ်ခြင်း အမှုကို ပြုလုပ်သည် မဟုတ်ဘုံလောဟု-မေးတော်မူ၏။ အရှင်ဘုရား ထိုသို့ ဖြစ်လျှင် ယခုတစ်ဖန် ထပ်မံ၍ ဆွမ်းခံကြွဝင်တော်မူပါ ကုန်ဦးလော့ဟု မာရ်နတ်က- လျှောက်ထားပြန်၏ ဤသို့တစ်ဖန် မာရ်နတ်က-လျှောက်ထားပြန်ခြင်းမှာ အကြံဤသို့ ရှိသည်ဖြစ်ပေသတတ် အဘယ်သို့ ရှိသနည်းဟူမူကား "ဤရဟန်းသည် ငါလျှောက်ကြားသော စကားအတိုင်း ရွာတွင်းသို့ ဆွမ်းခံခြင်းငှာ အကယ်၍ တစ်ဖန်ဝင်သည်ဖြစ်အံ့ အလုံးစုံသော လူတို့၏ကိုယ်၌ ပူးကပ်ဝင်ရောက်ပြီးလျှင် ဤရဟန်း၏ရှေ့မှ လက်ခုပ်တီး၍ ဤရဟန်းအား အရှက်ကွဲအောင် ပြောင်လှောင်ပျက်ချော်ခြင်းအမှုကို ပြုပေအံ့" ဟူသောအကြံသည် ရှိ၏ ထိုကြောင့် ဤကဲ့သို့လျှောက်ကြားလေသတည်း။

## ငါးရာသော သတို့သမီးတို့အား တရားဟောတော်မူခြင်း

မာရ်နတ်နှင့် မြတ်စွာဘုရား စကားပြောဆို၍ နေဆဲဖြစ်သော ထိုခဏ၌ ငါးရာမျှလောက်ကုန်သော ထိုသတို့သမီးတို့သည် ရွာတံခါးသို့ ဆိုက်ရောက်လာကြ၍ မြတ်စွာဘုရားရှင်ကို မြင်လျှင် ရှိခိုးဦးချပြီးသော် သင့်လျော်သော နေရာဌာန၌ တည်နေကြကုန်၏။ မာရ်နတ်မင်းသည်လည်း မြတ်စွာဘုရားရှင်ကို အရှင်ဘုရား အနည်းငယ်မျှ-မျှတလောက်သော ဆွမ်းကို မရမရှိသဖြင့် ဆွမ်းမဘုဉ်းပေးရသည်ဖြစ်၍ ဆင်းရဲခြင်းဒုက္ခဖြင့် နှိပ်စက်အပ်သည်၏ အဖြစ်ကြောင့် မပင်ပန်းကုန်ပြီလောဟု လျှောက်၏၊ မြတ်စွာဘုရားရှင်က ဟယ်မာရ်နတ်ယုတ် ယနေ့ ငါဘုရားတို့သည် တစုံတစ်ခုမျှသော အာဟာရကို မရရှိကုန်သော်လည်း အာဘဿရ ဗြဟ္မာတို့၏ပြည်၌ တည်နေသော ဗြဟ္မာမင်းတို့သည် အစာအာဟာရ မစား မမျိုရသော်လည်း ပီတိသုခ ဈာန်ချမ်းသာဖြင့် အခါကာလကို

လွန်မြောက်စေသကဲ့သို့ ထိုအတူ ပီတိသုခ ဓမ္မချမ်းသာဖြင့်သာလျှင် ကောင်းစွာ လွန်မြောက်စေကုန်အံ့ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

**သုသုခံ ဝတ ဇီဝါမ၊ ယေသံ နော နတ္ထိ ကိဉ္စနံ။**
**ပီတိဘက္ခာ ဘဝိဿာမ၊ ဒေဝါ အာဘဿရာ ယထာ။**

ငါတို့အား တစ်စုံတခုကြောင့်ကြမှုသည် မရှိတော့ပြီ ထို့ကြောင့် ချမ်းချမ်း သာသာ အသက်ရှည်နေကြကုန်၏။ အာဘဿရ ဗြဟ္မာကြီးများ တို့ကဲ့သို့ နှစ်သက်မှု ပီတိချမ်းသာလျှင် အစာရှိသည် ဖြစ်ကုန်၏ (ပီတိအာဟာရဖြင့် နေကုန်အံ့)။

ထိုဂါထာ၌—

**ယေသံ နော**=ဟူသည် ငါတို့အား ကြောင့်ကြမှု မရှိခြင်းကြောင့် ရာဂစသော တစ်စုံတစ်ခုသော ပြုဖွယ်တို့၌ ပြုဖွယ်ကိစ္စ တစ်ခုမျှ မရှိတော့။

**ပီတိဘက္ခာ**=ဟူသည် မာရ်နတ် အာဘဿရ ဗြဟ္မာတို့သည် ပီတိအစာ အာဟာရ ထိုပီတိချမ်းသာဖြင့်သာလျှင် နေကြကုန်သကဲ့သို့ ထို့အတူ ငါဘုရား သည်လည်း ဆွမ်းအဟာရတစ်စုံတစ်ခုမျှ မရသော်လည်း ပီတိကို အဟာရအဖြစ် မှီဝဲ၍ နေတော့မည်ဟု ဆိုလိုပါသည်။

ဒေသနာတော်၏အဆုံး၌ သတို့သမီးငါးရာတို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကြကုန်၏။

မာရဝတ္ထုပြီး၏။

## ၃။ ကောသလမင်းကြီး စစ်ရှုံးသောဝတ္ထု

**ဇယံ ဝေရံ**–အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင် သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ကောသလမင်းကြီး စစ်ရှုံးမှုကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ထိုပသေနဒီ ကောသလမင်းကြီးသည် ရာဇဂြိုဟ်ပြည့်ရှင် ဘုရင်ဗိမ္ဗိသာရ မင်းနှင့် ဝေဒေဟီ မိဘုရားတို့ကို ထိမ်းမြားမင်္ဂလာ ပြုစဉ်အခါက မဟာကောသလ ခမည်းတော်မင်းမြတ်က ပေးသနားအပ်သော ကာသိကရွာကိုပြန်လည် ရလိုမှု အကြောင်းပြု၍ တူတော်ဖြစ်သော အဇာတသတ်မင်းနှင့် အတူတကွ စစ်ထိုး စစ်ဆင်သည်ရှိသော် ထိုပသေနဒီ ကောသလမင်းကြီးသည် သုံးကြိမ်တိုင်တိုင် စစ်ရှုံးလေ၏၊ သုံးကြိမ်တိုင်တိုင် စစ်ရှုံးသောအခါ ကောသလမင်းကြီးအား ဤသို့သော အကြံသည် ဖြစ်လေ၏။ အဘယ်သို့ဖြစ်သနည်း ဟူမူကား "ငါသည် ဤသူငယ် ကလေးကိုပင်လည်း ရှုံးစေခြင်းငှါ မစွမ်းနိုင်။ အသက်ရှည်နေခြင်းဖြင့်

ငါ့အား အဘယ်အကျိုး ရှိတော့အံ့နည်း”ဟု အကြံသည်ဖြစ်၏။ ထိုကောသလ မင်းတရားသည် အာဟာရဖြတ်ခြင်းကိုပြု၍ ညောင်စောင်းတစ်ခုထက်၌ အိပ်၍နေလေ၏။ ထိုအခါ ကောသလမင်းကြီး၏ သတင်းစကားသည် တစ်မြို့လုံးပျံ့နှံ့၍ သွား၏။ ရဟန်းတို့သည် မြတ်စွာဘုရားရှင်အား ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ကောသလမင်းကြီးသည် ကာသိကရွာငယ်ကို အမှီပြု၍ စစ်ထိုးသည်ရှိသော် သုံးကြိမ်တိုင်အောင် ရှုံးခဲ့ပါသည်။ ထိုကောသလမင်းကြီးသည် ဤယခုအခါ ရှုံးလာခဲ့၍ နို့စို့အရွယ် ကလေးငယ်ကိုပင်လည်း ရှုံးစေခြင်းငှါ မစွမ်းနိုင် အသက်ရှည်နေသဖြင့် ငါ့အား အဘယ် အကျိုးရှိအံ့နည်း”ဟု အစာ အာဟာရဖြတ်ခြင်းကိုပြု၍ ညောင်းစောင်းတစ်ခုထက်၌ အိပ်၍နေပါသည်ဟု ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ လျှောက်ထားသောစကားကို ကြားတော်မူ၍ ချစ်သား ရဟန်းတို့ အောင်နိုင်သောသူသည်လည်း ရန်ကိုပွားစေ၏။ ဆုံးရှုံးရသောသူသည်ကား ဆင်းရဲကြီးစွာ အိပ်၍သာ နေရတော့သည် သာတည်းဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

ဇယံ ဝေရံ ပသဝတိ၊ ဒုက္ခံ သေတိ ပရာဇိတော၊
ဥပသန္တော သုခံ သေတိ၊ ဟိတွာ ဇယပရာဇယံ။

အောင်နိုင်သောသူသည် ရန်ပွားရ ရန်များ၏၊ ရှုံးသောသူသည် ဆင်းရဲစွာ အိပ်နေရ၏၊ ကိလေသာငြိမ်းပြီးသော ရဟန္တာသည် အောင်ခြင်း ရှုံခြင်းမရှိမူ၍ ချမ်းသာစွာ နေထိုင်ရ၏။

ထိုဂါထာ၌—

ဇယံ=ဟူသည် သူတပါးကို အောင်နိုင်သူသည် ရန်ဘက်ကိုရ၏။

ပရာဇိတော=ဟူသည် သူတပါးသည် အောင်အပ်သောသူသည် (ရှုံးသောသူသည်) “ရန်သူ၏ကျောကို(ရန်သူပျက်စီးခြင်း)ဘယ်အခါမြင်ရပါအံ့နည်း”ဟု ဆင်းရဲစွာ အိပ်ရလေ၏။ ဣရိယာပုတ် လေးပါးလုံး၌ပင် ဆင်းရဲစွာ နေရလေ၏ ဟူလို။

ဥပသန္တော=ဟူသည် ကိုယ်တွင်း ကိလေသာအားလုံး ငြိမ်းပြီး၍ အာသဝေါ ကုန်ပြီးသော ရဟန္တာပုဂ္ဂိုလ်သည် အောင်ခြင်းကိုလည်းကောင်း၊ ရှုံခြင်းကို လည်းကောင်း ပယ်ပြီးဖြစ်၍ ချမ်းသာစွာ အိမ်ရလေ၏။ ဣရိယာပုတ် လေးပါး လုံး၌ပင် ချမ်းသာစွာ နေရလေ၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ကောသလမင်းကြီး စစ်ရှုံးသောဝတ္ထုပြီး၏

## ၄။ မထင်ရှားသော အမျိုးသမီးငယ်ဝတ္ထု

နတ္ထိ ရာဂသမော–အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော အမျိုးသမီးငယ် တစ်ယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ထိုသတို့သမီးငယ်၏ အမိ အဖတို့သည် တစ်ဦးသောယောကျ်ားနှင့် ထိမ်းမြားခြင်းကိုပြု၍ မင်္ဂလာပြုသောနေ့၌ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ကြကုန်သတတ်။ မြတ်စွာဘုရားရှင်သည် ရဟန်းတော်အပေါင်းခြံရံကာ ထိုအိမ်နေရာသို့ ကြွသွား၍ ခင်းထားအပ်သောနေရာ၌ သီတင်းသုံးနေတော်မူ၏။ ထိုချွေးမငယ်သည်လည်း ရဟန်း သံဃာတော်အပေါင်း၏ သုံးဆောင်ရန်အလို့ငှါ ရေကို စစ်ခြင်း အစရှိကုန်သော ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို ပြုစုဆောင်ရွက်ပြီးလျှင် ထိုမှ ဤမှ လှည့်လည်၏၊ ထိုချွေးမ၏ လင်ယောကျ်ားသည်လည်း ထိုမှ ဤမှ လှည့်လည်ရွက်ဆောင်သော မိမိမယား ခင်ပွန်းမဖြစ်သော ထိုအမျိုးသမီးကို မပြတ်ကြည့်ရှု၍သာ တည်နေ၏။ သွားလာရာအရပ်ရပ် အစဉ်လှည့်ပတ်သည်ကို မပြတ်ကြည့်ရှု၍နေသော ထိုလင်ယောကျ်ားအား ရာဂ၏အစွမ်းဖြင့် ကိလေသာ ဖြစ်ပွားလေ၏။ ထိုယောကျ်ားသည် မသိမမြင်နိုင်သော မောဟအဝိဇ္ဇာ ပိတ်ကာ တားဆီးလျက် နှိပ်စက်အပ်သည်ဖြစ်၍ ဘုရားသခင်ကို မပြုစုနိုင် ဘုရားအပါး ခစားထိုင်နေကုန်သော ရှစ်ကျိပ်ကုန်သော မဟာထေရ်တို့ကိုလည်း ပြုစုခြင်းငှါ မစွမ်းနိုင်ရှိလေ၏။ မိမိ၏လက်ကို ဆန့်တန်း၍ ကိစ္စအမှု ပြုလုပ်ဆောင်ရွက်၍ နေသော ထိုချွေးမဖြစ်သော မယားခင်ပွန်းမကို ဆွဲငင်အံ့ဟူသော စိတ်အကြံကို ပြု၏။ မြတ်စွာဘုရားရှင်သည် ထိုလုလင်ယောကျ်ား၏ အလိုကိုကြည့်တော်မူ၍ အကြင်သို့သောအခြင်းအရာဖြင့် ပြုသည်ရှိသော် ထိုလုလင်ယောကျ်ားအား မိမိ၏ မယားမိန်းမကို မမြင်နိုင်။ ထိုသို့သော အခြင်းအရာဖြင့် တန်ခိုးဖန်ဆင်းခြင်းကို ပြုတော်မူ၏။ ထိုလုလင်ယောကျ်ားသည် မယားခင်ပွန်းမကို မမြင်ရသည်ရှိသော် ဘုရားကိုယ်တော်မြတ်ကို မပြတ်ကြည့်ရှု၍ တည်နေ၏။ မြတ်စွာဘုရားရှင်သည် ထိုလုလင်ယောကျ်ား၏ မိမိအားကြည့်ရှု၍ တည်နေသောအခါ၌။

အို သတို့သား–

ရာဂတည်းဟူသော မီးအပူနှင့်တူမျှသော မီးမည်သည် မရှိချေ။

ဒေါသတည်းဟူသော အပြစ်နှင့်တူသော အပြစ်မည်သည်လည်း မရှိချေ။

ခန္ဓာတည်းဟူသောဝန်ကို ထမ်းဆောင်၍ နေရသော ဆင်းရဲဒုက္ခနှင့် တူမျှသော ဆင်းရဲမည်သည်လည်း မရှိချေ။

နိဗ္ဗာန်ချမ်းသာနှင့် ကောင်းစွာတူမျှသော ချမ်းသာသုခမည်လည်းလည်း မရှိတော့သည်သာလျှင်တည်း–

ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏–

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ကလိ။
နတ္ထိ ခန္ဓသမာ ဒုက္ခာ၊ နတ္ထိ သန္တိ ပရံ သုခံ။

ရာဂနှင့်တူသော မီးမည်သည်မရှိ။ ဒေါသနှင့်တူသော အပြစ်မည်သည်မရှိ၊ ခန္ဓာဝန်ကို ရွက်ဆောင်ရသော ဆင်းရဲဒုက္ခနှင့်တူသော ဆင်းရဲခြင်းမည်သည်မရှိ၊ နိဗ္ဗာန် ချမ်းသာထက် လွန်ကဲသော ချမ်းသာမည်သည် မရှိချေ။

ထိုဂါထာ၌–

နတ္ထိ ရာဂသမော=ဟူသည် မီးခိုး, မီးတောက်, မီးသွေးတို့ကို မမြင်ရဘဲ ကိုယ်တွင်း၌ လောင်ကျွမ်းပြီးလျှင် ပြာကို လက်ဖြင့်ဆုပ်ယူခြင်းငှါ စွမ်းနိုင်သော မီးထက် ရာဂမီးနှင့်တူသော အခြားသောမီးမည်သည် မရှိတော့ချေ။

ကလိ=ဟူသည် ဒေါသနှင့်တူသော ပြစ်မှားခြင်း မည်သည်မရှိ။

ခန္ဓ သမာ=ဟူသည် ခန္ဓာတို့နှင့်တူသော၊ ခန္ဓာဝန်ကို ရွက်ဆောင်ထားရသော ဆင်းရဲထက် အခြားသော ဆင်းရဲမည်သည် မရှိ။

သန္တိ ပရံ=ဟူသည် နိဗ္ဗာန်ချမ်းသာထက် သာလွန်သော အခြားသော ချမ်းသာခြင်းသည်လည်း မရှိ၊ အခြားတပါးသော ချမ်းသာသည် ချမ်းသာမည်ကာ မျှသာဖြစ်၏။ နိဗ္ဗာန်သည် မြတ်သော ချမ်းသာအစစ်ဖြစ်၏။

ဒေသနာတော်၏အဆုံး၌ သတို့သား, သတို့သမီးငယ်တို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုသတို့သား သတို့သမီးတို့အား အချင်းချင်း မြင်နိုင်သော အခြင်းအရာကို ပြုတော်မူ၏။

မထင်ရှားသော အမျိုးသမီးငယ်ဝတ္ထု ပြီး၏။

---

## ၅။ နွားပျောက်သော ဥပါသကာတစ်ဦးဝတ္ထု

ဇိဃစ္ဆာ ပရမာ ရောဂါ– အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် အာဠဝီပြည်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာ တစ်ယောက်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

တစ်နေ့သောအခါ၌ မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်းတော် ဂန္ဓကုဋိ၌ သီတင်းသုံးတော်မူလျက်သာလျှင် မိုးသောက်ယံအချိန် လောက ကို ကြည့်ရှုတော်မူသည်ရှိသော်။ အာဠဝီပြည်တွင်း၌ ဆင်းရဲသား တစ်ယောက်ကို

မြင်တော်မူ၍ ထိုသူဆင်းရဲယောကျ်ား၏ မင်္ဂဖိုလ်ရရန် အကြောင်း၏ ပြည့်စုံခြင်းကို သိမြင်တော်မူသောကြောင့် ငါးရာသော ရဟန်းအပေါင်းခြံရံလျက် အာဠဝီပြည်သို့ ကြွတော်မူ၏။ အာဠဝီပြည်၌ နေလေ့ရှိကုန်သော သူတို့သည် မြတ်စွာဘုရားရှင်ကို လျောက်ကြား ပင့်ဖိတ်ကြကုန်၏။ ဆင်းရဲသော ထိုသူသည်လည်း မြတ်စွာဘုရား ကြွလာတော်မူသတဲ့ဟုကြား၍ 'ဘုရားမြတ်၏ အထံရပ်၌ တရားတော်ကို နာအံ့'ဟူသော စိတ်အကြံကိုပြုလေ၏။

ထိုနေ့၌ပင်လျှင် သူဆင်းရဲယောကျ်ား၏ နွားတစ်ကောင်သည် ထွက်ပြေးလေ၏။ ထိုယောကျ်ားသည် အသို့ပေနည်း၊ ငါသည် ထွက်ပြေးသွားသော နွားကိုတည်း ရှာမှီးရအံ့လော။ သို့တည်းမဟုတ် တရားကိုတည်း နာရအံ့လောဟု ကြံ၍ နွားကိုရှေးဦးစွာ ရှာဖွေပြီး၍ နောက်မှ တရားတော်ကို နာအံ့ဟု ကြံစည်၍ နံနက်စောစောမှ သာလျှင် မိမိနေအိမ်မှ ထွက်သွားလေ၏။ အာဠဝီပြည်၌နေကုန်သော မိန်းမယောကျ်ားတို့လည်း ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းကို ကောင်းမွန်စွာ ခင်းထားအပ်သော နေရာအရပ်၌ ထိုင်နေစေကုန်ပြီးလျှင် မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုပြင်လုပ်ကျွေး ပြီးသည်ရှိသော် အနုမောဒနာ ပြုခြင်းအကျိုးငှာ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူကြကုန်၏။ မြတ်စွာဘုရားရှင်သည် ဤယောကျ်ားကြောင့် ငါဘုရား မြတ်စွာသည် ဤယူဇနာ သုံးဆယ်ရှိသော ခရီးသို့ ကြွတော်မူလာခဲ့ပေ၏။ ထိုယောကျ်ားသည် နွားကိုရှာမှီးခြင်း အကျိုးငှာ ကြီးစွာသော တောအုပ်သို့ ဝင်သွားခဲ့ချေ၏၊ ထိုသူဆင်းရဲ ရောက်လာသောအခါ၌သာလျှင် တရားဒေသနာကို ကောင်းစွာဟောတော်မူအံ့ဟု ကြံ၍ ဆိတ်ဆိတ် နေတော်မူ၏။

ပြင်းစွာ ဆာလောင်မွတ်သိပ်သော်လည်း တရားတော်ကိုနာယူခြင်း

ထိုသူဆင်းရဲလူသည်လည်း နေ့အခါ၌ လိုက်လံရှာဖွေသော နွားကို တွေ့မြင်၍ နွားအပေါင်း၌ ထည့်သွင်းသည်ကို ပြုပြီးလျှင် ယခုအခါ ငါ့အား ဤမှတစ်ပါး တခြားကိစ္စ ဟူသမျှသည် အကယ်၍ မရှိခဲ့သည်ဖြစ်က ဘုရားကိုယ်တော်မြတ်အား ရှိခိုးရုံမျှအမှုကို ယခုပြုလုပ်အံ့ဟု ကြံပြီးလျှင် အလွန်ပင် ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည် ဖြစ်သော်လည်း အိမ်သို့ ပြန်လိုသော စိတ်ကို မပြုမူ၍ လျင်စွာသော အဟုန်အားဖြင့် ဘုရား၏ထံပါးသို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားရှင်ကို ရှိခိုး၍ သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ ချဉ်းကပ်တည်နေလေ၏။ မြတ်စွာဘုရားရှင်သည် ထိုသူဆင်းရဲလှူဒါယကာ တည်နေပြီးရာ အချိန်အခါ၌ အလှူဒါနကို ကြောင့်ကြသမှု ပြုစုရွက်ဆောင်သော ဒါယကာတစ်ယောက်ကို အသင်ဒါယကာ အလှူနေရာ မဏ္ဍပ်၌ သံဃာတော်အရှင်မြတ်အား ဆက်ကပ်လှူဒါန်း၍ ပိုသော အနည်းငယ်သောထမင်း အကြွင်းများ ရှိပါသေးသလောဟု မေးတော်မူလျှင် ဘုန်းတော်

ကြီးတော်မူသော မြတ်စွာဘုရား ခဲဖွယ်ဘောဇဉ်အားလုံး ပိုလျှံပါသည်ဟု လျှောက်ကြားသဖြင့် ဒါယကာ ပိုလျှံကြွင်းကျန်သော ခဲဖွယ်ဘောဇဉ်ကို ယခုရောက်လာသော ဤဒါယကာကို ကောင်းစွာပြုစုလုပ်ကျွေး လိုက်ပါလော့ဟု မိန့်တော်မူ၏၊ ထိုဒါယကာသည် မြတ်စွာဘုရား မိန့်ဆိုတော်မူသော အမှတ်ဖြင့်သာလျှင် ဆာလောင်မွတ်သိပ်လှသော ထိုဒါယကာကို နေရာတစ်ခု၌ ထိုင်နေစေ၍ ယာဂုခဲဖွယ် ဘောဇဉ်တို့ဖြင့် ရိုသေစွာ လုပ်ကျွေးပေ၏။ ထိုယောကျ်ားသည်လည်း ထမင်းကို စားသောက်ပြီးလျှင် ခံတွင်းကို ဆေးကြောသုတ်သင်၏။

[ပိဋကတ်သုံးပုံတို့တွင် ဤယခုနေရာဌာနမှ တစ်ပါးသော နေရာဌာနတို့၌ ရောက်ဆဲ-ရောက်လတ္တံ့သော လူပုဂ္ဂိုလ်အား ဤသူအား ထမင်းစသည် ကျွေးလေ့ဟု- အမိန့်ပေးတော်မူပြီးလျှင် ထမင်းကို စိစစ်သော အရာမည်သည် မရှိပေသတတ်။]

## မြတ်စွာဘုရားအား ကဲ့ရဲ ရှုတ်ချကြခြင်း

သံဃာတော်တို့ စားကြွင်း ထမင်းဟင်းကို စားသောက်ရသည်ဖြစ်၍ ပူပန်ခပ်သိမ်း ငြိမ်းလေ၍ ထိုဥပါသကာ၏ စိတ်သည် မြဲမြံခိုင်ခံ့ တည်တံ့သည်ဖြစ်လေ၏။ ထိုအခါ ဥပါသကာအား မြတ်စွာဘုရားရှင်သည် အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၍ သစ္စာတို့ကို ပြတော်မူ၏။ ထိုဥပါသကာသည် ဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်လေ၏။ မြတ်စွာဘုရားရှင်သည်လည်း အနုမောဒနာကို ပြုပြီးသောအခါ နေရာမှ ထ၍ ဖဲကြွတော်မူ၏။ လူများအပေါင်းသည် မြတ်စွာဘုရားရှင်ကို ခရီးစဉ်အတိုင်းလိုက်ပို့၍ သင့်လျော် လျှောက်ပတ်သော ဌာနမှပြန်လာ၏။ ရဟန်းတို့သည် မြတ်စွာဘုရားရှင်နှင့် အတူတကွ လိုက်ပါ ကြွသွားကြကုန်လျက်သာလျှင် ငါ့ရှင်တို့ မြတ်စွာဘုရား၏ ပြုလုပ်အပ်သော အမှုကို ကြည့်ရှုကြပါကုန်လော့။ တစ်ပါးသော နေ့တို့၌ ဤသို့သဘောရှိသည် မည်သော အမှုအရာသည် တစ်စုံတစ်ရာမျှ မရှိချေ။ ယနေ့အခါ၌မူကား ထိုလူကိုမြင်၍ သာလျှင် ယာဂုစသည်သို့ကို စိစစ်မေးမြန်း ပေးကမ်းစေဘိသည်ဟု အချင်းချင်း ပြောဆိုကြကုန်၏။ မြတ်စွာဘုရားရှင်သည် ဆုတ်နစ်ပြန်လည် ရပ်တည်တော်မူလျက်သာလျှင် ချစ်သား ရဟန်းတို့ အသင်တို့သည် အဘယ်ကဲ့သို့သော စကားကို ပြောကြားကြကုန်ဘိသနည်းဟု မေးတော်မူ၍ ထိုသို့သော အကြောင်းကို ပြန်ကြား လျှောက်ထားသဖြင့် ကြားသိတော်မူလည်းရှိသော် ချစ်သား ရဟန်းတို့ ဩော် ဟုတ်မှန်လှပေ၏။ ငါဘုရားသည် ယူဇနာသုံးဆယ် ဝေးသော ဤခရီးအခက်အခဲသို့ ရှေးရှု ကြွလာတော်မူခြင်းကား ထိုဥပါသကာ၏ အကြောင်း ဥပနိဿယ ပြည့်ဝစုံလင်သည်ကို မြင်တော်မူသောကြောင့်

ကြွလာတော်မူခြင်း ဖြစ်ပေသည်။ ထိုဥပါသကာသည် အလွန်လျှင် ဆာလောင်မွတ်သိပ်လျက် နံနက်စောစောမှ သာလျှင် ပျောက်သော နွားကို ရှာမှီး၍ တောကြီးအတွင်း လှည့်လည်ရလေသည်။ ဆာလောင်ငတ်မွတ် ဆင်းရဲခြင်း ဒုက္ခဖြင့် တရားတော်ကို နာရသော်လည်း ပိုင်းခြားထိုးထွင်း၍ သိမြင်ခြင်းငှာ မစွမ်းနိုင်လတ္တံ့ဟု ငါဘုရားရှင်သည် ဆင်ခြင် ကြံစည်၍ ဤသို့သောအမှုကို ပြုလုပ်ပေသည်။ ချစ်သားရဟန်းတို့ ငတ်မွတ်ဆာလောင်ခြင်းနှင့် တူသော ပြင်းစွာနှိပ်စက် အခံခက်သော ရောဂါမည်သည် မရှိဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

ဇိဃစ္ဆာပရမာ　ရောဂါ၊ သင်္ခါရပရမာ ဒုခါ။
ဧတံ ဉတွာ　ယထာဘူတံ၊ နိဗ္ဗာနံ ပရမံ သုခံ

ဆာလောင်မွတ်သိပ်ခြင်းသည် လွန်ကဲသော အနာရောဂါမည်၏။သင်္ခါရဟု ဆိုအပ်သော ခန္ဓာငါးပါးတို့သည် အလွန်ဆင်းရဲကုန်၏။ ထိုအကြောင်းတို့ကို အမှန်အတိုင်းသိသော　ပညာရှိသည် လွန်မြတ်သော နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်၏။

ထိုဂါထာ၌—

ဇိဃစ္ဆာပရမာ ရောဂါ=ဟူသည် အခြားသောရောဂါသည် တစ်ကြိမ်ဆေးကုလိုက်သော် အမြဲပျောက်ကင်းသော　အားဖြင့် ဖြစ်စေ၊ ခဏသက်သာသော အားဖြင့်ဖြစ်စေ ပျောက်ကင်း၏။ ဆာလောင်မွတ်သိပ်ခြင်း ရောဂါသည်ကား နေ့စဉ်အမြဲ အစာစားခြင်းဟူသော　ဆေးကုနေရသည်သာ ဖြစ်သောကြောင့် အခြားသော ရောဂါတို့ထက် ဤဆာလောင်မွတ်သိပ်မှု　ရောဂါသည် လွန်ကဲသည်မည်၏။

သင်္ခါရ=ဟူသည် ခန္ဓာငါးပါးတည်း။

ဧတံ ဉတွာ=ဟူသည် ဆာလောင်မွတ်သိပ်မှု ရောဂါနှင့် တူသော ရောဂါသည် မရှိ၊ ခန္ဓာဝန်ကို ရွက်ဆောင်ရသော　ဆင်းရဲထက် သာလွန်သော ဆင်းရဲမည်သည်မရှိဟု　ဤအကြောင်းတရားကို အမှန်အတိုင်းသိသော ပညာရှိသည် နိဗ္ဗာန်သို့ မျက်မှောက်ပြုနိုင်၏-ဟူလို။

နိဗ္ဗာနံ ပရမံ သုခံ=ဟူသည် ထိုနိဗ္ဗာန်ချမ်းသာသည် ချမ်းသာဟုခေါ်သော ချမ်းသာအားလုံးထက်　ပို၍မြတ်၏-ပို၍ချမ်းသာ၏　ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့ကို ရောက်ကုန်၏။

နွားပြောက်သောဥပါသကာတစ်ဦးဝတ္ထုပြီး၏

## ၆။ ပသေနဒိ ကောသလမင်းဝတ္ထု

အာရောဂျ ပရမာ လာဘာ-အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ပသေနဒီကောသလမင်းကို အကြောင်းပြု၍ ဟောကြားတော် မူ၏။

အခါတစ်ပါး၌ ပသေနဒီကောသလ မင်းကြီးသည် ဟင်းလျာနှင့်တကွ ဆန် တစ်စိတ်ချက်မျှလောက်သော ထမင်းကိုစား၏။ တစ်နေ့သောအခါ၌ နံနက်စာ စားပြီးသော် ထမင်း ဆီယစ်ခြင်းကို ပယ်ဖျောက်ခြင်း(ခဏမျှ အိပ်ခြင်း)အမှု ကို မပြုမူ၍သာလျှင် မြတ်စွာဘုရားထံသို့ သွား၍ ပင်ပန်းသောသဘောဖြင့် ထိုမှ ဤမှ မိမိကိုယ်ကို ပြုပြင်ပြောင်းလှည့်၏။ အိပ်ချင်အားကြီးခြင်းဖြင့် နှိပ်စက် အပ်သော်လည်း ဘုရားရှေ့မှောက် ဖြောင့်စွာအိပ်ခြင်းငှါ မရဲ၍ မစွမ်းနိုင်သော ကြောင့် သင့်လျော်လျောက်ပတ် တစ်ခုသောအရပ်၌ နေထိုင်၏။ ထိုအခါ ပသေနဒီကောသလမင်းကို မြတ်စွာဘုရားက မြတ်သောမင်းကြီး အသို့ပေနည်း အပန်းမဖြေဘဲသာလျှင် လာခဲ့ပေသလောဟု မိန့်ဆိုတော်မူသဖြင့် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဩော်-ဟုတ်မှန်ပါ၏။ စားပြီးသောကာလမှ စ၍ တပည့်တော်အား ကြီးမားသော ဆင်းရဲဒုက္ခ ခံစားရသည်ဖြစ်ပေ၏ဟု ကြားလျှောက်၏။ ထိုအခါ ပသေနဒီကောသလ မင်းကြီးကို မြတ်စွာဘုရား ရှင်က မြတ်သောမင်းကြီး အလွန်အမင်း အစာကိုစားခြင်းသည် ဤနည်းအတူ လွန်စွာသော ဆင်းရဲဖြစ်ဘော့သည်ဟု မိန့်ဆိုတော်မူလိုရကား ဤဂါထာကို မိန့်တော်မူ၏။

မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ၊ နိဒ္ဒါယိတာ သမ္ပရိဝတ္တသာယီ။
မဟာဝရာဟောဝ နိဝါပပုဋ္ဌော၊ ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

အကြင်အခါ၌ ပညာမဲ့သောသူသည် အစာများစွာစား၍ ငိုက်မျည်းလေ့ရှိ၏။ တပြောင်းပြန်ပြန် လူးလိမ့်အိပ်လေ့ရှိ၏။ အိမ်၌ မွေးမြူအပ်သော ဝက်ကြီးကဲ့သို့ ဖြစ်နေ၏။ ထိုပညာမရှိသော ပုဂ္ဂိုလ်သည် အမိဝမ်းတွင်းသို့ အဖန်ဖန် ကပ်ရောက် ရလေ၏။

မြတ်သောမင်းကြီး ဘောဇဉ်မည်သည်ကို အတိုင်းအရှည်ဖြင့် စားခြင်းငှါ သင့်လျော်လျောက်ပတ်ပေ၏။ မြတ်သောမင်းကြီး အတိုင်းအရှည်ဖြင့် စားသော သူသည် ချမ်းသာခြင်းရှိသည် ဖြစ်ပေ၏ဟု ထိုထက်အလွန် ဆုံးမတော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

မနုဇဿ သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနေ။
တနုကဿ ဘဝန္တိ ဝေဒနား သဏိကံ ဇီရတိ အာယုပါလယံ။

ရရှိသော ဘောဇဉ်အစာ၌ အတိုင်းအရှည်ကို သိသော အမြဲသတိရှိသော လူအား ဝေဒနာ နည်းပါးလေ၏။ အသက်ကို စောင့်ရှောက်လျက် ဖြည်းနှေးစွာ အိုမင်းရ၏။

ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား ဟောကြားပြရာ ဤဂါထာကို လွန်စွာပင် နှစ်သက်သော်လည်း ကျက်မှတ် သင်ယူခြင်းငှါ မစွမ်းနိုင်၊ မိမိ၏ အနား၌ တည်နေသော တူတော်ဖြစ်သော သုဒဿန အမည်ရှိသော လုလင်ကို ချစ်သား သုဒဿန မြတ်စွာဘုရား ပေးသနားသည့်အရာ ဤဂါထာကို ကောင်းစွာ သင်ယူပါလော့ဟု မိန့်ဆိုတော်မူ၏။ သုဒဿန လုလင်သည် ထိုဂါထာကို ကောင်းစွာကြည်ဖြူ သင်ယူရရှိ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤဂါထာကို အဘယ်သို့ ပြုရပါမည်နည်းဟု မြတ်စွာဘုရားရှင်ကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားရှင်က ထိုသုဒဿနလုလင်ကို မင်းကြီး၏ ပွဲတော်တည်စဉ် အဆုံးဖြစ်သော ထမင်းလုတ် သုံးဆောင်အံ့သော ကာလ၌ ဤဂါထာကို ရွတ်ဆိုလေလော့၊ ဤသို့ ရွတ်ဆိုသည် ရှိသော် မင်းကြီးသည် ဂါထာ၏ အနက်ကို ကွက်ကွက်ထင်ထင် သိမြင် မှတ်သား၍ မစားရသေးသော အကြင်ထမင်းလုတ်ကို ကိုင်ဆုပ် ပြုပြင်ပြီးမှ ပယ်ချ စွန့်ပစ်လတ္တံ့။ ထိုပယ်ချ စွန့်ပစ်အပ်သော ထမင်းလုတ်၌ ပါရှိသော ထမင်းလုံးအပေါင်းကို ရေတွက်၍ မင်းကြီး၏ပွဲတော်ချက်သောအခါ ထိုမျှလောက်သော အရေအတွက် ရှိကုန်သော ဆန်လုံးတို့ကို မသုံးမထည့် ပယ်ရှားဘိလော့ဟု မိန့်တော်မူ၏။ ထိုသုဒဿန လုလင်သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကောင်းလှပါပြီဟု လျှောက်ကြား ဝန်ခံ၏။

ထိုဂါထာကို ကောင်းစွာနာကြား မှတ်သားသင်ယူရပြီးသည်မှ နောက်အခါ သုဒဿနလုလင်သည် ညစာပွဲတော် တည်သောအခါ၌လည်းကောင်း၊ နံနက်စာ ပွဲတော်တည်သော အခါ၌လည်းကောင်း ပွဲတော်တည်သော မင်းကြီး၏ ပြီးဆုံးခါနီးသော ထမင်းလုတ်အခါ၌ ထိုဂါထာကို ရွတ်ဆို၍ မင်းကြီးသည် စွန့်ပစ်အပ်သော ထမင်းလုတ်၌ ထမင်းလုံး အရေအတွက်ဖြင့် ပွဲတော်ချက်သောအခါ ကာလ၌ ဆန်လုံးတို့ကို နုတ်ပယ်လျှော့ ယုတ်စေ၏။ မင်းကြီးသည်လည်း သုဒဿနလုလင် ကြည်လင်နှစ်မြို့ရွတ်ဆိုအပ်သော ဂါထာကို ကြား၍ တစ်ထောင် တစ်ထောင်သော အသပြာကို ပေးစေ၏။ ထိုပသေနဒီကောသလမင်းကြီးသည် တဖြည်းဖြည်း ရောက်သော နောက်ကာလအခါ၌ ဟစ်ကွမ်းစား အလွန်ရှိသော

ထမင်းဖြင့် ကောင်းစွာမွေးမြူအပ်သည်၍ ဣရိယာပထ သင့်မျှလွန်စွာ ချမ်းသာခြင်းသို့ ရောက်သည် ဖြစ်၍ အနည်းငယ်ကြုံသော ကိုယ်ရှိသည် ဖြစ်၏။

ထိုနောက် တစ်နေ့သောအခါ၌ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရား အထံတော်သို့ သွားရောက်၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤယခုအခါ၌ ဒကာတော်အား တိုးပွားချမ်းသာ ဖြစ်ပေါ်လာပါ၏။ သားသမင်ကိုလည်းကောင်း၊ မြင်းကိုလည်းကောင်း အစဉ်တစိုက် မှီအောင် လိုက်၍ ဖမ်းယူခြင်းငှါ စွမ်းနိုင်သည် ဖြစ်ပေ၏။ ရှေးအခါ၌ ဒကာတော်အား ဝဇီရတော်၊ အဇာတသတ်မင်းနှင့် အတူပင်ကွ စစ်ထိုးရသည် ဖြစ်ပေ၏။ ဤယခုအခါ၌ ဝဇီရကုမာရီ အမည်ရှိသော သမီးတော်ကို တူတော် အဇာတသတ်အား ပေးအပ် ဆောက်နှင်း၍ အချင်း ဖြစ်ပွါးရာ ဖြစ်သော ထိုရွာကို သမီးတော် ဝဇီရကုမာရီအားသာလျှင် ရေချိုးကသယ်မှုန့် အဖိုးထားလျက် ပေးသနားအပ်ပါသည်။ ထိုတူတော် အဇာတသတ်မင်းနှင့် အတူတကွ ခိုက်ရန်ဖြစ်ရသော ကိစ္စအရေးသည် ငြိမ်းအေးလေပြီ။ ထိုသို့သော အကြောင်းကြောင့်လည်း ဒကာတော်အား ချမ်းသာတရား ဖြစ်ပွားပါသည်။ မင်းစဉ်မင်းဆက် မပျက်အရိုး အမျိုး၏ ဥစ္စာဖြစ်သော မင်းသုံးအစဉ် ပေါ်ဝင်ထိုက်စွာ ပတ္တမြားရတနာသည် ဒကာတော်တို့၏ နန်းတော်၌ လွန်သော်စေ့စေ့ ရှေးရှေးနေ့၌ မတွေ့ ပျောက်ဆုံးခဲ့ရပါသည်။ ဤယခုအခါ ထိုပတ္တမြားရတနာသည်လည်း ဒကာတော်၏ လက်သို့ ပေါ်ထွက်ပြီးကာ ပြန်ရောက်လာပါပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဒကာတော်အား ချမ်းသာတရား တိုးပွား ဖြစ်ပေါ်လာပါသည်။ အရှင်ဘုရားတို့၏ တပည့်အများတို့နှင့် အတူတကွ အကျွမ်းဝင်ခြင်းကို အလိုရှိလှသဖြင့် တောင့်တသည် အားလျော်စွာ အရှင်မြတ်စွာဘုရား၏ ဆွေတော်မျိုးတော်၏ သမီးသည်လည်း ဒကာတော်၏ နန်းတော်ကြီးသို့ အပြီးတိုင်မြောက် ရောက်လာသည် ရှိပေပြီ။ ဤသို့သော အကြောင်းကြောင့်လည်း ဒကာတော်အား ချမ်းသာတရား ဖြစ်ပွား ရပါတော့သည်ဟု လျှောက်ကြား၏။

မြတ်စွာဘုရားရှင်က မြတ်သော မင်းကြီး အနာရောဂါ ကောင်းစွာ ကင်းရှင်းသော အဖြစ်မည်သည် အလွန်မြတ်သော လာဘ်ကြီးပေတည်း။ ရရသမျှသော ပစ္စည်းဖြင့် ရောင့်ရဲသော အဖြစ်နှင့် တူသော ဥစ္စာသည်လည်း လောက၌ မရှိချေ။ အကျွမ်းတဝင် ခင်မင်သောသူနှင့် တူသော တိုင်းထက်လွန်ကဲသော ဆွေမျိုးမည်သည် မရှိချေ။ နိဗ္ဗာန်နှင့် တူသော တိုင်းထက်လွန်ကဲသော ချမ်းသာမည်သည် မရှိချေဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

**အာရောဂျပရမာ လာဘာ၊ သန္တုဋ္ဌိပရမံ ဓနံ။**
**ဝိဿာသပရမာ ဉာတိ၊ နိဗ္ဗာနပရမံ သုခံ။**

အနာရောဂါကင်းခြင်းသည် အမြတ်ဆုံး လာဘ်တည်း။ ရောင့်ရဲခြင်းသည် အမြတ်ဆုံးဥစ္စာတည်း၊ အကျွမ်းဝင်ခြင်းသည် အမြတ်ဆုံး ဆွေမျိုးတည်း၊ နိဗ္ဗာန်သည် အမြတ်ဆုံးချမ်းသာတည်း။

**အာရောဂျ ပရမာ လာဘာ**=ဟူသည် လာဘ်ရခြင်းတို့တွင် ကျန်းမာခြင်း လာဘ်သည် အမြတ်ဆုံးဖြစ်၏။ ရောဂါရှိသောပုဂ္ဂိုလ်အား ပစ္စည်းလာဘ်လာဘ ရငြားသော်လည်း ရသည် မမည်ချေ။ ထို့ကြောင့် ရောဂါကင်းသော သူအား ခပ်သိမ်းသော လာဘ်တို့သည် လာကုန်သည်သာတည်း။ ထို့ကြောင့်“အာရောဂျ-ပရမာ လာဘာ”ဟူ၍ ဟောတော်မူ၏။

**သန္တုဋ္ဌိ ပရမံ ဓနံ**=ဟူသည် လူဝတ်ကြောင်အားလည်းကောင်း၊ ရှင်ရဟန်းအားလည်းကောင်း မိမိရအပ်သော မိမိပစ္စည်းဖြင့်သာလျှင် နှစ်သက်ရောင့်ရဲခြင်းသည် အခြားသော ဥစ္စာပစ္စည်းတို့ထက် သာလွန်သော ဥစ္စာမည်၏။

**ဝိဿာသ ပရမာ ဉာတိ**=ဟူသည် အမိအဖပင် ဖြစ်ပါစေ ချစ်ကျွမ်းတဝင် မရှိပါက ဆွေမျိုးမတော်သကဲ့သို့ ဖြစ်၏၊ သူစိမ်းပြင်ပ ဖြစ်၏။ ဆွေမတော် မျိုးမတော်သော်လည်း ချစ်ကျွမ်းဝင်မှု ရှိပါက သွေးသား မစပ်ဘဲ အမှန် အမြတ်ဆုံး ဆွေမျိုးမည်၏။ ထို့ကြောင့် “ဝိဿာသ ပရမာ ဉာတိ”ဟူ၍ ဆိုအပ်၏။

နိဗ္ဗာန်နှင့် တူသော ချမ်းသာမည်သည် မရှိ၊ ထို့ကြောင့် “နိဗ္ဗာနပရမံ သုခံ” ဟူ၍ ဟောတော်မူအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ပသေနဒိကောသလမင်းဝတ္ထု ပြီး၏။

## ၇။ တိဿတ္ထေရဝတ္ထု

**ပဝိဝေကရသံ**—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်၌ သီတင်းသုံးနေတော်မူစဉ် တိဿမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

နတ်,လူ,ဗြဟ္မာ သတ္တဝါတို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားရှင်သည် ဗုဒ္ဓကိစ္စ အားလုံး ပြီးဆုံး၍ ပရိနိဗ္ဗာန် စံလွန်တော်မူခါနီးသောအခါ၌ ရဟန်း တို့ကို ခေါ်တော်မူ၍ ချစ်သားရဟန်းတို့ ငါဘုရားသည် ယခုအခါမှသည် လေးလ ကြော၍ ပရိနိဗ္ဗာန်ပြုတော့မည်ဟု မိန့်ဆိုတော်မူသည်ရှိသော် မြတ်စွာဘုရား၏ အထံပါးမှောက်၌ ခုနစ်ရာသော ရဟန်းတို့သည် ထိတ်လန့်တုန်လှုပ်ခြင်းသို့ ရောက်ကြလေကုန်၏။ ထို ခုနစ်ရာမျှလောက်ကုန်သော ရဟန်းတို့တွင် ရဟန္တာ အရှင်တို့အား တရားသံဝေဂ ဖြစ်ကြလေကုန်၏။ ပုထုဇဉ်ရဟန်းတို့သည်ကား ကျစီးသော မျက်ရေတို့ကို သိမ်းဆည်းခြင်းငှါ မစွမ်းနိုင်ကြကုန်။ ရဟန်းတော် တို့သည် အစုအစုဖြစ်ကြ၍ စည်းဝေးပြီးလျှင် ဘုရားရှင်သည် ပြည်ခွင်နိဗ္ဗူ စံယူတော်မူချေတော့မည်၊ အဘယ်ကဲ့သို့ ပြုလုပ်ရပါကုန်အံ့နည်းဟု ပြောကြား တိုင်ပင်လျက် အစဉ်လှည့်လည် ကြလေကုန်၏။ ထိုအခါ တိဿမထေရ်မည်သော ရဟန်းတစ်ပါးသည် ဤမှ နောက် လေးလလွန်လျှင် မြတ်စွာဘုရားရှင်သည် နိဗ္ဗာန် စံဝင်တော်မူချေတော့မည်။ ငါသည် တမူလည်း တဏှာမကင်းသေးသည် ဖြစ်ပေ၏။ မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူသော အခါ၌သာလျှင် ငါသည် အရဟတ္တဖိုလ်ကို ယူခြင်းငှါ သင့်လျော်သည်သာတည်းဟု ကြံပြီးလျှင် လျောင်းခြင်း ထိုင်ခြင်း, ရပ်ခြင်း, သွားခြင်းဟု ဆိုအပ်သော လေးပါးကုန်သော ဣရိယာပုထ်တို့၌ အဖော်မမှီး တစ်ယောက်ထီးတည်းသာလျှင် တရားကို အားထုတ်၍ နေလေ့ရှိ၏။ တစ်ခုခုအကြောင်းကြောင့် ရဟန်းတို့၏ ထံသို့ သွားရ ပြန်သော်လည်း တစ်စုံတစ်ယောက်သောရဟန်းနှင့် စကားပြောဆိုခြင်း မည်သည် မရှိ။ ထိုအခါ ရဟန်းတို့က ထိုတိဿမထေရ်ကို ငါ့ရှင် တိဿ အဘယ့်ကြောင့် သင်သည် စကားမပြော တုဏှိဘောတည် ဤသို့ ပြုလုပ်ဘိသနည်းဟု ဖြစ်တင် ပြောဆိုကြကုန်၏။ တိဿမထေရ်သည် ထိုရဟန်းတို့ ပြောဆိုအပ်သော စကားကို နားမကြားဘိသကဲ့သို့ ရှေးအတိုင်းသာလျှင် နေ၏။ ရဟန်းတို့သည် တိဿ မထေရ်၏ အကြောင်းဖြစ်လျာကို မြတ်စွာဘုရားရှင်အား ကြားလျှောက်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့၌ တိဿမထေရ်အား ချစ်ခင်နှစ်သက် မြတ်နိုးခြင်း မရှိပါဟု ကြားလျှောက်ကြကုန်၏။ မြတ်စွာ ဘုရားရှင်သည် ထိုတိဿမထေရ်ကို ခေါ်စေ၍ ချစ်သား တိဿ သင်ချစ်သား သည် အဘယ့်ကြောင့် စကားမပြော တုဏှိဘော ပြုလုပ်ပေသနည်းဟု မေးတော် မူ၏။ တိဿမထေရ်က မိမိ၏ စိတ်နှလုံး အလိုအရကို အကျယ်ဝိတ္ထာရ ဖွင့်ပြ ကြားလျှောက်သည်ရှိသော် မြတ်စွာဘုရားရှင်က ချစ်သားတိဿ ကောင်းလှ၏ ကောင်းလှ၏ဟု မိန့်ဆိုမြွက်ချီး ကောင်းချီး ပေးတော်မူပြီး၍ ချစ်သား ရဟန်းတို့ ငါဘုရားရှင်၌ ချစ်ခင်နှစ်သက် မြတ်နိုးသောသူသည် တိဿရဟန်းနှင့် တူသည်သာလျှင် ဖြစ်စေလော့။ အကြင်သူတို့သည် ငါဘုရားရှင်ကို ပန်းနံ့သာ စသည်တို့ဖြင့် ပူဇော်လျှုဒါန်းခြင်း ပြုကုန်သော်လည်း စင်စစ် ပူဇော်လျှုဒါန်း

သည် မမည်ကုန်။ လောကုတ္တရာ ကိုးဖြာသော တရားတော်အား သင့်လျော်လျောက်ပတ် အကျင့်မြတ်ကို အပတ်တကုတ် အားထုတ်၍ ကျင့်သော သူတို့သည်သာလျှင် စင်စစ် ငါဘုရားကို ပူဇော်သည် မည်သည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

ပဝိဝေကရသံ ပိတွာ၊ ရသံ ဥပသမဿ စ။
နိဒ္ဒရော ဟောတိ နိပ္ပါပေါ၊ ဓမ္မပီတိရသံ ပိဝံ။

ဆိတ်ငြိမ်မှု အရသာကိုလည်းကောင်း၊ ငြိမ်းချမ်းမှု အရသာကိုလည်းကောင်း သောက်သုံး၍ လောကုတ္တရာတရား ကိုးပါးကြောင့် ဖြစ်သော ပီတိအရသာကို သောက်သုံးသော သူသည် ပူပန်ခြင်း ကင်းလေ၏။ ယုတ်မာမှု အကုသိုလ် ကင်းလေ၏။

ထိုဂါထာ၌–

ပဝိဝေကရသံ=ဟူသည် ဆိတ်ငြိမ်မှုကြောင့် ဖြစ်သော အရသာတည်း။ တစ်ယောက်တည်း နေရခြင်း၏ ချမ်းသာဟု ဆိုလိုသည်။

ပိတွာ=ဟူသည် ဒုက္ခကို ပိုင်းခြားသိမှု စသည်တို့ကိုပြုလျက် အာရုံအားဖြင့် မျက်မှောက်ပြု သောက်သုံး၍။

ဥပသမဿ စ=ဟူသည် ကိလေသာငြိမ်းအေးရာ နိဗ္ဗာန်၏ အရသာကို သောက်သုံး၍။

နိဒ္ဒရော ဟောတိ=ဟူသည် ထိုအရသာ နှစ်မျိုးကို သောက်သုံးခြင်းဖြင့် အာသဝေါကုန်ပြီးသော ရဟန်းသည် ကိုယ်တွင်း၌ ဒါန ပူလောင်ခြင်း စသည် မရှိခြင်းကြောင့် ပူလောင်ခြင်းကင်း၏၊ ယုတ်မာခြင်းလည်း ကင်း၏။

ရသံ ပိဝံ=ဟူသည် လောကုတ္တရာတရား ကိုးပါးကြောင့် ဖြစ်သော ပီတိအရသာကို သောက်သုံးသော သူသည်လည်း ပူပန်ခြင်းကင်း၏၊ ယုတ်မာခြင်းလည်း ကင်း၏။

ဒေသနာတော်၏ အဆုံး၌ တိဿမထေရ်သည်ပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။ လူများ အပေါင်းအားလည်း အကျိုးရှိသော ဓမ္မဒေသနာသည် ဖြစ်လေ၏။

တိဿမထေရ်ဝတ္ထု ပြီး၏။

## ၈။ သိကြားမင်းဝတ္ထု

သာဟု ဒေသနာ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဝေဠုဝရွာ၌ သီတင်းသုံးတော်မူစဉ် သိကြားမင်းကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ရှေးဘုရားတို့နှင့်အတူ လာခြင်းကောင်းတော်မူသော မြတ်စွာဘုရားရှင်အား အာယုသင်္ခါရကို လွှတ်အပ်သည် ရှိသော် ဝမ်းသွေးသွန်သော ရောဂါ၏ ပြင်းစွာ ပေါ်လာသောအဖြစ်ကို သိ၍ နတ်များသေဌ်နင်း သိကြားမင်းသည် "ငါသည် မြတ်စွာဘုရားအထံတော်သို့ သွားရောက်ပြီးလျှင် ပြင်းထန်ဝေဒနာ စွဲကပ်ရှာသော သူနာအား ပြုစုလုပ်ကျွေးခြင်းကို သင့်လျော် လျောက်ပတ် ပြုအပ်လှပေတော့သည်"ဟု ကြံဆင်ခြင်ပြီး သုံးဂါဝုတ် အတိုင်းအရှည်ရှိသော အတ္တဘောကို စွန့်ပြီး၍ မြတ်စွာဘုရားရှင်သို့ ရှိခိုးချဉ်းကပ်ပြီး လက်ဘို့ဖြင့် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဆုပ်နယ်၏။

### သိကြားမင်း လုပ်ကျွေးပြုစုပုံ

ထိုအခါ သိကြားမင်းကို မြတ်စွာဘုရားရှင်က ဤသူသည်ကား အဘယ်သူနည်းဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်ကား သိကြားမင်းပါတည်းဟု လျှောက်ကြား၏။ ဒကာတော် သိကြားမင်း အဘယ်အကြောင်းကြောင့် အသင် လာရောက်ပေသနည်းဟု မေးတော်မူပြန်သည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့ကို သူနာပြုစုခြင်းငှါ လာရောက်ပါသည်ဟု လျှောက်ကြား၏။ ဒကာတော် သိကြားမင်း နတ်တို့အား လူတို့၏အနံ့သည် ယူဇနာတစ်ရာ ဝေးကွာသော အရပ်မှစ၍ လည်၌ဖွဲ့ချည်အပ်သော သူကောင်ပုပ်တမျှ ပမာဏကဲ့သို့ စက်ဆုပ်ရွံရှာဖွယ် ဖြစ်ရလေသည်။ **အသင်** သိကြားမင်းသည် သွားလေလော့၊ ငါဘုရားအား သူနာပြုရဟန်းတို့သည် များစွာ ရှိကုန်သည်ဟု မိန့်တော်မူ၏။ သိကြားမင်းက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ယူဇနာ ရှစ်သောင်းလေးသောင် အမြင့်ဆောင်သော မြင်းမိုရ်တောင်ထိပ်ထက်၌ တည်နေသော ဒကာတော်သည် အရှင်မြတ်ဘုရား၏ သီလတော်တည်းဟူသော အနံ့ သင်းပျံ့လှိုင်ကြူသည်ကို နမ်းရှူ၍ လာခဲ့ခြင်း ဖြစ်ပါသည်။ ဒကာတော်သည်သာလျှင် ပြုစု လုပ်ကျွေး ပါအံ့ဟု လျှောက်ကြားပြီးသည့် အခါ ထိုသိကြားမင်းသည် မြတ်စွာဘုရား၏ ကိုယ်လက် သုတ်သင်သန့်စင် သုံးဆောင်ရာဖြစ်သော အညစ်အကြေးကို သူတစ်ပါး၏ လက်ဖြင့်လည်း ထိခြင်းငှါ မပေးမူ၍ မိမိဦးခေါင်းထက်၌သာလျှင် ချီရွက်ကာထား ထုတ်

ဆောင်၍ သွားပြီးလျှင် မျက်နှာတွန့်တုံ နှာခေါင်းရှုံ့ခြင်းမျှကိုလည်း မပြုမူ၍ နှံ့သာအိုးကို ဆောင်ရွက်ရသည် အလားကဲ့သို့ ထင်ရှားပြုစုသည် ဖြစ်ပေ၏။ ဤသို့ ပြဆိုအပ်ပြီးသည့်အတိုင်း သိကြားမင်းသည် မြတ်စွာဘုရားရှင်ကို ပြုစုလုပ်ကျွေး၍ မြတ်စွာဘုရား၏ ရောဂါ သက်သာ၍ ချမ်းသာစွာ ရှိသော အခါ၌သာလျှင် မိမိ၏ စံရာ တာဝတိံသာနတ်ပြည်သို့ ပြန်သွားလေ၏။ ရဟန်းအများတို့က သိကြားမင်း၏ မြတ်စွာဘုရားရှင်၌ သို့စဉ်ကလေးကက် ချစ်ခင် ကြည်ညိုခြင်းသည် ပြောဖို-အံ့သြဖွယ်ရှိလေစွ၊ ဤသို့ သဘော ရှိသည်မည်သော နတ်မင်း၏ စည်းစိမ်ချမ်းကြီးကို ပယ်၍ မျက်နှာတွန့်တုံ ရှုံ့ခြင်းကိုမျှမပြုဘဲ နံ့သာအိုးခွက်ကို ဆောင်ရွက်ရဘိသကဲ့သို့ မြတ်စွာဘုရား၏ ကိုယ်လက် သုတ်သင်ရာဖြစ်သော အညစ်အကြေးအိုးခွက်ကို ဦးခေါင်းဖြင့် ရွက်ဆောင်လျက် ပြုစုလုပ်ကျွေး လေဘိသည်ဟူသော စကားကို ဖြစ်စေကြ ကုန်၏။

## သိကြားမင်း အထူးကြည်ညိုခြင်း၏ အကြောင်း

မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ကြားသိတော်မူ၍ ချစ်သားရဟန်းတို့ အဘယ်သို့ ပြောဆိုကြကုန်ဘိသနည်း၊ နတ်များသေဌ်နင်း သိကြားမင်းသည် ငါဘုရားရှင်၌ အကြင်သို့သော အခြင်းအရာဖြင့် ချစ်ခင် ကြည်ညိုခြင်းကို ပြု၏။ ထိုသို့သော အခြင်းအရာဖြင့် ချစ်ခင်ကြည်ညို ခြင်းကို ပြုခြင်းသည် အံ့ဖွယ် မရှိသေး။ နတ်တို့၏ မင်းဖြစ်သော ဤ သိကြားမင်းသည် ငါဘုရားကို အမှီပြု၍ ရင့်ရော်ယိုယွင်း အိုမင်းဆိုးရွားသော သိကြားအို၏ အဖြစ်ကို စွန့်ပစ်ပြီးသော် သောတာပန်ဖြစ်၍ အသက်သေးငယ် အရွယ်ထင်လျား ပျိုနုသော သိကြား၏အဖြစ်သို့ ရောက်ရလေပြီ။ ချစ်သား ရဟန်းတို့ သေအံ့သောဘေးဖြင့် မြော်တွေးခြိမ်းခြောက် ကြောက်ရွံ့သော ပဉ္စသိခ အမည်ရသော ဂန္ဓဗ္ဗနတ်သားကို ရှေ့သွား ရှေ့ဆောင်ပြု၍ ချဉ်းကပ်လာ ရောက်သောအခါ ဣန္ဒသာလလိုဏ်ဂူဝယ် နတ်ပရိသတ်၏အလယ်၌ ထိုင်နေသော ထိုသိကြားမင်းအား—

> ပုစ္ဆ ဝါသဝ မံ ပဉှံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။
>
> တဿ တဿေဝ ပဉှဿ၊ အဟံ အန္တံ ကရောမိ တေ—

ဟူသော ဂါထာဖြင့် ငါဘုရားက မေးလျှောက်ဖို့အရေး ခွင့်ပေးတော်မူခဲ့ လေပြီ။

သိကြားမင်း အသင်၏စိတ်၌ မေးခြင်းငှါ အလိုရှိနေသော အမေးပုစ္ဆာကို ငါ့ကို မေးလျှောက်လေလော့၊ သင် မေးသော အမေးအားလုံး ပြီးပြည့်စုံအောင် ငါ ဖြေဆိုပေအံ့။

ဤသို့သော ဂါထာဖြင့် မြတ်စွာဘုရားရှင်က ခွင့်ပေးတော်မူသည် ရှိသော် ဒီဃနိကာယ် မဟာဝဂ္ဂ သက္ကပဉ္စသုတ် ပါဠိတော်၌လာသော အစဉ်အတိုင်းအားဖြင့် သိကြားမင်းက မေးလျှောက်သည်ဖြစ်၍ ထိုသိကြားမင်း၏ တွေးတောယုံမှား ဖြစ်ပွါးသော အချက်တို့ကို ပယ်ဖျက်တော်မူလျက် တရားတော်ကို ဟောကြားတော်မူ၏။ တရားဒေသနာတော်အဆုံး၌ တစ်သောင်းလေးကုဋေကုန်သော သတ္တဝါတို့အား သစ္စာလေးပါးကို ပိုင်းခြားသိမြင်သော အားဖြင့် အကျွတ်တရားကို ရသည် ဖြစ်ပေ၏။ သိကြားအိုသည်လည်း ထိုင်နေလျက် သာလျှင် သောတာပတ္တိဖိုလ်သို့ရောက်၍ တစ်ခဏချင်း စုတေသေလွန်သောအခါ ဥပပတ်ပဋိသန္ဓေ တည်နေသမှု ပျိုနုသော သိကြားမင်းသည် ဖြစ်လေ၏၊ ချစ်သားရဟန်းတို့၊ ထိုသိကြားမင်းအား ငါဘုရားသည် ဤသို့သော အခြင်းအရာဖြင့် များစွာ ကျေးဇူးရှိသည် ဖြစ်ပေ၏။ ထိုသိကြားမင်း၏ ငါဘုရား၌ ချစ်ခင်ကြည်ညိုခြင်းမည်သည် အံ့ဖွယ်မရှိလှပေ။ ချစ်သားရဟန်းတို့ ထိုစကားသည် မှန်၏။ အရိယာပုဂ္ဂိုလ်တို့ကို ဖူးမြင်ရခြင်းသည်လည်း စင်စစ်ကေန် အမှန်ချမ်းသာလှပေ၏။ ထိုအရိယာပုဂ္ဂိုလ်တို့နှင့်အတူတကွ တစ်ခုသော နေရာဌာန၌ ဆက်ဆံပေါင်းသင်း၍ နေရခြင်းသည်လည်း စင်စစ်ကေန် အမှန်ချမ်းသာ၏။ သူမိုက်တို့နှင့် အတူတကွ နေထိုင်ခြင်းစသော ဤအလုံးစုံသော အရာဌာနသည်ကား မုချကေန် အနှစ်စင်စစ်အားဖြင့် ကြီးမားလှန်ကဲ ဆင်းရဲခြင်းအတိသာလျှင် ဖြစ်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

သာဟု ဒဿနမရိယာနံ၊ သန္နိဝါသော သဒါ သုခေါ။
အဒဿနေန ဗာလာနံ၊ နိစ္စမေဝ သုခီ သိယာ။
ဗာလသင်္ဂတစာရီ ဟိ၊ ဒီဃမဒ္ဓါန သောစတိ။
ဒုက္ခော ဗာလေဟိ သံဝါသော၊ အမိတ္တေနေဝ သဗ္ဗဒါ။
ဓီရောစ သုခသံဝါသော၊ ဉာတီနံဝ သမာဂမော။
တသ္မာ ဟိ —
ဓီရဉ္စ ပညဉ္စ ဗဟုဿုတဉ္စ၊ ဓောရယှသီလံ ဝတဝန္တမရိယံ။
တံ တာဒိသံ သပ္ပုရိသံ သုမေဓံ၊ ဘဇေထ နက္ခတ္တပထံဝ စန္ဒိမာ။

အရိယာသူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်းမြတ်၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရခြင်းသည် အမြဲချမ်းသာ၏၊ လူမိုက်တို့ကို မတွေ့မမြင်ရခြင်းကြောင့် အမြဲချမ်းသာ၏။ လူမိုက်နှင့်ယှဉ်တွဲ လှည့်လည်သူ

သည် ရှည်ကြာသောကာလပတ်လုံး စိုးရိမ်ပူပန်ရ၏၊ လူမိုက်တို့နှင့် ပေါင်းသင်း ဆက်ဆံရခြင်းသည် ရန်သူနှင့်အတူ နေရသကဲ့သို့ အမြဲဆင်းရဲ၏။ ပညာရှိသည် သာ၍လျှင် ချမ်းသာသော ပေါင်းသင်းဆက်ဆံရခြင်း ရှိ၏။ ဆွေမျိုးတို့နှင့် ပေါင်း သင်းရသကဲ့သို့တည်း။

ထို့ကြောင့်သာလျှင်—သမာဓိ ပညာ ဗဟုသုတရှိသော အရဟတ္တဖိုလ်ဝန်ကို ဆောင်လေ့ရှိသော အကျင့်နှင့်ပြည့်စုံ၍ ဖြူစင်သော ထိုသို့ သဘောရှိသော ပညာရှိ သူတော်ကောင်းကို လမင်းသည် ကောင်းကင်သို့ ကပ်ရောက်သကဲ့သို့ အမြဲမပြတ် ဆည်းကပ်မှီဝဲရာ၏။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

သိကြားမင်းဝတ္ထုပြီး၏၊

တစ်ဆယ့်ငါးခုမြောက် သုခဝဂ်ပြီး၏။

# ၁၆။ ပိယဝဂ်

## ၁။ သားအမိသုံးယောက် ရဟန်းပြုသော ဝတ္ထု

အယောဂေ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်း သုံးပါးတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိ ပြည်ကြီးဝယ် တစ်ဦးသော အမျိုးသမီး၌ အမိ အဘတို့၏ နှလုံးကို ပွါးစေ၍ အလွန် ချစ်ခင် နှစ်သက်စေအပ်သော သားတစ်ဦး ရှိလေ၏။ ထိုသား လုလင်သည် တစ်နေ့သော အခါ၌ အိမ်၌ ပင့်ဖိတ်လှူဒါန်း ကျွေးမွေးရာတွင် အနုမောဒနာ ပြုကြကုန်သော ရဟန်းတော်တို့၏တရားစကား ကို ကြားနာရသည်ဖြစ်၍ ရဟန်းပြုခြင်းငှါ အလိုရှိသည်၏အဖြစ်ကြောင့် အမိအဘတို့အား တောင်းပန်ပြောဆို၏။ အမိအဘတို့က တစ်ဦးတည်းသော သားဖြစ်လေသောကြောင့် ရဟန်းပြုခြင်းငှါ ခွင့်မပေးကြကုန်။

### သူငယ် ရဟန်း ပြုပုံ

ထိုအခါ သူငယ်လုလင်သည် "ငါသည် အမိအဘတို့ မမြင်အောင် အိမ်မှ ထွက်ပြေးပြီးလျှင် ရဟန်းပြုတော့အံ့" ဟု အကြံအစည် ဖြစ်၏။ ထိုလုလင်၏ ဖခင်သည်လည်း အပြင်သို့ သွားစရာရှိသော် "ဤသားကို ကိုးစားကြည့်ရှု ပြုစုစောင့်ရှောက်လေလော့ဟု အမိကို မှာကြား၍သာလျှင် သွား၏။ မိခင် သည်လည်း အပသို့ ထွက်သွားသည်ရှိသော် ထိုနည်းအတူပင်လျှင် ကြည့်ရှု စောင့်ရှောက်ရန် ဖခင်ကို မှာကြား၍သာလျှင် ထွက်သွား၏။ ဤသို့ မိဘနှစ်ပါး အလှည့်ထားလျက် စောင့်ရှောက်ကြစဉ် တစ်နေ့ဝယ် ဖခင်အပြင်ထွက်ခိုက် အလှည့်ကျဖြစ်သော မိခင်က သားကို စောင့်ရှောက်အံ့ဟု ကြံပြီးလျှင် တံခါး ဘောင် တစ်ခုကို မှီ၍ တံခါးဘောင် တစ်ဘက်ကို ခြေတို့ဖြင့် ဖိနှိပ်ထားပြီးသော် မြေ၌ ထိုင်၍ ချည်ကို ငင်နေ၏။ ထိုသားငယ်သည် ဤအမိကို လှည့်ပတ် ပြောကြား၍ ထွက်သွားတော့အံ့ဟု ကြံပြီးလျှင် အို....မိခင် အနည်းငယ်မျှ ဖယ်ပေးတော်မူပါ၊ ကိုယ်လက် အညစ်အကြေး သန့်ရှင်းအောင် သုတ်သင်ပါ အံ့ဟု ပြောဆို၏။ မိခင်က ခြေကို အနည်းငယ်ကွေးလျက် လမ်းပေးသည် ရှိသော် အိမ်ပြင်ဘက်သို့ ထွက်လာခဲ့၍ ကျောင်းသို့ လျင်စွာ ပြေးသွားရောက် ပြီးသော် ရဟန်းတော်တို့၏ အထံသို့ ချဉ်းကပ်ပြီး "အရှင်ဘုရားတို့ တပည့် တော်ကို ရဟန်းပြုတော်မူပါကုန်လော့" ဟု တောင်းပန်ကာ ရဟန်းတို့၏ အထံ၌ ရဟန်းပြုလေ၏။

ထိုနောက် လုလင်၏ ဖခင်သည် ပြန်လာ၍ "ငါ၏သား အဘယ်မှာနည်း"ဟု သူငယ်၏ မိခင်ကို မေး၏။ သူငယ်၏ မိခင်ကလည်း "အရှင်၊ ကိုယ်လက် သုတ်သင်ရာ အရပ်၌ရှိသည် ဖြစ်ပါလိမ့်မည်"ဟု ပြောဆို၏။ ဖခင်သည် ငါ၏ သားသည် အဘယ်မှာ ရှိသနည်းဟု ပြောဆိုမြည်တမ်းပြီး ထိုထို ဤဤ ကြည့်ရှုရာ သားကို မမြင်သောကြောင့် ကျောင်းသို့သွားသည် ဖြစ်လိမ့်မည် ဟု ကြံပြီး ကျောင်းသို့ လိုက်၍ သွားလေ၏။ ရဟန်းပြုသော သားကို တွေ့မြင်သည်ရှိသော် "ချစ်သား အဘယ်ကြောင့် ငါ့ဖခင်ကို ရှောင်ဖယ်လျက် ဖျက်ဆီးလေဘိသနည်း" ဟု ငိုကြွေးပြောဆို၏။ ပြောဆိုပြီးသောအခါ ငါ၏ သားသည် ရဟန်းပြုခဲ့သည်ရှိသော် ဤယခုပင် ငါသည်လည်း အိမ်ရာဖွဲ့နှောင် လူ၏ဘောင်၌ အဘယ်သို့ နေရအံ့နည်းဟု ကြံပြီး ဖခင်သည်လည်း ရဟန်းတို့အား တောင်းပန် လျှောက်ကြား၍ ရဟန်းပြုလေ၏။ ထိုနောက် သူငယ်၏ မိခင်သည် အသို့နည်း။ ငါ၏ သားရော ငါ၏ အရှင် ခင်ပွန်းလင်ပါ သွားကြကုန်သည်မှာ အလွန်ကြာမြင့်ကုန်၏။ အသို့ပေနည်း၊ ကျောင်းသို့ သွားရောက်၍ ရဟန်းပြုလေသလောဟု ကြံပြီးလျှင် ထိုသူတို့ကို ကြည့်ရှုရှာဖွေရန် ကျောင်းသို့ လာခဲ့ရာ ရဟန်းဖြစ်ပြောက် သားအဖ နှစ်ယောက်တို့ကို တွေ့မြင်သည်ရှိသော် ဤသူတို့ ရဟန်းပြုသောအခါ တစ်ယောက်တည်းသာ ဖြစ်သော ငါ့အား ဤသို့သော အိမ်ဖြင့် အဘယ်အကျိုးရှိတော့အံ့နည်းဟု ကြံပြီးလျှင် မိခင်သည်လည်း ရဟန်းမိန်းမတို့၏ ကျောင်းသို့သွားရောက်ပြီးသော် ရဟန်းပြုလေ၏။

သားအမိ သားအဖ သုံးဦးတို့သည် ရဟန်းအဖြစ်သို့ ရောက်ပြီး၍လည်း ခွဲခွါ၍ နေခြင်းငှါ မစွမ်းနိုင်ကုန် ရဟန်းယောကျ်ားကျောင်း၌လည်းကောင်း၊ ရဟန်းမိန်းမ ကျောင်း၌လည်းကောင်း အတူတကွ ပေါင်းဆုံ နေထိုင်ကြ၍ သာလျှင် အထူးထူး စကားတို့ကို ပြောကြား ကုန်လျက်သာလျှင် နေ့ကို လွန်မြောက် စေကုန်၏။ ထိုရဟန်း သုံးပါးတို့ကို ရဟန်းယောကျ်ားတို့သည် လည်းကောင်း၊ ရဟန်းမိန်းမတို့သည် လည်းကောင်း ငြီးငွေ့ရှိရှာ ကုန်၏။ ထိုနောက် တစ်နေ့သော အခါ၌ ရဟန်းတို့သည် သားအမိ သားအဖ ဖြစ်ကုန်သော ထိုရဟန်းသုံးပါးတို့ ပြုမူသော အခြင်းအရာကို မြတ်စွာဘုရားရှင်အား ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းသုံးပါးတို့ကို ခေါ်တော်မူစေပြီးလျှင် "ချစ်သားရဟန်းတို့ အသင်တို့သည် ဤသို့ပြုလုပ်ကုန်သည် ဟုတ်မှန်ပေကုန်သလော"ဟု မေးတော်မူ၍ "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ ဟုတ်မှန် ပါသည်"ဟု ကြားလျှောက်သည် ရှိသော် "အသင်တို့သည် အဘယ့်ကြောင့် ဤသို့ ပြုလုပ်ကြသနည်း။ ထိုစကားမှန်၏။ ရဟန်းတို့အား ဤသို့ သဘောရှိသော ပေါင်းဖော်ယှဉ်တွဲ၍ နေခြင်းသည် မထိုက် မလျော်ပေ"ဟု မိန့်ဆိုတော်မူသည်ရှိသော် "ဘုန်းတော်ကြီးတော်

မှုသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ခွဲခွါနေခြင်းငှါ မစွမ်းနိုင်ကြပါ ပါကုန်”ဟု လျှောက်ကြားကြသဖြင့် မြတ်စွာဘုရားသခင်က “ရဟန်းပြုသော ကာလမှစ၍ ဤသို့ပြုလုပ်ခြင်းသည် မသင့်လျော် မလျောက်ပတ်။ ထိုစကား မှန်၏။ ချစ်သောသူတို့ကို မတွေ့မြင် မကြည့်ရှုခြင်းသည်လည်းကောင်း၊ မချစ် မနှစ်သက်သော သူတို့ကို တွေ့မြင် ကြည့်ရှုရခြင်းသည် လည်းကောင်း ဆင်းရဲ ခြင်းသည်သာလျှင်တည်း။ ထို့ကြောင့် သတ္တဝါတို့၌လည်းကောင်း၊ သင်္ခါရတို့၌ လည်းကောင်း၊ တစ်စုံတစ်ခုမျှ ချစ်ခင်ခြင်းကိုလည်းကောင်း၊ မချစ်မနှစ်သက် ခြင်းကိုလည်းကောင်း ပြုခြင်းငှါ မအပ်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

အယောဂေ ယုဉ္ဇ’မတ္တာနံ၊ ယောဂသ္မိဉ္စ အယောဇယံ။
အတ္ထံ ဟိတွာ ပိယဂ္ဂါဟီ၊ ပိဟေ တ’တ္တာ နုယောဂိနံ။
မာ ပိယေဟိ သမာဂဉ္ဆိ၊ အပ္ပိယေဟိ ကုဒါစနံ။
ပိယာနံ အဒဿနံ ဒုက္ခံ၊ အပိယာနဉ္စ ဒဿနံ။
တသ္မာ ပိယံ န ကယိရာထ၊ ပိယာပါယော ဟိ ပါပကော။
ဂန္ထာ တေသံ န ဝိဇ္ဇန္တိ၊ ယေသံ နတ္ထိ ပိယာပ္ပိယံ။

မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ အကျိုးစီးပွားကို စွန့်လွှတ်၍ ချစ်ဖွယ်အာရုံကို စွဲလမ်းသူသည် ကိုယ်တိုင် အားထုတ်သူတို့၏ အကျိုးစီးပွားကိုမူ လိုလားတောင့်တ၏။

ချစ်သော သူတို့နှင့်လည်း မပေါင်းဖော်လင့်၊ မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းဖော်ပါလင့်၊ ချစ်သောသူတို့ကို မမြင်ရခြင်းသည် ဆင်းရဲ၏၊ မုန်းသောသူတို့ကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

ထို့ကြောင့် (သူကိုဖြစ်စေ ပစ္စည်းဥစ္စာကိုဖြစ်စေ) ချစ်ခင်စွဲလမ်းခြင်းကို မပြုရာ၊ ချစ်ခင်စွဲလမ်းဖွယ်ရာတို့နှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာ တည်း။ ချစ်ခြင်း, မုန်းခြင်း မရှိသောသူတို့အား အနှောင်အဖွဲ့ ‘ဂန္ထ’တို့ မရှိကြကုန်။

ထိုဂါထာ၌—

အယောဂေ= ဟူသည် မယှဉ်တွဲသင့်သော မသင့်မတင့် နှလုံးသွင်းခြင်း၌ ပြည့်ဘန်သာမအိမ်၌ ဆွမ်းခံခြင်းစသော ခြောက်မျိုးသော မကျက်စားရမည့် နေရာကို မှီဝဲခြင်းသည် ဤနေရာ၌ မသင့်မတင့် နှလုံးသွင်းသည်မည်၏။ ထိုသို့ မသင့်မတင့် နှလုံးသွင်းရာ၌ မိမိကိုယ်ကို အားထုတ်သောဟူလို။

ယောဂသ္မိံ = ဟူသည် ထိုမှ ပြောင်းပြန်သော အားဖြင့် အသင့်အတင့် နှလုံးသွင်းမှု၌ အားမထုတ်သော ဟူလို။

အတ္ထံ ဟိတ္ဝာ= ဟူသည် ရဟန်းပြုသောအခါမှ စ၍ အဓိသီလစသော သိက္ခာသုံးပါး အကျိုးစီးပွားမည်၏။ ထိုအကျိုးစီးပွားကို ပယ်စွန့်၍၊

ပိယဂ္ဂါဟီ= ဟူသည် ကာမဂုဏ်ငါးပါး တည်းဟူသော ချစ်ဖွယ်အာရုံကို ကိုင်စွဲလျက်၊

ပိဟေ တတ္တာ နုယောဂိနံ = ဟူသည် ထိုအကျင့်ဖြင့် သာသနာတော်မှ ရွေလျော၍ လူအဖြစ်သို့ ရောက်၏ နောက်မှတဖန် မိမိ၏ အကျိုးစီးပွားကို ကျင့်ကြံကုန်လျက် သီလစသည်တို့ကို ပြည့်စုံစေ၍ နတ်လူတို့၏ထံမှ ပူဇော် သက္ကာရကို ရကုန်၏။ ထိုပူဇော်သက္ကာရတို့ကို လိုလားနှစ်သက်၏၊ ငါသည်လည်း ဤသို့ဖြစ်ရပါမူ ကောင်းလေစွဟူ၍ အလိုရှိ၏။

မာ ပိယေဟိ=ဟူသည် ချစ်အပ်သော သတ္တဝါသင်္ခါရတို့နှင့် တစ်ရံတစ်ဆစ်မျှ တခဏမျှ မပေါင်းဖော်ရာ။ မချစ်အပ်သော သတ္တဝါသင်္ခါရတို့နှင့်လည်း ထို့အတူ မပေါင်းဖော်ရာ၊ အဘယ့်ကြောင့်နည်း ချစ်သောသူတို့နှင့် ကွေကွင်းသည်၏ အစွမ်းအားဖြင့် မတွေ့မြင်ရခြင်းသည် ဆင်းရဲ၏။ မချစ်မနှစ်သက်သူတို့နှင့် နီးကပ် ချဉ်းကပ်သည်၏အစွမ်းဖြင့် မြင်တွေ့ရခြင်းသည် ဆင်းရဲ၏။ ထို့ကြောင့်–

တသ္မာ=ဟူသည် ဤနှစ်မျိုးလုံးသည် ဆင်းရဲသောကြောင့် အဘယ်သတ္တဝါ သင်္ခါရကိုမျှ မချစ်သင့်ချေ။

ပါပိယောဟိ=ဟူသည် ချစ်သူတို့နှင့် ကွေကွင်းရခြင်း၊

ပါပကော=ဟူသည် ယုတ်နိမ့်ခြင်းတည်း၊

ဂန္ထာ တေသံ န ဝိဇ္ဇန္တိ=ဟူသည် ချစ်ခြင်းမရှိသူတို့အား အဝိဇ္ဇာ အနှောင် အဖွဲ့ကို ပယ်အပ်ပြီး မချစ်ခြင်း မုန်းခြင်းရှိသူအား ဗျာပါဒ အနှောင်အဖွဲ့ကို ပယ်အပ်၏။ ထိုနှစ်ပါးကို ပယ်အပ်သည်ရှိသော် ကြွင်းသော အနှောင်အဖွဲ့ တို့လည်း ပယ်အပ်ပြီး ဖြစ်လေတော့သည်၊ ထို့ကြောင့် ချစ်ခြင်း မုန်းခြင်းကို မပြုအပ် ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ထိုသူ သုံးဦးတို့သည်ကား ငါတို့သည် ကွေကွင်း ခွဲခွါ၍ မနေနိုင်ကုန်၏ ဆို၍ လူဝတ်လဲပြီး အိမ်ပြန်သွားကြကုန်၏။

## ၂။ မသင်ရှားသော သူကြွယ်ဝတ္ထု

ပိယတော ဇာယတိ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သူဌေးတစ်ဦးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူကြွယ်သည် ချစ်ခင်မြတ်နိုးအပ်သော မိမိ၏သားတစ်ဦး သေလွန်သည် ရှိသော် ထိုသားကိုစွဲ၍ ဖြစ်ပေါ်လာသော သောကတရား အားကြီးစွာ နှိပ်စက်သည်ဖြစ်၍ သုသာန်သချိုင်းသို့ သွားရောက်ငိုကြွေး မြည်တမ်းခြင်းကို ပြု၏။ သားကိုစွဲ၍ သောကကို ပယ်ရှားခြင်းငှါ မစွမ်းနိုင်။

## မြတ်စွာဘုရား သူကြွယ်အိမ်သို့ ကြွခြင်း

မြတ်စွာဘုရားရှင်သည် မိုးသောက်ယံ ကာလ၌ လောကကို ကြည့်ရှုတော်မူသည်ရှိသော် ထိုသူကြွယ်အား သောတာပတ္တိမဂ်သို့ ရောက်နိုင်သော အကြောင်းဥပနိဿယ၏ ပြည့်စုံသည်ကို မြင်တော်မူသောကြောင့် ဆွမ်းခံရာမှ ဖဲကြွလျက် နောက်လိုက်ရဟန်းတစ်ပါးကို ခေါ်တော်မူပြီးလျှင် ထိုသူကြွယ်၏ အိမ်တံခါးသို့ ကြွသွားတော်မူလေ၏။ ထိုသူကြွယ်သည် မြတ်စွာဘုရား ကြွတော်မူလာသော အဖြစ်ကို ကြား၍ ငါနှင့် တရားစကား ပြောကြားရန် အလိုရှိတော်မူသည် ဖြစ်ပေလိမ့်မည်ဟု ကြံ၍ မြတ်စွာဘုရားရှင်ကို အိမ်၏အတွင်း ပင့်၍ အိမ်၏အလယ်၌ ခင်းထားအပ်သော နေရာ၌ မြတ်စွာဘုရား သီတင်းသုံး နေထိုင်တော်မူသည် ရှိသော် လာရောက်၍ သင့်တင့်လျောက်ပတ်သော အရပ်၌ ထိုင်လေ၏။ ထိုအခါ သူကြွယ်ကို ဘုရားကိုယ်တော်မြတ်က "ဒါယကာ အသို့နည်း မရွှင်မလန်း ညှိုးနွမ်းလွန်ကဲ ဆင်းရဲခြင်း ရှိပေသလော"ဟု မေးတော်မူ၍ ထိုသူကြွယ်က သားငယ်သေလွန်ခြင်းဖြင့် ကွေကွင်းခြင်းဒုက္ခ၊ ဆင်းရဲရသည့် အကြောင်းကို လျှောက်ကြား သည်ရှိသော် ဥပါသကာ မစိုးရိမ်လင့်။ ဤသေခြင်း သဘောမည်သည် တစ်ခုတည်းသော အရပ်၌သာလျှင် လည်းကောင်း၊ တစ်ယောက်တည်းသော ပုဂ္ဂိုလ်အားသာလျှင် လည်းကောင်း ဖြစ်သည်မဟုတ်။ အကြင်မျှလောက် အတိုင်းအရှည်ဖြင့် ကျင်လည်ရာ ဌာန၌ ဘဝ၏ ဖြစ်ခြင်းမည်သည် ရှိ၏။ အလုံးစုံသော သတ္တဝါတို့အား သေခြင်းတရားမည်သည် ဖြစ်သည်သာလျှင်တည်း။ တစ်ခုသော သင်္ခါရမျှပင်လည်း မြဲသောသဘော မည်သည် မရှိ၊ ထိုသို့ မြဲသောသဘော မရှိသောကြောင့် သေတတ်သော သဘောတရားသည် သေ၏။ ပျက်တတ်သော သဘောတရားသည်ပျက်၏ ဟု သင့်တင့်သော အကြောင်းအားဖြင့် ထင်ရှားသိမြင်အောင် ဆင်ခြင် အပ်၏။ မစိုးရိမ် မကြောင့်ကြအပ်။ ဒါယကာ ရှေးပညာရှိတို့သည် သားငယ် သေလွန်သောအခါ၌ သေတတ်သော သဘောတရားသည် သေ၏။ ပျက်တတ် သော သဘောတရားသည် ပျက်၏ဟု နှလုံးသွင်း၍ စိုးရိမ်ကြောင့်ကြ ငိုကြွေး

မြည်တမ်းခြင်း စသည်ကို မပြုမူ၍ မရဏာဿတိ ကမ္မဋ္ဌာန်းကိုသာလျှင် စီးဖြန်း ပွားများကြလေကုန်ပြီဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သူတို့သည် ဤသို့သော မရဏာဿတိ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်းကို ပြုလုပ်ကြပါကုန်သနည်း၊ အဘယ်အခါ၌ကာလ သမယ၌ ပြုလုပ်ကြပါကုန်သနည်း၊ တပည့်တော်အား မိန့်ကြားတော်မူပါကုန်လော့ဟု တောင်းပန် မေးလျှောက်သောကြောင့် ထိုအကြောင်း ပြခြင်းငှါ အတိတ်ကို ဆောင်တော်မူ၏။

## သောကကို ပယ်ရှားသော အလောင်းတော်ပုဏ္ဏား

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းပြု တော်မူသည် ရှိသော် ဘုရားလောင်းသည် ဗာရာဏသီပြည်ကြီး မြို့တံခါးအနီး ဖြစ်သော ရွာငယ်ဝယ် ပုဏ္ဏားအမျိုး၌ဖြစ်၍ စည်းစိမ်ဥစ္စာကို ကောင်းစွာ တည်စေလျက် လယ်လုပ်ခြင်း အမှုဖြင့် အသက်မွေးခြင်းကို ပြု၏။ ထိုဘုရား အလောင်း ပုဏ္ဏားအား နှစ်ယောက်ကုန်သော သားနှင့် သမီးတို့သည် ရှိကုန်၏။ ထိုပုဏ္ဏားသည် အရွယ်ရောက်သော သားအား အမျိုးတူမှ သတိုးသမီးတစ်ဦးကို ဆောင်ယူ၍ ထိမ်းမြားပေးအပ်လေ၏။ ဤသို့လျှင် ထိုသူတို့သည် ခိုင်းစေသော ကျွန်မနှင့် တကွ ဘုရားအလောင်း, မယား, ခင်ပွန်း, သား, သမီး, ချွေးမ, ကျွန်မ အားဖြင့် ခြောက်ယောက် ရှိကုန်၏။ ထိုခြောက်ယောက်သော သူတို့သည် အညီအညွတ် ချစ်ခင်စွာသော ပေါင်းဖော် နေထိုင်ကြကုန်၏။ဘုရားလောင်းသည် မိမိမှ ကြွင်းကုန်သော မယား, ဇနီး, သား, ချွေးမ, ကျွန်မဟု ဆိုအပ်ကုန်သော ငါးယောက်သော သူတို့အား ဤသို့ အဆုံးအမကို ပေး၏။ "အသင်တို့သည် ပစ္စည်းဥစ္စာ ရတိုင်းသော အမှတ်ဖြင့်သာလျှင် အလှူကို ပေးလှူကြကုန်လော့။ သီလကို စောင့်ရှောက်ကြကုန်လော့၊ ဥပုသ်သုံးခြင်း အမှုကို ပြုလုပ်ကြကုန် လော့။ သေခြင်းကို အဖန်တလဲလဲ အောက်မေ့ခြင်းကို ပြုကြကုန်လော့။ အသင်တို့၏ သေရအံ့သော အဖြစ်ကို ကောင်းစွာ မှတ်ကြကုန်သော့။ ထိုစကား သည် မှန်၏၊ ဤသတ္တဝါတို့အား သေခြင်းသဘောသည် မချွတ်မလွဲမြဲ၏။ ဇီဝိတဟု ဆိုအပ်သော အသက်သည်ကား မမြဲချေ။ အကြောင်းတရားတို့သည် ပြုပြင်အပ်ကုန်သော သင်္ခါရ အားလုံးတို့သည် မမြဲသောသဘော ရှိကုန်၏။ ကုန်တတ် ပျက်တတ်သော သဘောရှိကုန်၏။ ညဥ့်၌လည်းကောင်း၊ နေ့၌ လည်းကောင်း မမေ့မလျော့ကုန်သည် ဖြစ်ကြကုန်လော့ဟု အဆုံးအမကို ပေး၏။ ထိုငါးယောက်သော သူတို့ကလည်း ကောင်းပါပြီဟု အဆုံးအမကို ခံယူပြီးလျှင် မမေ့မလျော့ကုန်သည် ဖြစ်၍ သေခြင်းသဘောကို အောက်မေ့ ခြင်းဟု ဆိုအပ်သော မရဏာဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများကုန်၏။

ထိုနောက် တစ်နေ့သောအခါ၌ ဘုရားလောင်းသည် သားနှင့် အတူတကွ လယ်တောသို့ သွား၍ လယ်ကို ထွန်၏။ ထိုဘုရားလောင်း၏ သားသည် အမှိုက်ကို စုရုံး၍ မီးတိုက်၏။ ထိုမီးပုံ၏ အနီးဖြစ်သော တစ်ခုသော တောင်ပို့၌ လျှင်သော အဆိပ်ရှိသော မြွေသည် ရှိ၏။ ထိုမြွေ၏ မျက်စိတို့ကို မီးခိုးသည် တိုက်ခတ်မိရကား ထိုမြွေသည် အမျက်ထွက်၍ တောင်ပို့မှ ထွက်လာပြီးလျှင် ဤသူကို အမှီပြု၍ ငါ့အား ဘေးဖြစ်ရသည်ဟု လေးချောင်းကုန်သော ဒံ့စွယ်တို့ကို လွှတ်၍ ထိုသားကို ခဲလေ၏။ ထိုဘုရားလောင်း၏ သားသည် မြွေခဲရာ အရပ်၌ပင်လျှင် လဲ၍ ကျ၏။ ဘုရားလောင်းသည် လဲ၍ ကျသော သားကို မြင်လျှင် နွားတို့ကို ထား၍ သွားရောက်ကြည့်ရှုရာ သား၏ သေသောအဖြစ်ကို သိ၍ ပင့်မချီယူပြီးလျှင် တစ်ခုသော သစ်ပင်ရင်း၌ ပက်လက်ထား၍ အဝတ်လွှမ်းအုပ်ပြီးသောအခါ မငိုကြွေး မမြည်တမ်း။ ပျက်ခြင်း သဘောတရားသည်ကား ပျက်၏။ သေခြင်းသဘောတရားသည်ကား သေ၏။ အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကုန်၊ သေခြင်းဖြင့် ပြီးကုန်၏ဟု မမြဲသော အဖြစ်ကိုသာလျှင် ကောင်းစွာ ရှုပွား၍ လယ်ထွန်မြဲတိုင်း ထွန်၏။ ထိုဘုရားအလောင်း ပုဏ္ဏားသည် မိမိ၏ လယ်အနီးသို့ ရောက်လာသော အိမ်နီးချင်း တယောက်ကို မြင်၍ "အမောင် အသင်သည် အိမ်သို့ ပြန်သွားလတ္တံ့လော"ဟု မေး၍ "သြော်–ဟုတ်ပေသည်"ဟု ပြောကြားသည်ရှိသော် "ထိုသို့ဖြစ်လျှင် ငါတို့၏ အိမ်သို့ သွားရောက်၍ "ပုဏ္ဏေးမကို ယနေ့အဖို့ ရှေးရှေးသောနေ့၌ကဲ့သို့ နှစ်ယောက်စာ ထမင်းကို မဆောင်ယူခဲ့မူ၍ တစ်ယောက်စာသာလျှင်ဆောင်ယူခဲ့ပါ၊ ရှေးရှေးသောနေ့၌မူ ကျွန်မတစ်ယောက်သည်သာ ထမင်းကို ဆောင်ယူ၏။ ယနေ့အဖို့၌ကား အိမ်ရှိ လူလေးယောက်တို့သည် စင်ကြယ်သော အဝတ်ကို ဝတ်ကုန်လျက် နံ့သာကို လက်စွဲကိုင်ယူပြီးလျှင် လာခဲ့ကြပါ ဟူ၍ ပြောကြား လိုက်ပါလော့"ဟု မှာထား ပြောဆို၏။ အိမ်နီးချင်းဖြစ်သော ထိုယောကျာ်းသည် ကောင်းပါပြီဟု ဝန်ခံ ပြောကြား သွားရောက်ပြီးသော် ပုဏ္ဏေးမအား ဘုရားလောင်း ပုဏ္ဏား မှာထားသော စကားအတိုင်းသာလျှင် ပြောဆို၏။ ပုဏ္ဏေးမက အမောင် ဤသတင်းစကားကို အသင့်အား အဘယ်သူက ပေးပို့ မှာထားလိုက်သနည်း"ဟု မေးမြန်းသဖြင့် "အရှင်မ ပုဏ္ဏားကြီးက မှာထား ပေးပို့လိုက်ပါသည်ဟု ပြောဆိုသည်ရှိသော် ထိုပုဏ္ဏေးမသည် ငါ၏သား သေလွန်ပြီ"ဟု သိ၏။ ထိုပုဏ္ဏေးမအား အနည်းငယ်မျှသော တုန်လှုပ်ခြင်းပင်သော်လည်း မဖြစ်။ ဤသို့ မရဏာယတိတရားကို ကောင်းစွာပွားအပ်သော စိတ်ရှိသည် ဖြစ်၍ စင်ကြယ်သော အဝတ်ကို ဝတ်လျက် နံ့သာလက်စွဲပြီးလျှင် ကျွန်မကို ခွက်ကို ဆောင်ယူစေပြီးသော် ကြွင်းကုန်သော သမီး ချွေးမတို့နှင့် အတူတကွ လယ်တောသို့ သွားလေ၏။ တစ်ယောက်သော သူမျှသည်း ငိုကြွေး မြည်တမ်းခြင်းသည် မဖြစ်။ ဘုရားအလောင်း ပုဏ္ဏားသည် သားငယ်၏ အလောင်းထားရာ ဖြစ်သော

သစ်ပင်ရိပ်၌ ထိုင်နေ၍ အာဟာရကို စားသောက်၏။ စားပြီးသောအဆုံး၌ အလုံးစုံသော သူတို့သည် ထင်းတို့ကို သယ်ဆောင်၍ ထိုသား၏ အလောင်းကို ထင်းပုံထက်သို့ တင်ပြီးသော် နံ့သာပန်းတို့ဖြင့် ပူဇော်ကြဖြန့်ပြီးလျှင် မီးတိုက်ကြကုန်၏။ တစ်ယောက်သော သူမျှလည်း မျက်ရည် ကျထွက်ခြင်း မဖြစ်။ အလုံးစုံသော သူတို့သည်လည်း ကောင်းစွာ ပွားများ အားထုတ်အပ်သော မရဏဿတိ ကမ္မဋ္ဌာန်းရှိသည် ဖြစ်ကုန်၏။ ထိုသူတို့၏ သီလ အင်္ဂနံအဖော် အာနုဘော်ကြောင့် သိကြားမင်း၏ နေရာသည် ပူလောင်သော အခြင်းအရာကို ပြ၏။

## သိကြားမင်း ဆင်းသက်၍ မေးမြန်းရခြင်း

သိကြားမင်းသည် အဘယ်သို့သောသူသည် ငါ့သိကြားကို တည်နေရာမှ ရွေ့လျောစေခြင်းငှါ အလိုရှိသနည်းဟု စူးစမ်းသည်ရှိသော် ထိုလယ်ထွန် ယောကျ်ား ပုဏ္ဏားစသည်တို့၏ အာနုဘော်ကြောင့် ခက်ထရော်ကြမ်းမာ ပူလောင်သော အခြင်းအရာကို သေချာစွာ သိပြီးသောအခါ ကြည်ညိုလှစွာ သော စိတ်ရှိသည်ဖြစ်၍ ငါသည် ထိုသူတို့၏ ထံမှောက်သို့ သွားရောက်ပြီးလျှင် ခြင်္သေ့မင်းကဲ့သို့ ကြုံးဝါးသံကို ကြုံးဝါးစေပြီး ထိုသူတို့၏ အိမ်နေရာငယ် ရတနာ တို့ဖြင့် ပြည့်သည်ကို ပြုလုပ်၍ ပြန်လာခြင်းငှါ အပ်၏ဟု ကြံပြီးလျှင် ထိုအရပ်သို့ လျင်စွာ သွားရောက်၍ သူသေကောင်ကို မီးသင်္ဂြိုဟ်သော နံပါး၌ ရပ်တည်လျက် "အမောင်တို့ အဘယ်အမှုကို ပြုကြကုန်သနည်း" ဟု မေး၏။ တစ်ယောက်သော သူသေကောင်ကို မီးတိုက်ပါကုန်သည်ဟု ပြောဆိုကုန်သည် ရှိသော် "အသင် တို့သည် လူသေကောင်ကို မီးတိုက်သည် မဖြစ်ပေကုန်လတ္တံ့။ တစ်ကောင်သော သားကို သတ်ပြီးလျှင် မီးဖြင့်ဖုတ်မြိုက်၍ ကျက်စေကုန်ယောင် တကား" ဟု ပြောကြား၏။ အရှင် မီးဖုတ်ဖို့ရာ သားကောင် မရှိပါ။ လူသေကောင်ကို သာလျှင် မီးတိုက်ပါကုန်သည်ဟု ပြောဆိုကုန်သည်ရှိသော် လူသေကောင်ကို မီးတိုက်သည် မှန်တပြီးကား အသင်တို့အား စိုးပွားမဲ့အောင် ပြုသူ ရန်သူ ဖြစ်သော လူဖြစ်ပေလတ္တံ့ဟု ပြော၏။ ထိုအခါ သိကြားမင်းကို ဘုရားလောင်း ပုဏ္ဏားအား "အရှင် အကျွန်ုပ်အမောင်နှံ နှစ်ပါးတို့၏ ရင်၌ မွေးဖွားသော သားပါတည်း။ ရန်သူမဟုတ်ပါဟု ပြော၏။ ထိုသို့ဖြစ်လျှင် အသင်တို့ မချစ် မနှစ်သက်အပ်သော သားဖြစ်ပေလိမ့်မည်ဟု ပြောဆိုပြန်သည် ရှိသော် "အရှင် ချစ်ခင်နှစ်သက် လွန်စွာစုံမက် မြတ်နိုးအပ်သော သားပါတည်း" ဟု ပြောဆို၏။ ထိုအခါ သိကြားမင်းက "ချစ်ခင်နှစ်သက်၍ အားကိုးအားထားထိုက်သော သားတစ်ယောက်လုံး ဆုံးရှုံး သေလွန်ပါလျက် အဘယ်သို့သော အကြောင်း ကြောင့် မငိုကြွေးပါသနည်း" ဟု မေးမြန်းသည်ရှိသော် ထိုဘုရားအလောင်း ပုဏ္ဏားသည် မငိုကြွေးသော အကြောင်းကို ဤသို့ ပြောကြား၏။

မြွေသည် အရေဟောင်းကို စွန့်သွားသကဲ့သို့ ကျွန်ုပ်တို့၏ သားသည်လည်း သူ့ခန္ဓာကိုယ်ကို စွန့်လွှတ်၍ သွားခြင်း ဖြစ်ပါသည်။ သေသူသည် အဆွေအမျိုး တို့၏ ငိုကြွေးမြည်တမ်းခြင်းကို မသိပါ။ သူ၏လားရာ ဂတိအတိုင်း သွားခြင်း ဖြစ်၍ ကျွန်ုပ်တို့ မစိုးရိမ်ပါ။

ထိုအခါ သိကြားမင်းသည် ဘုရားအလောင်း၏ စကားကိုကြား၍ ပုဏ္ဏေးမ ကို မိခင် သေလွန်သော ဤသူငယ်သည် အသင့်အား အဘယ်သို့ တော်စပ်ပါ သနည်းဟု မေးပြန်၏။ ပုဏ္ဏေးမက အရှင် ဆယ်လတို့ပတ်လုံး ဝမ်းဖြင့် လွယ်ဆောင်၍ နို့ချိုတိုက်ကျွေးပြီး ကြီးပွားစေအပ်သော ကျွန်တော်မ၏ သားပါတည်းဟု ပြော၏။ အိုအမိ ဖခင်မည်သည် ယောကျ်ားဖြစ်သောကြောင့် မငိုကြွေးမူကား ရှိစေဦးတော့။ အမိ၏ နှလုံးမည်သည်ကား သားသမီး၌ သက်ရောက်ပျံ့နှံ့လျက် နူးညံ့သိမ်မွေ့လှပေ၏။ အသင်သည် အဘယ်ကြောင့် မငိုကြွေးပါသနည်းဟု မေးပြန်၏။ ယင်းသို့ မေးသောအခါ ထိုပုဏ္ဏေးမသည် မိမိမငိုကြွေးသော အကြောင်းကို ဤသို့ ပြောကြား၏။

ကျွန်မတို့၏သားသည် သူ့အား မခေါ်ပါဘဲနှင့် ကျွန်မတို့၏အထံသို့ ဆိုက်ရောက်လာသကဲ့သို့ ယခုတဖန် ကျွန်မတို့ ခွင့်မပြုဘဲလျက် ဘဝတစ်ပါးသို့ ထွက်ခွာသွားခဲ့ပါပြီ၊ အလိုအလျောက်လာခဲ့ပြီး အလိုအလျောက်ပင် ပြန်ထွက် သွားခဲ့ပါ၏။ ငိုကြွေးမြည်တမ်းသဖြင့် ဘယ်လိုအကျိုး ရှိမှာနည်း။ ကျွန်မတို့၏ သားသည် အဆွေအမျိုးတို့၏ ငိုကြွေးခြင်းကိုလည်း မသိ။ သူ၏ လားရာဂတိ အတိုင်း သွားခြင်းဖြစ်သည့် အတွက်ကြောင့် သားအတွက် ကျွန်မ မစိုးရိမ်ပါ။ ထိုသားကို ငါသည် မစိုးရိမ်ပါဟု ပြောဆို၏။

သိကြားမင်းသည် မိခင်ပုဏ္ဏေးမ ပြောကြားသော စကားကို ကြားရပြီး နောက် သေလွန်သော ထိုသူ၏နှမကို "ချစ်သမီး အသင့်အား ထိုသေလွန်သော သူသည် အဘယ်သို့ တော်စပ်ပါသနည်းဟု မေး၏။ အရှင် ကျွန်တော်မ၏ မောင်ကြီးပါတည်းဟု ပြော၏။ ချစ်သမီး နှမတို့မည်သည် မောင်တို့၌ ချစ်ခင် မြတ်နိုးတတ်ကုန်၏။ ထိုမောင်သည် သေလွန်ပါလျက် အသင် ချစ်သမီးသည် အဘယ်ကြောင့် မငိုကြွေးသနည်းဟု မေးပြန်၏။ ထိုနှမသည်လည်း မငိုကြွေးခြင်း အကြောင်းကို ဤသို့ ပြောဆို၏။

အိုအရှင် အကယ်၍ ကျွန်မ ငိုကြွေးခဲ့ပါလျှင် ကြုံလှီရုံမှတပါး အဘယ် အကျိုး ရှိပါမည်နည်း။ ကျွန်မတို့၏ အဆွေခင်ပွန်း ချစ်ကျွမ်းဝင်သူတို့သည်လည်း နှလုံးညှိုးနွမ်းရာ ပါကုန်၏။ မီးသင်္ဂြိုဟ်ခံရသူ မောင်သည် အဆွေအမျိုးတို့၏ ငိုကြွေးမြည်တမ်းသည်ကို မသိနိုင်ပါ။ လားရောက်ရမည့် ဂတိအတိုင်း လားရောက် မည်သာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်မ မစိုးရိမ်နိုင်ပါ၊ မငိုကြွေးပါ။

သိကြား‌မင်းသည် နှမငယ်၏ ပြောသော စကားကို ကြားသိရသည် ရှိသော် အနီး၌ တည်ရှိသော သေလွန်သော သူ၏ မယားကို ချစ်သမီး အသင်အား ထိုသေလွန်သော သူသည် အဘယ်သို့ တော်စပ်ပါသနည်းဟု မေးပြန်၏။ အရှင် ထိုသေလွန်သော သူသည် ကျွန်တော်မ၏ ခင်ပွန်းအရှင် လင်ယောကျ်ား ပါတည်းဟု ပြောကြားသောအခါ ချစ်သမီး မိန်းမတို့မည်သည် မိမိအရှင် လင်ယောကျ်ား သေလွန်သည် ရှိသော် နွမ်းလျော်ရိညှိုး အားကိုးရာမရှိ ပကတိ အတိုင်းသော် မိန်းမဖော်မဝင် မရွှင်မပျ မုဆိုးမ ဖြစ်ရကုန်၏။ သို့ဖြစ်ပါလျက် အဘယ်အတွက်ကြောင့် အသင်ချစ်သမီးသည် မငိုကြွေးဘဲ နေနိုင်ပါသနည်းဟု မေးပြန်၏။ ထိုအမျိုး ချွေးမသည်လည်း သိကြားမင်းအား မိမိ မငိုကြွေးခြင်း အကြောင်းကို ဤသို့ ပြောကြား၏—

ကလေးငယ်သည် ကောင်းကင်၌ သွားနေသော လပြည့်ဝန်းကို မရသည့် အတွက် ငိုကြွေးသကဲ့သို့ သေသူအတွက် ငိုကြွေးရခြင်းသည် ထိုဥပမာအတိုင်း ဖြစ်ပေလိမ့်မည်။ မီးသဂြိုဟ်အပ်သော လင်ဖြစ်သူသည် ဆွေမျိုးများ ငိုကြွေး သည်ကို မသိရှာလေ။ သူ၏ လားရာဂတိအတိုင်း သွားသည်ဖြစ်၍ ကျွန်ုပ်သည် မစိုးရိမ်ပါ။

သိကြားမင်းသည် မယားခင်ပွန်းမ၏ စကားကို ကြားသိရသည် ရှိသော် အနီး၌ တည်ရှိသော အိမ်ကျွန်မကို မိခင် အသင်အား ထိုသေလွန်သောသူသည် အဘယ်သို့ တော်စပ်သည် ဖြစ်ဘိသနည်းဟု မေးပြန်၏။ အမောင် ထိုသေလွန် သော သူသည်ကား ကျွန်တော်မ၏ အရှင်သခင် ဖြစ်ပါသည်ဟု ပြောဆိုလျှင် ထိုသို့ဖြစ်ပါမူကား အသင်၏ အရှင်ဖြစ်သော ဤသေသူသည် အသင့်ကို နှိပ်စက် ညှဉ်းဆဲ မောင်းမဲပုတ်ခတ်၍ စေခိုင်းသုံးဆောင်အပ်သည် ဖြစ်ပေလိမ့်မည်။ ထို့ကြောင့် ငါသည် ဤသူ၏ လက်မှ ကောင်းစွာ လွတ်မြောက်ရပေပြီဟု ရည်သန်စိတ်တွေး မငိုကြွေးဘဲ နေသည် မဟုတ်လောဟု လှည့်ပတ်မေးမြန်း ပြန်သဖြင့် အရှင် ဤသို့ မ‌ပြောဆိုပါလင့်၊ သေလွန်၍ သွားသော ထိုအရှင်အား ဤသို့သော စကားကို ပြောကြားခြင်းငှါ မသင့်လျော်ပါ၊ ထိုအရှင်သားသည် ကျွန်တော်မ၏ အပေါ်၌ သည်းခံခြင်း ချစ်ခင်ခြင်း အစဉ်သနားခြင်းနှင့် ပြည့်စုံသောသူ ဖြစ်ပါသည်။ အရှင်သားသည် ကျွန်တော်မ၏ ရင်၌ မွေးဖွားသော သားအရင်း အစစ်ကဲ့သို့ ဖြစ်ပါသည်ဟု ပြောကြား၏။ ထိုသို့ ဖြစ်ခဲ့လျှင် အသင် အဘယ်ကြောင့် မငိုကြွေးသနည်းဟု မေးပြန်သောအခါ ထိုအိမ်ကျွန်မသည် သိကြားမင်းအား မငိုကြွေးခြင်းအကြောင်းကို ဤသို့ ပြန်ကြားဖြေဆို၏—

သေသူအတွက် စိုးရိမ် ငိုကြွေးခြင်းသည် ပြန်၍ ဆက်ငပ်မရနိုင်သော မြေအိုး ကွဲခြင်းအတွက် ငိုသကဲ့သို့ ဖြစ်ပေလိမ့်မည်။ မီးသင်္ဂြိုဟ်အပ်သော အရှင့်သားသည် ဆွေမျိုးတို့၏ ငိုကြွေးခြင်းကို မသိရှာ။ သူ၏ လားရာဂတိ အတိုင်း လားခြင်းဖြစ်၍ စိုးရိမ်ခြင်း မရှိပါ။

သိကြားမင်းသည် အလုံးစုံသော သူတို့၏ ပြောဆိုအပ်သော တရားစကားကို ကြားနာရသည်ရှိသော် တိုင်းထက် နှစ်မြို့ ကြည်ညိုသည်ဖြစ်၍ မမေ့မလျော့ ကုန်သော အသင်တို့သည် မရဏာဿတိ ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများပေ ကုန်၏။ အသင်တို့သည် ဤနေ့မှ စ၍ ကြောင့်ကြဆောင်ရွက် မိမိလက်ဖြင့် အမှုကြီးငယ်ကို မပြုကြကုန်လင့်။ ငါသည်ကား နတ်များသော့်နှင်း သိကြားမင်း ပေတည်း။ အသင်တို့၏ အိမ်၌ အတိုင်းအရှည်မရှိ သုံးမကုန်နိုင်ဖွယ်ရာ ရတနာ ခုနစ်ပါးတို့ကို ထင်ရှားစွာ ဖန်ဆင်းပြုလုပ်၍ ပေးအံ့။ အသင်တို့သည် အလှူကို ပေးလှူကြကုန်လော့။ သီလကို စောင့်ရှောက်ကြ ကုန်လော့။ ဥပုသ်သုံးခြင်း အမှုကို ပြုလုပ်ကြ ကုန်လော့၊ မမေ့မလျော့သည် ဖြစ်ကြကုန်လော့ဟု ထိုသူတို့အား အဆုံးအမ သြဝါဒကို ပေး၍ ထိုသူတို့၏ အိမ်၌ အတိုင်းအရှည် မရှိ သုံးစွဲ၍ မကုန်နိုင်လောက်သော ပစ္စည်းဥစ္စာ အစုကို ဖန်ဆင်းပြုလုပ်၍ ဖဲသွားလေ၏။ မြတ်စွာဘုရားရှင်သည် ဤသို့သော ဓမ္မဒေသနာကို ဆောင်တော်မူ၍ သစ္စာတို့ကို ပြတော်မူပြီးသော် ဇာတ်ကို ပေါင်းတော်မူ၍ သစ္စာလေးပါး ပိုင်းခြား ပြသတော်မူ၏။ ထိုအခါ အိမ်ကျွန် မိန်းမသည် ဤယခုအခါ ကျွန်မ ခုဇ္ဇုတ္တရာ ဖြစ်လာ၏။ ထိုအခါ ပုဏ္ဏား အမျိုးသမီးသည် ဤယခုအခါ ဥပ္ပလဝဏ် ထေရီ ဖြစ်လာ၏။ ထိုအခါ သားဖြစ်သော သူသည် ဤယခုအခါ ရာဟုလာ သားတော် ဖြစ်လာ၏။ ထိုအခါ မိခင် ပုဏ္ဏေးမသည် ဤယခုအခါ ခေမာထေရီ ဖြစ်လာ၏။ ထိုအခါ လယ်ထွန် ယောကျ်ား ပုဏ္ဏားကြီးသည်ကား ဤယခုအခါ ငါဘုရားသည်သာလျှင်တည်းဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။ ဤသို့လျှင် ပဥ္စကနိပါတ်၌ ဥရဂဇာတ်ကို အကျယ် ဝိတ္ထာရ ဟောပြတော်မူပြီး၍ ရှေးလွန်လေပြီးသော အခါ၌ ပညာရှိတို့သည် ဤသို့လျှင် ချစ်နှစ်သက်အပ်သော သားသည် သေလွန်ခြင်းကို ပြုသည်ရှိသော် ဤယခုအခါ၌ အသင်သူကြွယ်သည် အကြီး အငယ် ပြုလုပ်ဖွယ် အမှုတို့ကို စွန့်လွှတ်၍ အစာအာဟာရ လုံးဝမစား ငိုကြွေးအတည်တည် လှည့်လည်၍ နေဘိသကဲ့သို့ ထိုနည်းတူစွာ မလှည့်လည်ပါမူ၍ မရဏာဿတိ ဘာဝနာ အားအစွမ်းဖြင့် စိုးရိမ်ကြောင့်ကြခြင်းကို မပြုမူ၍ အစာအာဟာရ မျှတလောက်အောင် သုံးဆောင်ကြလေကုန်ပြီ။ အမှုကြီးငယ်ကိုလည်း ပြုစု ရွက်ဆောင်ကြလေကုန်ပြီ။ ထို့ကြောင့် ချစ်ခင်အပ်သော သားသည် သေလွန် ခြင်းကို ပြုရလေသည်ဟု မကြံစည် မစိုးရိမ်လင့်။ ထိုစကားသည် မှန်၏၊ သောက

တရားသည် လည်းကောင်း၊ ရွံကြောက်ခြင်းသည် လည်းကောင်း ဖြစ်သည် ရှိသော် ချစ်ခြင်းကိုသာလျှင် အမှိုပြု၍ ဖြစ်ပေါ်လာ၏ဟု မိန့်ဆိုတော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏—

ပိယတော ဇာယတီ သောကော၊ ပိယတော ဇာယတီ ဘယံ။

ပိယတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ချစ်ခြင်းကြောင့် စိုးရိမ်မှုဖြစ်ရ၏။ ချစ်ခြင်းကြောင့် ကြောက်လန့်မှုဖြစ်ရ၏။ ချစ်ခြင်းမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်လန့်မှု ရှိတော့အံ့နည်း။

ထိုဂါထာ၌– ပိယတော ဟူသည် ဝဋ်ဆင်းရဲ၏ အမိဖြစ်သော စိုးရိမ်ခြင်း သည်လည်းကောင်း၊ ကြောက်လန့်ခြင်းသည် လည်းကောင်း ဖြစ်သည် ရှိသော် ချစ်အပ်သော သတ္တဝါ သင်္ခါရကို အမှိုပြု၍ ဖြစ်၏။ ထိုချစ်ခြင်းမှ လွတ်မြောက် သူအား စိုးရိမ်ကြောက်လန့်ခြင်း မရှိတော့ချေ။

ဒေသနာတော်၏ အဆုံး၌ သူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်၏။

မထင်ရှားသော သူကြွယ်ဝတ္ထု ပြီး၏။

---

## ၃။ ဝိသာခါဝတ္ထု

ပေမတော ဇာယတိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဝိသာခါ ဥပါသိကာမကို အကြောင်းပြု၍ ဟောတော်မူ၏။

ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ ဒါယိကာမကြီးသည် မိမိသား၏ သမီး ဖြစ်သော သုဒတ္တီ သတို့သမီး မြေးငယ်ကို မိမိနေရာ၌ထား၍ အိမ်၌ ပြုလုပ်ဖွယ် အသွယ်သွယ် ရဟန်း သံဃာတော်တို့၏ အမှုကိစ္စကို ရွက်ဆောင်ပြုလုပ်စေ သတတ်။ ထိုသုဒတ္တီ သတို့သမီးသည် အခါတစ်ပါး၌ သေလွန်ခြင်းကို ပြုခဲ့၏။ ဝိသာခါ ဒါယိကာမကြီးသည် သေလွန်လေပြီးသော ထိုမြေးမငယ်၏ ရုပ်အလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ခြင်းကို ပြုစေပြီးသော် ဖြစ်ပေါ်လာသော သောကတရားကို ပယ်ရှား ရည်သန့် တည်တံ့စေခြင်းငှါ မစွမ်းနိုင်သည် ဖြစ်၍

စိတ်ဆင်းရဲသဖြင့် မြတ်စွာဘုရား၏ အထံတော်သို့ သွား၍ ရှိခိုးဦးချပြီး လျောက်ပတ်သော နေရာတစ်ခု၌ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားရှင်က ဝိသာခါ ဒါယိကာမကြီးကို ဝိသာခါ အသို့နည်း၊ အသင်သည် စိတ်ဆင်းရဲသဖြင့် မျက်ရည် ပြည့်သော မျက်နှာ ငိုကြွေးကာဖြင့် အဘယ်ကြောင့် ထိုင်နေဘိ သနည်းဟု မိန့်တော်မူ၏။ ဝိသာခါ ဒါယိကာမကြီးသည် ထိုအခြင်းအရာ အလုံးစုံကို အကုန်ပြန်ကြားလျှောက်ထားပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝတ်ကြီးဝတ်ငယ် အသွယ်သွယ် ပြည့်စုံလှသော ထိုမြေးမ သတို့ သမီးငယ်ကို တပည့်တော်မသည် အလွန်ချစ်ခင်ပါသည်၊ ဤယခုအခါ၌ မြေးမ ငယ်ကို တပည့်တော်မ မတွေ့မြင်ရတော့အံ့ဟု လျှောက်ကြား၏။ ဝိသာခါ ဤ သာဝတ္ထိပြည်၌ တည်နေကုန်သော လူတို့သည် အဘယ်မျှလောက် များကုန် သနည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသာဝတ္ထိပြည်၌လူပေါင်း ခုနစ်ကုဋေတို့ရှိသည်ဟု အရှင်ဘုရားတို့သည်သာလျှင် မိန့်ကြားအပ်ပါ၏ဟု ကြားလျှောက်၏။ ဤမျှ အတိုင်းအရှည် ရှိသော ဤ လူအပေါင်းသည် အသင်၏ မြေးမနှင့် အကဲ့ယ်၍ တူခဲ့သည် ဖြစ်အံ့။ ထိုလူများ အပေါင်းကို အသင်သည် အလိုရှိရာသည် မဟုတ်တုံလောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩော် ဟုတ်မှန်လှပါပေ၏ဟု လျှောက်ကြား၏၊ ဤသာဝတ္ထိပြည်၌ အဘယ်မျှလောက်သော လူတို့သည် နေ့တိုင်း နေ့တိုင်း သေလွန်ခြင်းကို ပြုကုန်သနည်းဟု မေးတော်မူပြန်သောအခါ ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား နေ့တိုင်းနေ့တိုင်း သေလွန်သောသူတို့ သည် များစွာ ရှိပါကုန်၏ဟု ကြားလျှောက်၏။ ဝိသာခါ ဤသို့ နေ့တိုင်းနေ့တိုင်း သေလွန်သောသူ များခဲ့သည် ရှိသော် အသင်အား မစိုးရိမ် မပူပန်ရသောအခါ ရှိသည် မဖြစ်စေရာ။ နေ့ညဉ့်ပတ်လုံး သေသူကို အကြောင်းပြု၍ ငိုကြွေး မြည်တမ်းလျက်သာလျှင် အသင်သည် လှည့်လည်နေထိုင်ရသည် ဖြစ်ပေလိမ့်မည် ဟုမိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမျှဖြင့် အဆုံး သတ်တော်မူပါလော့၊ တပည့်တော်မသည် မြတ်စွာဘုရား ဟောကြားတော်မူရာ ဒေသနာကို ကောင်းစွာ သိအပ်ပါပေပြီဟု လျှောက်ထား၏။ ထိုအခါ ဝိသာခါ ဒါယိကာမကြီးကို မြတ်စွာဘုရားရှင်က ဝိသာခါ ထိုသို့ ပိုင်းခြား တရားတော် အစဉ်ကို သိမြင်လေပြီတကား၊ နောက်ထပ် ပူပန်ခြင်းကို မဖြစ်စေလင့်၊ စိုးရိမ်ပူပန်ခြင်းသည်လည်းကောင်း၊ ကြောက်ရွံ့ရခြင်းသည် လည်းကောင်း ချစ်မြတ်နိုးခြင်းကြောင့်သာလျှင် ဖြစ်ရသည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏—

ပေမတော ဇာယတီ သောကော၊ ပေမတော ဇာယတီ ဘယံ။
ပေမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ချစ်ခင်မှုကြောင့် စိုးရိမ်မှု ဖြစ်ရ၏၊ ချစ်ခင်မှုကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏၊ ချစ်ခင်မှု ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

ထိုဂါထာ၌– ပေမတော ဟူသည် သားသမီး စသည်တို့၌ ပြုအပ်သော ချစ်ခြင်းကို အမှီပြု၍ စိုးရိမ်ခြင်း ဖြစ်ရ၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဝိသာခါဝတ္ထု ပြီး၏။

---

## ၄။ လိစ္ဆဝိဝတ္ထု

ရတိယာ ဇာယတိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေသာလီပြည်ကို မှီ၍ စူးလစ်မွန်းချွန် အထွတ်တပ်သောဇရပ်၌ သီတင်းသုံးနေတော်မူစဉ် လိစ္ဆဝီတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

### အကြောင်းအတ္ထုပ္ပတ္တိအစဉ်

ဝေသာလီပြည်သား ထိုလိစ္ဆဝီမင်းသားတို့သည် သဘင်ပွဲခန်း ရှင်လန်းပျော်မွေ့ တစ်နေ့သောအခါ၌ အချင်းချင်း တစ်ယောက်နှင့် တစ်ယောက် မိုမောက်တက်ကြွ မတူမျှအောင် လုပဖွယ်ရာ အဝတ်တန်ဆာတို့ဖြင့် ကောင်းစွာ ပြည့်စုံ တန်ဆာဆင်ကုန်၍ ဥယျာဉ်သို့ သွားခြင်းငှါ မြို့မှ ထွက်ကြကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း ဝေသာလီ ပြည်အတွင်းသို့ ဆွမ်းခံခြင်းငှါ ကြွဝင်တော်မူသည် ရှိသော် ထိုလိစ္ဆဝီမင်းသားတို့ကို မြင်တော်မူ၍ ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ အကြင်ရဟန်းတို့သည် တာဝတိံသာ နတ်အပေါင်းတို့ကို မမြင်ဖူးကုန်။ ထိုတာဝတိံသာနတ်တို့ကို မမြင်ဖူးကုန်သော ရဟန်းတို့သည် ဤလိစ္ဆဝီမင်းသားတို့ကို ကြည့်ရှုကြကုန်လော့ဟု မိန့်ဆိုတော်မူပြီးသော် မြို့သို့ ကြွဝင်တော်မူ၏။ ထိုလိစ္ဆဝီမင်းသားတို့သည်လည်း ဥယျာဉ်သို့ သွားသည် ရှိသော် ပြည့်တန်ဆာမိန်းမတစ်ယောက်ကို ခေါ်ယူပြီးသွားကြကုန်၍ ထိုပြည့်တန်ဆာ မိန်းမကို အမှီပြုပြီးလျှင် မကျေနပ်ကြ၍ အချင်းချင်း တစ်ယောက်သည် တစ်ယောက်အား သတ်ဖြတ်ကုန်လျက် သွေးချောင်းစီးဘိ

သကဲ့သို့ဖြစ်ကုန်၏။ ထိုအခါထိခိုက်ကျင်နာ သေရာလျှောင်းလဲ ထိုလိစ္ဆဝီမင်းသားတို့ကို ထမ်းစင်ညောင်စောင်းဖြင့် ယူဆောင်ချီမ၍ ဥယျာဉ်မှ ပြန်လာကြကုန်၏။ မြတ်စွာဘုရားရှင်သည်လည်း ဆွမ်းဘုဉ်းပေးခြင်းကိစ္စ ပြီးဆုံး၍ မြို့မှ ထွက်ကြွတော်မူ၏။ ရဟန်းတို့သည်လည်း ထိုအခြင်းအရာဖြင့် ယူဆောင်အပ်ကုန်သော လိစ္ဆဝီမင်းတို့ကို မြင်၍ မြတ်စွာဘုရားရှင်ကို ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား လိစ္ဆဝီမင်းတို့သည် နံနက်စောစောကသာလျှင် တန်ဆာဆင်အပ်သည်နှင့် စပ်၍ နတ်သားလုလင်တို့ကဲ့သို့ ပုံပြင်ပြီး မြို့မှ ထွက်ကြကုန်၍ ဤယခုအခါ၌ မိန်းမတစ်ယောက်ကို အမှီပြုပြီးလျှင် ဤသို့သော ပျက်စီးခြင်းသို့ ရောက်ပါကုန်သည်ဟု ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားရှင်က ချစ်သား ရဟန်းတို့ စိုးရိမ်ခြင်းသည် လည်းကောင်း၊ ဘေးသည်လည်းကောင်း ဖြစ်သည် ရှိသော် ပျော်မွေ့ခြင်းကို မှီ၍ ဖြစ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

**ရတိယာ ဇာယတီ သောကော၊ ရတိယာ ဇာယတီ ဘယံ။**

**ရတိယာ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။**

ပျော်မွေ့ခြင်းကြောင့် စိုးရိမ်မှုဖြစ်ရ၏၊ ပျော်မွေ့ခြင်းကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏။ ပျော်မွေ့ခြင်းမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

ထိုဂါထာ၌– ရတိယာ ဟူသည် ကာမဂုဏ် ငါးပါးတို့၌ မွေ့လျော်ခြင်းကို အမှီပြု၍ ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

လိစ္ဆဝီဝတ္ထု ပြီး၏။

---

၅။ အနိတ္ထိဂန္ဓကုမာရဝတ္ထု

ကာမ္မတော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မိန်းမအနံ့ မခံနိုင်သော မင်းသားကို အကြောင်းပြု၍ ဟောတော်မူ၏။

မြိဟမ္မာပြည်မှ စုံတွေ့၍ လာသော ထိုအနိတ္ထိဂန္ဓ သတို့သားသည် သာဝတ္ထိပြည်၌ ချမ်းသာသော အမျိုး၌ ဖြစ်ပေသတတ်။ မွေးဖွားလာသောနေ့မှ စ၍ မိန်းမ အနီး၊ အပါးသို့ သွားလာ ချဉ်းကပ်ခြင်းငှါ အလိုမရှိ။ မိန်းမသည် ကိုင်ငင်ချီယူအပ်သည် ရှိသော် သည်းထန်စွာ ငိုကြွေး၏။ အဝတ် ပုဆိုးခေါင်းရုဖြင့်ခြားခု ယူဆောင်၍ နို့ကို တိုက်ကျွေးရကုန်၏၊ အရွယ်ရောက်သော ထိုသတို့သားကို အမိ အဘတို့က ချစ်သား အသင့်အား ထိမ်းမြား လက်ထပ်ခြင်းကိုပြုကုန်အံ့ဟု ပြောဆိုသည် ရှိသော် အကျွန်ုပ်အား မိန်းမဖြင့် အလိုမရှိပါဟုပြောဆို မြစ်ပယ်၍ အဖန်ဖန် အထပ်ထပ် မပြတ်တောင်းပန်အပ်သည် ရှိသော်ရွှေပန်းထိမ်သည် ငါးရာတို့ကို ခေါ်စေ၍ နီသော အဆင်းရှိသော ရွှေစင်နိက္ခတစ်ထောင်ကို ထုတ်ပေးစေပြီးလျှင် အလွန် လှပသော တစ်ခဲနက် ထုလုပ်အပ်သော မိန်းမရုပ်ကို ပြုလုပ်စေ၍ နောက်၌ တစ်ဖန် အမိ-အဘတို့က ချစ်သားအသင်သည် ထိမ်းမြား လက်ထပ်ခြင်းကို မပြုသည် ရှိသော် ငါတို့၏ အမျိုးအနွယ်သည် အဆက်ပြတ်လတ္တံ့။ သို့ဖြစ်သောကြောင့် အသင် ချစ်သားအားထိမ်းမြားခြင်း အကျိုးငှါ သတို့သမီးငယ်ကို ငါတို့ ဆောင်ကုန်အံ့ဟု ပြောဆိုသည်ရှိသော် ထိုသို့ ဖြစ်လျှင် အကျွန်ုပ်အား သတို့သမီးကို အကယ်၍ဆောင်ကုန်သည်ဖြစ်အံ့။ဤရွှေစင်ရုပ်နှင့်တူသော သတို့သမီးကို ဆောင်ကုန်သည်ရှိသော် အသင် မိခင်-ဖခင်တို့၏ စကားကို လိုက်နာ ပြုလုပ်ပါအံ့ဟု ပြောဆိုပြီးလျှင် ထိုရွှေစင်ရုပ်ကိုပြ၏။ထိုအခါ သတို့သား၏ မိခင် ဖခင်တို့သည် ထင်ရှားကျော်စောကုန်သော ပုဏ္ဏားတို့ကို ခေါ်စေကုန်၍ ငါတို့၏ သားသည် ကြီးမြတ်သော ဘုန်းရှိ၏။ မချွတ်ကေန် ဤသူငယ်နှင့်တူမျှသော သတို့သမီးသည် ရှိသည်ဖြစ်ပေလတ္တံ့။ ထို့ကြောင့် အသင် ပုဏ္ဏားတို့သည် ဤရွှေစင်ရုပ်ကို ယူ၍ သွားကြကုန်လော့။ ဤရွှေစင်ရုပ်ကဲ့သို့ အဆင်းရှိသော သတို့သမီးကို ဆောင်ယူခဲ့ကြကုန်လော့ဟု ပြောဆို စေလွှတ်ကုန်၏။

## ရွှေစင်ရုပ်နှင့် သမီးကညာ

ထိုပုဏ္ဏားတို့သည် ကောင်းလှပါပြီဟု ဝန်ခံပြီးသော် ခရီးအတည်တည်လှည့်လည်ဖွေရှာပြီး မဒ္ဒတိုင်း၌ သာဂလမြို့သို့ သွားကြကုန်၏။ ထိုသာဂလမြို့၌လည်း တစ်ဆယ့်ခြောက်နှစ်အရွယ် လှပသော သတို့သမီးငယ် တစ်ယောက်သည် ရှိသည် ဖြစ်ပေ၏။ ထိုသတို့သမီးငယ်ကို အမိ-အဖတို့သည် ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်၏ အထက်အပြင်၌ အခြွေအရံတို့ဖြင့် ဝန်းရံ စောင့်ရှောက်၍ထားကုန်၏။ ထိုပုဏ္ဏားတို့သည်လည်း ဤမြို့- ဤနေရာ၌ ဤရွှေစင်ရုပ်ကဲ့သို့အဆင်းရှိသော သတို့သမီးသည် အကယ်၍ ရှိသည် ဖြစ်ခဲ့အံ့။ ထိုသို့ရှိခဲ့လျှင် ဤရွှေစင်ရုပ်ကို မြင်ကုန်သည်ရှိသော် ဤရွှေစင်ရုပ်သည် ဤအမည်ရှိသောအမျိုး၏

သမီးငယ်ကဲ့သို့ အလွန် အဆင်းလှသည် ဖြစ်ပေ၏ဟု ပြောဆိုကြကုန်လတ္တံ့ဟု ကြံစည်ပြီးလျှင် ရွှေစင်ရုပ်ကို ရေဆိပ်သို့ သွားရာ လမ်းခရီး၌ ထားပြီးလျှင် လျောက်ပတ်သောအရပ်၌ ထိုင်နေကြကုန်၏။ ထိုအခါ သတို့သမီးငယ်၏အထိန်း မိန်းမသည် သတို့သမီးငယ်ကို ရေချိုးစေ၍ မိမိသည်လည်း ရေချိုးခြင်းငှါ အလိုရှိသည်အဖြစ်ကြောင့် မြစ်ဆိပ်သို့ လာခဲ့၏။ လမ်းခရီးအကြားချထားသော ထိုရွှေစင်ရုပ်ကို မြင်၍ ငါ၏ သမီးတည်းဟူသော အမှတ်ဖြင့် အသင်သည် ဆိုနိုင်ခက်သည် ဖြစ်၏။ ဤယခုအခါ၌သာလျှင် ငါသည် အသင့်ကို ရေချိုးစေပြီးလျှင် ထွက်လာ၏။ အသင်သည် ငါ့ထက် ရှေးဦးစွာ ဤအရပ်သို့ လာ၏ဟု ပြောဆိုပြီးလျှင် လက်ဖြင့် ရိုက်ခတ်၏။ ကြမ်းတမ်း ခက်မာသော အဖြစ်ကိုလည်းကောင်း၊ ပကတိလူမဟုတ် အရုပ်၏ အဖြစ်ကိုလည်းကောင်း သိ၍ ငါကား ငါ၏ သမီးဟူသော အမှတ်ကိုပြုမိပေ၏။ ဤအရုပ်သည် အဘယ်မည်သော အရုပ်ပေနည်းဟု ပြောဆို၏။

**သတို့သမီးကို တွေ့ရှိခြင်း**

ထိုအခါ ပုဏ္ဏားတို့က အထိန်းမိန်းမကို မိခင် အသင်၏ သမီးသည် ဤသို့ အံ့သြဖွယ် ကောင်းအောင် အဆင်းလှပါသလောဟု မေးကြကုန်၏။ အထိန်း မိန်းမကြီးက ဤအရုပ်သည် အကျွန်ုပ်၏ သမီးထံ၌ ပြိုင်စံယှဉ်မြောက် အဘယ်မျှ လောက် အဖိုးထိုက်လိမ့်မည်နည်းဟု ပြောဆိုသောအခါ ထိုသို့ဖြစ်လျှင် အသင်၏ သမီးကို ငါတို့အား ပြပါလော့ဟု တောင်းပန်သဖြင့် ထိုအထိန်း မိန်းမသည် ပုဏ္ဏားတို့နှင့်အတူတကွ အိမ်သို့ သွားရောက်၍ အရှင်သခင်တို့အား ပြောကြား၏။ သတို့သမီး၏ မိခင် ဖခင်တို့သည် ပုဏ္ဏားတို့နှင့် အတူတကွ ဝမ်းမြောက် ဝမ်းသာ ပြောဆို၍ မိမိတို့၏ သမီးငယ်ကို ဘုံခုနစ်ဆင့် ဗိမာန်ပြင်ထက်မှ သက်ဆင်း စေ၍ အောက်ပြာသာဒ် အပြင်ဝယ် ကောင်းစွာ သွန်းလုပ် ရွှေစင်ရုပ်၏ အနီး၌ ထားကြကုန်၏။ ရွှေစင်ရုပ်သည် အရောင်ကင်း၍ ခြောက်သွေ့သည် ဖြစ်လေ၏။ ထိုသတို့သမီးငယ်သည် အရောင်အဆင်း ဝင်းဝင်းမောက်မို စိုပြေသည် ဖြစ်လေ၏။ ပုဏ္ဏားတို့သည် နိက္ခတစ်ထောင် လုပ်ဆောင်ပြုလုပ် ထိုရွှေစင်ရုပ်ကို သတို့သမီး၏ မိခင် ဖခင်တို့အား ပေး၍ သတို့သမီးကို ဝန်ခံစေပြီးလျှင် အနိတ္ထိဂန္ဓသတို့သား၏ အမိ အဖတို့အား အကြောင်းအလုံးစုံကို အကုန် ပြောကြားကုန်၏။ သတို့သား၏ မိခင် ဖခင်တို့သည် ဝမ်းမြောက်သော စိတ်ရှိသဖြင့် သွားကြကုန်လော့။ ထိုသတို့ သမီးကို လျင်မြန်စွာ ဆောင်ကုန်လော့ဟု ပြောဆို၍ ကြီးစွာသော ချီးမြှောက် ဖွယ်ဖြင့် အသွယ်သွယ် ရည်သန်လျက် စီမံစေလွှတ်ကုန်၏။ အနိတ္ထိဂန္ဓသတို့သား သည်လည်း ထိုသတင်းစကားကို ကြားသိလျှင် ရွှေစင်ရုပ်ထက်ပင် အလွန်လျှင် အဆင်းလှသော သတို့သမီးသည် ရှိသတဲ့ဟု ကြားရသောကြောင့် တစ်ဆင့် စကား ကြားရသည် အစွမ်းဖြင့်သာလျှင် ချစ်ခင်ခြင်းကို ဖြစ်စေ၍ လျင်စွာ ဆောင်ခဲ့လော့ဟု ပြောဆို၏။ ထိုသတို့သမီးသည်လည်း ယာဉ်ထက်သို့ တင်၍

ဆောင်အပ်သည် ရှိသော် အလွန် သိမ်မွေ့နူးညံ့သည် အဖြစ်ကြောင့် ယာဉ်၏ အသွား လှုပ်ရှားခြင်း နှိပ်စက်သဖြင့် လေရောဂါဖြစ်၍ လမ်းခရီးအကြား၌ သာလျှင် သေလွန်ခြင်းကို ပြုလေ၏။ သတို့သားသည်လည်း လာရောက်ပြီလောဟု မပြတ်ပင် မေး၏။ အလွန်ပြင်းစွာသော ချစ်ခြင်းဖြင့် အဖန်တလဲလဲမေးသော ထိုသတို့သားအား အဆောတလျင်သာလျှင် မပြောကြားမူ၍ နှစ်ရက်သုံးရက် ပျံ့လွင့်သော အာရုံရှိသည်ကို ပြုပြီးသော် ထိုသို့သောအကြောင်းကို ပြောကြားကြကုန်၏။ အနိတ္ထိဂန္ဓသတို့သားသည် ထိုသို့သဘောရှိသော မိန်းမနှင့် အတူတကွ ပေါင်းဆုံခြင်းငှါ မရတော့ပြီဟု ဖြစ်ပွားပေါ်လာ နှလုံးမသက်သာခြင်း ရှိသည် ဖြစ်၍ ကြီးစွာသော တောင်ကြီးဖြင့် ဖိစီးလွှမ်းမိုးဘိသကဲ့သို့ စိုးရိမ်ကြောင့်ကြ ဆင်းရဲခြင်း ဒုက္ခမျိုးဖြင့် လွှမ်းမိုးသည် ဖြစ်လေ၏။

မြတ်စွာဘုရားရှင်သည် ထိုသတို့သား၏ ရှေး၌ ပြုခဲ့ရသော ဥပနိဿယ ပြည့်ဝစုံလင်ခြင်းကို မြင်တော်မူသည် ဖြစ်၍ ဆွမ်းခံခြင်းငှါ လှည့်လည်လျက်သာလျှင် ထို အနိတ္ထိဂန္ဓသတို့သား၏ အိမ်တံခါးသို့ ကြွသွားတော်မူ၏။ ထိုအခါ သတို့သား၏ အမိ အဘတို့သည် မြတ်စွာဘုရားရှင်ကို အိမ်၏အတွင်းသို့ ပင့်သွင်း၍ ရိုသေ ကောင်းမွန်စွာ လုပ်ကျွေးကြကုန်၏၊ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ မြတ်စွာဘုရားရှင်က အနိတ္ထိဂန္ဓသတို့သားသည် အဘယ်မှာနည်းဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသတို့သားသည် အစာ အာဟာရ ပြတ်ခြင်းကို ပြု၍ တိုက်ခန်း၏အတွင်း၌ တည်နေပါသည်ဟု လျှောက်ကြားကြသောအခါ ထိုသတို့သားကို ခေါ်ကြကုန်လော့ဟု မြတ်စွာဘုရားက မိန့်တော်မူသဖြင့် ထိုအနိတ္ထိဂန္ဓသတို့သားသည် တိုက်ခန်းတွင်းမှ ထွက်လာ၍ မြတ်စွာဘုရားရှင်ကို ရှိခိုးပြီးသော် လျှောက်ပတ်သောအရပ်၌ ထိုင်နေ၏။ မြတ်စွာဘုရားရှင်က သတို့သား အသို့ပေနည်း၊ အားကြီးစွာသော စိုးရိမ်ကြောင့်ကြ ဖြစ်ရသလောဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩော် ဟုတ်မှန်လှပါ၏။ ဤသို့ သဘောရှိသည့်မည်သော မိန်းမသည် လမ်းခရီး အကြား၌ သေလွန်ခြင်းကို ပြုသည်ဟု ကြားရသောကြောင့် အားကြီးစွာသော စိုးရိမ်ကြောင့်ကြ ဖြစ်ပေါ်ရပါသည်။ အာဟာရထမင်းသည့်လည်း တပည့်တော်အား မနှစ်သက်စေပါဟု လျှောက်ထား၏။ ထိုအခါ မြတ်စွာဘုရားက သတို့သားကို သတို့သား အသင့်အား အဘယ်ကို အမှီပြု၍ စိုးရိမ်ကြောင့်ကြ ဖြစ်ပေါ်ရသည်ဟု အသင်သိ၏လောဟု မေးတော်မူသောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော် မသိပါဟု လျှောက်ကြားသဖြင့် သတို့သား ကာမဂုဏ်ကို အမှီပြု၍ အားကြီးစွာသော စိုးရိမ်ကြောင့်ကြ ဖြစ်ပေါ်ရလေသည်။ စိုးရိမ်ကြောင့်ကြခြင်းသည်လည်းကောင်း၊ ရွံ့ကြောက်ခြင်းသည်လည်းကောင်း ကာမဂုဏ်ကို မှီ၍ ဖြစ်သည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

ကာမတော ဇာယတီ သောကော၊ ကာမတော ဇာယတီ ဘယံ။
ကာမတော ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

ကာမကြောင့် စိုးရိမ်မှုဖြစ်ရ၏။ ကာမကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏။ ကာမမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

ထိုဂါထာ၌ – ကာမတော ဟူသည် ဝတ္ထုကာမ, ကိလေသာကာမ ဤနှစ်ပါးသော ကာမကို အမှီပြု၍ ဖြစ်၏ဟူလို။

ဒေသနာတော်၏ အဆုံး၌ အနိတ္ထိဂန္ဓသတို့သားသည် သောတာပတ္တိဖိုလ်၌ တည်၏။

အနိတ္ထိဂန္ဓကုမာရဝတ္ထု ပြီး၏။

---

## ၆။ ဗြာဟ္မဏ်တစ်ယောက်ဝတ္ထု

တဏှာယ ဇာယတိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏား တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

မှားသော အယူရှိသော ပုဏ္ဏားကြီးသည် တစ်နေ့သ၌ မြစ်ကမ်းသို့ သွား၍ လယ်ကို ရှင်းလင်းသတတ်၊ မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကြီး၏ မဂ်,ဖိုလ် ရကြောင်း ကောင်းသော ဥပနိဿယ ပြည့်ဝစုံလင်ခြင်းရှိသည်ကို သိမြင်တော်မူ၍ ထိုပုဏ္ဏား၏ အထံသို့ ကြွသွားတော်မူ၏။ ထိုပုဏ္ဏားသည် မြတ်စွာဘုရားကို မြင်လျက်လည်း ရှိသေခြင်းအမှုကိုမျှ မပြုမူ၍ ဆိတ်ဆိတ်နေသည် ဖြစ်ပေ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကို ရှေးဦးစွာ ခေါ်ဝေါ်ပြောဆိုလို၍ ပုဏ္ဏား အသင်သည် အဘယ်အမှုကို ပြုသနည်းဟု မိန့်တော်မူ၏။ အို အရှင် ဂေါတမ လယ်ကို ရှင်းလင်းပါသည်ဟု ပြော၏။ မြတ်စွာဘုရားရှင်သည် ဤမျှလောက်သော စကားကိုသာလျှင် ပြောကြား၍ ကြွသွားတော်မူ၏။ တစ်ဖန်မိုးသောက်ရောက်သော နေ့၌လည်း လယ်ကို ထွန်ခြင်းငှါ လာသော ထိုပုဏ္ဏား၏အထံသို့ ကြွသွားတော်မူ၍ ပုဏ္ဏား အသင်သည် အဘယ်ဒ္ဓမှုကို ပြုသနည်းဟု မေးတော်မူပြန်သည် ရှိသော် အိုအရှင်ဂေါတမ လယ်ကို ထွန်ပါသည်ဟု ပြောဆိုသောစကားကို ကြား၍ ဖဲကြွတော်မူ၏။ တဖန် မိုးသောက် ရောက်ပြန်သော နေ့၌လည်း ရှေးနည်းအတူသာလျှင် အစဉ်မပြတ်ကြွသွား၍ မေးတော်မူ၏။ အိုအရှင်ဂေါတမ လယ်ကို မျိုးစေ့ချပျိုးပါ၏။ လယ်ကို ကောက်ပင်စိုက်ပါ၏။ လယ်ကို စောင့်ရှောက်ပါ၏ဟု အစဉ်အတိုင်းအားဖြင့် ပုဏ္ဏားက ပြောကြားသော စကားကို ကြားသိရ၍

ဖဲကြွတော်မူ၏။ ထိုနောက် တစ်နေ့၌ မြတ်စွာဘုရားရှင်ကို ပုဏ္ဏားက အိုအရှင်ဂေါတမ အသင်သည် ငါ၏ လယ်ကို သုတ်သင်သောနေ့မှ စ၍ ကြွလာပေ၏။ ငါ့အား ကောက်သည် အကယ်၍ ပြည့်စုံသည်ဖြစ်အံ့။ ဤသို့ ပြည့်စုံသည်ရှိသော် အသင်အားလည်း ခွဲဝေခြင်းကို ပြုအံ့။ အသင့်အား မပေးလှူမူ၍ မိမိသည် စားသုံးခြင်းကို မပြုအံ့။ ယခုသမယ ဤနေ့မှစ၍ အသင်သည် ငါ၏အပေါင်းအဖော် အဆွေခင်ပွန်းပေတည်းဟု ပြောကြား၏။ ထိုနောက် အခါတပါး၌ ကောက်ပြည့်စုံသော ထိုပုဏ္ဏားကြီးအား ငါ၏ကောက်ကား ပြည့်စုံပေသည်၊ နက်ဖြန်ရောက်မှ ဤအခါ၌ ကောင်းစွာ ရိတ်သိမ်းပေတော့အံ့ဟု ကြံပြီးလျှင် ရိတ်ခြင်းအကျိုးငှါ ပြုသင့်ပြုထိုက်ရာ များစွာသောကိစ္စအစုကို ပြုလုပ်စဉ်ပင်လျှင် ညဉ့်အခါ၌ မိုးကြီးကြီးစွာ ရွာသွန်းသည် ဖြစ်၍ အလုံးစုံသော ကောက်စပါးတို့ကို ယူဆောင်ချမျှော၍ ပုဏ္ဏား၏ လယ်သည် ကောင်းစွာ သန့်ရှင်း ပွတ်တိုက်ခြင်း ရှိသော မြေတလင်းအပြင်နှင့် တူသည် ဖြစ်၏။ မြတ်စွာဘုရားရှင်သည်ကား ရှေးဦးစွာသော နေ့များ၌သာလျှင် ပုဏ္ဏား၏ ထိုကောက်သည် မပြည့်စုံလတ္တံ့ဟု သိတော်မူပြီးပင် ဖြစ်၏။ ပုဏ္ဏားသည် နံနက်စောစော ကလျှင် လယ်ကို ကြည့်အံ့ဟု သွားသည် ရှိသော် အချည်းနှီးသော လယ်ကို မြင်သောကြောင့် ဖြစ်ပွားပေါ်လာ အားကြီးစွာသော စိုးရိမ်ခြင်းရှိသည် ဖြစ်၍ ရဟန်းဂေါတမသည် ငါ၏ လယ်ကို သုတ်သင်သောအခါမှစ၍ ကြွလာခဲ့ပေ၏။ ငါသည်လည်း ထိုရဟန်းဂေါတမကို ဤကောက်သည် ပြီးမြောက်ခဲ့သည်ရှိသော် အသင့်အားလည်း ခွဲဝေခြင်းကို ပြုအံ့။ အသင့်အား မပေးမူ၍ မိမိသည် မစားတော့အံ့။ ဤအခါမှစ၍ အသင်သည် ငါ၏အဆွေခင်ပွန်းတည်းဟု ပြောဆိုမိပြီ၊ ငါ၏စိတ်နှလုံးအလိုသည် အပြီးအဆုံးသို့ မရောက်ဟု ကြံစည်၏။ ကြံစည်ပြီး၍ကား ထိုပုဏ္ဏားသည် အစာ အာဟာရဖြတ်ခြင်းကို ပြု၍ ညောင်စောင်း၌ အိပ်၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ပုဏ္ဏား၏အိမ်တံခါးသို့ ကြွသွားတော်မူ၏။ ပုဏ္ဏားသည် မြတ်စွာဘုရား၏ ကြွလာခြင်းကို ကြားသိရသောအခါ ငါ၏အဖော်ကို ပင့်ဆောင်၍ ဤအမည်ရှိသောနေရာ၌ ထိုင်နေပါစေကုန်လော့ဟု ပြောဆိုသဖြင့် အလုပ်အကျွေးလူအပေါင်းသည် ထိုပုဏ္ဏားပြောသော စကားအတိုင်း ပြုပေ၏။ မြတ်စွာဘုရားသည် ထိုင်နေတော်မူပြီး၍ ပုဏ္ဏားသည် အဘယ်မှာနည်းဟု မေးတော်မူ၍ တိုက်ခန်း၌ လျောင်းအိပ်၍ နေပါသည်ဟု ပြောဆိုသည် ရှိသော် ထိုပုဏ္ဏားကို ခေါ်ကြကုန်လော့ဟု မိန့်ဆိုခေါ်မူစေပြီးလျှင် လာရောက်၍ သင့်တင့် လျောက်ပတ်သောအရပ်၌ ထိုင်နေသောပုဏ္ဏားကို အို ပုဏ္ဏား အသင့်အား အသို့ဖြစ်သနည်းဟု မေးတော်မူ၏။ အို အရှင် ဂေါတမ အသင်တို့သည် ငါ၏ လယ်ကို သုတ်သင်သောနေ့မှ စ၍ ကြွလာပေ၏၊ ငါသည်လည်း မိမိ၏ ကောက်သည် ပြီးမြောက်ခဲ့သည်ရှိသော် အသင်တို့အား ခွဲဝေခြင်းအမှုကို ပြုအံ့ဟု ပြောဆိုမိပြီ။ ငါ၏ ထိုနှလုံးအလိုသည် မပြည့်စုံ မပြီးဆုံးပါ။ ထို့ကြောင့် ငါ့အား စိုးရိမ်

ကြောင့်ကြ ဖြစ်ရလေပြီ။ ထမင်းသည်လည်း ငါ့အား မနှစ်သက်စေဟု ပြောကြား၏။ ထိုအခါပုဏ္ဏားကို မြတ်စွာဘုရားရှင်က ပုဏ္ဏား အသင့်အား အဘယ်ကို အမှီပြု၍ စိုးရိမ်ကြောင့်ကြ ဖြစ်ပွားရသည်ကို သိ၏လောဟု မေးတော်မူ၍ အိုအရှင်ဂေါတမ ငါသည် မသိပါ။ အသင်ဂေါတမသည်ကား သိပါ၏လောဟု ပြောဆိုသည်ရှိသော် ပုဏ္ဏား ငါသည်ကား သိသည်မှန်ပေ၏။ စိုးရိမ်ကြောင့်ကြခြင်းသည်လည်းကောင်း၊ ရွံ့ကြောက်ခြင်းသည်လည်းကောင်း ဖြစ်သည်ရှိသော် တောင့်တသော တဏှာကိုမှီ၍ဖြစ်သည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏—

တဏှာယ ဇာယတီ သောကော၊ တဏှာယ ဇာယတီ ဘယံ။
တဏှာယ ဝိပ္ပမုတ္တဿ၊ နတ္ထိ သောကော ကုတော ဘယံ။

တဏှာကြောင့် စိုးရိမ်မှု ဖြစ်ရ၏။ တဏှာကြောင့် ကြောက်ရွံ့မှု ဖြစ်ရ၏။ တဏှာမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်မှု ကြောက်ရွံ့မှု ရှိတော့အံ့နည်း။

ထိုဂါထာ၌– တဏှာယ ဟူသည် ခြောက်ဒွါရ၌ ဖြစ်သော တဏှာကို အမှီပြု၍ ဖြစ်၏ဟူလို။

ဒေသနာတော်၏ အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်၏။

ပုဏ္ဏားတစ်ယောက်ဝတ္ထု ပြီး၏

---

## ၇။ သူငယ်ငါးရာဝတ္ထု

သီလဒဿနသမ္ပန္နံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် လမ်းခရီးအကြား၌ ကလေးငါးရာတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တစ်နေ့သ၌ မြတ်စွာဘုရားရှင်သည် ရှစ်ကျိပ်သော မဟာထေရ်တို့နှင့်တကွ ငါးရာမျှသော ရဟန်းတို့ခြံရံလျက် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံခြင်းငှါ ကြွတော်မူသည်ရှိသော် မုန့်ခြင်းတောင်းတို့ကို ပင့်မယူဆောင်၍ မြို့မှ ထွက်ပြီးလျှင် ဥယျာဉ်သို့ ရှေးရှုသွားကြကုန်သော သူငယ်ငါးရာတို့ကို လမ်းခရီးအကြား၌ တွေ့မြင်တော်မူလေ၏။ ထိုသူငယ်တို့သည်လည်း မြတ်စွာဘုရားရှင်ကို ရှိခိုးဦးချ၍ ဖဲသွားကြကုန်၏။ ထိုသူငယ်တို့သည် တစ်ပါးသော ရဟန်းမြတ်ကိုမျှလည်း မုန့်ကို ခံယူပါကုန်လော့ဟု မလျှောက်မဆိုကုန်။ မြတ်စွာဘုရားရှင်သည် ထိုသူငယ်တို့ လွန်၍

သွားသောအခါ၌ ရဟန်းတို့ကို ချစ်သား ရဟန်းတို့ အသင်တို့သည် မုန့်တို့ကို စားသုံးကုန်လတ္တံ့လောဟု မေးမြန်းတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မုန့်တို့သည် အဘယ်မှာနည်းဟု မေးလျှောက်သည် ရှိသော် ငါချစ်သား ရဟန်းတို့ အသို့နည်း၊ မုန့်ခြင်းတောင်းတို့ကို ပင့်မယူဆောင်လျက် လွန်မြောက်၍ သွားကြကုန်သော ထိုသူငယ်တို့ကို တွေ့မြင်ကြသည် မဟုတ်ကုန်လောဟု မိန့်ဆိုတော်မူသောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မုန့်ကို ယူဆောင်၍ သွားသော ဤသို့ သဘောရှိသည်လည်း ဖြစ်သော သူငယ်တို့သည် တစ်စုံတစ်ယောက်သော ရဟန်းအား မုန့်ကို မပေးလှူပါကုန်ဟု လျှောက်ထားကုန်၏။ ချစ်သား ရဟန်းတို့ ထိုသူငယ်တို့သည် ငါဘုရားကို လည်းကောင်း၊ အသင်ရဟန်းတို့ကို လည်းကောင်း မုန့်တို့ဖြင့် အကယ်စင်စစ် မပင့်ဖိတ်ကုန်။ ထိုသို့ မပင့်ဖိတ်သော်လည်း မုန့်၏ အရှင်ဖြစ်သော ရဟန်းသည် နောက်မှ လာ၏။ မုန့်တို့ကို စားသုံး၍သာလျှင် သွားခြင်းငှါ အပ်၏ဟု မိန့်ဆိုတော်မူ၏။

[ထိုစကားမှန်၏၊ မြတ်စွာဘုရားရှင်တို့အား တစ်ဦးသော ပုဂ္ဂိုလ်၌လည်း အလိုမတူ ငြူစူခြင်းသည် လည်းကောင်း၊ နှလုံးမသက်သာခြင်းသည်လည်းကောင်း မရှိသည်သာလျှင်တည်း။]

ထို့ကြောင့် မြတ်စွာဘုရားရှင်သည် ဤသို့သော စကားကို မိန့်တော်မူပြီး၍ ရဟန်းအပေါင်းကို ခေါ်ယူတော်မူပြီးလျှင် တစ်ခုသော သစ်ပင်အရင်း အရိပ်၌ ထိုင်နေသီတင်းသုံးတော်မူ၏။

## အရှင်မဟာကဿပမထေရ်အား မုန့်လှူခြင်း

သူငယ်တို့သည် နောက်မှ ကြွလာသော မဟာကဿပမထေရ်ကို မြင်၍ ဖြစ်ပေါ်လာသော ချစ်ခင်ခြင်း ပီတိအဟုန်ဖြင့် ပြည့်သောကိုယ် ရှိသည် ဖြစ်၍ မုန့်ခြင်းတောင်းတို့ကို ချပြီးသော် မထေရ်အရှင်မြတ်ကို ထိခြင်းငါးပါးဖြင့် ရှိခိုး ဦးချပြီး၍ ခြင်းတောင်းတို့နှင့် တကွသာလျှင် ဖြစ်ကုန်သော မုန့်တို့ကို ပင့်မချီမြှောက်၍ အရှင်ဘုရား ခံယူတော်မူပါကုန်လော့ဟု မထေရ်ကို လျှောက်ကြားကုန်၏။ ထိုအခါ သူငယ်တို့ကို မထေရ်က ငါတို့၏ ဆရာဖြစ်သော ထိုမြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ခေါ်ယူတော်မူပြီးလျှင် သစ်ပင်ရင်း၌ သီတင်းသုံးထိုင်နေတော်မူ၏။ အသင်တို့၏ လှူဖွယ်ဝတ္ထုကို ယူဆောင်သွားရောက်၍ ရဟန်းအပေါင်းအား ခွဲဝေလှူဒါန်းခြင်းကို ပြုကုန်လော့ဟု မိန့်ဆိုတော်မူ၏။ ထိုသူငယ်တို့သည် အရှင်ဘုရား ကောင်းလှပါပြီဟု ဝန်ခံ၍ ပြန်လည် ဆုတ်နစ်ပြီးလျှင် မထေရ်နှင့် အတူတကွသာလျှင် သွားရောက်၍ မုန့်တို့ကို ပေးလှူကုန်ပြီးသော် ကြည့်ရှုကုန်လျက် တစ်ခုသောအစွန်းအရပ်၌ တန့်ရပ်တည်နေပြီးသော်

ဘုဉ်းပေးပြီးသောအခါ၌ သောက်ရေ သုံးဆောင်ရေကို ပေးလှူကြကုန်၏။ ရဟန်းတို့က သူငယ်တို့သည် မျက်နှာကို ကြည့်သဖြင့် မုန့်တည်းဟူသော ဆွမ်းကို လှူဒါန်းကုန်၏။ မြတ်စွာဘုရားရှင်ကိုလည်းကောင်း၊ မဟာထေရ်တို့ကိုလည်းကောင်း မုန့်တို့ဖြင့် မပန်ကြား မလျှောက်ထားမူ၍ မဟာကဿပမထေရ်ကို မြင်လျှင် ခြင်းတောင်းတို့နှင့် တကွသာလျှင် ဖြစ်သော မုန့်တို့ကို ယူ၍ လာကြကုန်ဘိသည်ဟု ကဲ့ရဲ့ကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ ကဲ့ရဲ့စကားကို ကြားတော်မူ၍ ချစ်သား ရဟန်းတို့ ငါဘုရား၏ သားတော် မဟာကဿပနှင့်တူသော ရဟန်းသည် နတ်လူတို့ ချစ်မြတ်နိုးအပ်သည်သာ ဖြစ်ပေ၏။ ထိုသို့သဘောရှိသော ရဟန်းအား လေးပါးသော ပစ္စည်းဖြင့် ချီးမြှောက် ပူဇော်ခြင်းကို ပြုကုန်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

သီလဒဿနသမ္ပန္နံ၊ ဓမ္မဋ္ဌံ သစ္စဝေဒိနံ။
အတ္တနော ကမ္မကုဗ္ဗာနံ၊ တံ ဇနော ကုရုတေ ပိယံ။

သီလနှင့်လည်း ပြည့်စုံ ဉာဏ်အမြင်နှင့်လည်း ပြည့်စုံ၍ တရား၌ တည်လျက် အမှန်တရားကိုလည်း ဆိုတတ်သော မိမိပြုဖွယ်အမှုကိစ္စကိုလည်း ပြုတတ်သူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

ထိုဂါထာ၌—

**သီလဒဿနသမ္ပန္နံ** ဟူသည် စင်ကြယ်သော သီလလေးမျိုးနှင့်လည်းကောင်း၊ မဂ်,ဖိုလ်နှင့် ယှဉ်သော ဉာဏ်အမြင်နှင့်လည်းကောင်း ပြည့်စုံသော။

**ဓမ္မဋ္ဌံ** ဟူသည် လောကုတ္တရာကိုးပါး၌ တည်သည် လောကုတ္တရာတရားကိုးပါးကို မျက်မှောက်ပြုအပ်သည်။

**သစ္စဝေဒိနံ** ဟူသည် သစ္စာလေးပါးတို့ကို တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် မျက်မှောက်ပြုပြီးသောကြောင့် သစ္စဉာဏ်ဖြင့် သစ္စာကိုသိကုန်သော။

**အတ္တနော ကမ္မကုဗ္ဗာနံ** ဟူသည် မိမိအလုပ်မည်သည် သိက္ခာသုံးပါးတည်း၊ ထိုသိက္ခာသုံးပါးကို ပြည့်စုံစေလျက်။

**တံ ဇနော** ဟူသည် ထိုပုဂ္ဂိုလ်ကို လောကီလူအပေါင်းသည် ချစ်ခြင်းကို ပြု၏။ ရှုမြင်လိုခြင်း ရှိခိုးလိုခြင်း ပစ္စည်းဖြင့် ပူဇော်လိုခြင်းဖြစ်သည်သာတည်း။

ဒေသနာတော်အဆုံး၌ ထိုသူငယ်အားလုံးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကြကုန်၏။

သူငယ်ငါးရာဝတ္ထု ပြီး၏။

## ၈။ အနာဂါမိမထေရ်တစ်ပါးဝတ္ထု

ဆန္ဒဇာတော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အနာဂါမိမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အခါတစ်ပါး၌ အနာဂါမိမဂ်ဖိုလ်သို့ ရောက်ပြီး ဖြစ်သော ထိုအနာဂါမိမထေရ်ကို မိမိ၏ အတူနေ တပည့်တို့က အရှင်ဘုရား အသင့်အား မဂ်ဖိုလ် တည်းဟူသော တရားထူးကို ရခြင်း ရှိပါသလောဟု မေးလျှောက်ကြကုန်၏။ မထေရ်သည် အနာဂါမိဖိုလ်သို့ အိမ်ရာဖွဲ့နှောင် လူ့ဘောင်၌ တည်နေကုန်သော သူတို့သည်ပင်လည်း ရောက်ကုန်၏၊ အရဟတ္တဖိုလ်သို့ ရောက်သောအခါ၌သာလျှင် ထိုတပည့်တို့နှင့် အတူတကွ မိမိရသော မဂ်ဖိုလ်တရားကို ပြောကြားတော့အံ့ဟု နှလုံးသွင်း၍ အနာဂါမိဖိုလ်မျှ မိမိရသည်ကို ပြောကြားရမည့်အတွက် ရှက်နိုးလှသည်ဖြစ်သောကြောင့် တစ်စုံတစ်ခုသော စကားကို မပြောကြားဘဲသာလျှင် သေလွန်ခြင်းကို ပြုခဲ့၍ သုဒ္ဓါဝါသပြဟ္မာဘုံ၌ ဖြစ်လေ၏။ ထိုအခါ မထေရ်၏ အတူနေတပည့်တို့သည် စိုးရိမ်ကြောင့်ကြကုန်၍ မြတ်စွာဘုရားရှင်၏ အထံသို့ သွားကုန်ပြီးသော် မြတ်စွာဘုရားရှင်ကို ရှိခိုးကုန်၍ မြည်တမ်းငိုကြွေးကြလျက် သာလျှင် တစ်ခုသော အစွန်အဖျားအရပ်၌ ထိုင်နေကြကုန်၏။

ထိုသို့ ထိုင်နေကြကုန်သော ရဟန်းတို့ကို မြတ်စွာဘုရားက ချစ်သားရဟန်းတို့ အဘယ့်ကြောင့် ငိုကြွေးကြကုန်သနည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့၏ ဥပဇ္ဈာယ်ဆရာသည် သေလွန်ခြင်းကို ပြုပါသည်ဟု လျှောက်ကြား ကုန်သည် ရှိသော် ဘုရားကိုယ်တော်မြတ်က ချစ်သားရဟန်းတို့ သေလွန်ခြင်းကို ပြုသည်ဖြစ်ပါစေတော့၊ ကြံစည်စိုးရိမ် ညှိုးပိန်ပူဆွေးခြင်းကို မဖြစ်စေကြကုန်လင့်။ ဤသေခြင်းတရားမည်သည် မချွတ်မလွဲ မြဲသော သဘောတရားပေတည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩော်-ဟုတ်မှန်ပါပေ၏။ ယင်းသို့သော အကြောင်းကို တပည့်တော်တို့သည်လည်း သိကြပါကုန်၏။ စင်စစ်သော်ကား တပည့်တော်တို့သည် ဥပဇ္ဈာယ်ဆရာကို မဂ်ဖိုလ်ကျေးဇူး တရားထူး ရခြင်းကို မေးလျှောက်ကုန်ပြီ။ ထိုဥပဇ္ဈာယ်ဆရာသည် တစ်စုံတစ်ခုသော တရားကို မပြောကြားမူ၍သာလျှင် သေလွန်ခြင်းကို ပြုရပါသည်။ ထိုသို့သော အကြောင်းကြောင့် တပည့်တော်တို့သည် ကြောင့်ကြပူဆွေး ငိုကြွေးလွန်ကဲဆင်းရဲခြင်း ဖြစ်ရပါကုန်သည်ဟု လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့ မကြံစည် မစိုးရိမ်ကြကုန်လင့်။ အသင်တို့၏ ဥပဇ္ဈာယ်ဆရာသည် အနာဂါမိဖိုလ်သို့ ရောက်လေသည်။ ထိုအသင်တို့၏ ဥပဇ္ဈာယ်ဆရာသည်

"ဤအနာဂါမိဖိုလ် မည်သည် လူတို့သည်ပင်လည်း ရောက်ကြကုန်သေး၏။ အရဟတ္တဖိုလ်သို့ ရောက်၍သာလျှင် ထိုတပည့်တို့အား ပြောကြားတော့မည်" ဟု နှလုံးသွင်း၍ မိမိရရှိသော အနာဂါမိဖိုလ်အတွက် ပြောရမည် အချက်ကို ရှက်နိုးလှသောကြောင့် အသင်တို့အား တစ်စုံတစ်ခုသော စကားကို မပြောကြားမူ၍ သေလွန်ခြင်းကို ပြုသည် ရှိသော် သုဒ္ဓါဝါသဗြဟ္မာ့ပြည်၌ ဖြစ်လေသည်။ ချစ်သား ရဟန်းတို့ ထိုအကြောင်းကို အသင်တို့ သိရ၍ သက်သာရာကို ရကြကုန်လော့။ အသင်တို့၏ ဥပဇ္ဈာယ်ဆရာသည် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ တပ်နှစ်သက်ခြင်း ကင်းသော စိတ်ရှိသော အဖြစ်သို့ ရောက်လေသည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

## ဥဒ္ဓံသောတ ပုဂ္ဂိုလ်

**ဆန္ဒဇာတော အနက္ခာတေ၊ မနသာ စ ဖုဋ္ဌော သိယာ။**
**ကာမေသု စ အပ္ပဋိဗဒ္ဓစိတ္တော၊ ဥဒ္ဓံသောတောတိ ဝုစ္စတိ။**

သင်တို့ဆရာ ဥပဇ္ဈာယ်သည် နိဗ္ဗာန်ကို တောင့်တသည် ဖြစ်၍ အောက်မဂ် အောက်ဖိုလ်စိတ်ဖြင့် နိဗ္ဗာန်ကို ထိတွေ့ပြီး ဖြစ်၏။ ကာမဂုဏ်တို့၌ တပ်မက်သော စိတ်မရှိတော့ချေ။ ထို့ကြောင့် အထက်သို့ ဆန်တက်သော (ဥဒ္ဓံသောတ)ပုဂ္ဂိုလ် ဟူ၍ ဆိုအပ်၏။

ထိုဂါထာ၌—

**ဆန္ဒဇာတော** ဟူသည် ပြုလိုကာမတ္တဖြစ်သော အလိုဆန္ဒတည်း အားထုတ်မှုသို့ ရောက်သော ဆန္ဒတည်း။

**အနက္ခာတေ** ဟူသည် နိဗ္ဗာန်တည်း၊ ထိုနိဗ္ဗာန်ကို ဤမည်သော သူသည် ပြုအပ်သည်ဟူ၍ လည်းကောင်း၊ အညို အပြာ စသည်ဖြင့် ဤသို့သဘောရှိ၏ ဟူ၍ မဆိုသောကြောင့် အနက္ခာတမည်၏။

**မနသာ စ ဖုဋ္ဌော သိယာ** ဟူသည် အောက်မဂ် အောက်ဖိုလ် သုံးပါးတို့ဖြင့် တွေ့ထိသည် ပြည့်စေအပ်သည် ဖြစ်ရာ၏။

**အပ္ပဋိဗဒ္ဓစိတ္တော** ဟူသည် အနာဂါမိမဂ်၏ **အစွမ်းအားဖြင့်** ကာမတို့၌ မတပ်မက်သော စိတ်ရှိ၏။

**ဥဒ္ဓံသောတော** ဟူသည် ဤသို့သဘောရှိသော ရဟန်းသည် အဝိဟာဗြဟ္မာ့ဘုံ၌ (သုဒ္ဓါဝါသ ပထမဘုံ၌) ဖြစ်၍ ထိုနောက် ဆက်လက်၍ ပဋိသန္ဓေ

အားဖြင့် အကနိဋ္ဌဘုံဘိုင်အောင် သွား၏။ ထို့ကြောင့် ဥဒ္ဓံသောတပုဂ္ဂိုလ်ဟု ဆိုအပ်၏။ သင်တို့၏ ဥပဇ္ဈာယ်ဆရာသည် ဤသို့သဘောရှိ၏ ဟူလို။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ လူအပေါင်းတို့အားလည်း အကျိုးရှိသော တရားဟောခြင်းဖြစ်လေသည်။

အနာဂါမိမထေရ်တစ်ပါးဝတ္ထု ပြီး၏။

---

## ၉။ နန္ဒိယသူကြွယ်ဝတ္ထု

စိရပ္ပဝါသိံ– အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဣသိပနတော၌ (ရသေ့အပေါင်းတို့ ကျရောက်စုဝေးရာ တော၌) သီတင်းသုံး နေတော်မူစဉ် နန္ဒိယသတို့သားကို အကြောင်းပြု၍ ဟောတော်မူ၏။

ဗာရာဏသီပြည်၌ သဒ္ဓါတရားနှင့် ပြည့်စုံသော အမျိုးကောင်းသားအား နန္ဒိယအမည်ရှိသော သတို့သားသည် ရှိသတတ်။ ထိုသတို့သားသည် အမိ-အဘ တို့အား သင့်လျော် ကောင်းမြတ်လှစွာ သဒ္ဓါတရားနှင့် ပြည့်စုံသော ရဟန်း သံဃာတော်ကို လုပ်ကျွေးတတ်သော သူဖြစ်၏။ ထိုနောက် သတို့သား၏ မိခင်ဖခင်တို့သည် အရွယ်သို့ ရောက်သောအခါ၌ မျက်နှာချင်းဆိုင် အိမ်မှ ဦးရီး၏သမီး ရေဝတီ သတို့သမီးကို ဆောင်ယူခြင်းငှာ အလိုရှိသည် ဖြစ်ကုန်၏။ ထိုရေဝတီကား ရတနာသုံးပါးကို ကြည်ညိုခြင်းမရှိ။ လှူဒါန်းခြင်းမရှိ။ သီလ ဆောက်တည်ခြင်းမရှိ။ နန္ဒိယသတို့သားသည် ထိုရေဝတီကို အလိုမရှိ။ ထိုအခါ နန္ဒိယသတို့သား၏ မိခင်သည် ရေဝတီသတို့သမီးကို ချစ်သမီး အသင်သည် ဤအိမ်၌ ရဟန်းသံဃာတော်၏ ထိုင်နေရာကို ကောင်းစွာ လိမ်းကျံ၍ နေရာတို့ကို ခင်းပါလော့၊ သပိတ်ခြေတို့ကို ထားပါလော့၊ ရဟန်းတော်တို့ ကြွလာသော အခါ၌ သပိတ်ကို ယူပြီးသော် ကောင်းမွန်စွာ ထိုင်စေ၍ ရေစစ်သောက်ရေကို စစ်၍ ပေးပြီးလျှင် ဆွမ်းစားပြီးသောအခါ၌ သပိတ်တို့ကို ဆေးပါလော့။ ဤသို့ပြုလုပ်သည်ရှိသော် ငါ၏သား နှစ်သက်ခြင်း ဖြစ်ပါလတ္တံ့ ဟု ပြောဆို၏။ ရေဝတီသတို့သမီးသည်လည်း ထိုမိခင် ပြောဆိုသည့်အတိုင်း ပြုလုပ်၏။

### ရေဝတီသတို့သမီးနှင့် လက်ထပ်ခြင်း

ထိုနောက် နန္ဒိယသတို့သားကို မိခင်က ချစ်သား ဤရေဝတီ သတို့သမီး သည် အဆုံးအမ စကားကို အဆုံးအမ ခံသောသူ ဖြစ်ပါသည်ဟု-သားအား ပြောကြားသည်ရှိသော် နန္ဒိယသတို့သားက ထိုသို့ဖြစ်လျှင် ကောင်းလှပါပြီဟု

ဝန်ခံ၏။ နေ့ရက် ချိန်းချက်ခြင်းကို မှတ်သားထားပြီး၍ ထိမ်းမြား ဖက်ထပ်ခြင်းကို ပြုကုန်၏။ ထိုနောက် ရေဝတီ သတို့သမီးကို နန္ဒိယသတို့သားက ချစ်နှမ ရဟန်း သံဃာကို လည်းကောင်း၊ ငါ၏ အမိအဘကို လည်းကောင်း အသင်သည် အကယ်၍ ကောင်းမွန်စွာ ပြုစုလုပ်ကျွေးသည် ဖြစ်အံ့။ ဤသို့ပြုစုလုပ်ကျွေးခဲ့သည်ရှိသော် ဤအိမ်၌ နေခြင်းငှာ အခွင့်ရသည် ဖြစ်ပါလတ္တံ့။ မမေ့မလျော့သည် ဖြစ်ဘိလောဟု ပြောဆို၏။ ထိုရေဝတီက ကောင်းပါပြီဟု ဝန်ခံပြောဆို၍ နှစ်ရက် သုံးရက်ပတ်လုံး သဒ္ဓါတရားရှိဘိသကဲ့သို့ ဖြစ်၍ လုပ်ကျွေးပြုစုကာ အနေကြာသော် နှစ်ယောက်ကုန်သော သားတို့ကို ဖွားမြင်လေ၏။ နန္ဒိယ၏ အမိအဘတို့သည် သေလွန်ခြင်းကို ပြုကြကုန်၏။ အိမ်၌ တည်ရှိသော ပကတိဥဿုံ အလုံးစုံသော စည်းစိမ်အမျိုးမျိုး အစိုးရခြင်း မှန်သမျှသည် ထိုရေဝတီအားသာလျှင် ဖြစ်လေ၏။ နန္ဒိယသူကြွယ်သည်လည်း အမိအဘတို့ သေလွန်ခြင်းကို ပြုသောအခါမှစ၍ ကြီးကျယ်မြင့်မြတ် ပေးလှူတတ်သောဒါနရှင်သည် ဖြစ်၍ ရဟန်းအပေါင်းအား လှူဒါန်းခြင်းကို ဖြစ်စေ၏။ အသီးကျန်မွဲ ဆင်းရဲသူ၊ ခရီးသွားသောသူတို့အားလည်း မိမိ၏ အိမ်တံခါး၌ လှူပြုလုပ် ချက်ပြုတ်၍ ကျွေးမွေးခြင်း တည်းဟူသော အလှူဝတ်ကိုလည်း ဖြစ်စေ၏။

## မိဂဒါဝုန်တော၌ ကျောင်းတော်ဆောက်လုပ် လှူဒါန်းခြင်း

ထိုနန္ဒိယ သူကြွယ်သည် နောက်အဖို့၌ မြတ်စွာဘုရား တရားတော်ကို ကြားနာရသည်ရှိသော် သံဃာတော်တို့ ကိန်းအောင်းသော ကျောင်းကို ပေးလှူရာ၌ အကျိုးအာနိသင်ကို စီစဉ်မှတ်သား၍ ဣသိပတန ကျောင်းတိုက်ကြီး၌ လေးခုသောတိုက်ခန်းတို့ဖြင့် ဆင်မြန်းဘင့်တယ်ခြင်းရှိသော လေးဆောင်သော ဇရပ်ကျောင်းကို ကောင်းစွာ ဆောက်လုပ်စေ၍ ညောင်စောင်းအင်းပျဉ် စသည်တို့ကို ခင်းစေပြီးသော် ထိုအာဝါသ ကိစ္စအားလုံး ပြီးဆုံးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူကို ပေးလှူ၍ မြတ်စွာဘုရားအား အလှူရေစက် သွန်းချပေးလှူ၏။ မြတ်စွာဘုရား၏လက်တော်၌ အလှူရေစက်သည် တည်နေသည်နှင့် တကွနက်သာလျှင် တာဝတိံသာ နတ်ပြည်ဝယ် အလုံးစုံသောအရပ် မျက်နှာတို့၌ တစ်ဆယ့်နှစ်ယူဇနာ ဖြန့်အကျယ်ရှိသော အထက်သို့ ယူဇနာတစ်ရာ အမြင့်အစောက်ရှိသော ရတနာ ခုနစ်ပါးတို့ဖြင့် ပြီးသော နတ်သမီး အပေါင်းတို့နှင့် ပြည့်စုံသော နတ်၌ဖြစ်သောပြာသာဒ်သည် တက်ကြွ ပေါ်ပေါက်လာ၏။ ထို့နောက် တစ်နေ့သော အခါ၌ မဟာမောဂ္ဂလာန် မထေရ်သည် တာဝတိံသာ နတ်ပြည်သို့ လှည့်လည် ကြွသွားသည်ရှိသော် ထိုပြာသာဒ်၏အနီး၌ တန့်ရပ်တည်နေပြီး မိမိထံမှောက်သို့

လာရောက်ကုန်သော နတ်သားတို့ကို "နတ်သမီးဖြင့် ခြံရံအင်သော ဤနတ်၌ ဖြစ်သောပြာသာဒ်သည် အဘယ်သူအား ဖြစ်ပေါ်လာသောပြာသာဒ်ပေနည်း" ဟု မေးတော်မူ၏။ ထိုအခါ မဟာမောဂ္ဂလာန်မထေရ်အား နတ်သားတို့သည် ဗိမာန်၏ အရှင်ကို ပြောကြားလိုသည်ဖြစ်၍ "အရှင်ဘုရား အကြင် နန္ဒိယ သူကြွယ်သားသည် ဣသိပတန ၌နေရာ၌ မြတ်စွာဘုရားရှင်အား ကျောင်းကို ဆောက်လုပ်စေ၍ ပေးလှူအပ်၏၊ ထိုနန္ဒိယ သူကြွယ်သား၏ အကျိုးငှါ ဤဗိမာန်သည် ဖြစ်ပေါ်လာပါသည်" ဟု လျှောက်ကြားကြကုန်၏။ နတ်သမီး အပေါင်းသည်လည်း မဟာမောဂ္ဂလာန်မထေရ်ကို မြင်၍ ပြာသာဒ်မှ သက်ဆင်း ပြီးသော် အရှင်ဘုရား မဟာမောဂ္ဂလာန် တပည့်တော်မတို့သည် နန္ဒိယ သူကြွယ်၏ အလုပ်အကျွေးတို့သည် ဖြစ်ပါကုန်အံ့ဟု ဤဗိမာန်၌ ဖြစ်လာရပါ ကုန်သည်။ ထိုသို့ပင် ဖြစ်လာရကုန်သော်လည်း ဗိမာန်ရှင် နန္ဒိယကို မတွေ့မြင် ရကုန်၍ အလွန် ငြီးငွေ့ဆန့်ကျင်ခြင်း ဖြစ်နေကြပါကုန်၏။ မြေခွက်ကို ခွဲ၍ ရွှေခွက်ကို ယူခြင်းကဲ့သို့ လူစည်းစိမ်ကိုစွန့်၍ နတ်စည်းစိမ်ကို ယူခြင်း၊ ဤနတ် ပြည်သို့ လာခြင်းအကျိုးငှါ ထိုနန္ဒိယ သူကြွယ်ကို မိန့်ဆိုတော်မူပါလော့ဟု ပြောဆိုမှာကြား လျှောက်ထားကြကုန်၏။ မဟာမောဂ္ဂလာန်မထေရ်သည် ထို တာဝတိံသာ နတ်ပြည်မှ ကြွလာခဲ့၍ မြတ်စွာဘုရားရှင်အထံသို့ ချဉ်းကပ် ပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား လူ့ပြည်လောက၌ အသက်ရှည်ရှည် တည်နေထင်ရှား ရှိကုန်စဉ်ပင်လျှင် ပြုအပ်သော ကောင်းမှု ရှိသော သူတို့အား နတ်၌ဖြစ်သော စည်းစိမ်ချမ်းသာသည် ဖြစ်ပေါ်နိုင်ပါအံ့ လောဟု မေးလျှောက်၏။ ချစ်သား မောဂ္ဂလာန် နတ်ပြည်၌ နန္ဒိယသူကြွယ်အား နတ်စည်းစိမ်ချမ်းသာကို အသင်ကိုယ်တိုင် တွေ့မြင်ပါလျက် အဘယ်အတွက် ကြောင့် ငါဘုရားကို မေးလျှောက်ဘိသနည်းဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤသို့ မိန့်တော်မူတိုင်း မှန်လှပေ၏။ နန္ဒိယ သူကြွယ်အား နတ်ဗိမာန် ဖြစ်ပေါ်ပါသည်ဟု လျှောက်ထား၏။

ထိုအခါ မဟာမောဂ္ဂလာန် မထေရ်ကို မြတ်စွာဘုရားရှင်က ချစ်သား မောဂ္ဂလာန် အဘယ်စကားကို အသင် ပြောကြားဘိသနည်း။ ထိုစကားသည် မှန်၏။ ကြာမြင့်စွာ ခွဲခွာ၍နေသော ထိုခွဲခွာရာအရပ်မှ ဧရးရှုလာသော သားကို လည်းကောင်း ညီအစ်ကိုကို လည်းကောင်း ရွာတံခါး၌ တည်နေလျက် တွေ့မြင် သော တစ်စုံတစ်ယောက်သောသူသည် အလျင်အမြန် အိမ်သို့လာရောက်၍ ဤသူသည် လာသည်ဟု ပြောကြားရာ၏။ ထိုသို့ ပြောကြားသောအခါ ထိုသူ၏ ဆွေမျိုးဉာတိတို့သည် များစွာ ရွှင်လန်းဝမ်းမြောက်ကုန်၍ အလျင်အမြန် အိမ်မှ ထွက်ပြီးသော် အမောင် အသင် လာရောက်ခြင်း ဖြစ်ပေသလော၊ အမောင် အသင့်အား အနာရောဂါ ကင်းကွာ ရွှင်လန်း ချမ်းသာခြင်း ရှိပါ၏။

လောဟု ဤသို့ အစရှိသော စကားကို ပြောကြားမြွက်ဆိုလျက် ထိုသူကို အလွန်နှစ်သက်ကုန်ဘိသကဲ့သို့ ထိုအတူသာလျှင် ဤလူ့ဘောင် ဘဝ၌ ပြုအပ်သော ကောင်းမှုရှိသော ဤဘဝ လောကကို ပယ်ချစွန့်ထား တမလွန်ဘဝသို့ လားရသော မိန်းမကို လည်းကောင်း ယောကျာ်းကို လည်းကောင်း ဆယ်ပါးသော နတ်၌ စည်းစိမ်ချမ်းသာ လက်ဆောင်ပဏ္ဏာကို ယူ၍ ငါသည် ရှေ့မှ သွားအံ့။ ငါသည် ရှေ့မှသွားအံ့ ဟု ပြောဆို နှုတ်မြွက် သူထက်ကား ငါ ဦးစွာ ရောက်လို ခရီးဦးကြိုဆိုကုန်သည်ဖြစ်၍ နတ်တို့သည် အလွန်အကြူး အထူးသဖြင့် နှစ်သက်ကုန်၏ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို မိန့်တော်မူ၏—

စိရပ္ပဝါသိံ ပုရိသံ၊ ဒူရတော သောတ္ထိ မာဂတံ၊
ဉာတိ မိတ္တာ သုဟဇ္ဇာ စ၊ အဘိနန္ဒန္တိ အာဂတံ။
တထေဝ ကတပုညမ္ပိ၊ အသ္မာ လောကာ ပရံ ဂတံ။
ပုညာနိ ပဋိဂဏှန္တိ၊ ပိယံ ဉာတိံဝ အာဂတံ။

ကြာမြင့်စွာ ကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသူကို (မြင်၍) ဆွေမျိုးမိတ်ဆွေ ချစ်ကျွမ်းဝင်သူတို့သည် ပြန်လာပြီဟု နှစ်သက်ဝမ်းမြောက်ကုန်၏။

ထိုနည်းတူစွာလျှင် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ သွားသော ပြုပြီးသော ကောင်းမှုရှိသူကိုလည်း ဆွေမျိုးတို့သည် ပြန်ရောက်လာသော ချစ်ခင်သူကို ကြိုဆိုကြသကဲ့သို့ ကောင်းမှုတို့သည် ကြိုဆိုခံယူကြကုန်၏။

ထိုဂါထာ၌ စိရပ္ပဝါသိံ= ဟူသည် ကြာမြင့်စွာ ခွဲခွာနေသော၊

ဒူရတော သောတ္ထိ မာဂတံ= ဟူသည် ရောင်းဝယ်ခြင်းကို လည်းကောင်း၊ မင်းခစား အမှုကိုလည်းကောင်း ပြု၍ ရလာသောပစ္စည်း ဖြစ်ပေါ်သော စည်းစိမ်ရှိလျက် အန္တရာယ်မရှိသဖြင့် ရပ်ဝေးမှလာသော၊

ဉာတိမိတ္တာ သုဟဇ္ဇာ စ = ဟူသည် ဆွေမျိုးတော်စပ်ခြင်း၏ အစွမ်းဖြင့် ဉာတိမည်၏။ အတူတကွ ဖြစ်ဖူးခြင်း စသည်ဖြင့် မိတ္တမည်၏။ ချစ်ခင်ခြင်းဖြင့် သုဟဇ္ဇ မည်၏။

အဘိနန္ဒန္တိ အာဂတံ= ဟူသည်ကား ထိုသူကိုမြင်၍ လာပြီဟု စကားမျှဖြင့် လည်းကောင်း၊ လက်အုပ်ချီခြင်းမျှဖြင့် လည်းကောင်း အိမ်သို့ ရောက်လာသူကို အထူးထူး အပြားပြားသော လက်ဆောင်ပဏ္ဏာတို့ကို ယူလာခဲ့ခြင်းဖြင့် နှစ်သက်ကုန်၏။

တထေဝ=ဟူသည်ကား ထိုအခြင်းအရာအားဖြင့် ကုသိုလ်ပြုထားသော ပုဂ္ဂိုလ်တို့ကို ဤလောကမှ တမလွန်လောကသို့ သွားသူကို နတ်၌ဖြစ်သော အသက် အဆင်း ချမ်းသာ အခြံအရံ အစိုးရခြင်းကို နတ်၌ဖြစ်သော အဆင်း အသံ အနံ့ အရသာ အတွေ့အထိတို့ကို ဤ ၁၀-ပါးသော လက်ဆောင် ပဏ္ဏာကို ယူ၍ အမိ အဘအရာ၌ တည်သော ကောင်းမှု ကုသိုလ်တို့ကို နှစ်သက်စွာဖြင့် ခံယူကုန်၏။

ပိယံ ဉာတိံ=ဟူသည် ဤလောက၌ ချစ်သောဆွေမျိုး လာသည်ကို ကြွင်းသော ဆွေမျိုးတို့က ကြိုဆိုသကဲ့သို့တည်း။

ဒေသနာတော်အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်သို့ ရောက်ကုန်၏။

နန္ဒိယသုတ္တဝဂ္ဂ ပြီး၏။

တစ်ဆယ့်ခြောက်ခုမြောက် ပိယဂဂ် ပြီး၏၊

# ၁၇။ ကောဓဝဂ်

## ၁။ ရောဟိနီခတ္တိယကညာဝတ္ထု

ကောဓံဇဟေ-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူစဉ် ခတ္တိယအမျိုးသမီး ရောဟိနီကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ အရှင်အနုရုဒ္ဓါမထေရ်သည် ရဟန်းငါးရာတို့နှင့် အတူတကွ ကပိလဝတ်ပြည်သို့ ကြွသွားတော်မူသတတ်။

### ရောဟိနီမင်းသမီးအား ယားယံသော ရောဂါဖြစ်ခြင်း

ထိုအခါ အရှင် အနုရုဒ္ဓါမထေရ်၏ဆွေတော် မျိုးတော်တို့သည် မထေရ် ကြွလာသည်ဟု ကြားသိကုန်၍ မထေရ်၏ နှမငယ် ရောဟိနီ ကိုထား၍ တစ်ပါးကုန်သော ဆွေတော်မျိုးတော်တို့သည် မထေရ်၏ကျောင်းသို့ သွားကြကုန်၏။ မထေရ်က ဆွေတော်မျိုးတော်တို့ကို ရောဟိနီသည် အဘယ်မှာနည်းဟု မေးတော်မူ၏။ အရှင်ဘုရား အိမ်၌ တည်ရှိပါသည်ဟု လျှောက်ကြားကုန်သည်ရှိသော် အဘယ်ကြောင့် ဤအရပ်သို့ မလာရောက်လေသနည်းဟု မေးတော်မူပြန်သဖြင့်၊ အရှင်ဘုရား ထိုရောဟိနီ၏ကိုယ်၌ အရေအဆင်း ယားယံခြင်း ရောဂါသည် ဖြစ်ပေါ်လာ၍ ရှက်နိုးသောကြောင့် မလာရောက်ပါသည်ဟု ကြားလျှောက်ကြကုန်၏။ မထေရ်က ထိုရောဟိနီကို ခေါ်ကြကုန်လော့ဟု စေခိုင်းပြောဆို ခေါ်စေ၍ ပုဆိုးသင်တိုင်းကို တစ်ကိုယ်လုံးစွပ်၍ ဝတ်ပြီးလျှင် လာရောက်သော ရောဟိနီကို မထေရ်က ရောဟိနီ အသင်သည် အဘယ် အကြောင်းကြောင့် ငါ၏ ထံမှောက်သို့ မလာရောက်သနည်းဟု မေးတော်မူသည်ရှိသော်၊ အရှင်ဘုရား တပည့်တော်မကိုယ်၌ အရေအဆင်း ယားယံခြင်း ရောဂါသည် ဖြစ်ပေါ်ပါသည်။ ထို့ကြောင့် ရှက်နိုးသောကြောင့် မလာရောက် ပါသည်ဟု လျှောက်ထား၏။ ရောဟိနီ အသို့ပေနည်း အသင်အား ကောင်းမှုကို ပြုခြင်းငှာ မအပ်သလောဟု မိန့်တော်မူသဖြင့် အရှင်ဘုရား တပည့်တော်မ သည် အဘယ်ကောင်းမှုကို ပြုရပါအံ့နည်းဟု မေးလျှောက်သောအခါ ဆွမ်းစား ဇရပ်ကို ပြုလုပ်လေလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား အဘယ်ပစ္စည်းကို သိမ်းဆည်းယူငင်၍ ပြုပြင် ဆောက်လုပ်ရပါအံ့နည်းဟု လျှောက်ထားသဖြင့် ရောဟိနီ အသို့ပေနည်း အသင့်အား ဆင်မြန်းသော ပစ္စည်းဘဏ္ဍာဥစ္စာ မရှိ သလောဟု မေးတော်မူသည်ရှိသော် အရှင်ဘုရား ရှိပါ၏ဟု လျှောက်ထား၏

အဘယ်မျှ အဖိုးထိုက်မည်နည်းဟု မေးတော်မူပြန်သောအခါ အရှင်ဘုရား အသပြာတစ်သောင်းမျှ အဖိုးထိုက်သည် ဖြစ်ပါလိမ့်မည်ဟု လျှောက်ကြား သဖြင့် ထိုသို့ဖြစ်လျှင်၊ ထိုအဆင်တန်ဆာကို ကောင်းစွာ စွန့်လွှတ်၍ ဆွမ်းစား ဇရပ်ကို ပြုလုပ်လေလော့ဟု မိန့်တော်မူ၏။ အရှင်ဘုရား ငပည့်တော်မ၏ ကုသိုလ်အဆောက်အအုံကို အဘယ်သူသည် ကြည့်ရှုစီမံ ပြုလုပ်ပါလတ္တံ့နည်းဟု မေးလျှောက်ပြန်သည်ရှိသော် မထေရ်သည် အနီး၌ တည်ရှိကုန်သော ဆွေတော် မျိုးတော်တို့ကို ကြည့်ရှုတော်မူ၍ ရောဟိနီ၏ ကုသိုလ်အဆောက်အအုံကို စီမံ ကြည့်ရှုသောအဖို့၌ အသင်တို့၏ ဝန်ဖြစ်လေ့ဟု မိန့်တော်မူ၏။ အရှင်ဘုရား အရှင်ဘုရားတို့သည်ကား အဘယ်ကို ပြုကုန်လတ္တံ့နည်းဟု ဆွေတော်မျိုးတော် တို့က မေးလျှောက်ပြန်ကုန်သည်ရှိသော် ငါသည်လည်း ကြည့်ရှုစောင့်ရှောက်ခြင်း ဖြစ်ပေအံ့ဟု ဝန်ခံ မိန့်ဆိုတော်မူပြီးလျှင် ထိုရောဟိနီ၏ ကုသိုလ်ပြုဖွယ် အသွယ်သွယ် အထူးထူး အဆောက်အဦတို့ကို ဆောင်ကြကုန်လော့ဟု မိန့်ဆိုတော်မူ၏။

## ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းခြင်း

ထိုဆွေတော်မျိုးတော်တို့သည် အရှင်ဘုရား ကောင်းလှပါပြီဟု ဝန်ခံကြ၍ အဆောက်အဦတို့ကို ဆောင်ယူကြကုန်၏။ အနုရုဒ္ဓါမထေရ်သည် ဆွမ်းစား ဇရပ်ကို ကြပ်မတ်စီရင်တော်မူလျက် ရောဟိနီ မင်းသမီးကို ရောဟိနီ ဘုံနှစ်ဆင့် ရှိသော ဆွမ်းစားဇရပ်ကို ပြုလုပ်စေ၍ အထက်၌ ပျဉ်ချပ်တို့ကို စီခင်း သောကာလမှစ၍ ဆွမ်းစားဇရပ်၏ အောက်၌ အမြဲမပြတ် တံမြက်လှည်းပြီးသော် နေရာတို့ကို ခင်းလေလော့။ အမြဲမပြတ် သောက်ရေအိုးတို့ကို တည်ထားမသေ့ ဖြစ်စေဘိလော့ဟု မိန့်တော်မူ၏။ ထိုရောဟိနီ မင်းသမီးက အရှင်ဘုရား ကောင်းလှပါပြီဟု ဝန်ခံပြီးသော် အဆင်တန်ဆာ ဘဏ္ဍာအပေါင်းကို ရွှေငေချ စွန့်လွှတ်၍ ဘုံနှစ်ဆင့်ရှိသော ဆွမ်းစားဇရပ်ကို ဆောက်လုပ်စေ၍ အထက်၌ ပျဉ်ချပ်တို့ကို စီခင်းပြီးသောအခါမှ စ၍ ဆွမ်းစားဇရပ်၏ အောက်ထပ်၌ တံမြက်လှည်းခြင်းစသည်တို့ကို ပြုလုပ်၏။ အမြဲမပြတ် ရဟန်းတော်တို့သည်ထိုင်နေ သီတင်းသုံးတော်မူကုန်၏။ ထိုအခါ ရောဟိနီအား ဆွမ်းစား ဇရပ်ကို မပြတ် မပျက် တံမြက်လှည်းစဉ်ပင်လျှင် ကိုယ်ရေအဆင်း ယားယံပေါက်ကွဲခြင်း ရောဂါ ဆိုးသည် ညှိုးနွမ်း၍ သွားလေ၏။ ဆွမ်းစား ဇရပ်သည် ပြုလုပ်ပြီးစီးသည် ရှိသော် ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ပင့်ဖိတ်ပြီးလျှင် ဆွမ်းစား ဇရပ်ကို ပြည့်စေ၍ ထိုင်နေ သီတင်းသုံးတော်မူသော ဘုရား အမှူးရှိသော ရဟန်းအပေါင်းအား မွန်မြတ်သော ခဲဖွယ်ကို ဆက်ကပ်လှူဒါန်း၏။ မြတ်စွာ ဘုရားရှင်သည် ဆွမ်းစားခြင်းကိစ္စ ပြီးလတ်သော် ဤကောင်းမှု အလှူသည် အဘယ်သူ၏ ကောင်းမှုအလှူပေနည်းဟု မေးတော်မူ၏။ အနုရုဒ္ဓါမထေရ်က

ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်၏ နှမတော် ရောဟိနီ မင်းသမီး၏ ကောင်းမှုအလှူပါတည်းဟု ကြားလျှောက်၏။ ထိုရောဟိနီသည် ကား၊ အဘယ်မှာနည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အိမ်၌ တည်နေပါသည်ဟု လျှောက်ထားသည်ရှိသော် ထိုရောဟိနီကို ခေါ်ကြကုန်လော့ဟု မိန့်တော်မူသောကြောင့် ခေါ်ကြကုန်သော် လည်း ထိုရောဟိနီသည် လာရောက်ခြင်းငှာ အလိုမရှိ။ ထိုအခါ မြတ်စွာဘုရားသည် မလာရောက်လိုသော ထိုရောဟိနီကို လာရောက်ရန် မိန့်ခေါ်တော်မူသည်သာ လျှင်တည်း။ မလာရောက်သဖြင့် အခွင့်မလျော် ချင့်မြော်တွေးထောက်လျက် လာရောက်ရပြီး၍လည်း ရှိခိုး၍ထိုင်နေသော ရောဟိနီကို မြတ်စွာဘုရားရှင်က ရောဟိနီ အသင် အဘယ်ကြောင့် မလာရောက်သနည်းဟု မေးတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မ၏ ကိုယ်၌ အရေပြား အနာရောဂါရှိပါ၏။ ထိုအနာကြီးရောဂါ စွဲကပ်လျက် ရှက်နိုးခြင်း ရှိသော အကြောင်းကြောင့် မလာရောက်ခြင်း ဖြစ်ပါသည်ဟု လျှောက်၏။ ရောဟိနီ အသင်အား ဤကဲ့သို့သော ရောဂါအနာ ဖြစ်ရခြင်းသည် အဘယ်ကို အမှီပြု၍ ဤသို့သောအနာရောဂါဖြစ်ရသည်တု အသင် သိပါ၏လောဟု၍ မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မသိပါဟု လျှောက်ထားသည်ရှိသော် အသင့်အား ကြမ်းကြုတ်ရက်စက် အမျက်ဒေါသကို အမှီပြု၍ ဤသို့သော အနာဖြစ်ရလေသည်ဟု မိန့်တော်မူသောအခါ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မသည် အဘယ်သို့သော အမှုကို ပြုအပ်ပါသနည်းဟု မေးလျှောက်ပြန်သဖြင့် ရောဟိနီ ထိုသို့ဆိုပြီးလျှင် ကြားနာ လေလော့ဟု မိန့်တော်မူပြီး မြတ်စွာဘုရားရှင်သည် ထိုရောဟိနီမင်းသမီးအား အတိတ်ကို ဆောင်တော်မူ၏။

## ရှေးအတိတ်ကံ

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီဘုရင်မင်းမြတ်၏ လက်ယာမိဖုရား ကြီးသည် ဘုရင်မင်းမြတ် မြတ်နိုးအပ်သော ကချေသည် မိန်းမငယ်တစ်ယောက် အား ရန်ငြိုးလို၍ ဤမိန်းမငယ်အား ဆင်းရဲကို ဖြစ် စေအံ့ဟု ကြံပြီးလျှင် ကြီးကျယ် များပြားသော ယားယံခြင်းကို ဖြစ်စေတတ်သော အသီး(ဂွေးငယ် သီး)တို့ကို ဆောင်ယူစေ၍ ထိုကချေသည် မိန်းမငယ်ကို မိမိထံမှောက်သို့ လာရောက်ရန် ခေါ်စေပြီးသော် အကြင်သို့သော အခြင်းအရာဖြင့် ပြုလုပ်သည် ဖြစ်က ထိုမိန်းမငယ်သည် မသိ၊ ထိုသို့သော အခြင်းအရာဖြင့် မိန်းမငယ်၏ အိပ်ရာ၌လည်းကောင်း၊ အပေါ်ရုံပုဆိုးနှင့် ကော်ဇော စသည်တို့၏ အကြား၌ လည်းကောင်း ယားယံစေတတ်သော အမှုန့်တို့ကို ထားစေ၏၊ ပြက်ရယ် အမှုကို ပြုလုပ်သကဲ့သို့ ထိုကချေသည်၏ ကိုယ်ပေါ်၌လည်း ကြဲချလေဖူးပြီ။

ထိုခဏ၌သာလျှင် ထိုကချေသည်မ၏ ကိုယ်သည် ဖူးရောင် အပူလောင်၍ အပိတ်ပိတ်ထလာ၏၊ ထိုကချေသည်မသည် ယားယံသည်ဖြစ်၍ သွားပြီးလျှင် ထိုအိပ်ရာ၌ အိပ်၏၊ ထိုအိပ်ရာပေါ်၌လည်း ယားယံသော အမှုန့်တို့သည် ကိုက်ခဲပြန်သည်ဖြစ်၍ ပိုမိုကြမ်းတမ်းသော ဝေဒနာ ဖြစ်လေသည်။ ထိုအခါ မိဖုရားခေါင်သည် ယခုအခါ ရောဟိနီ ဖြစ်လာ၏။

မြတ်စွာဘုရားရှင်သည် ဤသို့သော အတိတ်ကို ဆောင်တော်မူ၍ ရောဟိနီ အသင်သည် ထိုအခါ၌ ဤသို့သော မကောင်းမှုကို ပြုအပ်၏။ ထိုစကားသည် မှန်၏။ ရောဟိနီ အနည်းငယ်မျှလည်း ဖြစ်သော ကြမ်းကြုတ် ရက်စက် အမျက်ကို လည်းကောင်း၊ ချုပ်ချယ်မကောင်း စောင်းမြောင်း ငြူစူခြင်းကိုလည်းကောင်း ပြုလုပ်ခြင်းငှါ မလျောက်ပတ်သည်သာလျှင်တည်း ဟု မိန့်တော်မူပြီးလျှင် ဤဂါထာကို ဟောကြားတော်မူ၏—

ကောဓံ ဇဟေ ဝိပ္ပဇဟေယျ မာနံ၊ သံယောဇနံ သဗ္ဗမတိက္ကမေယျ။
တံ နာမရူပသ္မိမသဇ္ဇမာနံ၊ အကိဉ္စနံ နာနုပတန္တိ ဒုက္ခာ။

အမျက်ဒေါသကို စွန့်ရာ၏၊ မာနကို ပယ်ရာ၏။ သံယောဇဉ်အားလုံးကို လွန်မြောက်ရာ၏။ နာမ်တရား ရုပ်တရား၌ မငြိကပ်သော ရာဂ အစရှိသော ကြောင့်ကြမှု မရှိသော ထိုပုဂ္ဂိုလ်ကို ဒုက္ခ ဟူသမျှတို့သည် အစဉ်တစိုက် မလိုက်ကြတော့ကုန်။

ထိုဂါထာ၌—ကောဓံ=ဟူသည် အလုံးစုံသော အခြင်းအရာရှိသော အမျက် ထွက်ခြင်းကိုလည်းကောင်း၊ မာန ၉-ပါးကိုလည်းကောင်း စွန့်ရာ၏။

သံယောဇနံ=ဟူသည် ကာမရာဂသံယောဇဉ် အစရှိသော ဆယ်ပါး ပြားသော သံယောဇဉ်အားလုံးကို လွန်မြောက်ရာ၏၊

အသဇ္ဇမာနံ=ဟူသည် မငြိကပ်ဘဲ "ငါ့ရုပ်၊ ငါ့ဝေဒနာ" ဤသို့ စသော နည်းဖြင့် နာမ်ရုပ်ကို သိမ်းဆည်း၏။ ထိုနာမ်ရုပ်ပျက်စီးသည်ရှိသော် စိုးရိမ်ရ၏၊ ပင်ပန်းရ၏၊ ဤကား ရုပ်နာမ်၌ ငြိကပ်သည် မည်၏။ ဤသို့ စွဲယူခြင်း၊ ပင်ပန်းခြင်း မရှိလျှင် မငြိကပ်သည် မည်၏။ ဤသို့ မငြိကပ်သော ပုဂ္ဂိုလ်သည် ရာဂ အစရှိသော ကြောင့်ကြမှုတို့၏ မရှိခြင်းကြောင့် ဒုက္ခတို့သည် မကျရောက် ကုန် ဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိ ဖိုလ် စသည်တို့သို့ ရောက်လေကုန်၏။ ရောဟိနီမင်းသမီးသည်လည်း သောတာ ပတ္တိဖိုလ်၌ တည်လေ၏။ ထိုခဏ၌သာလျှင် ရောဟိနီမင်းသမီး၏ ကိုယ်သည် ရွှေအဆင်းကဲ့သို့ အဆင်းရှိသည် ဖြစ်၏။

## နတ်သားလေးယောက် လုနေ၍ သိကြားမင်းသိမ်းပိုက်ခြင်း

ရောဟိနီမင်းသမီးသည် လူ့ပြည်၌အနေ၌ ကာလအားလျော်စွာ တည်နေ၍ ထိုဘဝမှ စုတေခဲ့သည် ရှိသော် တာဝတိံသာ နတ်ပြည်၌ နတ်သား လေးယောက်တို့၏ ပိုင်နက် အကြား၌ ဖြစ်၍ တင့်တယ်လှပ ထွန်းပ ရောင်ဖိတ် အထွတ်အထိပ်သို့ ရောက်လေ၏။ နတ်သားလေးယောက်တို့သည် လည်း ထိုနတ်သမီးကို မြင်၍ စုံမက်မြတ်နိုးခြင်း ရှိကုန်သည် ဖြစ်သောကြောင့် ငါ၏ပိုင်စား အပိုင်းအခြား၏ အတွင်း၌ ဖြစ်ပေါ်လာသည်ဟု ငြင်းခုံခြင်းကို ပြုကြ၍ သိကြားနတ်မင်း၏ အထံသို့ သွားကြပြီးသော် အရှင်သိကြားမင်း အကျွန်ုပ်တို့အား ဤနတ်သမီးကို အမှီပြု၍ ငြင်းခုံကဲ့ပြား တရားမမှု ဖြစ်ရ ပါသည်။ ထိုတရားကို အရှင်သိကြားမင်းတို့သည် ဆုံးဖြတ်တော် မူပါကုန် လော့ဟု လျှောက်ထားကြကုန်၏။ သိကြားမင်းသည်လည်း ထိုနတ်သမီးကို ကြည့်ရှု၍သာလျှင် နှစ်သက်ချစ်ခင်ခြင်း ဖြစ်သောကြောင့် သိကြားမင်းက အမောင် နတ်သားတို့ အသင်တို့အား ဤနတ်သမီးကို တွေ့မြင်ရသောကာလမှ စ၍ အသင်တို့၏ စိတ်တို့သည် အဘယ်ကဲ့သို့ ဖြစ်ကုန်ဘိသနည်းဟု မေးမြန်း ပြောဆိုတော်မူ၏။ ထိုအခါ နတ်သားတစ်ယောက်က "အရှင်သိကြားမင်း ဤနတ်သမီးကို မြင်ရသော ကာလမှစ၍ အကျွန်ုပ်၏ စိတ်ကို စစ်မြေပြင်၌ တီးအပ်သော စည်ကြီးကို ဆုတ်နစ် တန့်ရပ်စိမ့်သောငှါ မစွမ်းနိုင်ဘိသကဲ့သို့ ထိုအ ဘူသာလျှင် ဆုတ်နစ်တည်တံ့စေသောငှါ မစွမ်းနိုင်ပါ"ဟု လျှောက်ထား၏။ ဒုတိယနတ်သားက "အရှင်သိကြားမင်း တောင်ထိပ်မှ စီးဆင်းသော မြစ်ရေ သည် အလျှင်အမြန် စီးဆင်းခြင်း ဖြစ်ရသကဲ့သို့ အကျွန်ုပ်၏ စိတ်သည် အဟုန် ရှိန်ပြင်း ဖြစ်ပေါ်ခြင်း ဖြစ်ရပါသည်" ဟု လျှောက်၏။ တတိယနတ်သားက "အရှင်သိကြားမင်း ဤနတ်သမီးကို တွေ့မြင်ရသော ကာလမှစ၍ ပုစွန်မျက်စိ တို့သည် ပြူးပြူးထွက်ကုန်သကဲ့သို့ အကျွန်ုပ်၏ မျက်စိတို့သည် ပြူးပြူး ထွက်ကုန်ပါသည်"ဟု လျှောက်ထား၏။ စတုတ္ထနတ်သားက အရှင်သိကြားမင်း စေတီ၌ စိုက်ထူထားသော တံခွန်သည် တည်မြဲခြင်းငှါ မစွမ်းနိုင် အမြဲတစ္စင့်စင့် လွင့်၍သာ နေသကဲ့သို့ အကျွန်ုပ်၏ စိတ်သည် မတုန်မလှုပ် တည်တံ့ခြင်းငှါ မစွမ်းနိုင်ပါ"ဟု လျှောက်ထား၏။

## သိကြားမင်း၏ မိဖုရားဖြစ်ခြင်း

ထိုအခါ နတ်သားတို့ကို သိကြားမင်းက "အမောင်တို့ ဤနတ်သမီးကို တွေ့မြင်သော ကာလမှစ၍ အသင်တို့၏ စိတ်၌ ဤမျှလောက်သာ ဖြစ်ပေါ် လာရခြင်းသည် အသင်တို့၏ စိတ်ကို နှိပ်ကွပ် ဘိုးမရ၍ သည်းခံနိုင်သောသဘော

ရှိကြပေကုန်သည်။ ငါသည်ကား ဤနတ်သမီးကို ရသည်ရှိသော် အသက်ရှည်ရအံ့။ မရခဲ့သည်ရှိသော် ငါ့အား သေလွန်ခြင်း ဖြစ်ရတော့အံ့” ဟု ပြောကြား၏။ နတ်သားလေးယောက်တို့က မြတ်သော်မင်းကြီး အရှင်မင်းကြီးတို့၏ သေလွန်ခြင်းဖြင့် အလိုမရှိပါဟု ပြောဆိုကြကုန်ပြီးလျှင် ထိုရောဟိနီနတ်သမီးကို သိကြားမင်းအား ပေးစွန့်ကုန်၍ ဖွဲ့သွားကြကုန်၏။ ထိုရောဟိနီနတ်သမီးသည် သိကြားမင်း၏ အလွန်ချစ်အပ် နှလုံးကို ပွားစေအပ်သော နတ်မိဖုရားသည် ဖြစ်လေ၏။ ထိုရောဟိနီ နတ်မိဖုရားက ဤအမည်ရှိသော ကစားပျော်မြူးခြင်းကို သွားရောက်ပျော်ပါး ကစားလိုကုန်ပါသည်ဟု ပြောဆိုသည်ရှိသော် သိကြားမင်းသည် ထိုရောဟိနီ၏ စကားကို ပယ်ရှားတားမြစ်ခြင်းငှါ မစွမ်းနိုင်။ အလိုအတိုင်းသာလျှင် လိုက်ပါရလေ၏။

ရောဟိနီမင်းသမီးဝတ္ထု ပြီး၏။

---

## ၂။ ရဟန်းတစ်ပါးဝတ္ထု

ယော စ ဥပ္ပတိတံ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် အဂ္ဂါဠဝမည်သော စေတီ၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားရှင်သည် တပည့်သား ရဟန်းအပေါင်းအား ကျောင်းကို ခွင့်ပြုတော်မူသည်ရှိသော် ရာဇဂြိုဟ်သူဌေးကြီး အစရှိသည်တို့သည် ကျောင်းတို့ကို ဆောက်လုပ် လှူဒါန်းကြကုန်သည်ရှိသော် အာဠဝီပြည်သား တစ်ပါးသောရဟန်းသည်လည်း မိမိနေရာ ကျောင်းကို ကောင်းစွာ ဆောက်လုပ်လိုသောကြောင့် လုံးပတ် ပင်စည် မြင့်ရှည် ချောလျက် နှစ်သက်ဖွယ် ရှိသော တစ်နုသော သစ်ပင်ကို မြင်၍ ဖြတ်ခြင်းငှာ အားထုတ်၏။

### နတ်သမီးက တားဆီးခြင်း

ထိုသစ်ပင်၌ ပိုင်ရှင်ဖြစ်သော ပျိုနုသော အရွယ်ရှိသော တစ်ယောက်သော နတ်သမီးသည် သားငယ်ကို ရင်ခွင်ဖြင့် ပိုက်ပွေ့ချီယူ ရပ်တည်၍နေပြီးလျှင် အရှင် ကျွန်တော်မ၏ဗိမာန်ကို ဖျက်ဆီးဖြတ်တောက်တော် မမူပါလင့်၊ သားငယ်ကိုချီယူပြီးခါ တည်နေရာ ဗိမာန်ကင်းသဖြင့် လှည့်လည်၍ နေခြင်းငှာ မစွမ်းနိုင်ပါဟု အကြိမ်ကြိမ် အဖန်ဖန် တောင်းပန် ပြောဆို၏။ ထိုရဟန်းကလည်း တစ်ပါးသော အရပ်ဌာန၌ လှပဖြောင့်ရှည် ဤသို့သဘောရှိသော သစ်ပင်ကို မရပေလတ္တံ့ဟု ကြံစည်ပြီးသော် ထိုနတ်သမီး၏ စကားကို မနာယူ

မှု၍ ဖြတ်ခြင်းငှာ အားထုတ်သောအခါ နတ်သမီးသည် ဤသူငယ်ကလေးကို တွေ့မြင်က ရဟန်းတော်အရှင်သည် ကြဉ်ရှောင်တော် မူလိမ့်မည်ဟု နှလုံးသွင်း၍ သားငယ်ကို သစ်ပင်၏ အခက်ပေါ်၌ တင်ထား၏။ ထိုရဟန်းသည်လည်း သစ်ပင်ဖြတ်မည်ဟု မြှောက်ချီ ရွယ်မိုးအပ်သော ပုဆိန်ကို အရှိန် တားဆီး တည်တံ့စေခြင်းငှာ မစွမ်းနိုင်သောကြောင့် သူငယ်ကလေး၏ လက်ရုံးကို ဖြတ်မိ လေ၏။

## နတ်သမီး ဒေါသချုပ်တည်းပုံ

နတ်သမီးသည် ကြီးစွာဖြစ်ပေါ်လာသော အမျက်ရှိသည်ဖြစ်၍ ထိုရဟန်းကို ရိုက်ခတ် သတ်တော့အံ့ဟု ကြံစည်ပြီးလျှင် နှစ်ဘက်သော လက်တို့ကို ရိုက်နှက် ရန် မြှောက်ကိုး ရွယ်မိုးမြှောက်ချီးပြီးသော် ဤသို့ကြံစည်မြန်သည်မှာ "ဤရဟန်း သည်လည်း သီလရှိသော ပုဂ္ဂိုလ်ပေတည်း။ ငါသည် ဤရဟန်းကို အကယ်၍ သတ်မိခဲ့သည်ဖြစ်အံ့။ ထိုသို့ သတ်မိသည်ရှိသော် ငါသည် ငြင်းစွာဆင်းရဲ ငရဲသို့ လားကပ်ရသည် ဖြစ်တော့အံ့၊ ကြွင်းကုန်သော နတ်တို့သည်လည်း မိမိသစ်ပင်ကို ဖြတ်ကုန်သောရဟန်းတို့ကို တွေ့မြင်ကုန်သည်ရှိသော် ဤအမည် ရှိသော နတ်သမီးသည် ဤသို့သဘောရှိသည်မည်သော သစ်ပင် ပိုင်းဖြတ် ရဟန်းမြတ်ကို သတ်ဖူးလေသည်ဟု ငါ့ကို ဥပမာပြု၍ ရဟန်းတို့ကို သတ်ကြ ကုန်လတ္တံ့။ ဤရဟန်းသည်လည်း အရှင်သခင် ရှိသော ရဟန်းဖြစ်ပေသည်။ အရှင်ဖြစ်သော မြတ်စွာဘုရားအားသာလျှင် ထိုအကြောင်းအလုံးစုံကို အကုန် ပြန်ကြား လျှောက်ထားတော့အံ့" ဟု ကြံစည်ပြန်၏။ ထိုနတ်သမီးသည် ရိုက်ပုတ်အံ့ဟု ရွယ်မိုးအပ်သော လက်တို့ကို ရုပ်သိမ်း၍ ငိုကြွေးပြီးလျှင် မြတ်စွာဘုရားရှင်၏အထံတော်သို့ လျင်မြန်စွာ သွားရောက် ရှိခိုးပြီး၍ သင့်တင့် လျောက်ပတ် တင်ခုံသော အရပ်၌ ရပ်တည်၍နေ၏။ ထိုအခါ မြတ်စွာဘုရား ရှင်က ထိုနတ်သမီးကို နတ်သမီး အကြောင်း အဘယ်သို့ ပေနည်းဟု မိန့်ဆို တော်မူ၏။ နတ်သမီးက ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ အရှင် ဘုရားတို့၏ တပည့်ဖြစ်သော ရဟန်းတော်သည် တပည့်တော်မအား ဤအမည် ရှိသောအမှုကို ပြုအပ်ပါသည်၊ တပည့်တော်မသည်လည်း ထိုရဟန်းကို သတ် ခြင်းငှာ အသုံရှိသည်ဖြစ်လျက် ဤအမည်ရှိသော အကြံကို ကြံစည်မိသော ကြောင့် မသတ်မူ၍သာလျှင် အရှင်ဘုရား၏ ထံတော်ဖြစ်သော ဤအရပ်၌သန သို့ လာရောက်ရခြင်း ဖြစ်ပါသည်။ ဤသို့အစရှိသော ⁄ ဖြစ်ပေါ်လာသော ထို အခြင်းအရာ အလုံးစုံကို အကျယ်အားဖြင့် လျှောက်ကြားလေ၏။ မြတ်စွာ ဘုရားရှင်သည် နတ်သမီး လျှောက်ထားသော ထိုစကားကို ကြားတော်မူ၍ နတ်သမီး ကောင်းလှပေ၏။ ကောင်းလှပေ၏။ အလွန်လျင်စွာသွားသော ရထားကို လိမ္မာသော ရထားထိန်းသည် ဖိနှိပ်ပြီးခါ အလိုရှိရာ အရပ်၌

တန့်ရပ်သောအား ထားနိုင်ဘိသကဲ့သို့ ဤနည်းအတူ ပြင်းဆုံကြွတက် အမျက်ကောပကို မကြွအောင် နှိပ်ကွပ်ဆုံးမလျက် ဒုက္ခကင်းကွာ ချမ်းသာစွာ သွားလာပေါက်ရောက်နိုင်သောသူ ဖြစ်ပေသည်ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏။

ယော ဝေ ဥပ္ပတိတံ ကောဓံ၊ ရထံ ဘန္တံဝ ဓာရယေ။
တမဟံ သာရထိံ ဗြူမိ၊ ရသ္မိဂ္ဂါဟော ဣတရော ဇနော။

အရှိန်ပြင်းစွာ ပြေးနေသောရထားကို ရုတ်တရက်ချက်ချင်း ရပ်တန့်သွားအောင်ထိန်းနိုင်သကဲ့သို့ အရှိန်ပြင်းစွာ ဖြစ်ပေါ်လာသော အမျက်ဒေါသကို တားဆီးထိန်းချုပ်နိုင်သူကိုသာ ရထားထိန်းဟု ငါဘုရား ဆိုတော်မူ၏၊ကြွင်းသော ရထားမောင်းသူများကား ဇက်ကြိုးကိုင်သူများ ဟူ၍ဆိုသင့်၏။

ထိုဂါထာ၌ ဥပ္ပတိတ–ဟူသည် ဖြစ်ပေါ်လာသော။

ရထံ ဘန္တံဝ–ဟူသည် ကျွမ်းကျင်သော ရထားထိန်းသည် အရှိန် အဟုန်ဖြင့် ပြေးနေသော ရထားကို ထိန်းချုပ်၍ အလိုရှိသလို ရပ်တန့်ထားနိုင်သကဲ့သို့ ပုဂ္ဂိုလ်တစ်ယောက်သည် ဖြစ်ပေါ်လာသော ဒေါသကို တားဆီးထိန်းချုပ်ခြင်းငှာ စွမ်းနိုင်၏။

တမဟံ = ဟူသည် ထိုသူကို ရထားထိန်းဟူ၍ ငါဘုရား ဆိုတော်မူ၏။

ဣတရော ဇနော–ဟူသည် မင်း အိမ်ရှေ့မင်းစသည်တို့၏ ရထားကိုထိန်းသော အခြားသူတို့သည် ဇက်ကြိုးကိုင်သူတို့သာ မည်ကုန်၏ အမြတ်ဆုံး ရထားထိန်းများ မဟုတ်ကြကုန်။

ဒေသနာတော်၏အဆုံး၌ နတ်သမီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော ဓမ္မဒေသနာသည်ဖြစ်၏၊ နတ်သမီးသည် သောတာပန်ဖြစ်သော်လည်း ငိုကြွေးလျက်သာလျှင် ရပ်တည်၏၊ ထိုအခါ နတ်သမီးကို မြတ်စွာဘုရားက နတ်သမီး အကြောင်း အဘယ်သို့နည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဘုရားတပည့်တော်မ၏ နေရာဗိမာန်သည် ပျောက်ပျက်ခဲ့ပြီ၊ ဤယခုအခါ၌ အဘယ်သို့ ပြုရပါအံ့နည်းဟု လျှောက်သည်ရှိသော်နတ်သမီး စိုးရိမ်ကြောင့်ကြခြင်းငှာ မသင့်လျော် မစိုးရိမ် မကြောင့်ကြလင့်၊ ငါဘုရားသည် အသင့်အားဗိမာန်ကိုပေးအံ့ဟု မိန့်တော်မူ ပြီးလျှင်ဇေတဝန်ကျောင်းတော် ဂန္ဓကုဋီ၏အနီး၌ ရှေးဖြစ်သောနေ့ဝယ် ပိုင်ရှင်

နတ်သား စုတေ့ပြောင်းကြွေ သေလွန်၍ သွားသော တစ်ခုသောသစ်ပင်ကို ညွှန်တော်မူလျက် ဤအမည်ရှိသော အရပ်၌ သစ်ပင်သည်ကား ပိုင်ရှင်ရုက္ခစိုးမှ ကင်း၏၊ ထိုသစ်ပင်သို့ ချဉ်းကပ်နေထိုင်ဘိလေ့ဘု မိန့်တော်မူ၏။ ထိုနတ်သမီးသည် မြတ်စွာဘုရား ပေးသနားတော်မူအပ်သော ထိုသစ်ပင်၌ နေထိုင်ရလေ၏။ ထိုအခါမှစ၍ ဤနတ်သမီး၏ ဗိမာန်သည်ကား မြတ်စွာဘုရား ပေးသနား အပ်သော ဗိမာန်တည်းဟု တန်ခိုးကြီးကုန်သော နတ်တို့ပင်လည်း သက်ဝင်လာရောက်၍ ထိုဗိမာန်ကို ချောက်ချား တုန်လှုပ်ခြင်ငှါ မစွမ်းနိုင်ကုန်၊ မြတ်စွာဘုရားရှင်သည် ထိုသို့သောအကြောင်းကို အတ္ထုပ္ပတ္တိပြု၍ ရဟန်းတို့အား ဘူတဂါမ သိက္ခာပုဒ်ကို ပညတ်တော်မူ၏။

ရဟန်းတစ်ပါးဝတ္ထု ပြီး၏။

---

## ၃။ ဥတ္တရာဥပါသိကာမဝတ္ထု

အက္ကောဓေန ဇိနေ ကောဓံ–အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥတ္တရာ၏ အိမ်၌ ဆွမ်းကိစ္စပြီး၍ ဥတ္တရာဥပါသိကာမကို အကြောင်းပြု၍ ဟောတော်မူ၏။

### ဤကား အစဉ်အတိုင်းသော စကားတည်း

ရာဇဂြိုဟ်ပြည်၌ သုမနအမည်ရှိသော သူဌေးကြီးကို အမှီပြု၍ ပုဏ္ဏအမည်ရှိသော သူဆင်းရဲယောကျ်ားသည် အခစားအမှုကို ပြုလုပ်၍ အသက်မွေး၏။ ထိုပုဏ္ဏားမည်သောယောကျ်ား၏ ဥတ္တရာမည်သော မယားခင်ပွန်းမနှင့် ဥတ္တရာမည်သောသမီးအားဖြင့် မယား-သမီး နှစ်ယောက်တည်းသာလျှင် အိမ်၌နေသူ လူရှိသည် ဖြစ်ကြကုန်၏၊ ထိုအခါ တစ်နေ့သ၌ ခုနစ်ရက်ပတ်လုံး နက္ခတ်သဘင်ကို ကစားအပ်ပေ၏ဟု ရာဇဂြိုဟ်မြို့တွင်း၌ ကြွေးကြော်ခြင်းကို ပြုကြကုန်၏။ ထိုသို့ ကြွေးကြော်သော စကားကို ကြားသိရ၍ သုမနသူဌေးကြီးသည် နံနက်စောစော ကသာလျှင် လာရောက်သော ပုဏ္ဏမည်သောယောကျ်ားကို ခေါ်၍ အမောင် ငါတို့၏အိမ်၌နေသော အလုပ်အကျွေးလူပေါင်းသည် နက္ခတ်သဘင်ကို ပျော်ပါး ကစားခြင်းငှါ အလိုရှိ၏၊ အသင်သည် နက္ခတ်သဘင်ကို ပျော်ရွှင်ကစားလတ္တံ့ လော၊ သို့မဟုတ်ငြား အခစားအမှုကို ပြုလတ္တံ့လောဟု မေးမြန်းပြောဆို၏။ အရှင် နက္ခတ်သဘင် ပျော်ရွှင်ကစားခြင်းမည်သည် ဥစ္စာရှိသောသူတို့၏ အရာသာလျှင်ဖြစ်ပေ၏။ အကျွန်ုပ်၏အိမ်၌ကား နက်ဖြန်အလို့ငှါ ယာဂုကျိုရန် ဆန်မျှပင် သော်လည်း မရှိ၊ ထိုသို့လောက်အား နွမ်းပါးသော အကျွန်ုပ်အား နက္ခတ်

သဘင်ဖြင့် အဘယ်မှာလျှင် အကျိုးရှိပါအံ့နည်း၊ နွားတို့ကို ရပါသည်ရှိသော် လယ်ထွန်ရန် အလို့ငှါ သွားပါအံ့ဟု ပြောသဖြင့် အမောင် ထိုသို့ဖြစ်လျှင် နွားတို့ကို ယူလေလော့ဟုဆို၏။ ပုဏ္ဏမည်တွင် လုလင်ယောကျ်ားသည် အားရှိသော နွားတို့ကိုလည်းကောင်း။ ထွန်ကိုလည်းကောင်း ယူငင်၍ ချစ်နှမ မြို့သူမြို့သား ယောကျ်ားမိန်းမဟူသမျှတို့သည် နက္ခတ်သဘင် ပျော်ရွှင်ကစားကြကုန်၏။ ငါသည်မူကား ပင်ပန်းလှန်ကဲ ဆင်းရဲသည်အဖြစ်ကြောင့် အစေးအလုပ်ကို ပြုလုပ်ရန်အလို့ငှါ သွားပါအံ့၊ ငါ့အားလည်း ယနေ့အဖို့ ခါတိုင်းပို့သော ရိက္ခာထက် နှစ်ဆတက်အောင် ချက်ပြုတ်၍ ထမင်းကို ဆောင်ယူခဲ့ပါလော့ဟု မိမိ၏ မယားကို မှာထားပြောဆို၍ လယ်တောသို့ ထွက်သွား၏။

## ပုဏ္ဏသူရင်းငှါး သူဌေးဖြစ်ခြင်း

အရှင်သာရိပုတ္တရာမထေရ်သည်လည်း ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ်ကို ဝင်စားလျက် ထိုနေ့၌ နိရောဓသမာပတ်မှထတော်မူ၍ ယခုအခါ ငါသည် အဘယ် သူအား သင်္ဂြိုဟ်ပံ့ထောက်ချီးမြှောက်ခြင်းငှါ အပ်သနည်းဟု ကြည့်ရှုတော်မူသည် ရှိသော် မိမိဉာဏ်တော်တည်းဟူသော ကွက်ရက်အတွင်းသို့ သက်ဆင်းဝင်ကျ ပုဏ္ဏအမည်ရှိသော ယောကျ်ား၊ လယ်ထွန်သမားကို မြင်တော်မူ၍ ဤယောကျ်ား သည် ကြည်ညိုသဒ္ဓါရှိသူ ဟုတ်ပါ၏လော။ ငါသည် သွားရောက် ချီးမြှောက် သမှု ပြုခြင်းငှါ စွမ်းနိုင်လတ္တံ့ လောဟု ကြည့်တော်မူပြန်သည်ရှိသော် ထိုပုဏ္ဏ ယောကျ်ား၏ သဒ္ဓါတရားရှိသော အဖြစ်ကိုလည်းကောင်း၊ သင်္ဂြိုဟ်ပံ့ထောက် ချီးမြှောက်သမှု ပြုခြင်းငှါ စွမ်းနိုင်သောအဖြစ်ကို လည်းကောင်း၊ ထိုသို့အသင့် ချီးမြှင့်ခြင်းတည်းဟူသော အကြောင်းကြောင့်သာလျှင် ထိုပုဏ္ဏယောကျ်ား အား ကြီးစွာသောစည်းစိမ်ချမ်းသာ ရရှိဖို့ရာကိုလည်းကောင်း သိမြင်တော်မူ၍ သပိတ်သင်္ကန်းကို ယူတော်မူပြီးလျှင် ထိုပုဏ္ဏယောကျ်ား လယ်ထွန်ရာအရပ်သို့ ကြွသွားတော်မူ၍ ရေတွင်းနားခမ်း၌ တစ်ခုသောချုံကိုကြည့်ရှုလျက် ရပ်တည် တော်မူ၏။ ပုဏ္ဏယောကျ်ားသည် သာရိပုတ္တရာမထေရ်အရှင်ကို မြင်၍သာလျှင် လယ်ထွန်ကိစ္စကို ပယ်ချထားန့်ထား၍ ငါးပါးသောကည်ရာရှိသော ထိုခြင်းဖြင့် မထေရ်ကို ရှိခိုးပြီးသော် တံပူဖြင့် အလိုရှိသည် ဖြစ်ပေလိမ့်မည်ဟု အောက်မေ့ ကြံစည်ပြီးသော် တံပူသုံးရန် လျောက်ပတ်သော သစ်သားကို ပိုင်းခြား ပယ်ဖြတ် အပ်သည်ကိုပြု၍ ပေးလှူ၏။ ထိုနောက် ပုဏ္ဏယောကျ်ားအား မထေရ်သည် သပိတ်ကိုလည်းကောင်း၊ ရေစစ်ကိုလည်းကောင်း ထုတ်ဆောင်၍ပေးတော်မူ၏။ ထိုပုဏ္ဏယောကျ်ားသည် သောက်ရေသုံးရေဖြင့် အလိုရှိတော်မူသည်ဖြစ်ပေ လိမ့်မည်ဟု ကြံစည်အောက်မေ့၍ ထိုသပိတ်နှင့် ရေစစ်ကို ယူပြီးသောအခါ သောက်ရေ သုံးရေကို သေချာသန့်သစ် စစ်၍ပေးလှူ၏။ မထေရ်က ကြံဆင်ခြင်

တော်မူသည်ကား "ဤသူသည် သုတင်ပါးတို့၏ အိမ်နောက်ဖေးအိမ်ငယ်၌ နေရရှာ၏။ ဤယောကျ်ား၏ အိမ်တံခါးသို့ အကယ်၍ ကြွသွားသည် ဖြစ်အံ့။ ထိုသို့ ထင်ရှားငါကြွသွားသော်လည်း ဤယောကျ်ား၏ မယားခင်ပွန်းမသည် ငါ့ကို တွေ့မြင်ခြင်းငှါ မရလတ္တံ့။ အကြင်မျှလောက် ငံ့ထောက်ရှည်လျှားက ဤယောကျ်ား၏ စားရာထမင်းကို ချက်ပြုတ် ယူဆောင်၍ လမ်းခရီးသို့ ထွက်လာ၏၊ ထိုမျှလောက်တာ ကာလကြာအောင် ဤနေရာဌာန၌သာလျှင် နေခြင်းငှါ ဖြစ်ပေအံ့"ဟု ကြံစည်တော်မူ၍ ထိုအရပ်၌ပင်လျှင် မထေရ်မြတ်သည် အချိန်အနည်းငယ် လွန်စေ၍ ပုဏ္ဏယောကျ်ား၏ မယားခင်ပွန်းမ ဥတ္တရာသည် နေရာအိမ်မှ ထွက်ပြီး၍ လမ်းခရီးသို့ တက်ရောက်သောအဖြစ်ကို သိတော်မူ၍ မြို့တွင်းသို့ ရှေးရှုကြွတော်မူ၏။

## မယ်ဥတ္တရာ၏ အလှူဒါန

ထိုဥတ္တရာဒါယိကာမသည် လမ်းခရီးအကြား၌ မထေရ်ကို တွေ့မြင်၍ ကြံဆင်ခြင်သည်မှာ "တစ်ရံတစ်ခါ ငါသည်တမူ လှူဖွယ်ဝတ္ထု တစ်ခုခုရသည် ရှိသော် ကိုယ်တော်သခင် ဤအရှင်ကို မတွေ့မြင်ရပေ။ တစ်ရံတစ်ခါ ငါသာ ထင်သင ဤအရှင်ကို တွေ့မြင်ရပြန်လျှင်လည်း ပစ္စည်းအနည်းငယ် လှူဖွယ်ဝတ္ထု တစ်ခုခုမျှ ရှိသည်မဟုတ်ပေ၊ ယနေ့မူကား အရှင်ဘုရားကိုလည်း ငါသည်ထင်ဆင် ဖူးမြင်ရပေသည်၊ လှူဖွယ်ဝတ္ထု ဤပစ္စည်းအစုသည်လည်း ယခုငါ့အား ထင်ရှား ရှိပေ၏၊ မထေရ်သခင် အရှင်ဘုရားသည် ငါ့အား ယခု ချီးမြှောက်ခြင်းငှါ ပြုလတ္တံ့လော"ဟု တွေးတော ဆင်ခြင်ပြီးလျှင် ထိုဥတ္တရာသည် ထမင်းခွက်ကို ဦးခေါင်းထက်မှ ချ၍ ငါးဝသော တည်ရာရှိသော ထိခြင်းဖြင့် မထေရ်မြတ်ကို ရှိခိုးဦးချပြီးသော်"အရှင်ဘုရား တပည့်တော်မ ချက်ပြုတ်ယူဆောင်လာရသော ဤဆွမ်းကို ကြမ်းတမ်း၏ဟူ၍လည်းကောင်း မွန်မြတ်၏ဟူ၍လည်းကောင်း ဤသို့ ကြံစည်တော်မမူပါမူ၍ အရှင်ဘုရားတို့၏ ကျေးကျွန်အား ချီးမြှောက်ခြင်းအမှုကို ပြုတော်မူပါကုန်ဟု ဤသို့လျှောက်ကြား၏။ အရှင်သာရိပုတ္တရာမထေရ်သည် သပိတ်ကို ညွှတ်စေသည်ရှိသော် ဥတ္တရာသည် တစ်ခုသောလက်ဖြင့် ထမင်းခွက်ကို ကိုင်လျက် လက်တစ်ဖက်ဖြင့် ထိုခွက်မှ ထမင်းကို ပေးလှူသဖြင့် ထက်ဝက်မျှ လောက်သော ထမင်းကို လောင်းလှူမိသည်ရှိသော် မထေရ်က သင့်လျော် လောက်ပြီဟု ကြံ၍ လက်ဖြင့် သပိတ်ကို ပိတ်တော်မူ၏၊ ဥတ္တရာဒါယိကာမသည် အရှင်ဘုရား ဤထမင်းကား တစ်ယောက်သာ စားလောက်သောအဖို့ ရှိပါသည် နှစ်ဖို့နှစ်ဖြာ ခွဲဝေမှုပြုခြင်းငှါ မတတ်ကောင်းပါ၊ အရှင်ဘုရားတို့၏ ကျေးကျွန်အား

ပစ္စုပ္ပန်ဘဝ ဤလောက၌ ချီးမြှောက်ခြင်းအမှုကို မပြုမူ၍ တမလွန်လောက နောက်ဘဝအတွက် ချီးမြှောက်တော် မူပါကုန်လော့။ မကြွင်းမကျန်သာလျှင် ပေးလှူခြင်းငှါ အလိုရှိပါသည်ဟု လျှောက်ကြား၍ အလုံးစုံသော ထမင်းကို သာလျှင် မထေရ်၏ သပိတ်၌ ထည့်လောင်း တည်စေ၍ အရှင်ဘုရားတို့သည် သိမြင်အပ်သော တရား၏သာလျှင်အဖို့ရှိသည် ဖြစ်ရပါလို၏ဟု ဆုတောင်းပတ္ထနာ ပြု၏၊ မထေရ်က ဤသို့ အသင်ဆုတောင်းပတ္ထနာ ပြုသည့်အတိုင်း ဖြစ်စေ သတည်းဟု မိန့်တော်မူ၍ ရပ်တော်မူလျက်သာလျှင် အနုမောဒနာ ကောင်းစွာ ပြုပြီးသော် သုံးရေသောက်ရေ အနေသင့်စွာ ချမ်းသာသတ်မှတ် တစ်ခုသော အချပ်၌ ချဉ်းကပ်နေထိုင်၍ ဆွမ်းဘုဉ်းပေးခြင်း အမှုကို ပြုတော်မူ၏။

## မယ်ဥတ္တရာ၏ လိမ္မာပုံ

ထို ဥတ္တရာသည်လည်း နေအိမ်သို့ တစ်ဖန် ပြန်လည်၍ ဆန်တို့ကို ရှာမှီး ပြီးလျှင် ထမင်းကို ချက်ပြန်၏၊ ပုဏ္ဏယောကျ်ားသည်လည်း ရှစ်မင်းပယ်မျှ ပမာဏရှိသော လယ်အရပ်ကို သတ်မှတ်လှည့်ထွန်၍ အလွန် မွတ်သိပ် ဆာလောင်သည်ကို သည်းခံခြင်းငှါ မစွမ်းနိုင်သောကြောင့် နွားတို့ကို ဖြေလွှတ်၍ တစ်ခုသော သစ်ပင်ရိပ်သို့ ဝင်ပြီးသော် လမ်းခရီးကို ကြည့်မျှော်လျက် ထိုင်နေ၏။ ထိုအခါ ဥတ္တရာသည် ထမင်းကို ယူ၍ သွားသည်ရှိသော် ကြည့်မျှော် ငံ့စားထိုယောကျ်ားကို မြင်လျှင် ငါ၏အရှင် ထိုယောကျ်ားသည် ဆာလောင် မွတ်သိပ်ခြင်းဖြင့် နှိပ်စက်သည် ဖြစ်၍ ခရီးလာလမ်းကို မျှော်တမ်းကြည့်ရှု ထိုင်နေ၏။ ကာလမြင့်စွာ အလွန်လျှင် ကြာရသလောဟု ငါ့ကို ခြိမ်းခြောက်၍ နွားမောင်းသော ကြိမ်တံဖျားဖြင့် အကယ်၍ ရိုက်ခတ်ခဲ့သည် ဖြစ်အံ့။ ထိုသို့ ရိုက်ခတ် ပြစ်မှားအပ်သည်ရှိသော် ငါပြုအပ်သောကောင်းမှုကံသည် အားအန် လျော့ညှိုး အကျိုးမရှိသည် ဖြစ်ပေလတ္တံ့။ ရှေးဦးမဆွ စောစောကသာလျှင် တင်ကြို၍ ထိုအရှင် လင်ယောကျ်ားအား ပြောကြားပေအံ့ဟု ကြံစည်၍ အိုအရှင် ယနေ့အတွက် ဤရက် ဤအခါ၌ စိတ်ကို ကြည်ညိုပါစေလော့။ ကျွန်တော်မသည် ပြုလုပ်လှူဒါန်းသော ကောင်းမှုကံကို ရည်သန်ထားဘိ အကျိုးမရှိသည်ကို မပြုလုပ်ပါလင့်။ ကျွန်တော်မသည် နံနက်စောစောကသာလျှင် အရှင်စားဖို့ရန်ဖြစ်သော ထမင်းကို ဆောင်ကြဉ်းယူလာသည်ရှိသော် လမ်းခရီး အကြား၌ တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာကို တွေ့မြင်၍ ယူဆောင်လာသော ထိုထမင်းကို မထေရ်အရှင်မြတ်အား ဆက်ကပ် ပေးလှူ ပြီးလျှင် အိမ်သို့ တစ်ဖန် ပြန်သွားပြီးသော် ထမင်းကို ချက်၍ လာခဲ့ရပါသည်။ စိတ်ကို ကြည်လင်ပါစေလော့ဟု ပြောဆို၏။ ထိုပုဏ္ဏယောကျ်ားက ချစ်နှမ အဘယ်ကို ပြောဆိုသနည်းဟု မေးပြန်၍ တစ်ဖန်ရှုံးပေါင်း ထိုအကြောင်း အလုံးစုံကို အကုန်ပြောငြား ကြားသိရသည်ရှိသော် ချစ်နှမ ငါ၏အဖို့ဖြစ်သော

ထမင်းကို အရှင်မြတ်အား ဆက်ကပ် လှူဒါန်းခြင်းဖြင့် အသင်သည် ကောင်းသော အမှုကို ပြုအပ်လေစွ့ဘကား၊ ငါသည်လည်း ယနေ့ နံနက် စောစောကသာလျှင် မြထေရ်မြတ်အား တံပူကိုလည်းကောင်း၊ မျက်နှာသစ် ရေကိုလည်းကောင်း ပေးလှူအပ်ပြီဟု ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ ထိုမယားမ ပြောကြားသော စကားကို အလွန် နှစ်သက်လေ၏။ အချိန်ကြာလင့် နေမြင့်သောအခါ၌ အစာအာဟာရ စားအပ်သော ထမင်းကို ရခြင်းကြောင့် ပင်ပန်းသော ကိုယ်ရှိရကား ထိုမယား၏ ကိုယ်အင်္ဂါအထက်၌ ဦးခေါင်း ထားသည်ကို ပြု၍ အိပ်ပျော်ခြင်းသို့ သက်လေ၏။ ထိုအခါ ပုဏ္ဏားယောကျ်ား၏ နံနက်စောစောကသာလျှင် လယ်ထွန်ရာ အရပ်၌သာနသည် မြေမှုန့်ငယ်မျှကို အစပြု၍ အလုံးစုံ နီသော အရောင်အဆင်းရှိသော ရွှေအတိဖြစ်၍ မဟာ လှေကားပွင့် အစုကဲ့သို့ ကြည့်ရှုစဖွယ် တင့်တယ်လျက် တည်၏။

ထိုပုဏ္ဏသည် အိပ်ရာမှ နိုး၍ ကြည့်ရှုပြီးသော် မိမိမယား ခင်ပွန်းမကို အိုချစ်နှမ တစ်ခုသော ထွန်အပ်သောအရပ် အလုံးစုံသည် ငါ့အား ရွှေဖြစ်၍ ထင်၏။ အသို့နည်း၊ အလွန် နေမြင့်သောအခါ၌ စားသုံးရန်သတ်မှတ် ရအပ် သော ထမင်းရှိသည် အဖြစ်ကြောင့် ငါ၏ မျက်စိတို့သည် လည်လေကုန် သလောဟု ပြောကြား၏။ မယားခင်ပွန်းမကလည်း အရှင် ကျွန်တော်မ အားလည်း ဤအတူသာလျှင် ထင်မြင်ပါသည်ဟု ပြောဆိုသောအခါ ထိုပုဏ္ဏ သည် နေရာမှ ထ၍ လယ်ထွန်ရာ အရပ်သို့ ချဉ်းကပ် သွားရောက်ပြီးလျှင် တစ်ခုသော မြေစိုင်ခဲကို ယူ၍ ထွန်တုံးထိပ်၌ ရိုက်ခတ်၍ ရွှေ၏အဖြစ်ကို သိ၍ ဩော်–အံ့ဖွယ်ရှိစွ့တကား တရားစစ်သူကြီး ဖြစ်တော်မူသော သာရိပုတ္တရာ အရှင်အား လှူဒါန်းအပ်သော ဒါနသည် ယနေ့ပင်လျှင် အကျိုးကို ပြပေ၏။ များပြားပွားစည် ဤမျှ အတိုင်းအရှည်ရှိသော ဥစ္စာကို ကွယ်ကာလွှမ်းဖုံး သုံးဆောင်ခြင်းငှါ မတတ်ကောင်းပေဟု ကြံစည်၍ မယားခင်ပွန်းမ ယူဆောင် လာသော အိုးခွက်ကို ရွှေဖြင့် ပြည့်စေ၍ မင်းအိမ်နန်းတော်သို့ ရည်ရော် သွားရောက် မျက်မှောက်ဝင်ခွင့် အသင့်လျှောက်ပြီး မင်းကြီး ခွင့်ပြုတော် မူသည်ဖြစ်၍ မင်းကြီးမျက်မှောက် ဝင်ရောက်ပြီးသော် ပြည့်ရှင်မင်းမြတ်ကို ရှိခိုးပြီး၍ အမောင် အကြောင်းအဘယ်သို့နည်းဟု မင်းကြီးက ဆိုသည်ရှိသော် အရှင်မင်းမြတ် ယနေ့ အကျွန်ုပ် လယ်ထွန်ရာအရပ် အလုံးစုံသည် အကုန် ရွှေဖြင့် ပြည့်သည်သာလျှင် ဖြစ်၍ တည်ပါ၏။ ဤရွှေအလုံးစုံကို အကုန် ဆောင်ယူစေခြင်းငှါ သင့်လျော်လျှောက်ပတ် အပ်ပါသည်ဟု လျှောက်တင်၏။ အမောင် အသင်သည် အဘယ်အမည် ရှိသနည်းဟု မေးတော်မူပြန်သည် ရှိသော် အရှင်မင်းမြတ် အကျွန်ုပ်သည် ပုဏ္ဏအမည်ရှိသည် ဖြစ်ပါ၏ဟု လျှောက်တင်၏။

ယနေ့အဖို့၌အသင်သည်အဘယ်သို့သောအမှုကို ပြုအပ်သနည်းဟု မေးတော်မူပြန်သည်ရှိသော် အရှင်မင်းမြတ် အကျွန်ုပ်သည် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာအားနံ့နက်စောစောကသာလျှင်တံပူကိုလည်းကောင်း မျက်နှာသစ်ရေကိုလည်းကောင်း ပေးလှူပါ၏။ မယား ခင်ပွန်းမသည်လည်း အကျွန်ုပ်၏ အလိုငှါ ဆောင်ယူလာသော ထမင်းကို ထိုအရှင်သာရိပုတ္တရာအား သာ၍ ပေးလှူပါသည်ဟု လျှောက်တင်၏။ ထိုသို့ ပြန်ကြား လျှောက်ထားသော စကားကို ကြားသိတော်မူသည်ရှိသော် ပြည့်ရှင်မင်းမြတ်က ယနေ့ပင်လျှင် တရားစစ်သူကြီး ဖြစ်တော်မူသော အရှင်သာရိပုတ္တရာအား လှူဒါန်းအပ်သော ဒါနသည် အကျိုးကို ပြပေသတတ်ဟု မိန့်ဆိုတော်မူပြီးသော် အမောင် အဘယ် အမှုကို ပြုရမည်နည်းဟု မေးတော်မူ၏။ အရှင်မင်းမြတ် များစွာကုန်သော တစ်ထောင်မျှလောက်ကုန်သော လှည်းတို့ကို စေလွှတ်ပြီးလျှင် ရွှေအပေါင်းကို ဆောင်ယူပါစေကုန်လော့ဟု လျှောက်တင်သည်ရှိသော် မင်းကြီးသည် လှည်းတို့ကို စေလွှတ်တော်မူ၏။ မင်းချင်း ယောကျ်ားတို့သည် ပြည့်ရှင်မင်းမြတ်၏ ပစ္စည်းဥစ္စာတို့ပေတည်းဟု ပြောဆို ကိုင်ယူကုန်သည်ရှိသော် ကိုင်ယူမိတိုင်း, ကိုင်ယူမိတိုင်းသော အရပ်ဌာနသည် ပကတိ မြေစိုင်ခဲသည်သာလျှင် ဖြစ်လေ၏။ မင်းချင်း ယောကျ်ားတို့သည် ပြန်သွား ရှုံးပေါင်း အကြောင်းမျိုး အလုံးစုံကို အကုန်မြွက်ပြီး မင်းကြီးအား ကြားလျှောက်သည်ရှိသော် အသင်တို့သည် အဘယ်သို့ ပြောဆို၍ ယူသနည်းဟု မေးတော်မူသောအခါ အရှင်မင်းကြီးတို့၏ ပစ္စည်း ဥစ္စာတည်းဟု ပြောဆို၍ ယူကြပါကုန်သည်ဟု လျှောက်တင်ကြကုန်၏။ အမောင်တို့ ဤသို့ ပြောဆို ယူငင်သဖြင့် အဘယ်မှာလျှင် ရပါအံ့နည်း သွားကြကုန်လော့။ ပုဏ္ဏ၏ ပစ္စည်းဥစ္စာတည်းဟု ပြောဆို၍ ယူကြကုန်လော့ဟု မိန့်ဆိုတော် မူသည်ရှိသော် ထိုမင်းချင်းယောကျ်ားတို့သည် မင်းကြီး မိန့်တော်မူသည်အတိုင်း ပြုလုပ်ကြကုန်၏။ ယူတိုင်း ယူတိုင်းသော အရပ်ဌာနသည် ရွှေစင်အတိသာလျှင် ဖြစ်၏။ အလုံးစုံသော ရွှေကိုလည်း မင်းရင်ပြင် မြေခုံ၌ အစုအပုံကို ပြုကြကုန်၏။ အတောင် ရှစ်ဆယ်မျှလောက် မြင့်မောက် ရွှေပုံ အစုသည် ဖြစ်၏။

## သူရင်းငှား ပုဏ္ဏကို သူဌေးမြှောက်ခြင်း

မင်းသည် ပြည်သား ပြည်သူတို့ကို ညီမှု စည်းဝေးစေ၍ ဤမြို့တော်၌ တစ်စုံတစ်ယောက်သောသူအား ဤမျှ အတိုင်းအရှည်ရှိသော ရွှေအစုအပုံသည် ရှိသလောဟု မေးတော်မူ၏။ အရှင်မင်းမြတ် မရှိပါဟူ၍ လျှောက်တင်ကုန်သည် ရှိသော် ထိုပုဏ္ဏမည်သောယောကျ်ားအား အဘယ်မည်သောအရာကို ကောင်းစွာ

ပံ့ထောက် ချီးမြှောက် ပေးကမ်းခြင်းငှါ အပ်သနည်းဟု ပြည့်ရှင်မင်းကြီးက မေးတော်မူပြန်သဖြင့် အချင်မင်းမြတ် သူဌေးတို့၏ အဆောင်အရွက် ဖြစ်သော ထီးကို ချီးမြှောက် ပေးကမ်းခြင်းငှါ အပ်ပါသည်ဟု တင်လျှောက်ကြကုန်၏။ ပြည့်ရှင်မင်းမြတ်သည် "ဗဟုဓနသူဌေး" မည်သည် ဖြစ်လေလော့ဟု မိန့်တော်မူပြီးလျှင် များစွာသော စည်းစိမ် ချမ်းသာနှင့် တကွ ထိုပုဏ္ဏအား သူဌေးကြီးတို့၏ အဆောင်အယောင်ဖြစ်သော ထီးကို ချီးမြှောက် ပေးသနားတော်မူ၏။ ထိုနောက် ပြည့်ရှင်မင်းမြတ်ကို ပုဏ္ဏအမည်ရှိသော ယောကျ်ားက အရှင်မင်းမြတ် အကျွန်ုပ်တို့သည် ဤမျှလောက်သော ကာလပတ်သုံး သူတစ်ပါးအမျိုး၌ ခိုကိုးကပ်ရပ်၍ နေရပါကုန်၏။ အကျွန်ုပ်တို့အား ပိုင်းခြားသတ်မှတ် အိမ်နေရာ အရပ်ကို ပေးသနားတော်မူပါကုန်လော့ဟု ကြားလျှောက်၏။ ထိုသို့ တပြီးကား အသင်ယောကျ်ား သွား၍ ကြည့်ရှုလေလော့။ မြက်နွယ်ရစ်ရုံ ထိုတောချုံ ရှိသော အရပ်သည် ထင်၏။ ထိုတောချုံ သစ်ပင်ကို သုတ်သင် ပယ်ရှား၍ မိမိအား လျောက်ပတ်သော ကောင်းမြတ်သော အိမ်ကို ဆောက်လုပ်လေလော့ဟု မိန့်တော်မူပြီးလျှင် ရှေး၌ ဖြစ်သော သူဌေး၏ အိမ်နေရာအရပ်ကို သတ်မှတ် ညွှန်ကြားတော် မူလိုက်၏။ ထိုပုဏ္ဏသည် မင်းကြီး ညွှန်ပြအပ်သော ထိုအရပ် နေရာ၌ နှစ်ရက် သုံးရက်မျှဖြင့် သာလျှင် အိမ်နေရာကို သုတ်သင်စေသည်ရှိသော် တစ်လုံးသော ရွှေအိုးဖြင့် တစ်လုံးသော ရွှေအိုးကို ထိခိုက်တည်ရှိသည်ကို တွေ့မြင်ရလေ၏။ ရွှေအိုး အပေါင်းကို ကောင်းစွာ ထုတ်ဆောင်ပြီးလျှင် ပြည့်ရှင်မင်းကြီးကို အရှင်မင်းမြတ် ဤအရပ် မြေ၏ အတွင်း၌ သက်ဆင်း တည်နေသော ရွှေအိုးအပေါင်းကို ယူတော်မူပါလော့ဟု ကြားလျှောက် သိရှိစေ၏။ အချင်းပုဏ္ဏ အသင်၏ ကောင်းမှုကြောင့် ရအပ်သည်ကို အသင်သာလျှင် ယူလေလော့ဟု မိန့်တော်မူသဖြင့် အိမ်ရာ သုတ်သင်ရာ၌ များစွာသော ဥစ္စာကိုရ၍ နေရာအိမ်ကို ပြုလုပ်စေပြီးသော် အိမ်တက်မင်္ဂလာကိုလည်းကောင်း၊ ထီးဆောင်း မင်္ဂလာကိုလည်းကောင်း တစ်ပြိုင်နက်သာလျှင် ပြုလုပ်လျက် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာအား အလှူကြီးကို ပေးလှူ၏။ ထိုအခါ မြတ်စွာဘုရားရှင်သည် ပုဏ္ဏသူဌေးအား အလှူကောင်းမှု အနုမောဒနာကို ပြုတော်မူလျက် အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏။ တရားအပြီးအဆုံး၌ ပုဏ္ဏသူဌေးလည်းကောင်း၊ ထိုသူဌေး၏ မယား ခင်ပွန်းမ လည်းကောင်း၊ ဥတ္တရာ အမည်ရှိသော သမီး လည်းကောင်း ဤသုံးယောက်သော သူတို့သည် သောတာပန် ဖြစ်ကြလေကုန်၏။

## မိစ္ဆာဒိဋ္ဌိ လင့်အိမ်သို့ လိုက်ပါရခြင်း

နောက်အဖို့အခါ၌ ရာဇဂြိုဟ် သူဌေးကြီးသည် မိမိသားအား ပုဏ္ဏသူဌေး၏ သမီးကို ပေးယူဆောင်နှင်းခြင်းငှါ အလိုရှိသည်ဖြစ်၏။ ထိုကြောင့် ပုဏ္ဏသူဌေး

အား ပြောကြား ဖိတ်မန်၏။ ပုဏ္ဏသူဌေးက ငါသည် မပေးနိုင်ပါဟု ပြော၍ဆို သည်ရှိသော် ဤသို့ မပြုလုပ်ပါလင့်။ ဤမျှအတိုင်းအရှည်ရှိသော ကာလပတ်လုံး ငါတို့ကို မှီ၍ နေသဖြင့်သာလျှင် အသင့်အား စည်းစိမ် ချမ်းသာကို ရပါသည်။ ငါ၏သားအား အသင်၏ သမီးကို ပေးပါလော့ဟု တစ်ဖန်ပြောဆို ပြန်သည် ရှိသော် အသင်၏ ထိုသားသည် မှားသော အယူရှိသောသူတည်း ငါ၏ သမီး သည် သုံးပါးကုန်သော ရတနာတို့နှင့် ကင်းကွာလျက်၊ ဖြစ်နေခြင်းငှါ မစွမ်းနိုင်။ ထို့ကြောင့် ငါ၏သမီးကို မပေးနိုင်ပါကုန်ဟု ပြောဆို၏။ ထိုအခါ သူဌေး အပေါင်း အမျိုးကောင်းသားတို့က ထိုပုဏ္ဏသူဌေးကို အသင်သည် ထိုရာဇဂြိုဟ် သူဌေးနှင့် အတူတကွ ချစ်ကျွမ်းဝင်လှသည်ကို မဖျက်ဆီးပါလင့်။ ထိုသူဌေးအား အသင်၏သမီးကို ပေးပါလော့ဟု ပြောဆို တောင်းပန်ကြကုန်၏။ ထိုပုဏ္ဏသူဌေး သည် သူဌေးအပေါင်း အမျိုးကောင်းသား မိတ်ဆွေအများတို့၏ စကားကို ဝန်ခံ၍ အာသာဠ္ဟီနက္ခတ်နှင့် ယှဉ်သော ဝါဆိုလပြည့်နေ့၌ မိမိ၏သမီး ဥတ္တရာကို ဆောင်နှင်းပေးအပ်လိုက်၏။

ထိုဥတ္တရာသည် ခင်ပွန်းအရှင် လင်ယောကျ်ား၏ အမျိုးအိမ်သို့ လိုက်ပါ သွားရောက် ရသောအခါမှစ၍ ရဟန်း ယောကျ်ားကို လည်းကောင်း, ရဟန်းမိန်းမကို လည်းကောင်း, အမြဲမပြတ် ချဉ်းကပ်ခြင်းငှါ လည်းကောင်း၊ အလှူဝတ္ထုကို ပြုစုလှူဒါန်းခြင်းငှါ လည်းကောင်း၊ တရားတော်ကို ကြားနာခြင်းငှါ လည်းကောင်း၊ အခွင့်မရဘဲ ရှိလေ၏။ ဤသို့နှစ်လခွဲ တို့ကို လွန်ကုန်သည်ရှိသော် မိမိထံပါး၌ ခစားတည်နေသော အလုပ်အကျွေး မိန်းမကို ဤယခုအခါ ဝါတွင်းသုံးလ၏ ကြွင်းကျန်သော ရက်သည်အဘယ် မျှလောက် ရှိသေးသနည်းဟု မေး၏။ အရှင်မ လခွဲမျှလောက် ကြွင်းကျန် ပါသေးသည်ဟု ပြောဆိုသည်ရှိသော် ထိုဥတ္တရာသည် အဘယ်ကြောင့် ကျွန်တော်မကို ဤသို့သဘောရှိသော လှောင့်ချိုင့်နှောင်အိမ်၌ သွင်းထားပါကုန် သနည်း။ ကျွန်တော်မအား တံဆိပ်အမှတ် ရိုက်၍ သူတစ်ပါးတို့၏ထံ အစေခံ ကျွန်မ၏ အဖြစ်ကို ပြောကြားပေးပို့ခြင်းငှါ မြင့်မြတ်ပါသေး၏။ ဤသို့ သဘောရှိသော မိစ္ဆာဒိဋ္ဌိ အမျိုးအား ပေးခြင်းငှါ မလျောက်ပတ်ပါ ဤအိမ်သို့ ရောက်သည့်အခါမှ စ၍ ရဟန်းတော်အား [ဖူးမြော်ခြင်း စသည်တို့တွင် တစ်ခု သော ကောင်းမှုကိုမျှလည်း ပြုလုပ်ခြင်းငှါ အခွင့်မရပါဟု ဖခင်ဖြစ်သော ပုဏ္ဏသူဌေးကြီးသို့ သတင်းစကား ပြောကြားစေလွှတ်၏။

ထိုအခါ ဥတ္တရာ၏ ဖခင် သူဌေးကြီးသည် ငါ၏ သမီးကား ဩဇာ- ဆင်းရဲလေစွတကားဟု ညည်းတွားသို့ချုံး နှလုံး မသက်သာသောအဖြစ်ကို ပြောကြား သိရှိစေပြီးလျှင် ချစ်သမီး ဤမြို့၌ သိရိမာအမည် ရှိသော

ပြည့်ဘန်ဆာမသည် ရှိ၏။ ထိုသီရိမာသည် နေ့တိုင်းနေ့တိုင်း တစ်နေ့လျှင် အသပြာတစ်ထောင် အဖိုးအခယူ၏။ ယခုပေးပို့လိုက်သော ဤအသပြာတို့ဖြင့် ထိုသီရိမာကို ဆောင်နှင်းပြီးလျှင်ချစ်သမီး၏ခင်ပွန်း အရှင် လင်ယောကျ်ား၏ ခြေရင်း အလုပ်အကျွေးကိုပြု၍ မိမိသည် ကောင်းမှုတို့ကို ပြုပါလေလော့ဟု ပြောဆိုမှာထားပြီးလျှင် အသပြာ တစ်သောင်းငါးထောင်တို့ကိုပေးပို့၏။

## သီရိမာကို ငှါးပေးခြင်း

ထိုဥတ္တရာသည် သိရိမာကိုခေါ်စေပြီးသော် အိုအဖော်မ ဤအသပြာတို့ကို ယူ၍ ဤလခွဲကာလပတ်လုံး အသင်၏ အဖော်ဖြစ်သော သူဌေးသားကို လုပ်ကျွေးပြုစုပါဟု ပြောဆို၏။ ထိုသီရိမာကလည်း ကောင်းပါပြီဟု ဝန်ခံ၏။ ထိုဥတ္တရာသည် သိရိမာကို ခေါ်ယူ၍ အရှင်ဖြစ်သော သူဌေးသား၏ ထံသို့ သွားရောက်သောအခါ ထိုသူဌေးသားက သိရိမာကို မြင်၍ ဤအမှုကား အဘယ်နည်းဟု မေးမြန်းပြောဆိုသည် ရှိသော် အရှင်သား ဤလခွဲမျှ ကာလပတ်လုံး အကျွန်ုပ်၏ အဖော်မဖြစ်သော ဤသိရိမာသည် အရှင်သားတို့ကို လုပ်ကျွေးပြုစုပါစေလော့။ အကျွန်ုပ်သည်ကား ဤလခွဲကာလ ပတ်လုံး အလှူဝတ္ထုကိုလည်း ပြုစုပေးလှူခြင်းငှာ အလိုရှိပါသည်။ တရားတော်ကိုလည်း ကြားနာခြင်းငှာ အလိုရှိပါသည်ဟု ပြောဆို၏။ ထိုသူဌေးသားသည် အလွန်အဆင်းလှသော ပြည့်တန်ဆာမိန်းမကို မြင်လျှင် ဖြစ်သောချစ်ခြင်း ရှိသည်ဖြစ်၍ ကောင်းပြီဟု ဝန်ခံလိုက်၏။ ဥတ္တရာသည်လည်း ဘုရားအမှူး ရှိသော သံဃာတော်ကို ပင့်ဖိတ်၍ အရှင်ဘုရားတို့ ဤလခွဲကာလပတ်လုံးအရပ် တစ်ပါးသို့ မကြွမသွားပါမူ၍ တပည့်တော်မ၏ ဤဌာန နေအိမ်၌သာလျှင် ဆွမ်းကို ခံယူအပ်၏ဟု မှတ်ထင် အောက်မေ့တော်မူကြပါ၊ အစဖြာသော များစွာသောစကားတို့ဖြင့် လျှောက်ကြား၍ မြတ်စွာဘုရား၏ ဝန်ခံခြင်းကို ရယူပြီးသော် ယခုအခါ ငါသည် ဤနေ့မှစ၍ အကြင်မျှလောက် သီတင်းကျွတ် လပြည့် မဟာပဝါရဏာ နေ့မည်သည်ရှိ၏။ ထိုမျှလောက် ကာလပတ်လုံး မြတ်စွာဘုရားရှင်ကို ကြည်လင်ကောင်းရော် ပူဇော်ညွတ်ပျပ် ဆည်းကပ်လုပ်ကျွေး ခြင်းငှာလည်းကောင်း၊ တရားတော်ကို ကြားနာခြင်းငှာလည်းကောင်း ရပေတော့မည်ဟု နှစ်သက်ရွှင်လန်း ဝမ်းမြောက်သောစိတ် ရှိသည်ဖြစ်၍ ဤသို့ ယာဂုကို ကျိုချက်ကြကုန်လော့၊ ဤသို့သဘောရှိသော မုန့်တို့ကို ဖုတ်ကြကုန် လော့ ဤသို့ အစရှိသော စကားဖြင့် ပြောကြားမြွက်ဆို စားဖိုအိမ်၌ အလုံးစုံ သော အရာဌာန ပြုဖွယ်ကိစ္စ ဟူသမျှတို့ကို လုံးဝမကျန် စီမံ ဆောင်တည် လျက် လှည့်လည် နေထိုင်၏။ ယင်းမှ ထိုနောက် တစ်ဆယ့်လေးရက်မြောက် ကြာသောအခါ ဥတ္တရာ၏ ခင်ပွန်းလင် ဖြစ်သော သူဌေးသားသည် နက်ဖြန်

ခါ၌ သိတင်းကျွတ်လပြည့် ပဝါရဏာနေ့ဖြစ်လတ္တံ့သောအခါ စားဖိုအိမ်သို့ရှေးရှု လေသောက် ပြတင်း၌ တန့်ရပ်တည်နေ၍ ထိုသူမိုက်မသည် အဘယ်အမှုကို ပြုစုလုပ်ကိုင်လျက် တည်နေ လှည့်လည်ဘိသနည်းဟု ကြည့်ရှုသည်ရှိသော် ချွေး ယိုစီးပြန် လိမ်းကျံ ညစ်နွမ်းသော ပြာဖြင့် ပွမ်းသော မီးသွေး မင် တို့ဖြင့် ကပ်ငြိသော ကိုယ်ရှိသော ထိုသို့သော အခြင်းအရာ အမှုဖြင့် ပြုလုပ် ရည်သန် စီမံ ဖန်တီး၍ လှည့်လည် နေထိုင်သော ထိုသူဌေးသမီးကို မြင်သည်ရှိသော် သူမိုက်မသည် ဩော် အံ့ဖွယ်ရှိလေစွ။ ဤသို့သဘောရှိသော အရပ်၌ မွန်မြတ် နှစ်မြို့ ဤသို့သော အသရေ စည်းစိမ်ချမ်းသာကို ကောင်းစွာပျော်ပါး မခံစား မသုံးဆောင် ဦးပြည်းရဟန်းတို့ကို လုပ်ကျွေး ပြုစုအံ့ဟု နှစ်သက်သော စိတ်ရှိသည်ဖြစ်၍ ပြုလုပ် လှည့်လည်လေ၏ဟု ကြံစည်ပြီးလျှင် ရယ်ရွှင်၍ ဖဲသွား၏။

ထိုသူဌေးသား ဖဲသွားသည် ရှိသော် သူဌေးသား၏ အထံ၌ တည်ရှိ သော သိရိမာသည် “ဤသူဌေးသားသည် အဘယ်အရာကို ကြည့်ရှုထင်မြင်၍ ရယ်ရွှင်လေသနည်း”ဟု ကြံပြီးလျှင် သူဌေးသား ရပ်တည်သော ထိုလေသောက် ပြတင်းဖြင့်သာလျှင် တည်နေ ကြည့်ရှုသည်ရှိသော် ဥတ္တရာကိုမြင်၍ ဤ ဥတ္တရာကို ကြည့်ရှု တွေ့မြင်သောကြောင့် ဤသူဌေးသားအား ရယ်ရွှင်လေ သည်၊ အမှန်စင်စစ် အားဖြင့် ဤ သူဌေးသားအား ထိုဥတ္တရာနှင့် အတူတကွ စပ်ယှက် နှီးနှောခြင်း ရှိသည်ဟု ကြံစည်၏။ ထိုသိရိမာသည် လခွဲမျှ ကာလပတ်လုံး ထိုအိမ်၌ ပြင်ပဖြစ်သော မိန်းမဖြစ်ပါလျက်လည်းထိုစည်းစိမ်ကို ခံစားရသည်ရှိသော် မိမိ၏ပြင်ပ မိန်းမအဖြစ်ကို သိမြင်ခြင်း မရှိမူ၍ ငါသည် အိမ်ရှင် မိန်းမ တည်းဟူသော မှတ်ထင် အောက်မေ့ခြင်းကို ပြု၏။

## ဥတ္တရာကို ထောပတ်ဆီပူဖြင့် ခလောင်းခြင်း

သိရိမာသည် ဥတ္တရာ၌ ရန်ငြိုးကိုဖွဲ့၍ ဤဥတ္တရာအားကြီးမားသောဆင်းရဲကို ဖြစ်စေအံ့ဟု ကြံပြီးလျှင် ပြာသာဒ်အပြင်အထက်မှ ဆင်းသက်၍ စားဖိုအိမ်သို့ ဝင်ပြီးသော် မုန့်ကြော်ချက်ရာအရပ်၌ကျိုက်ကျိုက်ဆူသောထောပတ်ကိုယောက် ချိုဖြင့် ခပ်ယူ၍ ဥတ္တရာ၏ထံသို့ ရှေးရှုသွား၏။ဥတ္တရာသည် ရှေးရှုလာသော ထို သိရိမာကိုမြင်၍ “ငါ၏အဆွေ် ခင်ပွန်းမသည် ငါ့အား အလွန်ကျေးဇူးများသည် ဖြစ်ပါပေ၏။ စကြဝဠာတိုက်အဝန်းသည် အလွန် ကျဉ်းမြောင်းသေး၏။ အထက်အဇဋ္ဌာ တည်နေပါသော ဗြဟ္မာပြည်သည် အလွန် နိမ့်သေး၏။ ငါ၏ အဖော်ခင်ပွန်းမ၏ ဂုဏ်ကျေးဇူးသည်သာလျှင် ထိုထက်ကဲလွန် မွန်မြတ် ကြီးကျယ်ပေသည်၊ ထိုသိရိမာကို အမှီရ၍ ငါသာလျှင် အလှူကို ပေးလှူခြင်း ငါလည်းကောင်း။ တရားတော်ကို ကြားနာခြင်းငှါလည်းကောင်း၊ ရပါပေသည်၊

အကယ်၍ ငါ့အား ထိုသိရိမာ၏ အထက်၌ အမျက်ထွက်မိခြင်းရှိအံ့ ဤသို့ တစ်ချက် အမျက်ထွက်မိခဲ့သည်ရှိသော် သိရိမာယူဆောင်ခဲ့သော ဤထောပတ် ဆီကြည်သည် ငါ့ကိုပူလောင်စေသတည်း။ သိရိမာ၏အထက်၌ အမျက်ထွက်ခြင်း မရှိခဲ့ပါမူကား ငါ့ကို-မပူလောင်စေသတည်း”ဟု- အဓိဋ္ဌာန်၏။ ချစ်ခင်လှစွာ မေတ္တာတရားဖြင့် ဖြန့်၏၊ သိရိမာသည် ဥတ္တရာ၏ ထိပ်ထက်ဦးခေါင်း၌ သွန်းလောင်းအပ်သော ကျိုက်ကျိုက်ဆူသော ထိုထောပတ်ဆီပူသည် အလွန် အေးမြသော ရေကဲ့သို့ ဖြစ်လေ၏။ ထို့နောက် ဤထောပတ်သည် အေးသည် ဖြစ်ပေလိမ့်မည်ဟုကြံ၍ တစ်ဖန်သွန်းလောင်းပြန်ခြင်းငှါ ယောက်ချိုကို ပြည့်စေ ပြီး ယူ၍ လျင်စွာ ရှေးရှုလာသော ထိုသိရိမာကို ဥတ္တရာ၏ကျေးကျွန်မတို့သည် မြင်ကြကုန်၍ ဆိုနိုင်ခက်ခဲ့သော–ဟယ် သူယုတ်မ ဖဲ့သွားလေလော့ အသင်သည် ငါတို့၏အရှင်မအား ကျိုက်ကျိုက်ဆူသော ထောပတ်ဆီကြည်ကို သွန်းလောင်း ခြင်းငှါ မလျောက်ပတ်လေတကားဟု ပြောကြားခြိမ်းခြောက်ကုန်လျက် ဤမှ ထိုမှ လျင်စွာထ၍ လက်တို့ဖြင့်လည်းကောင်း ခြေတို့ဖြင့်လည်းကောင်း ရိုက်နှက် ကျောက်ကန်ကုန်ပြီး၍ မြေကြီး၌ လဲကျစေကုန်၏။ ဥတ္တရာသည် ပြောဆို တားမြစ်ပါသော်လည်း တားမြစ်ခြင်းငှါ မစွမ်းနိုင်လေ ထိုမှ နောက်၌ သိရိမာ၏ အထက်၌ ဖိနှိပ်လျက် တည်ကြကုန်သော ကျွန်မတို့ကို တားမြစ်၍ အသင်သည် အဘယ့်ကြောင့် ဤသို့ သဘောရှိသော ဝန်လေးသောအမှုကို ပြုဘိသနည်းဟု သိရိမာကို ပြောဆိုဆုံးမ၍ ရေနွေးဖြင့် ရေချိုးစေပြီးသော် အကြိမ်တစ်ရာ ချက်အပ်သော ဆီဖြင့် ဆုပ်နယ်လိမ်းကျံ၍ ထိုခဏ၌ သိရိမာသည် မိမိ၏ပြင်ပ မိန်းမ၏ အဖြစ်ကိုသိရှိသောကြောင့် ဆင်ခြင်၏ အဘယ်သို့ဆင်ခြင်သနည်းဟူ မူကား “ငါသည် ဝန်လေးသောအမှုကို ပြုမိပေ၏။ အရှင်သူဌေးသား၏ ပြုံးရယ်ခြင်းတည်းဟူသော အကြောင်းကြောင့် ဥတ္တရာ၏အထက်၌ ကျိုက်ကျိုက် ဆူသော ထောပတ်ဆီကြည်ကို သွန်းလောင်းသည်ရှိသော် ဤဥတ္တရာသည် ထို သူယုတ်မာမကို ဖမ်းယူကြကုန်လော့ စသည်တို့ဖြင့် မိမိကျွန်မတို့ကို မစေခိုင်း မပြောဆို ငါ့ကိုညှဉ်းဆဲသော အခါ၌လည်း အလုံးစုံသော ကျွန်မတို့ကို တားမြစ်၍ ငါ့အား ပြုစုဖွယ်အရာကိုသာလျှင် ကောင်းစွာကြည့်ရှု ပြုစုပေ၏၊ ငါသည် ဤဥတ္တရာကို ကောင်းစွာတောင်းပန် အကယ်၍ သည်းမခံစေခဲ့အံ့ ဤသို့ပြန်လှန် သည်းမခံစေသည် ရှိသော် ငါ၏ဦးခေါင်းထိပ်သည် ခုနစ်စိတ် ခုနစ်ဖြာကွဲပေ ရာ၏”ဟု ဆင်ခြင်၏။

## သိရိမာ၏ တောင်းပန်ခြင်း

ဆင်ခြင်ပြီး၍ကား ထိုဥတ္တရာ၏ ခြေရင်း၌ ဝပ်ဆင်းပြီးသော် ဗရှင်မ အသင် သည် ငါ့အားသည်းခံပါလော့ဟု တောင်းပန်ပြောဆို၏။ အဆွေမ ငါကား ဖခင် ထင်ရှားရှိသော သမီးတည်း၊ ဖခင်သည် သည်းခံသည်ရှိသော် ငါသည်သည်းခံအံ့

ဟု ဥတ္တရာက ပြောဆိုသောအခါ အရှင်မ ရှိပါစေလော့ အသင်၏ ဖခင်ဖြစ်သော ပုဏ္ဏသူဌေးကြီးကို ဝန်ချတောင်းပန် သည်းခံပါစေအံ့ဟု ပြောဆို၏။ ပုဏ္ဏသူဌေးကြီးသည် ငါ၏ဝဋ္ဋဖြစ်စေတတ်သော ဖခင်ပေတည်း။ ဝဋ္ဋကင်းပြတ်ရာ၌ ဖြစ်စေတတ်သော ဖခင်သည် သည်းခံသည်ရှိသော်ကား ငါသည်သည်းခံပါအံ့ဟု ပြောဆိုပြန်သဖြင့် အသင်၏ ဝဋ္ဋကင်းပြတ်ရာ၌ ဖြစ်စေတတ်သော ဖခင်ဟူသည် အဘယ်သူပါနည်းဟု မေးပြန်သောအခါ ဘုရားရှင် ကိုယ်တော်မြတ်ပေတည်းဟု ပြောကြား၏။ ငါ့အား ထိုမြတ်စွာဘုရားနှင့် အတူတကွပင် အကျွမ်းဝင်ခြင်း မရှိပါဟု သိရိမာက ပြောကြားသောအခါ ငါသည် အကျွမ်းဝင်သောအမှုကို ပြုပေအံ့ နက်ဖြန်ခါ၌ မြတ်စွာဘုရားရှင်သည် ရဟန်းသံဃာကို ခြံရံကာ ယူဆောင်၍ ဤအိမ်ဘောင်ဌာနသို့ မြန်းကြွတော်မူလာလတ္တံ့ အသင်သည် သင့်လျော်လျောက်ပတ် ရအပ်သည်အားလျော်စွာ ပူဇော်ဖွယ်ရာဝတ္ထုကို ပြုစု ယူဆောင်ပြီး ဤနေအိမ် ဌာန၌သာလျှင် လာရောက်ပြီး ထိုဘုရားကို သည်းခံပါ စေလော့ဟု ပြောဆို၏။ ထိုသိရိမာက အရှင်မ ကောင်းလှပါပြီဟု ပြောဆို ဝန်ခံကာ နေရာမှထ၍ မိမိ၏ အိမ်သို့ ပြန်သွားပြီးသော် အခြံအရံမိန်းမ ငါးရာတို့ကို စေခိုင်း၍ အထူးထူး အပြားပြားကုန်သော ခဲဖွယ်တို့ကိုလည်း ကောင်း, ကောင်းမွန်တင့်တယ် သောက်ဖွယ် လျက်ဖွယ်တို့ကို လည်းကောင်း, ပြည့်စုံစေ၍ တစ်ဖန်မိုးသောက် ရောက်သောနေ့၌ ထိုပူဇော်ဖွယ် အလုံးစုံကို အကုန်ယူဆောင် ပြီးသောအခါ ဥတ္တရာ၏ နေအိမ်သို့ လာခဲ့၍ ဘုရား အမှူးရှိသော ရဟန်းသံဃာတော်၏ သပိတ်၌ ထည့်လောင်းခြင်းငှါ မဝံ့သည် ဖြစ်၍ ကြောက်ရွံ့သော အခြင်းအရာဖြင့် မိမိနေရာ၌ တည်နေ၏။ ထိုအလုံးစုံကို အကုန်သိမ်းယူ၍ ဥတ္တရာသည်သာလျှင် ကောင်းစွာ ဝေဖန်၍ ပြုစီမံပေ၏။ သိရိမာသည် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသော အခါ၌ မိမိ၏ အခြံအရံနှင့် တကွ ဘုရားရှင် ခြေတော်ရင်း၌ ဝပ်စင်းတောင်းပန်၏။ ထိုအခါ မြတ်စွာဘုရားရှင်က အသင် ပြစ်မှားအပ်သော ဖြစ်ပွားသော အပြစ်ကား အဘယ်နည်းဟု ထိုသိရိမာကို မေးတော်မူ၏။ အရှင်ဘုရား တပည့်တော်မသည် ယမန်နေ့ကာလ၌ ဤအမှုသည်ရှိသော ပြစ်မှားခြင်းအမှုကို ပြုမိပါသည်။ ထိုအခါ တပည့်တော်မ၏ အဖော်ဖြစ်သော ဥတ္တရာသည် တပည့်တော်မကို ပုတ်ခတ် ညှဉ်းဆဲကြကုန်သော ကျွန်မအများတို့ကို တားမြစ်ပိတ်ပင်၍ တပည့်တော်မအား သနားပွားလူး ကျေးဇူးများသည်ကိုသာလျှင် ပြုပါပေ၏။ ထိုတပည့်တော်မ သည် ဤဥတ္တရာ၏ ဂုဏ်ကျေးဇူးများကို အထူးသိမြင်၍ အရှင်မဥတ္တရာကို ကန်တော့ သည်းခံပါစေ၏။ ထိုအခါ ဤဥတ္တရာက တပည့်တော်မကို အရှင် ဘုရားတို့သည် သည်းခံကုန်သည်ရှိသော် ငါသည်းခံအံ့ဟု ပြောကြားပါသည်။ ဤသို့ ပြောကြားသောကြောင့် အရှင်ဘုရား၏ ခြေရင်း၌ ဝပ်စင်းတောင်းပန် သည်းခံပါစေသည်ဟု သိရိမာက လျှောက်ကြား၏။

ဥတ္တရာ ဤသိရိမာ လျှောက်ထားသော စကားအတိုင်း ဟုတ်မှန်ပေသလောဟု မြတ်စွာဘုရားက မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါ၏။ တပည့်တော်မ၏ အဖော်မ ဖြစ်သော သိရိမာသည် တပည့်တော်မ၏ ဦးခေါင်းထက်၌ ကျိုက်ကျိုက် ဆူသော ထောပတ်ဆီပူကို သွန်းလောင်းပါသည်ဟု လျှောက်ကြား၏။ ထိုသို့ သွန်းလောင်းသောအခါ အသင်ဥတ္တရာသည် အဘယ်သို့ ကြံစည်မိသနည်းဟု မြတ်စွာဘုရားက မေးတော်မူပြန်သည်ရှိသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ဤစကြဝဠာ တိုက်အဝန်းသည် အလွန် ကျဉ်းမြောင်းသေး၏။ အထက်မြင့်တည် ဗြဟ္မာပြည်သည် အလွန်နိမ့်သေး၏။ ငါ၏ အဖော်မဖြစ်သော သိရိမာ၏ ဂုဏ်ကျေးဇူးသည်သာလျှင် ထိုထက် ကြီးကျယ်မြင့်မြတ်လေသည်။ ထိုစကားမှန်၏။ ငါသည်ထိုသိရိမာကို အမှီရ၍ အလှူဒါန ပေးလှူဒါန်းခြင်းငှါ လည်းကောင်း၊ တရားတော်ကို ကြားနာခြင်းငှါ လည်းကောင်း ရပေပြီ။ ငါသည် ဤသိရိမာ၏ အထက်၌ အမျက်ထွက်ခြင်း အကယ်၍ ရှိခဲ့သည်ဖြစ်အံ့။ ဤသို့ ရှိခဲ့သော် ဤထောပတ်ဆီပူသည် ငါ့ကို ပူလောင်စေသတည်း၊ အမျက်ထွက်ခြင်း အကယ်၍ မရှိခဲ့အံ့။ ဤသို့ မရှိခဲ့သော် ငါ့ကို မပူလောင်စေသတည်းဟု ဤသို့ ကြံစည်၍ ဤသိရိမာကို မေတ္တာဖြင့် ပျံ့နှံ့ပါစေသည် ဘုရားဟု လျှောက်ကြား၏။ မြတ်စွာဘုရားရှင်က ချစ်သမီးဥတ္တရာ ကောင်း၏၊ ကောင်း၏။ ဤသို့ အခြင်းအရာ မေတ္တာနှံ့သက် အမျက်မထွက်ခြင်းဖြင့် ပြင်းစွာ အမျက် ထွက်သောသူကို အောင်နိုင်ခြင်းငှါ သင့်လျော်လျောက်ပတ် အပ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီးသော် ထိုစကားမှန်၏။ အမျက်ထွက်တတ်သော သူမည်သည်ကို ပြန်လှန်အမျက် မထွက်ခြင်းဖြင့် အောင်နိုင်အပ်၏။ ဆဲရေး ရေရွတ်တတ်သောသူကို မိမိက တစ်ဖန် ပြန်လှန်၍ မဆဲရေး မရေးရွတ်ခြင်းဖြင့် အောင်နိုင်အပ်၏။ ဝန်တိုမှု ပြင်းထန်သော သူကို မိမိဥစ္စာကို ကောင်းစွာ ပေးလှူခြင်းဖြင့် အောင်နိုင်အပ်၏။ မဟုတ်မလျော်း ပြောဆိုလေ့ရှိသော သူကို မဖောက်မပြန် မှန်သောစကား ပြောကြားခြင်းဖြင့် အောင်နိုင်အပ်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

အက္ကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။
ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။

အမြက်ထွက်တတ်သော သူကို အမျက် မထွက်ခြင်းဖြင့် အောင်ရာ၏။ မကောင်းသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။ နှမြောစေးနဲသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏။ လိမ်လည်ပြောတတ်သူကို မှန်သော သစ္စာစကားဖြင့် အောင်ရာ၏။

ထိုဂါထာ၌–အကောဓေန=ဟူသည် အမျက်ထွက်သောသူကို အမျက်မထွက်သည်ဖြစ်၍ အောင်ရာ၏။

အသာခုံ=ဟူသည် မကောင်းသူကို ကောင်းခြင်းဖြင့် အောင်ရာ၏။

**ကဒရိယံ**=ဟူသည် ပြင်းထန်လွန်ကဲစွာ နှမြောစေးနဲသူကို မိမိ၏ဥစ္စာ စွန့်ကြဲလိုစိတ်ဖြင့် အောင်ရာ၏။

**သစ္စေနာလိကဝါဒိနံ** =ဟူသည် လိမ်လည် ပြောကြားတတ်သူကို သစ္စာစကားဖြင့် အောင်ရာ၏။

ဒေသနာတော်၏ အဆုံး၌ သိရိမာသည် အခြံအရံ မိန်းမငါးရာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။

ဥတ္တရာဥပါသိကာမဝတ္ထု ပြီး၏။

---

## ၄။ မဟာမောဂ္ဂလာနတ္ထေရပဉှဝတ္ထု

**သစ္စံ ဘဏေ**=အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် မဟာမောဂ္ဂလာန်မထေရ်၏ အမေးကို အကြောင်းပြု၍ ဟောတော်မူ၏။

### သစ္စာစကားပြော၍ နတ်သမီးဖြစ်ခြင်း

တစ်နေ့သ၌ မဟာမောဂ္ဂလာန်မထေရ်သည် နတ်ပြည်-နတ်ရွာသို့ ဒေသစာရီ လှည့်လည်ကြွမြန်းတော်မူပြီးသော် တန်ခိုးကြီးသော နတ်သမီး၏ ဘုံဗိမာန်တံခါး၌ တန့်နားရပ်တည်တော်မူ၍ မိမိထံတော်မှောက်သို့ လာရောက်ပြီးလျှင် ဦးတင်ညွတ်လျှိုး ရှိခိုးတည်နေသော ထိုနတ်သမီးကို အိုနတ်သမီး အသင်၏ စည်းစိမ်ချမ်းသာသည် အလွန်တစ်ရာ ကြီးကျယ်ပါပေ၏၊ အဘယ်ကောင်းမှုကံကို စီမံအားထုတ် ပြုလုပ်ခဲ့ခြင်းကြောင့် ဤသို့သော စည်းစိမ်ချမ်းသာကိုကောင်းစွာ ရအပ်သနည်းဟု မေးတော်မူ၏။ နတ်သမီးက ဘုန်းတော် ကြီးတော်မူသော အရှင်ဘုရားမောဂ္ဂလာန် တပည့်တော်မကို မမေးတော် မူပါကုန်လင့်ဟု လျှောက်ထား၏။

[ထိုနတ်သမီးသည် ဤကဲ့သို့ လျှောက်ထားခြင်း၏ အကြောင်းမှာ မပြောပဖွယ် အနည်းငယ်မျှသော ကောင်းမှုကံဖြင့် ရှက်နိုးသောကြောင့် ဤသို့ လျှောက်ကြားလေ၏။]

အရှင်မောဂ္ဂလာန်မထေရ်က အသင်နတ်သမီး လျှောက်သာလျှောက်ပါလော့ဟု မိန့်ဆိုတော်မူသည်ရှိသော် ထိုနတ်သမီးက ဘုန်းတော်ကြီးတော်မူသော အရှင်မောဂ္ဂလာန် တပည့်တော်မသည် ဒါနဝတ္ထုကို မပြုစုမလှူဒါန်းခဲ့ရပါ ပူဇော်ဖွယ်ရာ အဖြာဖြာရည်ရော်လျက် ပူဇော်ခြင်းအမှုကို မပြုခဲ့ရပါ မြတ်စွာဘုရား ဟောကြားမြွက်ဖော် တရားတော်ကိုလည်း မကြားနာခဲ့ရပါ သက်သက်သော်ကား မဟုတ်မလျား လှည့်ဖြားပြောဆိုခြင်းကို ပယ်ထားကြဉ်ရှောင်လျက် ဖြောင့်မှန်သောစကား ပြောကြားခြင်းသစ္စာမျှကို စောင့်ရှောက်ခဲ့ရပါသည်။ ဤသို့မှန်စွာ သစ္စာစကား ပြောကြား စောင့်ရှောက်ခြင်းကို ပြုခဲ့ခြင်းကြောင့် တပည့်တော်မသည် ဤသို့သော စည်းစိမ်ချမ်းသာကို ရရှိပါသည်ဘုရားဟု လျှောက်ထား၏။

## အမျက်မထွက်ခြင်းကြောင့် နတ်သမီးဖြစ်ခြင်း

မဟာမောဂ္ဂလာန်မထေရ်သည် ထိုနတ်သမီးလျှောက်ထားသော စကားအလုံးစုံကို အကုန်မှတ်ယူတော်မူပြီးသော် ထိုဗိမာန်မှ တစ်ပါးသော တစ်ခုသော ဘုံဗိမာန်တံခါးသို့ ကြွသွားရပ်တည်တော်မူ၍ မိမိထံတော်မှောက်သို့ လာရောက်ညွတ်လျှိုး ရှိခိုးတည်နေသော ထိုဗိမာန်ရှင်နတ်သမီးကို၊ အိုနတ်သမီး အသင်၏စည်းစိမ်ချမ်းသာသည် အလွန်ဘာရာ ကြီးကျယ်ပါပေ၏။ အဘယ်ကုသိုလ်ကောင်းမှုကို ပြုစုအားထုတ်ခဲ့ခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ရရှိပါသနည်းဟု မေးတော်မူ၏။ ထိုနတ်သမီးလည်း ရှေးနည်းအတူသာလျှင် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုအတွက် လျှောက်ထားရမည်ကို ရှက်သဖြင့် လျှို့ဝှက်ဘိသကဲ့သို့ နေသော်လည်း မထေရ်မြတ်ကတစ်ဖန် အတန်တန်မေးမြန်းသော စကားကို တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ထိုနတ်သမီးက လျှောက်ထားသည်ကား အရှင်ဘုရား မောဂ္ဂလာန် တပည့်တော်မသည် တစ်စုံတစ်ခု ပေးလှူခြင်းအမှုကို ပြုအပ်ခဲ့ဖူးသည်မည်သည် မရှိပါ။ တပည့်တော်မသည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ သူတစ်ပါးတို့၏အထံဝယ် အစေခံကျွန်မ ဖြစ်ပါသည်။ ထိုတပည့်တော်မ၏၊ အရှင်သည် အလွန်ပင် ခက်ထန်ကြမ်းကြုတ် ဖရုသသဘောရှိသောအားဖြင့် လက်ထဲ၌ ကိုင်စွဲယူမိသော ဝတ္ထုသာဖြစ်သော သစ်သားဖြင့် လည်းကောင်း၊ ထင်းတုံးဖြင့်လည်းကောင်း ဦးခေါင်းကို ပစ်ခတ်ရိုက်ခဲ့တတ်ပါ၏၊ ထိုတပည့်တော်မသည် အရှင်၏အထက်၌ အမျက်တစ်ဖန်ပြန်၍ ထွက်လိုခဲ့သည်ရှိသော် ဤအရှင်သည် အသင်အား တံဆိပ်အမှတ်မပြတ်မပျောက် သေလောက်ပါယူ သံပူဖြင့် ကပ်ခြင်းကိုလည်းကောင်း၊ နှာခေါင်းစသည်တို့ကို ဖြတ်ခြင်းငှါလည်းကောင်း အလိုရှိသမျှ ပြုခွင့်ရသော အစိုးရသူဖြစ်ပေသည်။ ထိုအရှင်အထက်၌ အမျက်ထွက်ခြင်း မပြုလေလင့်ဟု-မိမိကိုယ်ကို

သာလျှင် မိမိဆိုးမ ဖျောင်းဖျရေရွတ်လျက် အမျက်ထွက်ခြင်းမည်သည်ကို မပြုပါ။ ထိုသို့အမျက် မထွက်ကြောင်းပြု ကောင်းမှုကုသိုလ်ကံကြောင့် တပည့်တော်မအား ဤစည်းစိမ်ချမ်းသာကို ကောင်းစွာ ရရှိပါသည်ဘုရားဟု ကြားလျှောက်၏။

## ကြံတစ်ချောင်းလှူခဲ့၍ နတ်သမီးဖြစ်ခြင်း

အရှင်မောဂ္ဂလာန်မထေရ်သည် ထိုနတ်သမီးလျှောက်ထားသော စကားကို ကြားသိတော်မူရပြီးသည်ရှိသော် တစ်ပါးသော ဗိမာန်တံခါးသို့ ကြွသွားတော်မူ၍ ရှေးနည်းအတူ နတ်သမီးကို အိုနတ်သမီး အသင်၏ စည်းစိမ်ချမ်းသာသည် အလွန်တရာကြီးကျယ်ပါပေ၏၊ အဘယ်ကောင်းမှုကံကို စိမ်အားထုတ် ပြုလုပ်ခဲ့ခြင်းကြောင့် ဤစည်းစိမ်ချမ်းသာကို ကောင်းစွာ ရအပ်သနည်းဟု မေးတော်မူပြန်၏။ ထိုနတ်သမီးသည်လည်း ရှေးနည်း အတူသာလျှင် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုအတွက် လျှောက်ထားရမည်ကို ရှက်သဖြင့် လျှို့ဝှက်ဘိသကဲ့သို့ နေသော်လည်း မထေရ်မြတ်ကတစ်ဖန် အတန်တန်မေးမြန်းသော စကားကို တားမြစ်ခြင်းငှါ မစွမ်းနိုင်သောကြောင့် နတ်သမီးက လျှောက်ထားသည်ကား အရှင်ဘုရား မောဂ္ဂလာန် ရှေးဘဝ၌ တပည့်တော်မသည် ကြံခင်းကို စောင့်ရှောက်ရသော သူဆင်းရဲမ ဖြစ်ပါသည်။ ကြီးကျယ်ပြလျှင်း ကြံခင်းကို စောင့်ရှောက်နေစဉ် ကြွလာသော ရဟန်းတော်တစ်ပါးအား စေတနာဖြင့် ကြံတစ်ချောင်းကို ပေးလှူဖူးပါသည်။ ထိုသို့ စေတနာဖြင့် ကြံတစ်ချောင်းကို စိမ်လှူဒါန်း ကောင်းမှုစွမ်းကြောင့် တပည့်တော်မအား ဤစည်းစိမ်ချမ်းသာကို ကောင်းစွာရရှိပါသည်ဘုရားဟု ကြားလျှောက်၏။

## သစ်သီးတစ်လုံးလှူဖူးသောနတ်သမီးများ

အရှင်မောဂ္ဂလာန် မထေရ်သည် ထိုနတ်သမီး လျှောက်ထားသော စကားကို ကြားသိတော်မူရပြီးသည်ရှိသော် တစ်ပါးသောဗိမာန်တံခါးသို့ကြွသွားတော်၏။ ထိုဗိမာန်ရှင် နတ်သမီး လျှောက်ထားသည်ကား အရှင်ဘုရားမောဂ္ဂလာန် တပည့်တော်မသည် ရှေးဘဝ၌ သာသနာတော်ထမ်း ရဟန်းတော်တစ်ပါးအား ကြည်ညိုစိတ်ဖြင့် ရိုသေစွာ တည်သီးတစ်လုံးကို ပေးလှူနဲ့ဖူးပါသည်။ ထိုကောင်းမှုကြောင့် ယခု ဤမျှ အရှင်ဘုရား မြင်ရသော စည်းစိမ်ချမ်းသာကို ရပါသည်ဟု ကြားလျှောက်၏။ အရှင် မောဂ္ဂလာန် မထေရ်သည် ထိုနတ်သမီး ကြားလျှောက်သောစကားကို ကြားသိတော်မူရပြီးသည် ရှိသော် ထိုပြင် သခွားသီး တစ်လုံးကို လှူဒါန်းရသော နတ်သမီးဗိမာန်၊ ဖက်သက်တရော်သီး တစ်လုံးကို လှူဒါန်းရသော နတ်သမီးဗိမာန်၊ မုန်လာပင် တစ်ဆုပ်မျှကို လှူဒါန်းရသော

နတ်သမီးဗိမာန်၊ တမာရွက်တစ်ဆုပ်မျှကို လှူဒါန်းရသော နတ်သမီးဗိမာန် စသည်တို့သို့ အသီးသီး ကြွသွားတော်မူ၍ ရှေးနည်းအတူ မေးမြန်းတော်မူပြီးလျှင် ထိုနတ်သမီးတို့က သခွါးသီးတစ်လုံး လှူဒါန်းဖူးပါသည်။ ဖက်သက်တရော်သီး တစ်လုံး လှူဒါန်းဖူးပါသည်။ မုန်လာပင် တစ်ဆုပ်မျှ လှူဒါန်းဖူးပါသည်။ တမာရွက် တစ်ဆုပ်မျှ လှူဒါန်းဖူးပါသည်။ ဤသို့စသော နည်းဖြင့် အသီးအသီး မိမိတို့ပြုအပ်သော အလှူဒါန၊ အလှူဒါနအနည်းငယ်မျှကို ညွှန်ပြပြောကြား လျှောက်ထားကြကုန်၍ ဤသို့ ပေါင်းစုကောင်းမှု အကြောင်းကြောင့် တပည့်တော်မတို့သည် ဤသို့သော စည်းစိမ်ချမ်းသာကို ရရှိကုန်သည်ဟု ကြားလျှောက်ကြကုန်၏။

## မြတ်စွာဘုရားအား အရှင်မောဂ္ဂလာန်မထေရ်-မေးမြန်းလျှောက်ထားခြင်း

အရှင်မောဂ္ဂလာန်မထေရ်သည် ထိုနတ်သမီးတို့ ပြုလုပ်အားထုတ်အပ်သော ကောင်းမှုကံကို ကြားနာဆောင်ယူပြီးသောအခါ တာဝတိံသာ နတ်ပြည်မှ ပြန်ကြွတော်မူလာခဲ့၍ မြတ်စွာဘုရားထံပါးသို့ သွားရောက် ချဉ်းကပ်ပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မဖောက်မပြန် မှန်ကန်သော စကားကို ပြောဆို၍ နေကာမျှဖြင့် အမျက်ဒေါသ မတက်ကြွအောင် ငြိမ်းစေကာမျှ မပြောပဖွယ် အနည်းငယ်သော တည်သီး စသည်ကို ပေးလှူခြင်းစသော အလှူဒါနမျှဖြင့် နတ်ပြည် စည်းစိမ်ချမ်းသာကို ရခြင်းငှာ တတ်နိုင်ကောင်းပါအံ့လောဟု မေးလျှောက်၏။ ဘုရားရှင် ကိုယ်တော်မြတ်က ချစ်သားမောဂ္ဂလာန် အဘယ်ကြောင့် ငါဘုရားကို မေးလျှောက်ဘိတော့သနည်း၊ အသင်ချစ်သားအား ကိုယ်တိုင်စံစား ပျော်ပါးအသီးသီး နတ်သမီးတို့က ဤအကျိုးအာနိသင်ကို စီစဉ်ဘိသောအလား လျှောက်ကြား ပြောဆိုလိုက်ပြီမဟုတ်လောဟု မိန့်ဆိုတော်မူသည် ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်လှပေ၏။ မပြောပလောက်သော ဤကောင်းမှုကုသိုလ်ကြောင့် နတ်ပြည်စည်းစိမ်ချမ်းသာကို ရအပ်ပေယောင်တကားဟု ပြောကြားလျှောက်ဆို၏။ ထိုအခါ အရှင်မောဂ္ဂလာန်ကို မြတ်စွာဘုရားရှင်က ချစ်သားမောဂ္ဂလာန် မဖောက်မပြန် ဟုတ်မှန်တိုင်းစကားကို ပြောကြားခြင်းမျှကြောင့်လည်းကောင်း, ဒေါသအမျက် ထွက်ခြင်းမျှကို ပယ်ချ စွန့်ပယ်ခြင်းကြောင့်လည်းကောင်း, မပြောလောက်ဖွယ် အနည်းငယ်သော ဒါနကို ပေးလှူခြင်းကြောင့် လည်းကောင်း,နတ်ပြည်-နတ်ရပ်သို့ သွားရောက်ရသည်သာ တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောကြားတော်မူ၏—

**သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။**
**ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။**

မှန်သောသစ္စာစကားကို ပြောဆိုရာ၏။အမျက်မထွက်ရာ၊ တောင်းလာသည်ရှိသော် အနည်းငယ်မျှကို သော်လည်း ပေးလှူရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရ၏။

ထိုဂါထာ၌ **သစ္စံ ဘဏေ**–ဟူသည် မှန်သောစကားကို ပြောဆိုရာ၏။ အမှန်ကို ဖော်ပြရာ၏။ အမှန်၌တည်ရာ၏ ဟူလို။

**န ကုဇ္ဈေယျ**–ဟူသည် သူတပါးအား အမျက်မထွက်ရာ။

**ယာစိတော**–ဟူသည် သီလရှိသော ရဟန်းတို့သည် ယာစကာ ဖြစ်ကုန်၏။ ထိုရဟန်းတို့သည် ပေးပါဟူ၍ မတောင်းဆိုမူ၍ အိမ်တံခါး၌ ရပ်ကုန်ငြားသော်လည်း အဓိပ္ပါယ်အားဖြင့်မူ တောင်းရာရောက်ကုန်၏။ ဤသို့ သီလရှိသော ပုဂ္ဂိုလ်တို့သည် တောင်းလာသည်ရှိသော် လှူဖွယ်ဝတ္ထု အနည်းငယ်မျှ ရှိပါမူ ယင်းအနည်းငယ်မျှကိုလည်း ပေးလှူရာ၏။

**ဧတေဟိ တီဟိ**–ဟူသည် ဤသုံးပါးသော အကြောင်းတို့တွင် တစ်ပါးပါးသော အကြောင်းဖြင့် နတ်ပြည်သို့ ရောက်နိုင်၏ဟူလို။

ဒေသနာတော်အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မဟာမောဂ္ဂလာနတ္ထေရပဉှာဝတ္ထု ပြီး၏။

---

## ၅။ ဗုဒ္ဓခမည်းတော် ပုဏ္ဏားဝတ္ထု

**အဟိံသကာ ယေ**–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာကေတမြို့ကို မှီ၍ အဉ္စနတော၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းတော်တို့သည် မေးအပ်သောပြဿနာကို အကြောင်းပြု၍ ဟောတော်မူ၏။

ရဟန်းသံဃာတော်အပေါင်း ခြံရံအပ်သော မြတ်စွာဘုရားရှင်၏ သာကေတမြို့သို့ ဆွမ်းခံလှည့်လည်ခြင်းငှါ ကြွဝင်တော်မူသောအခါ၌ သာကေတမြို့၌ နေလေ့ရှိသော အရွယ်ကြီးမား ပုဏ္ဏားတစ်ယောက်သည် အကြောင်းကိစ္စ

တစ်စုံတစ်ခုဖြင့် မြို့မှ ထွက်သွားသည်သော် လမ်းခရီးအကြား အိမ်တံခါး၌ မြတ်စွာ ဘုရားရှင်ကို တွေ့မြင်၍ ခြေတော်တို့၌ ဦးခိုက်ဝပ်ချ တုပ်ကွညွတ်လျှိုး ခြေဖမိုး ခြေဖမျက်တို့၌ မြဲမြံစွာ ကိုင်ဖက်ပြီးလျှင် အမောင် သားတို့မည်သည်ကား အိုမင်းလေပြီးသော မိခင်-ဖခင်တို့ကို သုတ်သင်ယုယ ပြုစုရကုန်မည် မဟုတ်ပါ တုံလော။ အဘယ်သို့သော အကြောင်းကြောင့် အချိန်ရှည်စွာ ကာလပတ်လုံး မိခင်ဖခင်ဖြစ်ကုန်သော ငါတို့အား ထင်ရှားစေလို မိမိကိုယ်ကိုမျှ မပြဘဲ နေပါ လေသနည်း။ ငါသည်မူကား အစဦးဆုံး မြင်ရပေပြီ။ အသင်၏ မိခင်ကိုလည်း တွေ့မြင်ခြင်းငှာ ယခုလာပါလော့ဟု အထူးထူး အပြားပြား လျှောက်ကြား ပြောဆိုပြီးလျှင် မြတ်စွာဘုရားရှင်ကို ပင့်ခေါ် ယူဆောင်၍ မိမိ၏အိမ်သို့ သွား လေ၏။ မြတ်စွာဘုရားရှင်သည် ထိုပုဏ္ဏားကြီး အိမ်သို့ ကြွတော်မူ၍ ခင်းထား အပ်သောနေရာ၌ ရဟန်းသံဃာအပေါင်းတို့နှင့်တကွ ထိုင်နေ သီတင်းသုံးတော် မူ၏။ ပုဏ္ဏေးမကြီးသည်လည်း မြတ်စွာဘုရား ထံတော်မှောက်သို့ လာရောက် ချဉ်းကပ်၍ မြတ်စွာဘုရား၏ ခြေတော်တို့၌ ဝပ်ဆင်းပြီးလျှင် ချစ်သား ဤ မျှလောက်ကြာအောင် အဘယ်အရပ်သို့ လှည့်ပတ်သွားရောက်၍နေဘိသနည်း၊ မိခင် ဖခင်တို့ မည်သည်ကို ကြီးသောကာလ၌ ကောင်းမွန်စွာ ပြုစုလုပ်ကျွေး အပ်ကုန်သည် မဟုတ်တုံလောဟု ပြောဆိုပြီးလျှင် မိမိသားသမီးကို အသင်တို့ လာလှည့်ကြကုန်လော့။ အသင်တို့၏ အစ်ကိုကြီးကို ရှိခိုးဦးချကုန်လော့ဟု ပြောဆိုပြီး ဦးချရှိခိုးစေ၏၊ ထိုနှစ်ဦးကုန်သော ပုဏ္ဏားကြီး ပုဏ္ဏေးမတို့သည် လည်း ရွှင်ပျနှစ်သက်သော စိတ်ရှိသဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာ ပေါ်အပေါင်းကို ကောင်းမွန်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြုပြင်လုပ်ကျွေး ပြီးသော် အရှင်ဘုရား ဤအိမ်၌သာလျှင် အမြဲမပြတ် ဆွမ်းကို ခံယူတော်မူပါ ကုန်လော့ဟု လျှောက်ကြား ပင့်ဖိတ်သောအခါ ဘုရားတို့မည်သည် တစ်ခု သောအရပ်၌သာလျှင် အမြဲမပြတ် ချဉ်းကပ်ရေးရှု မခံယူကုန်ဟူ၍ မိန့်တော်မူ သည်ရှိသော် အရှင်ဘုရား ထိုသို့ဖြစ်လျှင် အကြင်သူတို့သည် အရှင်မြတ်တို့ အား ချဉ်းကပ်ပင့်ဖိတ်ခြင်းငှါ လာရောက်ကုန်၏။ ထိုသူတို့ကို တပည့်တော် တို့၏ အထံသို့ စေလွှတ်တော်မူပါလော့ဟု လျှောက်ကြားကြကုန်၏။

မြတ်စွာဘုရားရှင်သည် ထိုအခါမှစ၍ ပင့်ဖိတ်လာသောသူတို့ကို သွား ရောက်၍ ပုဏ္ဏားကြီးအား ပြောကြားကုန်လော့ဟု ပြောဆိုစေလွှတ်တော်မူ၏။ ပင့်ဖိတ်လာသူတို့သည် ပုဏ္ဏားကြီးအထံသို့ သွား၍ အကျွန်ုပ်တို့သည် နက်ဖြန်အလို့ငှာ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်ပါကုန်၏ဟု ပုဏ္ဏား ကြီးကို ပြောကြားကြကုန်၏။ ပုဏ္ဏားကြီးသည်တစ်ဖန်မိုးသောက် ရောက်သော နေ့၌ မိမိ၏နေအိမ်မှ ဆွမ်းခွက်, ဟင်းခွက်တို့ကို ယူဆောင်၍ မြတ်စွာဘုရား နေထိုင် သီတင်းသုံးသော နေရာအရပ်သို့ ချဉ်းကပ်သွားရောက်၏။တစ်ပါးသော

အရပ်၌ ပင့်ဖိတ်ခြင်း မရှိခဲ့သော်ကား မြတ်စွာဘုရားသည် ပုဏ္ဏားကြီး၏အိမ်၌ သာလျှင် ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြုတော်မူ၏။ ထိုနှစ်ဦးကုန်သော ပုဏ္ဏား ပုဏ္ဏေးမကြီးတို့သည်လည်း မိမိလှူဖွယ်ဝတ္ထု အစုစုအဝဝကို အမြဲ ကာလပတ်လုံး မြတ်စွာဘုရားရှင်အား ကြည်လင် ရွှင်လန်း လှူဒါန်းကြကုန်သည်ဖြစ်၍ တရား စကားကို ကြားနာကုန်လျက် အနာဂါမိဖိုလ်သို့ ရောက်ကုန်၏။ ရဟန်းတို့သည် အစည်းအဝေး တရားသဘင်၌ ငါ့ရှင်တို့ ပုဏ္ဏားကြီးသည် သုဒ္ဓေါဒနမင်းကြီးကား မြတ်စွာဘုရား၏ ခမည်းတော်ပေတည်း၊ မဟာမာယာ မိဖုရားကြီးသည် မြတ်စွာ ဘုရား၏ မယ်တော် ပေတည်းဟူ၍ ထင်ရှားတိတိ သိရှိ၏။ ယင်းသို့ သိလျက် သာလျှင် ပုဏ္ဏေးမနှင့်တကွ မြတ်စွာဘုရားကို ငါတို့၏ သားတည်းဟု ပြောဆို၏။ မြတ်စွာဘုရားသည်လည်း ထိုသို့ထင်ရှား ပြောစကား၌ပင်လျှင် တစ်စုံတစ်ခု မြစ်ပယ်ခြင်းအမှုကို မပြုလုပ်ဘဲ ဆိတ်ဆိတ်သည်းခံ၍ နေတော်မူ၏။ အကြောင်း ကား အဘယ်သို့ ရှိလေသနည်းဟူသော စကားကို ဖြစ်စေကြကုန်၏။

## ဘဝငါးရာ ခမည်းတော် မယ်တော်ဖြစ်ဖူးခြင်း

မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့၏ စကားကို ကြားသိတော်မူ၍ ချစ်သား ရဟန်းတို့ ထိုနှစ်ဦးကုန်သော ပုဏ္ဏား ပုဏ္ဏေးမကြီးတို့သည် မိမိ၏ သားကိုသာ လျှင် သားဟူ၍ ပြောဆို ကုန်သည်ဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော် မူ၏။ ချစ်သား ရဟန်းတို့ ရှေးအခါ၌ ဤပုဏ္ဏားကြီးသည် အဆက်မပြတ် ဘဝဇာတ် ငါးရာတို့ပတ်လုံး ငါဘုရား၏ ဖခင်ဖြစ်ခဲ့ဖူးပြီး ဘဝဇာတ် ငါးရာတို့ ပတ်လုံး ဖခင်၏ညီငယ် ဘထွေးချည်း ဖြစ်ခဲ့ဖူးပြီ။ ဘဝဇာတ် ငါးရာတို့ပတ်လုံး ဘကြီးချည်း ဖြစ်ဖူးပြီ။ ထိုပုဏ္ဏေးမကြီးသည်လည်း အစဉ်မပြတ် ဘဝဇာတ် ငါးရာတို့ပတ်လုံး ငါဘုရား၏ မိခင်ရင်းစစ် ဖြစ်ဖူးခဲ့လေပြီ။ ဘဝဇာတ် ငါးရာတို့ ပတ်လုံး မိခင်၏ ညီမငယ် မိထွေးချည်း ဖြစ်ဖူးခဲ့လေပြီ။ ဘဝဇာတ် ငါးရာတို့ ပတ်လုံး မိခင်၏ အစ်မမိကြီးချည်း ဖြစ်ဖူးလေပြီ။ ဤသို့ပြဆိုခဲ့ပြီးသောအတိုင်း ငါဘုရားသည် တစ်ထောင့်ငါးရာသော ဘဝဇာတ်ပတ်လုံး ပုဏ္ဏားကြီး၏ လက်၌ ကြီးပွားခဲ့ရဖူးပြီ။ ဘဝဇာတ် တစ်ထောင့်ငါးရာပတ်လုံး ဤပုဏ္ဏေးမကြီး၏ လက်၌ကြီးပွားခဲ့ရဖူးပြီ။ ဤသို့လျှင် တစ်ဘဝဇာတ် သုံးထောင်တို့ပတ်လုံး ထို ပုဏ္ဏား ပုဏ္ဏေးမကြီးတို့၏ သားဖြစ်ခဲ့ရသည်၏ အဖြစ်ကို ပြတော်မူပြီး ဤ ဂါထာတို့ကို ဟောတော်မူ၏—

ယသ္မိံ မနော နိဝိသတိ၊ စိတ္တဉ္စာပိ ပသီဒတိ။
အဒိဋ္ဌပုဗ္ဗကေ ပေါသေ၊ ကာမံ တသ္မိမ္ပိ ဝိဿသေ။
ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္စုပ္ပန္နဟိတေန ဝါ။
ဧဝံ တံ ဇာယတေ ပေမံ၊ ဥပ္ပလံဝ ယထောဒကေ။

ရှေး၌ မမြင်ဖူးသော သူ၌ စိတ်ဝင်စားလာ၏။ ကြည်ညိုစိတ်လည်း ဖြစ်၏။ မမြင်ဖူးသော ထိုသူ၌ ချစ်ကျွမ်းဝင်မှု ဖြစ်တတ်သည်။

ရှေးဘဝက အတူတကွပေါင်းသင်း နေထိုင်ခဲ့ဖူးခြင်းဖြင့် လည်းကောင်း၊ ပစ္စုပ္ပန်ဘဝ၌ အကျိုးစီးပွား ဆောင်ရွက်နေသဖြင့် လည်းကောင်း ဤနှစ်ပါးသော အကြောင်းတို့ကြောင့် မြင်မြင်ချင်း ချစ်ခင်ခြင်းသည် ဖြစ်တတ်၏။ ဥပမာ—ရေနှင့် ညွန်ဟူသော အကြောင်းနှစ်မျိုးတို့ကြောင့် ရေထဲ၌ ကြာပန်းသည် ပေါက်သကဲ့သို့တည်း။

## ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ ရဟန္တာဖြစ်ပုံ

မြတ်စွာဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး ထိုအမျိုးကိုသာလျှင် အမှီပြု၍ သီတင်းသုံးနေတော်မူ၏။ ထိုနှစ်ဦးကုန်သော ပုဏ္ဏား ပုဏ္ဏေးမကြီးတို့သည်လည်း အရဟတ္တဖိုလ်ကို မျက်မှောက်ပြု၍ ပရိနိဗ္ဗာန် စံလွန်ကြကုန်၏။ ထိုအခါ နှစ်ဦးကုန်သော ပုဏ္ဏား ပုဏ္ဏေးမကြီးတို့၏ ထိုရုပ်အလောင်းတို့အား ကြီးကျယ်စွာသော ပူဇော်သက္ကာရကိုပြု၍ နှစ်ဦးကုန်သော ရုပ်အလောင်းတို့ကို တစ်ခုတည်းသော အထွတ်တပ်သော ပြာသာဒ်ဂါက်သို့သာလျှင်ပင့်တင်၍ ထုတ်ဆောင်ကြကုန်၏။ မြတ်စွာဘုရားသည်လည်း ငါးရာမျှလောက်သော ရဟန်းအပေါင်းခြံရံလျက် ထိုအလောင်းတို့နှင့် အတူတကွသာလျှင် သုသာန်သချိုင်းသို့ ကြွသွားတော်မူ၏။ အရှင်ဘုရားတို့၏ မယ်တော် ခမည်းတော်တို့ ဖြစ်ပေကုန်သတတ်ဟု လူများအပေါင်းတို့သည် လိုက်ပါထွက်သွား၏။ မြတ်စွာဘုရားရှင်သည်လည်း သုသာန်သချိုင်း၏အနီး၌ တစ်ခုသောဇရပ်သို့ ချဉ်းကပ်ဝင်ရောက် သီတင်းသုံးတည်နေတော်မူ၏။ လူတို့သည် မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချကုန်ပြီးသော် သင့်တင့်လျောက်ပတ် နေရာဌာနသို့ ချဉ်းကပ်တည်နေကြကုန်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားဘို့အား နှစ်ပါးကုန်သော မိခင် ဖခင်တို့ သေလွန်ခြင်းကို ပြုကုန်ပြီ တကားဟု ဖြစ်ပွားနှမ်းညှိုး စိုးရိမ်ကြံစည်ခြင်းကို မပြုပါကုန်လင့်။ ဤသို့ ဒေသနာရှိကုန်သော ဘုရားနှင့်အတူတကွ ပဋိသန္ထာရစကား ပြောကြားခြင်းကိုပြုကုန်၏။ မြတ်စွာဘုရားသည် အသင်တို့သည် ဤသို့ မပြောဆိုကုန်လင့်ဟု မမြစ်ပယ်မူ၍ ပရိသတ်၏အလိုကို ကြည့်ရှုတော်မူပြီးလျှင် ထိုခဏအား သင့်လျော်လျောက်ပတ်သော တရားကို ဟောကြားတော် မူလိုသောကြောင့် ဤဇရာသုတ်ကို ဟောတော်မူ၏—

**အပ္ပံ ဝတ ဇီဝိတံ ဣဒံ၊ ဩရံ ဝဿသတာပိ မိယျတိ။**

**ယော စေပိ အတိစ္စ ဇီဝတိ၊ အထ ခေါ သော ဇရသာပိ မိယျတိ။**

ဤလူ့အသက်သည် တိုလှ၏၊ အနှစ်တစ်ရာအောက်၌လည်း သေလွန်၏။ အကြင်သူသည် အနှစ်တစ်ရာလွန်၍ အသက်ရှည်၏။ ထိုသူသည် အိုမင်းခြင်းဖြင့်လည်း သေလွန်ရတော့၏။

တရားဒေသနာ၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါး ပိုင်းခြားသိသွတ် အကျွတ်တရားကိုရသည် ဖြစ်လေ၏။ ရဟန်းတော်တို့သည် ပုဏ္ဏားကြီး၏လည်းကောင်း ပုဏ္ဏေးမကြီး၏လည်းကောင်း ပရိနိဗ္ဗာန်စံယူသောအဖြစ်ကို မသိကုန်သောကြောင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုပုဏ္ဏား ပုဏ္ဏေးနှစ်ကြီးတို့၏ လားကပ်ရာဌာန ထမလွန်လောကသည် အဘယ်ပါနည်းဟု မေးလျှောက်ကုန်၏။ မြတ်စွာဘုရားရှင်က ချစ်သားရဟန်းတို့ ဤသို့သဘောရှိကုန်သော အသေခမုနိ ဖြစ်ကုန်သောသူတို့အား လားရာဘဝ တမလွန်လောကမည်သည် မရှိတော့ပြီ၊ ထိုစကားမှန်၏။ ဤသို့သဘောရှိသော ပုဂ္ဂိုလ်တို့သည် စုတေ့ရွေလျောခြင်း မရှိသော သေခြင်းကင်းသော နိဗ္ဗာန်သို့သာလျှင် ရောက်ကုန်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏——

အဟိံသကာ ယေ မုနယော၊ နိစ္စံ ကာယေန သံဝုတာ။
တေ ယန္တိ အစ္စုတံ ဌာနံ၊ ယတ္ထ ဂန္တွာ န သောစရေ။

ရဟန္တာမုနိတို့သည် မညှဉ်းဆဲတတ်ကုန်၊ ကာယဒွါရဖြင့် အမြဲစောင့်စည်းကုန်၏။ ထိုရဟန်းတို့သည် စိုးရိမ်ကင်းရာဖြစ်သော မရွေ့မလျော အမြဲတည်သော ဌာနသို့ လားရောက်ကြကုန်၏။

ထိုဂါထာ၌—

**မုနယော** ဟူသည်=မောနေယျကျင့်ဖြင့် မဂ်ဖိုလ်သို့ ရောက်ကုန်ပြီးသော အသေခမုနိတို့တည်း၊

**ကာယေန**=ဟူသော ဤစကားသည် ဒေသနာဦးတည်ကာမျှ ဖြစ်၏။ ဒွါရသုံးပါးဘို့ဖြင့်လည်း ကောင်းစွာ စောင့်ရှောက်အပ်သည်ဟူလို။

**အစ္စုတံ** ဟူသည်=အမြဲဟူလို။

**ဌာနံ** ဟူသည်=မပျက်မစီး အမြဲတည်သော ဌာနကို။

ယတ္ထ–ဟူသည် အကြင်နိဗ္ဗာန်သို့ ရောက်၍ မစိုးရိမ်ရကုန်၊ မပင်ပန်းကုန်၊ ထို နိဗ္ဗာန်သို့ ရောက်ကုန်ဟူလို။

ဒေသနာတော်၏အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဘုရားရှင်၏ ခမည်းတော်ဝတ္ထုပြီး၏။

---

## ၆။ ပုဏ္ဏာကျွန်မဝတ္ထု

သဒါ ဇာဂရ မာနာနံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားသည် ဂိဇ္ဈကုဋ်တောင်၌ သီတင်းသုံးနေတော်မူစဉ် ရာဇဂြိုဟ်သူဌေး၏ ကျွန်မ ပုဏ္ဏာကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်ပြည်၌ သေဌေးကျွန်မပုဏ္ဏာအား တစ်နေ့သ၌ ထောင်းဖွပ်ခြင်း အကျိုးငှါ များစွာသော ကောက်စပါးကို ပေးကြကုန်သတတ်၊ ထိုပုဏ္ဏာကျွန်မ သည် ညဥ့်၌လည်း ဆီမီးကို ညှိထွန်း၍ ကောက်စပါးကို ထောင်းဖွပ်စဉ် အနည်း ငယ်မွန်း ပင်ပန်းသည်ကို ဖြေခြင်းငှါ ချွေးစိုသောကိုယ်ဖြင့် အပြင်ဘက် ထွက် ခိုက် လေတိုက်သောနေရာ၌ တည်နေ၏။ ထိုအခါ မလ္လာမင်း၏သား ဖြစ်သော အရှင်ဒဗ္ဗသည်အာဂန္တုရဟန်းတို့၏ အိပ်ရာနေရာ ခင်းတတ်သောပုဂ္ဂိုလ်ဖြစ်ပေ၏။ ထိုအရှင် ဒဗ္ဗသည် တရားနာခြင်းသို့ သွားရောက်တရားနာ၍ မိမိ မိမိ၏ အိပ်ရာ နေရာသို့ ကြွသွားကြကုန်သော ရဟန်းတော်တို့အား လက်ချောင်းကို မီးလျှံ ထွန်းတောက်စေ၍ ရှေ့မှရှေ့မှ ခရီးလမ်းညွှန်အကျိုးငှါ သွားသည်ရှိသော် ရဟန်း တော်တို့အား အလင်းရောင်ကို ဖန်ဆင်း၍ ပေးတော်မူ၏။ ပုဏ္ဏမည်သော အိမ် ကျွန်မသည် ထိုအလင်းရောင်ဖြင့် လှည့်လည်ကုန်သော ရဟန်းတော်တို့ကို မြင်၍ ငါကား ရှေးဦးစွာ မိမိဆင်းရဲဖြင့် ဆင့်ကဲမပြတ် နှိပ်စက်အပ်သည် အဖြစ်ကြောင့် စိုးနှောင့်ပူဆာ ဤအခါ၌လည်း ကောဝိးစွာမေ့လျော် အိပ်ပျော်ခြင်းသို့ မကပ် ရောက်ရပေ။ အရှင်ကောင်းတို့သည် အဘယ့်ကြောင့် မအိပ်မကျိန်းတော်မူကြ လေသနည်းဟု ကြံ၍ စင်စစ်ကေန် အမှန်အားဖြင့် တစ်ပါးသော ရဟန်းအား မချမ်းသာခြင်း ရှိသည်မူလည်းဖြစ်လတ္တံ့၊ သို့မဟုတ် မြွေမျိုးတို့ဖြင့် ဘေးရန်ရှိ သည်မူလည်း ဖြစ်လတ္တံ့ဟု အမှတ်ကိုပြု၍ နံနက်စောစောကပင်လျှင် ဆန်ကွဲကို ယူ၍ ရေဖြင့်ဆွတ်ပြီးလျှင် လက်ဝါးအပြင်၌ မုန့်ကိုပြုလုပ်၍ မီးတို့၌ဖုတ်ပြီးသော် ရင်ခွင်၌ ထည့်ထားယူငင်သည်ကိုပြု၍ ရေဆိပ်ခရီးလမ်း၌သာလျှင် စားတော့အံ့ ဟု ကြံပြီးလျှင် ရေအိုးကိုယူ၍ ရေဆိပ်သို့ ရှေးရှုသွား၏။

## မြတ်စွာဘုရားအား ဆန်ကွဲမုန့်လှူခြင်း

မြတ်စွာဘုရားသည်လည်း ရွာသို့ ဆွမ်းခံ ကြွဝင်ခြင်းငှါ ထိုခရီးလမ်းသို့သာလျှင် ကြွသွားတော်မူ၏။ ထိုပုဏ္ဏမည်သော အိမ်ကျွန်မသည် မြတ်စွာဘုရားရှင်ကို တွေ့မြင်၍ ကြံဆင်ခြင်သည်ကား "တစ်ပါးသော နေ့တို့၌ မြတ်စွာဘုရားရှင်ကို မတွေ့မြင်ပါသော်လည်း ငါ့အား ပေးလှူဖွယ် ဝတ္ထုရှိသည် မဖြစ်ပေ။ လှူဖွယ်ဝတ္ထု တစ်စုံတစ်ခု ရှိပြန်ပါသော်လည်း မြတ်စွာဘုရားရှင်ကို မတွေ့မြင်ရ။ ဤ ယခုအခါ၌ ငါ့အား ပေးလှူဖွယ် ဝတ္ထုလည်း ရှိခဲ့၏။ မြတ်စွာဘုရားရှင်လည်း မျက်မှောက် ထင်ရှား ဖြစ်ခဲ့၏။ ကြမ်းတမ်းသည်ကို လည်းကောင်း၊ မွန်မြတ်သည်ကိုလည်းကောင်း မမှတ်မကြံ အကယ်၍ အလှူခံသည် ဖြစ်အံ့။ ငါသည် ဤမုန့်ကို ပေးလှူအံ့"ဟု ကြံစည်၏။ ကြံစည်ပြီး ရေအိုးကို လျှောက်ပတ်သော အရပ်တစ်ခု၌ ချထား၍ မြတ်စွာဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချပြီးသော် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကြမ်းတမ်း သိမ်ဖျင်းသော ဤအလှူကို ခံယူတော်မူကုန်လျက် တပည့်တော်မအား ချီးမြှောက်ခြင်းအမှုကို ပြုပါကုန်လော့"ဟု လျှောက်ကြား၏။ မြတ်စွာဘုရားရှင်သည် အာနန္ဒာမထေရ်ကို ကြည့်ရှုတော်မူ၍ ထိုအာနန္ဒာမထေရ်က နတ်မင်းကြီးလေးဦး အထူးဆက်ကပ်အပ်သော သပိတ်တော်မြတ်ကို ရှေးရှုညွတ်စေ၍ မုန့်ကို ခံယူတော်မူ၏။ အိမ်ကျွန်မဖြစ်သော ပုဏ္ဏသည်လည်း ထိုလှူဖွယ်မုန့်ကို မြတ်စွာဘုရား သပိတ်တော်၌ ထည့်၍သာလျှင် တည်ခြင်းငါးပါး ရှိခိုးခြင်းဖြင့် ရှိခိုး၍ အရှင်မြတ်ဘုရား အရှင်ဘုရားတို့သည် သိအပ်မြင်အပ်သော တရားသည်သာလျှင် ဆင်းရဲဒုက္ခတ တပည့်တော်မ မိပုဏ္ဏအား မချွတ်ကိုလို့ ပြည့်စုံပါစေသတည်းဟု ဆုတောင်းပတ္ထနာ၏။ မြတ်စွာဘုရားရှင်သည် ဤသို့ ဆုတောင်းပတ္ထနာသည့်အတိုင်း ပြည့်စုံသည် ဖြစ်စေသတည်းဟု ရပ်တည်တော် မူလျက်သာလျှင် အနုမောဒနာ ပြုတော်မူ၏။ ပုဏ္ဏ အိမ်ကျွန်မသည်လည်း "မြတ်စွာဘုရားသည် ငါ့အား ပံ့ထောက် ချီးမြှောက်ခြင်းကို ပြုလိုသောကြောင့် ကပ်လှူအင်သော မုန့်ကို အကယ်၍မူကား ခံယူ၏။ ယင်းသို့ခံယူသော်လည်း ဤမုန့်ကိုမူကား မဘုဉ်းပေးတော်မူလတ္တံ့။ စင်စစ်အားဖြင့်ကား ရှေ့သို့ ကြွသွားပြီးသော အခါ ကျီးငှက်အား လည်းကောင်း၊ ခွေးအား လည်းကောင်း စွန့်ကြဲပေးလမ်း၍ ဘုရင်မင်း၏လည်းကောင်း မင်းသား၏လည်းကောင်း နန်းအိမ်တော်သို့ ကြွသွားပြီးသော် မွန်မြတ်သော ဘောဇဉ်ကို ဘုဉ်းပေး သုံးဆောင်တော်မူလတ္တံ့"ဟု ကြံစည်၏။ မြတ်စွာဘုရားသည်လည်း ဤအိမ်ကျွန် မပုဏ္ဏသည် အဘယ်သို့ အကြံဖြစ်လေသနည်းဟု ဆင်ခြင်တော်မူသည် ရှိသော် ထိုအိမ်ကျွန် မပုဏ္ဏ၏ စိတ်အကြံကို သိမြင်တော်မူသောကြောင့် အာနန္ဒာမထေရ်ကို ကြည့်ရှုတော်မူ၍ ထိုင်နေအံ့သော အခြင်းအရာကို ပြတော်

မူ၏။ မထေရ်သည် သင်္ကန်းတော်ကို ခင်း၍ ပေး၏။ မြတ်စွာဘုရားရှင်သည် မြို့၏ အပြင်ဘက်၌သာလျှင် ထိုင်နေ သင်းတင်းသုံးတော်မူ၍ ဆွမ်းဘုဉ်းပေးခြင်း ကိစ္စကို ပြုတော်မူ၏။ နတ်တို့သည် အလုံးစုံ ကြေငွေ့ဘက်ခန်း၌ နတ်လူတို့အား သုံးဆောင်ထိုက်သော ဩဇာကို ပျားလဘို့မှ ညှစ်ထုတ်ယူဘိသကဲ့သို့ ညှစ်ထုတ်ယူ၍ မြတ်စွာဘုရား ဘုဉ်းပေးတော်မူသော ထိုမုန့်၌ ထည့်ကြကုန်၏။ ဒါမ်ကျွန်မပုဏ္ဏသည်လည်း ကြည့်လျက် ရပ်တည်၍ နေ၏။ ဆွမ်းစားပြီးသောအခါ အာနန္ဒာမထေရ်သည် ရေကို ပေးဆက်၏။ မြတ်စွာဘုရားသည် ဆွမ်းကိစ္စပြီး၍ ပုဏ္ဏကို ခေါ်တော်မူပြီးလျှင် ဟယ် ပုဏ္ဏ အဘယ်ကြောင့် အသင်သည် ငါဘုရား၏ တပည့်ကို ရှေ့တော်ဘိသနည်းဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မ မရှေ့တော်ရပါဟု လျှောက်ကြားသောအခါ ထိုသို့ မရှေ့တော်နဲ့သော် အသင်သည် ငါဘုရား၏ တပည့်တို့ကို ကြည့်ရှု၍ အဘယ်ကို ပြောဆိုသနည်းဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား "ငါသည် ထိုမျှလောက်ကြာအောင် ဤဆင်းရဲဒုက္ခ ဒုန္နိပ်အကျက်ကို ခံရသောကြောင့် အိပ်ပျော်ခြင်းသို့ မသက်ရောက်ရချေ။ အရှင်ကောင်းတို့သည် အဘယ်အကျိုးငှါ အိပ်ပျော်ခြင်းသို့ မကပ်ရောက်ကုန်သနည်း။ စင်စစ် အမှန်အားဖြင့် ရဟန်းတစ်ပါးအား မချမ်းသာခြင်းမှုလည်း ဖြစ်ပေလတ္တံ့။ မြွေမျိုးဖြင့်မှုလည်း ဘေးရန်ရှိသည် ဖြစ်လတ္တံ့"ဟု ဤမျှလောက်ကိုသာ တပည့်တော်မ ကြံစည်မိပါသည်ဟု လျှောက်ကြားသည် ရှိသော် မြတ်စွာဘုရားရှင်သည် ထိုအိမ်ကျွန်မပုဏ္ဏာ၏ စကားကို ကြားတော်မူ၍ ဟယ်ပုဏ္ဏ အသင်သည် ဆင်းရဲခြင်းဖြင့် လွန်မင်းစွာ နှိပ်စက်သောကြောင့် မအိပ်ရ။ ငါဘုရား၏ တပည့်တို့သည်လည်း အခါခပ်သိမ်း နိုးကြားခြင်းနှင့် ယှဉ်သော လုံ့လရှိသည်၏ အဖြစ်ကြောင့် မအိပ်ရပေဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

**သဒါ ဇာဂရမာနာနံ၊ အဟောရတ္တာနုသိက္ခိနံ။**
**နိဗ္ဗာနံ အဓိမုတ္တာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။**

အမြဲနိုးကြားနေကုန်သော နေ့ညအမြဲ သိက္ခာသုံးပါးကို ကျင့်ကြကုန်သော နိဗ္ဗာန်သို့ ညွှတ်သော စိတ်ရှိကုန်သော ပုဂ္ဂိုလ်တို့အား အာသဝေါတရားတို့သည် ချုပ်ငြိမ်းခြင်းသို့ ရောက်ကုန်၏။

ထိုဂါထာ၌—

**အဟောရတ္တာနုသိက္ခိနံ** ဟူသည်=နေ့၌လည်းကောင်း ညဉ့်၌လည်းကောင်း သိက္ခာသုံးပါးကို ကျင့်ကုန်သော။

နိဗ္ဗာနံ အဓိမုတ္တာနံ ဟူသည်=နိဗ္ဗာန်ကို လိုလားကုန်သော။

အတ္ထံ ဂစ္ဆန္တိ ဟူသည်=ဤသို့ သဘောရှိသော ပုဂ္ဂိုလ်တို့အား ခင်းသိမ်းသော အာသဝေါတရားတို့သည် ချုပ်ငြိမ်းကွယ်ပျောက် မရှိခြင်းသို့ ရောက်ကုန်၏ဟူလို။

ဒေသနာတော်၏ အဆုံး၌ ဇင်မ်ကျွန်မ ပုဏ္ဏာသည် ရပ်တည်လျက်သာလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဒေသနာသည် ဖြစ်၏။

မြတ်စွာဘုရားရှင်သည် ဆန်ကွဲကို မီးဖြင့်ဖုတ်အပ်သော မုန့်ဖြင့်သာလျှင် ဆွမ်းစားခြင်းကိစ္စကို ပြု၍ ကျောင်းတော်သို့ ကြွတော်မူ၏။ ရဟန်းတို့သည် တရားသဘင် အစည်းအဝေး၌ ဂုဏ်တို့ မြတ်စွာဘုရားရှင်သည် ပုဏ္ဏမည်သော အိမ်ကျွန်မသည် ပေးလှူအပ်သော ဆန်ကွဲကို မီးခဲဖြင့် ဖုတ်အပ်သော မုန့်ဖြင့် ဆွမ်းစားခြင်းကိစ္စကို ပြုတော်မူသဖြင့် ပြုနိုင်ခဲသောအမှုကို ပြုပါပေသည် ဟူသော စကားကို ဖြစ်စေကြကုန်၏။

## အတိတ်ဝတ္ထုကို ဟောတော်မူခြင်း

မြတ်စွာဘုရားရှင်သည် တရားသဘင် အစည်းအဝေးသို့ ကြွတော်မူလာ၍ ချစ်သားရဟန်း တို့ ဤယခုအခါ၌ အဘယ်သို့သော စကားဖြင့် ပြောကြားစည်းဝေး နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ ဤယခု အခါ၌သာလျှင် ထိုပုဏ္ဏာ ပေးလှူအပ်သော ဆန်ကွဲမုန့်ကို ဘုဉ်းပေးသုံးဆောင် ရသည် မဟုတ်တုံသေး ရှေးရှေးသော အခါ၌လည်း ငါဘုရားသည် ဤပုဏ္ဏာ ပေးအပ်သော ဆန်ကွဲမုန့်ကို သုံးဆောင်ရဖူးသည် သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူပြီးလျှင် ၃-ဂါထာတို့ကို ဟောကြားတော်မူ၏။

ဘုတွာ တိဏပရိဃာသံ၊ ဘုတွာ အာစာမကုဏ္ဍကံ။
တော် တေ ဘောဇနံ အာသိ၊ ကသ္မာ ဒါနိ န ဘုဉ္ဇသိ။
ယတ္ထ ပေါသံ န ဇာနန္တိ၊ ဇာတိယာ ဝိနယေန ဝါ။
ဗဟုံ တတ္ထ မဟာဗြဟ္မေ၊ အပိ အာစာမကုဏ္ဍကံ။
တွဉ္စ ခေါ မံ ပဇာနာသိ၊ ယာဒိသာယံ ဟယုတ္တမော။
ဇာနန္တော ဇာနမာဂမ္မ၊ န တေ ဘက္ခာမိ ကုဏ္ဍကံ။

အိုသိန္ဓောမြင်းငယ်၊ သင်သည် စားကြွင်းမြက်ကို စားသုံးခဲ့၍ ထမင်းကျိုး ဆန်ကွဲမုန့်ကို စားသုံးခဲ့၍ ထိုစားကြွင်းမြက်နှင့် ထမင်းကျိုး ဆန်ကွဲသည် သင်၏ အစာဖြစ်၏။ ယခုအခါ အဘယ့်ကြောင့် မစားပါသနည်း။

အို ပုဏ္ဏားကြီး အကျိုးဇာတ်အားဖြင့်လည်းကောင်း အကျင့်အားဖြင့်လည်းကောင်း၊ ယောကျ်ားကောင်းတစ်ယောက်ကို မသိတတ်သော အရပ်၌ ထမင်းကျိုးဆန်ကွဲကိုသော်လည်း စားနေရပေ၏။ သင်သည်မူကား ဤမြင်းသည် မြတ်သောမြင်းတည်းဟူ၍ ငါ့ကိုသိ၏။ မိမိစွမ်းအားကို သိသော ငါသည် သင်၏ နားလည်မှုကို အကြောင်းပြု၍ သင်၏ဆန်ကွဲထမင်းကို ငါမစားချေ။

ဤသိန္ဓောမြင်းငယ်ဇာတ်ကို အကျယ်အားဖြင့် ဟောတော်မူ၏။

ပုဏ္ဏကျွန်မ ဝတ္ထု ပြီး၏။

---

## ၇။ အတုလ ဥပါသကာဝတ္ထု

ပေါရာဏမေတံ အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အတုလဥပါသကာကို အကြောင်းပြု၍ ဟောတော်မူ၏။

### စိတ်တိုင်းမကျသော ဒါယကာ

သာဝတ္ထိပြည်၌ အတုလအမည်ရှိသော ထိုဥပါသကာသည် ငါးရာသော ဥပါသကာ အခြံအရံနှင့် နေ၏။ တစ်နေ့သောအခါ၌ အတုလ ဥပါသကာသည် အခြံအရံဖြစ်ကုန်သော ထိုဥပါသကာတို့ကို ခေါ်ယူသင့်လျက် တရားတော်ကို နာကြားခြင်းငှါ ကျောင်းတော်သို့ သွားရောက်၍ ရေဝတမထေရ်၏ အထံ၌ တရားနာလို၍ ဦးချညွတ်လျှိုး ရှိခိုး၍ ထိုင်နေ၏။ အရှင်ရေဝတသည်ကား သားများ သေင်္ဂနှင်း ခြသေ့်မင်းကဲ့သို့ ဆိတ်ငြိမ်ရာအရပ်၌ ကိုယ်တော်တစ်ပါးတည်းသာ သွားလာ နေထိုင်လေ့ရှိ၏။ ထိုသို့သော အကြောင်းကြောင့် ရှိခိုးဆည်းကပ် လာသော ထိုအတုလ ဥပါသကာနှင့်အတူတကွ တစ်စုံတစ်ရာ တရားစကား ပြောကြားခြင်း မရှိလေ။ တရားစကား ကြားနာခွင့်မရ နှုတ်မျှမဆက်သော ကြောင့် အတုလဥပါသကာသည် အမျက်ထွက်၍ အရှင်သာရိပုတ္တရာ၏ အထံ တော်သို့ သွားရောက်ပြီးသော် သင့်လျော်သျောက်ပတ်သော နေရာ၌ တည် နေ၏။ မထေရ်က အဘယ်အကြောင်းကြောင့် လာသနည်းဟု မေးတော် မူသည်ရှိသော် အမျှင်ဘုရား တပည့်တော်သည် ဤဥပါသကာတို့ကို ခေါ်ယူ၍ တရားနာခြင်းအကျိုးငှါ ရေဝတမထေရ်၏ အထံသို့ ချဉ်းကပ်ပါ၏။ ထိုအကျွန်ုပ် အား ရေဝတမထေရ်သည် တစ်စုံတစ်ခုသော စကားကိုမျှ မပြောကြားပါ။ ထို့ကြောင့် တပည့်တော်သည် ထိုရေဝတမထေရ်အား အမျက်ထွက်၍ အရှင်ဘုရား၏ ထံတော်ဖြစ်သော ဤအရပ်သို့ လာရောက်ခဲ့ပါသည်။ တပည့် တော်အား တရားစကား ဟောကြားတော်မူပါကုန်လော့ဟု လျှောက်ထားသည်

ရှိသော် “ဥပါသကာတို့ ထိုင်နေကြကုန်လော့”ဟု မိန့်ဆိုတော်မူပြီးလျှင် အဘိဓမ္မာဒေသနာတရားကို များစွာ ဟောကြားတော်မူ၏။ ဥပါသကာလည်း တရားစကားမည်သည် အလွန်နူးညံ့သိမ်မွေ့၏။ မထေရ်သည် အထူးထူး အပြားပြား များစွာသော အဘိဓမ္မာ တရားစကားကိုသာလျှင် ဟောကြားဘိ၏။ ငါတို့အား နက်နဲသိမ်မွေ့လှသော ဤအဘိဓမ္မာ တရားစကားဖြင့် အဘယ်အကျိုး ရှိပါအံ့နည်းဟု အမျက်ထွက်၍ မိမိပရိသတ်ကို ယူပြီးလျှင် အာနန္ဒာမထေရ်၏ ထံမှောက်သို့ သွားရောက်လေ၏။

မထေရ်ကလည်း ဒါယကာတို့ အကြောင်း အသို့နည်းဟု မေးတော်မူသည် ရှိသော် အရှင်ဘုရား တပည့်တော်တို့သည် တရားနာခြင်းအကျိုးငှါ ရေဝတ မထေရ်၏ အထံသို့ သွားရောက် ချဉ်းကပ်ပါကုန်ပြီ။ ထိုမထေရ်၏ အထံ၌ အာလာပ, သလ္လာပ စကားမျှကိုသော်လည်း ငြိုငြင်ခဲစွ မရဘဲ ရှိပါသောကြောင့် အမျက်ထွက်ပြီးသောအခါ သာရိပုတ္တရာမထေရ်၏ ထံမှောက်သို့ သွားရောက်ပါကုန်ပြီ။ ထိုမထေရ်ကလည်း တပည့်တော်တို့အား အလွန်တရာ နူးညံ့သိမ်မွေ့စွာသော အဘိဓမ္မာတရားစကား ကိုသာလျှင် များစွာ ဟောကြားတော်မူပါ၏။ ဤအဘိဓမ္မာတရား စကားဖြင့် ငါတို့အား အဘယ်အကျိုး ရှိနိုင်ချေအံ့နည်းဟု ထိုမထေရ်အားလည်း အမျက်ထွက်၍ အရှင်ဘုရား ဤအရပ်သို့ ချဉ်းကပ်လာရောက်ပါကုန်သည် အရှင်ဘုရား တပည့်တော်တို့အား တရားစကားကို ပြောကြားတော်မူပါလော့ဟု လျှောက်ထား၏။ သို့ဖြစ် ပါမူကား ထိုင်နေကြကုန်၍ အသင်တို့သည် ကြားနာကြကုန်လော့ဟု မိန့်တော်မူပြီးလျှင် အရှင်အာနန္ဒာမထေရ်သည် ထိုဒါယကာတို့အား ထင်ရှားသိလွယ် အနက် အဓိပ္ပါယ်ကိုပြု၍ အနည်းငယ်သာလျှင် ဖြစ်သောတရားကို ဟောကြားတော်မူ၏။

ထိုဒါယကာတို့သည် မထေရ်အားလည်း အမျက်ထွက်၍ မြတ်စွာဘုရား ထံမှောက်သို့ သွားရောက်ရှိခိုးပြီးသော် သင့်လျော် လျောက်ပတ် ချဉ်းကပ် နေထိုင်ကုန်၏။ ထိုအခါ မြတ်စွာဘုရားက ဒါယကာတို့ အဘယ်အကြောင်း ကြောင့် လာရောက်ကြကုန်ဘိသနည်းဟု ထိုဒါယကာတို့ကို မေးမြန်း ပြောဆိုတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တရားနာခြင်းအကျိုးငှါ လာရောက်ပါကုန်သည်ဟု လျှောက်ထားသည် ရှိသော် အသင်တို့အား တရားကို ကြားနာရပါကုန်ပြီလောဟု မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် ရှေးဦးအစမှ ရေဝတမထေရ်၏ အထံသို့ ချဉ်းကပ်ပါကုန်ပြီ၊ ထိုမထေရ်သည် တပည့်တော်တို့နှင့် အတူတကွ တစ်စုံတစ်ခုကိုမျှ မပြောဆိုပါ။ ထိုမထေရ်အား အမျက်ထွက်၍ သာရိပုတ္တရာမထေရ်ထံသို့ ချဉ်းကပ်ပါကုန်ပြီ။ ထိုမထေရ်သည် တပည့်တော်တို့အား များစွာသော အဘိဓမ္မာ တရားကို ဟောကြားပါပြီ၊ ထိုတရားစကားကို မှတ်သားခြင်းငှါ မစွမ်းနိုင်သော

ကြောင့် အမျက်ထွက်ပြီးသောအခါ အာနန္ဒာမထေရ်၏ တံမြောက်သို့ သွားရောက်ချဉ်းကပ်ပါကုန်ပြီ။ ထိုမထေရ်သည် ဥပါသကာတော်တို့အား အနည်းငယ်မျှသာလျှင် ဖြစ်သောတရားကို ဟောကြားပါသည်၊ ထိုမထေရ်အားလည်း အမျက်ထွက်၍ အရှင်ဘုရား၏ ဝတ်တော်ပါး ဖြစ်သော ဤအရှင်သို့ လာရောက်ချဉ်းကပ်ပါကုန်၏ဟု လျှောက်ထား၏။

မြတ်စွာဘုရားသည် ထိုဒါယကာ၏ လျှောက်ထားသော စကားကို ကြားသိတော်မူ၍ ဒါအတုလ ဤကဲ့ရဲ့ခြင်းသော စကားမည်သည် ရှေးရှေးသော ကာလမှစ၍ ပေါ်ထွက်သည်သာလျှင်တည်း။ ဆိတ်ဆိတ်နေသောသူကိုလည်း ကဲ့ရဲ့ရှုတ်ချ၍ ကုန်သည်သာလျှင်တည်း။ များစွာစကား ပြောကြားသောသူကိုလည်း ကဲ့ရဲ့ရှုတ်ချ၍ ကုန်သည်သာလျှင်တည်း။ စကားမကျယ် အနည်းငယ် ပြောဆိုသောသူကိုလည်း ကဲ့ရဲ့ရှုတ်ချကုန်သည် သာလျှင်တည်း၊ ထိုစကားမှန်၏၊ ကေန်စင်စစ် အားဖြင့် ကဲ့ရဲ့အပ်သော သူသည်သာလျှင်ရှိ၏ ချီးမွမ်းအပ်သောသူ မရှိသည်သာလျှင်တည်း ပြည့်ကြီးသေဌ်နင်း ပြည့်ရှင်မင်းတို့ကိုလည်း အချို့သောသူတို့သည် ကဲ့ရဲ့ရှုတ်ချကုန်၏။ အချို့သောသူတို့သည် ချီးမွမ်းကြကုန်၏၊ အလုံးစုံသော ဝတ္ထုတို့တည်ရာ မဟာပထဝီ မြေကြီးကိုလည်းကောင်း ကောင်းကင်၌ လှည့်လည်ပတ္တန်းသော လဝန်း နေဝန်းတို့ကိုလည်းကောင်း လေးပါးသော ပရိသတ်အလယ် တင့်တယ်နေမျှ၍ တရားစကား ဟောကြားတော်မူသော မြတ်စွာဘုရားကို လည်းကောင်း အချို့သောသူတို့သည် ကဲ့ရဲ့ရှုတ်ချကုန်၏၊ အချို့သောသူတို့သည် ချီးမွမ်းကုန်၏၊ ထိုစကားမှန်၏၊ ပညာမျက်စိမရှိ သူကန်း လူမိုက်တို့၏ ကဲ့ရဲ့ရှုတ်ချခြင်းသည်လည်းကောင်း၊ မြှောက်စား ချီးမွမ်းခြင်းသည်လည်းကောင်း အတိုင်းအရှည် ပမာဏမဟုတ်ကုန်။ စင်စစ်အားဖြင့်ကား ထက်မြက်လျင်မြန် စွမ်းအပ်နိုင်သော ပညာရှိသောသူသည် ကဲ့ရဲ့အပ်သော သာလျှင် စင်စစ် ကဲ့ရဲ့ထိုက်သောသူ မည်သည် ဖြစ်ပေ၏။ ပညာရှိသော ပုဂ္ဂိုလ်သည် ချီးမွမ်းအပ်သော်သာလျှင် ချီးမွမ်းထိုက်သောပုဂ္ဂိုလ် မည်သည် ဖြစ်ပေ၏ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

ပေါရာဏမေတံ အတုလ၊ နေတံ အဇ္ဇတနာမိဝ။
နိန္ဒန္တိ တုဏှိမာသိနံ၊ နိန္ဒန္တိ ဗဟုဘာဏိနံ။
မိတဘာဏိမ္ပိ နိန္ဒန္တိ၊ နတ္ထိ လောကေ အနိန္ဒိတော။
န စာဟု န စ ဘဝိဿတိ၊ န စေတရဟိ ဝိဇ္ဇတိ။
ဧကန္တံ နိန္ဒိတော ပေါသော၊ ဧကန္တံ ဝါ ပသံသိတော။

ယံစေ ဝိညူ ပသံသန္တိ၊ အနုဝိစ္စ သုဝေ သုဝေ။
အစ္ဆိဒ္ဒဝုတ္တိံ မေဓာဝိံ၊ ပညာ သီလ သမာဟိတံ။
နိက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတု မရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာ ပိ ပသံသိတော။

အို အတုလ ၄ ကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း၊ဤကဲ့ရဲ့ခြင်းသည် ယနေ့မှဖြစ်သည်မဟုတ် ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကုန်၏။ များစွာ ပြောဟောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ နှိုင်းချိန်၍ ပြောသောသူကိုလည်း ကဲ့ရဲ့ကုန်၏။ လောက၌ အကဲ့ရဲ့လွတ်သောသူမည်သည် မရှိပေ။

လုံးဝကဲ့ရဲ့ခံရသော လုံးဝချီးမွမ်းခံရသူမည်သည် ရှေးကလည်း မရှိခဲ့စဘူး၊ နောင်အခါ၌လည်း ရှိလိမ့်မည် မဟုတ်၊ ယနေ့အခါ၌လည်း မရှိ။

မကျိုးမပြတ်သော အကျင့်ရှိသော ဖောက်ခွဲနိုင်သော ပညာရှိသော ပညာဂုဏ် သီလဂုဏ် သမာဓိဂုဏ်ရှိသောသူကို ပညာရှိတို့သည် ဟုတ်မှန်စွာ သိ၍ နေ့တိုင်းနေ့တိုင်း ချီးမွမ်းခဲ့ပါမူ ဇမ္ဗူရာဇ်ရွှေစင် နိက္ခနှင့်တူသည်ကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း၊ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကုန်၏၊ ဗြဟ္မာမင်းသည်လည်း ချီးမွမ်း၏။

ထိုဂါထာ၌ ပေါရာဏမေတံ ဟူသည် သိသည်ကား ရှေးရိုးစဉ်လာတည်း ဟူလို။

အတုလ ဟူသည်=ထိုဥပါသကာကို နာမည်ဖြင့်ခေါ်ခြင်းတည်း။

နေတံအဇ္ဇတနာမိဝ ဟူသည်= ဤကဲ့ရဲ့ခြင်း ချီးမွမ်းခြင်းသည် ယခုခေတ် အခါမှသာ ဖြစ်ပေါ်သည် မဟုတ်။

တုဏှိမာသီနံ ဟူသည်=ဤပုဂ္ဂိုလ်သည် အဘယ်သို့နည်း၊အ သူကဲ့သို့၊နားပင်း သူကဲ့သို့ တစ်စုံတစ်ခု မသိသူကဲ့သို့ ဆိတ်ဆိတ်နေ၏ဟူ၍ ကဲ့ရဲ့ကုန်၏။

ဗဟုဘာဏိနံ ဟူသည်=ဤပုဂ္ဂိုလ်ကား အဘယ်သို့နည်း၊ လေတိုက်ခတ်သော ထန်းရွက်ကဲ့သို့ တကတ်တက်မည်၏၊ဤပုဂ္ဂိုလ်၏စကားသည် အဆုံးမရှိဟူ၍ ကဲ့ရဲ့ကုန်၏။

မိတဘာဏိမ္ပိ ဟူသည်=အဘယ်သို့နည်း၊ ဤပုဂ္ဂိုလ်သည် မိမိ၏စကားကို ရွှေငွေကဲ့သို့ မှတ်ထင်လျက် တစ်လုံး နှစ်လုံးကိုသာပြော၍ ဆိတ်ဆိတ်နေသည် ကဲ့ရဲ့ပြန်၏။

ဤနည်းအားဖြင့် ခပ်သိမ်းသောအခြင်းအရာဖြင့် ဤလောက၌ မကဲ့ရဲ့အပ်သူ မည်သည်မရှိဟူလို။

နစာဟု ဟူသည်မှာ=အတိတ်၌မဖြစ်ခဲ့ချေ၊ အနာဂတ်၌လည်းမဖြစ်လ ့တ္တံ။

ယဥ္စေ ဝိညူ=ဟူသည် လူမိုက်တို့၏ ကဲ့ရဲ့မှု ချီးမွမ်းမှုသည် ပမာဏမဟုတ်၊ ပညာရှိတို့သည် နေ့စဉ်နေ့တိုင်း စိစစ်၍ ကဲ့ရဲ့ရာအကြောင်း ချီးမွမ်းစရာအကြောင်းကိုသိ၍ ချီးမွမ်းကုန်၏၊ မကျိုးပေါက်သောသိက္ခာ၊ မကျိုးပေါက်အသက်မွေးမှုနှင့် ပြည့်စုံသောကြောင့် အစ္ဆိဒ္ဒဝုတ္တိ ဟူ၍ လည်းကောင်း တရားတည်းဟူသော အဆိပြဇာရှိသော ပညာနှင့် ပြည့်စုံသောကြောင့် မေဓာဝီ ဟူ၍လည်းကောင်း၊ လောကီလောကုတ္တရာ ပညာနှင့် လည်းကောင်း၊ သီလ ၄-မျိုး စင်ကြယ်ခြင်းနှင့်လည်းကောင်း ပြည့်စုံသောကြောင့် ပညာ သီလ သမာဟိတ ဟူ၍လည်းကောင်း ချီးမွမ်းကြကုန်၏။ ထိုပုဂ္ဂိုလ်သည် ရွှေ၏အပြစ်မျိုးမှ ကင်းစင်ကာ ထုရိုက်ပွတ်တိုက်ခံသော ဇမ္ဗူရာစ်ရွှေစင်ကဲ့သို့ အဘယ်သူကဲ့ရဲ့လိုအံ့နည်းဟူလို။

ဒေဝါပိ ဟူသည်= နတ်တို့သည်လည်းကောင်း ပညာရှိသော လူတို့သည်လည်းကောင်း ထိုရဟန်းကို အနီးကပ်၍ ချီးမွမ်းကုန်၏၊ ချီးကျူးကုန်၏။

ဗြဟ္မုနာပိ ဟူသည်= နတ်လူတို့သာလျှင် မဟုတ်သေး စကြာဝဠာ တိုက်တစ်သောင်း၌ မဟာဗြဟ္မာမင်းသည်လည်း ထိုရဟန်းကို ချီးမွမ်းသည်သာတည်း။

ဒေသနာတော်၏ အဆုံး၌ ဥပါသကာငါးရာတို့သည် သောတာပတ္တိဖိုလ်၌တည်ကုန်၏။

အတုလဥပါသကာဝတ္ထု ပြီး၏။

---

ဂ။ ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု

ကာယပ္ပကောပံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂိ ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့ သ၌ မြတ်စွာဘုရားရှင်သည် ဝေဠုဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူလျက် နှစ်ဖက်ကုန်သော လက်တို့ဖြင့် တောင်းဝှေးတို့ကို ကိုင်ကုန်ပြီး သစ်သားခြေနင်းကို စီး၍ ကျောက်ဖျာ၏ အပြင်၌ ဤမှ ထိုမှ စင်္ကြံသွားကြကုန်သော ထိုဆဗ္ဗဂ္ဂိ ရဟန်းတို့၏ ခေါက်ခေါက်ဆူညံခြေနင်းသံကို ကြားတော်မူ၏။ ချစ်သား အာနန္ဒာ၊ ဤခေါက်ခေါက် ဟူသောအသံသည် အဘယ်သို့သော အသံပေနည်း”ဟု မေးတော်မူလျှင် သစ်သားခြေနင်းကို စီး၍ စင်္ကြံသွားကြကုန်သော ဆဗ္ဗဂ္ဂိရဟန်းတို့၏ ခေါက်ခေါက်ဟူသောအသံပါတည်းဟု လျှောက်ထား ကြားသိ၍ သိက္ခာပုဒ်တော်ကို ပညတ်တော်

မှုပြီးသော် ရဟန်းမည်သည် ကာယဒွါရ စသည်တို့ကို စောင့်ရှောက်ခြင်းငှါ သင့်လျော် သာလျင်တည်းဟု မိန့်တော်မူပြီး၍ တရားကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာတို့ကို ဟောကြားတော်မူ၏။

ကာယပ္ပကောပံ ရက္ခေယျ၊ ကာယေန သံဝုတော သိယာ။

ကာယဒုစ္စရိတံ ဟိတွာ၊ ကာယေန သုစရိတံ စရေ။

ဝစီပကောပံ ရက္ခေယျ၊ ဝါစာယ သံဝုတော သိယာ။

ဝစီဒုစ္စရိတံ ဟိတွာ၊ ဝါစာယ သုစရိတံ စရေ။

မနောပကောပံ ရက္ခေယျ၊ မနသာ သံဝုတော သိယာ။

မနောဒုစ္စရိတံ ဟိတွာ၊ မနသာ သုစရိတံ စရေ။

ကာယေန သံဝုတာ ဓီရာ၊ အထော ဝါစာယ သံဝုတာ။

မနသာ သံဝုတာ ဓီရာ၊ တေဝေ သုပရိသံ ဝုတာ။

ကိုယ်အမူအရာ ပျက်စီးမှု (ကာယဒုစရိုက်သုံးပါး)ကို စောင့်ရှောက်ရာ၏၊ ကာယဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ကျင့်ရာ၏။

နှုတ်အမူအရာ ပျက်စီးမှု (ဝစီဒုစရိုက်လေးပါး)ကို စောင့်ရှောက်ရာ၏။ ဝစီဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏၊ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်ရာ၏။

စိတ်အမူအရာ ပျက်စီးမှု(မနောဒုစရိုက်သုံးပါး)ကို စောင့်ရှောက်ရာ၏။ မနောဒွါရဖြင့် (ဒုစရိုက်ဝင်ရောက်လာမှုကို) တားမြစ်ပိတ်ပင်ရာ၏။ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်ရာ၏။

ပညာရှိတို့သည် ကိုယ်ဖြင့် ဝင်ရောက်လာသော ဒုစရိုက်၊ နှုတ်ဖြင့် ဝင်ရောက်လာသော ဒုစရိုက်၊ စိတ်ဖြင့် ဝင်ရောက်လာသော ဒုစရိုက်တို့ကို တားမြစ်ပိတ်ပင်နိုင်ကုန်၏။ ထိုပညာရှိတို့သည်သာ တားမြစ်ပိတ်ပင်သူတို့ မည်ကုန်၏။

ထိုဂါထာ၌ ကာယပ္ပကောပံ ဟူသည်=ကာယဒုစရိုက် ၃-ပါးကို စောင့်ရှောက်ရာ၏။

**ကာယေ သံဝုတော** ဟူသည်= ကာယဒွါရ၌ ဒုစရိုက်ဝင်လာခြင်းကို တားမြစ်၍ စောင့်စည်းပိတ်ဆိုသောဒွါရရှိရာ၏ ကာယဒုစရိုက်ကိုစွန့်၍ ကာယသုစရိုက်ကို ကျင့်လျက် ဤ ၂-ပါးစုံတို့ကို ယူခြင်းကြောင့် "**ကာယဒုစ္စရိတံ ဟိတွာ ကာယေန သုစရိတံ စရေ**"ဟူ၍ မိန့်တော်မူ၏။

နောက်ဂါထာတို့၌လည်း ဤနည်းသာလျှင်တည်း။ **ကာယေန သံဝုတာ ဓီရာ** ဟူသည် ပညာရှိတို့သည် ပါဏာတိပါတအမှု စသည်တို့ကို ကိုယ်ဖြင့် မပြုလုပ်ကုန်၊ မုသာဝါဒ စသည်တို့ကို နှုတ်ဖြင့် မပြုလုပ်ကုန်၊ အဘိဇ္ဈာစသည်တို့ကို စိတ်မျှ မဖြစ်စေဘဲ စောင့်စည်းကုန်၏။ ထိုပညာရှိတို့သည် ဤလောက၌ ကောင်းစွာ စောင့်စည်း စောင့်ရှောက်ထိန်းသိမ်း ပိတ်ဆို့အပ်သော ဒွါရရှိကုန်၏။ ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသောလူတို့သည် သောတာပတ္တိဖိုလ် စသည် တို့သို့တည်ကုန်၏။

ဆဗ္ဗဂ္ဂီရဟန်းတို့ဝတ္ထုပြီး၏။

တဆယ့်ခုနစ်ခုမြောက် ကောဓဝဂ်ပြီး၏။

# ၁၈။ မလဝဂ်

## နွားသတ်ယောက်ျား၏ သားငယ်ဝတ္ထု

ပဏ္ဍုပလာသောဝ ဒါနိသိ အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နွားသတ်သမား၏ သားတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်ကြီး၌ တစ်ယောက်သော နွားသတ်ယောက်ျားသည် နွားတို့ကို သတ်ဖြတ်၍ မွန်မြတ်သော အသားတို့ကို ယူဆောင်ချက်ပြုတ်စေ၍ သားမယားတို့နှင့် အတူတကွ ထိုင်နေပြီးလျှင် အသားကိုလည်း စားသုံး၏။ အဖိုးဖြင့်မူလည်းရောင်းချ၍ အသက်မွေး၏။ ထိုနွားသတ်ယောက်ျားသည် ဤသို့သော နည်းဖြင့် အနှစ်ငါးဆယ့်ငါးနှစ် တိုပတ်လုံး နွားသတ်ခြင်းအမှုကို ပြုလျက် ကျောင်းဦး၌ သီတင်းသုံးစံနေတော်မူသော မြတ်စွာဘုရားအား တစ်ယောက် ချိုမျှလောက်သော ယာဂုကိုလည်းကောင်း တစ်ယောက်ချိုမျှလောက်သော ဆွမ်းကိုလည်းကောင်း ပေးလှူဖူးသည်မရှိ။

## နွားသတ်ယောက်ျား လျှာပြတ်၍ အဝီစိသို့လားခြင်း

ထိုယောက်ျားသည်လည်း၊ နွားသားနှင့်ကင်း၍ ထမင်းကိုမစားသုံးနိုင်။ ထိုယောက်ျားသည် တစ်နေ့သောအခါ၌ အသား ရောင်းချ၍၊ မိမိ၏အဖို့ ချက်ရန် တစ်ခုသောအသားတုံးကို ခင်ပွန်းမယားအား ပေးအပ်၍ ရေချိုး သွားလေ၏။ ထိုအခါ နွားသတ်ယောက်ျား၏ မိတ်ဆွေအဖော်သည် အိမ်သို့ လာရောက်၍ နွားသတ်ယောက်ျား၏ မယားခင်ပွန်းကို ငါ့အားအသားအနည်းငယ် ရောင်းချပါပေးလော့။ ငါ၏အိမ်၌ ဧည့်သည်လာရောက်ပါသည်ဟု ပြောဆို၏။ ရောင်းချအပ်သော အသားသည်မရှိ။ အသင်၏ အဖော်သည် အသားအပေါင်းကို ရောင်းချပြီး၍ ဤယခုအခါ၌ ရေချိုးခြင်းငှာသွားသည်ဟု ပြောဆို၏။ ဤသို့မပြုပါလင့် အသားတုံးအကယ်၍ ရှိခဲ့လျှင် ငါ့ကို ပေးပါဦးလော့ဟု ပြောဆို ပြန်သောအခါ သင်၏အဖော်စားဖို့ ထားသောအသားမှ တစ်ပါးသောအသားသည် မရှိပြီဟု ပြောဆို၏။ ထိုသူကလည်း ငါ့အဖော်၏စားဖို့ ထားအပ်သော အသားမှ တစ်ပါးသော အသားသည်မရှိ။ ထိုငါ့အဖော်သည်လည်း အသားနှင့် ကင်း၍ စားခြင်းငှါ မစွမ်းနိုင်။ ဤအသားကို စင်စစ်အားဖြင့် မပေးလတ္တံ့ဟု ကြံစည်၍ ထိုအဖော်ဖြစ်သောသူသည် ကိုယ်တိုင်သာလျှင် ထိုအသားကိုယူငင်၍ သွား၏။

နွားသတ်ယောကျ်ားသည်လည်း ရေချိုး၍ ပြန်လာသောအခါ ထိုမယားခင်ပွန်းမသည် မိမိချက်အပ်သော ထမင်းကို ခူစ်းဆွ၍ ဆောင်ယူသည်ရှိသော် အသား အဘယ်မှာနည်းဟု မေးမြန်းပြောဆို၏။ အရှင်၊ မရှိပါဟူ၍ ပြောဆိုသည်ရှိသော်၊ ငါသည် ချက်ပြုတ်ဖို့ အသင့်အား ကိုယ်တိုင်ပေး၍ သွားသည်မဟုတ်လောဟု ပြောဆိုပြန်သဖြင့် အသင်၏အဖော်သည် လာရောက်၍ ငါ့အား ဧည့်သည်လာရောက်ပါသည် အသားကိုအနည်းငယ် ရောင်းပေးပါလော့ဟု ပြောဆို၍ အကျွန်ုပ်က အသင်၏အဖော်စားဖို့ အသားမှတစ်ပါးသော အသားမရှိ ထိုအသင့်အဖော်သည်လည်း အသားနှင့်ကင်း၍ မစားသုံးနိုင်ဟူ၍ ပြောဆိုပါသော်လည်း အနိုင်အထက် နှိပ်စက်ပြုမူသဖြင့် ထိုအသားကို ကိုယ်တိုင်သာလျှင် ယူ၍ သွားပါသည်ဟု ပြောဆို၏။ ငါသည် အသားနှင့်ကင်း၍ ထမင်းကိုမစားနိုင်။ ထိုအသားကို ဆောင်ယူချေလော့ဟု ပြောဆိုပြန်သဖြင့် ဤသို့ပြုခြင်းငှာ အဘယ်မှာ တတ်ကောင်းပါအံ့နည်း။ အရှင် စားသာ စားသုံးပါလေ့ဟု ပြောဆို၏။ ထိုနွားသတ်ယောကျ်ားက ငါသည် မစားတော့အံ့ဟု ပြောဆိုပြီးလျှင် ထိုထမင်းကို ဆောင်ယူစေ၍ ဓားကိုယူပြီး အိမ်၏ နောက်၌ရှိနေသော နွားရှိရာသို့သွား၍ လက်ဖြင့် နွားခံတွင်းသို့ သွင်းတည့်နှိုက်လျက်-လျှာကို ဆွဲထုတ်ပြီးလျှင် လျှာရင်းမှ ဖြတ်ယူသွားလေ၏။ မီးကျီးတို့၌ ချက်စေပြီး ထမင်း၏ အလယ်၌ တင်ထား၍ ထမင်းတစ်လုတ်ကိုစားပြီးလျှင် တစ်ခုသော အမဲသားတစ်တုံးကို ခံတွင်းသို့ ထည့်သွင်း၍ထား၏။ ထိုခဏ၌ပင်လျှင် နွားသတ်ယောကျ်ား၏ လျှာသည်ပြတ်၍ ထမင်းခွက်၌ ကျလေ၏။ ခဏတွင်းချင်း ကံနှင့် အလားတူသော အကျိုးကိုရ၏။ ထိုနွားသတ်ယောကျ်ားသည်လည်း နွားကဲ့သို့ ခံတွင်းမှ သွေးရည်အလျဉ် ယိုစီးကျထွက်လျက် အိမ်၏အတွင်း၌ ဝင်ရောက်၍ သလုံးမြင်းခေါင်းဘို့ဖြင့် ထောက်လျက် လှည့်လည် မြည်အော်၍ နေရ၏။ ထိုအခါ နွားသတ်ယောကျ်ား၏ သားငယ်သည် ဖခင်ကို ကြည့်ရှုလျက် အနီး၌ တည်လေ၏။

## သားငယ်တက္ကသိုလ်ပြည်သို့ထွက်ပြေးခြင်း

ထိုအခါ သားငယ်ကို မိခင်က ချစ်သား နွားကိုသတ်သဖြင့် အိမ်၏အလယ်၌ သလုံးမြင်းခေါင်းတို့ဖြင့် ထောက်ကြွလှည့်လည် နွားကဲ့သို့ မြည်တွန်ရသော အသင်၏ဖခင်ကို ကြည့်ရှုပါလော့။ ဤသို့သောဆင်းရဲသည် အသင်၏ အထက်၌လည်း ကျရောက်လတ္တံ့။ ငါ့မိခင်ကိုလည်း မငဲ့မညှာ မကြည့်ရှုမူ၍ မိမိလွတ်မြောက် ချမ်းသာရာကို ပြုလျက် ပြေးထွက်လေလော့”ဟု ပြောဆို၏။ ထို

သားငယ်သည် သေအံ့သောဘေးဖြင့် ခြိမ်းခြောက်အပ်သည် ဖြစ်သောကြောင့် မိခင်ကို ရှိခိုး၍ ထွက်ပြေး၏၊ ထွက်ပြေးပြီး၍ကား တက္ကသိုလ်ပြည်သို့ ရှေးရှုသွား၏။ နွားသတ်ယောက်ျားသည်လည်း နွားကဲ့သို့-အိမ်၏အလယ်၌ ဟစ်အော်မြည်တမ်း လှည့်လည်လျက် သေလွန်ခြင်းကိုပြု၍ အဝီစိငရဲ၌ ဖြစ်လေ၏။ လျှာကို အဖြတ်ခံရသော နွားသည်လည်း သေလွန်ခြင်းကို ပြု၏၊ နွားသတ်ယောက်ျား၏ သားငယ်သည်လည်း တက္ကသိုလ်ပြည်သို့ သွားရောက်၍ ရွှေပန်းထိမ်သည် အတတ်ကို သင်ယူ၏။ ထိုအခါ သူငယ်၏ ဆရာသည် ရွာသို့ သွားသည်ရှိသော် ဤသို့သော အဆင်တန်ဆာကို ပြုလေလော့ဟု ပြောဆိုမှာထား၍ ဖဲသွားလေ၏။ ထိုတပည့်သူငယ်သည်လည်း ဆရာမှာထားသောအတိုင်း ထိုသို့သော အဆင်တန်ဆာကိုပြုလုပ်၏၊ ထိုအခါ သူငယ်၏ဆရာသည် ပြန်လာ၍ အဆင်တန်ဆာကို မြင်သည်ရှိသော် ဤသူငယ်သည် တစ်စုံတစ်ခုသော အရပ်သို့ သွားရောက်၍ အသက်မွေးခြင်းငှါ စွမ်းနိုင်တော့သည်ဟု အကြံဖြစ်ပြီးလျှင် အရွယ်သို့ရောက်သော မိမိသမီးကို ပေးအပ် ဆောက်နှင်း၏။ ထိုသူသည် သားသမီးတို့ဖြင့်ကြီးပွား၏။ ထိုနောက် အရွယ်သို့ ရောက်ကုန်သော ထိုသူ၏သားတို့သည် အတတ်ကို သင်ယူ၍ နောက်အဖို့အခါ၌ သာဝတ္ထိပြည်သို့ သွားရောက်ပြီးသော် ထိုသာဝတ္ထိပြည်၌ အိမ်ရာဖွဲ့နှောင်နေထိုင်ကုန်လျက်သဒ္ဓါကြည်ညိုခြင်းရှိသည် ဖြစ်ကုန်၏။ထိုသူငယ်တို့၏ ဖခင်သည်လည်း တက္ကသိုလ်ပြည်၌ တစ်စုံတစ်ခုသော ကုသိုလ်ကောင်းမှုကို မပြုမလုပ်မူ၍သာလျှင် ရင့်ရော်အိုမင်းခြင်းသို့ရောက်လေ၏။ ထိုအခါ ထိုသူ၏သားတို့သည်လည်း ငါတို့၏ ဖခင်ကား ကြီးမားသော အရွယ်သို့ရောက်လေပြီဟုကြံစည်ကြပြီးလျှင်မိမိအထံသို့ခေါ် စေ၍ဖခင်၏အကျိုးငှါ အလှူကို ပေးလှူကုန်အံ့ဟု တိုင်ပင်ပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအပေါင်းကို ပင့်ဖိတ်ကုန်၏။ ထိုသားတို့သည် တစ်ဖန်မိုးသောက်ရောက်သောနေ့၌ အိမ်အတွင်းဝယ် ဘုရားအမှူးရှိသော ရဟန်းသံဃာကို ထိုင်နေစေ၍ ရှိသေစွာ လုပ်ကျွေးပြီးသော် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် ဖခင်၏ အသက်ရှည်ရှည်တည်နေအံ့ငှါ ကောင်းစွာကြောင်းပြ ဤဇီဝိတဘတ် အလှူကို လှူဒါန်းပါသည်။ တပည့်တော်တို့ ဖခင်အား အနုမောဒနာကို ပြုတော်မူပါကုန်လော့ဟု မြတ်စွာဘုရားကို ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားသည် ထိုဒါယကာကြီးကို ခေါ်တော်မူ၍ ဒါယကာ အသင်သည် အရွယ်ကြီးရင့်ပြီ။ ရင့်ကျက်သော ကိုယ်ရှိပြီ ဖက်ရွက်ရော်နှင့် တူသော-ကြုံလှီဖြော့တော့သော အဆင်း ရှိလေပြီ။ အသင်အား တမလွန်လောကသို့သွားခြင်းငှါ ကုသိုလ်တည်းဟူသော ရိက္ခာသည် မရှိ မိမိ၏ ထောက်တည်ရာကို ပြုလေလော့။ ပညာရှိသည် ဖြစ်ပါလော့။ မိုက်သည် မဖြစ်ပါလင့်ဟု မိန့်တော်မူပြီး၍ အနုမောဒနာပြုလိုသောကြောင့် ဤနှစ်ဂါထာတို့ကို ဟောကြားတော်မူ၏။

ပဏ္ဍုပလာသောဝ ဒါနိသိ၊ ယမပုရိသာပိ စ တေ ဥပဋ္ဌိတာ။
ဥယျောဂမုခေ စ တိဋ္ဌသိ၊ ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။
သော ကရောဟိ ဒီပမတ္တနော၊ ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။
နိဒ္ဓန္တမလော အနင်္ဂဏော၊ ဒိဗ္ဗံ အရိယဘူမိံ ဥပေဟိသိ။

(ဥပါသကာ) သင်သည် ယခုအခါ ဖျော့တော့သော ဖက်ရွက်ရော်ကဲ့သို့ ဖြစ်ခဲ့ပြီ သေမင်းတမန်တို့သည်လည်း သင်၏ အနီး၌ တည်ကုန်ပြီ၊ ဆုတ်ယုတ် ပျက်စီးခြင်း၏ အစ (ဘဝဆုံး)၌လည်း တည်ခဲ့ပြီး သင့်အား (ဘဝတပါးသို့ သွားရန် ကောင်းမှု) ရိက္ခာလည်း မရှိ။

ထိုသင်သည် မိမိ၏ မှီရာကျွန်းနှင့် တူသော ကောင်းမှုကို ပြုလေ့၊ လျင်စွာ အားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်အကြေးကို ပယ်ထုတ်၍ ကိလေသာ မရှိခဲ့မူ အရိယာတို့ နေရာ သုဒ္ဓါဝါသဘုံ ကပ်ရောက်ရလတ္တံ့။

ထိုဂါထာ၌—

ပဏ္ဍုပလာသော ဒါနိသိ=ဟူသည် ဥပါသကာ သင်သည် ယခုအခါ၌ အညှာ ကြွေ၍ မြေသို့ကျသော ဖက်ရွက်ရော်ကဲ့သို့ ဖြစ်၏။

ယမပုရိသာ=ဟူသည် သေမင်းတမန်တို့ကို ဆိုသည်။ ဤကား သေခြင်းကို ရည်ရွယ်၍ ဆို၏။ သင့်အား သေခြင်းသည် ရှေးရှုထင်လေသည် ဟူလို။

ဥယျောဂ မုခေ=ဟူသည် ဆုတ်ယုတ်ခြင်း၏ အဝ၌ မကြီးပွားခြင်း၏ အဝ၌ ရပ်တည်၏ ဟူလို။

ပါထေယျံ=ဟူသည် ခရီးသည်အား ဆန် စသော ရိက္ခာကဲ့သို့ တမလွန်သို့ သွားသော သင့်အား ကုသိုလ်ရိက္ခာထုတ်မရှိ။

သော ကရောဟိ=ဟူသည် သင်သည် သမုဒ္ဒရာ၌ လှေပျက်သူအား ကျွန်း တည်းဟူသော ထောက်တည်ရာကဲ့သို့ မိမိ၏ ထောက်တည်ရာ ကုသိုလ်ကို ပြုလော၊ ပြုသောအခါ လျင်စွာအားထုတ်လော။ မြန်မြန် ကြိုးပမ်းသော မိမိ၏

ထောက်တည်ရာ ကုသိုလ်ကံကို ပြုခြင်းဖြင့် ပညာရှိဖြစ်လေလော၊ သေမင်း ခံတွင်းဝသို့ မရောက်မီ ပြုနိုင်စွမ်း ရှိစဉ်အခါကပင် ကုသိုလ်ကို ပြုသူသည် ပဏ္ဍိတ မည်၏။ ထိုသို့သဘောရှိသည် ဖြစ်ပါလော လူမိုက်မလုပ်လေနှင့်ဟု ဆိုလိုသည်။

ဒိဗ္ဗံ အရိယဘူမိံ=ဟူသည် လို့လပြုသော သူသည် ရာဂစသော အညစ် အကြေးတို့ကို ထုတ်ဆောင်ပြီး ဖြစ်သောကြောင့် အညစ်အကြေး ထုတ်ဆောင် ပြီး ဖြစ်၍ ကိုယ်၌ဖြစ်သော ကိလေသာ အညစ်အကြေး မရှိသောကြောင့် ကိလေသာ အညစ်အကြေး ကင်းပြီး ဖြစ်၍ သုဒ္ဓါဝါသ ငါးဘုံသို့ ရောက်ရလိမ့် မည်ဟူလို။

ဒေသနာတော်၏ အဆုံး၌ ဥပါသကာကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏၊ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဒေသနာသည် ဖြစ်၏။ သားဖြစ်ကုန်သော ထိုသူတို့သည် ဝစ်ဖန် မိုးသောက် ရောက်သောနေ့၌ မြတ်စွာဘုရားရှင်ကို ပင့်ဖိတ်၍ အလှူကို ပေးလှူပြီးလျှင် ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသော မြတ်စွာဘုရားရှင်ကို အနုမောဒနာ ပြုသောအခါ၌ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့၏ ဤအလှူသည်လည်း ဖခင်၏ ဇီဝိတဘတ် အလှူသည်သာ လျှင်တည်း။ ဤဖခင်အားသာလျှင် အနုမောဒနာကို ပြုပါကုန်လော့ဟု ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုဒါယကာကြီးအား အနုမောဒနာ ကို ပြုလိုသောကြောင့် ဤဂါထာတို့ကို ဟောကြားတော်မူ၏—

ဥပနီတဝယော စ ဒါနိသိ၊ သမ္ပယာတောသိ ယမဿ သန္တိကံ။

ဝါသော တေ နတ္ထိ အန္တရာ၊ ပါထေယျမ္ပိ စ တေ န ဝိဇ္ဇတိ။

သော ကရောဟိ ဒိပ မတ္တနော၊ ခိပ္ပံ ဝါယမ ပဏ္ဍိတော ဘဝ။

နိဒ္ဓန္တမလော အနင်္ဂဏော၊ န ပုန ဇာတိဇရံ ဥပေဟိသိ။

(ဥပါသကာ) သင်သည် ယခုအခါ အရွယ်လွန်ချေပြီ၊ သေမင်း၏ အထံသို့ သွားချိန်ရောက်ခဲ့ပြီ သင့်အား ခရီးအကြား၌ ရပ်နားနေရန် အခွင့်မရှိ သင့်အား (ဘဝတပါးသို့ သွားရန် ကောင်းမှု) ရိက္ခာလည်း မရှိ။

(ဥပါသကာ) သင်သည် မိမိ၏ မှီရာ ကျွန်းနှင့် တူသော ကောင်းမှုကို ပြုလော့၊ လျင်စွာ အားထုတ်၍ ပညာရှိသူ ဖြစ်လေလော့၊ အညစ်အကြေးကို

ပယ်ထုတ်၍ ကိလေသာ မရှိခဲ့မူ တစ်ဖန် ပဋိသန္ဓေနေခြင်း အိုခြင်းသို့ မရောက်ရတော့လတ္တံ့။

ထိုဂါထာ၌-

ဥပနီတဝယော=ဟူသည် ဥပသည် နိပါတ်ပုဒ်ဖြစ်၏။

နီတဝယော=ဟူသည် အရွယ်ကင်းသည် အရွယ်လွန်သည် ယခုထင်သည် အရွယ်သုံးပါးတို့ကို လွန်၍ သေမင်း ခံတွင်းဝ၌ တည်၏ဟူလို။

သမ္ပယာတောသိ ယမဿ သန္တိကံ=ဟူသည် သေခြင်းအဝသို့ သွားရန် စီစဉ်လျက် တည်နေ၏။

ဝါသော တေ နတ္ထိ အန္တရာ=ဟူသည် ခရီးသည်တို့သည် ထိုထိုကိစ္စတို့ကို ပြုသည်ရှိသော် ခရီးအကြား၌ ရပ်နားနေကုန်၏၊ တမလွန်လောက သွားသူတို့သည်ကား ဤသို့ မဟုတ်ကုန် တမလွန်ကို သွားသောသူသည် နှစ်ရက် သုံးရက် ဆိုင်းပါဦး အလှူလုပ်ပါရစေ တရားနာပါရစေ ဤသို့ သေည်တို့ကို ပြောဆိုခွင့်မရ ဤဘဝမှ ရွေ့လျောသည်ရှိသော် တမလွန်လောက၌ ဖြစ်လေတော့၏။ ဤအဓိပ္ပာယ်ကို ရည်ရွယ်၍ ဤစကားကို ဆို၏။

ပါထေယျံ=ဟူသည် အောက်၌ဆိုအပ်ပြီးဖြစ်မည် သို့သော်လည်း ဥပါသကာအား မြဲစွာ မှတ်မိစေခြင်းငှါ ဤနေရာ၌ မြတ်စွာဘုရားသည် ထပ်၍ ဟောတော်မူ၏။

ဇာတိ ဇရံ=ဟူသည်၌ ဗျာဓိမရဏတို့ကိုလည်း ယူအပ်ကုန်သည်သာ။

ဤဝတ္ထုအရ ဟောပြတော်မူသောဂါထာတို့တွင် အောက်၌ ဖြစ်သောဂါထာတို့ဖြင့်လည်း အနာဂါမိမဂ်ကို ဟောကြားတော်မူအပ်၏။ ဤနောက်ဂါထာတို့၌ အရဟတ္တမဂ်ကို ဟောကြားတော်မူအပ်၏။ ဤသို့ ဟောကြားအပ်သော်လည်း "ပြည့်ရှင်မင်းမြတ်သည် မိမိ၏ခံတွင်း အတိုင်းအရှည်ဖြင့် ထမင်းလုတ်ကို ကြေမှုန့်တိုးပွားအောင် ဝါး၍ သားငယ်အား ခွံ့သော်လည်း ထိုမင်းသား ကလေးငယ်သည် မိမိ၏ ခံတွင်း အတိုင်းအရှည်သာလျှင် မျိုယူနိုင်သကဲ့သို့" ထိုအတူသာလျှင် မြတ်စွာဘုရားသည် အထက်မဂ်၏ အစွမ်းဖြင့်

တရားတော်ကို ဟောကြားအပ်သော်လည်း ဒါယကာကြီးသည် မိမိ၏ ဥပနိဿယ ပြည့်ဝစုံလင်သလောက်၏ အစွမ်းဖြင့် အောက်၌ ဖြစ်သော နှစ်ဂါထာ တို့၌ သောတာပတ္တိ ဖိုလ်သို့ ရောက်၍ ဤနောက် နှစ်ဂါထာ အနုမောဒနာ၏ အဆုံး၌ အနာဂါမိဖိုလ်သို့ ရောက်လေ၏။ ကျန်ပရိသတ်တို့အားလည်း တရား ဒေသနာသည် အကျိုးရှိ၏။

နွားသတ်ယောကျ်ား၏ သားငယ်ဝတ္ထု ပြီး၏။

---

## ၂။ အညတရဗြာဟ္မဏဝတ္ထု

အနုပုဗ္ဗေန–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် တစ်နေ့သောအခါ၌ နံနက် စောစောကသာလျှင် မြို့မှ ထွက်၍ ရဟန်းတော်များသင်္ကန်း သပွါယ် ဝတ်ရုံသော နေရာအရပ်၌ ရဟန်းတော်တို့ သင်္ကန်းသပွါယ် ဝတ်ရုံသည်တို့ကို ကြည့်ရှုလျက် ရပ်တည်သတတ်။ ထိုအရပ်ဌာန သည်ကား ပေါက်ရောက်ကြီးပွားသော မြက်ပင်ရှိသည်ဖြစ်၏။ ထိုအခါ သင်္ကန်း ဝတ်ရုံသော ရဟန်းတစ်ပါး၏ သင်္ကန်းအနား အစွန်းသည် မြက်ပင်တို့နှင့် ထိ၍ ဆီးနှင်းပေါက်တို့ဖြင့် စိုစွတ်၏။

### အဆင့်ဆင့် သဒ္ဓါတရား ဖြစ်ပေါ်လာပုံ

ပုဏ္ဏားကြီးသည် ဤအရပ်ကို စိမ်းစိုသော မြက်ပင် မရှိသည်ကို ပြုခြင်းငှါ အပ်၏ဟု ကြံပြီးလျှင် တစ်ဖန် မိုးသောက် ရောက်သော နေ့၌ ပေါက်တူးကို ယူလာ၍ ထိုအရပ်ကို ပေါက်ရွှေတူးဆွ၍ ကောက်နယ်တလင်းနှင့် တူသည် ဖြစ်၏။ တစ်ဖန် မိုးသောက် ရောက်သောနေ့၌ ထိုအရပ်သို့ သွားပြန်၍ ရဟန်းတော် တို့သည် သင်္ကန်းကို ရုံကုန်သည်ရှိသော် တစ်ပါးသော ရဟန်း၏ သင်္ကန်း အစွန်းအနားသည် မြေ၌ လျှောကျ၍ မြေမှုန့်လိမ်းကပ်သည်ကို တွေ့မြင်သော ကြောင့် ဤအရပ်၌ သန့်ပြန့်သော သဲကို ကြဲဖြန့်ခြင်းပြုခြင်းငှါ အပ်၏ဟု ကြံ၍ သဲကို ဆောင်ယူ ကြဲဖြန့်၏။ ထိုနောက် တစ်နေ့သည၌ နံနက် ဆွမ်းခံချိန်အခါ လွန်စွာ ကြမ်းသော နေပူသည် ဖြစ်၏။ ထိုအခါ၌လည်း အဝတ်သင်္ကန်းကို ဆင်မြန်း ဝတ်ရုံကုန်သော ရဟန်းတို့၏ ကိုယ်မှ ကျဆင်း ယိုထွက်ကုန်သော ချွေးတို့ကို မြင်၍ ဤအရပ်၌ ငါသည် မဏ္ဍပ်ကို ပြုလုပ်ခြင်းငှါ အပ်၏ဟု ကြံ၍ မဏ္ဍပ်ကို ပြုလုပ်၏။ တစ်ဖန် မိုးသောက်ရောက်သော နေ့၌ နံနက် စောစောက

သ၁လျှင် မိုးသည် ရွာ၏။ မိုးရေ မိုးပေါက် ကျခောက် သက်ဆင်းသည့်ဖြစ်၏။ ထိုအခါ၌လည်း ပုဏ္ဏားသည် ရဟန်းတော်တို့ကို ကြည့်ရှုလျက်သာလျှင် တည်နေသည် ရှိသော် မိုးရေဖြင့် စိုစွတ်သော သင်္ကန်း ရှိကုန်သော ရဟန်းတော်တို့ကို မြင်၍ ဤအရပ်၌ ငါသည် ဇရပ်ကို ပြုလုပ်ခြင်းငှါအပ်၏ဟု နှလုံးသွင်းပြီးလျှင် ဇရပ်ကို ဆောက်လုပ်၍ ဤယခုအခါ၌ ငါသည် ဇရပ် ပူဇော်ခြင်းကို ပြုအံ့ဟု ကြံ၍ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်ပြီးသော် ဇရပ်၏ အတွင်း၌ လည်းကောင်း၊ အပ၌လည်းကောင်း ရဟန်းတို့ကို ထိုင်နေစေ၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ၌ အနုမောဒနာပြုခြင်း အကျိုးငှါ မြတ်စွာဘုရား၏ သပိတ်တော်ကို ယူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် ရဟန်းတော်တို့ သင်္ကန်းရုံသောအခါ ဤနေရာအရပ်၌ ချဉ်းကပ်ကြည့်ရှု တည်နေပါသည်။ ဤသို့ ဤသို့သော အမှုကိုလည်း ပြုလုပ်ပါ၏ဟု ဖြစ်ရင်းအစ ဤမှစ၍ လုံးဝဥဿုံ အလုံးစုံရုံးပေါင်း၍ ထိုဇရပ် ဖြစ်ခြင်း အကြောင်းကို ကြားလျှောက်၏။ မြတ်စွာဘုရားသည် ထိုပုဏ္ဏား၏ လျှောက်ထားသော စကားကို ကြားတော်မူ၍ အိုပုဏ္ဏား ပညာရှိတို့မည်သည် အခွင့်ရတိုင်း အခွင့်ရတိုင်းသော ခဏ၌ အနည်းငယ် အနည်းငယ်သော ကုသိုလ် ကောင်းမှုကို ပြုစုအားထုတ်ကုန်လျက် အစဉ်အတိုင်းအားဖြင့် မိမိ၏ သန္တာန်၌ အဖန်ဖန်လိမ်းကျံ ကပ်ငြိတတ်သော အကုသိုလ်တည်းဟူသော အညစ်အကြေးကို ဆေးကြောထုတ်နုတ် သုတ်သင်ပယ်ရှား ကုန်တော့သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

အနုပုဗ္ဗေန မေဓာဝီ၊ ထောကံ ထောကံ ခဏေ ခဏေ။
ကမ္မာရော ရဇတဿေဝ၊ နိဒ္ဓမေ မလ မတ္တနော။

ပန်းထိမ်သည်သည် ရွှေငွေ၏ အညစ်အကြေးကိုထုတ်ပစ်သကဲ့သို့ ပညာရှိသည် မိမိ၏အညစ်အကြေးကို အစဉ်အတိုင်း အနည်းငယ် အနည်းငယ် အခွင့် ရတိုင်း ရတိုင်း ထုတ်ပယ်ရာ၏။

ထိုဂါထာ၌— အနုပုဗ္ဗေန=ဟူသည် အစဉ်အတိုင်း ဟူလို၊

မေဓာဝီ=ဟူသည် တရားအဆီအနှစ်ဖြစ်သော ပညာနှင့်ပြည့်စုံသော ဟူလို။

ခဏေ ခဏေ=ဟူသည် အခွင့်ရတိုင်း ရတိုင်း ကုသိုလ်ကို ပြုလော့ ဟူလို။

ကမ္မာရော ရဇတဿေဝ=ဟူသည်ရွှေပန်းထိမ်သည်သည် တစ်ကြိမ်တည်းဖြင့် သာလျှင် ရွှေကို အပူပေး၍ ထုထောင်းကြိတ်၍ အညစ်အကြေးကို ထုတ်၍ ဝတ်ဆင်စရာ တန်ဆာအထူးကို ပြုပြင်ခြင်းငှါ မစွမ်းနိုင်၊ အဖန်ဖန် အထပ်ထပ် အပူပေးခြင်း ထောင်းထုခြင်းကို ပြုလျက် အညစ်အကြေးကို ထုတ်၏။

ထို့နောက် အထူးထူး အပြားပြားသော ဝတ်ဆင်စရာ တန်ဆာအထူးကို ပြုလုပ်၏။ ဤအတူသာလျှင် အဖန်ဖန် ကုသိုလ်ကိုပြုသော ပညာရှိသည် မိမိ၏ ရာဂစသော ကိလေသာ အညစ်အကြေးကို ထုတ်ပယ်ရာ၏။ ဤသို့ ထုတ်ပယ်သည်ရှိသော် ကိလေသာ ကင်း၏၊

ဒေသနာတော်၏ အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည်၏။ လူအပေါင်းအားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။

အညတရဗြာဟ္မဏဝတ္ထု ပြီး၏။

## ၃။ သန်းဖြစ်ရသော တိဿမထေရ်ဝတ္ထု

အယသာဝ မလံ – အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တိဿမထေရ် ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ နေလေ့ရှိသော ထိုအမျိုးကောင်းသားသည် ဘုရားသာသနာ၌ ရဟန်းပြုပြီးလျှင် ရအပ်သော ပဉ္စင်းအဖြစ် ရှိသည်ဖြစ်၍ တိဿမထေရ်ဟု အမည်ထင်ရှား လေ၏။ ထိုတိဿမထေရ်သည် နောက်အဖို့အခါ၌ ဇနပုဒ်ကျောင်း၌ ဝါကပ်၍ ရှစ်တောင်မျှလောက်ရှိသော ထူထဲသောသင်္ကန်းလျာ ပုဆိုးကိုရ၍ ဝါကျွတ်ပဝါရဏာ ပြုပြီးသော် ထိုပုဆိုးကို ယူငင်သွားရောက်၍ မိမိ၏ အစ်မလက်၌ အပ်နှံထား၏။

### သင်္ကန်းကိုအသစ်တဖန် ပြန်လည်ရက်လုပ်ခြင်း

ထိုအစ်မသည် ဤပုဆိုးကား ငါ၏ မောင်ငယ်အား မသင့်လျော် မလျောက်ပတ်ဟုကြံ၍ ထိုပုဆိုးကို ထက်စွာသော ပဲခွက်ဖြင့် ဖြတ်ပြီးလျှင် အမျှင်အမျှင်ကို ပြု၍ ဆုံဖြင့် ထောင်းထု သွတ်သွင်း ရိုက်နှက်ကျစ်လုံးပြီးသော် သိမ်မွေ့နူးညံ့သော ချည်ကိုဝင့်ငင်၍ ပုဆိုးကို ရက်စေ၏။ မထေရ်သည်လည်း ချည်ကိုလည်းကောင်း အပ်တို့ကိုလည်းကောင်း စီရင်၍ သင်္ကန်းချုပ်တတ်ကုန်သော ရဟန်းငယ် သာမဏေတို့ကို ခေါ်ငင်ရုံးစု စည်းဝေးစေပြီးသော် အစ်မ၏အထံသို့ သွား၍ ငါ၏ ပုဆိုးကို ပေးကြကုန်လော့။ သင်္ကန်းကို ချုပ်အံ့ဟု ပြောဆို၏။ ထိုအစ်မသည် ကိုးတောင်ရှိသောပုဆိုးကို ထုတ်ဆောင်၍ မောင်ငယ်ဖြစ်သော ရဟန်း၏လက်၌ တင်ထားပေးလှူ၏။ ထိုရဟန်းသည် သင်္ကန်းလျာ ပုဆိုးကို ယူ၍ ဖြန့်လျက်ကြည့်သည်ရှိသော် ငါ၏ပုဆိုးသည် ထူထဲ၏။ ရှစ်တောင် ရှိ၏။

ဤပုဆိုးသည် သိမ်မွေ့နူးညံ့၏။ ဤပုဆိုးသည် ငါ၏ ပုဆိုးမဟုတ်။ ဤပုဆိုးသည် အသင်တို့၏ ပုဆိုးပေတည်း။ ဤပုဆိုးဖြင့် ငါ့အား အလိုမရှိ။ ထိုငါ၏ ပုဆိုးကိုသာလျှင် ငါ့အား ပေးကုန်လော့ဟု ပြောဆို၏။ အရှင်ဘုရား ဤပုဆိုးသည် အရှင်တို့၏သာလျှင် ပုဆိုးပေတည်း။ ထိုပုဆိုးကို ယူပါကုန်လော့ဟု ပြောဆိုပြန်သော်လည်း ထိုမထေရ်သည် ယူခြင်းငှာအလိုမရှိ။ ထိုအခါ၌ မထေရ်အား မိမိပြုလုပ်အပ်သော ကိစ္စအလုံးစုံကို အကုန်ပြောကြား၍ အရှင်ဘုရား ဤပုဆိုးသည် အရှင်ဘုရားတို့၏သာလျှင် ပုဆိုးပေတည်း။ ထိုပုဆိုးကို ယူပါကုန်လော့ဟု ပြောဆိုပေးလျှု၏။

## တိဿမထေရ် စုတေ၍ သန်းဖြစ်ခြင်း

ထိုတိဿမထေရ်သည် သင်္ကန်းလျှာ ပုဆိုးကို ယူငင်ပြီး နေရာဖြစ်သော ကျောင်းသို့ပြန်သွား၍ သင်္ကန်းချုပ်ခြင်း, ဆိုးခြင်း အမှုကို ဖြစ်စေ၏။ ထိုအခါ မထေရ်၏ အစ်မသည် သင်္ကန်းချုပ်ဆိုး ပြုလုပ်ကုန်သော ရဟန်းငယ်သာမဏေတို့၏ အကျိုးငှာ ယာဂုဆွမ်းစသည်တို့ကို ပြည့်စုံစေ၏။ သင်္ကန်းပြီးဆုံးသော နေ့၌ကား အတိုင်းထက်အလွန် ပူဇော်သက္ကာရကို ပြုလုပ်၏။ ထိုတိဿမထေရ်သည် သင်္ကန်းကို ကြည့်ရှု၍ ထိုသင်္ကန်း၌ စွဲလမ်းဖြစ်ပေါ်သော တပ်မက်နှစ်သက်ခြင်းရှိသောအားဖြင့် ဤယခု နက်ဖြန်ခါ၌ ထိုသင်္ကန်းကို ဝတ်ရုံအံ့ဟု ကြံစည်ပြီးလျှင် ခေါက်၍သင်္ကန်းတန်း၌ တင်ထား၏။ ထိုညဥ့်ပတ်လုံး စားသုံးသမျှ အာဟာရအစာကို ကြေကျက်စေခြင်းငှာ မစွမ်းနိုင်သောကြောင့် သေလွန်ခြင်းကိုပြု၍ ထိုသင်္ကန်း၌ သန်းအဖြစ်ဖြင့် ဖြစ်လေ၏။ မထေရ်၏ အစ်မသည်လည်း မထေရ်သေလွန်ခြင်းကို ကြား၍ ရဟန်းတို့၏ ခြေရင်း၌ လူးလိမ့်ငိုကြွေး၏။ ရဟန်းတို့သည် ထိုမထေရ်၏ သူသေအလောင်းကို ကောင်းစွာ သင်္ဂြိုဟ်ခြင်းကိစ္စ ပြုလုပ်ကြ၍ သူနာပြုစုလုပ်ကျွေးသော ပုဂ္ဂိုလ်မရှိသဖြင့် သံဃာအားသာလျှင် ထိုသင်္ကန်းသည် ရောက်လေ၏။ ထိုသင်္ကန်းကို ဝေဖန်ကုန်အံ့ဟု ပြောဆိုတိုင်ပင်၍ ထိုသင်္ကန်းကို ထုတ်ဆောင်ကုန်၏။ တိဿမထေရ် သေလွန်၍ ဖြစ်လာသော ထိုသန်းသည် "ဤရဟန်းတို့သည် ငါ၏ဥစ္စာကို လုယက် ဖျက်ဆီးကုန်သည်"ဟု မြည်တမ်းဟစ်အော်လျက် ထိုမှ ဤမှ ပြေးသွား၏။

## သန်းဘဝမှ ကျွတ်၍ တုသိတာနတ်ပြည်သို့ ရောက်ခြင်း

မြတ်စွာဘုရားရှင်သည် ဂန္ဓကုဋိတိုက်၌ သီတင်းသုံးတော်မူလျက် ဒိဗ္ဗသောတဓာတ်ဖြင့် ထိုသန်းငယ်၏ ဟစ်အော်သံကို ကြားတော်မူ၍ "ချစ်သား အာနန္ဒာ တိဿ၏ သင်္ကန်းကို ခုနစ်ရက်ပတ်လုံးထား ခြင်းငှာ ပြောဆိုချေလော့" ဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ်သည် မြတ်စွာဘုရားမိန့်တော်မူသည့်အတိုင်း ပြုလုပ်စေ၏။ ထိုသန်းငယ်သည်လည်း ခုနစ်ရက်မြောက်သော နေ့၌ သေလွန်

ခြင်းကို ပြု၍ တုသိတာနတ်ပြည်၌ ဖြစ်လေ၏။ မြတ်စွာဘုရားရှင်သည် ရှစ်ရက်မြောက်သောနေ့၌ တိဿ၏ သင်္ကန်းကို ခွဲဝေ၍ ယူကြကုန်လော့ဟု စေခိုင်းတော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရား အမိန့်ထားတော်မူသည့် အတိုင်း မဆိုင်းမတွ ပြုလုပ်ကြကုန်၏။ ရဟန်းတို့သည် တရားသဘင်၌ မြတ်စွာ ဘုရားရှင်သည် အဘယ်သို့သော အကြောင်းကြောင့် တိဿရဟန်း၏ သင်္ကန်းကို ခုနစ်ရက်တို့ပတ်လုံး ထားစေ၍ ရှစ်ရက်မြောက်သောနေ့၌ယူခြင်းငှာ ခွင့်ပြုတော် မူပါလေသနည်းဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာ ဘုရားသည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ဤယခုအခါ၌ အဘယ်သို့ သော စကားဖြင့် ပြောကြား စည်းဝေးထိုင် နေကုန်ဘိသနည်းဟု မေးတော် မူ၍ ဤအမည်ရှိသော အကြောင်းပါတည်းဟု လျှောက်ကြားသည် ရှိသော် ချစ်သားရဟန်းတို့ တိဿသည် မိမိ၏သင်္ကန်း၌သန်းငယ်၏ အဖြစ်ဖြင့် ဖြစ်၏။ သင်ချစ်သားတို့သည် ထိုသင်္ကန်းကို ခွဲခြမ်းဝေဖန်သည် ရှိသော် ဤရဟန်းတို့ သည် ငါ၏ ဥစ္စာကို လုယက်ဖျက်ဆီး ကုန်ဘိသည်ဟု ဟစ်အော် မြည်တမ်းလျက် ထိုမှဤမှလည်း ပြေးသွား၏။ ထိုသန်းငယ်သည် အသင်ရဟန်းတို့ သင်္ကန်းကို ယူသည်ရှိသော် အသင်ချစ်သား ရဟန်းတို့၌ စိတ်ကို ပြစ်မှား၍ ငရဲ၌ ဖြစ်ပေ ရာ၏။ ထို့ကြောင့် ငါဘုရားသည် သင်္ကန်းကို ထားစေဘိသည်။ ဤယခုအခါ ၌ကား ထိုတိဿသည် တုသိတာနတ်ပြည်၌ ဖြစ်လေပြီ။ ထို့ကြောင့် ငါဘုရား သည် အသင်တို့အား သင်္ကန်းယူခြင်းကို ခွင့်ပြုတော်မူအပ်ပေ၏ဟု မိန့်ဆိုတော် မူပြီး၍ တစ်ဖန် ရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤ တပ်မက်တတ်သော တဏှာမည်သည် ဝန်လေးစွတကားဟု ကြားလျှောက်သည် ရှိသော် ချစ်သားရဟန်းတို့ ဟုတ်မှန်လှပေ၏။ ဤသတ္တဝါတို့အား တပ်မက်တတ်သော တဏှာမည်သည် ဝန်လေးလှ၏။ သံမှဖြစ်သော အညစ် အကြေး သံချေးသည် ဖြစ်ပေါ်လာသည်ရှိသော် မိမိ၏ မှီရာဖြစ်သော သံကို သာလျှင် စားဘိသကဲ့သို့ ဖျက်ဆီးဘိသကဲ့သို့ ထိုနည်းအတူသာလျှင် ဤတဏှာ တရားသည် ဤသတ္တဝါတို့၏ ကိုယ်တွင်း၌ဖြစ်၍ ဖြစ်ရာမှီရာ ဖြစ်သော ထိုသတ္တဝါ တို့ကို ငရဲစသည်တို့၌ ဖြစ်စေ၏။ ပျက်စီးခြင်းသို့ ရောက်စေ၏ဟု မိန့်တော်မူလို သဖြင့် ဤဂါထာကို ဟောတော်မူ၏—

**အယသာဝ မလံ သမုဋ္ဌိတံ၊ တတုဋ္ဌာယ တမေဝ ခါဒတိ။**
**ဧဝံ အတိဓောနစာရိနံ၊ သာနိ ကမ္မာနိ နယန္တိ ဒုဂ္ဂတိံ။**

သံချေးသည် သံမှပင် ဖြစ်လာ၍ သံချေးတက်ပြီးလျှင် ထိုသံကိုပင်(ပြန်၍) စားသကဲ့သို့ ဤအတူ မကောင်းမှု၌ လွန်ကျူး၍ ကျင့်သောသူကို မိမိကျင့်ကြံ မှုတို့သည် ဒုဂ္ဂတိဘဝသို့ ဆောင်ကုန်၏။

ထိုအခါ၌—

အယသာဝ=ဟူသည် သံမှကောင်းစွာ ဖြစ်သော ဟူလို။

တတုဋ္ဌာယ=ဟူသည် ထိုသံမှ ဖြစ်ပေါ်၍လာသော။

အတိဓောနစာရိနံ=ဟူသည် ပစ္စည်းလေးပါးတို့ကို ဤသို့အကျိုး ရှိ၏ဟူ၍ ဆင်ခြင်၍ သုံးဆောင်ခြင်း အသိဉာဏ်ကို ဓောနဟု ဆိုအပ်၏၊ ထိုဓောနကို ကျော်လွန်၍ ကျင့်သူသည် အတိဓောန စာရိမည်၏။ ဆိုလိုရင်းအဓိပ္ပာယ်မှာ သံမှဖြစ်သော အညစ်အကြေးသည် များလာသည်ရှိသော် ထိုသံချေးကို ဖြစ်စေတတ်သော သံကိုပင် စားသကဲ့သို့ ဤအတူ ပစ္စည်းလေးပါးတို့ကို မဆင်ခြင်ဘဲ သုံးဆောင်၍ ထိုဆင်ခြင်သင့်သည် မဆင်ခြင်ဘဲ ကျော်လွန်၍ ကျင့်သောသူကို မဆင်ခြင်သော အကုသိုလ်ကံတို့သည် မိမိ၌ ထင်ရှားရှိကုန်သည်၏ အဖြစ်ကြောင့် ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ကုန်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သန်းဖြစ်ရသော တိဿမထေရ် ဝတ္ထုပြီး၏။

## ၄။ လာလုဒါယီမထေရ်ဝတ္ထု

အသဇ္ဈာယ မလာ—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လာလုဒါယီထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်၌ ငါးကုဋေမျှလောက်ကုန်သော အရိယာ သာဝကတို့သည် နေကြကုန်သည်၊ နှစ်ကုဋေမျှလောက်ကုန်သော ပုထုဇဉ်တို့သည် နေကြကုန်သည် သာလျှင်တည်း။ ထိုနှစ်ဦးကုန်သော သူတို့တွင် အရိယာ သာဝကတို့သည် နံနက်အခါမူ အလှူဒါနကို ပေးလှူ၍ ဆွမ်းစားချိန်နောက် ညနေချမ်းသို့ ရောက်လတ်သောအခါ ထောပတ်, ဆီ, ပျားရည်, တင်လဲ, အဝတ် စသည်တို့ကို ယူငင်ကုန်လျက် ကျောင်းသို့ သွား၍ တရားတော်ကို နာကြကုန်၏။ တရားနာပြီး၍ သွားသောအခါ၌လည်း အရှင်သာရိပုတ္တရာ, အရှင်မောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးစကားကို ပြောကြား ချီးမွမ်းကုန်၏။ ဥဒါယီမထေရ်သည် ထိုလူတို့၏စကားကို

ကြား၍ ထိုသာရိပုတ္တရာ မောဂ္ဂလာန်တို့၏ တရားစကားကို ကြားနာရ၍ အသင်တို့သည် ဤသို့သောစကားကို ပြောကြား ချီးမွမ်းကြကုန်သေး၏။ ငါဟောသော တရားကို ကြားနာရသော် အသင်တို့သည် အဘယ်မှာ မချီးမွမ်း မပြောဆိုဘဲ ရှိကုန်အံ့နည်းဟု ပြော၏။ လူတို့သည် ထိုဥဒါယီ မထေရ်၏ စကားကို ကြား၍ ဤမထေရ်သည် တစ်ပါးသော တရားဟောပုဂ္ဂိုလ် ဖြစ်လတ္တံ့ ဟု နှလုံးသွင်း၍ ဤမထေရ်၏အထံ၌ ငါတို့သည် တရားတော်ကို ကြားနာခြင်းငှာ အပ်၏ဟု တိုင်ပင်ကုန်ပြီးလျှင် ထိုလူတို့သည် တစ်နေ့သ၌ လာဠုဒါယီ မထေရ်ကို အရှင်ဘုရား ယနေ့ တပည့်တော်တို့ တရားနာယူမည့် နေ့ပါတည်းဟု ပြောဆို တောင်းပန်ပြီးသော် သံဃာတော်အား အလှူကို ပေးလှူ၍ အရှင်ဘုရား အရှင်မြတ်တို့သည် တပည့်တော်တို့အား နေ့အခါ၌ တရားတော်ကို ဟောကြားတော် မူပါကုန်လော့ဟု လျှောက်ထားကုန်၏။ ထိုဥဒါယီမထေရ် သည်လည်း လျှောက်ကြားသာသူ ထိုလူအများတို့အား အခွင့်ပေးသည့်အလား ဆိတ်ဆိတ်နေတော်မူ၏။ ထိုလူတို့သည် တရားနာယူမည့်အခါ၌ လာရောက် ကုန်၍ အရှင်ဘုရား တပည့်တော်တို့အား တရားတော်ကို ဟောကြားပါကုန် လော့ဟု လျှောက်ထားသည်ရှိသော် ဥဒါယီမထေရ်သည် တရားဟောနေရာ၌ ထိုင်နေ၍ ဆန်းကြယ်သော ယပ်ကိုကိုင်ယူပြီးလျှင် ယပ်ခတ်လျက် တရား တစ်ပုဒ်ကိုမျှလည်း ရွတ်ဆိုရန်ပင် မထင်မြင်သောကြောင့် ငါသည် သရဘည ဝတ်ကို ရွတ်ဆိုပါအံ့။ တစ်ပါးသော တရားဟောပုဂ္ဂိုလ်သည် တရားစကားကို ဟောကြားစေသတည်းဟု ပြောဆို၍ တရားဟောနေရာမှ သက်ဆင်း၏။ ထိုသူတို့သည် တစ်ပါးသော တရားဟောပုဂ္ဂိုလ်ကို တရားစကား ဟောကြား စေပြီးသော် သရဘညဝတ်ရွတ်ခြင်း အကျိုးငှါ ဥဒါယီမထေရ်ကို တစ်ဖန် ထိုတရားဟောနေရာသို့ တင်ကြကုန်၏။ ထိုဥဒါယီ မထေရ်သည် တစ်ဖန်လည်း သရဘညဝတ် ရွတ်အံ့ကြံသော် တစ်စုံတစ်ခုသော ပါဠိဂါထာကိုမတွေ့မိ မထင်မြင် သောကြောင့် ငါသည် ညဉ့်အခါ၌ တရားကို ဟောအံ့။ တစ်ပါးသောရဟန်းသည် သရဘညဝတ်ကို ရွတ်ဆိုစေသတည်းဟု ပြောဆို၍ တရားဟောနေရာမှ သက်ဆင်း၏၊ ထိုလူတို့သည် တစ်ပါးသော ရဟန်းကို သရဘညဝတ် ရွတ်စေ ပြီးသော် တစ်ဖန် ညဉ့်အခါ၌ ဥဒါယီမထေရ်ကို ပင့်ဆောင်ကြကုန်၏။ ထိုဥဒါယီ မထေရ်သည် ညဉ့်အခါ၌လည်း တစ်စုံတစ်ခုသော ပါဠိကို မသိမမြင်သော ကြောင့် ငါသည် မိုးသောက်သောအခါ၌ တရားဟောအံ့။ ဤညဉ့်၌ တစ်ပါးသော ရဟန်းသည် ဟောစေသတည်းဟု ပြောဆို၍ နေရာမှသက်ဆင်း၏။ ထိုလူတို့ သည် တစ်ပါးသောရဟန်းကို ညဉ့်အခါ၌ တရားစကား ဟောကြားစေပြီးလျှင် တစ်ဖန်မိုးသောက် ရောက်သောအခါ၌ ထိုဥဒါယီမထေရ်ကို ပင့်ဆောင်ကြပြန်၏။ ထိုဥဒါယီမထေရ်သည် တစ်ဖန်တုံလည်း တစ်စုံတစ်ခုသော ပါဠိအစဉ် မထင်မြင် နိုင်သည် ဖြစ်လေ၏။

## လာဠုဒါယီမထေရ် မစင်တွင်းသို့ ကျခြင်း

လူများအပေါင်းသည် ခဲ-တုတ်-လှံကန် စသည်တို့ကို ကိုင်ယူကုန်၍ အိုမိုက်ကန်းသူအသင်သည် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးစကားကိုပြောကြားအပ်သည် ရှိသော် ဤသို့ ဤသို့သော စကားကို ပြောဆိုကြုံးဝါးဘိ၏။ ဤယခုအခါ၌ အဘယ့်ကြောင့် မပြောဘိ သနည်းဟု ခြိမ်းခြောက်သောကြောင့် ရှုံကြောက် ထွက်ပြေးသော ဥဒါယီမထေရ်ကို အစဉ်လိုက်လေ၏။ ထိုဥဒါယီမထေရ်သည် ထွက်ပြေးသည်ရှိသော် တစ်ခုသော ကျင်ကြီးတွင်း၌ ကျ၏။ လူများအပေါင်းသည် "ယနေ့ လာဠုဒါယီသည် သာရိပုတ္တရာမထေရ်၏ ဂုဏ်ကျေးဇူးစကားကို ပြောကြားသည်ရှိသော် မရှုစိမ့်သောကြောင့် မိမိ၏ ဓမ္မကထိကအဖြစ်ကို ထင်စွာပြောကြား လူအများတို့က ပူဇော်သက္ကာရကိုပြု၍ တရားတော်ကို နာကုန်အံ့ဟု ဆိုသည်ရှိသော် လေးကြိမ်တိုင်တိုင် တရားဟောနေရာ၌ ထိုင်နေ၍ လျှောက်ပတ် ဟောပြောအပ်သည်နှင့် စပ်ယှဉ်သော တစ်စုံတစ်ခုသော တရားကို မသိမြင်သောကြောင့် အသင်သည် ငါတို့၏အရှင်ဖြစ်သော သာရိပုတ္တရာမထေရ်နှင့် အတူတကွ အစုံပြိုင်မှု အန်တုခြင်းကိုယူလေသည်ဟု ပြောဆိုကြိမ်းမောင်း ခဲ-တုတ်-လှံကန် စသည်တို့ကို ယူငင်ခြိမ်းခြောက်သောကြောင့် ကြောက်ရှုံ ထွက်ပြေးသည် ရှိသော် ကျင်ကြီးတွင်း၌ ကျလေသည်"ဟူသော စကားကို ဖြစ်စေ၏၊ မြတ်စွာဘုရားသည် ကြားတော်မူလာ၍ ချစ်သားရဟန်းတို့ ဤယခုအခါ၌ အဘယ်စကားဖြင့် ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ ဤယခုအခါ၌သာလျှင် လာဠုဒါယီသည် ကျင်ကြီးအတွင်း၌ ကျသည် မဟုတ်သေး။ ရှေး၌လည်း ဤလာဠုဒါယီသည် ကျင်ကြီးတွင်း၌ နစ်မြုပ်ဖူးသည်သာလျှင်တည်းဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## သူကရဇာတ်

ရှေးအခါ၌ ဗာရာဏသီပြည်၌ ဗြဟ္မဒတ္တမင်းကြီးသည် မင်းပြုသည်ရှိသော် အရှင်သာရိပုတ္တရာအလောင်းသည် ခြင်္သေ့မင်းဖြစ်၍ ဟိမဝန္တာအရပ်ဝယ် တောင်လိုဏ်ဂူ၌နေ၏။ ထိုလိုဏ်ဂူ၏အနီး၌ တစ်ခုသောအိုင်ကို အမှီပြု၍ များစွာသော ဝက်တို့သည် နေကြကုန်၏။ ထိုအိုင်ကိုပင် အမှီပြု၍ ရသေ့တို့သည်လည်း သစ်ရွက်မိုးသော ဇရပ်တို့၌ နေကြကုန်၏။ ထိုအခါ တစ်နေ့သ၌ ခြင်္သေ့သည် ကျွဲ-ဆင် စသည်တို့တွင် တစ်စုံတစ်ခုသော သတ္တဝါကို သတ်၍ အလိုရှိတိုင်း အသားကိုစားပြီးလျှင် ထိုအိုင်သို့ သက်ဆင်း၍ ရေကိုသောက်ပြီးသော် အိုင်မှ တက်၏။ ထိုခဏ၌ ဝသောကိုယ်ရှိသော ဝက်တစ်ကောင်သည် ထိုအိုင်ကို မှီ၍

ကျက်စားရာကိုယူ၏။ ခြသေ့်သည် ထိုဝက်ကို မြင်၍ အခြား တစ်နေ့သာ၌ ဤဝက်ကို စားရတော့အံ့။ ငါ့ကို မြင်သွားပြီး၍သာ တစ်ဖန် မလာဘဲရှိပေရာ၏ ဟကြံ၍ ထိုဝက်ကို မလာအံ့သည်မှာ စိုးရိမ်ကြောင့်ကြသောကြောင့် ဖေ့ဒိုင်မှ တက်၍ တစ်ခုသောနံပါးဖြင့် သွားခြင်းငှာ အားထုတ်၏။ ဝက်သည် ကြည့်ရှု ပြီးသော် ဤခြသေ့်သည် ငါ့ကိုမြင်၍ ငါ့အား ကြောက်သဖြင့် ချဉ်းကပ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ကြောက်သေစဘေးဖြင့် ပြေး၏။ ယနေ့ ငါသည် ဤခြသေ့်နှင့် အတူတကွ ယှဉ်ပြိုင်ခြင်းငှာအပ်၏ဟုကြံ၍ ဦးခေါင်းကို ပင့်မြှောက် ရှုမျှော်ပြီးလျှင် ထိုခြသေ့်ကို စစ်ထိုးခြင်းငှာ ခေါ်လိုသောကြောင့် ဤဂါထာကို ရွတ်၏။

စတုပ္ပဒေါ အဟံ သမ္မ၊ တွံပိ သမ္မ စတုပ္ပဒေါ။
ဧဟိ သမ္မ နိဝတ္တဿု၊ ကိံ နု ဘီတော ပလာယသိ။

အဆွေ ငါသည် အခြေလေးချောင်းရှိသော သားတည်း။ အဆွေ သင်သည်လည်း အခြေလေးချောင်း ရှိသော သားတည်း။ အဆွေ လာခဲ့လော့။ ပြန်လည်ခဲ့ပါလော့။ အသို့နည်း၊ သင်သည် ကြောက်သည် ဖြစ်၍ ပြေးတော့အံ့လော။

ခြသေ့်သည် ထိုဝက်၏ စကားကိုကြား၍ အဆွေဝက် ယနေ့ ငါတို့အား အသင်နှင့် အတူတကွ စစ်ထိုးဖွယ် ကိစ္စမရှိ။ ဤနေ့မှနောက် ခုနစ်ရက်မြောက် သောနေ့၌ကား ဤအရပ်၌သာနေ၍သာလျှင် စစ်ထိုးခြင်း ဖြစ်စေလော့ဟု ပြော ဆို၍ ဖဲ့သွား၏။ ဝက်သည် ခြသေ့်နှင့် အတူတကွ ငါစစ်ထိုးရပေတော့မည်ဟု နှစ်သက် ရွှင်လန်း ဝမ်းမြောက်သည်ဖြစ်၍ ထိုသို့သော အကြောင်းသနစ် ဖြစ်ခြင်း အလုံးစုံကို အဆွေအမျိုးတို့အား ပြောကြား၏၊ အဆွေအမျိုးတို့သည် ထိုဝက်၏ စကားကိုကြား၍ ကြောက်ရွံ့တုန်လှုပ်သောအားဖြင့် ဤယခုအခါ၌ အသင်သည် အလုံးစုံလည်းဖြစ်ကုန်သော ငါတို့ကို ပျက်စီးစေလတ္တံ့။ မိမိ၏ ခွန်အား စွမ်းပကားကို မသိရှိမူ၍ ခြသေ့်နှင့် အတူတကွ စစ်ထိုးခြင်းငှာ အလိုရှိသည်ဖြစ်ပေ၏။ ခြသေ့်သည်လာရောက်၍ အလုံးစုံလည်း ဖြစ်ကုန် သောငါတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်လတ္တံ့။ ပျက်ချော်သော အမှုကို အသင် မပြုပါလင့်ဟု ပြောဆိုကြကုန်၏။ ထိုဝက်သည် ထိတ်လန့် ကြောက်ရွံ့သည်ဖြစ်၍ ဤယခုအခါ၌ အဘယ်သို့ ပြုရပါမည်နည်းဟု မေး၏။ ဝက်တို့က အဆွေ အသင်သည် ထိုရသေ့၏ ကျင်ကြီးစွန့်ရာမြေသို့ သွား ရောက်၍ မစင်ပုပ်၌ ခုနစ်ရက်တို့ ပတ်လုံး လူးလို့မ့်ပြီးလျှင် ကိုယ်ကို ခြောက် စေ၍ ခုနစ်ရက်မြောက်သောနေ့၌ မိမိကိုယ်ကို ဆီးနှင်းပေါက်တို့ဖြင့် စိုစွတ်စေ

ပြီးလျှင် ခြသေ့လာသောအခါမှ ရှေးဦးစွာ သွားရောက်ပြီးလျှင် လေ၏အလျဉ်တိုက်ခတ်ခြင်းကို သိ၍ ယေတင်၌ တည်စေလေလော့။ စင်ကြယ်သော အမျိုးဇာတ်ရှိသော ခြသေ့သည် အသင်၏ ကိုယ်အနံ့ကို နံ၍ အသင်အား အောင်ခြင်းကို ပေးပြီးလျှင် သွားပေလတ္တံ့ဟု ပြောဆိုကြပေကုန်၏။ ထိုဝက်သည် ဆွေညာတိတို့ သိရှိညွှန်ပြသည့်အတိုင်း ပြု၍ ခုနစ်ရက်မြောက်သော နေ့၌ လေညာဖြစ်သောအရပ်၌ တည်နေ၏။ ခြသေ့သည် ထိုဝက်၏ ကိုယ်အနံ့နံ၍ မစင်လိမ်းကျံသည့်အဖြစ်ကို သိသည်ရှိသော် အဆွေဝက် အသင်ကြံစည်အပ်သော ပရိယာယ်အမြွက်အကြောင်းကား ကောင်းလေစွ၊ အကယ်၍ အသင်သည် မစင်လိမ်းကျံခြင်း မရှိခဲ့သည်ဖြစ်အံ့၊ ယင်းသို့ဖြစ်ခဲ့သည်ရှိသော် ဤအရပ်၌သာလျှင် အသင်သည် အသက်ကုန်ခြင်းသို့ ရောက်ပေရာ၏။ ဤယခုအခါ၌ကား အသင်၏ကိုယ်ကို နှုတ်သီးခံတွင်းဖြင့် ကိုက်ခဲခြင်းငှါ မတတ်ကောင်းချေ။ ခြေဖြင့်ကုတ်ဖြတ်သတ်ခြင်းငှါ မတတ်ကောင်းချေ။ အသင့်အား အောင်မြင်ခြင်းကို ပေးပါ၏ပြောဆို၍ ဤနှစ်ခုမြောက်သော ဂါထာကိုဆို၏။

အသုစိပူတိလောမောသိ၊ ဒုဂ္ဂန္ဓော ဝါသိ သူကရ။
သစေ ယုဇ္ဈိတုကာမောသိ၊ ဇယံ သမ္မ ဒဒါမိ တေ။

အိုဝက် သင်သည် မစင်ကြယ်သည့် ဘင်ပုပ်လိမ်းကျံ ပုပ်နံသော အမွေးရှိသည်ဖြစ်၏။ စက်ဆုပ်ရွံရှာဖွယ်သော အနံ့ရှိသည်ဖြစ်၍ နံစော်၏။ စစ်ထိုးခြင်းငှါ အလိုရှိသည်ဖြစ်ခဲ့သော် အဆွေဝက် သင့်အား အောင်ခြင်းကို ငါ ပေးပါ၏ဟု ဆို၏။ ခြသေ့သည် ထိုအရပ်မှသာလျှင် ဆုတ်နစ် ပြန်လည်၍ ကျက်စားရာအရပ်ကို ယူကပ်ပြီးလျှင် ရေအိုင်၌ သောက်ရေကို သောက်၍ တောင်လိုဏ်ဂူသို့သာလျှင် သွား၏။ ဝက်သည်လည်း ငါသည် ခြသေ့ကိုအောင်အပ်၏ဟု အဆွေအမျိုးတို့အား ပြောကြား၏။ အဆွေအမျိုးဖြစ်သော ထိုဝက်တို့သည် ကြောက်ရွံ့ထိတ်လန့် ကုန်သည်ဖြစ်၍ တစ်ဖန် တစ်ခုသောနေ့၌ လာရောက်ပြီးသော် ခြသေ့သည် အလုံးစုံသာလျှင်ဖြစ်ကုန်သော ငါတို့ကို အသက်ကုန်ခြင်းသို့ ရောက်စေလတ္တံ့ဟု ပြောဆို ပြေးထွက်၍ တစ်ပါးသော အရပ်သို့ သွားကြကုန်၏။ မြတ်စွာဘုရားသည် ဤသူကရဇာတ်ကို အကျယ်ချဲ့၍ဟောကြားတော်မူ၏။ ချစ်သားရဟန်းတို့ ထိုအခါ ခြသေ့သည် သာရိပုတ္တရာ ဖြစ်ဖူးပြီ။ ဝက်သည် လာဠုဒါယီဖြစ်ဖူးပြီဟု ဇာတ်ကိုပေါင်းတော်မူ၏။

မြတ်စွာဘုရားသည် ဤသို့သော တရားဒေသနာတော်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့၊ ဥဒါယီသည် အနည်းငယ်မျှသာလျှင် ဖြစ်သော တရားကို သင်ယူအပ်၏။ ထိုသို့သင်ယူပြီး၍ကား သရဇ္ဈာယ်ခြင်းကို မပြု။ အလုံးစုံသော

ပရိယတ်တရားကိုသင်ယူ၍ ထိုတရားကို ရွတ်အံသရဇ္ဈာယ်ခြင်းကို မပြုခြင်းသည် အညစ်အကြေးဖြစ်သည်သာလျှင်တည်းဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏–

**အသဇ္ဈာယမလာ မန္တာ၊ အနုဋ္ဌာနမလာ ဃရာ။**

**မလံ ဝဏ္ဏဿ ကောသဇ္ဇံ၊ ပမာဒေါ ရက္ခတော မလံ။**

စာပေကျမ်းဂန် အတတ်ပညာတို့သည် မရွတ်ဖတ် မသရဇ္ဈာယ်ခြင်းလျှင် (ပျက်စီးကြောင်း) အညစ်အကြေးရှိကုန်၏။ အိမ်နေသူတို့သည် ထကြွလုံ့လ မရှိခြင်းလျှင် (ပျက်စီးကြောင်း) အညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် အဆင်းလှပခြင်း၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏။ မေ့လျော့ခြင်းသည် အစောင့်၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏။

ထိုဂါထာ၌ အသဇ္ဈာယမလာ=ဟူသည် တစ်စုံတစ်ခုသော စာပေသင်ခြင်းကိုလည်းကောင်း အတတ်ပညာကိုလည်းကောင်း မရွတ်ဖတ်၊ ဒ ဖန်ဖန် အား မထုတ်သောသူအား ပျောက်ပျက်၏၊ အမြဲ မထင်လာချေ၊ ထို့ကြောင့် "အသဇ္ဈာယ မလာ"ဟူ၍ ဆိုအပ်၏။

အိမ်၌နေသောသူအား လုံးလစိုက်၍ ဟောင်းမြေ့သည်ကို ပြုပြင်ခြင်း စသည်ကို မပြုလုပ်သော အိမ်သည် ပျက်စီးလတ္တံ့ဖြစ်သောကြောင့် "အနုဋ္ဌာန မလာ ဃရာ"ဟု ဆိုအပ်၏။

လူဖြစ်စေ၊ ရဟန်းဖြစ်စေ ပျင်းရိခြင်းကြောင့် ကိုယ်လက် သုတ်သင်ခြင်းကိုလည်းကောင်း၊ ပရိက္ခရာကို သုတ်သင်ခြင်းကိုလည်းကောင်း မပြုလုပ်သော သူ၏ကိုယ်သည် အဆင်းမလှ သောကြောင့် "မလံ ဝဏ္ဏဿ ကောသဇ္ဇံ"ဟု ဆိုအပ်၏။

နွားတို့ကို စောင့်ရှောက်သောသူသည် မေ့လျော့သည်၏အစွမ်းဖြင့် အိပ်ပျော်၍ နေစဉ်လည်းကောင်း၊ ကစား၍နေစဉ်လည်းကောင်း၊ ထိုနွားတို့သည် ဆိပ်ကမ်းမဟုတ်သောနေရာသို့ ပြေးသွားခြင်း စသည်ဖြင့်လည်းကောင်း၊ သားရဲနှင့်ခိုးသူ စသည်တို့ နှိပ်စက်ခြင်း ဖြင့်လည်းကောင်း၊ သူတစ်ပါးတို့၏သလေးစပါးခင်းစသည်တို့ကို ဝင်၍စားခြင်းဖြင့်လည်းကောင်း၊ ပျက်စီးခြင်းသို့ ရောက်ကုန်၏။ မိမိသည်လည်း ဒဏ်ပေးခံရခြင်း။ ဆဲရေးခံရခြင်းသို့ လည်းရောက်၏။ ရဟန်းဖြစ်မူ ဒွါရ ခြောက်ပါးတို့ကို မစောင့်ရှောက်သူကို မေ့လျော့သည်၏အစွမ်းဖြင့် ကိလေသာတို့သည်သက်ဝင်၍ သာသနာတော်မှ ရွေ့လျောစေကုန်သည်၏ အဖြစ်ကြောင့်

"ပမာဒေါ ရက္ခတော မလ"ဟု ဆိုအပ်၏။ ဆိုသို့မေ့လျော့ခြင်းသည် ထိုသူအား ပျက်စီးခြင်းကို ရွက်ဆောင်သည်၏အစွမ်းဖြင့် အညစ်အကြေး၏ မိမိ၌ဖြစ်သည်၏ အဖြစ်ကြောင့် အညစ်အကြေးမည်၏။

ဒေသနာတော်အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

လာလုဒါယိမထေရ်ဝတ္ထု ပြီး၏။

## ၅။ မထင်ရှားသော အမျိုးသားဝတ္ထု

မလိတ္ထိယာ ဒုစ္စရိတ်–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် အမျိုးကောင်းသား တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုအမျိုးသားအား တူမျှသော ဇာတ်ရှိသော အမျိုးသမီးကို ထိမ်းမြား ဆောင်ယူကုန်သတတ်၊ ထိုသတို့သမီးသည် ခင်ပွန်းအရှင် လင်ယောကျ်ားအိမ်သို့ ဆောင်ယူရောက်ရှိသော နေ့မှ စ၍ တစ်ပါးသော ယောကျ်ားနှင့် သွားလာပျော်မြူး လွန်ကျူးသော အလေ့အကျင့်ရှိသည်ဖြစ်၏။ ထိုအမျိုးသားသည် မယား ခင်ပွန်းမ၏ ယောကျ်ားတစ်ပါး သွားလာပျော်မြူး လွန်ကျူးသော အကျင့်ဖြင့် ရှက်နိုးလှသည် ဖြစ်ချကား သိကျွမ်းသူ တစ်စုံ တစ်ယောက်၏ မျက်မှောက် အဖြစ်သို့ ချဉ်းကပ်ခြင်းငှါ မစွမ်းနိုင် သောကြောင့် မြတ်စွာဘုရားသို့ ခစား ဆည်းကပ်ခြင်း စသည်တို့ကို ဖြတ်တောက်၍ နှစ်ရက်·သုံးရက်လွန်မြောက်သဖြင့် မြတ်စွာဘုရား ထံတော်ပါးသို့ သွားရောက် ချဉ်းကပ်ပြီးလျှင် ရှိခိုးဦးချ၍ သင့်လျော်သောအရပ်၌ ထိုင်နေသောအခါ မြတ်စွာဘုရားက ဥပါသကာ အဘယ့်သို့နည်း အသင့်ကို မမြင်ရသည်ကြာပြီ ဟု မိန့်တော်မူသည်ရှိသော် ထုတ်ဖော်ပြရှိမမိ၏ ထိုအကြောင်းကိုကြားလျှောက်၏။ ထိုအခါဥပါသကာကို မြတ်စွာဘုရားက ဥပါသကာ ရှေးအခါ၌လည်းမိန်းမတို့မည်သည်မြစ်အစရှိသည်တို့နှင့် တူကုန်၏။ ထိုမိန်းမတို့၌ ပညာရှိတို့သည် အမျက် ထွက်ခြင်းကို မပြုအပ်ဟု အသင်အား ငါဘုရားသည် ဆုံးမပြောဆိုဖူးပြီ အသင်သည်ကား ဘဝဖြင့် ဖုံးလွှမ်းအပ်သည် အဖြစ်ကြောင့် မမှတ်မိနိုင် ရှိရဘိသည်ဟု မိန့်တော်မူ၍ ထိုဒါယကာ တောင်းပန် အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

ရှေးလွန်လေပြီးသော အခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ဘုရားအလောင်းတော်သည် ဒိသာပါမောက္ခဆရာ ဖြစ်၍ ငါးရာကုန်သော တပည့်တို့ကို အတတ်ပညာကို ကောင်းစွာသင်စေ၏။ ထိုအခါ ဒိသာပါမောက္ခဆရာ၏ အတွင်းနေ တပည့်သည် မယားခင်ပွန်းမ၌ စွန်းငြိထေးညစ် အပြစ်ကို မြင်သည်ဖြစ်၍ နှောက်ယှက်တွေဝေသော စိတ်ရှိသဖြင့် နှစ်ရက်–သုံးရက်ပတ်လုံး ဆရာ၏ထံမှောက်သို့ မလာမရောက်မူ၍ တစ်နေ့သောအခါ ရောက်လာသည်ကို ဆရာက မေးအပ်သည်ရှိသော် ထိုအကြောင်းကို ပြောကြား၏ ထိုအခါတပည့်အား ဆရာက အမောင် မိန်းမတို့မည်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံကုန်၏ ထိုမိန်းမတို့၌ ဤမိန်းမတို့ကား သီလ မရှိကုန်ဟု နှလုံးသွင်း၍ ပညာရှိတို့သည် အမျက်ထွက်ခြင်းကို မပြုကုန်ဟု ပြောဆို၍ အဆုံးအမ စကားကို ပြောကြားသည်၏ အစွမ်းဖြင့် ဤဂါထာကိုရွတ်ဆို၏—

ယထာ နဒီ စ ပန္ထော စ၊ ပါနာဂါရံ သဘာ ပပါ။
ဧဝံ လောကိတ္ထိယော နာမ၊ ဝေလာ တာသံ န ဝိဇ္ဇတိ။

အမောင်တပည့် မြစ်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့လည်းကောင်း ခရီးလမ်းသည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့လည်းကောင်း၊ သေသောက်ကျူးတို့ အထူးပျော်လုပ် သေတင်းကုပ်သည် အလုံးစုံသော သူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့လည်းကောင်း ဇရပ်သဘင်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်းရှိသကဲ့သို့လည်းကောင်း၊ လူတိုင်းသောက်ရန် စီမံပြုပြင် ရေအိုးစင်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်း ရှိသကဲ့သို့ လည်းကောင်း။ ထိုနည်းအတူသာလျှင် လူ့ဘောင်လောက၌ မိန်းမတို့မည်သည် အလုံးစုံသောသူတို့နှင့် ဆက်ဆံခြင်း ရှိကုန်သည် သာလျှင်တည်း။ ထို မိန်းမတို့အား ဤသူသည်သာ စိုးပိုင်ရှာဟု သေချာတိုင်းစာ အပိုင်းအခြားသည် မရှိတော့သည် သာလျှင်တည်းဟု ဤသို့သော စကားဖြင့် ဘုရားအလောင်းတော်သည် အတွင်းနေတပည့်အား ဩဝါဒပေးတော်မူ၏။ ထိုအတွင်းနေ တပည့်သည် ဆရာပေးအပ်သော ထိုဩဝါဒကိုကြား၍ လျစ်လျူရှုသည် ဖြစ်လေ၏။ ထိုတပည့်၏ မယားခင်ပွန်းမသည် ဆရာသည် သိရှိလေသတဲ့ဟု ကြားသည်ရှိသော် ထိုအခါမှစ၍ မကောင်းမှု မပြု မလုပ်တော့ပြီ။ ဧကကနိပါတ်အနဘိရတိဇာတ်ကိုအကျယ်ဟောပြတော်မူ၍ ဒါယကာမိန်းမအား မတည် စိတ်မူး လွန်ကျူး၍ ကျင့်လေ့ရှိသော အဖြစ်သည် အညစ်အကြေးမည်၏၊ စွန့်ကြဲပေးကမ်း လှူဒါန်းသောသူအား ဤပစ္စုပ္ပန်လောက တမလွန်လောကတို့၌ သတ္တဝါတို့၏ အကုသိုလ်ကံကို ဖျက်ဆီးတတ်သော သဘော

ကြောင့် မစ္ဆရိယသည် အညစ်အကြေးမည်၏။ အဝိဇ္ဇာသည်ကား အလုံးစုံသော အညစ်အကြေးတို့ထက် လွန်ကဲသော အညစ်အကြေးမည်၏ဟု မိန့်တော်မူပြီး၍—

မကောင်းရှုပ်ထွေး အညစ်အကြေးကို ပြသော

ပါဠိတော်ဂါထာ·ဒေသနာ

မလိတ္ထိယာ ဒုစ္စရိတံ၊ မစ္ဆေရံ ဒဒတော မလံ။

မလာ ဝေ ပါပကာ ဓမ္မာ၊ အသ္မိံ လောကေ ပရမှိစ။

တတော မလာ မလတရံ၊ အဝိဇ္ဇာ ပရမံ မလံ။

ဧတံ မလံ ပဟန္တွာန၊ နိမ္မလာ ဟောထ ဘိက္ခဝေါ—

ဟူကုန်သော ဤဂါထာတို့ကို ဟောကြားတော်မူ၏။

လင်ကို လွန်ကျူး၍ ကျင့်ခြင်းသည် မိန်းမ၏ (ပျက်စီးကြောင်း) အညစ်အကြေးမည်၏။

နှမြော ဝန်တိုခြင်းသည် ပေးလှူသူ၏ ပျက်စီးကြောင်း အညစ်အကြေးမည်၏။

ယုတ်ညံ့သော အကုသိုလ်တရားတို့သည် ဤဘဝ၌လည်းကောင်း၊ တမလွန်ဘဝ၌လည်းကောင်း ကေန်ပျက်စီးကြောင်း အညစ်အကြေး မည်ကုန်၏။

ထိုအညစ်အကြေးတို့ထက် အလွန်အကဲဆုံး အညစ်အကြေးကား အမှန်ကို မသိမှု 'အဝိဇ္ဇာ'ပင်တည်း၊ ရဟန်းတို့ ဤ (အလွန်ကဲဆုံး) အဝိဇ္ဇာအညစ်အကြေးကိုသတ်၍ အညစ်အကြေး ကင်းစေကုန်လော့။

ထိုဂါထာ၌ ဒုစ္စရိတံ=ဟူသည် လွန်ကျူး၍ ကျင့်ခြင်းတည်း။

ဖောက်ပြန်သောမိန်းမကို လင်သည်လည်း အိမ်မှနှင်ထုတ်တတ်၏။ မိဘတို့အထံ သွားသော်လည်း သင်သည် မျိုးရိုးကို ရိုသေစောင့်ထိန်းမှုမရှိ၍ မကြည့်လို မမြင်တွေ့လို"ဟု ဆိုကာ ထိုဖောက်ပြန်သောမိန်းမကို နှင်ထုတ်ကြကုန်၏။ ထိုမိန်းမသည် အားထားရာမရှိဘဲ လှည့်လည်-သွားလာလျက် ဒုက္ခကြီးစွာ ရောက်လေသောကြောင့် ထိုလွန်ကျူး၍ ကျင့်ခြင်းကို "ဒုစ္စရိတံ မလံ" ဟု ဆိုအပ်၏၊

ဒဒတော=ဟူသည် ပေးလှူတတ်သောသူ၏။

အကြင်ပုဂ္ဂိုလ်အား လယ်ထွန်သောအခါ၌ "ဤလယ်ပြီးစီးသည်ရှိသော် စာရေးတံဆွမ်းစသည်တို့ကို ပြုလုပ်ပေးလှူအံ့ဟု ကြံပြီး၍ ပြီးစီးသောအခါ စပါး၌ နှမြောတွန့်တိုသည်ဖြစ်၍ ပေးကမ်းစွန့်ကြဲလိုသော စိတ်မရှိတော့ချေ။ ထိုပုဂ္ဂိုလ်သည် နှမြောတွန့်တိုသည်၏ အစွမ်းဖြင့် ပေးကမ်းလိုသော စိတ်ကို ပိတ်ပင်တားမြစ်သည်ရှိသော် လူ့စည်းစိမ် နတ်စည်းစိမ် နိဗ္ဗာန်စည်းစိမ်ဟူသော စည်းစိမ်ချမ်းသာ သုံးမျိုးလုံးကို မရ၊ ထို့ကြောင့် မဇ္ဈရိ ဒဒတော မလံ"ဟု ဆို၏၊ ကြွင်းသောအရာတို့၌လည်း ဤနည်းတူမှတ်လေ။

ပါပကာဓမ္မာ=ဟူသည် အကုသိုလ်တရားတို့သည် ဤဘဝ၌ လည်းကောင်း နောင်ဘဝ၌လည်းကောင်း အညစ်အကြေးသည်သာတည်း။

တတော=ဟူသည် အောက်၌ ဆိုအပ်ခဲ့ပြီးသော အညစ်အကြေးအပေါင်းထက်။

မလတရံ=ဟူသည် ပို၍မိုလွန်ကဲသော အညစ်အကြေးကို ဆို၏။

အဝိဇ္ဇာ=ဟူသည် အဝိဇ္ဇာဖြစ်ခြင်း၏ အကြောင်းဝတ္ထု ရှစ်မျိုးကို မသိခြင်းသည်သာလျှင် လွန်ကဲသောအညစ်အကြေးမည်၏ဟု ဆိုလိုသည်။

ပဟန္တွာန=ဟူသည် ရဟန်းတို့ ထိုအညစ်အကြေးကို ပယ်စွန့်၍ အညစ်အကြေးမရှိသည်ဖြစ်ကြကုန်လောဟူလို။

ဒေသနာတော်၏အကျိုးအာနိသင်

ဒေသနာတော်၏အဆုံး၌ များစွာကုန်သောသူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကြကုန်၏။

အညတရကုလပုတ္တဝတ္ထုပြီး၏။

---

၆။ စူဠသာရိဝတ္ထု

သုဇီဝံ အစရှိသော ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ၏ အတူနေ တပည့်ဖြစ်သော စူဠသာရိကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုစူဠသာရီမည်သော ရဟန်းသည် တစ်နေ့သောအခါ၌ ဆေးကုခြင်း အမှုကိုပြု၍ မွန်မြတ်သော ဘောဇဉ်ကို ရသည်ရှိသော် ယူဆောင်ထွက်သွား လမ်းခရီးအကြား၌ အရှင်သာရိပုတ္တရာကို တွေ့မြင်၍ အရှင်ဘုရား အကျွန်ုပ်သည် ဤသို့သတ်မှတ် မွန်မြတ်သော ဆွမ်းကို ဆေးကုခြင်းအမှုပြုခြင်းကြောင့် ရပါသည်။ အရှင်ဘုရားတို့သည် တစ်ပါးသောအရပ်၌ ဤသို့ သဘောရှိသော ဘောဇဉ်ကို မရပေကုန်လတ္တံ့။ ဤမွန်မြတ်သော ဘောဇဉ်ကို ဘုဉ်းပေးကုန်လတ္တံ့လော။ အကျွန်ုပ်သည် အရှင်ဘုရားအား ဆေးကုခြင်းအမှုကို ပြု၍ မြဲသော ကာလပတ်လုံး ဤသို့သဘောရှိသော အာဟာရကို ဆောင်ယူပါအံ့ဟု လျှောက်ထားသတတ်။ မထေရ်သည် ထိုစူဠသာရီ၏ စကားကိုကြား၍ ဆိတ်ဆိတ်နေပြီးလျက်သာလျှင် ဖဲကြွတော်မူ၏။ ရဟန်းတို့သည် ကျောင်းသို့သွားရောက်၍ မြတ်စွာဘုရားအား ထိုသို့သောအကြောင်းကို ရှုံးပေါင်းလျှောက်ကြားကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ အရှက်မရှိ ကြမ်းကြုတ်သော သူမည်သည်ကား ကျီးနှင့်တူသည်ဖြစ်၍ နှစ်ဆယ့်တစ်ပါး အပြားရှိသော မသင့်အပ်သော ရှာမှီးခြင်း၌ တည်၍ ချမ်းသာစွာ အသက်မွေး၏၊ ရှက်ခြင်းကြောက်ခြင်း ပြည့်စုံသော ပုဂ္ဂိုလ်သည်ကား ငြိုငြင်ဆင်းရဲစွာ အသက်မွေးမှုရ၏ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောကြားတော်မူ၏။

အရှက်မရှိသောသူနှင့် အရှက်ရှိသူ ၂-မျိုးတို့၏ အကြောင်းကို

ဖော်ပြသော ပါဠိတော်ဂါထာ ဒေသနာ

သုဇီဝံ အဟိရိကေန၊ ကာကသူရေန ဓံသိနာ။
ပက္ခန္ဒိနာပဂဗ္ဘေန၊ သံကိလိဋ္ဌေန ဇီဝိတံ။
ဟိရိမတာ စ ဒုဇ္ဇီဝံ၊ နိစ္စံ သုစိဂဝေသိနာ။
အလီနေနာပပ္ပဂဗ္ဘေန၊ သုဒ္ဓါဇီဝေန ပဿတာ။

အရှက်မရှိသူသည် ရဲတင်းသော ကျီးနှင့်တူသဖြင့်လည်းကောင်း၊ သူတစ်ပါး ဂုဏ်ကို ဖျက်ဆီးသဖြင့် လည်းကောင်း၊ သူတစ်ပါး ပြုသည်ကို မိမိပြုယောင်ဆောင်သဖြင့်လည်းကောင်း၊ ကြမ်းကြုတ်သဖြင့်လည်းကောင်း၊ ညစ်ညူးသော အကျင့်ဖြင့်လည်းကောင်း အသက်မွေးမှုပြုသောကြောင့် အသက်မွေးလွယ်ကူ၏။

အရှက်ရှိသူသည် အမြဲစင်ကြယ်မှုကို ရှာသဖြင့်လည်းကောင်း၊ မတွန့်တိုသဖြင့်လည်းကောင်း၊ မကြမ်းကြုတ်သဖြင့် လည်းကောင်း စင်ကြယ်သော အသက်မွေးမှုဖြင့် လည်းကောင်း၊ သင့်မသင့်ကို မြော်မြင်သဖြင့် လည်းကောင်း အသက်မွေးမှုပြုသောကြောင့် အသက်မွေးခဲယဉ်း၏။

ထိုဂါထာ၌- အဟိရိကေန=ဟူသည် ရှက်ခြင်း,ကြောက်ခြင်း မရှိသော။

အမေမဟုတ်သူကို "ငါ၏အမေတည်း"၊ အဖေမဟုတ်သူကို "ငါ၏အဖေ တည်း"အစရှိသောနည်းဖြင့် ပြောဆို၍ ရှာမှီးခြင်း(၂၁)မျိုးဖြင့် ရပ်တည်ရှာမှီး သူသည် အသက်မွေးမှုလွယ်ကူ၏။

ကာကသူရေန=ဟူသည် ရဲတင်းသော ကျီးနှင့်တူသဖြင့် အတင့်ရဲသော ကျီးသည် လူနေအိမ်တို့၌ ယာဂု, ထမင်းစသည်တို့ကို ယူလိုသည်ဖြစ်၍ နံရံ စသည်တို့၌ နားနေပြီးလျှင် မိမိကြည့်နေသည်ကို သိသွားလျှင် မကြည့်ဘဲ နေ သကဲ့သို့လည်းကောင်း, မဆောင်ယူလိုသကဲ့သို့လည်းကောင်း, အိပ်နေ သကဲ့သို့ လည်းကောင်း နားနေ၍ လူတို့မေ့လျော့ချိန်တွင် တဟုန်တည်း ထိုးဆင်းပြီး သူသူ-ဟု အသံပြုလျက်သာလျှင် ခွက်ထဲမှ ပါးစပ်ပြည့်အောင် ကိုက်ချီ၍ ထွက်ပြေး ပျံသွားလေသကဲ့သို့။ ထို့အတူ အရှက်ရှိသော ပုဂ္ဂိုလ်သည်လည်း ရဟန်းတို့နှင့်အတူ ရွာသို့ဝင်ပြီးလျှင် ယာဂု,ဆွမ်း လှူဒါန်းသော နေရာအိမ် စသည်တို့ကို ပိုင်းခြားမှတ်သားရာ ထိုအခါ၌ ရဟန်းတို့သည် ဆွမ်းခံ လှည့်လည် သည်ရှိသော် မျက်လောက်ရုံသာ အလှူခံ၍ နေရာကျောင်းသို့ သွား၍ ပစ္စဝေက္ခဏာ ဆင်ခြင်လျက် ယာဂုဘုဉ်းပေးပြီးလျှင် ကမ္မဋ္ဌာန်းတရား နှလုံး သွင်းကုန်၏။ စာပေသရဇ္ဈာယ်ကုန်၏။ ကျောင်းနေရာကို တံမြက်လှည်းကြ ကုန်၏၊ ဤအရှက်မရှိသော ရဟန်းသည်ကား တစ်စုံတစ်ခုကိုမျှ မပြုဘဲ ရွာသို့ သာလျှင် ရှေးရှုသွားလာနေ၏။

ထိုရဟန်းသည် ရဟန်းတို့သည် ဤတရားကို ရှုလေ့ဟု ပြောသည်ရှိသော် ကြည့်ရှုအပ်သော်လည်း မကြည့်ဘဲနေသကဲ့သို့လည်းကောင်း၊ အခြားတစ်ပါးကို နှလုံးသွင်းသကဲ့သို့လည်းကောင်း၊ အထုံးအဖွဲ့ကို ဖြေသကဲ့သို့လည်းကောင်း၊ သင်္ကန်းကို စီရင်သကဲ့သို့လည်းကောင်းဖြစ်၍ "ငါ့အား ဤမည်သော ပြုဖွယ် ကိစ္စရှိသေးသည်"ဟု ပြောဆိုလျက် နေရာမှထပြီးလျှင် ရွာတွင်းသို့ဝင်၍ နံနက် စောစောကပင်လျှင် ပိုင်းခြားသတ်မှတ်ထားသော အိမ်တို့တွင် အိမ်တစ်အိမ်သို့ သွား၍ အိမ်ရှိလူတို့သည် တံခါးပိတ်၍ တံခါးနား၌ ထိုင်ကာ ငိုကြွေးကြကုန်စဉ် လက်တစ်ဖက်ဖြင့် တံခါးကိုဖွင့်ပြီး အိမ်အတွင်းသို့ ဝင်လေ၏။

ထိုအခါ ရဟန်းကိုမြင်၍ အလိုမရှိဘဲလျက်လည်း နေရာ၌ ထိုင်စေပြီးလျှင် ရှိသမျှသော ယာဂုစသည်တို့ကို ပေးလှူကြကုန်၏၊ ထိုရဟန်းသည် အလိုရှိ တိုင်း ဘုဉ်းပေးပြီး၍ ကြွင်းကျန်သမျှကို သပိတ်၌ထည့်ကာ ထွက်သွားလေ၏။ ဤသို့ပြုခြင်းသည် အတင့်ရဲသော ကျီးကဲ့သို့ပြုသည်မည်၏၊ဤသို့ အရှက်မရှိစွာ ပြုလုပ်ခြင်းဖြင့် အသက်မွေးမြူမှုလွယ်ကူ၏ ဟူလို။

ဓံသိနံ=ဟူသည် "ဤမည်သောသူသည် အလိုနည်း၏"ဤသို့ ပြောဆိုကြကုန်သည်ရှိသော် "ငါ့ကို အလိုနည်းသူဟု ပြောဆိုသူသည် အဘယ်သူနည်း" ဟု ဤသို့စသောစကားဖြင့် သူတစ်ပါးတို့၏ ဂုဏ်ကို ချေဖျက်သည်၏အဖြစ်ဖြင့် ချေဖျက်ခြင်းတည်း။

ထိုသို့သဘောရှိသော စကားကိုကြား၍ "ဤပုဂ္ဂိုလ်သည်လည်း အလိုနည်းခြင်း စသော ဂုဏ်ရှိ၏"ဟု အောင့်မေ့ကြကုန်သော လူတို့ကို ထင်မှတ်မှုပေးအပ်၏။ ထိုရဟန်းသည် ထိုနေ့မှစ၍ ပညာရှိယောကျ်ားတို့၏စိတ်ကို မတားမြစ်နိုင်ရကား ထိုသို့သဘောရှိသော လာဘ်ရခြင်းမှလည်း ဆုတ်ယုတ်၏၊ ဤသို့သဘောရှိသော ဉာဏ်ကို ဖျက်ဆီးတတ်သော ပုဂ္ဂိုလ်သည် မိမိ၏လည်းကောင်း သူတစ်ပါး၏လည်းကောင်း လာဘ်ရခြင်းသည် ပျက်စီးသည်သာလျှင်တည်း။

ပက္ခန္ဒိနံ=ဟူသည် ပြေးသွားလှည့်လည်ခြင်းဖြင့် သူတစ်ပါးတို့၏ အမှုကိစ္စတို့ကို မိမိ၏အမှုကိစ္စတို့ကဲ့သို့ ရှုမြင်လျက် စောစောကပင်လျှင် ရဟန်းတို့သည် စေတီရင်ပြင် စသည်တို့၌ ဝတ်ကိုပြုပြီး၍ ကမ္မဋ္ဌာန်း နှလုံးသွင်းခြင်းဖြင့် အနည်းငယ်ထိုင်ပြီး တစ်ဖန်ထ၍ ရွာသို့ဝင်ကုန်သည်ရှိသော် ပါးစပ်ကိုဆေး၍ ဖျော့တော့သောသင်္ကန်းကို ရုံခြင်း, မျက်စဉ်းခတ်ခြင်း, ဦးခေါင်းဆီလိမ်းခြင်း စသည်တို့ဖြင့် အတ္တဘောကို တန်ဆာဆင်၍ နှစ်ကြိမ် သုံးကြိမ် တံမြက်လှဲသကဲ့သို့သော ပုတ်ခတ်ခြင်းကိုပေး၍ တံခါးမုခ်သို့ ရှေးရှု၏။ လူတို့သည် စောစောမှပင် စေတီကို ရှိခိုးကုန်အံ့၊ ပန်းပူဇော်မှုကို ပြုကုန်အံ့ဟု လာကုန်သည်ရှိသော် ထိုအခြင်းအရာကိုမြင်၍ ဤကျောင်းသည် ဤရဟန်းငယ်ကို မှီ၍ သုတ်သင်ခြင်းကိုရ၏ ဤရဟန်းငယ်ကို မမေ့ကြကုန်လင့်ဟု ပြောဆိုပြီး၍ ထိုရဟန်းအား လှူဒါန်းရန် မှတ်ထား၏။ ဤသို့သဘောရှိသော ပြေးသွားလှုပ်ရှားခြင်းဖြင့်လည်း အသက်မွေးမြူလွယ်၏။

ပဂဗ္ဘေန=ဟူသည် ကိုယ်အမှုအရာ ကြမ်းတမ်းခြင်း စသည်တို့နှင့် ပြည့်စုံခြင်းဖြင့်။

သံကိလိဋ္ဌေန ဇီဝိတံ=ဟူသည် ဤသို့ အသက်မွေးမှုကိုပြု၍ အသက်ရှင်သော ပုဂ္ဂိုလ်သည် ညစ်နွမ်းသည်ဖြစ်၍ အသက်ရှင်သည်မည်၏။ ထိုမကောင်းသော အသက်ရှင်ခြင်းသည် ယုတ်မာသည်သာတည်း။

ဟိရီမတာ=ဟူသည် အရှက်အကြောက်နှင့် ပြည့်စုံသောပုဂ္ဂိုလ်သည် အသက်မွေးမှု မလွယ်ကူ၊ ထိုအရှက်အကြောက်ရှိသော ပုဂ္ဂိုလ်သည် အမေ မပယုတ် စသည့်ကို ငါ၏ အမေတည်းဟု မပြောမူ၍ မဟာရာ..ပဖြင့် ရအပ်သော ပစ္စည်း

တို့ကို မစင်ကဲ့သို့ ရွံစက်ဆုပ်လျက် တရားမျှတစွာ ရှာမှီးလျက် အစဉ်အတိုင်း ဆွမ်းခံလှည့်လည်၍ အသက်မွေးဝမ်းကျောင်း ပြုသည်ရှိသော် ခေါင်းပါး ဆင်းရဲစွာ အသက်မွေးရ၏။

**သုစိဂဝေသိနာ**=ဟူသည် ကာယကံစင်ကြယ်မှု စသည်တို့ကို ရှာမှီးသည်၏ အစွမ်းဖြင့်။

**အလီနေန**=ဟူသည် အသက်မွေးဝမ်းကြောင်း၌ မတွန့်တိုခြင်းဖြင့်။

**သုဒ္ဓါဇီဝေန် ပဿထ**=ဟူသည် ဤသို့သဘောရှိသော ပုဂ္ဂိုလ်သည် စင်ကြယ် သော အသက်မွေးခြင်းရှိသူမည်၏။

ထိုစင်ကြယ်သော အသက်မွေးခြင်းဖြင့် အသက်မွေးသူသည် ကောင်းစွာ ရှုမြင်သည်ရှိသော် ခေါင်းပါးစွာ အသက်မွေးသည်၏ အစွမ်းဖြင့် အသက်မွေးမှု မလွယ်ကူချေ။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

စူဠသာရီဝတ္ထု ပြီး၏။

---

## ၇။ ပဉ္စဥပါသကဝတ္ထု

**ယော ပါဏံ**—အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာ ငါးယောက်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုငါးယောက်ကုန်သော ဥပါသကာတို့တွင် တစ်ယောက်သော ဥပါသကာသည် ပါဏာတိပါတ သိက္ခာပုဒ်ကိုသာလျှင် ဆောက်တည် စောင့်ရှောက်၏။ တစ် ယောက်သော ဥပါသကာသည် အဒိန္နာဒါန သိက္ခာပုဒ်ကိုသာလျှင် ဆောက်တည် စောင့်ရှောက်၏။ တစ်ယောက်သော ဥပါသကာသည် ကာမေသုမိစ္ဆာစာရ သိက္ခာပုဒ်ကိုသာလျှင် ဆောက်တည် စောင့်ရှောက်၏။ တစ်ယောက်သော ဥပါသကာသည် မုသာဝါဒသိက္ခာပုဒ်ကိုသာလျှင် ဆောက်တည်စောင့်ရှောက်၏။ တစ်ယောက်သော ဥပါသကာသည် သုရာမေရယ သိက္ခာပုဒ်ကိုသာလျှင် ဆောက်တည် စောင့်ရှောက်၏။ ထိုဥပါသကာတို့သည် တစ်နေ့သော အခါ၌ ငါသည် ပြုနိုင်ခဲသော အမှုကို ပြုလုပ်၏။ ငြိုငြင်ပင်ပန်းသဖြင့် စွမ်းနိုင်ခဲသော

သိက္ခာပုဒ်ကို စောင့်ရှောက်၏ဟု ပြောဆိုစကား ကွဲပြားငြင်းခုံခြင်း ဖြစ်ကုန်၏။ မြတ်စွာဘုရားထံပါး မျက်မှောက်သို့ သွားရောက် ချဉ်းကပ် ရှိခိုးဦးချကုန်၍ ထိုအလုံးစုံသော အကြောင်းကို လျှောက်ကြားကြကုန်၏။ မြတ်စွာဘုရားသည် ထိုဥပါသကာတို့ လျှောက်ထားသော စကားကို ကြားသိတော်မူ၍ တစ်ခုသော သိက္ခာပုဒ်သီလကိုလည်း သေးငယ်သည်ကို မပြုမူ၍ အလုံးစုံလည်းဖြစ်ကုန်သော သိက္ခာပုဒ်သီလတို့သည် စောင့်ရှောက် နိုင်ခဲကုန်သည်သာလျှင်တည်းဟု မိန့်ဆိုတော်မူလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏—

**ယော ပါဏမတိပါတေတိ၊ မုသာဝါဒဉ္စ ဘာသတိ။**
**လောကေ အဒိန္နမာဒိယတိ။ ပရဒါရဉ္စ ဂစ္ဆတိ။**
**သုရာမေရယပါနဉ္စ၊ ယေန နရော အနုယုဉ္ဇတိ။**
**ဣဓေဝ မေသော လောကသ္မိံ၊ မူလံ ခဏတိ အတ္တနော။**
**ဧဝံ ဘော ပုရိသ ဇာနာဟိ၊ ပါပဓမ္မာ အသညတာ။**
**မာ တံ လောဘော အဓမ္မော စ၊ စိရံ ဒုက္ခာယ ရန္ဓယုံ။**

လောကဌ် အကြင်သူသည် သူ့အသက်ကို သတ်၏၊ မဟုတ်မမှန်သောစကားကိုလည်း ပြောဆို၏။ ပိုင်ရှင်မပေးသော သူ့ဥစ္စာကို ခိုးယူ၏၊ သူတစ်ပါးမယားကိုလည်း သွားလာ၏၊ သေရည်သေရက်ကိုလည်း သောက်စား၏။ ထိုသူသည် ဤဘဝ၌ပင်လျှင် မိမိ၏ မူလရင်း အခြေအမြစ်ကို တူးဖြိုဖျက်ဆီးသည်မည်၏။

အိုယောကျ်ား ကိုယ်စသည်ကို စောင့်စည်းမှုကင်းဝေးသူတို့သည် ယုတ်ညံ့သော သဘောရှိကုန်၏ဟု သိလေလော့၊ လောဘသည်သည်းကောင်း ဒေါသသည်လည်းကောင်း သင့်ကို ကြာမြင့်စွာ ဆင်းရဲစေရန် မပြုပါစေလင့်။

ထိုဂါထာ၌–**ယောပါဏမတိ ပါဒတတိ**=ဟူသည် ကိုယ်တိုင်ပြုလုပ်ခြင်း အစရှိကုန်သော ခြောက်ပါးသော ပယောဂတို့တွင် တစ်ပါးပါးသော ပယောဂဖြင့် သော်လည်း သူတစ်ပါး၏ အသက်ကို သတ်ဖြတ်၏။

**မုသာဝါဒ**=ဟူသည် သူတစ်ပါးတို့၏ အကျိုးစီးပွား ပျက်ပြားစေနိုင်သော မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏။

**လောကေ အဒိန္နမာဒိယတိ**=ဟူသည် ဤသတ္တလောက၌ ခိုးယူခြင်းစသည် တို့တွင် တစ်ပါးပါးသော ခိုးခြင်းဖြင့်လည်း သူတစ်ပါးပိုင် ပစ္စည်းကို ခိုးယူ၏။

ပရဒါရံ့ဥ ဂစ္ဆတိ=ဟူသည် သူတစ်ပါး စောင့်ရှောက်အပ်သော ဘဏ္ဍာတို့၌ ပြစ်မှားလိုသည်ဖြစ်၍ မှားယွင်းစွာ လွန်ကျူး၏။

သုရာမေရယ ပါနံ=ဟူသည် တစ်မျိုးသော သေရည်ကိုလည်းကောင်း, အရက်ကိုလည်းကောင်း သောက်ခြင်းတည်း။

အနုယုဥ္စတိ=ဟူသည် မှီဝဲ၏ အကြိမ်ကြိမ် အဖန်ဖန်ပြု၏။

မူလံ ခဏတိ=ဟူသည် နောက်ဘဝသည် ဖြစ်တည်ပါစေ။

အကြင်ပုဂ္ဂိုလ်သည် ဤလောက၌သာလျှင် လယ်ယာတည်ခြင်းစသော မူလ အလုပ်ဖြင့် တည်ရာ၏၊ ထိုမူလအလုပ်ကို မတည်ဘဲလည်းကောင်း စွန့်လွှတ်၍ လည်းကောင်း အရက်ကို သောက်လျက် မိမိ၏ အရင်းအမြစ်ကို တူးဖြို၏၊ အားထားရာမရှိသော သူဆင်းရဲဖြစ်၍ လှည့်လည်ရ၏။

ဧဝံ ဘော=ဟူသည် ငါးပါးသီလ ပျက်စီးခြင်းအမှုကိုပြုတတ်သော ပုဂ္ဂိုလ်ကို ခေါ်ဆို၏။

ပါပဓမ္မာ=ဟူသည် ယုတ်ညံ့သော တရားတို့တည်း။

အသညတာ=ဟူသည် ကိုယ်ကိုစောင့်စည်းခြင်း စသည်တို့မှ ကင်းကုန်သည်။ စောင့်စည်းလိုစိတ် မရှိ-ဟူ၍လည်း ဆိုသေး၏။

လောဘော အဓမ္မော စ=ဟူသည် လောဘသည်လည်းကောင်း ဒေါသသည် လည်းကောင်း ထိုတရားနှစ်မျိုးလုံးသည် အကုသိုလ်ချည်းသာတည်း။

စိရံ ဒုက္ခာယ ရန္ဓယုံ=ဟူသည် ကာလကြာမြင့်စွာ ငရဲ၌ ဆင်းရဲခြင်းစသည် တို့၏ အကျိုးငှါ ဤအကုသိုလ်တရားတို့ကို ဖြစ်ခွင့်မပေးပါကုန်လင့်။

ဒေသနာတော်အဆုံး၌ ထိုဥပါသကာ ငါးယောက်တို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။

ပဥ္စဥပါသကတို့ဝတ္ထု ပြီး၏။

---

## ၈။ တိဿရဟန်းငယ်ဝတ္ထု

ဒဒါတိ ဝေ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် တိဿဒဟရကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုတိဿအမည်ရှိသော ရဟန်းငယ်သည် အနာထပိဏ် သူဌေးကြီး၏လည်းကောင်း ဝိသာခါဒါယိကာမကြီး၏ လည်းကောင်း ဤသို့ သာဝတ္ထိမြို့ကြီး၌ တည်ရှိကုန်သော ငါးကုဋေ မျှလောက်ကုန်သော အရိယာသာဝကတို့အား ပေးလှူအပ်သော အလှူကို ကဲ့ရဲ့ရှုတ်ချလျက်သာလျှင် လှည့်လည်သတတ်။ ကောသလမင်းမြတ် ပြုလုပ်အပ်သော အသဒိသဒါနကိုလည်း ကဲ့ရဲ့ရှုတ်ချသည်သာလျှင်တည်း။ ထိုသို့သော ဒါယကာ-ဒါယိကာမတို့၏ အလှူတင်းကုပ်၌ အအေးကို ရရှိသောအခါ အေးသည်ဟူ၍ ကဲ့ရဲ့ရှုတ်ချ၏။ အပူကို ရရှိသောအခါ ပူသည်ဟု ကဲ့ရဲ့ရှုတ်ချ၏။ အနည်းငယ်ကို ပေးသည်ရှိသော် အသို့နည်း ဤသူတို့သည် အနည်းငယ်ကိုသာ ပေးလှူတတ်ကုန်သလောဟု ကဲ့ရဲ့ရှုတ်ချ၏။ များစွာ ပေးလှူပြန်သည်ရှိသော် ဤလူတို့၏ အိမ်၌ ပစ္စည်းဥစ္စာ ထားဖို့ရာပင် မရှိယောင်တကား၊ ရဟန်းတို့အား မျှတလောက်ရုံသာ ပေးလှူအပ်သည် မဟုတ်လော။ ဤမျှ အတိုင်းအရှည်ရှိသော ယာဂုထမင်းကို အချည်းနှီး အကျိုးမဲ့ စွန့်ပစ်၏ဟူ ကဲ့ရဲ့ရှုတ်ချ၏။ မိမိ၏ အဆွေအမျိုးကို အကြောင်းပြု၍ကား ငါတို့ အဆွေအမျိုးအိမ်၌ လေးပါးကုန်သော အရပ်မျက်နှာတို့မှ လာကုန်သော ရဟန်းတို့၏ ရေတွင်းသဖွယ် ဖြစ်၍ ဖြစ်သည်ကား ဩော် အံ့ဖွယ်ရှိလေစွ။ ဤသို့ အစရှိသော စကားတို့ကို ပြောကြား၍ ချီးမွမ်းခြင်းကို ဖြစ်စေ၏။ ထိုတိဿ ရဟန်းငယ်သည်ကား တစ်ယောက်သော တံခါးစောင့်၏ သားတည်း။ ဇနပုဒ်ကို လှည့်လည်ကုန်သော လက်သမားတို့နှင့်အတူ ဘက္ခ လှည့်လည်သည်ရှိသော် သာဝတ္ထိပြည်သို့ ရောက်၍ ရဟန်းပြုသောသူတည်း။

### ရဟန်းငယ်၏ အမျိုးကို စုံစမ်းခြင်း

ထိုအခါ ရဟန်းတို့သည် လူတို့၏ အလှူဒါနကို ဤသို့ ကဲ့ရဲ့ရှုတ်ချသော တိဿရဟန်းငယ်ကို တွေ့မြင်ကြကုန်၍ ထိုရဟန်းငယ်ကို ဖမ်းယူကြကုန်အံ့ဟု ကြံစည်ကုန်ပြီးလျှင် ငါ့ရှင် အသင်၏ အဆွေအမျိုးတို့သည် အဘယ်အရပ်၌ နေကုန်သနည်းဟု မေးမြန်းကုန်၍ ဤအမည်ရှိသော ရွာ၌ နေပါသည်ဟု ပြောဆိုကြားသိ၍လျှင် နှစ်ပါး, သုံးပါးပါးကုန်သော ရဟန်းငယ်တို့ကို စေလွှတ်ကုန်၏။ ယိုရဟန်းငယ်တို့သည် ညွှန်ပြ ပြောကြားရာ ထိုရွာသို့ သွားကြကုန်၍ ရွာ၌နေသော လူတို့သည် ဆွမ်းစားဇရပ်၌ ရဟန်းငယ်ဘို့ကို ထိုင်နေစေကုန်၍

ပူဇော်သက္ကာရ ပြုလုပ်ကြသောအခါ ဤရွာမှ ထွက်၍ ရဟန်းပြုသော တိဿအမည်ရှိသော သူငယ်သည် ရှိသည် မဟုတ်လော။ ထိုတိဿရဟန်း၏ အဆွေ အမျိုးတို့ကား အဘယ်သူတို့နည်း ဟု မေးကုန်၏။ လူတို့က ဤအရပ်၌ အမျိုးအိမ်မှ ထွက်၍ ရဟန်းပြုသော သူငယ်မရှိ။ ဤရဟန်းတို့သည် အဘယ်သို့သောစကားကို ပြောဆိုကုန်ဘိသနည်းဟု ကြံဆင်ခြင်ကြကုန်၍ အရှင်ဘုရားတို့ တစ်ယောက်သော တံခါးစောင့်၏သားသည် လက်သမားတို့နှင့် အတူတကွ လှည့်လည်၍ ရဟန်းပြုအပ်သော တိဿအမည်ရှိသောသူသည် ရှိ၏။ ထိုသူကို ရည်ရေ၍ အရှင်ဘုရားတို့ ပြောဆို မေးမြန်းကြကုန်ယောင်တကားဟု လျှောက်ကြားကုန်၏။ ရဟန်းငယ်တို့သည် ထိုရွာ၌ တိဿ၏ အစိုးရသော ဆွေမျိုးဉာတိ မရှိသောအဖြစ်ကို သိကုန်၍ သာဝတ္ထိပြည်သို့ ပြန်သွားပြီးလျှင် အရှင်ဘုရားတို့ တိဿသည် အကြောင်း မဟုတ်သည်ကိုသာလျှင် ပြောဆိုလှည့်လည်ဘိသည် အစရှိသဖြင့် ထိုတိဿရဟန်းငယ်၏ ဖြစ်ပုံအလုံးစုံကို ရဟန်းတို့အား ကြားလျှောက်ကုန်၏။ ရဟန်းတို့သည်လည်း ထိုအကြောင်းအလုံးစုံကို မြတ်စွာဘုရားအား ကြားလျှောက်ကြပြန်၏။ မြတ်စွာဘုရားက ချစ်သား ရဟန်းတို့ ယခုအခါ၌သာလျှင် တိဿသည် ကြွားဝါ၍ ပြောဆိုလျက် လှည့်လည်သည် မဟုတ်တုံသေး ရှေးအခါ၌လည်း ကြွားဝါ၍ပြောဆိုသည်သာလျှင် ဖြစ်ဖူးပြီဟု မိန့်ဆိုတော်မူ၍ ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အတိတ်ကိုဆောင်တော်မူခြင်း

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းသည် မင်းအဖြစ်ကို ပြုပြီးသည်ရှိသော် ဘုရားအလောင်းသည် ကြီးကျယ်သော စည်းစိမ်ချမ်းသာရှိသော သူဌေးကြီးသည် ဖြစ်၏။ ထိုသူဌေးကြီး၏ မယားအားသားကို ဖွားမြင်၏။ ထိုသူဌေးကြီး၏ ကျွန်မသည်လည်း ထိုနေ့၌ပင်လျှင် သားကို ဖွားမြင်၏။ ထိုသူဌေးကြီး၏ သားနှင့် ကျွန်မ၏ သားတို့သည် အတူတကွသာလျှင် ကြီးပွားကြကုန်၏။ သူဌေး၏ သားသည် စာရေးအတတ်ကို သင်သည်ရှိသော် ထိုသူဌေးသား၏ ကျွန်ငယ်သည်လည်း သင်ပုန်းပျဉ်ချပ်ကို ထမ်းပိုးရွက်ဆောင်လျက် လိုက်ပါသွားရောက်၍ ထိုသူဌေးသားနှင့် အတူတကွသာလျှင် စာရေးအတတ်ကို သင်၏။ ဂဏန်းအတတ်ကိုသင်၏။ နှစ်ခု-သုံးခု-အစရှိသော ခါဝေါ ပြောဆိုခြင်းတို့ကို ပြု၏။ ထိုကျွန်မ၏သားသည် အစဉ်အတိုင်းအားဖြင့် စကား၌လိမ္မာသည်, အပြောအဆို အသုံးအစွဲ၌ လိမ္မာသည်, ပျိုနုသည်, အလွန်အဆင်းလှသည် ဖြစ်၏။ အမည်အားဖြင့် ကဋာဟက အမည်ရှိ၏။ ထိုကဋာဟကသည် သူဌေးကြီး၏ အိမ်၌ ဘဏ္ဍာစိုးအမှုကိုပြုလုပ်လျက် "ဤသူတို့သည် ငါ့ကို အခါခပ်သိမ်း ဘဏ္ဍာစိုး အမှုကိုသာလျှင် မပြုလုပ်စေကုန်

လတ္တံ့။ တစ်စုံတစ်ခုသောဂျောင်ဖြစ်သော အမှုအပြစ်ကို တွေ့မြင်ခဲ့သည်ရှိသော် ရိုက်နှက်ပုတ်ခတ်နှောင်ဖွဲ့၍ သံပူကပ်ခြင်း စသော အမှတ်ဖြင့် ခတ်နှိပ် သတ်မှတ်ပြီးလျှင် ကျွန်ယူသော အသုံးအဆောင်ဖြင့်လည်း ခိုင်းစေ သုံးဆောင်ကုန်လတ္တံ့။ စင်စစ်သော်ကား ပစ္စန္တ၌ သူဌေးကြီး၏ အဆွေဖြစ်သော သူဌေးသည် ရှိ၏။ ငါသည် သူဌေးကြီး၏ စကားဖြင့်သာလျှင် အရေးအသား စာကိုယူ၍ ထိုအရပ်သို့ သွားရောက်ပြီးလျှင် ငါသည် သူဌေးကြီး၏ သားတည်းဟု ပြောဆို ထိုသူဌေးကို လှည့်ပတ်ပြီးလျှင် ထိုသူဌေး၏ သမီးကိုယူ၍ ချမ်းသာစွာ နေရပါမူကား ကောင်းလေစွ" ဟု ကြံစည်၏။ ကြံစည်ပြီး၍ ထိုကဋ္ဌဟာကသည်မိမိသည်သာလျှင် ကမ္ပည်းစာကိုရေးယူ၍ "ငါသည် ဤအမည်ရှိသောသူသည် ဖြစ်၏။ ငါ၏ သားကို အသင်၏ ထံသို့ စေလွှတ်လိုက်ပြီ။ ဆောက်နှင်းထိမ်းမြားခြင်းနှင့် စပ်သော မည်သည် ငါ့အားလည်း အသင်နှင့်၊ အသင့်အားလည်း ငါနှင့်သာလျှင် အတူတကွ သင့်လျော် လျောက်ပတ်သည်။ ထို့ကြောင့် အသင်သည် ဤသူငယ်အား မိမိ၏သမီးကိုပေးပြီးလျှင် ဤသူငယ်ကို ထိုအရပ်၌သာလျှင် နေပါစေလော့။ ငါသည်လည်း အခွင့်ကိုရသည်ရှိသော် လာခဲ့ပေအံ့" ဟု ရေးသား၍ သူဌေးကြီး၏ တံဆိပ်ကိုသာလျှင် ခတ်နှိပ်၍ အလိုရှိသည်အားလျော်စွာ ရိက္ခာကိုလည်းကောင်း၊ နံ့သာ အဝတ် စသည်တို့ကိုလည်းကောင်း ယူငင်၍ ပစ္စန္တသို့ သွားပြီးလျှင် သူဌေးကြီးကို တွေ့မြင်ရှိခိုး၍ ရပ်တည်နေ၏။

ထိုအခါ ကဋ္ဌဟာကကို သူဌေးကြီးက အမောင် အဘယ်မှ လာသနည်းဟု မေး၏။ ဗာရာဏသီပြည်မှ လာပါသည်ဟု ပြောဆိုသည်ရှိသော် အဘယ်သူ၏ သားပေနည်းဟု မေးပြန်သော အခါ ဗာရာဏသီ သူဌေးကြီး၏ သားပါတည်း ဟု - ပြောဆိုသဖြင့် အဘယ် အကြောင်းကြောင့် လာပါသနည်းဟု မေးပြန်၏။ ထိုခဏ၌ ကဋ္ဌဟာကသည် ဤကမ္ပည်း စာကို ဖတ်ရှု တွေ့မြင်ရ၍ သိပါကုန်လတ္တံ့ဟု ပြောဆိုပြီးလျှင် ကမ္ပည်းစာကို ပေး၏။ သူဌေးကြီးသည် ကမ္ပည်းစာကို ဖတ်ပြီးလျှင် ဤ ယခုအခါ ငါသည် အသက်ရှင်သည် မည်ပေတော့သည်ဟု နှစ်သက်သောစိတ်ရှိသဖြင့် သမီးကို ပေးအပ်၍ စည်းစိမ်ချမ်းသာ၌ တည်စေ၏။ ထိုကဋ္ဌဟာက၏ အခြံအရံသည် ကြီးကျယ်သည် ဖြစ်၏။ ထိုကဋ္ဌဟာကသည် ယာဂုခဲဖွယ် စသည်တို့ကိုလည်းကောင်း၊ အဝတ်နံ့သာ စသည်တို့ကို လည်းကောင်း ဆောင်ယူအပ်ကုန်သည် ရှိသော် ယာဂုကို ဤသို့ ချက်ကြကုန်သလော။ ခဲဖွယ်ကို ဤသို့ ချက်ကုန်သလော။ ထမင်းကို ဤသို့ ချက်ကုန်သလော။ ပစ္စန္တ၌ နေသော သူတို့မည်သည် ဪ အံ့ဖွယ်ရှိစွ၊ ဤသို့စသည်ဖြင့် ပြောဆို၍ ယာဂုအစရှိသည်တို့ကို ကဲ့ရဲ့ရှုတ်ချ၏။ ဤသူတို့သည် ပစ္စန္တ၌ နေရကုန်သည်အဖြစ်ကြောင့်သာလျှင် ပုဆိုးတို့ကို သုံးဆောင်ခြင်းငှါ

မသိကုန်။ နွံသာတို့ကို ထုံခြင်းငှါ မသိကုန်။ ပန်းတို့ကို ကုံးခြင်းငှါ မသိကုန်၊ ဤသို့ အစရှိသော စကားတို့ကို ပြောဆို၍ အဝတ်ပုဆိုး အမှုလုပ် စသည်တို့ကို ကဲ့ရဲ့ရှုတ်ချ၏။ ဘုရားအလောင်း သူဌေးကြီးသည်လည်း ကျွန်ကို မတွေ့မြင်သောကြောင့် ကဋ္ဌာဟာကသည် မထင်မြင်ချေတကား။ အဘယ် အရပ်သို့ သွားလေသနည်း။ ထိုကဋ္ဌာဟာကကို ရှာဖွေကြကုန်လော့ဟု ပြောဆို၍ အရပ်ထက်ဝန်းကျင်တို့သို့ လူတို့ကို စေလွှတ်၏။ ထိုစေလွှတ်အပ်သော သူတို့တွင် တစ်ယောက်သောသူသည် ထိုပစ္စန္တသို့ ရောက်သွား၍ ထိုကဋ္ဌာဟာကကို တွေ့မြင်မှတ်မိ၍ မိမိကို မသိစေဘဲ ပြန်လာပြီးလျှင် ဘုရားအလောင်း သူဌေးကြီးအား ပြောကြား၏။ ဘုရားအလောင်း သူဌေးကြီးသည် ထိုသို့ဖြစ်ကြောင်းကို ကောင်းစွာ ကြားသိ၍ ထိုကဋ္ဌာဟာကသည် မလျောက်ပတ်သည်ကို ပြုအပ်၏။ သွားရောက်ပြီးသည့်အခါ ထိုကဋ္ဌာဟာကကို ဖမ်းယူပြန်လာအံ့ဟု ကြံပြီးသော် ပြည့်ရှင်မင်းကြီးကို ပန်ကြား၍ ကြီးစွာသော အခြံအရံဖြင့် ထွက်၏။

## ဝတ်ကြီးဝတ်ငယ် ကျေပွန်သဖြင့် ဆင်းရဲမှလွတ်၍ချမ်းသာကြီးစွာရခြင်း

သူဌေးကြီးသည် ပစ္စန္တသို့ သွားသတတ် ဟူသော အကြောင်းစကားသည် အလုံးစုံသော အရပ်တို့၌ ထင်ရှားပျံ့နှံ့သည် ဖြစ်လေ၏။ ကဋ္ဌာဟာကသည် သူဌေးကြီး လာသတဲ့ဟု ကြား၍ ထိုသူဌေးကြီးသည် တစ်ပါးသော အကြောင်းကြောင့် မလာပေလတ္တံ့။ ငါ့ကို အမှီပြု၍သာလျှင် ထိုသူဌေးကြီးလာသည် ဖြစ်ပေရာ၏။ ငါသည် အကယ်၍ ထွက်ပြေးခဲ့အံ့။ ယင်းသို့ ထွက်ပြေးခဲ့သည် ရှိသော် တစ်ဖန် ပြန်လာခြင်းငှါ မတတ်ကောင်းသည် ဖြစ်ပေလတ္တံ့။ ဤအကြောင်းသည်ကား ရှိ၏။ ငါ၏ အရှင်အား ရှေးဦးစွာ သွားရောက် ဆီးကြိုကျွန်အမှုကို ပြုလုပ်၍ ထိုသူဌေးကြီးကိုသာလျှင် နှစ်သက်စေအံ့ဟူသော အကြံသည် ဖြစ်၏။ ထိုကဋ္ဌာဟာကသည် အကြံဖြစ်ပြီးသည်မှ စ၍ ပရိသတ်အလယ်၌ ဤသို့ ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ အခြားလူမိုက်တို့သည် မိမိ၏ မိုက်သည့်အဖြစ်ကြောင့် အမိအဘတို့၏ ကျေးဇူးကို မသိကုန်။ ထိုအမိအဘတို့ စားသောက်သောအခါ၌ အရှိအသေအမှုကို မပြုမူ၍ ထိုအမိ အဘတို့နှင့် အတူတကွသာလျှင် စားသောက်ကုန်၏။ ငါတို့သည်ကား အမိအဘတို့ စားသောက်သောအခါ၌ လက်ဆေးခံကို ဆောင်ကုန်၏။ ထွေးခံကို ဆောင်ကုန်၏။ ဘောဇဉ်တို့ကို ဆောင်ကုန်၏။ သောက်ရေကို လည်းကောင်း၊ လေခပ်သော ယပ်ကိုလည်းကောင်း ကိုင်ယူ၍ အနီးအပါး၌ တည်ကုန်၏။ ကိုယ်လက်သုတ်သင်သောအခါ သန့်သက်ရေအိုးကိုယူ၍ ဖုံးကွယ်သောနေရာသို့ တိုင်အောင် သွားရောက်လိုက်ပို့ ပြုစုသည် စသည်တို့ဖြင့် ပြောကြား၍ ကျေးကျွန်တို့သည် အရှင်တို့အား ပြုအပ်သော အလုံးစုံသော အမှုကိစ္စကို ပြောပြ၏။ ထိုကဋ္ဌာ-

ဟာကသည် ဤသို့ အမှတ်မြိမိမိ၏ပရိသတ်ကို သင်ပြနာယူစေ၍ ဘုရားအလောင်း သူဌေးကြီး၏ ပစ္စန္တ ရွာအနီးသို့ ရောက်သောအခါ မိမိ၏ ယောက္ခမ သူဌေးကို ဖခင် အကျွန်ုပ်၏ ဖခင်သည် အသင်တို့ကို ကြည့်ရှုတွေ့မြင်ခြင်းငှါ လာသတတ်။ အသင်တို့သည် ခဲဖွယ်ဘောဇဉ်ကို စီရင်ပါစေကုန်လော့။ အကျွန်ုပ်သည် လက်ဆောင်ပဏ္ဏာကို ကောင်းစွာ ယူငင်၍ ခရီးဦး ကြိုခြင်းသို့ သွားပါအံ့ဟု ပြောဆို၏။ ထိုယောက္ခမ သူဌေးကလည်း အမောင် ကောင်းပြီဟု ဝန်ခံ၏။ ကဋ္ဌာဟာကသည် များစွာသော လက်ဆောင်ပဏ္ဏာကိုယူ၍ ကြီးစွာသော အခြံအရံဖြင့် သွားရောက်ပြီးလျှင် ဘုရားအလောင်း သူဌေးကြီးကို ရှိခိုး၍ အမျိုးမျိုးသော လက်ဆောင်ပဏ္ဏာကို ပေးဆက်၏။ ဘုရားလောင်း သည်လည်း လက်ဆောင်ပဏ္ဏာကို ကောင်းမွန်စွာ ခံယူ၍ ထိုကဋ္ဌာဟာကနှင့် အတူတကွ မိတ်ဆက်စကား ပြောကြားပြီးခါ နံနက်စာ စားခါနီး၌ သစ်ခက်တဲသို့ ဝင်နေ၍ ကိုယ်လက်သုတ်သင်ခြင်း အကျိုးငှါ ဖုံးကွယ်သော နေရာအရပ်သို့ ဝင်၏။ ကဋ္ဌာဟာကသည် မိမိ၏ အခြွေအရံကို ပြန်လည်ဆုတ်နစ်စေ၍ သန့်သက်ရေအိုးကို ကိုင်ယူလျက် ဘုရားအလောင်း၏ အထံသို့ သွားရောက်ပြီးလျှင် ရေကိစ္စပြီးဆုံးသောအခါ ခြေရင်းအထက်တို့၌ ကျသက်ညွတ်ခ၍ အရှင် အကျွန်ုပ်သည် အရှင်တို့အား အကြင်မျှလောက်သော ဥစ္စာကို အလိုရှိကုန်၏။ ထိုမျှလောက်သော ဥစ္စာကိုပေးပါအံ့၊ အကျွန်ုပ်၏ ချမ်းသာရိပ်ငြိမ် စည်းစိမ်ခြွေရံ ကျော်စောသံကို မကွယ်ပျောက်ပါစေကုန်လင့်ဟု တောင်းပန်ပြောဆို၏။ ဘုရားအလောင်းသည် ထိုသူ၏ ဝတ်နှင့် ပြည့်စုံခြင်း၌ ကြည်ညိုသောကြောင့် မရွံ့ကြောက်လင့်။ အသင့်အား ငါ၏ထံမှ အန္တရာယ်မရှိဟု ပြောဆိုပြီးခါ သက်သာရာကို ရစေ၍ ပစ္စန္တရွာသို့ ဝင်၏။ ကြီးစွာသော ပူဇော်သက္ကာရသည် ဖြစ်၏။

ကဋ္ဌာဟာကသည်ထိုဘုရားလောင်း သူဌေးအား အမြဲမပြတ် ကျေးကျွန်တို့ပြုဖွယ်ကိစ္စကိုပြုလုပ်၏။ ထိုအခါ တစ်ခုသောအချိန်အခါ ချမ်းသာစွာ ထိုင်နေသောဘုရားလောင်း သူဌေးကိုပစ္စန္တသူဌေးက သူဌေးကြီး အကျွန်ုပ်သည် အသင်တို့၏ ကမ္ပည်းစာကို တွေ့မြင်၍သာလျှင် အသင်တို့၏ သားအား သတို့သမီးကို ပေးအပ်ပါ၏ဟု ပြော၏။ ဘုရားလောင်းသည် ကဋ္ဌာဟာကကို သားပြု၍သာလျှင် ထိုခဏအား လျောက်ပတ်သော ချစ်နှစ်သက်ဖွယ် စကားကို ပြောဆို၍ သူဌေးကို နှစ်သက်စေ၏။ ထိုအခါမှ စ၍ ကဋ္ဌာဟာက၏ မျက်နှာကို မော်၍ ကြည့်ခြင်းငှါ စွမ်းနိုင်သောသူမည်သည် ရှိသည်မဖြစ်။ ထိုအခါ တစ်နေ့သ၌ ဘုရားလောင်းသည် သူဌေး၏ သမီးကို ခေါ်၍ ချစ်သမီး လာခဲ့လော့၊ ငါ၏ ဦးခေါင်း၌ သန်းတို့ကို စိစစ်ရှာဖွေပါလော့ဟု ပြောဆို၍ လာရောက်ပြီးခါ သန်းရှာယူငင်နေသော ထိုသူဌေးသမီးကို ချစ်ဖွယ်စကား ပြောကြား၍ ချစ်သမီး ငါ့အား ပြောဆိုလော့။ အသို့နည်း၊ အသင်ချစ်သမီးအား ငါ၏ သားသည် ချမ်းသာ ဆင်းရဲတို့၌

မမေ့လျော့ဘဲ ရှိပါ၏လော။ နှစ်ဦးကုန်သော အသင်တို့သည် ဝမ်းမြောက်ဝမ်းသာ အညီအညွတ် နေရပါကုန်၏လောဟု မေး၏။ ဖခင်သူဌေး အရှင်တို့၏ သားအား တစ်ပါးသော အပြစ်သည် မရှိပါ။ သက်သက်သော်ကား အစာအာဟာရကို ကဲ့ရဲ့ရှုတ်ချလှပါသည်ဟု ပြောဆို၏။

## ပရိယာယ်ဖြင့် ကဲ့ရဲ့တတ်သောအခလေ့ကို ဆုံးမခြင်း

ချစ်သမီး ဤသူသည် အမြဲ ကာလပတ်လုံး ဆင်းရဲသော သဘောရှိသည် သာလျှင်တည်း။ ငင်စစ်သော်ကား အသင်ချစ်သမီးအား ငါသည် ထိုသူ၏ ခံတွင်းကို နှောင်ဖွဲ့ အာစေးထည့်သော မန္တန်ကို ပေးအံ့။ ထိုမန္တန်ကို အသင် ကောင်းစွာ သင်ယူ၍ ငါ့သား၏ ဘောဇဉ်ကို စားသောအခါ၌ ကဲ့ရဲ့ရှုတ်ချစဉ် သင်ယူအပ်သော အမှတ်ဖြင့် သာလျှင် ရှေးမှုရပ်တည်၍ ရွတ်ဆိုလေလော့ဟု ပြောဆိုပြီးခါ ဂါထာကို သင်ယူစေ၍ နှစ်ရက်သုံးရက်ပတ်လုံး နေပြီးသော် ဗာရာဏသီပြည်သို့သာလျှင် ပြန်သွား၏။ ကဠာဟကသည်လည်း များစွာသော ခဲဖွယ်ဘောဇဉ်ကို ဆောင်ယူ၍ ခရီးစဉ်အတိုင်း သွားရောက်လိုက်ပို့ များစွာသော ဥစ္စာကို ပေးဆက်ပြီးလျှင် ရှိခိုး၍ ပြန်လာ၏။ ထိုကဠာဟကသည် ဘုရားလောင်း ပြန်သွားသော အခါမှ စ၍ အလွန်တက်ကြွသော မာန်ရှိသည် ဖြစ်၏။ ထိုကဠာဟကသည် တစ်နေ့သ၌ သူဌေးသမီးသည် အထူးထူး မွန်မြတ်သော အရသာရှိသော ဘောဇဉ်ကို ဆောင်၍ ယောက်ချိုကို ကိုင်ယူပြီးလျှင် လုပ်ကျွေးသည် ရှိသော် ထမင်းကို ကဲ့ရဲ့ရှုတ်ချခြင်းငှါ အားထုတ်၏။ သူဌေးသမီးသည် ဘုရားလောင်း၏ အထံ၌ သင်ယူအပ်သော အမှတ်ဖြင့် သာလျှင် ဤဂါထာကို ရွတ်ဆို၏—

ဗဟုမ္ပိ သော ဝိကတ္ထေယျ၊ အညံ ဇနပဒံ ဂတော။
အန္ဝာဂန္တွာန ဒူသေယျ၊ ဘုဉ္ဇ ဘောဂေ ကဠာဟက။

အို ကဠာဟက အကြင်သူသည် ဇာတိရပ်မြေမှ အခြားဇနပုဒ် အရပ်သို့ သွား၏။ ထိုသူသည် များစွာ ကဲ့ရဲ့ရှုတ်ချရာ၏။ နောက်က လိုက်လာ၍ ဖျက်ဆီးရာ၏။ ထို့ကြောင့် စည်းစိမ်တို့ကို အေးအေးဆေးဆေး သုံးဆောင်ပါလော့။

သူဌေးသမီးသည်ကား ထိုဂါထာ၏ အနက်အဓိပ္ပါယ်ကို မသိ။ သင်ယူအပ်သော အမှတ်ဖြင့်။ သဒ္ဒါကိုသာလျှင် အဖန်တလဲလဲ ရွတ်ဆို၏။ ကဠာဟကသည် "စင်စစ် သူဌေးကြီးသည်ငါ၏အမျိုးကို ကြား၍ ထိုမယား ခင်ပွန်းမအား အလုံးစုံ ပြောဆိုသည် ဖြစ်လတ္တံ့"ဟု ကြံပြီးလျှင် ထိုအခါစ၍ တစ်ဖန် ထမင်းကို ကဲ့ရဲ့ရှုတ်ချခြင်းငှါ မစွမ်းနိုင်။ ပယ်ချချိုးနှိမ်အပ်သော မာန်ရှိလျက် ရမြဲတိုင်းကို စားသုံး၍ ကံအားလျော်စွာ လာ၁းကပ်ရလေ၏။ မြတ်စွာဘုရားသည်

ဤသို့သော တရားဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ကဋ္ဌာဟာကသည် ယခုအခါ ကဲ့ရဲ့ရှုတ်ချတတ်သော ရဟန်းဖြစ်ဖူးပြီ။ ထိုအခါ ဗာရာဏသီ သူဌေးကြီးသည်ကား ယခုအခါ ငါဘုရားသည်သာလျှင်တည်းဟု ဇာတ်ကို ပေါင်းတော်မူ၏။ ဧကက နိပါတ်လာ ဤကဋ္ဌာဟက ဇာတ်တော်ကို အကျယ်ဝိတ္ထာရ ဟောပြတော်မူပြီး၍။ ချစ်သားရဟန်းတို့ ထိုစကားမှန်၏။ ထိုပုဂ္ဂိုလ်သည် သူတစ်ပါးတို့ နည်းသည်ကို လည်းကောင်း၊ များသည်ကို လည်းကောင်း၊ ယုတ်ညံ့သည်ကို လည်းကောင်း မွန်မြတ်သည်ကို လည်းကောင်း ပေးလှူသည်ရှိသော် တစ်ပါးသော သူတို့အားလည်း မပေးမလှူမူ၍ မိမိအား မပေးလှူသည်ရှိသော် မျက်နှာမသာမယာဖြစ်၏။ ထိုပုဂ္ဂိုလ်အား ဈာန်သည် လည်းကောင်း၊ ဝိပဿနာသည် လည်းကောင်း မဂ်-ဖိုလ် အစရှိသည်တို့သည် လည်းကောင်း မဖြစ်ကုန်ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

ဒဒါတိ ဝေ ယထာသဒ္ဓံ၊ ယတ္ထ ပသာဒနံ ဇနော။
တတ္ထ ယော စ မင်္ကု ဟောတိ၊ ပရေသံ ပါနဘောဇနေ။
န သော ဒိဝါ ဝါ ရတ္တိံ ဝါ၊ သမာဓိမဓိဂစ္ဆတိ။
ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။
သ ဝေ ဒိဝါ ဝါ ရတ္တိံ ဝါ၊ သမာဓိမဓိဂစ္ဆတိ။

လူအပေါင်းသည် မိမိကြည်ညိုသူကို သဒ္ဓါတရားအလျောက် ပေးလှူရာ၌ ရဟန်းတစ်ပါးသည် သူတပါးတို့၏ အဖျော်ယမကာ ဘောဇဉ်အလှူ၌ မျက်နှာရှုံ့တွန့်တတ်၏။ ထိုရဟန်းသည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း စိတ်တည်ကြည်မှုကို မရနိုင်။

ဤသို့ မျက်နှာရှုံ့တွန့်မှုကို ပယ်ဖြတ်ပြီးသော၊ အမြစ်ဖြတ်ပြီးသော၊ နုတ်ပယ်ပြီးသော ပုဂ္ဂိုလ်သည် နေ့၌လည်းကောင်း၊ ညဉ့်၌လည်းကောင်း စိတ်၏ တည်ကြည်မှုကို ရနိုင်၏။

ထိုဂါထာ၌– ဒဒါတိ ဝေ ယထာသဒ္ဓံ=ဟူသည် ယုတ်ညံ့သောပစ္စည်း မြတ်သောပစ္စည်း စသည်တို့တွင် တစ်စုံတစ်ခုကို ပေးလှူသောသူအား သဒ္ဓါတရား ဖြစ်သည်အလျောက် မိမိအား သဒ္ဓါတရားနှင့်လျော်သော အကျိုးကို ဟော၏။

ယထာ ပသာဒနံ=ဟူသည် မထေရ်ကြီး, မထေရ်ငယ် စသည်တို့တွင် မိမိ ကြည်ညိုသော ပုဂ္ဂိုလ်အား ပေးလှူသည်ရှိသော် ကြည်ညိုမှုအလျောက် မိမိအား ကြည်ညိုမှုဖြစ်ပေါ်သည်နှင့် လျော်စွာသာလျှင် အကျိုးပေး၏။

တတ္ထ=ဟူသည် သူတပါးအား ပေးလှူသော ထိုအလှူသည် "ငါသည် အနည်းငယ်သာ ရ၏။ မကောင်းသည်ကိုသာ ရ၏" ဟု နှလုံးမသာယာမှု ဖြစ်၏။

သမာဓိ=ဟူသည် ထိုနှလုံးမသာယာသော ပုဂ္ဂိုလ်သည် နေ့၌ဖြစ်စေ, ညဉ့်၌ဖြစ်စေ ဥပစာရ အပ္ပနာ၏ အစွမ်းအားဖြင့် လည်းကောင်း၊ မဂ်ဖိုလ်၏ အစွမ်းအားဖြင့် လည်းကောင်း သမာဓိကို မရနိုင်ချေ။

ယဿ စေတံ=ဟူသည် အကြင်ပုဂ္ဂိုလ်အား ထိုပေးလှူရာတို့၌ နှလုံး မသာယာခြင်းဟု ဆိုအပ်သော ထိုအကုသိုလ်ကို ကောင်းစွာ ဖြတ်အပ်သော အမြစ်ပြတ်ခြင်းကို ပြု၍ အရဟတ္တမဂ်ဉာဏ်ဖြင့် ကောင်းစွာ ပယ်နုတ်အပ်၏။ ထိုပုဂ္ဂိုလ်သည် ဆိုအပ်ပြီးသော အပြားရှိသော သမာဓိကို ရလေတော့၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

တိဿဒဟာန်ငယ်၏ဝတ္ထု ပြီး၏။

## ၉။ ဥပါသကာငါးဦး ဝတ္ထု

နတ္ထိ ရာဂသမော အဂ္ဂိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာ ဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဥပါသကာ ငါးယောက်တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဥပါသကာ ငါးယောက်တို့သည် တရားတော်ကို နာခြင်းငှါ အလိုရှိသော ကြောင့် ကျောင်းတော်သို့ သွားရောက်ပြီးလျှင် မြတ်စွာဘုရားကို ရှိခိုးဦးချ၍ သင့်တင့်လျောက်ပတ်သော တစ်ခုသောအရပ်၌ ထိုင်နေကုန်သတတ်။ ဘုရားတို့ အားလည်း ဤသူကား မင်းတည်း။ ဤသူကား ပုဏ္ဏားတည်း။ ဤသူကား ကြွယ်ဝ၏။ ဤသူကား ဆင်းရဲ၏။ ဤသူအား မြတ်သည်ကိုပြု၍ တရားကို ဟောအံ့။ ဤသူအား တရား မဟောအံ့ဟူသော စိတ်အကြံတော် မဖြစ်။ အလုံးစုံသော သူကို ရည်ရော်သမှု အကြောင်းပြု၍ တရားကို ဟောတော် မူသည်ရှိသော် တရားတော်၌ ရိုသေခြင်းကို ရှေးရှု၍ အာကာသဂင်္ဂါကို ဘွဲ့ဆွဲစီးသွန် ဂျသက်သကဲ့သို့ အဆက်မပြတ် ဟောတော်မူ၏။ ဤသို့သော တရားကို ဟောကြားတော်မူသော မြတ်စွာဘုရား၏ အထံ၌ ထိုင်နေကုန်သော ထိုဥပါသကာ ငါးယောက်တို့တွင် ဥပါသကာ တစ်ယောက်သည် ထိုင်လျက် သာလျှင် ငိုက်မျဉ်း၏။ ဥပါသကာ တစ်ယောက်သည် လက်ချောင်းဖြင့် မြေကြီး၌ ရေးခြစ်လျက် ထိုင်နေ၏။ ဥပါသကာ တစ်ယောက်သည် သစ်ပင်တစ်ပင်ကို လှုပ်လျက် ထိုင်နေ၏၊ ဥပါသကာ တစ်ယောက်သည် ကောင်းကင်ကို မော်ကြည့် လျက် ထိုင်နေ၏။ ဥပါသကာ တစ်ယောက်သည်ကား ရိုသေစွာ ကြားနာ၏။

အာနန္ဒာမထေရ်သည် မြတ်စွာဘုရားကို ယပ်ခပ်လျက် ထိုဥပါသကာတို့၏ အခြင်းအရာကို ကြည့်ရှု၍ မြတ်စွာဘုရားကို "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့သည် ကြီးစွာသော မိုးကြီးခြိမ်းဘိသကဲ့သို့ တရားကို ဟောတော်မူကုန်၏။ ထိုဥပါသကာတို့သည်ကား အရှင်မြတ်တို့ တရားဟောကုန်သည်ရှိသော် ဤသို့သော အမှုကို ပြုလျက် ထိုင်နေကြပါကုန်သည်"ဟု လျှောက်၏။ ချစ်သားအာနန္ဒာ အသင်သည် ထိုသူတို့ကို မသိသလောဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မသိပါ ဘုရားဟု ကြားလျှောက်၏။

## ဥပါသကာတို့၏ အတိတ်ကို ဆောင်တော်မူခြင်း

ထိုသူငါးယောက်တို့တွင် အကြင်သူသည် ငိုက်မျဉ်းလျက် ထိုင်နေ၏။ ထိုသူသည် ဘဝငါးရာတို့ပတ်လုံး မြွေမျိုး၌ဖြစ်၍ ကိုယ်အခွေတို့၌ ဦးခေါင်းကိုထား၍ အိပ်ဖူးပြီ။ ဤယခုအခါ၌ ထိုသူအား အိပ်သောအလေ့ ရှိသည်ဖြစ်၍ အိပ်ငိုက်၏။ ထိုသူ၏နားသို့ ငါဘုရား၏ အသံတော် မဝင်ဟု မိန့်တော်မူသောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့နည်း အစဉ်အတိုင်း ဖြစ်သည်ကို ဟောတော် မူပါကုန်သလော။ သို့မဟုတ် အကြား အကြား၌ ခြား၍ခြား၍ ဖြစ်သည်ကို ဟောတော်မူကုန်သလောဟု လျှောက်ထားသဖြင့် ချစ်သား အာနန္ဒာ ထိုသူ၏ ရံခါ လူအဖြစ်၊ ရံခါ နတ်အဖြစ်၊ ရံခါ နဂါးအဖြစ် ဤသို့ အကြားအကြား၌ ဖြစ်သည်တို့ကို သဗ္ဗညုတ ဉာဏ်တော်ဖြင့်လည်း ပိုင်းခြားခြင်းငှါ မတတ်ကောင်းချေ။ ဤသူသည် အစဉ်အတိုင်းအားဖြင့် ဘဝငါးရာတို့ပတ်လုံး နဂါးမျိုး၌ ဖြစ်၍ အိပ်ပျော်ငိုက်မျဉ်းခဲ့လျက်လည်း အိပ်ပျော်ခြင်းဖြင့် မရောင့်ရဲသည်သာလျှင်တည်း။ လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်လျက် ထိုင်နေသော ယောကျ်ားသည်လည်း ဘဝငါးရာတို့ပတ်လုံး တီမျိုး၌ဖြစ်၍ မြေကြီးကို တူးဖြိုဖူးပြီ။ ဤယခု အခါ၌လည်း မြေကြီးကို ရေးခြစ်တူးဖြိုလျက်သာ ငါဘုရား တရားသံကို မနာခံ မကြားသိနိုင်။ သစ်ပင်ကို လှုပ်လျက် ထိုင်နေသော ထိုယောကျ်ားသည်လည်း အစဉ်အတိုင်းအားဖြင့် ဘဝငါးရာတို့ပတ်လုံး မျောက်မျိုး၌ ဖြစ်ဖူးပြီ။ ဤယခုအခါ၌လည်း ရှေးရှေးသော အလေ့အကျက် အစွမ်းဖြင့် သစ်ပင်ကို လှုပ်သည်သာလျှင်တည်း။ ထိုသူ၏ နားသို့ ငါဘုရား တရားသံ မဝင်နိုင်။ ကောင်းကင်ကို မော်ကြည့်၍ ထိုင်နေသော ထိုပုဂ္ဂိုလ်သည်လည်း ဘဝငါးရာတို့ပတ်လုံး နက္ခတ်ကို ဖတ်တတ်သော နက္ခတ်ဆရာ ဖြစ်ခဲ့ဖူးလေပြီ။ ဤယခုအခါ၌လည်း ရှေးရှေး အလေ့အကျက်၏ အစွမ်းဖြင့် ယခုလည်း ကောင်းကင်ကိုသာလျှင် မော်ကြည့်လေ၏။ ထိုသူ၏နားသို့ ငါဘုရား တရားသံ မဝင်ရောက်နိုင်။ ရိုသေစွာ တရားတော်ကို ကြားနာလျက် ထိုင်နေသော ထိုယောကျ်ားသည်ကား အစဉ်အတိုင်းအားဖြင့် ဘဝငါးရာတို့ပတ်လုံးသုံးပုံသော

ဗေဒင်တို့၏ တစ်ဘက်ကမ်းရောက် တတ်မြောက် သရဇ္ဈာယ်တတ်သော ပုဏ္ဏား သည် ဖြစ်ဖူးပြီ။ ဤယခုအခါ၌လည်း မန္တန်ကို နှီးနှော်ဟိသကဲ့သို့ ရှိသေစွာ ကြားနာ၏ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အရှင်ဘုရားတို့၏ တရားဒေသနာသည် အရေ စသည်တို့ကို ဖြတ်တောက်၍ ရိုးတွင်းခြင်ဆီကို ထိခိုက်လျက် တည်ပါ၏။ အဘယ်ကြောင့် ဤသူတို့သည် အရှင်ဘုရားတို့ တရားကို ဟောကြားတော်မူကုန်သည်ရှိသော် ရိုသေစွာ မနာယူနိုင်ပါကုန် သနည်းဟု မေးလျှောက်ပြန်၏။ ချစ်သားအာနန္ဒာ ငါဘုရား၏ တရားကို ကြားနာရလွယ်သည် ဟူသော အမှတ်ကို ပြုယောင်ယာက်ား။ ကြားနာရလွယ်သည်ဟု အမှတ်မပြုလေလင့်ဟု မိန့်တော်မူသဖြင့် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ကြားနာနိုင်ခဲပါသလောဟု လျှောက်ထားသည် ရှိသော် ချစ်သားအာနန္ဒာ ဟုတ်မှန်လှပေ၏ဟု မိန့်တော်မူ၏။ ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား အဘယ်အကြောင်းကြောင့် ပါနည်းဟု မေးလျှောက် ပြန်သဖြင့် ချစ်သားအာနန္ဒာ ဘုရားဟူ၍လည်းကောင်း, တရား ဟူ၍ လည်းကောင်း, သံဃာဟူ၍ လည်းကောင်း ရွတ်ဆိုအပ်သော ပုဒ်ကို ဤသတ္တဝါတို့သည် များစွာကုန်သော ကမ္ဘာအသိန်းတို့၌ မကြားရဖူးလေ။ ထိုကြောင့် ဤတရားတော်ကို ကြားနာခြင်းငှါ မစွမ်းနိုင်ကုန်။ အစမထင် ကျင်လည်ရာဖြစ်သော သံသရာ၌ ဤသတ္တဝါတို့သည် တစ်ပါးမက များပြား လှသော တိရစ္ဆာန စကားကိုသာလျှင် ကြားနာကုန်လျက် လာကြကုန်၏။ ထိုကြောင့် သေသောက်ရာ ကစားပျော်မြူးရာ ကောင်းနှာ စီရင် မြေညီပြင် စသည်တို့သို့ သီချင်းသီဆို ကခုန် ကုန်လျက် လှည့်လည်ကြကုန်၏။ တရားတော်ကို ကြားနာခြင်းငှါ မစွမ်းနိုင်ပါကုန်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော် မူသော မြတ်စွာဘုရား အဘယ်ကို အမှီပြု၍ ထိုသူတို့သည် တရားတော်ကို နာကြားခြင်းငှါ မစွမ်းနိုင်ပါကုန်သနည်းဟု မေးလျှောက်ပြန်၏။ ထိုအခါ အာနန္ဒာမထေရ်အား မြတ်စွာဘုရားက ချစ်သားအာနန္ဒာ ရာဂကို အမှီပြု၍, ဒေါသကို အမှီပြု၍, မောဟကို အမှီပြု၍, တဏှာကို အမှီပြု၍ တရားတော်ကို ကြားနာခြင်းငှါ မစွမ်းနိုင်ကုန်။ ရာဂနှင့်တူသော မီးမည်သည် မရှိ။ ထိုရာဂ တည်းဟူသော မီးသည် ပြာကိုမျှ မကြွင်းကျန်စေမူ၍ သတ္တဝါတို့ကို လောင် မြိုက်၏။ ခုနစ်စင်းသော နေတို့၏ ထင်ရှားဖြစ်ခြင်းကို အမှီပြု၍ ဖြစ်ပေါ် လာသော ကမ္ဘာကို ဖျက်ဆီးတတ်သော မီးသည်လည်း တစ်စုံတစ်ခုကို မကြွင်းမကျန်စေ၍ သာလျှင် လောကကို အကယ်၍ကား လောင်မြိုက်၏။ ယင်းသို့ပင် လောင်မြိုက်သော်လည်း ထိုကမ္ဘာဖျက် မီးသည် ရံခါလောင်မြိုက် သည်သာလျှင်တည်း။ ရာဂတည်းဟူသော မီး၏ မလောင်မြိုက်သောအခါ မည်သည် မရှိ။ ထိုကြောင့် ရာဂနှင့်တူသော လောင်မြိုက်တတ်သော မီးသည် လည်းကောင်း၊ ဒေါသနှင့်တူသော ဖမ်းစားတတ်သော ဒရာသည်လည်းကောင်း၊

မောဟနှင့်တူသော ပိုက်ကွန်သည်လည်းကောင်း၊ တဏှာနှင့်တူသော မြစ်မည်သည်လည်းကောင်း မရှိတော့သည်သာဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောကြားတော်မူ၏—

နတ္ထိ ရာဂသမော အဂ္ဂိ၊ နတ္ထိ ဒေါသသမော ဂဟော။
နတ္ထိ မောဟသမံ ဇာလံ၊ နတ္ထိ တဏှာသမာ နဒီ။

ရာဂနှင့်တူသော မီးသည် မရှိ၊ ဒေါသနှင့်တူသော ဖမ်းယူတတ်သော သတ္တဝါသည် မရှိ၊ မောဟနှင့်တူသော ပိုက်ကွန်သည် မရှိ၊ တဏှာနှင့်တူသော မြစ်သည် မရှိ။

ထိုဂါထာ၌- ရာဂသမော=ဟူသည် မီးခိုးမရှိသော တစ်စုံတစ်ရာသော အရာဘ္ဘာကို မမြင်ရဘဲ အတွင်း၌သာလျှင် ထကြွ၍ လောင်ကျွမ်းခြင်း၏ အစွမ်းဖြင့် ဖြစ်သော ရာဂမီးနှင့်တူသော မီးမည်သည် မရှိ။

ဒေါသသမော=ဟူသည် ဘီလူးဖမ်းစားခြင်း, စပါးကြီးမြွေ ကိုက်မျိုခြင်း, မိကျောင်းကိုက်စားခြင်း စသည်တို့သည် ဤတစ်ဘဝ ခန္ဓာကိုယ် အတ္တဘောကိုသာလျှင် ဖမ်းယူစားသောက်ခြင်းငှါ စွမ်းနိုင်၏။ ဒေါသဖမ်းစားခြင်းသည်ကား ဘဝအားလုံးတို့၌ ကေန်မှုချသာလျှင် ဖမ်းစားတတ်သောကြောင့် ဒေါသဖမ်းစားခြင်းနှင့်တူသော ဖမ်းစားခြင်းမည်သည် မရှိ။

မောဟ သမံ=ဟူသည် မြေးယှက်တတ် ထက်ဝန်းကျင် သိမ်းကျုံးယူငင်တတ်သောကြောင့် မောဟဟူသော ပိုက်ကွန်နှင့်တူသော ပိုက်ကွန်မည်သည်မရှိ။

တဏှာ သမာ=ဟူသည် ဂင်္ဂါအစရှိကုန်သော မြစ်တို့၏ ပြည့်သောအခါ ယုတ်လျော့သောအခါ ခန်းခြောက်သော အခါသည်လည်း ထင်ရှားသိသာ၏။ တဏှာသည်ကား ပြည့်သောအခါ ခန်းခြောက်သောအခါသည် မရှိ။ အမြဲယုတ်လျော့နေသည် သာလျှင် ထင်ရှားသောကြောင့် မပြည့်နိုင်သည်၏ အဖြစ်ဖြင့် ဖြစ်သော တဏှာမြစ်နှင့်တူသော မြစ်မည်သည် မရှိ။

ဒေသနာတော်၏ အဆုံး၌ ရှိသေစွာ တရားနာသော ဥပါသကာသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်၏။

ဥပါသကာငါးယောက်ဝတ္ထု ပြီး၏။

## ၁၀။ မေဏ္ဍကသေဋ္ဌိဝတ္ထု

သုဒဿံ ဝဇ္ဇံ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ကို မှီ၍ ဇာတိယတော၌ သီတင်းသုံးနေတော်မူစဉ် မေဏ္ဍကသူဌေးကို အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားမျှင်သည် အင်္ဂုတ္တရာပ တိုင်း၌ဒေသစာရီ လှည့်လည်တော်မူလျက် မေဏ္ဍက သူဌေးကြီးလည်းကောင်း၊ ထိုသူဌေးကြီး၏ မယားခင်ပွန်းမ စန္ဒပဒုမာ သူဌေးကတော် လည်းကောင်း၊ ထိုသူဌေး၏သား ဓနဉ္စယ သူဌေးလည်းကောင်း၊ ချွေးမဖြစ်သော သုမန ဒေဝီလည်းကောင်း၊ ထိုသူဌေး၏ မြေး ဝိသာခါ လည်းကောင်း၊ ကျေးကျွန် ပုဏ္ဏလည်းကောင်း ဤခြောက်ယောက်သော သူတို့၏ သောတာပတ္တိဖိုလ် တက်ခိုရောက်ကောင်း အကြောင်း ဥပနိဿယကို မြင်တော်မူ၍ ဘဒ္ဒိယမြို့သို့ ကြွသွားပြီးသော် မြတ်လေးတော၌ သီတင်းသုံးစံနေတော်မူသတတ်။ မေဏ္ဍက သူဌေးကြီးသည် မြတ်စွာဘုရား၏ ကြွလာတော်မူခြင်းကို ကြားသိလေ၏။

အဘယ်ကြောင့် ထိုသူဌေးကြီးသည် မေဏ္ဍကသူဌေးမည်သည် ဖြစ်ပါသနည်းဟု မေးခဲ့သည်ရှိသော် ထိုသူဌေး၏အိမ်အနောက် ရှစ်မင်းပယ်မျှလောက်သော အရပ်၌ ဆင်-မြင်း-နွားဥသဘ အတိုင်းအရှည်ရှိကုန်သော ရွှေဆိတ်ရုပ်တို့သည် မြေကိုခွဲ၍ ကျောက်ကုန်းဖြင့် ကျောက်ကုန်းကို ထိခိုက်ကုန်လျက် အိမ်နောက်မှ ပေါ်ပေါက်ကုန်၏။ ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းတို့၌ ငါးပါးသော အဆင်းရှိကုန်သော ချည်လုံးတို့ကို ထည့်အပ်ကုန်၏။ ထောပတ်- ဆီ- ပျား တင်လဲ- အစရှိသည်တို့ဖြင့် လည်းကောင်း၊ အဝတ် ငွေ-ရွှေ အစရှိသည်တို့ဖြင့် လည်းကောင်း အလိုရှိခဲ့သော် ထိုရွှေဆိတ်ရုပ်တို့၏ ခံတွင်းမှ ချည်လုံးတို့ကို ပယ်ထုတ်၏။ တစ်ကောင်သော ဆိတ်ရုပ်၏ ခံတွင်းမှလည်း ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော သူတို့အား သုံးဆောင်ခြင်းငှါ လုံလောက်သော ထောပတ်-ဆီ-ပျား- တင်လဲ အဝတ်- ငွေ-ရွှေ တို့သည် အန်ထွက်ကုန်၏။ ထိုအခါမှစ၍ မေဏ္ဍကသူဌေးဟု ထင်ရှား၏။ ဤသို့ ဖြေဆိုအပ်၏။

ထိုမေဏ္ဍက သူဌေးကြီး၏ ရှေးကောင်းမှုကံသည် အဘယ်သို့ပါနည်းဟု မေးခဲ့သည်ရှိသော် ပြဆိုလတ္တံ့သော စကားအစဉ်ဖြင့် ဖြေကြားရာ၏။ ထိုမေဏ္ဍက သူဌေးကြီးသည် ဝိပဿီမြတ်စွာဘုရား လက်ထက်တော်မှ ခါ၌ အဝရောဇ သူကြွယ်၏ တူဖြစ်သော, ဦးရီးနှင့်တူသော အမည်ရှိသော အဝရောဇ အမည်ရှိသောသူသည် ဖြစ်သတတ်၊ ထိုအခါ အဝရောဇ၏ ဦးရီး

သူကြွယ်သည် မြတ်စွာဘုရား၏ ဂန္ဓကုဋီကို ဆောက်လုပ်ခြင်းငှါ အားထုတ်၏။ ထိုအဝရောဇသည် ဦးရီး၏အထံသို့သွား၍ ဦးရီး နှစ်ဦးလည်း ဖြစ်ကုန်သော အကျွန်ုပ်တို့သည် အတူတကွသာလျှင် ပြုလုပ်ကုန်အံ့ဟု ပြောဆိုသည်ရှိသော် ငါသည် သူတစ်ပါးတို့နှင့် အတူတကွ မဆက်ဆံသည်ကိုပြု၍ တစ်ယောက်ချင်းသာလျှင် ပြုအံ့ဟု ပြောဆို၏။

## ဝိပဿီမြတ်စွာဘုရားအား ဆင်ဝင်စရပ် လှူဒါန်းခြင်း

ထိုဦးရီး ဖြစ်သော သူသည် ပယ်စွန့်အပ်သောအခါ၌ ဤဇရပ်၌ ဂန္ဓကုဋီ ဆောက်လုပ်အပ်သည် ရှိသော် ဤအမည်ရှိသော အရပ်၌ ဆင်ဝင် စရပ်မည်သည်ကို ရခြင်းငှါအပ်၏ဟု ကြံ၍ တောမှ သစ်သား အဆောက်အဦတို့ကို ဆောင်ယူစေ၍ သံတိုင်တစ်ခုကို ရွှေဖြင့် ခြယ်စီအပ်သည်ကို သံတိုင်တစ်ခုကို ငွေဖြင့် ခြယ်စီအပ်သည်ကို သံတိုင်တစ်ခုကို ပတ္တမြားဖြင့် ခြယ်စီအပ်သည်ကို သံတိုင်တစ်ခုကို ခုနစ်ပါးသော ရတနာဖြင့် ခြယ်စီအပ်သည်ကို ဝပ်-လှေကား တံခါးပေါင် တံခါးရွက် လေသောက်ပြူတင်း အခြင် အမိုး အုတ်ဟု ဆိုအပ်ကုန်သော အလုံးစုံတို့ကိုလည်း ရွှေစသည်တို့ဖြင့် ခြယ်စီသည်တို့ကိုသာလျှင် ပြုလုပ်စေ၍ ဂန္ဓကုဋီ၏ ရှေ့တူရူဖြစ်သော အရပ်၌ မြတ်စွာဘုရားအား ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဆင်ဝင်စရပ်ကို ဆောက်လုပ်စေ၏။ ထိုဆင်ဝင်စရပ်၏ အထက်၌ တစ်ခဲနက် နီမြန်းသော ရွှေဖြင့်ပြီးသော ကမ္ဗလာ သန္တာဖြင့် ပြီးသော အထက်စွန်း ထုပိကာတို့သည် ဖြစ်ကုန်၏၊ ဆင်ဝင်စရပ်၏ အလယ်နေရာ၌ ရတနာဖြင့် ပြီးသော မဏ္ဍပ်ကို ပြုလုပ်စေ၏။ တရားဟော နေရာကို တည်ထားစေ၏။ ထိုတရားဟော နေရာ၏ တစ်ခဲနက် နီမြန်းသော ရွှေဖြင့်ပြီးကုန်သော အခြေတို့သည် ဖြစ်ကုန်၏။ ထိုအတူ လေးခုကုန်သော အပေါင်းတို့သည်လည်း ရွှေဖြင့် ပြီးကုန်၏။ လေးကောင်ကုန်သော ရွှေဆိတ်ရုပ်တို့ကို ပြုလုပ်စေ၍ တရားဟောနေရာ လေးခုကုန်သော အခြေတို့၏ အောက်၌ ခံထားစေ၏။ ဆိတ်ရုပ်နှစ်ကောင်တို့ကို ပြုလုပ်စေပြီးသော် ခြေနင်းပြင်အောက်၌ ခံထားစေ၏။ ရွှေဆိတ်ရုပ် ခြောက်ကောင်တို့ကို ပြုလုပ်စေ၍ မဏ္ဍပ်ကို ဝန်းရံ၍ထားစေ၏၊ တရားဟောနေရာကို ရှေးဦးစွာ ချည်ကြိုးတို့ဖြင့် ရက်စေ၍ အလယ်၌ ရွှေချည်တို့ဖြင့် အထက်၌ ပုလဲချည်တို့ဖြင့် ရက်စေ၏။ တရားဟောနေရာ၏ စန္ဒကူးဖြင့်ပြီးသော တံကဲပျဉ်သည် ဖြစ်၏။ ဤသို့ပြုပြင် ဆင်ဝင်စရပ်ကို ပြီးစေ၍ စရပ်ပူဇော်ပွဲကို ပြုသည်ရှိသော် ရဟန်းတော် ခြောက်သန်း တစ်သိန်းတို့နှင့်တကွ မြတ်စွာဘုရားကိုပင့်ဖိတ်၍ လေးလတိုင်တိုင်လုံး အလှူကို ပေးလှူ၏။ အဆုံးဖြစ်သောနေ့၌ သင်္ကန်းသုံးထည်ကို ပေးလှူ၏။ ထိုသင်္ကန်းငယ် သံဃတ္ထေရ်အား အဖိုးတစ်သိန်းထိုက်သော တိစီဝရိက်သင်္ကန်း ခံယူ

ရောက်ရှိ၏။ ဤသို့လျှင် ဝိပဿီ မြတ်စွာဘုရား လက်ထက်တော် အခါ၌ ကောင်းမှုကို ပြုလုပ်၍ ထိုဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌လည်းကောင်း၊ လူ့ပြည်၌လည်းကောင်း ကျင်လည်လျက် ဤဘဒ္ဒကမ္ဘာ၌ ဗာရာဏသီပြည်၌ ငယ်ကြီးကျယ်သော စည်းစိမ်ချမ်းသာ ရှိသော အမျိုး၌ဖြစ်၍ ဗာရာဏသီ သူဌေး မည်သည် ဖြစ်၏။

## ပစ္စေကဗုဒ္ဓါ အတွက် ဆွမ်းဟင်းပင့်သွားခြင်း

ထိုဗာရာဏသီသူဌေးသည် တစ်နေ့သောအခါ၌ မင်းကြီးအား စောင့်ခြင်းသို့ သွားသည်ရှိသော် ပုရောဟိတ်ကို တွေ့မြင်၍ ဆရာအသို့ပေနည်း။ နက္ခတ်ကို တစ်မူဟုတ်မျှ သိရကြောင်းမှု ကြည့်ရှုစုံစမ်း ကြပါကုန်၏လောဟု ပြောဆို၏။ သြော်-ကြည့်ရှုစုံစမ်းပါ၏။ ငါတို့အား နက္ခတ်ကို စုံစမ်းကြည့်ရှုခြင်းမှ တစ်ပါးသော အဘယ်အမှု ရှိပေအံ့နည်းဟု ပြောသည်ရှိသော် ထိုသို့တပြီးကား ဇနပုဒ်၏ ဖြစ်ခြင်းသည် အဘယ်သို့ သဘောရှိသနည်းဟု မေးသဖြင့် တစ်ခုသော ဘေးသည် ဖြစ်လတ္တံ့ဟု ပြော၏။ အဘယ်မည်သော ဘေးဖြစ်လတ္တံ့နည်းဟု မေးပြန်သည် ရှိသော် သူဌေးကြီး ငယ်မွတ်ခြင်းဘေး ဖြစ်လတ္တံ့ဟု ပြော၏။ အဘယ်အခါ၌ ဖြစ်လတ္တံ့နည်းဟု မေးပြန်သောအခါ ဤအချိန်မှစ၍ သုံးနှစ်တို့ကို လွန်မြောက်သဖြင့် ဖြစ်လတ္တံ့ဟု ပြော၏။ သူဌေးကြီးသည် ပုရောဟိတ် ပြောကြားသော ထိုစကားကို ကြား၍ များစွာ လယ်လုပ်ခြင်း အမှုကို ပြုလုပ်စေပြီးလျှင် အိမ်၌ ထင်ရှားရှိသော ဥစ္စာဖြင့်လည်း စပါးကိုသာလျှင် ဝယ်ယူ၍ နှစ်ရာငါးဆယ်သော ကျီကြီးတို့ကို ဆောက်လုပ်စေပြီး၍ အလုံးစုံသော ကျီကြီး၌ စပါးဘုံ့ဖြင့် ပြည့်အောင် သိုလှောင်၏။ ကျီကြီးတို့သည် အပြည့်ဖြိုးမလောက် မလောက်ကုန်သည် ရှိသော် အိုးစရည်း စသည်တို့ကို ပြည့်စေ၍ အကြွင်းကို မြေကြီး၌ တွင်းတူးပြီးလျှင် တူးမြှုပ်၏၊ သိုမှီး၍ ကြွင်းသော မျိုးကို မြေညက်နှင့်ဝက ပေါင်းနှောဆုပ်နယ်၍ နံရံတို့ကို လိမ်းကျံစေ၏။ ထိုသူဌေးကြီးသည် နောက်အခါ၌ ငယ်မွတ်ခြင်းဘေး ရောက်သည်ရှိသော် သိုလှောင်ထား မြဲတိုင်းသော စပါးကို စားသုံးလျက် ကျီကြီးတို့၌ လည်းကောင်း၊ အိုးစရည်းတို့၌ လည်းကောင်း ထားအပ်သော စပါးကုန်သည် ရှိသော် အလုပ်အကျွေးဖြစ်သော လူတို့ကို ခေါ်စေ၍ အမောင်တို့ သွားကြကုန်လော့၊ တောင်မြေသို့ ဝင်ရောက်၍ အသက်မွေးမှုလျက် ကောင်းစွာ ဝပြောသောအခါ၌ ငါ၏အထံသို့ လာခြင်းငှါ အလို ရှိကုန်မူကား လာကြကုန်လော့ လာခြင်းအလိုငှါ ဤသို့ မရှိကုန်သော သူတို့သည် ထိုအရပ်၌သာလျှင် အသက်မွေးမှု တည်နေကုန်လော့ဟု ပြောဆို၏၊ အလုပ်အကျွေးဖြစ်သော ထိုလူတို့သည် ငိုကြွေးကုန်လျက် မျက်ရည်ပြည့်သော မျက်နှာရှိကုန်၍ သူဌေးကြီးကို ရှိခိုးပြီးသော်

သည်းခံစေ၍ ခုနစ်ရက်ပတ်လုံးနေပြီး သူဌေးကြီးပြောဆိုသည်အတိုင်း ပြုကြကုန်၏။ ထိုသူဌေး၏ အထံ၌ကား အမှုကြီးငယ် ရွက်ဆောင်တတ်သော ပုဏ္ဏကျွန်တစ်ယောက်သာလျှင် ကျန်ရစ်ခဲ့၏။ ထိုကျွန်ပုဏ္ဏနှင့်တကွ သူဌေးကြီးလည်းကောင်း၊ သူဌေး၏ မယားခင်ပွန်းမလည်းကောင်း၊ သူဌေးသား လည်းကောင်း၊ သူဌေး၏ ချွေးမလည်းကောင်း၊ ဤငါးယောက်သော သူတို့သည်သာလျှင် ရှိသည်ဖြစ်ကုန်၏။ ထိုသူတို့သည် မြေကြီးတွင်းတို့၌ သိုမှီးမြှုပ်နှံ၍ထားအပ်သော စပါးလည်း ကုန်ခဲ့သည်ရှိသော် နံရံမြေညက်ကို ဖြိုဖျက်ခွာချကျစေ၍ ရေဆွတ်ဆေးကြောပြီး ထိုမှရရှိသော စပါးဖြင့် မျှတကြကုန်၏။ ထိုအခါ သူဌေး၏မယားခင်ပွန်းမသည် ငတ်မွတ်ခြင်း လွှမ်းမိုးနှိပ်စက်သည်ရှိသော် မြေညက်ရောထား စပါးကုန်ခန်းသောကြောင့် နံရံခြေရင်းတို့၌ ကြွင်းကျန်သော မြေညက်ကို ဖြိုဖျက်ခွာပွတ် ရေဆွတ် ဆေးကြော၍ တစ်ကွမ်းစားခန့်မျှသော စပါးကို ရသည်ရှိသော် ထောင်းထု ပြာတီးလှေက် တစ်ကွမ်းစားသော ဆန်ကိုရ၍ ငတ်မွတ်သောအခါ၌ ခိုးသူပေါများကုန်၏ဟု ကြံ၍ ခိုးသူဘေးမှ ကြောက်သောကြောင့် အိုးတစ်ခု၌ ထည့်သွင်းပိတ်ဆို့ မြေ၌မြှုပ်နှံ၍ထား၏။ ထိုအခါ သေဌေးကြီးသည် မင်းအား ခစားရာမှ ပြန်လာ၍ ထိုမယား ခင်ပွန်းမကို အိုရှင်မ ဆာလောင်လှသည် ဖြစ်၏။ တစ်စုံတစ်ခုစားဖွယ် ရှိသလောဟု ပြော၏။ ထိုသေဌေးကတော်သည် ထင်ရှား ရှိသည်ကို–မရှိဟု မဆိုမူ၍ တစ်ကွမ်းစားသော ဆန်ရှိပါ၏ဟု ပြော၏။ ထိုဆန်သည် အဘယ်မှာနည်းဟု မေးသည်ရှိသော် ခိုးသူ ဘေးကြောင့် ကျွန်တော်မ တူးမြှုပ်ထားပါ၏ဟု ပြော၏။ ထိုသို့ဖြစ်လျှင် ထိုဆန်ကို ထုတ်၍ အချိုကိုချက်ပါလော့ဟု စေခိုင်း၏။ အကယ်၍ ယာဂုကျိုချက်သည် ဖြစ်အံ့။ နှစ်ကြိမ်ကျိုချက်ဖို့ရပါလတ္တံ့။ အကယ်၍ ထမင်းချက်သည်ဖြစ်အံ့၊ တစ်ကြိမ်သာလျှင် ချက်ဖို့ရလတ္တံ့။ အရှင် အဘယ်ကို ချက်ရပါအံ့နည်းဟု ပြောဆို၏။ ရှင်မ ငါတို့အား တစ်ပါးသော အထောက်အပံ့ သည်မရှိ။ ထမင်းကိုစား၍ သေကုန်အံ့။ ထမင်းကိုသာလျှင် ချက်လော့ဟု ပြောဆို၏။ ထိုသေဌေးကတော်သည် ထမင်းကိုချက်၍ ငါးဖို့ ငါးစုတို့ကို ခွဲဝေပြုလုပ်ပြီးလျှင် သေဌေးကြီး၏ အဖို့အစုကို ခူးဆွတက်ပွားစေ၍ ရှေ့မှတည်ထား၏။ ထိုခဏ၌ ဂန္ဓမာဒနတောင်မှ ပစ္စေကဗုဒ္ဓါသည် ခုနစ်ရက်ပတ်လုံး သမာပတ်ဝင်စားရာမှ ထတော်မူ၏။ သမာပတ် အတွင်း၌ သမာပတ် အစွမ်းဖြင့် ဆာလောင်မွတ်သိပ်ခြင်းသည် မနှိပ်စက်နိုင်။ သမာပတ်မှ ထကုန်သော ပုဂ္ဂိုလ်တို့အားကား အားကြီးစွာဖြစ်၍ ဝမ်းရေကို လောင်မြိုက်ဘိသကဲ့သို့ ဖြစ်သတတ်။ ထိုပစ္စေက ဗုဒ္ဓါတို့သည် အစာအာဟာရ ရနိုင်လောက်သော အရပ်ကို ကြည့်ရှု၍ ကြွတော် မူကုန်၏။ ထိုနေ့၌လည်း ထိုပစ္စေကဗုဒ္ဓါတို့အား အလှူကို ပေးလှူ၍ စစ်သူကြီးအရာစသည်တို့တွင် အမှတ်မရှိ တစ်ပါးပါးသော စည်းစိမ်ချမ်းသာကို ရကုန်၏။ ထိုကြောင့် ထိုပစ္စေကဗုဒ္ဓါသည်လည်း ဒိဗ္ဗစက္ခုဖြင့် ကြည့်ရှုတော်မူ

သည်ရှိသော်အလုံးစုံသော ဇမ္ဗူဒိပ်၌ ငတ်မွတ်ခြင်းဘေးဖြစ်၏။ သေဋ္ဌေးကြီး အိမ်၌လည်း ငါးဦးကုန်သော လူတို့အား တစ်ကွမ်းစားသော ထမင်းကိုချက်၏။ ထိုသူတို့သည် သဒ္ဓါတရားရှိကုန်၏လော။ ငါ့အား ချီးမြှောက်ခြင်းကို ပြုခြင်းငှာ စွမ်းနိုင်ကုန်အံ့လောဟု ကြည့်ရှုတော် မူသည်ရှိသော် ထိုသူတို့ သဒ္ဓါရှိသော အဖြစ်ကိုလည်းကောင်း၊ ချီးမြှောက်ခြင်းကိုပြုခြင်းငှာ စွမ်းနိုင်အံ့သောအဖြစ်ကို လည်းကောင်း မြင်တော်မူသောကြောင့် သပိတ် သင်္ကန်းကို ဆင်မြန်းယူငင်၍ သေဋ္ဌေးကြီး၏ ရှေ့တည့်တည့်မှ အိမ်တံခါး၌ ရပ်တည်လျက်သာ မိမိကိုယ်ကို ပြတော်မူ၏။

ထိုသေဋ္ဌေးကြီးသည် ပစ္စေကဗုဒ္ဓါကိုမြင်လျှင် ကြည်ညိုသော စိတ်ရှိသည် ဖြစ်၍ "ရှေး၌လည်း ငါသည် အလှူဒါနကို မပေးလှူအပ်သည်၏ အဖြစ်ကြောင့် ဤသို့သဘောရှိသော ငတ်မွတ်ခြင်းဘေးကို တွေ့မြင်ရသည်။ စင်စစ်အားဖြင့်ကား ဤထမင်းသည် ငါ့ကို တစ်နေ့လောက်သာ စောင့်ရှောက်ရ၏။ အရှင်မြတ်အား ပေးလှူအပ်သော အလှူသည်ကား များစွာကုန်သော ကမ္ဘာကုဋေတို့၌ ငါ၏ ချမ်းသာ စီးပွားကိုဆောင်သည် ဖြစ်လတ္တံ့"ဟု ဆင်ခြင်ပြီးလျှင် မိမိရှေ့အား တည်ထား ဆောင်နှင်း ထိုထမင်းခွက်ကိုယ်၍ ပစ္စေကဗုဒ္ဓါသို့ ချဉ်းကပ်ပြီးသော် တည်ခြင်းငါးပါးဖြင့် ရှိခိုးပြီးလျှင် အိမ်သို့ ပင့်သွင်း၍ နေရာ၌ ထိုင်နေသော ပစ္စေကဗုဒ္ဓါ၏ ခြေတို့ကို ဆေးကြောသုတ်သင် ရွှေဖြင့်ပြီးသော အခြေရှိသော အင်းပျဉ်၌ တင်ထား၍ ထမင်းခွက်ကို ယူပြီးလျှင် ပစ္စေကဗုဒ္ဓါသပိတ်၌ ထမင်းကို ထည့်လောင်း၏။ လောင်းလှူသော ထမင်း ထက်ဝက်မျှ အကြွင်းသို့ ရောက်သည်ရှိသော် ပစ္စေကဗုဒ္ဓါသည် လက်ဖြင့် သပိတ်ကို ပိတ်တော်မူ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါကို အရှင်ဘုရား ဤထမင်းသည် တစ်ကွမ်းစားသော ဆန်ဖြင့် ငါးယောက်သော လူတို့အား ချက်အပ်သော ထမင်း၏ တစ်ခုသော အဖို့အစုပါ တည်း။ ဤထမင်းကို နှစ်ဖို့ပြုခြင်းငှာ မတတ်ကောင်းပါ။ အကျွန်ုပ်အား ဤပစ္စုပ္ပန်လောက၌ ချီးမြှောက်ခြင်းကို မပြုပါကုန်လင့်။ အကျွန်ုပ်သည် အကြွင်းမဲ့ ပေးလှူခြင်းငှာ အလိုရှိပါ၏ဟု လျှောက်ကြားပြီးလျှင် အလုံးစုံသော ထမင်းကို ပေးလှူ၏။ ပေးလှူပြီး၍ကား ဆုတောင်းခြင်းကို ဖြစ်စေ၏။ အဘယ်သို့ ဆုတောင်းသနည်း ဟူမူကား "အရှင်ဘုရား ဖြစ်တိုင်းဖြစ်တိုင်းသောဘဝ အရပ်၌ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းကို မတွေ့မမြင်ရ ပါစေသတည်း။ ဤအခါမှစ၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ နေကုန်သော သူတို့အား မျိုးစေ့ ထမင်းကို ပေးခြင်းငှာ စွမ်းနိုင်သည်ဖြစ်ပါလို၏။ မိမိလက်ဖြင့် အမှုကို ပြုလုပ်၍ အသက်မွေးမှုခြင်းကို မပြုရပါလို၏။ နှစ်ရာ့ငါးဆယ်ကုန်သော ကျီကြတို့ကို သုတ်သင်ရှင်းလင်းစေ၍ ဦးခေါင်း ဆေးကြောပြီးလျှင် ထိုကျီကြတို့၏ တံခါး၌နေ၍ အထက်သို့ မော်ကြည့်သော

ခဏ္ဍသာလျှင် အကျွန်ုပ်အား နီသောအဆင်းရှိသော သလေးမိုးအလျှင်ရှာသွန်း ကျရောက်၍ အလုံးစုံသောကျိုကြတို့၌ ပြည့်စေကုန်သတည်း။ ဖြစ်တိုင်းဖြစ်တိုင်း သော အရပ်ဌာန ဘုံဘဝ၌လည်း ဤမယားသည်သာလျှင်, ဤသားသည်သာ လျှင်, ဤချွေမသည်သာလျှင်, ဤကျေးကျွန်သည်သာလျှင် ဖြစ်ပါစေ သတည်း''ဟု ဆုတောင်း၏။

ထိုသူဌေး၏ မယားသည်လည်း ငါ၏အရှင် ခင်ပွန်းလင်သည် ငတ်မွတ်ခြင်း ဖြင့် နှိပ်စက်အပ်သည်ရှိသော် ငါသည် စားခြင်းငှါ မစွမ်းနိုင်ဟုကြံ၍ မိမိ၏အဖို့ အစုကို ပစ္စေကဗုဒ္ဓါအား ပေးလှူပြီးလျှင် ''အရှင်ဘုရား ဤယခုအခါ ဖြစ်တိုင်း ဖြစ်တိုင်း အရပ်ဌာန ဘုံဘဝ၌ ဤသို့သဘော ငတ်မွတ်ခြင်းဘေးကို မတွေ့မြင် ရပါလို၏။ ထမင်းအိုးကို ရှေ့မှာထားသည်ကို ပြု၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ နေသောသူတို့အား ထမင်းကိုပေးသည် ရှိသော်လည်း အကျွန်ုပ်သည် အကြင် မျှလောက် နေရာမှမထသေး ထိုမျှလောက် ကာလပတ်လုံး ခူးဆွယူငင်ရာအရပ် သည် ပြည့်သည်သာလျှင် ဖြစ်ပါစေသတည်း။ ဤအရှင် လင်ယောကျ်ား သည်သာလျှင်, ဤသားသည်သာလျှင်, ဤချွေးမသည်သာလျှင်, ဤကျေးကျွန် သည်သာလျှင် ဖြစ်ပါစေသတည်း''ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။

ထိုသူဌေးသားသည်လည်း မိမိ၏ အဖို့အစုကို ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ ''အရှင်ဘုရား ဤအခါစ၍ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းဘေးကို မတွေ့ မမြင်ရပါလို၏။ အကျွန်ုပ်၏ အသပြာတစ်ထောင်ဝင်သော အိတ်တစ်လုံးကို ကိုင်ယူ၍ အလုံးစုံသော ဇမ္ဗူဒိပ်၌ နေသောသူတို့အား အသပြာကို ပေးသော် လည်း ဤတစ်ထောင်အိတ်သည် ပြည့်မြဲတိုင်း ပြည့်သည်သာလျှင် ဖြစ်ပါစေ သတည်း။ ဤအမိ, အဖတို့သည်သာလျှင် ဖြစ်ပါစေကုန်သတည်း။ ဤမယား ခင်ပွန်း ဤကျေးကျွန်သာလျှင် ဖြစ်ပါစေသတည်း''ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။

ထိုသူဌေး၏ ချွေးမသည်လည်း မိမိ၏အဖို့အစုကို ပစ္စေကဗုဒ္ဓါအား ပေးလှူ ပြီးလျှင် ''ဤအခါမှစ၍ ဤသို့သဘောရှိသော ငတ်မွတ်ခြင်းဘေးကို မတွေ့ မမြင်ရပါလို၏။ အကျွန်ုပ်၏ တစ်ခုသော စပါးခြင်းတောင်းကို ရှေ့မှတည်ထား၍ အလုံးစုံသော ဇမ္ဗူဒိပ်၌နေသော သူတို့အား မျိုးစေ့ထမင်းကို ပေးသည်ရှိသော် လည်း ကုန်ခြင်းသို့ မရောက်ပါစေကုန် သတည်း။ ဖြစ်တိုင်းဖြစ်တိုင်းသော ဘဝ၌ ဤယောက္ခမတို့သည်သာလျှင် ဖြစ်ပါစေကုန်သတည်း။ ဤအရှင်လင်သည်သာ လျှင်, ဤကျေးကျွန်သည်သာလျှင် ဖြစ်ပါစေကုန်သတည်း''ဟု ဆုတောင်းခြင်း ကို ဖြစ်စေ၏။

ကျွန်သည်လည်း မိမိ၏အဖို့စုကို ပစ္စေကဗုဒ္ဓါအား ပေးလှူ၍ "ဤအခါမှစ၍ ဤသို့သဘောရှိသော ဝေမ်မှတ်ခြင်းဘေးကို မတွေ့မမြင်ရပါလို၏။ အလုံးစုံကုန်သော ဤသူတို့သည် အကျွန်ုပ်၏ အရှင်သခင်တို့သည် ဖြစ်ပါစေကုန်သတည်း။ လယ်ထွန်သော အကျွန်ုပ်၏ ဤအရပ်မှသုံးကြောင်း ထိုအရပ်မှသုံးကြောင်း ထိုအရပ်မှသုံးကြောင်း အလယ်၌တစ်ကြောင်း ဤသို့လျှင် သစ်သားစလားခွက်မျှလောက်သော အရပ်သည် ခုနစ်ကြောင်း ခုနစ်ကြောင်းကုန်သော ထွန်ရေးထွန်ကြောင်းတို့သည် ကွဲကြေခြင်းသို့ ရောက်ပါစေသတည်း"ဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။

(ထိုကျွန်သည် ထိုနေ့၌ စစ်သူကြီးအရာကို တောင့်တ၍ ရခြင်းငှာစွမ်းနိုင်သော်လည်း အရှင်တို့၌ ချစ်ခင်ခြင်းဖြင့် ဤအရှင်တို့သည်သာလျှင် ဖြစ်စေကုန်သတည်းဟု ဆုတောင်းခြင်းကို ဖြစ်စေ၏။)

ပစ္စေကဗုဒ္ဓါအရှင်သည် အလုံးစုံသော သူတို့၏လည်း ဆုတောင်းလျှောက်ကြား စကားဖြင့်ပြီးအဆုံး၌ ဤသို့ဆုတောင်းသည့်အတိုင်း ဖြစ်စေသတည်းဟု မိန့်ဆိုတော်မူပြီးလျှင်။

ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ စန္ဒော ပန္နရသော ယထာ။
ဣစ္ဆိတံ ပတ္ထိတံ တုယှံ၊ ခိပ္ပမေဝ သမိဇ္ဈတု။
သဗ္ဗေ ပူရေန္တု သင်္ကပ္ပါ၊ မဏိ ဇောတိရသော ယထာ။

သင်၏ အလိုရှိအပ်၊ တောင့်တအပ်သောဆုသည် လျင်မြန်စွာ ပြည့်စုံပါစေသတည်း၊ အကြံအစည်ဟူသမျှတို့သည် လပြည့်ဝန်းကဲ့သို့ လည်းကောင်း၊ မဏိဇောတ ပတ္တမြားကဲ့သို့ လည်းကောင်း ပြည့်စုံပါစေသတည်း။

ဤနှစ်ဂါထာတို့ဖြင့် အနုမောဒနာပြုတော်မူ၍ ငါသည် ဤသူတို့၏စိတ်ကို ကြည်ညိုစေခြင်းငှါ သင့်လျော်လျောက်ပတ်အပ်၏ဟု ကြံစည်ပြီးသော် ဂန္ဓမာဒနတောင်သို့ ရောက်သည့်တိုင်အောင် ဤသူတို့သည် ငါ့ကိုမြင်စေကုန်သတည်းဟု အဓိဋ္ဌာန်၍ ဖဲကြွတော်မူ၏။ ငါးဦးကုန်သော ထိုသူတို့သည်လည်း ကြည့်ရှုလျက်သာလျှင် တည်နေကြကုန်၏။ ပစ္စေကဗုဒ္ဓါသည် ကြွသွားတော်မူ၍ ထိုဆွမ်းကို ငါးရာကုန်သော ပစ္စေကဗုဒ္ဓါတို့နှင့် အတူတကွ ညီမျှခွဲဝေ၏။ ထိုဆွမ်းသည် ပစ္စေကဗုဒ္ဓါ၏ အာနုဘော်ကြောင့် အလုံးစုံကုန်သော ပစ္စေကဗုဒ္ဓါတို့အားလည်း လုံလောက်၏။ ထိုငါးဦးသော သူတို့သည် ကြည့်ရှုကုန်လျက်သာလျှင် တည်နေကုန်၏။ မွန်းတည့်အခါကို လွန်သည်ရှိသော်ကား သေဋ္ဌေးမယားသည် အိုးခွက်ကို ဆေးကြောပိတ်ဖုံး၍ ထား၏။

## ဆွမ်းဒါန ဒိဋ္ဌဓမ္မအကျိုး

သေဋ္ဌေးကြီးလည်း ဆာလောင်မွတ်သိပ်ခြင်းဖြင့် နှိပ်စက်အပ်သည်ဖြစ်၍ အိပ်ပျော်ခြင်းသို့ သက်၏။ ထိုသေဋ္ဌေးကြီးသည် ညချမ်းသောအခါ အိပ်ရာမှ နိုး၍ မယားခင်ပွန်းမကို ရှင်မ အလွန်လျှင် ဆာလောင်မွတ်သိပ်သည် ဖြစ်၏။ အိုးခွက်အပြင်၌ ကပ်ငြိသော ထမင်းချိုးတို့ ရှိသေးသလောဟု ပြောဆို၏။ ထို သေဋ္ဌေးကတော်သည် ဆေးကြော၍ အိုးခွက်၏ ထားအပ်သောအဖြစ်ကို သိလျက်လည်း မရှိဟု မပြောမဆိုမူ၍ အိုးခွက်ကို ဖွင့်လှစ်ဖော်ပြ ပြောကြားအံ့ ဟု ကြံပြီးလျှင် နေရာမှထ၍ အိုးခွက်အနီးသို့ သွားရောက်ပြီးလျှင် အိုးခွက်ကိုဖွင့်၍ ထိုခဏ၌သာလျှင် မြတ်လေးငုံနှင့်တူသော အဆင်းရှိသော ထမင်းဖြင့် ပြည့်သည် ဖြစ်၏။ ထမင်းအိုးအဖုံးကို ပင့်မြောက်၍ တည်၏။ သေဋ္ဌေးကတော်သည် ထိုသို့ သော အခြင်းအရာကို မြင်၍သာလျှင် နှစ်သက်ခြင်းပီတိဖြင့် တွေ့ထိသောကိုယ် ရှိသဖြင့် သေဋ္ဌေးကြီးကို "အရှင် ထပါလော့၊ ကျွန်တော်မသည် ထမင်းအိုးကို ဆေးကြောပိတ်ထား၏။ ထိုထမင်းအိုးသည် မြတ်လေးငုံနှင့်တူသော အဆင်းရှိ သော ထမင်းဖြင့် ပြည့်၏။ ကောင်းမှုတို့မည်သည် ပြုသင့်ပြုထိုက်သောသဘော ရှိကုန်၏။ အလှူမည်သည်ကို ပြုခြင်းငှါ သင့်လျော်၏။ အရှင် ထပါလော့။ ထမင်း ကို သုံးဆောင်ပါလော့" ဟု ပြောဆို၍ ထိုသေဋ္ဌေးကတော်သည် နှစ်ဦးကုန်သော အဖနှင့်သားတို့အား ပေး၏။ ထိုသားအဖ နှစ်ဦးတို့ ထမင်းစားကုန်ပြီးမှ၍ နေရာမှ ထကုန်သည်ရှိသော် ချွေးမနှင့်အတူတကွ ထိုင်နေစားသုံး၍ ပုဏ္ဏမည် သော ကျွန်အား ထမင်းကိုပေး၏။ ယူတိုင်း ယူတိုင်းသော နေရာအရပ်သည် မကုန်၊ ယောက်ချိုဖြင့် တစ်ကြိမ်တစ်ခါယူရာ အရပ်သည်သာလျှင် ထင်၏။ ထို နေ့၌ပင်လျှင် ကျီကြစသည်တို့သည် ရှေး၌ ပြည့်သော အမှတ်ဖြင့်သာလျှင် တစ်ဖန်ပြည့်ကုန်၏၊ သေဋ္ဌေးကြီး၏ အိမ်၌ ထမင်း ဖြစ်ပေါ်၏။ မျိုးစေ့ ထမင်း တို့ဖြင့် အလိုရှိသော သူတို့သည် လာရောက်၍ ယူစေကုန်သတည်းဟု မြို့၌ ကြွေးကြော်ခြင်းကို ပြုစေ၏။ လူတို့သည် ထိုသေဋ္ဌေးကြီးအိမ်မှ မျိုးစေ့ထမင်း ကို ယူကုန်၏။ အလုံးစုံသော ဇမ္ဗူဒိပ်၌ နေသူတို့သည် ထိုသေဋ္ဌေးကြီးကို မှီ၍ အသက်မွေးမှုခြင်းကို ရကုန်သည်သာတည်း။

## ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ အကျိုးပေးပုံ

ထိုသေဋ္ဌေးကြီးသည် ထိုဘဝမှ စုတေခဲ့သည်ရှိသော် နတ်ပြည်၌ဖြစ်၍ နတ် ပြည် လူ့ပြည်တို့၌ ကျင်လည်လျက် ဤဂေါတမဘုရား ဖြစ်တော်မူသောအခါ ဘဒ္ဒိယမြို့၌ သေဋ္ဌေးကြီးဝယ်ဖြစ်လေ၏။ ထိုသေဋ္ဌေး၏မယား ခင်ပွန်းမသည်လည်း ကြီးကျယ်သော စည်းစိမ်ရှိသော အမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ထိုသေဋ္ဌေး၏ အိမ်သို့သာလျှင် သွားရောက်၏၊ ထိုသေဋ္ဌေးအား ရှေးကောင်းမှု

ကံကို အမှီပြု၍ နေအိမ်၏နောက်၌ ဆိုအပ်ကုန်ပြီးသော အပြားရှိကုန်သော ဆိတ်ရုပ်တို့သည် ပေါ်ပေါက်ကုန်၏။ ထိုသေဋ္ဌေး၊ သေဋ္ဌေးကတော်တို့၏ သားသည်လည်း ရှေးအတိုင်း သားသာလျှင် ဖြစ်၏။ ချွေးမသည်လည်း ချွေးမ အတိုင်းသာ ဖြစ်၏။ ကျွန်သည်လည်း ကျွန်အတိုင်းသာ ဖြစ်၏။ ထိုနောက် တစ်နေ့၌ သေဋ္ဌေးသည် မိမိ၏ကောင်းမှုကို စုံစမ်းလိုသောကြောင့် နှစ်ရာငါးဆယ် ကုန်သော ကျီကြတို့ကို သုတ်သင်စေ၍ ဦးခေါင်းဆေးလျှော်ပြီးသောအခါ တံခါး၌ ထိုင်နေ၍ အထက်သို့ မျှော်ကြည့်၏။ အလုံးစုံကုန်သော ဆိုအပ်ပြီးသော အပြားရှိကုန်သော နီမြန်းသော သလေးစပါးတို့ဖြင့် ပြည့်ကုန်၏။ ထိုသေဋ္ဌေး ကြီးသည် ကြွင်းကုန်သော သူတို့၏လည်း ကောင်းမှုကို စုံစမ်းစေလိုသောကြောင့် မယား ခင်ပွန်းမကိုလည်းကောင်း၊ သားအစရှိသည်တို့ကိုလည်းကောင်း အသင် တို့၏ ကောင်းမှုတို့ကိုလည်း စုံစမ်းကြကုန်လော့ဟု ပြောဆို၏။ ထိုအခါ သေဋ္ဌေး ၏ မယားခင်ပွန်းမသည် အလုံးစုံသော တန်ဆာကို တန်ဆာဆင်ပြီး၍ လူများ အပေါင်း၏ မြင်စဉ်ပင်လျှင် တစ်ကွမ်းစားမျှသော ဆန်ကိုယူ၍ ထိုဆန်တို့ဖြင့် ထမင်းကို ချက်စေပြီးလျှင် တံခါးမုခ်ဝယ် ခင်းထားအပ်သောနေရာ၌ ထိုင်နေ၍ ရွှေယောက်ချိုကို ကိုင်ယူ၍ ထမင်းဖြင့် အလိုရှိကုန်သော သူတို့သည် လာစေကုန် သတည်းဟု ကြွေးကြော်စေ၍ လာတိုင်းလာတိုင်းသော သူတို့၏ တည်ထား ကပ်ချဉ်း ထမင်းခွက်တို့ကို ပြည့်စေ၍ ပေး၏။ အလုံးစုံသော နေ့ပတ်လုံးပေး သော်လည်း ယောက်ချိုဖြင့် ယူအပ်သော အရာမျှသာလျှင် ထင်၏။ ထိုသေဋ္ဌေး ကတော်အား ရှေး၌ ဖြစ်ကုန်သော ဘုရားရှင်တို့၏ ရဟန်းသံဃာတော်အား လက်ဝဲလက်ဖြင့် ထမင်းအိုးကို လက်ယာလက်ဖြင့် ယောက်ချိုကို ကိုင်၍ ဤသို့ သာလျှင် သပိတ်တို့ကို ပြည့်စေ၍ ဆွမ်းကို ပေးလှူအပ်သည်၏ အဖြစ်ကြောင့် လက်ဝဲလက်အပြင်၌ ပြည့်၍ ပဒုမ္မာပန်းလက္ခဏာ ဖြစ်ပေ၏။ လက်ယာလက် အပြင်၌ပြည့်၍ လဝန်းလက္ခဏာသည် ဖြစ်ပေ၏။ အကြင်ကြောင့်ကား မွေ ကရိုက်းကိုယူ၍ ရဟန်းသံဃာအား ရေကိုစစ်ယူ ပေးလှူလျက် ထိုမှ ဤမှ လှည့် လည်၏။ ထိုကြောင့် ထိုသေဋ္ဌေးကတော်အား လက်ယာခြေအပြင်၌ ပြည့်၍ လဝန်းလက္ခဏာသည် ဖြစ်ပေ၏။ လက်ဝဲခြေအပြင်၌ပြည့်၍ ပဒုမ္မာပန်းလက္ခဏာ သည် ဖြစ်ပေ၏။ ထိုသေဋ္ဌေးကတော်အား ဤသို့သော အကြောင်းကြောင့် စန္ဒပဒုမ္မာဟူသော အမည်ကို ပြုကုန်၏။

ထိုသေဋ္ဌေး၏ သားသည်လည်း ဦးခေါင်းကို ဆေးလျှော်ပြီးသော် အသပြာထောင်အိတ်ကို ယူငင်၍ အသပြာ အလိုရှိသူတို့သည် လာစေ ကုန်သတည်းဟု ပြောဆို၍ လာတိုင်းလာတိုင်းသော သူတို့၏ ယူဆောင်နဲ့သော ခွက်တို့ကို ပြည့်စေ၍ ပေး၏။ အိတ်၌ ရှိမြဲတိုင်းသော အသပြာ တစ်ထောင်သာ လျှင် ဖြစ်လေ၏။ ထိုသေဋ္ဌေး၏ ချွေးမသည်လည်း အလုံးစုံသော တန်ဆာကို တန်ဆာဆင်ပြီးသော် စပါးခြင်းတောင်းကို ယူငင်၍ ဟင်းလင်းအပြင်၌ ထိုင်နေ

လျက် မျိုးစေ့ထမင်းတို့ဖြင့် အလိုရှိကုန်သော သူတို့သည် လာရောက်စေကုန်သတည်းဟု ပြောဆို၍ လာတိုင်း လာတိုင်းသောသူတို့အား ယူဆောင်ခဲ့သော ခွက်တို့ကို ပြည့်စေ၍သာလျှင် ပေး၏။ ခြင်းတောင်းသည် ပြည့်မြဲတိုင်းသာ ဖြစ်၏။ ထိုသေဋ္ဌေးကြီး၏ ကျွန်သည်လည်း အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍ ရွှေဖြင့်ပြီးသော ထမ်းပိုးတို့၌ ရွှေဖြင့်ပြီးသော ကြိုးတို့ဖြင့် နွားတို့ကို ယှဉ်က၍ ရွှေဖြင့်ပြီးသော နှင်တံကို ကိုင်ယူပြီးသောအခါ နှစ်ကောင်ကုန်သော နွားတို့အား နံ့သာညွန်ပြောင်း လက်ငါးချောင်းရာတို့ကိုပေး၍ ဦးချိုတို့၌ ရွှေဖြင့်ပြီးသော အိတ်တို့ကိုစွပ်၍ လယ်တောသို့ သွားရောက်မောင်းနှင်၏။ ဤအရပ်မှ သုံးကြောင်း၊ ထိုအရပ်မှ သုံးကြောင်း၊ အလယ်၌ တစ်ကြောင်း ဤသို့အားဖြင့် ခုနစ်ကြောင်းကုန်သော ထွန်ရေးထွန်ကြောင်းတို့သည် ကွဲပြိုကြေညက်၍ သွားကုန်၏။ ဇမ္ဗူဒိပ်၌ နေကုန်သော သူတို့သည် ထမင်းမျိုးစေ့ ရွှေ ငွေ အစရှိသည်တို့၌ အလိုရှိသည်အားလျော်စွာ သေဋ္ဌေးကြီး၏ အိမ်မှသာလျှင် ယူကုန်၏။ ဤငါးဦးကုန်သော သူတို့သည် ကြီးကျယ် မြင့်မြတ်သော ဘုန်းရှိသော သူတို့ပေတည်း။

## မြတ်စွာဘုရားထံ ချဉ်းကပ်ခြင်း

ဤသို့သော အာနုဘော်ရှိသော သေဋ္ဌေးကြီးသည် မြတ်စွာဘုရား ကြွတော်မူလာသတတ်ဟု ကြားသိ၍ မြတ်စွာဘုရားအား ခရီးဦးကြိုခြင်းကို ပြုအံ့ဟု ကြွ၍ သွက်သွားသည်ရှိသော် လမ်းခရီးအကြား၌ တိတ္ထိတို့ကို တွေ့မြင်၍ ထိုတိတ္ထိတို့က သေဋ္ဌေးကြီး အသင်သည် ကိရိယ အယူရှိလျက် အကိရိယ အယူရှိသော ရဟန်းဂေါတမ၏အထံသို့ အဘယ်ကြောင့် သွားသနည်းဟု ပြောဆို တားမြစ်သော်လည်း ထိုတိတ္ထိတို့စကားကို မနာယူမူ၍ သွားရောက်ပြီးလျှင် ဘုရားရှင်ကို ကြည်လင်ညွတ်လျှိုး ရှိခိုးဦးချ ထိုင်နေ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုသေဋ္ဌေးကြီးအား အစဉ်အတိုင်းသော တရားစကားကို ဟောကြားတော်မူ၏၊ ထိုသေဋ္ဌေးကြီးသည် ဒေသနာတော်၏အဆုံး၌ သောတာပတ္တိဖိုလ်သို့ရောက်၍ မြတ်စွာဘုရားအား တိတ္ထိတို့သည် ကျေးဇူးမဲ့ကိုပြောဆို၍ မိမိအား တားမြစ်ကြသော အဖြစ်ကို ကြားလျှောက်၏။ ထိုအခါ သေဋ္ဌေးကြီးကို မြတ်စွာဘုရားရှင်က သေဋ္ဌေးကြီး ဤသတ္တဝါတို့မည်သည် ကြီးကျယ်သည်လည်း ဖြစ်သော မိမိ၏အပြစ်ကို မမြင်နိုင်ကုန်၊ ထင်ရှားမရှိသော်လည်းဖြစ်သော သူတစ်ပါးအပြစ်ကို ထင်ရှားသည်ကိုပြု၍ ထိုထိုသို့သော အရပ်သို့ ဖွဲ့ကဲ့သို့ လွှင့်ကုန်၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

သုဒဿံ ဝဇ္ဇမညေသံ၊ အတ္တနော ပန ဒုဒ္ဒသံ။
ပရေသံ ဟိ သော ဝဇ္ဇာနိ၊ ဩပုနာတိ ယထာ ဘုသံ။
အတ္တနော ပန ဆာဒေတိ၊ ကလိံဝ ကိတဝါ သဌော။

သူတစ်ပါးတို့၏အပြစ်ကို မြင်လွယ်၏။ မိမိ၏အပြစ်ကိုကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကိုလှင့်သကဲ့သို့ သူတစ်ပါးတို့၏အပြစ်ကို လှင့်၏၊စဉ်းလဲကောက်ကျစ်သော ငှက်မုဆိုးသည် ကိုယ်ကို (သစ်ရွက်စသည်ဖြင့်) ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကိုမူကား ဖုံးလွှမ်း၏။

ထိုဂါထာ၌ သုဒဿံ ဝဇ္ဇံ=ဟူသည် သူတစ်ပါး၏ အနည်းငယ်မျှသော ချွတ်ချော် တိမ်းပါး၍ဖြစ်သောအပြစ်ကို မြင်လွယ် ကြည့်လွယ်တတ်၏၊ မိမိ၏ ကြီးမားသော အပြစ်ကိုကား မမြင်လွယ်တတ်ပေ။

ပရေသံ ဟိ=ဟူသည် ထို အကြောင်းကြောင့်သာလျှင် ထို ပုဂ္ဂိုလ်သည် သံဃာအလယ် စသည်တို့၌ သူတစ်ပါးတို့၏ အပြစ်ကို အမြင့်ဆုံးရောက်အောင် ဖွဲကို လှင့်သကဲ့သို့ လှင့်ပြောတတ်၏။

ကလိံဝ ကိတဝါ သဌော=ဟူသည် ငှက်တို့၌ ပြစ်မှား သတ်ဖြတ်သည်၏ အဖြစ်ဖြင့်ဖြစ်သော မိမိ၏ အတ္တဘောသည်, ပြစ်မှားခြင်းရှိသော ခန္ဓာကိုယ် မည်၏၊ သစ်ကိုင်းကျိုး စသည်ဖြင့် ဖုံးလွှမ်းခြင်းသည် ကိတဝါမည်၏။ ငှက်မုဆိုးသည် ကောက်ကျစ်စဉ်းလဲသည်မည်၏၊ ငှက်မုဆိုးသည် ငှက်တို့ကို ဖမ်းယူပြီးလျှင် သတ်ခြင်းငှာ အလိုရှိသည်ဖြစ်၍ သစ်ခက်စသည်တို့ဖြင့်ဖုံးအုပ်သကဲ့သို့ ပြစ်မှားခြင်းရှိသော မိမိကိုယ်ကို ဖုံးလွှမ်းသကဲ့သို့ ထိုအတူ မိမိ၏ အပြစ်ကို ဖုံးလွှမ်း၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မေဏ္ဍက သူဌေးဝတ္ထု ပြီး၏။

---

၁၁။ ဥဇ္ဈာနသညိတ္ထေရဝတ္ထု

ပရဝဇ္ဇာနုပဿိဿ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဥဇ္ဈာနသညီထေရ် ကစ်ပါးကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမထေရ်သည် ဤရဟန်းကား ဤသို့ ဝတ်၏၊ ဤသို့ရုံ၏ အစရှိသော စကားတို့ကို ပြောကြား၍ ရဟန်းတို့၏အထက်၌ ကျရောက်ဖွယ် ကဲ့ရဲ့ဖွယ် အကြားအပေါက်ကိုသာလျှင် တောက်လျှောက် ရှာဖွေလျက် လှည့်လည်ပေသတတ်။ ရဟန်းတို့သည် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရားအား ဤအမည်ရှိသော မထေရ်သည် ဤသို့ပြုလုပ်ပါသည်ဟု မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ ချစ်သားရဟန်းတို့ ဝတ်ကို အဦးမူခြင်း၌တည်၍ ဤသို့ ပြောဆို ဆုံးမသည်ရှိသော် စွပ်စွဲကဲ့ရဲ့သည် မမည်၊ အကြင် ရဟန်းသည်ကား အမြဲမပြတ် ကဲ့ရဲ့ရှုတ်ချလိုသော အမှတ်ရှိသဖြင့် သူတစ်ပါးတို့၏ အကြားအပေါက်ကို ရှာမှီးလျက် ဤသို့ပြောဆို လှည့်လည်၏။ ထိုရဟန်းအား စျာန်အစရှိသည်တို့တွင် တစ်ခုသော တရားသည်လည်း မဖြစ်လတ္တံ့။ သက်သက်သော်ကား အာသဝေါတရား တို့သည်သာလျှင် ပွားကုန်၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

**ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။**

**အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ။**

သူတစ်ပါး၏အပြစ်ကို အစဉ်ရှုလျက်အမြဲမပြတ်ကဲ့ရဲ့တတ်သူအား အာသဝေါကရားတို့သည် တိုးပွားကုန်၏။ ထိုသူသည် အာသဝေါကုန်ခြင်းမှ ဝေးကွာ၏။

ထိုဂါထာ၌ ဥဇ္ဈာနသညိနော=ဟူသည် "ဤသို့ ဝတ်ရမည်၊ ဤသို့ ရုံရမည်" စသည်ဖြင့် သူတစ်ပါးတို့၏ အကြားအပေါက်အပြစ်ကိုသာ ရှာဖွေသည်၏ အဖြစ်ဖြင့် များစွာကဲ့ရဲ့နေသော ပုဂ္ဂိုလ်အား စျာန်စသည်တို့တွင် တရားတစ်ခုမျှ မတိုးပွားနိုင်ဘဲ အာသဝသရားတို့သည်သာ တိုးပွားကုန်၏။ ထိုအာသဝတရား တိုးပွားနေခြင်းကြောင့်သာလျှင် ထိုပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဟု ဆိုအပ်သော အာသဝေါကုန်ခန်းခြင်းမှ ဝေးကွာ၏၊ အဝေးသို့ ရောက်သွားသည်သာတည်း။

ဒေသနာတော်၏အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဥဇ္ဈာနသညီ မထေရ်ဝတ္ထုပြီး၏။

---

## ၁၂။ သုဘဒ္ဒပရိဗိုဇ် ဝတ္ထု

အာကာသေ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ကုသိနာရုံပြည်၌ အကွေ့ဖြစ်သောမလ္လာမင်းတို့၏ အင်ကြင်းတော၌ ပရိနိဗ္ဗာန်စံသော ညောင်စောင်း၌ လျောင်းတော်မူလျက် သုဘဒ္ဒပရိဗိုဇ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသုဘဒ်ပရိဗိုဇ်သည်ရှေးဘဝ၌ ညီငယ်ကောဏ္ဍညမထေရ်၏ အလောင်းသည် တစ်ခုသောကောက်၌ ကိုးကြိမ်တိုင်တိုင် အဦးအလှူကို ပေးလှူသည် ရှိသော် အလှူဒါနကို ပေးလှူခြင်း၌ အလိုမရှိဘဲ တွန့်တိုဆုတ်နစ်၍ အမှုကိစ္စ ပြီးဆုံးသောအခါ၌ ပေးလှူ၏။ ထို့ကြောင့် မြတ်စွာဘုရား၏ ဝါတော် တစ်ဆယ့်ငါးဝါ အတွင်းဖြစ်သော ပထမဗောဓိ၌ လည်းကောင်း၊ ဝါတော်သုံးဆယ်အတွင်း ကျသော မဇ္ဈိမဗောဓိ၌သည်းကောင်း မြတ်စွာဘုရားကို ဖူးမြင်ခွင့်မရ။ ပစ္ဆိမ ဗောဓိအဆုံးဖြစ်သော မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူသောအခါ၌ ဤ သုဘဒ်ပရိဗိုဇ်သည် သုံးပါးသော ပြဿနာတို့၌ မိမိ၏ တွေးတော ယုံမှားသော အိုမင်းသော ပရိဗိုဇ်ကြီးတို့ကို မေးမြန်း၍ ရဟန်းဂေါတမကို အရွယ်သေးငယ် ပျိုနု၏ ဟူသော အမှတ်ဖြင့် မမေးလျှောက်မိချေ။ ထိုပရိဗိုဇ်အား "ဤယခု အခါ၌ ရဟန်းဂေါတမ၏ ပရိနိဗ္ဗာန်ပြုအံ့သော ကာလပေတည်း။ နောက်၌ ငါသည် ရဟန်းဂေါတမအား မမေးလျှောက်လိုက်မိသော အကြောင်းကြောင့် နှလုံးမသာမယာ ဖြစ်ပေရာ၏"ဟု ကြံဆင်ခြင်ပြီး မြတ်စွာဘုရားထံတော် မှောက်သို့ သွားရောက် ချဉ်းကပ်၍ အာနန္ဒာမထေရ် တားမြစ်အပ်သော်လည်း မြတ်စွာဘုရားက ခွင့်ပြုတော်မူ၍ ချစ်သားအာနန္ဒာ သုဘဒ်ပရိဗိုဇ်ကို မတား မြစ်လင့်၊ ငါဘုရားကို ပြဿနာမေးစေသတည်းဟု မိန့်တော်မူသည် ရှိသော် အကာအရံ တင်းတိမ်တွင်းသို့ သွင်းလျက် ညောင်စောင်းအောက်၌ ထိုင်နေလျက် အိုရဟန်း အသို့ပေနည်း၊ ကောင်းကင်၌ ခြေရာမည်သည် ရှိကောင်းပါအံ့ လော။ ဤအရှင်ရဟန်း၏ သာသနာတော်မှအပ ပြင်ဘက်၌ ရဟန်းမည်သည် ရှိကောင်းပါအံ့လော။ သင်္ခါရတို့သည် မြဲသောမည်ကုန်သည် ရှိပါကုန်အံ့လောဟု ဤပြဿနာတို့ကို မေးလျှောက်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုပရိဗိုဇ်အား မေးလျှောက်အပ်သော ပြဿနာ ထိုအရာတို့၏ မရှိသော အဖြစ်ကို ဖြေကြား တော်မူလျက် ဤဂါထာတို့ဖြင့် တရားကို ဟောတော်မူ၏—

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
ပပဉ္စာဘိရတာ ပဇာ၊ နိပ္ပပဉ္စာ တထာဂတာ။

အာကာသေဝ ပဒံ နတ္ထိ၊ သမဏော နတ္ထိ ဗာဟိရေ။
သင်္ခါရာ သဿတာ နတ္ထိ၊ နတ္ထိ ဗုဒ္ဓါနမိဉ္ဇိတံ။

ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မဂ်ရ, ဖိုလ်ရ ရဟန်းမရှိ၊ သတ္တဝါတို့သည် သံသရာ ချဲ့ထွင်တတ်သော (တဏှာ, မာန, ဒိဋ္ဌိ) တရား၌ မွေ့လျော်ကုန်၏။ ဘုရားရှင်တို့သည် သံသရာ ချဲ့ထွင်တတ်သော တရားမှ ကင်းကုန်၏။

ကောင်းကင်၌ ခြေရာမရှိ၊ သာသနာပြင်ပ၌ မဂ်ရ, ဖိုလ်ရ ရဟန်းမရှိ။ မြဲကုန်သော သင်္ခါရတရားတို့သည် မရှိကုန်။ ဘုရားရှင်တို့အား တုန်လှုပ်ခြင်း မရှိ။

ထိုဂါထာ၌—

ပဒံ ဟူသည် ဤကောင်းကင်သည် အဆင်းပုံပန်းသဏ္ဌာန်၏ အစွမ်းအားဖြင့် ဤသို့ သဘောရှိ၏ဟု ပညတ်အပ်သော တစ်စုံတစ်ခုသော လမ်းကြောင်းခရီးသည် မရှိချေ။

ဗာဟိရေ ဟူသည် ငါဘုရား၏ သာသနာတော်မှ အပ၌ မဂ်, ဖိုလ်၌ တည်သော ရဟန်းမည်သည် မရှိချေ။

ပဉ္စ ဟူသည် သတ္တလောကဟု ဆိုအပ်သော ဤသတ္တဝါတို့သည် တဏှာစသော ပပဉ္စတရားတို့၌သာလျှင် ပျော်မွေ့ကုန်၏။

နိပ္ပပဉ္စ ဟူသည် ဗောဓိပင်ရင်း၌သာလျှင် ပပဉ္စတရားအားလုံးကို ပယ်ဖြတ်ပြီးသောကြောင့် ဘုရားရှင်တို့သည် နိပ္ပပဉ္စမည်၏။

သင်္ခါရာ ဟူသည် ခန္ဓာငါးပါးတို့တည်း၊ ထိုခန္ဓာငါးပါးတို့တွင် ခန္ဓာတစ်ခုမျှသည်လည်း မြဲခြင်းမရှိ။

ဣဉ္ဇိတံ ဟူသည် ဘုရားရှင်တို့၏ တဏှာ, မာနစသော တုန်လှုပ်မှုတို့၌ သင်္ခါရတို့၏ မြဲသည်၏ အဖြစ်ကို ယူငြားအံ့။ ထိုကဲ့သို့သော တုန်လှုပ်မှု တစ်ခုမျှလည်း မရှိချေ။

ဒေသနာတော်၏ အဆုံး၌ သုဘဒ်ပရိဗိုဇ်သည် အနာဂါမိဖိုလ်၌ တည်လေ၏။ ရောက်လာသော ပရိသတ်အားလည်း အကျိုးရှိသော တရားဟောခြင်း ဖြစ်၏။

သုဘဒ္ဒပရိဗိုဇ်ဝတ္ထု ပြီး၏။

တစ်ဆယ့်ရှစ်ခုမြောက် မလဝဂ် ပြီး၏။

# ၁၉။ ဓမ္မဋ္ဌဝဂ်

## ၁။ ဝိနိစ္ဆယမဟာမတ္တဝတ္ထု

န တေန ဟောတိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ဝိနိစ္ဆယ မဟာအမတ် (တရားဆုံးဖြတ်သော အမတ်ကြီး)တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သောအခါ ရဟန်းတော်တို့သည် သာဝတ္ထိပြည်၏ မြောက်မျက်နှာဖြစ်သော တံခါးအနီး ရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်၍ ဆွမ်းခံရွာမှ ဖဲကုန်သည်ရှိသော် မြို့၏ အလယ်ခရီးဖြင့် ကျောင်းတော်သို့ လာကုန်စဉ် ထိုခဏ၌ မိုးတက်၍ ရွာ၏။ ထိုရဟန်းတော်တို့သည် ရှေ့တူရူ အနီးဖြစ်သော တရားဆုံးဖြတ်ရာ ဇရပ်ရုံးသို့ ကြွဝင်ကုန်၍ တံစိုးလက်ဆောင်ကို ယူပြီးသော် ဥစ္စာရှင်ဖြစ်ကုန်သော သူတို့ကို ဥစ္စာရှင် မဟုတ်သည်တို့ကို ပြုလုပ်ရေးမှတ် တရားဆုံးဖြတ်ကုန်သော အမတ်ကြီးတို့ကို မြင်ကုန်၍ ဤအမတ်ကြီးတို့ မတရားသောအမှုပြုလုပ်ကုန်သည်တို့ကား ခြောက်အံ့ဖွယ်ရှိကုန်စွ။ ငါတို့သည်ကား ဤအမတ်ကြီးတို့သည် တရားသဖြင့် ဆုံးဖြတ်ခြင်းကို ပြုကုန်သည်ဟု မှတ်ထင်ခြင်း ရှိသည်ဖြစ်ကုန်ပြီဟု ကြံ၍ ရွာသွန်း မိုးပေါက် ကင်းပျောက်သည် ရှိသော် ကျောင်းတော်သို့ သွားရောက်ကာ မြတ်စွာဘုရားကို ရှိခိုး၍ သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ ထိုင်နေကုန်လျက် ထိုသို့သော အကြောင်းကို ရှုံးပေါင်းပြန်ကြားလျှောက်ထားကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ဆန္ဒ စသည်တို့၏ အလိုသို့ လိုက်ကုန်သည် ဖြစ်၍ မဟုတ် မလျား ချွတ်ယွင်းသောအားဖြင့် တရားဆုံးဖြတ်သော သူတို့သည် တရား၌ တည်သည် မည်ကုန်သည် မဖြစ်ကုန်။ စင်စစ်မူကား အပြစ်ကို စိစစ်၍သာလျှင် အပြစ်အားလျော်စွာ ဟုတ်ကုန်တိုင်းသောအားဖြင့် တရားဆုံးဖြတ်ခြင်းကို ပြုကုန်သော သူတို့သည်သာလျှင် တရား၌တည်သောသူ မည်ကုန်သည်ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

န တေန ဟောတိ ဓမ္မဋ္ဌော၊ ယေနတ္ထံ သာဟသာ နယေ။
ယော စ အတ္ထံ အနတ္ထဉ္စ၊ ဥဘော နိစ္ဆေယျ ပဏ္ဍိတော။

အသာဟသေန ဓမ္မေန၊ သမေန နယတီ ပရေ။
ဓမ္မဿ ဂုတ္တော မေဓာဝီ၊ ဓမ္မဋ္ဌောတိ ပဝုစ္စတိ။

တရားအဆုံးအဖြတ်ကို အဆောတလျှင် ဆုံးဖြတ်သူသည် တရား၌ တည်သူမဟုတ်။ နှစ်ယောက်သော သူတို့၏ တရားမှုကိုလည်းကောင်း၊ မတရားအမှုကို

လည်းကောင်း ပညာရှိသည် မေးမြန်းစုံစမ်း၍ ဆုံးဖြတ်ရာ၏။ အနိုင်အထက် မပြုခြင်းဖြင့် တရားနှင့် အညီ သူတစ်ပါးတို့ကို ဆောင်ရာ၏။ တရားကို စောင့်သော ပညာရှိကို တရား၌ တည်သူ (တရားသူကြီး)ဟု ဆိုအပ်၏။

ကိုဂါထာ၌—

တေန ဟူသည် ဤမျှလောက်သော အကြောင်းဖြင့်။

ဓမ္မဋ္ဌော ဟူသည် အရှင်သည် မိမိလုပ်ထိုက်သော ဝိနိစ္ဆယတရား၌ ရပ်တည် ရှိမျှဖြင့် တရား၌ တည်သည် မမည်။

ယေနတ္ထံ ဟူသည် တက်ရောက်လာသော အမှုကို ဆုံးဖြတ်အပ်၏။

သာဟသာ နယေ ဟူသည် ဆန္ဒစသည် ဂတိ၌ တည်လျက် အဆောတလျင် မုသာဝါဒဖြင့် ဆုံးဖြတ်ငြားအံ့။ ဆန္ဒ၌ ရပ်တည်၍ ဆွေမျိုးတည်း, မိတ်ဆွေ တည်းဟု မုသားစကားဆို၍ ပိုင်ရှင်မရှိသူကို ပိုင်ရှင်ပြု၏။ ဒေါသ၌ ရပ်တည်၍ မိမိ၏ ရန်သူတို့ကို မုသားဆို၍ ပိုင်ရှင်ကို ပိုင်ရှင် မဟုတ်သည်ဟု ဆို၏။

မောဟ၌ တည်၍ တံစိုးလက်ဆောင် ယူပြီးလျှင် တရားဆုံးဖြတ်သည့် အခါ၌ တခြားသို့ စိတ်အာရုံရောက်သကဲ့သို့ ထိုမှ ဤမှ ကြည့်လျက် မုသား ဆို၍ ဤသူ သည် နိုင်၏၊ ဤသူသည် ရှုံး၏ဟု သူတစ်ပါးကို ဆောင်၏။ ဘေးရန်၌ တည်လျက် ကြောက်ခြင်း၌ ရပ်တည်၍ တစ်စုံတစ်ခုသော အစိုးရခြင်း သဘောရှိသူ၏ ရှုံးခြင်းသို့ ရောက်ငြားသော်လည်း အောင်ခြင်းမင်္ဂလာကို တင်ပေး၏။ ဤကား အဆောတလျင် အဓိပ္ပါယ်ကို ဆောင်သည် မည်၏။

ဤပုဂ္ဂိုလ်သည် တရား၌ တည်သည် မမည်။ အကျိုးရှိသည်ကိုလည်းကောင်း၊ အကျိုးမဲ့ကိုလည်းကောင်း၊ မဟာဘုတ်ကိုလည်းကောင်း၊ မဟာဘုတ် မဟုတ် သည်ကိုလည်းကောင်း အကြောင်းပြု၍ ပညာရှိသည် နှစ်ခုသော အကျိုးရှိ အကျိုးမဲ့တို့ကို စူးစမ်း ဆင်ခြင်၍ ပြောရ၏။

အသာဟသေန ဟူသည် မလိမ်သဖြင့်။

ဓမ္မေန ဟူသည် ဆုံးဖြတ်ခြင်း တရားနှင့် ဆန္ဒ စသည်တို့၏ အစွမ်းဖြင့် ဆုံးဖြတ်ခြင်း မဟုတ်။

သမေန ဟူသည် အပြစ်အလျောက်သာလျှင် သူတစ်ပါးတို့ကို ဆောင်၏။ အောင်ခြင်း, ရှုံးခြင်းတို့ကို ဖြစ်စေ၏။

ဓမ္မဿ ဂုတ္တော ဟူသည် ထိုတရားစောင့်သူသည် ပညာနှင့် ပြည့်စုံသော ပညာရှိသည် ဝိနိစ္ဆယတရား၌ ရပ်တည်သောကြောင့် မေဓာဝီဟု ခေါ်ရမည်ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဝိနိစ္ဆယမဟာမတ္တဝတ္ထု ပြီး၏။

## ၂။ ဆဗ္ဗဂ္ဂိယဝတ္ထု

န တေန ပဏ္ဍိတော ဟောတိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဆဗ္ဗဂ္ဂီရဟန်းတို့သည် ကျောင်း၌လည်းကောင်း၊ ရွာ၌လည်းကောင်း ဆွမ်းစားရာဇရပ် သတ်မှတ်သော နေရာအတွက် အနှောင့်အယှက် ပြုကုန်လျက် လှည့်လည်ကြကုန်သတတ်။ ထိုနောက် တစ်နေ့၌ ရဟန်းတော်တို့က ရွာ၌ ဆွမ်းစားခြင်း ကိစ္စကို ပြု၍ လာကြကုန်သော ရဟန်းငယ်၊ သာမဏေငယ်တို့ကို ငါ့ရှင်တို့ ဆွမ်းစားဇရပ်ဝယ် အဘယ်သို့ သဘောရှိသည် ဖြစ်သနည်းဟု မေး၏။ ရဟန်းငယ်၊ သာမဏေငယ်တို့က မမေးတော်မူပါကုန်လင့်။ ဆဗ္ဗဂ္ဂီရဟန်းတို့သည် ငါတို့သာလျှင် လိမ္မာတက်မြက် စွမ်းဆောင်နိုင်ကုန်သည်၊ ငါတို့ကိုသာ ပညာရှိကုန်သည်။ ဤရဟန်းငယ်တို့ကို ရိုက်နှက် ပုတ်ခတ်ပြီးလျှင် ဦးခေါင်း၌ အမှိုက်ကို ကြဲဖြန့်၍ နှင်ထုတ်ကုန်အံ့ဟု ပြောဆိုပြီးလျှင် တပည့်တော်တို့ကို ကျောက်ကုန်း၌ ဆွဲယူ နှင်ထုတ်၍ အမှိုက်ကို ကြဲဖြန့်ကုန်လျက် ဆွမ်းစားဇရပ်ဝယ် အနှောင့် အယှက် ပြုကြပါကုန်သည်ဟု ပြန်ကြား ပြောဆိုကြကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရား ထံတော်ပါးသို့ သွားရောက်ကြကုန်၍ ထိုအကြောင်း အလုံးစုံကို အကုန်ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ များစွာသော စကားကို ပြောကြား၍ သူတစ်ပါးတို့ကို ညှဉ်းဆဲကုန်သော သူတို့အား ပညာရှိသောသူဟူ၍ ငါဘုရား ဟောတော်မမူ။ ရန်ဘေး ခပ်သိမ်း ကင်းငြိမ်းသော သူတို့အား တွင်းပ နှစ်တန် ရန်မရှိသော သူတို့၏ ဘေးရန် တစ်စိ မရှိခြင်းသာလျှင် ပညာရှိမည်သည်ဟူ၍ ငါဘုရား ဟောတော်မူ၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

န တေန ပဏ္ဍိတော ဟောတိ၊ ယာဝတာ ဗဟု ဘာသတိ။
ခေမီ အဝေရီ အဘယော၊ ပဏ္ဍိတောတိ ပဝုစ္စတိ။

စကားများစွာ ပြောကာမျှဖြင့် ပညာရှိမဖြစ်၊ ဘေးကင်း ရန်ကင်းဟု ကြောက်ရွံ့မှု ကင်းသူကို ပညာရှိဟူ၍ ဆိုအပ်၏။

ထိုဂါထာ၌—

ယာဝတာ ဟူသည် သံဃာ့အလယ်၌ စကားများစွာပြောခြင်းဖြင့် ပညာရှိမမည်။ ပညာရှိသည် ကိုယ်တိုင် ရန်ငါးပါးတို့၏ မရှိခြင်းကြောင့် ဘေးမရှိ၊ ရန်သူမရှိ၊ လူအပေါင်းအား ဘေးမရှိသောသူသည် ပညာရှိမည်၏။

ဒေသနာ၏အဆုံး၌ များစွာသော လူအပေါင်းတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကြကုန်၏။

ဆဗ္ဗဂ္ဂိယဝတ္ထု ပြီး၏။

## ၃။ တစ်ဂါထာ ဥဒါန်းကျူးသော ရဟန္တာမထေရ်ဝတ္ထု

န တာဝတာ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အာသဝေါကုန်ပြီးသော ဧကုဒါန မထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဧကုဒါနမထေရ်သည် တစ်ပါးတည်းသာလျှင် တစ်ခုသော တောအုပ်၌ သီတင်းသုံး နေတော်မူ၏။ ထိုမထေရ်အား တစ်ခုတည်းသော ဥဒါန်းဂါထာကို သာလျှင် လေ့ကျက်၏—

### ဥဒါန်းဂါထာ

အဓိစေတသော အပ္ပမဇ္ဇတော၊ မုနိနော မောနပထေသု သိက္ခတော။
သောကာ န ဘဝန္တိ တာဒိနော၊ ဥပသန္တဿ သဒါ သတီမတော။

လွန်မြတ်သော အရဟတ္တဖိုလ်စိတ်ရှိသော မမေ့မလျော့သော မုနိဖြစ်ကြောင်း အကျင့်လမ်းကြောင်းကို ကျင့်ပြီးသော တာဒိဂုဏ်နှင့် ပြည့်စုံသော အပူခပ်သိမ်း ငြိမ်းအေးပြီးသော အမြဲသတိရှိသော ရဟန်းအား စိုးရိမ်ပူပန်မှုတို့ မဖြစ်ကုန်။

ထိုမထေရ်သည် ဥပုသ်နေ့တို့၌ မိမိအလိုလိုသာလျှင် တရားနာခြင်းကို ကြွေးကြော်၍ ဤဂါထာကိုသာလျှင် ရွတ်ဆိုသတတ်။ မြေလျှင်ခတ် ပဲ့တင် ထပ်သော အသံကဲ့သို့ နတ်တို့၏ ကောင်းချီးပေးသော အသံသည် ဖြစ်၏။ ထိုနောက် တစ်ရက်သော ဥပုသ်နေ့၌ ငါးရာငါးရာစီ တပည့်ပရိသတ် အခြံအရံ ရှိကုန်သော ပိဋကသုံးပုံကို ဆောင်ကုန်သော နှစ်ပါးကုန်သော ရဟန်းတို့သည် ထိုကေဒါနမထေရ်နေရာအရပ်သို့ သွားရောက်ကြကုန်၏။ ကေဒါနမထေရ်သည် ထိုရဟန်းတို့ကို မြင်၍သာလျှင် ဝမ်းမြောက်သော စိတ်ရှိသဖြင့် အရှင်ဘုရားတို့အား ဤအရပ်သို့ ကြွတော်မူလာကြကုန်သည်တို့ဖြင့် ကောင်းစွာပြုအပ်ပေကုန်၏။ ယနေ့အဖို့ အရှင်မြတ်တို့ဟောကြားသော တရားတော်ကို ငါတို့နာရကုန်တော့အံ့ဟု ပြောဆို၏။ ငါ့ရှင် ဤအရပ်၌ တရားတော်ကို ကြားနာလိုကုန်သော သူတို့သည် ရှိကုန်သလောဟု မေးကုန်သဖြင့် အရှင်ဘုရားတို့ ရှိပါကုန်၏။ ဤတောအုပ်သည် တရားနာသော နေ့၌ နတ်တို့၏ ကောင်းချီးပေးသော အသံဖြင့် တစ်ပြိုင်နက် ပဲ့တင်ထပ်သည် ဖြစ်ပါ၏ဟု ကြားလျှောက်၏။ ထိုမထေရ်နှစ်ပါးတို့တွင် ပိဋက သုံးပုံကို ဆောင်သော မထေရ်တစ်ပါးက တရားတော်ကို ဟောရန်အလို့ငှါ တိုက်တွန်းသွတ်သွင်း၏။ ပိဋကသုံးပုံကို ဆောင်သော မထေရ်တစ်ပါးက တရားတော်ကို ဟော၏။

တစ်ယောက်သော နတ်မျှလည်း ကောင်းချီးကို မပေးလေ။ ထိုမထေရ်တို့က ငါ့ရှင် သင်သည် တရားနာသော နေ့၌ ဤတောအုပ်ဝယ် နတ်တို့သည် ကြီးကျယ်သော အသံဖြင့် ကောင်းချီးပေးကြကုန်သည်ဟု ပြောဆို၏။ အသင်ပြောသော ထိုကောင်းချီးပေးသော အသံသည် အဘယ်မှာနည်းဟု မေးကြကုန်၏။ အရှင်ဘုရားတို့တစ်ပါးကုန်သော နေ့၌ ကောင်းချီးပေးသော အသံဖြင့် တစ်ပြိုင်နက်တည်း ပဲ့တင်ထပ်သော အသံသည် ဖြစ်ပါ၏။ ယနေ့၌ကား အဘယ်သို့သော အကြောင်းဖြစ်သည်ဟု တပည့်တော် မသိပါ ဟူ၍ လျှောက်ထား၏။ ငါ့ရှင် ထိုသို့ ဖြစ်လျှင် အသင်သည် တရားတော်ကို ဟောကြားဦးလော့ဟု ပြောဆို တိုက်တွန်း ကြကုန်၏။ ထိုကေဒါန မထေရ်သည် ယပ်ကို ကိုင်၍ တရားဟောနေရာ၌ ထိုင်နေလျက် ထိုဂါထာကိုသာလျှင် ဟောကြား၏။ နတ်တို့သည် ကြီးကျယ် သော အသံဖြင့် ကောင်းချီး ပေးကြကုန်၏။ ထိုအခါ မထေရ်တို့၏ အခြံအရံ ဖြစ်ကုန်သော ရဟန်းတို့က ထိုနတ်တို့အား ကဲ့ရဲ့ရှုတ်ချကုန်၏။ အဘယ်ကဲ့သို့ ကဲ့ရဲ့ ရှုတ်ချကုန်သနည်းဟူမူကား ဤတောအုပ်၌ နေကုန်သော နတ်တို့သည် မျက်နှာလိုက်လျက် ကောင်းချီးပေးကုန်သကဲ့သို့ ပိဋကသုံးပုံကို ဆောင်ကုန်သော ရဟန်းတော်တို့သည် ဤမျှ အတိုင်းအရှည် ရှိသော တရားတော်ကို ဟောကြားပါကုန်သော်လည်း တစ်စုံတစ်ခု အနည်းငယ် ချီးမွမ်းခြင်းမျှကိုလည်း မပြောမဆိုမူ၍ ဤမျှအတိုင်းအရှည်ရှိသော အရွယ်လွန်ပြီးမှ ရဟန်းပြုသော အသက်ကြီး မထေရ်သည် တစ်ဂါထာကို ဟောအပ်သည်ရှိသော် ကြီးကျယ်သော

အသံဖြင့် ကောင်းချီးပေးကြကုန်ဘိသကဲ့ဟု ပြောဆို ကဲ့ရဲ့ ရှုတ်ချကုန်၏။ ထို ရဟန်းတို့သည်လည်း ဇေတဝန်ကျောင်းတော်သို့ သွားရောက်၍ မြတ်စွာဘုရားအား ထိုအကြောင်းကို ကြားလျှောက်ကြကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ အကြင်သူသည် များစွာသော တရားကို သင်လည်း သင်ယူ၏။ ဟောပြောလည်း ဟောပြော၏။ ထိုတရားတော်ကို သင်ယူဟောပြောကာမျှ ဖြစ်သော သူကို စင်စစ်တရားတော်ကို ဆောင်သောသူဟူ၍ ငါဘုရား မဟောပေ။ အကြင်သူသည်ကား တစ်ဂါထာကိုလည်း သင်ယူ၏၊ သစ္စာလေးပါးတရားတို့ကို ထိုးထွင်း၍ သိ၏။ ဤသို့ သစ္စာလေးပါးတရားတို့ကို သိသော သူသည်သာလျှင် စင်စစ်တရားတော်ကို ဆောင်သော သူမည်၏ဟု မိန့်တော်မူပြီး တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏—

**န တာဝတာ ဓမ္မဓရော၊ ယာဝတာ ဗဟု ဘာသတိ။**
**ယော စ အပ္ပမ္ပိ သုတွာန၊ ဓမ္မံ ကာယေန ပဿတိ။**
**သ ဝေ ဓမ္မဓရော ဟောတိ၊ ယော ဓမ္မံ နပ္ပမဇ္ဇတိ။**

စကားများစွာ ပြောကာမျှဖြင့် တရားကို ဆောင်သူမမည်၊ အကြင်သူသည် အနည်းငယ်သော တရားစကားကို ကြားရ၍မျှဖြင့်လည်း သစ္စာလေးပါးတရားကို မဂ်ဉာဏ်ဖြင့် မြင်၏။ ထိုသစ္စာလေးပါး တရား၌ မမေ့မလျော့သူသည်သာ စင်စစ်တရားဆောင်သူ မည်၏။

ထိုဂါထာ၌—

**ယာဝတာ** ဟူသည် သင်ယူခြင်း ဆောင်ထားခြင်း ပို့ချခြင်း စသော အခြင်းအရာဖြင့် များစွာ စကား ပြောဆိုသူသည် တရားကို ဆောင်သူ မမည်။ အနွယ်ကို အစဉ်စောင့်ရှောက်သူ အစဉ်အဆက်ကို စောင့်ရှောက်သူ မည်၏။

**ယော စ အပ္ပမ္ပိ** ဟူသည် အနည်းငယ်မျှကို ကြား၍ ပါဠိသို့ အစဉ်လိုက်၍ အနက်သို့ အစဉ်လိုက်၍ လောကုတ္တရာတရား အားလျော်စွာသော အကျင့်ကို ကျင့်သည် ဖြစ်၍ နာမကာယဖြင့် ဆင်းရဲခြင်း စသည်တို့ကို ပိုင်းခြားသိလျက် သစ္စာလေးပါးတရားကို မြင်သောသူကို စင်စစ် တရားဆောင်သူ မည်၏။

**ယော ဓမ္မံ နပ္ပမဇ္ဇတိ** ဟူသည် အားထုတ်အပ်သော ဝီရိယရှိသည် ဖြစ်၍ ယနေ့ ယနေ့ပင် ထိုးထွင်းသိခြင်းကို အလိုရှိလျက် တရားကို မမေ့မလျော့ သူသည် တရားဆောင်သူ ဖြစ်၏။

ဒေသနာတော်၏ အဆုံး၌ သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဧကဂါထာ ဥဒါန်းကျူးသော ရဟန္တာမထေရ်ဝတ္ထု ပြီး၏။

## ၄။ လကုဏ္ဍကဘဒ္ဒိယတ္ထေရဝတ္ထု

န တေန ထေရော သော ဟောတိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သော အခါ၌ ထိုလကုဏ္ဍကဘဒ္ဒိယ မထေရ်သည် မြတ်စွာဘုရားအား ချဉ်းကပ်၍ ဖဲသွားခါမျှ၌ သုံးကျိပ်မျှလောက်ကုန်သော တောကျောင်း၌ နေကုန်သော ရဟန်းတို့သည် ထိုလကုဏ္ဍကဘဒ္ဒိယ မထေရ်ကို တွေ့မြင်ကြည့်ရှုကုန်လျက်သာလျှင် လာရောက်ကြကုန်ပြီး မြတ်စွာဘုရားကို ရှိခိုး၍ ထိုင်နေကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့၏ အရဟတ္တဖိုလ်ရောက်ကြောင်း ဥပနိဿယရှိသည်ကို မြင်တော်မူသောကြောင့် ဤအရပ်မှ ဖဲကြဉ်ထသွားသော မထေရ်တစ်ပါးကို တွေ့မြင်လိုက်ကြကုန်၏လောဟူသော ပြဿနာကို မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မမြင်လိုက်ကြပါကုန်ဟု ရဟန်းတို့က လျှောက်ကြားကုန်သည် ရှိသော် အသို့နည်း၊ ချစ်သားရဟန်းတို့ အသင်တို့ မြင်အပ်သည် မဟုတ်တုံလောဟု တစ်ဖန် မေးတော်မူပြန်သဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်ပါးသော သာမဏေငယ်ကို တွေ့မြင်လိုက်ပါကုန်၏ဟု လျှောက်ထားကြသောအခါ ချစ်သား ရဟန်းတို့ ဤသူကား သာမဏေမဟုတ်၊ ထိုသူသည် မထေရ်ကြီးသာလျှင် ဖြစ်ပေသည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဒဟလွန်လျှင် သေးငယ်လှပါသည်တကားဟု ကြားလျှောက်ကုန်သည် ရှိသော် ချစ်သား ရဟန်းတို့ အရွယ်အတ္တဘောကြီးသော အဖြစ်ဖြင့် မထေရ်၏ နေရာ၌ ထိုင်နေကာမျှဖြင့် ထေရမည်သည်ဟု ငါဘုရားဟောတော်မမူ။ အကြင်သူသည်ကား သစ္စာလေးပါး တရားတို့ကို ထိုးထွင်းသိမြင်၍ လူများအပေါင်းအား ကောင်းစွာ ရိုးရင်း မညှဉ်းဆဲသော အဖြစ်၌ တည်၏။ ဤသူသည် ထေရမည်သည်ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

> န တေန ထေရော သော ဟောတိ၊ ယေနဿ ပလိတံ သိရော။
> ပရိပက္ကော ဝယော တဿ၊ မောဃဇိဏ္ဏောတိ ဝုစ္စတိ။
>
> ယမှိ သစ္စဉ္စ ဓမ္မော စ၊ အဟိံသာ သံယမော ဒမော။
> သ ဝေ ဝန္တမလော ဓီရော၊ ထေရော ဣတိ ပဝုစ္စတိ။

ဦးခေါင်း ဖွေးဖွေးဖြူကာမျှဖြင့် ထိုရဟန်းသည် မထေရ်မမည်၊ ထိုရဟန်း၏ အရွယ်ရင့်မှုကို အချည်းနှီး အိုမင်းရင့်ရော်မှုဟု ဆိုအပ်၏။

အကြင်ပုဂ္ဂိုလ်၌ သစ္စာလေးပါးလည်း ရှိ၏။ လောကုတ္တရာတရားလည်း ရှိ၏။ ညှဉ်းဆဲမှု မရှိ၊ သီလစောင့်ခြင်း ရှိ၏။ ဣန္ဒြေကိုလည်း ဆုံးမ၏။ ကိလေသာပျို့အန်ပြီးသော ထိုပညာရှိ ပုဂ္ဂိုလ်သာ မထေရ်ဟု ဆိုအပ်၏။

ထိုဂါထာတို့၌—

ပရိပက္ကော ဟူသည် ရင့်ကျက်ပြီးသော ကြီးရင့်သည်၏ အဖြစ်သို့ ရောက်သောသူတည်း။

မောဃဇိဏ္ဏော ဟူသည် အတွင်းသန္တာန်၌ ထေရ်တို့ပြုအပ်ကုန်သော တရားတို့၏ မရှိသည်၏ အဖြစ်ကြောင့် အချည်းအနှီး အိုသည် မည်၏။

ယမှိ သစ္စဉ္စ ဓမ္မော စ ဟူသည် အကြင်ပုဂ္ဂိုလ်၌ တစ်ဆယ့်ခြောက်ပါးသော အခြင်းအရာတို့ဖြင့် ထိုးထွင်း၍ သိသည်၏ အဖြစ်ကြောင့် သစ္စာလေးပါးသည်လည်းကောင်း၊ ဉာဏ်ဖြင့် မျက်မှောက်ပြုအပ်သည်၏ အဖြစ်ကြောင့် လောကုတ္တရာတရား ကိုးပါးသည်လည်းကောင်း ရှိ၏။

အဟိံသာ ဟူသည် မညှဉ်းဆဲတတ်သော သဘောရှိသည်တည်း၊ ဤသည် ဒေသနာမျှတည်း၊ အကြင်ပုဂ္ဂိုလ်၌ အပ္ပမညာ ဘာဝနာလေးမျိုး ရှိခြင်းတည်း။

သံယမော ဒမော ဟူသည် သီလသည်လည်းကောင်း၊ ဣန္ဒြေစောင့်စည်းခြင်းသည်လည်းကောင်းတည်း။

ဝန္တမလော ဟူသည် မဂ်ဉာဏ်ဖြင့် ထုတ်ဆောင်အပ်သော အညစ်အကြေး ရှိသူတည်း။

ဓီရော ဟူသည် တည်ကြည်ခြင်းနှင့် ပြည့်စုံသူတည်း။

ထေရော ဟူသည် ထေရ်အဖြစ် ခိုင်မြဲအောင် ပြုတတ်ကုန်သော အကြောင်းတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့် ထေရ်ဟု ခေါ် ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

လကုဏ္ဍကဘဒ္ဒိယမထေရ်ဝတ္ထု ပြီး၏။

### ၅။ စိတ်သဘော ကောက်ကျစ်သော ရဟန်းများဝတ္ထု

န ဝါက္ကရဏမတ္တေနအစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းများစွာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ရဟန်းငယ်တို့သည် လည်းကောင်း၊ သာမဏေတို့သည် လည်းကောင်း မိမိ၏ ဓမ္မာစရိယ စာချဆရာတို့၏သာလျှင် သက်န်းဆိုးခြင်း အစရှိကုန်သော အမှုကြီးငယ် အသွယ်သွယ် ပြုလုပ်ကြသည်တို့ကို မြင်၍ အချို့မထေရ်တို့သည် ကြံစည်ကြကုန်၏။ အဘယ်သို့ ကြံစည်ကုန်သနည်းဟူမူ ငါတို့သည်လည်း သဒ္ဓါအယူ၌ စင်ဖြူညာဏ်ပါ လိမ္မာကျွမ်းကျင်ကုန်၏။ ငါတို့အား သာလျှင် တစ်စုံတစ်ခု အမှုကိစ္စ ကိုင်စေမှု ပြုစုမည့်သူ တစ်စုံတစ်ယောက်မျှ မရှိ၊ အကယ်၍ ငါတို့သည် မြတ်စွာဘုရား ထံပါးမျက်မှောက် ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့သည် သဒ္ဓါအယူ၌ စင်ဖြူလိမ္မာပါကုန်၏။ တစ်ပါးသော ရဟန်းတို့၏ အထံတော်၌ တရားတော်ကို သင်ယူပြီး၍လည်း ဤအမည်ရှိသော ရဟန်းတို့ အထံ၌ မသုတ်သင်မူ၍ မသရဇ္ဈာယ်ကြကုန်လင့်ဟူ၍ ရဟန်းငယ် သာမဏေတို့ကို စေခိုင်းတော်မူပါ ကုန်လော့ဟု ဤသို့ လျှောက်ထားကုန်အံ့။ ဤသို့ လျှောက်ထားခဲ့သည် ရှိသော် မြတ်စွာဘုရားက ငါတို့၏ ထံသို့ ရဟန်းငယ် သာမဏေတို့ကို သင်ယူပြီး တရားတော်ကို သုတ်သင်ရန် စေခိုင်းတော်မူလတ္တံ့။ ထိုအခါ ငါတို့အား လာဘ်ပူဇော်သက္ကာရ ပြန့်ပြော တိုးပွားစေလတ္တံ့ဟု ကြံစည်ကြကုန်၏။ ကြံစည်ကုန်ပြီး ထိုရဟန်းတို့သည် မြတ်စွာဘုရား အထံတော်သို့ ချဉ်းကပ်၍ ထင်မှတ်မြော်ရည် မိမိတို့ ကြံစည်သည့်အတိုင်း လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းတို့ လျှောက်ထားသော စကားကို ကြားသိတော်မူ၍ ဤသာသနာ တော်၌ အစဉ်အဆက် မပျက်စေမူ ရှေးရှုသည်၏ အစွမ်းဖြင့်သာလျှင် ဤသို့ အကြောင်း ရှုံးပေါင်း လျှောက်ထားခြင်းငှါ ရပေ၏။ ဤရဟန်းတို့သည်ကား လာဘ်ပူဇော်သက္ကာရ ရရှိဖို့ရန် အမှီပြုသောအားဖြင့် လျှောက်ကြားလေသည် ဟု သိတော်မူသည် ဖြစ်၍ ချစ်သားရဟန်းတို့ အသင်တို့သည် သာယာချောင် လျော်ကန်သော စကားကို ပြုကာမျှဖြင့် ကောင်းသော သဘောရှိသည်ဟု ငါဘုရား ဟောတော်မမူ။ အကြင်ပုဂ္ဂိုလ်အားကား သူတစ်ပါးအား လေးပါး ပစ္စည်း ပေါဖြိုးသည်ကို မနာလိုခြင်း စသော ထိုတရားကို အရဟတ္တမဂ်ဖြင့် ပယ်ဖျက်ဖြတ်တောက်၏။ ဤသို့သော ပုဂ္ဂိုလ်သည်သာလျှင် ကောင်းသော သဘောရှိသည် မည်သည်ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

န ဝါက္ကရဏမတ္တေန၊ ဝဏ္ဏပေါက္ခရတာယ ဝါ။
သာဓုရူပေါ နရော ဟောတိ၊ ဣဿုကီ မစ္ဆရီ သဌော။

ယဿ စေတံ သမုစ္ဆိန္နံ၊ မူလဃစ္စံ သမူဟတံ။
သ ဝန္တဒေါသော မေဓာဝီ၊ သာဓုရူပေါတိ ဝုစ္စတိ။

ငြူစူတတ်သော ဝန်တိုသော စဉ်းလဲတတ်သော ပုဂ္ဂိုလ်သည် အပြောကောင်းကာမျှဖြင့်လည်းကောင်း၊ ရုပ်အဆင်း လှကာမျှဖြင့်လည်းကောင်း ကောင်းသောသဘော ရှိသည် မမည်။

ငြူစူခြင်း ဝန်တိုခြင်း စဉ်းလဲခြင်း ဟူသော ထိုသဘောကို အကြွင်းမဲ့ ဖြတ်၏။ အမြစ်ဖြတ်ပယ် နုတ်ပြီးဖြစ်၏။ ကိလေသာအပြစ်ကို ထွေးအန်ပြီးသော ထိုပညာရှိကို ကောင်းသော သဘောရှိသူဟု ဆိုအပ်၏။

ထိုဂါထာတို့၌—

န ဝါက္ကရဏမတ္တေန ဟူသည် နှုတ်ဖြင့် ပြုကာမျှဖြင့် အသံအမှတ်အသားနှင့် ပြည့်စုံသည်ကို ပြောဆိုကာမျှဖြင့်။

ဝဏ္ဏပေါက္ခရတာယ ဟူသည် ကိုယ်အဆင်း၏ မြတ်နိုးဖွယ်၏ အဖြစ်ဖြင့်။

နရော ဟူသည် ကျမ်းမျှ အတိုင်းအရှည် ရှိသော အကြောင်းဖြင့် သူတစ်ပါး လာဘ်ရသည်တို့၌ ငြူစူတတ်သော ဝန်တိုခြင်း ငါးမျိုးနှင့် ပြည့်စုံသော စဉ်းလဲသည်၏ အဖြစ်ဖြင့် ကောက်ကျစ်သောသူသည် ကောင်းသောသဘော မရှိသူတည်း။

ယဿ စေတံ ဟူသည် ငြူစူခြင်း အစရှိသော အပြစ်မျိုးကို အရဟတ္တမဂ်ဉာဏ်ဖြင့် အမြစ်အရင်းနှင့် တကွ ဖြတ်တောက်အပ်ပြီး အမြစ်ပြတ်သည်ကို ပြု၍ အမြစ်အရင်းနှင့်တကွ ပယ်နုတ်အပ်ပြီး ထွေးအန်အပ်ပြီးသော အပြစ်ရှိသော ဓမ္မောဇပညာနှင့်ပြည့်စုံသော သူသည် ကောင်းသော သဘောရှိ၏ဟု ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

စိတ်သဘော ကောက်ကျစ်သော ရဟန်းများဝတ္ထု ပြီး၏။

၆။ ဟတ္ထကရဟန်းဝတ္ထု

န မုဏ္ဍကေန သမဏော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ သီတင်းသုံးတော်မူစဉ် ဟတ္ထကရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုဟတ္ထကရဟန်းသည် အယူဝါဒ ပြိုင်ဆိုင် ပြောကြားလှည့်လည်နေ ရှိသတတ်။ တိတ္ထိတို့ကို တွေ့မြင်လျှင် အသင်တို့သည် ဤအမည်ရှိသော အခါ၌ ဤအမည်ရှိသော အရပ်သို့ လာခဲ့ကြကုန်လော့။ အယူဝါဒ ချေပပြောဆိုခြင်းကို ပြုကုန်အံ့ဟု ချိန်းချက်ပြောဆိုပြီးသော် ရှေးဦးစွာသာလျှင် မိမိက ထိုအရပ်သို့ သွားရောက်၍ အို ပရိသတ်တို့ အသင်တို့သည် ကြည့်ရှုကြကုန်လော့။ တိတ္ထိတို့သည် ငါ့အား ရှုံကြောက်သဖြင့် မလာမရောက်ကြကုန်။ ဤသို့ မလာမရောက်ကြခြင်းသည် ထိုတိတ္ထိတို့၏ ရှုံးခြင်းပင် မဟုတ်လော။ ဤသို့ အစရှိသော စကားတို့ကို ပြောကြား၍ အယူဝါဒ ချေပပြောဆိုသောအခါ၌လည်း မဆိုင်သော စကား လိုလွှဲပြောကြား၍ လှည့်လည်၏။ မြတ်စွာဘုရားသည် ဟတ္ထကရဟန်း ကား ဤသို့သောအမှု ပြုလုပ်သတဲ့ဟု ကြားတော်မူ၍ ထိုဟတ္ထကရဟန်းကို ခေါ်တော်မူပြီးလျှင် ဟတ္ထက အသင်သည် ဤသို့သောအမှုကို ပြုလုပ်သော ဟူသည် မှန်ပေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါသည်ဟု လျှောက်ကြားသည် ရှိသော် အဘယ့်ကြောင့် ဤသို့ ပြုလုပ်ဘိသနည်း။ ထိုစကားမှန်၏၊ ဤသို့ သဘောရှိသော မဟုတ်မမှန်သော စကား ပြောကြားခြင်းကို ပြုလျက် ဦးပြည်းသော ဦးခေါင်းရှိခြင်း အစရှိသော အဖြစ်မျှဖြင့် သမဏ မည်သည် မဖြစ်နိုင်။ အကြင်သူသည် ငယ်ငယ်ကြီးကြီး အသီးသီးကုန်သော ယုတ်မာညစ်ကျုံး မကောင်းမှုတို့ကို ငြိမ်းစေသည် ဖြစ်၍ တည်၏။ ဤသူသည်သာလျှင် သမဏမည်သည်ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

သမဏ မည်ကြောင်း ဖော်ပြသော ဂါထာ ဒေသနာ

န မုဏ္ဍကေန သမဏော၊ အဗ္ဗတော အလိကံ ဘဏံ။
ဣစ္ဆာလောဘသမာပန္နော၊ သမဏော ကိံ ဘဝိဿတိ။

ယော စ သမေတိ ပါပါနိ၊ အဏုံထူလာနိ သဗ္ဗသော။
သမိတတ္တာ ဟိ ပါပါနံ၊ သမဏောတိ ပဝုစ္စတိ။

ဦးပြည်းရိတ်ကာမျှဖြင့် သမဏ မည်သည် မဖြစ်နိုင်၊ သီလအကျင့် ဓုတင်အကျင့်မှ ကင်းသော ချွတ်ယွင်းသော စကားကို ပြောဆိုသော အလိုရမ္မက်ဆုံးနှင့် ပြည့်စုံသူသည် သမဏ မည်သည် အဘယ်မှာ ဖြစ်နိုင်ပါလတ္တံ့။

မကောင်းမှု ကြီးကြီးငယ်ငယ်ဘို့ကို အလုံးစုံ ငြိမ်းပျောက်ဝေးသည်ကို မကောင်းမှုတို့၏ ငြိမ်းပြီးသည်၏ အဖြစ်ကြောင့်သာလျှင် သမဏ မည်၏ဟု ဆိုအပ်၏။

ထိုဂါထာတို့၌—

မုဏ္ဍကေန ဟူသည် ဦးခေါင်းတုံးကာမျှဖြင့်။

**အဗ္ဗတော** ဟူသည် သီလအကျင့်ဖြင့် လည်းကောင်း၊ ဓုတင်အကျင့်ဖြင့် လည်းကောင်း ကင်းသောသူတည်း၊

**အလိကံ ဘဏံ** ဟူသည် မှသားပြောလျက် မရောက်လာသေးကုန်သော အာရုံတို့၌ လည်းကောင်း၊ ရောက်ပြီးကုန်သော အာရုံတို့၌ လည်းကောင်း အလိုရမ္မက် လောဘနှင့် ပြည့်စုံသူသည် သမဏ မဖြစ်နိုင်။

**သမေတိ** ဟူသည် အကုသိုလ် အနည်းအများတို့ကို ငြိမ်းစေသော သူသည် ထိုအကုသိုလ်တို့၏ ငြိမ်းအေးပြီးသည်၏ အဖြစ်ကြောင့် သမဏဟူ၍ ခေါ်ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဟတ္ထကရဟန်းဝတ္ထု ပြီး၏။

---

၇။ အညတရဗြာဟ္မဏဝတ္ထု

န တေန ဘိက္ခု သော ဟောတိ အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏား တစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

အမျိုးအမည် မထင်ရှားသော ပုဏ္ဏားသည် သာသနာတော်မှအပ ဒဏ်ယူ၍ စွဲလမ်း၍ ရဟန်းပြုပြီး ဆွမ်းခံလှည့်လည်လျက် အကြံအစည် ဖြစ်ပေါ်သတတ်။ အဘယ်သို့ ဖြစ်သနည်းဟူမူ "ရဟန်းဂေါတမသည် မိမိတပည့်တို့ ဆွမ်းအလို့ငှါ ကောင်းစွာမျှရည် အိမ်စဉ်လှည့်လည်သည်တို့ကို ဘိက္ခုဟူ၍ ပြောဆို၏။ ယင်းသို့ ပြောဆို စကား၏ အလိုဖြင့် ငါ့ကိုလည်း ဘိက္ခုဟု ဆိုခြင်းငှါ သင့်လျော် လျောက်ပတ်အပ်တော့၏" ဟု ကြံ၏။ အကြံဖြစ်ငြား ထိုပုဏ္ဏားသည် ဘုရားရှင် အထံတော်သို့ ရှမျှော်တင့်အပ် ချဉ်းကပ်၍ အိုရဟန်းဂေါတမ ငါသည်လည်း ဆွမ်းခံလှည့်လည်၍ အသက်မွေးမှုပါ၏။ ငါ့ကိုလည်း ဘိက္ခုဟူ၍ ဆိုပါလော့ဟု လျှောက်ကြား၏။ ထိုအခါ မြတ်စွာဘုရားက ထိုပုဏ္ဏားကို အိုပုဏ္ဏား ဆွမ်းခံ လှည့်လည်ခြင်းမျှဖြင့် ဘိက္ခုမည်သည်ဟု ငါဘုရား ဟောတော်မမူ။ မညီမညွတ် ယွင်းချွတ် ဖောက်မွား အဆိပ်နံ့ တရားကို ဆောင်တည် လှည့်လည်

ကျင့်သုံးသော သူသည် ဘိက္ခုမည်သည် မဖြစ်၊ အကြင်သူသည်ကား အလုံးစုံ ကုန်သော သင်္ခါရတရားတို့၌ ပညာဖြင့် ဆင်ခြင်၍ အစဉ်လှည့်လည်၏။ ထိုသူသည် ဘိက္ခုမည်၏ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

န တေန ဘိက္ခု သော ဟောတိ၊ ယာဝတာ ဘိက္ခတေ ပရေ။
ဝိဿံ ဓမ္မံ သမာဒါယ၊ ဘိက္ခု ဟောတိ န တာဝတာ။

ယောဓ ပုညဉ္စ ပါပဉ္စ၊ ဗာဟေတွာ ဗြဟ္မစရိယဝါ။
သင်္ခါယ လောကေ စရတိ၊ သ ဝေ ဘိက္ခူတိ ဝုစ္စတိ။

သူတစ်ပါးတို့ကို လှည့်လည် တောင်းခံကာမျှဖြင့် ထိုပုဂ္ဂိုလ်သည် ဘိက္ခု မမည်ချေ။ မညီညွတ် အစိမ်းနံ့ရှိသော တရားကို ယူ၍ ကျင့်သူသည် ဘိက္ခု မမည်ချေ။

ဤသာသနာတော်၌ ကောင်းမှုကိုလည်းကောင်း၊ မကောင်းမှုကိုလည်းကောင်း မဂ်ဟူသော အကျင့်မြတ်ဖြင့် အပပြုမျှော၍ ခန္ဓာအစရှိသော လောက၌ ဉာဏ်ဖြင့် ဆင်ခြင်၍ ကျင့်သုံးသော ပုဂ္ဂိုလ်ကို စင်စစ် ဘိက္ခုဟု ဆိုအပ်၏။

ထိုဂါထာတို့၌—

ယာဝတာ ဟူသည် သူတစ်ပါးတို့ကို လှည့်လည် တောင်းခံ၏၊ ထိုတောင်းခံ ကာမျှဖြင့် ရဟန်းမဖြစ်။

ဝိဿံ ဟူသည် မညီညွတ်သော တရားတည်း၊ အစိမ်းနံ့ရှိသော ကာယကံ အစရှိသောတရားကို ဆောက်တည်၍ လှည့်လည်သူသည် ရဟန်းမဖြစ်။

ယောဓ ဟူသည် ဤသာသနာတော်၌ ကောင်းမှု မကောင်းမှုနှစ်မျိုး လုံးကို မဂ်အကျင့်မြတ်ဖြင့် အပပြု ပယ်နုတ်ခြင်းကြောင့် မြတ်သောအကျင့် ရှိသူဖြစ်၏။

သင်္ခါယ ဟူသည် ဉာဏ်ဖြင့်။

လောကေ ဟူသည် ခန္ဓာအစရှိသော လောက၌ "ဤတရားတို့သည် အတွင်းခန္ဓာ ဖြစ်ကုန်၏၊ ဤတရားတို့သည် ပြင်ပခန္ဓာ ဖြစ်ကုန်၏"ဟု အလုံးစုံ သော တရားတို့ကို သိ၍ ကျင့်သော သူသည် ဉာဏ်ဖြင့် ကိလေသာတို့ကို ဖျက်ဆီး အပ်သည်၏ အဖြစ်ကြောင့် ရဟန်းဟူ၍ ခေါ်ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာသော လူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

အညတရဗြာဟ္မဏဝတ္ထု ပြီး၏။

## ၇။ မုနိအသွင် ဆောင်ကုန်သော တိတ္ထိတို့ဝတ္ထု

န မောနေန အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် တိတ္ထိအပေါင်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုတိတ္ထိတို့သည် ဆွမ်းကျွေး ဆွမ်းစားရာအရပ်၌ လူတို့အား မေးရန်ခပ်သိမ်း ကင်းငြိမ်းစေသတည်း၊ ချမ်းသာစေသတည်း၊ အသက်ရှည်စေသတည်း၊ ဤအရပ်မည်သည်၌ ညွန်ရှိ၏။ ဤအရပ်မည်သည်၌ ဆူးရှိ၏၊ ဤသို့ သဘော ရှိသည်မည်သော အရပ်သို့ သွားခြင်းငှါ မသင့် စသည်ဖြင့် မင်္ဂလာစကားကို ပြောကြား၍ ဖဲသွားကြကုန်၏။ ရဟန်းတော်တို့သည်ကား မြတ်စွာဘုရား ဝါတော်နှစ်ဆယ် ရသည်တိုင်အောင်သော ပထမဗောဓိဝယ် အနုမောဒနာ စသည်တို့ကို ခွင့်မပြုသေးသောအခါ၌ ဆွမ်းစားရပ်၌ လူတို့အား အနုမောဒနာ ကို မပြုမူ၍ ဖဲသွားကုန်၏။ လူတို့သည် တိတ္ထိတို့၏ အထံမှ မင်္ဂလာကို ကြားနာရပါကုန်၏။ အရှင်ကောင်းတို့သည်ကား ဆိတ်ဆိတ်နေကုန်သည် ဖြစ်၍ ဖဲကြွတော်မူကြကုန်၏ဟု ပြောဆိုရှုတ်ချ ကဲ့ရဲ့ကြကုန်၏၊ ရဟန်းတို့သည် ထိုသို့သော အကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ဤနေ့ ဤအခါမှ စ၍ ဆွမ်းစားရပ် စသည်သို့၌ ချမ်းသာသည်အားလျော်စွာ အနုမောဒနာကို ပြုကြကုန်လော့ အနီးအပါး ဆည်းကပ်လာသော ဒါယကာ ဒါယိကာမတို့အား ပြောကြားသင့်သော တရားစကားကို ပြောကြားခြင်း ပြုကုန်လော့။ တရားတော်ကို ဟောကြားကုန်လော့ဟု ခွင့်ပြုတော်မူ၏။ ထိုရဟန်းတို့သည် မြတ်စွာဘုရား သနားသမှု ခွင့်ပြုတော်မူသည့် အတိုင်း လိုက်နာပြုလုပ်ကြကုန်၏။ လူတို့သည် အနုမောဒနာ စသည်တို့ကို ကြားနာကုန်လျက် အားထုတ်ခြင်းသို့ ရောက်ကုန်သည် ဖြစ်၍ ရဟန်းတော်တို့ကို ပင့်ဖိတ်ပြီးလျှင် ပူဇော်သက္ကာရကို ပြုလုပ်ကုန်လျက် လှည့်လည်ကြကုန်၏။ တိတ္ထိတို့သည် ငါတို့အား ဆိတ်ဆိတ်နေလေ့ရှိသော မုနိတို့မည်ကုန်၏၊ မုနိမည်သည် အားလျော်စွာ စကား မပြောဘဲ နေသည်ကို ပြုကုန်အံ့။ ရဟန်း ဂေါတမ၏ တပည့်တို့သည် ဆွမ်းစားရပ် စသည်တို့၌ များစွာသော စကားကို ပြောဆိုကုန်လျက် လှည့်လည်ကုန်ဘိသည်ဟု ကဲ့ရဲ့ရှုတ်ချ ပြောဆိုကြကုန်၏။ မြတ်စွာ

ဘုရားသည် ထိုသို့သောအကြောင်းကို ကြားတော်မူ၍ ချစ်သားရဟန်းတို့ ဆိတ်ဆိတ်နေသော အဖြစ်မျှဖြင့် မုနိမည်သည်ဟု ငါဘုရား ဟောတော်မမူ။ အချို့သောသူတို့သည် မသိသောကြောင့် စကားမပြောမဆို နေကုန်၏။ အချို့သော သူတို့သည် သိကားသိ၏၊ ရဲရင့်ခြင်းမရှိသည့် အဖြစ်ကြောင့် စကားမပြောမဆိုနေကုန်၏။ အချို့သော သူတို့သည် ဆိတ်ဆိတ်နေခြင်းကြောင့် ဤအလွန်အကဲဖြစ်သော အဓိပ္ပါယ်ကို သိကုန်ပြီဟု ငါ့ကို လျှို့ဝှက်ခြင်းဖြင့် စကားမပြောမဆို နေကုန်၏။ ထို့ကြောင့် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမည်သည် မဖြစ်။ မကောင်းမှုကို ငြိမ်းစေခြင်းကြောင့်ကား မုနိမည်သည် ဖြစ်ပေ၏ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏—

> န မောနေန မုနီ ဟောတိ၊ မူဠှရူပေါ အဝိဒ္ဒသု။
>
> ယော စ တုလံဝ ပဂ္ဂယှ၊ ဝရမာဒါယ ပဏ္ဍိတော။
>
> ပါပါနိ ပရိဝဇ္ဇေတိ၊ သ မုနီ တေန သော မုနိ။
>
> ယော မုနာတိ ဥဘော လောကေ၊ မုနိ တေန ပဝုစ္စတိ။

စကားမပြောဘဲ ဆိတ်ဆိတ်နေကာမျှဖြင့် တွေဝေခြင်းသဘော ရှိသော ပညာမဲ့သူသည် မုနိ မမည်။ အကြင်ပညာရှိသည်လည်း ချိန်ခွင်ကိုမြှောက်ချီ၍ တည်သူကဲ့သို့ သီလသမာဓိစသော မြတ်သော ဂုဏ်ကျေးဇူးကိုယူ၍ မကောင်းမှုတို့ကို ရှောင်ကြဉ်၏၊ ထိုပညာရှိသည် မုနိမည်၏။ အဘယ့်ကြောင့် မုနိမည်သနည်း။ ထိုဆိုအပ်ခဲ့သော အကုသိုလ်ကံတို့ကို ကြဉ်ရှောင်ခြင်းကြောင့် ထိုပညာရှိသည် မုနိမည်၏၊ အကြင်ပုဂ္ဂိုလ်သည် ခန္ဓာအစရှိသော လောက၌ အဇ္ဈတ္တ ဗဟိဒ္ဓ(အတွင်း+အပြင်) နှစ်ရပ်သော အနက်အဓိပ္ပါယ်တို့ကိုသိ၏၊ ထိုသိခြင်းဟူသော အကြောင်းကြောင့် ထိုပုဂ္ဂိုလ်ကို မုနိဟု ဆိုအပ်၏။

ထိုဂါထာတို့၌—န မောနေန=ဟူသည် ဆိတ်ဆိတ်နေခြင်းအကျင့်ဟု ဆိုအပ်သော မဂ်ဉာဏ်ဟူသော တိတ်ဆိတ်ခြင်းဖြင့် အလိုရှိသူသည် မုနိမည်၏။ ဤ၌ ဆိတ်ဆိတ်နေခြင်းကို ရည်ရွယ်၍ မောနေနဟု ဆိုအပ်၏တည်း။

မူဠှရူပေါ=ဟူသည် အချည်းနှီးသောသဘော ရှိသောတည်း။

အဝိဒ္ဒသု=ဟူသည် ပညာမရှိသူတည်း ဤသို့ စကားမပြောဘဲ တိတ်ဆိတ် နေသူသည်လည်း မုနိမမည်။ တစ်နည်းမှာ တိတ်ဆိတ်စွာ နေခြင်းဖြင့် မုနိအမည် မရနိုင် အချည်းနှီးသဘောရှိသော ပညာမရှိသူဖြစ်၏တည်း။

ယော စ တုလံဝ ပဂ္ဂယှ=ဟူသည် ချိန်ခွင် ကိုင်တွယ်သူသည် အပိုအလွန် ဖြစ်လျှင် ပြန်ယူ၏။ ယုတ်လျော့လျှင် ထပ်ဖြည့်သကဲ့သို့ အကုသိုလ်များလျှင် ရှောင်ကြဉ်၍ ကုသိုလ်နည်းလျှင် ထပ်ဖြည့်ပြီး သီလ, သမာဓိ, ပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနဟု ဆိုအပ်သော မြင့်မြတ်သည်ကိုသာ ယူ၍ ယုတ်မာသော အကုသိုလ်ကံတို့ကို ရှောင်ကြဉ်၏ဟူသည်း။

သ မုနိ=ဟူသည် ထိုမုနိတည်း။

တေန သော မုနိ=ဟူသည် အဘယ့်ကြောင့် မုနိမည်သနည်း၊ ပြဆိုခဲ့ပြီး သော အကြောင်းကြောင့် ထိုသူသည် မုနိမည်၏။

ယော မုနာတိ ဥဘော လောကေ=ဟူသည် ဤခန္ဓာ အစရှိသော လောက၌ ဉာဏ်ချိန်ခွင်တင်၍ ချင့်ချိန်သကဲ့သို့ "ဤသည်တို့သည် အတွင်းခန္ဓာတို့တည်း၊ ဤသည်တို့သည် အပြင်ခန္ဓာတို့တည်း" အစရှိသည့်နည်းဖြင့် နှစ်မျိုးကုန်သော အနက်တို့ကိုသိ၏တည်း၊

မုနိ တေန ပဝုစ္စတိ=ဟူသည် ထိုအခြင်းအရာအားဖြင့် မုနိမည်၏ဟု ခေါ်ဆိုအပ်၏တည်း။

ဒေသနာ၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

မုနိအသွင်ဆောင်သော တိတ္ထိများဝတ္ထုပြီး၏

---

## ၉။ ငါးမျှားသမားဝတ္ထု

န တေန အရိယော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရား သည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ် အရိယမည်သော ဗာလိသိကကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ မြတ်စွာဘုရားသည် ထိုအရိယမည်သော ငါးမျှားသမား၏ သောတာပတ္တိမဂ် ရောက်ကြောင်း ဥပနိဿယကို မြင်တော်မူသောကြောင့် သာဝတ္ထိမြို့ကြီး၏ မြောက်မျက်နှာ တံခါးဝယ် တည်ရှိသောရွာ၌ ဆွမ်းအလို့ငှါ လှည့်လည်တော်မူ၍ ရဟန်းအပေါင်း ခြံရံလျက် ထိုဆွမ်းခံရွာမှ ပြန်ကြွတော်မူ လာ၏။ ထိုခဏ၌ အရိယမည်သော ထိုငါးမျှားသမားသည် ငါးမျှားချိတ်ဖြင့် ငါးတို့ကိုဖမ်းယူလျက် ဘုရားအမှူးရှိသော ရဟန်းအပေါင်းကိုမြင်သည် ရှိသော် ငါးမျှားချိတ်တပ်သော တုတ်လုံကန်ကို ပယ်ချစွန့်ပစ်၍ တည်နေ၏။ မြတ်စွာ

ဘုရားသည် ထိုငါးမျှားသမား၏ အနီးအရပ်၌ နောက်သို့ပြန်လည်တော်မူ၍ ကျ အသင်သည် အဘယ်အမည်ရှိသည် ဖြစ်သနည်းဟု သာရိပုတ္တရာမှစ၍ ရှိသည့်တို့၏ အမည်တို့ကို အသီးသီး မေးတော်မူ၏။ ထိုရဟန်းတို့ကလည်း တပည့်တော်သည် မောဂ္ဂလာန် အမည်ရှိပါ၏။ တပည့်တော်သည် သာရိပုတ္တရာ အမည်ရှိပါ၏။ ဤသို့စသည်ဖြင့် မိမိ၏ အမည်တို့ကို ကြားလျှောက်ကုန်၏။ ငါးမျှားသမားက မြတ်စွာဘုရားသည် အလုံးစုံသောသူတို့၏ အမည်တို့ကို မေးတော်မူ၏။ ငါ၏အမည်ကိုလည်း မေးတော်မူချေယောင်တကားဟု ကြံစည်၏။ မြတ်စွာဘုရားသည် ထိုငါးမျှားသမား၏ အလိုကို သိတော်မူသောကြောင့် ဥပါသကာ အသင်သည် အဘယ်အမည်ရှိသနည်းဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်သည် အရိယအမည်ရှိပါသည်ဟု လျှောက်ကြားသည်ရှိသော် ဥပါသကာ ထိုသို့သဘောရှိကုန်သော သူတစ်ပါး၏ အသက်ကို ချသတ်လေ့ ရှိကုန်သော သူတို့သည် အရိယမည်သည် မဖြစ်ကုန်။ အရိယမည်သော သူတို့ကား များစွာသော သတ္တဝါအပေါင်းအား မညှဉ်းဆဲသောအဖြစ်၌ တည်ကုန်၏ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

န တေန အရိယော ဟောတိ၊ ယေန ပါဏာနိ ဟိံသတိ။
အဟိံသာ သဗ္ဗပါဏာနံ၊ အရိယောတိ ပဝုစ္စတိ။

သတ္တဝါတို့ကို ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲခြင်း အကြောင်းကြောင့် အရိယာမမည်နိုင်၊ အကြင်ပုဂ္ဂိုလ်သည်ကား သတ္တဝါအပေါင်းတို့အား မညှဉ်းဆဲတတ် ထိုပုဂ္ဂိုလ်ကို အရိယာမည်၏ဟူ၍ ဆိုအပ်၏။

ထိုဂါထာ၌ အဟိံသာ=ဟူသည် မညှဉ်းဆဲဖြင်းဖြင့်။ ဆိုလိုရင်းမှာ သတ္တဝါတို့ကို ညှဉ်းဆဲသူသည် ထိုအကြောင်းကြောင့် အရိယာမဖြစ်၊ အလုံးစုံသော သတ္တဝါတို့ကို လက်အစရှိသည်တို့ဖြင့် မညှဉ်းဆဲခြင်းဖြင့် မေတ္တာအစရှိသည်တို့ကို ပွားခြင်း၌ ရှေးရှုတည်သည်၏ အဖြစ်ကြောင့် ညှဉ်းဆဲခြင်းမှ ဝေးစွာတည်သူကို အရိယာဟူ၍ ခေါ်ဆိုအပ်၏။

ဒေသနာတော်၏ အဆုံး၌ ငါးမျှားသမားသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်လာသူတို့အားလည်း တရားဒေသနာသည် အကျိုးရှိ၏။

ငါးမျှားသမား ဝတ္ထုပြီး၏

## ၁၀။ သီလစသည်နှင့် ပြည့်စုံသော ရဟန်းများဝတ္ထု

န သီလဗ္ဗတမတ္တေန–အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် သီလ အစရှိသည်တို့နှင့် ပြည့်စုံကုန်သော ရဟန်းများစွာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

သီလစသည်တို့နှင့် ပြည့်စုံကုန်သော ထိုရဟန်းတို့တွင် အချို့အချို့ကုန်သော ရဟန်းတို့အား ဤသို့သော အကြံသည်ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား ငါတို့သည် သီလနှင့် ပြည့်စုံကုန်၏။ ငါတို့သည် ဓုတင်ကိုဆောင်ကုန်၏။ ငါတို့သည် များသောအကြားအမြင် ရှိကုန်၏။ ငါတို့သည် ဆိတ်ငြိမ်သော ကျောင်း၌ နေကုန်၏။ ငါတို့သည် ဈာန်ကို ရကုန်၏။ ငါတို့အား အရဟတ္တဖိုလ်သည် ဝန်လေးရခဲတော့သည် မဟုတ်။ အလိုရှိသောနေ့၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ရကုန်တော့အံ့ ဟူသော အကြံသည်ဖြစ်၏။ ထိုရဟန်း အပေါင်းတို့တွင် အကြင်ရဟန်းတို့သည် အနာဂါမ်ဖြစ်ကုန်၏။ ထိုရဟန်းတို့အားလည်း ငါတို့အား ဤယခုအခါ အရဟတ္တဖိုလ်ကို ရရှိဖို့ရာ ခဲခက်လှတော့သည် မဟုတ်ဟူ၍ ဤသို့သောအကြံအစည် ဖြစ်၏။ ထိုအလုံးစုံသော ရဟန်းတို့သည်လည်း တစ်နေ့သ၌ မြတ်စွာဘုရားသို့ ချဉ်းကပ်ရှိခိုး၍ ထိုင်နေကြကုန်၏။ ချစ်သားရဟန်းတို့ အသင်တို့အား ရဟန်းတရား အားထုတ်ဖွယ်ကိစ္စ အပြီးအဆုံးသို့ ရောက်ပါပြီလောဟု မြတ်စွာဘုရားက မေးတော်မူသောအခါ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကျွတ်ထိုက်သော တပည့်တော်တို့သည် ဤသို့ ဤသို့သော သဘောရှိသော တရားတို့ကို အားထုတ်ရရှိပါကုန်ပြီ။ ထို့ကြောင့် အလိုရှိတိုင်း အလိုရှိတိုင်းသော ခဏ၌သာလျှင် အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ စွမ်းနိုင်ကုန်သည်ဟု ကြံစည်ကြ၍ နေပါကုန်သည်ဟု ဤသို့သောစကားကို လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားရှင်သည် ထိုရဟန်းတို့ စကားကိုကြားတော်မူ၍ ချစ်သားရဟန်းတို့ ရဟန်းတို့မည်သည် စင်ကြယ်သော သီလရှိခြင်း အစရှိသော အဖြစ်မျှဖြင့်လည်းကောင်း၊ အနာဂါမ်ချမ်းသာသို့ ရောက်ကာမျှဖြင့် လည်းကောင်း ငါတို့အား ဘဝတည်းဟူသော ဆင်းရဲသည် အနည်းငယ်မျှသာဟု ဆိုခြင်းငှါ မသင့်လျော်ချေ။ အာသဝေါကုန်ရာ အရဟတ္တဖိုလ်သို့ မရောက်သေးမူ၍ ချမ်းသာခြင်းရှိသည် ဖြစ်ပေပြီဟူသော စိတ်ကို မဖြစ်စေအပ်ဟု မိန့်တော်မူပြီး ဤဂါထာတို့ကို ဟောတော်မူ၏–

န သီလဗ္ဗတမတ္တေန၊ ဗာဟုသစ္စေန ဝါ ပန။
အထ ဝါ သမာဓိလာဘေန၊ ဝိဝိတ္တသယနေန ဝါ။
ဖုသာမိ နေက္ခမ္မသုခံ၊ အပုထုဇ္ဇနသေဝိတံ။
ဘိက္ခု ဝိဿာသမာပါဒိ၊ အပ္ပတ္တော အာသဝက္ခယံ။

သီလအကျင့်ရှိကစမျှဖြင့် လည်းကောင်း အကြားအမြင် များကာမျှဖြင့် လည်းကောင်း တည်ကြည်မှု သမာဓိရကာမျှဖြင့် လည်းကောင်း ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့်လည်းကောင်း ရဟန်းသည် အာသဝေါကုန်ခန်းသော ရဟန္တာ အဖြစ်သို့ မရောက်သေးသမျှ ပုထုဇဉ်တို့ မမှီဝဲနိုင်သော အနာဂါမိဖိုလ်ချမ်းသာ ကိုရပေ၏ ဟူ၍ အပန်းဖြေခြင်း (ရပ်နားခြင်း)သို့ မရောက်ပါစေလင့်။

ထိုဂါထာတို့၌ – သီလဗ္ဗတမတ္တေန=ဟူသည် သီလ လေးမျိုး စင်ကြယ်ကာမျှ ဖြင့် လည်းကောင်း ဓုတင် (၁၃)ပါး ဆောက်တည်ကာမျှဖြင့် လည်းကောင်း တည်း။

ဗာဟုသစ္စေန=ဟူသည် ပိဋကသုံးပုံကို သင်ယူကာမျှဖြင့် လည်းကောင်း တည်း။

သမာဓိလာဘေန=ဟူသည် သမာပတ် ရှစ်ပါးတို့ကို ရခြင်းဖြင့်တည်း။

နေက္ခမ္မသုခံ=ဟူသည် အနာဂါမ် ချမ်းသာတည်း၊ အနာဂါမ်ချမ်းသာကို ရောက်ပြီဟု ဤမျှအတိုင်းအရှည်ဖြင့် လည်းကောင်းတည်း။

အပုထုဇ္ဇနသေဝိတံ=ဟူသည် ပုထုဇဉ်တို့သည် မမှီဝဲအပ်သော အရိယာတို့ မှီဝဲအပ်သောတည်း။

ဘိက္ခု=ဟူသည် ထိုသူသို့တွင် တစ်ယောက်ယောက်ကို ခေါ်ဝေါ်လျက် ပြောခြင်းတည်း။

ဝိဿာသမာပါဒိ=ဟူသည် အပန်းဖြေနားနေခြင်းသို့ မရောက်ရာ၊ ဆိုလိုရင်း မှာ ရဟန်းသည် ပြည့်စုံသော သီလအစရှိသည်တို့နှင့် ပြည့်စုံကာမျှဖြင့်ပင် "ငါ့ဘဝသည် တိုတောင်းနည်းလှ၏ဟု အာသဝေါကုန်ခြင်းဟု ဆိုအပ်သော အရဟတ္တဖိုလ်သို့ မရောက်သည်ဖြစ်၍ ရဟန်းမည်သည် အပန်းဖြေနားနေခြင်း သို့ မရောက်ရာ၊ ဥပမာအားဖြင့် မစင်အနည်းငယ်သည်လည်း အနံ့ဆိုး၏၊ ဤအတူ အနည်းငယ်သော ဘဝသည်လည်း ဆင်းရဲ၏။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ရောက်လာသူတို့အားလည်း တရားဒေသနာသည် အကျိုးရှိ၏။

သီလစသည်နှင့် ပြည့်စုံသော ရဟန်းများဝတ္ထုပြီး၏

တစ်ဆယ့်ကိုးခုမြောက် ဓမ္မဋ္ဌဝဂ် ပြီး၏

# ၂၀။ မဂ္ဂဝဂ်

## ၁။ ခရီးလမ်းအကြောင်း ပြောကြားကုန်သော ရဟန်းငါးရာဝတ္ထု

မဂ္ဂါနဋ္ဌင်္ဂိကော–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ရဟန်းငါးရာတို့အား အကြောင်းပြု၍ ဟောတော်မူ၏။

မြတ်စွာဘုရားရှင်သည် ဇနပုဒ်အမျိုးမျိုး ဒေသစာရီ ကြွတော်မူ၍ တစ်ဖန် သာဝတ္ထိပြည်သို့ ကြွလာရောက်ရှိတော်မူသည်ရှိသော် ထိုငါးရာသော ရဟန်းတို့သည် ညီမူရာဇရပ်၌ ထိုင်နေကုန်၍ ဤအမည်ရှိသော ရွာမှသွားသော် ဤအမည်ရှိသော ရွာ၏ ခရီးလမ်းသည် သာယာပြေပြစ် ညီညွတ်၏။ ဤအမည်ရှိသော ရွာ၏ခရီးလမ်းသည် မပြေပြစ် မညီညွတ် ကျောက်စရစ် ကျောက်ပုတ်ရှိ၏။ ကျောက်စရစ် ကျောက်ပုတ်မရှိ။ ဤသို့ အစရှိသောနည်းဖြင့် မိမိ လှည့်လည်ခဲ့ရာ ခရီးလမ်းကို အကြောင်းပြုပြီး၍ ခရီးလမ်းစကားကို ပြောကြား၍နေကုန်သတတ်။ မြတ်စွာဘုရားသည် ထိုငါးရာသော ရဟန်းတို့ အရဟတ္တဖိုလ်၏ ဥပနိဿယ ပြည့်စုံလင်သည်ကို မြင်တော်မူသောကြောင့် ရဟန်းသံဃာ စည်းဝေးရာ ထိုအရပ်သို့ ကြွတော်မူလာ၍ ခင်းထားအပ်သော ဘုရား၏နေရာ၌ ထိုင်နေသီတင်းသုံးတော်မူပြီးသော် ချစ်သား ရဟန်းတို့ ငါဘုရား ကြွတော်မူလာသော ဤယခုအခါ၌ အဘယ်မည်သော စကားဖြင့် ပြောကြား စည်းဝေး ထိုင်နေကုန်သနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါတည်းဟု ကြားလျှောက်သည်ရှိသော် ချစ်သား ရဟန်းတို့ အသင်တို့ ပြောကြားသော ဤခရီးလမ်းများကား ပြင်ဘက် အပ ခရီးလမ်းပေတည်း။ ရဟန်းမည်သည် ကား ဖြူစင်လှစွာ အရိယာမဂ် ခရီးလမ်း၌ ကြိုးပမ်းကြည့်ရှု လုံ့လမှုကို ပြုခြင်းငှါ သင့်လျော်လေသည်။ ဤသို့သောအမှု ပြုလုပ်သော ရဟန်းသည် အလုံးစုံသောဆင်းရဲမှ လွတ်မြောက်ရလေ၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

မဂ္ဂါနဋ္ဌင်္ဂိကော သေဋ္ဌော၊ သစ္စာနံ စတုရော ပဒါ။

ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ၊ ဒွိပဒါနဉ္စ စက္ခုမာ။

ဧသေဝ မဂ္ဂေါ နတ္ထညော၊ ဒဿနဿ ဝိသုဒ္ဓိယာ။

ဧတဉှိ တုမှေ ပဋိပဇ္ဇထ၊ မာရဿေတံ ပမောဟနံ။

တေဒွိ တုမှေ ပဋိပန္နာ၊ ဒုက္ခဿန္တံ ကရိဿထ။
အက္ခာတော ဝေါ မယာ မဂ္ဂေါ၊ အညာယ သလ္လကန္တနံ။
တုမှေဟိ ကိစ္စံ မာတပ္ပံ၊ အက္ခာတာရော တထာဂတာ။
ပဋိပန္နာ ပမောက္ခန္တိ၊ ဈာယိနော မာရဗန္ဓနာ။

မဂ်လမ်းတို့တွင် မဂ္ဂင်ရှစ်ပါးလမ်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအပေါင်းတို့တွင် အရိယာသစ္စာလေးပါးတို့သည် အမြတ်ဆုံး ဖြစ်ကုန်၏။ တရားအပေါင်းတို့တွင် ရာဂ ကင်းရာ နိဗ္ဗာန်တရားသည် အမြတ်ဆုံးဖြစ်၏။ အခြေနှစ်ချောင်းရှိသူတို့တွင် ဉာဏ်မျက်စိရှိသော မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်၏။

ဉာဏ်အမြင် စင်ကြယ်ခြင်းငှါ ဤငါဘုရား ဟောကြားထားသော မဂ္ဂင်ရှစ်ပါးလမ်းသည်သာလျှင် နိဗ္ဗာန်ရောက်ကြောင်း လမ်းတည်း။ အခြားလမ်းတစ်မျိုးမရှိ။ ထိုနိဗ္ဗာန်ရောက်ကြောင်း မဂ္ဂင်လမ်းကိုသာလျှင် သင်ချစ်သားတို့သည် ကျင့်ကြကုန်လော့။ ဤမဂ္ဂင်လမ်းသည် မာရ်မင်း၏ ရှာဖွေမရတွေ့ဝေရာတည်း။

ထိုမဂ္ဂင်ခရီးလမ်းကိုသာလျှင် ကျင့်ကြံသွားကုန်သော သင်တို့သည် ဆင်းရဲအဆုံးသို့ ပြုကြရကုန်လတ္တံ့။ ရာဂ စသော ငြောင့်တံသင်းကို နုတ်ပယ်ထားသော ထိုမဂ္ဂင်ခရီးလမ်းကို ကိုယ်တိုင်သိ၍ ဤမဂ္ဂင်လမ်းခရီးကို သင်တို့အား ငါဘုရား ဟောကြားတော်မူအပ်ပြီ။

သင်တို့သည် ကိလေသာကို ပူပန်စေတတ်သော လုံ့လကို ပြုအပ်၏။ မြတ်စွာဘုရားတို့သည် ဟောရုံသာ ဟောနိုင်ကုန်၏၊ ကျင့်ကုန်သော စူးစိုက်စွာရှုလေ့ရှိကုန်သော သူတို့သည် မာရ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်ရကုန်၏။

ထိုဂါထာတို့၌ -မဂ္ဂါနဋ္ဌင်္ဂိကော=ဟူသည် သလုံးမြင်းခေါင်းဖြင့် သွားရာခရီးစသည်တို့နှင့် ခြောက်ဆယ့်နှစ်ပါးသော အယူတည်းဟူသော လမ်းတို့တွင် သမ္မာဒိဋ္ဌိ အစရှိကုန်သော အင်္ဂါရှစ်ပါးတို့ဖြင့် မိစ္ဆာဒိဋ္ဌိ အစရှိသော ရှစ်ပါးတို့ကို ပယ်ခြင်းကို ပြုကုန်လျက် နိဗ္ဗာန်ကို အာရုံပြု၍ သစ္စာလေးပါးတို့၌ ဒုက္ခကို ပိုင်းခြားသိခြင်း အစရှိသော ကိစ္စကို ပြီးစေသော မဂ္ဂင်ရှစ်ပါးသည် အမြတ်ဆုံးတည်း။

သစ္စာနံ စတုရောပဒါ=ဟူသည် အမှန်ကို ပြောဆိုသော် အမျက်မထွက်ရာ စသည်ဖြင့်လာသော ဝစီသစ္စာ ဖြစ်စေ သစ္စပုဏ္ဏား သစ္စာမင်း အစရှိသော သမ္မုတိသစ္စာ ဖြစ်စေ၊ "ဤအယူသည် အမှန်၊ ဤအယူသည် အချီးအနှီးတည်း"

ဟူသော ဒိဋ္ဌိသစ္စာ ဖြစ်စေ "ဆင်းရဲခြင်းသည် အရိယသစ္စာတည်း"အစရှိသော အပြားရှိသော ပရမတ္ထသစ္စာ ဖြစ်စေ၊အလုံးစုံသောသစ္စာတို့ကို ပိုင်းခြားသိခြင်း အနက်သဘောကြောင့်လည်းကောင်း၊မျက်မှောက်ပြုထိုက်သော အနက်သဘောကြောင့် လည်းကောင်း၊ ပယ်ထိုက်သော အနက်သဘောကြောင့် လည်းကောင်း၊ ပွားများထိုက်သော အနက်သဘောကြောင့် လည်းကောင်း၊ တစ်ခုတည်း ထိုးထွင်းသိခြင်း အနက်သဘောကြောင့် လည်းကောင်း၊ အမှန်အတိုင်း ထိုးထွင်းသိခြင်း အနက်သဘောကြောင့် လည်းကောင်း "ဆင်းရဲခြင်းသည် အရိယသစ္စာတည်း အစရှိကုန်သော လေးပုဒ်တို့သည် မြတ်ကုန်၏။

ဝိရာဂေါ သေဋ္ဌော ဓမ္မာနံ=ဟူသည် ရဟန်းတို့ သင်္ခတ အသင်္ခတ တရားတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏ဟု ဟောတော်မူခြင်းကြောင့် အလုံးစုံသော တရားတို့တွင် နိဗ္ဗာန်ဟု ဆိုအပ်သော ရာဂကင်းရာသည် မြတ်၏ တည်း။

ဒွိပဒါနဉ္စ စက္ခုမာ=ဟူသည် နတ် လူ အစရှိသော အပြားရှိကုန်သော အလုံးစုံသော ခြေနှစ်ချောင်း ရှိသူတို့တွင် စက္ခုငါးပါးရှိသော မြတ်စွာဘုရားသည်သာ မြတ်၏။ စသဒ္ဒါသည် ပေါင်းခြင်းအနက် ရှိ၏တည်း။ အရူပတရားတို့ကို ပေါင်းစည်း၏။ ထို့ကြောင့် အရူပတရားတို့တွင်လည်း မြတ်စွာဘုရားသည် ချီးမွမ်းအပ်၏။

ဧသေဝ မဂ္ဂေါ နတ္ထညော ဒဿနဿ ဝိသုဒ္ဓိယာ=ဟူသည် မဂ်ဖိုလ်ဉာဏ်၏ စင်ကြယ်ခြင်းအကျိုးကို မြတ်၏ဟု ငါဘုရား ဟောအပ်၏။ ဤမဂ်သည်သာ မြတ်၏။ အခြားမရှိ။

ဧတဉှိ တုမှေ=ဟူသည် ထို့ကြောင့် သင်တို့သည် ဤမဂ်တရားကိုသာ ကျင့်ကြကုန်လော့ တည်း။

မာရဿေတံ ပမောဟနံ=ဟူသည် ဤလမ်းကို မာရ်မင်း၏ ရှာမတွေ့သဖြင့် တွေဝေရာ (မာရ်နတ်မျက်စိလည်သည့်လမ်း)ဟု ခေါ်ဆိုအပ်၏တည်း။

ဒုက္ခဿန္တံ=ဟူသည် အလုံးစုံသော ဝဋ္ဋဒုက္ခ၏ အဆုံးအပိုင်းအခြားကို ပြုကုန်လော့တည်း။

အညာယ သလ္လကန္တနံ=ဟူသည် ဤမဂ်သည် ရာဂငြောင့် စသည်တို့ကို နုတ်ပယ်ခြင်းတည်း။ ငါဘုရားသည် တဆင့်ကြား အစရှိသည်တို့ကို ကြည့်၍ ကိုယ်တိုင် မျက်မှောက်ပြုခြင်းဖြင့် သိ၍ ဤမဂ်ကို ဟောအပ်ပြီ၊ ယခုအခါ၌

သင်တို့သည် ကိလေသာတို့ကို ပူလောင်စေခြင်းဖြင့် "အာတပ္ပ"ဟု ခေါ်ဝေါ်ခြင်းသို့ ရောက်သော ထိုမဂ်ကိုရခြင်း အကျိုးငှါ သမ္မပ္ပဓာန် ဝီရိယကို ပြုအပ်ပြီ၊ မှန်၏။ ဘုရားရှင်တို့မည်သည် သက်သက်ဟောရုံသာ ဟောပြောနိုင်ကြကုန်၏။ ထို့ကြောင့် ဘုရားရှင်တို့ ဟောအပ်သည်၏ အစွမ်းဖြင့် ကျင့်ကုန်လေသော် ဈာန် ၂-မျိုး ရကြ၍ တေဘူမကဝဋ်ဟု ဆိုအပ်သော မာရ်မင်းအနှောင်အဖွဲ့မှ လွတ်မြောက်ကုန်လတ္တံ့တည်း။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ရောက်ရှိလာကြသော သူတို့အားလည်း တရားဒေသနာတော်သည် အကျိုးရှိ၏။

ခရီးလမ်းအကြောင်း ပြောကုန်သော ရဟန်းငါးရာဝတ္ထု ပြီး၏။

---

## ၂။ အနိစ္စလက္ခဏဝတ္ထု

သဗ္ဗေ သင်္ခါရာ အနိစ္စာ– အစရှိကုန်သော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုရဟန်းငါးရာတို့သည် မြတ်စွာဘုရား၏ ထံတော်၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် တောအုပ်၌ အားထုတ်ပြုလုပ်ကြကုန်သော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ကုန်သောကြောင့် အထူးပြု၍ ကမ္မဋ္ဌာန်းကို ကြိုးပမ်းသင်ယူကုန်ဦးအံ့ဟု ကြံစည်ကုန်ပြီးသော် ဘုရားရှင် ထံတော်မှောက်သို့ လာရောက်ကြကုန်၏။ မြတ်စွာဘုရားသည် ဤရဟန်းတို့အား အဘယ်သို့သော ကမ္မဋ္ဌာန်းစီးဖြန်းပွားများရန် လျော်ကန် လျောက်ပတ်သနည်းဟု စုံစမ်းတော်မူသည်ရှိသော် ဤရဟန်းတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော် အခါ၌ အနှစ်နှစ်သောင်းတို့ ကာလပတ်လုံး အနိစ္စလက္ခဏာ ဝိပဿနာ၌ အားထုတ်ခဲ့ဖူးကုန်ပြီ။ ထို့ကြောင့် အနိစ္စလက္ခဏာဖြင့် သာလျှင် ထိုရဟန်းတို့အား တစ်ခုသော ဂါထာကို ဟောပြခြင်းငှါ သင့်လျော်သည်ဟု ကြံစည်တော်မူ၍ ချစ်သား ရဟန်းတို့ ကာမဘဝ စသည်ဘို့၌ အလုံးစုံသော သင်္ခါရတို့သည် ဖြစ်ပြီး၍ ကာလမြင့်ရှည် မတည်မနေတတ်သော အဖြစ်သဘောကြောင့် အနိစ္စတို့သည်သာလျှင်တည်းဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

သဗ္ဗေ သင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အလုံးစုံသော သင်္ခါရတရားတို့သည် မမြဲကုန်ဟု ဉာဏ်ပညာဖြင့် ရှုမြင်သော အခါ ဆင်းရဲခြင်း၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာမှ စင်ကြယ်ခြင်း၏ လမ်းကြောင်းတည်း။

ထိုဂါထာ၌-သဗ္ဗေသင်္ခါရာ=ဟူသည် ကာမဘုံ စသည်တို့တွင် ခန္ဓာတို့သည် ထိုထိုဘုံ၌ပင် ချုပ်ခြင်းကြောင့်တည်း။

အနိစ္စာ=ဟူသည် ဝိပဿနာဉာဏ်ဖြင့် မြင်သောအခါ ဤခန္ဓာကိုယ်တည်း ဟူသော ဝန်ကို ဆောင်ရခြင်း ဆင်းရဲ၌ ငြီးငွေ့ခြင်းကြောင့် ဆင်းရဲကို ပိုင်းခြားသိခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် သစ္စာတို့ကို ထိုးထွင်းသိမြင်၏ တည်း။

ဧသမဂ္ဂေါ ဝိသုဒ္ဓိယာ = ဟူသည် ဤအရိယာမဂ်သည် စင်ကြယ်ခြင်း အကျိုး, ဖြူစင်ခြင်း အကျိုးငှါတည်း။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ရောက်လာကြသော ပရိသတ်တို့အားလည်း တရားဒေသနာတော်သည် အကျိုး ရှိ၏။

အနိစ္စလက္ခဏဝတ္ထု ပြီး၏။

---

၃။ ဒုက္ခလက္ခဏဝတ္ထု

ဒုတိယဂါထာ၌လည်း ဝတ္ထုကြောင်းမှာ အနိစ္စလက္ခဏဝတ္ထု၊ အတူသာလျှင် ဖြစ်၏။

ထိုရဟန်းငါးရာတို့သည် မြတ်စွာဘုရား အထံ၌ ကမ္မဋ္ဌာန်းကို သင်ယူပြီးလျှင် အရည်ကင် မုတင်နှင့် လျောက်ပတ်သော အရပ်သို့ သွားရောက်၍ တောတွင်း၌ ပြင်းထန်သော လုံ့လဖြင့် အားထုတ်ကြသော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ကြသောကြောင့် အထူးအားဖြင့် ကမ္မဋ္ဌာန်းအစဉ်ကို သင်ယူ ကုန်ဦးအံ့ဟု ကြံစည်ကြ၍ ဘုရားထံမှောက် ပြန်လာကြကုန်၏။ ထိုအခါ မြတ်စွာ ဘုရားသည် ထိုရဟန်းတို့အား ဒုက္ခလက္ခဏာ၌ စီးဖြန်း အားထုတ်ခဲ့သည်ကို သိတော်မူသောကြောင့် ချစ်သားရဟန်းတို့ အလုံးစုံလည်းဖြစ်ကုန်သော ခန္ဓာ

ငါးပါး တရားအပေါင်းတို့သည် အဖန်တလဲလဲ အမြဲမပြတ် နှိပ်စက်တတ်သော ကြောင့် ဆင်းရဲအပေါင်း အစုသာလျှင်တည်းဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ "(ရုပ်နာမ်ဓမ္မ) သင်္ခါရအားလုံးတို့သည် ဆင်းရဲကုန်၏"ဟု ဝိပဿနာ ပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ခြင်း၏ လမ်းကြောင်းဖြစ်၏။

ထိုဂါထာ၌ ဒုက္ခ=ဟူသည် အဖန်ဖန် နှိပ်စက်တတ်သော အနက်သဘော ကြောင့် ဒုက္ခတည်း။ အကြွင်းမှာ ရှေးနည်းအတူသာတည်း။

ဒုက္ခလက္ခဏဝတ္ထု ပြီး၏။

—— ——

## ၄။ အနုတ္တလက္ခဏဝတ္ထု

တတိယဂါထာ၌လည်း ရှေးနည်းအတူသာတည်း။

ဘုရားမြတ်စွာ ထံတော်၌ ကမ္မဋ္ဌာန်း သင်ယူပြီးသည်ကာလ လျှောက်ပတ် သောဌာန သွားရောက်ကြပြီးသော် တောကျောင်း၌နေလျက် လုံ့လ ဥဿာဟ ဖြင့် အားထုတ်ကြသော်လည်း အရဟတ္တဖိုလ်သို့ မရောက်နိုင်ကြသောကြောင့် ထိုငါးရာသော ရဟန်းတို့သည် ကမ္မဋ္ဌာန်းကို အထူးပြု၍ သင်ယူကုန်ဦးအံ့ ဟူသော အကြံဖြင့် မြတ်စွာဘုရား အထံသို့ ပြန်လာကြကုန်၏၊ ယင်းသို့သော အခါ၌ မြတ်စွာဘုရားက စင်စစ်အားဖြင့် ထိုရဟန်းတို့အား ရှေးဘုရား သာသနာဝယ် အနုတ္တလက္ခဏာ၌ ကောင်းစွာ အားထုတ်ခဲ့သော အဖြစ်ကို သိတော်မူ၍။ ချစ်သားရဟန်းတို့ အလုံးစုံလည်းဖြစ်ကုန်သော ခန္ဓာငါးပါး ကဲ့သို့သည်ကား မိမိ၏အလိုသို့ မလိုက်မပါ တတ်သော သဘောကြောင့် အနှစ်သာရ ဘာမျှမရှိသော အနုတ္တဘို့သာလျှင်တည်းဟု မိန့်တော်မူပြီး ဤဂါထာကို ဟောကြားတော်မူ၏။

သဗ္ဗေ ဓမ္မာ အနတ္တာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။

အကြင်အခါ "တရားသဘော အားလုံးတို့သည် အတ္တမဟုတ်ကုန်"ဟု ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ ရုပ် နာမ် ဓမ္မ သခါရတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာစင်ကြယ်ခြင်း၏ လမ်းကြောင်းဖြစ်၏။

ထိုဂါထာ၌-သဗ္ဗေ ဓမ္မာ=ဟူသည် ခန္ဓာငါးပါးတို့ကိုသာလျှင် အလိုရှိအပ်ကုန်၏တည်း။

အနတ္တာ=ဟူသည် မအို မသေပါကုန်လင့်ဟု အလိုမလိုက်နိုင်သည်၏ အနက်သဘောကြောင့် မမြဲကုန်။ အတ္တမှကင်းကုန်၏၊မပိုင်ဆိုင်ကုန်၊ အစိုးမရကုန် ဟူလို အကြွင်းမှာ ရှေးနှင့်တူပြီ။

အနတ္တလက္ခဏဝတ္ထု ပြီး၏။

## ၅။ ပဓာနကမ္မိက တိဿမထေရ်ဝတ္ထု

ဥဋ္ဌာနကာလမှိ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပဓာနကမ္မိက တိဿမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်၌ နေကုန်သော အမျိုးသားငါးရာတို့သည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုကုန်ကြပြီးလျှင် ကမ္မဋ္ဌာန်းကိုယူ၍ တောသို့သွားကြကုန်၏။ ထိုငါးရာကုန်သော အမျိုးသားရဟန်းတို့တွင် ရဟန်းတစ်ပါးသည် ထိုဇေတဝန်ကျောင်းတော်တွင်း၌ ကျန်ရစ်ခဲ့၏၊ ကြွင်းကုန်သော ရဟန်းတို့သည် တော၌ ရဟန်းတရားကို အားထုတ်ကုန်လျက် အရဟတ္တဖိုလ်သို့ ရောက်ကုန်၍ ရအပ်သော ဂုဏ်ကျေးဇူးကို မြတ်စွာဘုရားအား ကြားလျှောက်အံ့ဟု သာဝတ္ထိပြည်သို့ ပြန်လာကြကုန်၏။ သာဝတ္ထိပြည်မှ ကစ်ယူဇနာမျှ ဝေးကွာသော တစ်ခုသော ရွာငယ်၌ ဆွမ်းအလို့ငှါ လှည့်လည်ကုန်သော ထိုရဟန်းတို့ကိုမြင်၍ ဥပါသကာ တစ်ယောက်သည် ယာဂု ဆွမ်း စသည်တို့ဖြင့် လုပ်ကျွေး၍ အနုမောဒနာ ကြားနာပြီး တစ်ဖန် မိုးသောက်သော နေ့အလို့ငှါ ပင့်ဖိတ်ပြန်၏။ ထိုရဟန်းတို့သည် ထိုနေ့၌ပင်လျှင် သာဝတ္ထိပြည်သို့ သွားရောက်၍ သပိတ် သင်္ကန်းကို သိမ်းဆည်းသိုမှီးပြီးသော် ညနေချမ်းအခါ၌ မြတ်စွာဘုရားထံ သွားရောက်

ရှိခိုးပြီး၍ သင့်တင့်လျောက်ပတ် တစ်ခုသောအရပ်၌ ထိုင်နေကုန်၏၊ မြတ်စွာဘုရားသည် ရဟန်းတို့နှင့် အတူတကွ အလွန်လျှင် ကြည်ရွှင်နှစ်သက်သော စကားကို ပြောကြားတော်မူလျက် ပဋိသန္ထာရ ပြုတော်မူ၏။

ထိုအခါ တောသို့ မလိုက်ပါဘဲ ဇေတဝန်ကျောင်းတော်၌သာ ကြွင်းကျန်နေရစ်ခဲ့သော ထိုရဟန်းတို့၏ အဖော်ဖြစ်သော ရဟန်းသည် "ယခု ရောက်လာသော ဤအာဂန္တုက ရဟန်းတို့နှင့် ပဋိသန္ထာရကို ပြုပော်မူသော မြတ်စွာဘုရား၏ ခံတွင်းတော်ကား မဆန့်။ ငါ့၌ မဂ် ဖိုလ်ကျေးဇူး ဂုဏ်ထူး မရှိသည်၏ အဖြစ်ကြောင့် ငါနှင့်တကွ စကား ပြောဆိုတော် မမူ။ ယနေ့ပင်လျှင် အရဟတ္တဖိုလ်သို့ ရောက်၍ မြတ်စွာဘုရားကို ငါနှင့်အတူတကွ စကားပြောဆိုစေအံ့"ဟု ကြံ၏။ ထိုအာဂန္တုက ရဟန်းတို့သည်လည်း ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်တို့ လာခဲ့သော ခရီးလမ်း၌ ဥပါသကာတစ်ယောက်သည် နက်ဖြန်အလို့ငှာ ပင့်ဖိတ်အပ်ပါကုန်၏။ ထိုဥပါသကာ ပင့်ဖိတ်ရာအရပ်သို့ နံနက်စောစောကသာလျှင် သွားပါကုန်အံ့ဟု မြတ်စွာဘုရားကို ခွင့်ပန်ကြားကုန်၏။ ထို့နောက် ထိုအာဂန္တုက ရဟန်းတို့၏ အဖော်ဖြစ်သော ရဟန်းသည် အလုံးစုံသော ညဉ့်ပတ်လုံး စင်္ကြံသွားရာတွင် ငိုက်မျဉ်းသဖြင့် စင်္ကြံစွန်းဝယ် တစ်ခုသော ကျောက်ဖျာပြင်၌ လိမ့်ကျပြီး ပေါင်ရိုးကျိုးလေ၏။ ထိုရဟန်းသည် ကျယ်စွာသောအသံဖြင့် အော်မြည်၏။ ထိုရဟန်း၏ အဖော်ဖြစ်သော ရဟန်းတို့သည် အသံကို မှတ်မိသောကြောင့် ထိုမှဤမှလည်း ပြေးလာကြကုန်၏။ ထိုရဟန်းတို့သည် ဆီမီးညှိထွန်း၍ ပေါင်ရိုးကျိုးသော ထိုရဟန်းအား ပြုစုကုန်စဉ်ပင်လျှင် နေအရုဏ်တက်လေ၏။ ထိုရဟန်းတို့အား ပင့်ဖိတ်သောရွာသို့ ကြွသွားခြင်းငှာ အခွင့်မရကုန်။ ထိုအခါ ထိုရဟန်းတို့ကို မြတ်စွာဘုရားက ချစ်သားရဟန်းတို့ အဘယ့်ကြောင့် ဆွမ်းခံရွာသို့ မသွားကြကုန်သနည်းဟု မိန့်ဆိုတော်မူ၏။ ထိုရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩြော်မသွားရပါကုန်ဟု လျှောက်ထားပြီးလျှင် ထိုသို့သော အကြောင်းအလုံးစုံကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ထိုရဟန်းသည် ဤယခုအခါ၌သာလျှင် အသင်တို့၏ လာဘ်အန္တရာယ်ကို ပြုသည်မဟုတ်သေး။ ရှေး၌လည်း ပြုဖူးသည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ ထိုရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကိုဆောင်တော်မူ၏။

ရှေးလွန်လေပြီးသောအခါ ဂန္ဓာရတိုင်း တက္ကသိုလ်ပြည်၌ ဘုရားအလောင်းတော်သည် ဒိသာပါမောက္ခဆရာဖြစ်၍ ငါးရာသောလုလင်တို့ကို အတတ်ကို သင်ယူစေ၏။ ထိုအခါ ဒိသာပါမောက္ခဆရာ၏ တပည့်လုလင်တို့သည် တစ်နေ့သ၌ ထင်းကိုဆောင်ယူခြင်းငှာ တောသို့သွား၍ ထင်းတို့ကို ထုတ်ဆောင်ကြကုန်၏။ ထိုတပည့်လုလင်တို့၏ အတွင်း၌ ပျင်းရိသောသဘောရှိသော လုလင်

တစ်ယောက်သည် ကြီးစွာသော ရေခံတက်ပင်ကို မြင်၍ ဤသစ်ပင်ကား ခြောက်သော သစ်ပင်တည်းဟူသော အမှတ်ဖြင့် တစ်မုဟုတ်မျှ ရှေးဦးစွာအိပ်၍ နောက်မှသစ်ပင်သို့တက်၍ ထင်းတို့ကို ချိုးချယူငင်၍ သွားအံ့ဟူသောအကြံဖြင့် အပေါ်ရုံပုဆိုးကို ဖြန့်ခင်းပြီး အိပ်လေ၏။

ထိုသူမှတစ်ပါးကုန်သော လုလင်တို့သည် ထင်းစည်းတို့ကို ဖွဲ့ချည်ယူငင်၍ သွားကြကုန်သည်ရှိသော် အိပ်ပျော်သော ထိုလုလင်ကို ခြေဖြင့်ကန်ကျောက်နှိုးကြ၍ သွားကြကုန်၏။ ပျင်းရိသော လုလင်သည် အိပ်ရာမှထ၍ မျက်စိကို ပွတ်လျက် ပွတ်လျက် အိပ်လိုခြင်းမပြေပျောက်ဘဲ ရေခံတက်ပင်သို့ တက်၍ သစ်ခက်ကို ကိုင်ဆွဲပြီးလျှင် မိမိသို့ ရှေးရှုညွတ်လာသောအခက်ကို ဆွဲငင်ချိုးဖွဲ့သည်ရှိသော် ထောင်ကြွတက်လာသော သစ်ခက်စွန်းဖြင့် မိမိ၏မျက်စိကို ထိုးဖောက်မိစေ၏။ လက်တစ်ဖက်ဖြင့် ထိုမျက်စိကိုပိတ်၍ လက်တစ်ဖက်ဖြင့် စိုစွတ်သောထင်းသစ်တို့ကို ချိုးဖွဲ့ကာ သစ်ပင်ဟက်မှသက်ဆင်းခဲ့၏။ ထင်းစည်းကို ဖွဲ့ချည်ယူငင်လျက် လျင်စွာသော အဟုန်ဖြင့် သွားရောက်၍ ထိုလုလင်တို့ ချထားအပ်သော ထင်းတို့၏အထက်၌ တင်ထားကျရောက်စေ၏။ ထိုနေ့၌လည်း ဇနပုဒ်ရွာငယ်၌ တစ်ဦးသောအမျိုးသည် နက်ဖြန်ခါ၌ ပုဏ္ဏားတို့ ရွတ်ဖတ်ခြင်းကိုပြုအံ့ဟု ဆရာကို ဖိတ်မန်၏။ ဆရာက လုလင်တို့ကို အမောင်တို့ နက်ဖြန်ခါ၌ တစ်ခုသော ရွာငယ်သို့ သွားကြရလတ္တံ့။ အသင်တို့သည် အစာအာဟာရ မစားရဘဲ သွားခြင်းငှာ မစွမ်းနိုင်ကုန်လတ္တံ့။ နံနက်စောစောကသာလျှင် ယာဂုကို ကျိုချက်စေ၍ စားသောက်ပြီးလျှင် ထိုအရပ်သို့သွားရောက်၍ မိမိသည် ရအပ်သော အဖို့ကိုလည်းကောင်း၊ ငါတို့အား ရောက်သော အဖို့ကိုလည်းကောင်း၊ အလုံးစုံကို ယူ၍ လာခဲ့ကြကုန်လော့ဟု မှာထားပြောဆို၏။ ထိုလုလင်တို့သည် နံနက်စောစောကသာလျှင် ယာဂုကျိုခြင်းအကျိုးငှာ အိမ်ကျွန်မကို ထစေ၍ လျင်စွာ ယာဂုကို ကျိုလေလော့ဟု ပြောဆိုကြကုန်၏။ ထိုအိမ်ကျွန်မသည် ထင်းတို့ကို ယူသည်ရှိသော် အထက်၌ တည်ရှိကုန်သော စိုစွတ်သော ရေခံတက်သားထင်းတို့ကို ယူ၍ အဖန်ဖန် အထပ်ထပ် မပြတ်ကြိုးပမ်း မီးမှုတ်ပါသော်လည်း နေထွက်သည်အထိ မီးကိုတောက်စေခြင်းငှာ မစွမ်းနိုင်ခဲ့ပေ။

လုလင်တို့သည် အလွန်နေမြင့်သည် ဖြစ်ကုန်ပြီ။ ဤယခုအခါ၌ သွားခြင်းငှာ မစွမ်းနိုင်ကုန်ပြီဟု ဆရာ၏အထံသို့ သွားကြကုန်၏။ ဆရာက အမောင်တို့ အသို့နည်း။ မသွားကြကုန်သလောဟု မေးသဖြင့် လုလင်တို့က ဆရာ ခြေသော် ဟုတ်မှန်ပါ၏ မသွားကြပါကုန်ဟု ပြောကြားသောအခါ အဘယ်အကြောင်းကြောင့် မသွားကြကုန်သနည်းဟု ထပ်မံ၍ မေးမြန်းသဖြင့် ဤအမည်ရှိသော

ပျင်းရိသော လုလင်သည် အကျွန်ုပ်တို့နှင့် အတူတကွ ထင်းအလို့ငှာတောသို့ သွားကြကုန်သည်ရှိသော် ရေခံတက်ပင်ရင်း၌ အိပ်နေ၍ နောက်မှ လျင်စွာသော အဟုန်ဖြင့် သစ်ပင်သို့ တက်ကာ မျက်စိကို ကွဲပျက်စေလျက် စိုစွတ်သော ရေခံတက်သား ထင်းတို့ကို ဆောင်ယူခဲ့ပြီးလျှင် အကျွန်ုပ်တို့ ဆောင်ယူခဲ့သော ထင်းတို့၏ အထက်၌ တင်ထားပါသည်၊ ယာဂုကျိုသော အိမ်ကျွန်မသည် ထိုစိုစွတ်သော ထင်းတို့ကို ခြောက်သေ့သောထင်းဟူသော အမှတ်ဖြင့် ယူငင်၍ နေထွက်သည့်တိုင်အောင် မီးကိုတောက်စေခြင်းငှာ မစွမ်းနိုင်ပါ။ ဤသို့သော အကြောင်းကြောင့် အကျွန်ုပ်တို့အား သွားခြင်းအန္တရာယ်ဖြစ်ပါသည်ဟု ပြောဆိုကြကုန်၏။ ဆရာသည် လုလင်ပြုသော အမှုကို ကြားသော် သူကာန်းမိုက်တို့၏ ပြုလုပ်သောအမှုကို အမှီပြု၍ ဤသို့သဘောရှိသော ဆုတ်ယုတ်ခြင်း ဖြစ်ရသည်ဟု ပြောဆိုပြီး ဤဂါထာကို ရွတ်လေ၏။

ယော ပုဗ္ဗေ ကရဏီယာနိ၊ ပစ္ဆာ သော ကာတုမိစ္ဆတိ။
ဝရုဏကဋ္ဌဘဉ္ဇောဝ၊ သ ပစ္ဆာ မနုတပ္ပတိ။

အမောင်တို့ အကြင်သူသည် ရှေးဦး၌ ပြုလုပ်ဖွယ်အမှုတို့ကို နောက်အဖို့အားဖြင့် ပြုလုပ်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် ရေခံတက်ထင်းကို ချိုးဖွဲ့သော ဤလုလင်သည် အဖန်တလဲလဲ ပူပန်ရသကဲ့သို့ အဖန်တလဲလဲ အမြဲပူပန်ရလေ၏ဟု ပြောဆို၏။

ဤသို့လျှင် ဘုရားလောင်းသည် အဘွင်းနေ တပည့်တို့အား ဤသို့သော အကြောင်းကိုပြောကြား၍ ဒါနအစရှိကုန်သော ကုသိုလ်ကောင်းမှုတို့ကိုပြုလုပ်၍ အသက်၏ အဆုံး၌ ကံအားလျော်စွာ လားရ၏။ မြတ်စွာဘုရားသည် ဤကော နိပါတ် ဤဝရုဏဇာတ်ကို ဒေသနာယ်ဝိတ္ထာရအားဖြင့် ဟောကြားတော်မူ၏။ ချစ်သားရဟန်းတို့ ဤရဟန်းတို့သည် ငါးရာကုန်သော တပည့်လုလင်တို့ ဖြစ်ဖူးကုန်ပြီ။ ပျင်းရိသော လုလင်သည် ဤရဟန်းဖြစ်လာ၏။ ဆရာသည်ကား ငါဘုရားသာလျှင် ဖြစ်လာ၏ဟု ဇာတ်တော်ကို ပေါင်းတော်မူ၏။

မြတ်စွာဘုရားသည် ဤတရားဒေသနာတော်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ အကြင်သူသည် ထကြွလုံ့လ ဝီရိယ ရှိသင့်သောအခါ၌ ထကြွလုံ့လ ဝီရိယကို မပြု။ မပြည့်မစုံ မကုံလုံသော အကြံအစည် ရှိသည်ဖြစ်၏။ ပေါ့တန် ပျင်းရိသော ထိုသူသည် ဈာန်အစရှိသော တရားအထူးကို မရပေဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

ဥဋ္ဌာနကာလမှိ အနုဋ္ဌဟာနော၊ ယုဝါ ဗလီ အာလသိယံ ဥပေတော။
သံသန္နသင်္ကပ္ပမနော ကုသီတော၊ ပညာယ မဂ္ဂံ အလသော န ဝိန္ဒတိ။

ပျိုမြစ်နုထွား ခွန်အားနှင့် ပြည့်စုံပါသော်လည်း ထကြွလုံ့လပြုသင့်သော အခါ၌ ထကြွမှု လုံ့လမရှိ၍ ပျင်းရိထိုင်းမှိုင်းလျက် ဆုတ်နစ်သောစိတ်အကြံ ရှိ၍ ထိုပျင်းရိသူသည် ပညာဖြင့်သာ ရယူနိုင်သော အရိယာမဂ်ကို မရနိုင်။

ထိုဂါထာ၌ အနုဋ္ဌဟာနော=ဟူသည် မထကြွလတ်သော် အားမထုတ်လတ် သော်တည်း။

ယုဝါ ဗလီ=ဟူသည် ပထမအရွယ်၌ တည်၍ အားနှင့်ပြည့်စုံသော်လည်း ပျင်းရိသည်၏ အဖြစ်ဖြင့် ကပ်ရောက်သည်ဖြစ်၏။ စားပြီးအိပ်နေ၏။

သံသန္နသင်္ကပ္ပမနော=ဟူသည် မှားသောအကြံအစည် သုံးမျိုးတို့ဖြင့် ကောင်းစွာ ဆုတ်နစ်သော အကြံအစည်စိတ်ရှိသည်တည်း။

ကုသီတော=ဟူသည် ဝီရိယမရှိသောတည်း။

အလသော=ဟူသည် အပျင်းကြီးသူသည် ပညာဖြင့် မှတ်အပ်သော အရိယာမဂ်ကို မမြင်ခြင်းကြောင့် မရနိုင်တည်း။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် အစရှိသည် တို့သို့ ရောက်ကုန်၏။

ပဓာနကမ္မိကတိဿမထေရ်ဝတ္ထု ဖြစ်၏။

---

## ၆။ သူကရပေတဝတ္ထု

ဝါစာနုရက္ခီ–အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ဝက်ပြိတ္တာ တစ်ဦးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

တစ်နေ့သောအခါ မောဂ္ဂလ္လာန်မထေရ်သည် လက္ခဏမထေရ်နှင့် အတူတကွ ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းလျက် တစ်ခုသောအရပ်၌ ပြုံးရယ်ခြင်းအမှုကို ထင်ရှားပြုတော်မူ၏။ ငါ့ရှင်မောဂ္ဂလာန် ပြုံးရယ်ခြင်းအမှုကို ထင်ရှားပြုခြင်း ကား အကြောင်းအသို့နည်းဟု လက္ခဏမထေရ်က မေးအပ်သည်ရှိသော် ငါ့ရှင်လက္ခဏ ဤအမေးပုစ္ဆာကို မေးခြင်း၏ အချိန်ကာလ မဟုတ်သေး။ မြတ်စွာဘုရား၏ အထံ၌ ငါ့ကို မေးဘိလော့ဟု ပြောဆို၍ လက္ခဏမထေရ်နှင့် တကွ ရာဇဂြိုဟ်မြို့၌ ဆွမ်းအလို့ငှာ လှည့်လည်၍ ဆွမ်းခံရာမှ ဖဲခဲ့သည်ရှိသော်

ဝေဠုဝန် ကျောင်းတော်၌ ဘုရားသခင်ထံမှောက်သို့ သွားရောက် ပြီးလျှင် ဘုရားရှင်ကို ရှိခိုးဦးချထိုင်နေ၏။ ထိုအခါ မောဂ္ဂလာန်မထေရ်ကို လက္ခဏ မထေရ်က ဂိဇ္ဈကုဋ်တောင်အဆင်း ပြုံးရယ်ခြင်း ထိုအကြောင်းကို မေးမြန်း၏။ ထိုမောဂ္ဂလာန် မထေရ်သည် ငါ့ရှင်လက္ခဏ ငါသည် တစ်ကောင်သော ပြိတ္တာကိုမြင်ပြီ။ ထိုပြိတ္တာ၏ ကိုယ်သည် သုံးဂါဝုတ် အတိုင်းအရှည်ရှိ၏။ ထိုကိုယ်သည် လူ၏ကိုယ်နှင့်တူ၏။ ဦးခေါင်းသည်ကား ဝက်၏ဦးခေါင်းကဲ့သို့ရှိ၏။ ထိုပြိတ္တာ၏ခံတွင်း၌ အမြီး ပေါက်၏။ ထိုခံတွင်းမှ ပိုးလောက်တို့သည် ယိုစီး ကျထွက်ကုန်၏။ ငါ့အား ဤသို့သဘောရှိသော သတ္တဝါကို ငါသည် ရှေးအခါက မမြင်ဘူးချေ။ ထိုသတ္တဝါကို မြင်သောကြောင့် ပြုံးရယ်ခြင်းအမှုကို ထင်ရှား ပြုပေသည်ဟု ပြောဆို၏။ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ငါဘုရား၏ တပည့်တို့သည် မျက်စိအမြင် ရှိကုန်သည်ဖြစ်၍ နေကုန်စွကကားဟု မိန့်တော်မူပြီးလျှင် ငါဘုရားသည်လည်း ဤသတ္တဝါကို ဗောဓိမဏ္ဍိုင်၌ သီတင်းသုံးစဉ် ကာလကပင် မြင်တော်မူပြီ အကြင်သူတို့သည် ငါဘုရား၏ စကားကို မယုံကြည် ကုန်။ ထိုသူတို့အား အစီးအပွားမဲ့သည် ဖြစ်ပေရာ၏ဟု သူတစ်ပါးတို့အား အစဉ်သနားသဖြင့် မပြောကြားလေ။ ဤယခုအခါ၌ မောဂ္ဂလာန်ကို သက်သေ ပြု၍ ဟောကြားအံ့။ ချစ်သား ရဟန်းတို့ မောဂ္ဂလာန်သည် ဟုတ်မှန်သည်ကို ပြောဆို၏ဟု မိန့်တော်မူ၏။ ရဟန်းတို့သည် မြတ်စွာဘုရား မိန့်တော်မူသော ထိုစကားကိုကြား၍။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုသူပြုခဲ့ဖူး သော ရှေးမကောင်းမှုကံကား အဘယ်ပါနည်းဟု မြတ်စွာဘုရားကို မေးလျှောက် ကုန်၏၊ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ ထိုသို့တပြီးကား နာကြကုန်လော့ ဟု တိုက်တွန်းတော်မူပြီးလျှင် အတိတ်ကိုဆောင်၍ ထိုပြိတ္တာ၏ ရှေးမကောင်းမှု ကံကို ဟောကြားတော်မူ၏။

## ဝက်ပြိတ္တာ၏ အတိတ်ဝတ္ထု

ကဿပ မြတ်စွာဘုရား လက်ထက်တော်အခါဝယ် တစ်ခုသောရွာ၌ နေကုန် သော မထေရ်နှစ်ပါးတို့သည် အညီအညွတ် နေကြကုန်၏။ ထိုနှစ်ပါးတို့တွင် တစ်ပါးသော မထေရ်သည် ဝါခြောက်ဆယ်ရရှိ၏။ တစ်ပါးသော မထေရ်သည် ငါးဆယ့်ကိုးဝါ ရရှိ၏။ ငါးဆယ့်ကိုးဝါရရှိသော မထေရ်သည် ဝါခြောက်ဆယ်ရရှိ သော မထေရ်တစ်ပါး၏ သပိတ်သင်္ကန်းကို ယူဆောင် လှည့်လည်၏။ သာမဏေ ကဲ့သို့ အလုံးစုံသောဝတ်ကြီး ဝတ်ငယ်ကိုပြု၏။ တစ်မိဝမ်းတွင်း ကိန်းအောင်း မွေးဖွားသော ညီအစ်ကိုရင်း ကဲ့သို့ ညီညွတ်စွာ နေထိုင်ကုန်သော ထိုရဟန်း နှစ်ပါးတို့၏ နေရာအရပ်သို့ တရားဟော ဓမ္မကထိက ရဟန်တစ်ပါးသည် ရောက်

လာ၏၊ထိုအခါ၌လည်း တရားနာသော နေ့သည်ဖြစ်၏ ကျောင်းနေမထေရ်တို့က နောက်မှလာသော ထို ဓမ္မကထိက ရဟန်းကိုချီးမြှောက်၍ သူတော်ကောင်း ငါတို့အား 'တရားဟောပါလော့ဟု ပြောဆိုကုန်၏ ထိုရဟန်းသည် တရားစကားကို ဟောကြား၏ ကျောင်းနေမထေရ်တို့လည်း ငါတို့အား တရားဟောတတ်သော ပုဂ္ဂိုလ်ရပြီဟု နှစ်သက်သောစိတ်ရှိကုန်၏ တစ်ဖန် မိုးသောက်ရောက်သောနေ့၌ ထိုဓမ္မကထိကရဟန်းကိုခေါ်ယူပြီးလျှင် အဦးဖြစ်သောရွာသို့ ဆွမ်းအလို့ငှါကြွခင်၍ ထိုရွာ၌ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအခါ ငါ့ရှင် ယမန်နေ့က ဟောအပ်သော နေရာမှသာလျှင် အနည်းငယ်မျှ တရားတော်ကို ဟောကြားပါလော့ဟု တိုက်တွန်း၍ လူတို့ကို တရားဟောစေကုန်၏။ လူတို့သည် တရားစကားကို ကြားနာရကုန်၍ နောက်တနေ့အတွက်လည်း ပင့်ဖိတ် ကုန်၏၊ ဤသို့လျှင် ထက်ဝန်း ကျင်သော ဆွမ်းခံရွာတို့၌ နှစ်ရက် နှစ်ရက်တို့ ပတ်လုံး ထိုဓမ္မကထိကရဟန်းကို ခေါ်ယူ၍ ဆွမ်းအလို့ငှါလှည့်လည်ကြကုန်၏။

## ကျောင်းရရန် ကုန်းချောပုံ

ဓမ္မကထိကရဟန်းသည် နှစ်ပါးကုန်သော ဤကျောင်းနေ မထေရ်ရဟန်းတို့သည် အလွန်နူးညံ့သိမ်မွေ့ကုန်၏ ငါသည် ဤမထေရ် ရဟန်းနှစ်ပါးတို့ကို ထွက်ပြေးစေ၍ ဤကျောင်း၌ နေခြင်းငှာ သင့်လျော်၏ဟုကြံ၏ ကြံပြီး၍ကား ထိုဓမ္မကထိက ရဟန်းသည် ညနေချမ်းအခါ–မထေရ်ကြီးကို ခစားရာ အရပ်သို့ သွားရောက်၍ ရဟန်းတို့ ထသွားသောအခါ၌ မထေရ်သို့ ချဉ်းကပ်၍ အရှင်ဘုရား အနည်းငယ်မျှ ပြောဆို လျှောက်ထားဖွယ် ရှိပါ၏ဟု ပြောဆိုပြီးလျှင် ငါ့ရှင် ပြောဆိုပါလော့ဟု မထေရ်ကြီးက ပြောဆိုသည်ရှိသော် အနည်းငယ် ကြံစည်တွေးတော၍ အရှင်ဘုရား ဤစကား မည်သည် အလွန်များသော အပြစ်ရှိပါ၏ဟု လျှောက်ပြီးလျှင် မပြောမဆိုဘဲသာလျှင် ဖဲသွား၏ မထေရ်ငယ်၏ အထံသို့လည်း သွားရောက်၍ မထေရ်ကြီး၏ အထံ၌ကဲ့သို့ပင်ပြု၏ ထိုဓမ္မကထိကရဟန်းသည် နှစ်ရက်မြောက်သောနေ့၌လည်း ထိုအတူသာလျှင်ပြု၍ သုံးရက်မြောက်သောနေ့၌ ထိုမထေရ်တို့အား အလွန်လျှင် စိတ်နှလုံး စနောင့်စနင်းဖြစ်သည် ရှိသော် မထေရ်ကြီးသို့ ချဉ်းကပ်၍ အရှင်ဘုရား အနည်းငယ် ပြောဆိုဖွယ် ရှိပါ၏ 'ယင်းသို့ပြောဆိုဖွယ် ရှိပါသော်လည်း အရှင်ဘုရားတို့၏ အထံ၌ ပြောဆိုခြင်းငှာ မဝံ့ပါဟု 'လျှောက်ကြား၍ မထေရ်ကြီးက ငါ့ရှင် ရှိစေဦး ပြောသာပြောလော့ဟု တိုက်တွန်းသောကြောင့် အရှင်ဘုရား အသျှင်ပေနည်း မထေရ်ငယ်သည် အရှင် ဘုရားတို့နှင့် အတူတကွ သုံးဆောင်ခြင်း ရှိပါ၏လောဟုမေး၏ သူတော်ကောင်း အဘယ်ကြောင့် ဤသို့မည်သော စကားကို

ပြောကြားဘိသနည်း ငါတို့သည် တစ်ယောက်တည်းသော မိခင်၏ဝမ်း၌ တည်နေကိန်းအောင်း မွေးဖွားသော သားတို့ကဲ့သို့ ဖြစ်ပေ၏ ငါတို့နှစ်ယောက်တို့တွင် တစ်ယောက်သောသူသည် အကြွင်းပစ္စည်းဝတ္ထုကို ရ၏၊ ထိုပစ္စည်းဝတ္ထုကို တစ်ပါးသော သူသည်လည်း ရအပ်သည် မည်သည် ဖြစ်၏ ငါသည် ဤမျှလောက်သော ကာလပတ်လုံး ထိုမထေရ်ငယ်၏ ကျေးဇူးမဲ့ကို မြင်ဖူးသည်မရှိဟု ပြောဆို၏ အရှင်ဘုရား ဤသို့ဟုတ်မှန်ပါသလောဟု မေးလျှောက်ပြန်သဖြင့် ငါ့ရှင် ဩော်-ဟုတ်မှန်ပေ၏ဟု ပြောဆို၏ အရှင်ဘုရား တပည့်တော်ကို ထိုမထေရ်ငယ်သည် ဤသို့ပြောဆိုပါသည် အဘယ်သို့ ပြောဆိုသနည်း ဟူမူ သူတော်ကောင်း အသင်သည် ဇာမျိုးကောင်းသားတည်း ဤမထေရ်ကြီးသည် မကောင်းမှုကို ရှက်တတ်သော လဇ္ဇီပုဂ္ဂိုလ်ပေတည်း သီလကို ချစ်မြတ်နိုးတတ်သော ပုဂ္ဂိုလ်ပေတည်းဟု- နှလုံးသွင်း၍ ထိုမထေရ်ကြီးနှင့် အတူတကွ သုံးဆောင်ခြင်းကို ပြုသည်ရှိသော် စုံစမ်း၍ ပြုလေလော့ဟု ဤသို့လျှင် မထေရ်ငယ်သည် တပည့်တော်ကို ရောက်လာသောနေ့မှစ၍ ပြောကြားပါသည်ဟု ပြောဆို၏ မထေရ်ကြီးသည် ထိုသို့သို့သောစကားကို ကြား၍သာလျှင် အမျက်ထွက်သော စိတ်ရှိသဖြင့် တုတ်လှံတံဖြင့် ရိုက်ခတ်မိသော အိုးခွက်ကဲ့သို့ကွဲလေ၏ အာဂန္တုက ဓမ္မကထိကရဟန်းလည်း ထသွား၍ မထေရ်ငယ်၏ အထံသို့သွားပြီးလျှင် ထိုအတူသာလျှင် ပြောဆိုပြန်၏ မထေရ်ငယ် သည်လည်း ရှေးနည်း အတူ သာလျှင်ကွဲပြန်၏။

## ရဟန်းနှစ်ပါးတို့ ကွဲပြားသွားခြင်း

ဤမျှလောက် ရှည်ကြာသောကာလပတ်လုံး ထိုမထေရ် နှစ်ပါးတို့တွင် တစ်ပါးတည်း အသီးအခြား ဆွမ်းအလို့ငှာ ကြွားဝင်ဖူးခြင်းမရှိပါဘဲ ချောပစ်ကုန်းတိုက်သောစကား ပြောကြားပြီးသည့်နောက် တစ်ဖန် မိုးသောက်သောနေ့၌ကား အသီးအခြား ဆွမ်းအလို့ငှာ ကြွဝင်၍ မထေရ်ငယ်သည် ရှေးဦးစွာလာပြီးလျှင် ညီမူရာစရပ်၌ တည်နေ၏။ မထေရ်ကြီးသည် နောက်မှလာ၏။ ထိုမထေရ်ကြီးကိုမြင်၍ မထေရ်ငယ်သည် အသို့နည်း။ ဤမထေရ်ကြီး၏ သပိတ်-သင်္ကန်းကို ရှေးကကဲ့သို့ လှမ်းယူရအံ့လော။ သို့မဟုတ် မယူဘဲနေရအံ့လောဟု နှစ်လုံးနှစ်ခွရှိလျက် ဤယခုအခါမယူတော့အံ့ဟု ကြံစည်ပြီးရှိစေတော့ ငါသည် ဤသို့သဘောရှိသော အမှုကို ရှေးက ပြုခဲ့ဖူးသည်မဟုတ် ငါသည် မိမိပြုအပ်သော ဝတ်ကို ဆုတ်ယုတ်စေခြင်းငှါ မသင့်ဟု စိတ်နှလုံးနူးညံ့သည်ကိုပြု၍ မထေရ်ကြီးသို့ ချဉ်းကပ်လျက် အရှင်ဘုရားတို့ သပိတ်သင်္ကန်းကို ပေးကုန်လော့ဟု ပြောဆို၏။ မထေရ်ကြီးက ဆိုနိုင်ခက်သော ရဟန်း သွားလေလော့ အသင်သည် ငါ၏ သပိတ်သင်္ကန်းကို ကိုင်ယူခြင်းငှါ

မသင့်လျော်သော သဘောရှိ၏ဟု လက်ဖျစ်တီး၍ ပြောဆိုသောအခါ မထေရ်ငယ်ကလည်း အရှင်ဘုရား ဩော်-ဟုတ်မှန်ပါ၏။ တပည့်တော်သည်လည်း အရှင်ဘုရားတို့၏ သပိတ် သက်န်းကို မကိုင်ယူတော့အံ့ ကြံစည့်မိပါသည်ဟု ပြောဆိုသည်ရှိသော် ငါ့ရှင် သီတင်းငယ် သင် အဘယ်ကို ကြံစည်သနည်း။ ငါ့အား ဤကျောင်း၌ တစ်စုံတစ်ရာကပ်ငြိခြင်းရှိသည် မှတ်ထင်သလောဟု ဆို၏။ မထေရ်ငယ်ကလည်း အရှင်ဘုရား အရှင်တို့သည် အသို့နည်း တပည့်တော်အား ဤကျောင်း၌ တစ်စုံတစ်ရာ ကပ်ငြိခြင်းရှိ၏။ ဤသို့မှတ်ထင်အောက်မေ့ကုန်သလော။ ဤကျောင်းသည်အရှင်ဘုရား၏ကျောင်းတည်းဟု ပြော၍ သပိတ်သက်န်းကို ယူကာ ထွက်သွား၏ မထေရ်ကြီးသည်လည်း ထိုနည်းအတူ ပြောဆို ထွက်သွား၏။ ထိုနှစ်ဦးကုန်သော မထေရ်တို့သည် တစ်ကြောင်းတည်းသော ခရီးဖြင့်လည်း မကြွသွားကုန်ဘဲ တစ်ပါးသောမထေရ်သည် အနောက်မျက်နှာတံခါးဖြင့် ခရီးလမ်းကိုယူ၍ ထွက်သွား၏၊ တစ်ပါးသော မထေရ်သည် အရှေ့မျက်နှာတံခါးဖြင့် ခရီးလမ်းကိုယူ၍ ထွက်သွား၏။ ဓမ္မကထိကရဟန်းသည် အရှင်ဘုရားတို့ ဤသို့မပြုကြပါကုန်လင့်။ ဤသို့ မပြုကြပါကုန်လင့်ဟု ပရိယာယ်စကား ပြောကြားပြီးလျှင် ငါ့ရှင်တို့ ရပ်ကြပါဦးလော့ဟု တောင်းပန်ဘိ သကဲ့သို့ ပြောဆိုသော်လည်း ပြန်မလှည့်ဘဲ ကြွသွား၏။

ထိုဓမ္မကထိကရဟန်းသည် တစ်ဖန် မိုးသောက်သောနေ့၌ အဦးဖြစ်သော ရွာသို့ ကြွဝင်သောအခါ လူတို့က အရှင်ဘုရား တပည့်တော်တို့၏ အရှင်ကောင်းတို့သည် အဘယ်မှာနည်းဟု ဆိုသည် ရှိသော် ဒါယကာတို့ မမေးကြကုန်လင့်။ အသင်တို့၏အိမ်သို့ ချဉ်းကပ်ကြွရောက်တတ်ကုန်သော အရှင်တို့သည် ယမန်နေ့က အချင်းချင်း ခိုက်ရန်ပြု၍ ထွက်သွားကြကုန်ပြီ။ ငါသည် တောင်းပန်ပါသော်လည်း ပြန်လာစေခြင်းငှါ မစွမ်းနိုင်ပါဟု ပြောကြား၏။ ထိုလူအပေါင်းတို့တွင် မိုက်သောသူတို့သည် ဆိတ်ဆိတ်နေသည် ဖြစ်ကုန်၏။ ပညာရှိသောသူတို့သည်ကား ဤမျှလောက်ကာလပတ်လုံး အရှင်ကောင်းတို့၏ အနည်းငယ်မျှ ချွတ်ယွင်းသောအပြစ် မည်သည်ကို မမြင်ဖူးချေ၊ ထိုအရှင်တို့အား ဘေးရန်ဖြစ်ခဲ့သည်ရှိသော် ဤရဟန်းကို မှီ၍ ဖြစ်ပေါ်လတ္တံ့ဟု ဆင်ခြင်ကုန်၍ စိတ်နှလုံး မသက်သာခြင်းသို့ ရောက်သည် ဖြစ်ကုန်၏။ စိတ်ဝမ်းကွဲပြား ထွက်သွားကုန်သော ထိုမထေရ်နှစ်ပါးတို့လည်း ရောက်ရာအရပ်၌ စိတ်၏ ချမ်းသာခြင်း မည်သည်ကို မရကုန်၊ မထေရ်ကြီးက “သီတင်းငယ် ရဟန်း၏ ပြုအပ်သောအမှုကား ဩော်-ဝန်လေးစွတကား တစ်မုဟုတ်မျှ တွေ့မြင်ရသော အာဂန္တုက ရဟန်းကို မထေရ်ကြီးနှင့် အတူတကွ သုံးဆောင်ခြင်းကို မပြုလင့်ဟု ပြောဆိုနိုင်ချေ၏”ဟု တွေးတော ကြံစည်၏။ မထေရ်ငယ်ကလည်း “မထေရ်ကြီး၏ ပြုအပ်သောအမှုကား ဩော်-ဝန်လေးပေစွ။ တစ်မုဟုတ်မျှ တွေ့မြင်ရသော

အခါဂန္တု(က ရဟန်းကို ဤမထေရ်ငယ်နှင့် အတူတကွ သုံးဆောင်ခြင်းကို မပြုလင့်ဟု ပြောဆိုနိုင်ပေ၏ဟူ၍ တွေးတောကြံစည်၏။ ထိုမထေရ်တို့သည် သရဇ္ဈာယ်ခြင်း စသည်တို့ကို နှလုံးသွင်းခြင်း မဖြစ်နိုင်လေ။

ထိုမထေရ် နှစ်ပါးတို့သည် အနှစ်တစ်ရာလွန်မြောက်သဖြင့် အနောက်အရပ်မျက်နှာ၌ တစ်ခုသောကျောင်းသို့ ပေါင်းစုံသွားရောက်မိကုန်၏။ ထိုမထေရ်နှစ်ပါးတို့အား ကျောင်းနေရာ ညွှန်ကြားခဲ့ဝေသည်ရှိသော် တစ်ခုတည်းသောကျောင်းသို့သာလျှင် ပေါင်းစုံ ကျရောက်၏။ မထေရ်ကြီးသည် ကျောင်းသို့ဝင်၍ ညောင်စောင်း၌ လျောင်းအိပ်သည်ရှိသော် မထေရ်ငယ်သည်လည်း ကျောင်းသို့ဝင်၏။ မထေရ်ကြီးသည် မထေရ်ငယ်ကို မြင်၍သာလျှင် မှတ်မိသည်ဖြစ်ရကား မျက်ရည်တို့ကို ဆည်ခြင်းငှါ မစွမ်းနိုင်။ မထေရ်ငယ်သည်လည်း မထေရ်ကြီးကို မှတ်မိ၍ မျက်ရည်ပြည့်သော မျက်စိတို့ဖြင့် စကားပြောဆိုရအံ့လော။ စကာမပြောဆိုရအံ့လောဟု ကြံပြီး၍ ယုံကြည်ထိုက်သောသဘောရှိသော ပုဂ္ဂိုလ်ပေတည်းဟု နှလုံးသွင်းပြီးလျှင် ထိုမထေရ်ကြီးကို ရှိခိုး၍ အရှင်ဘုရား တပည့်တော်သည် ဤမျှလောက် ကာလပတ်လုံး အရှင်ဘုရားတို့၏ သပိတ်–သင်္ကန်းကို ယူဆောင်၍ လှည့်လည်ခဲ့ပါသည်။ စင်စစ် တပည့်တော်အား ကာယဒွါရစသည်တို့၌ အနည်းငယ်မျှ မလျောက်ပတ်သည်ကို အရှင်ဘုရားတို့ မြင်ဖူးပါသလောဟု မေးလျှောက်၏။ ငါ့ရှင် မမြင်ဖူးပါဟု ပြောဆို၏။ ထိုသို့မမြင်ဖူးပါလျက် အဘယ်ကြောင့် ဓမ္မကထိကရဟန်းကို ဤမထေရ်ငယ်နှင့် အတူတကွ သုံးဆောင်ခြင်းကိုမပြုလင့်ဟု ပြောဆိုကုန်ဘိသနည်းဟု လျှောက်၏။ ငါ့ရှင် ငါသည် ဤသို့ မပြောမဆို ရချေတကား၊ ငါ့ရှင်သည်သာလျှင် ငါ၏ မျက်ကွယ်အကြား၌ ဓမ္မကထိကရဟန်းကို ဤသို့သော စကားကို ပြောကြားသည် မဟုတ်တုံလောဟု ပြန်၍ မေးသည်ရှိသော် အရှင်ဘုရား တပည့်တော်သည်လည်း ဤသို့ မပြောမဆိုရပါဟု လျှောက်ထား၏။ မထေရ်တို့သည် ထိုခဏ၌ ဓမ္မကထိကဖြစ်သော ထိုရဟန်းသည် ငါတို့ကို ကွဲပြားစေခြင်းငှါ အလိုရှိသောကြောင့် ဤသို့ ပြောဆိုသည် ဖြစ်လတ္တံ့ဟု သိကုန်၍ တစ်ပါးနှင့်တစ်ပါး လွန်ကျူး၍ဖြစ်သော အပြစ်ကို ဖော်ပြပြောကြားကုန်၏။ ထိုမထေရ်တို့သည် အနှစ်တစ်ရာပတ်လုံး စိတ်သက်သာရာ မရကုန်ဘဲ ထိုနေ့၌ သင့်တင့် ညီညွတ်ကုန်သည် ဖြစ်၍လာလှည့်ကုန်လော့ ထိုဓမ္မကထိကရဟန်းကို ၎င်းကျောင်းမှ ငင်ထုတ်ကုန်အံ့ဟု ပြောဆို တိုင်ပင်-ဖဲသွားကြကုန်၍ အစဉ်အတိုင်းအားဖြင့် ထိုကျောင်းသို့ ရောက်သွားကြကုန်၏။

## ဓမ္မကထိကထွက်ပြေးခြင်း

ဓမ္မကထိကရဟန်းသည်လည်း မထေရ်တို့ကိုမြင်၍ သပိတ်-သင်္ကန်း လှမ်းယူခြင်းငှါ ချဉ်းကပ် သွားရောက်၏။ မထေရ်တို့က အသင်သည် ဤကျောင်း၌ နေခြင်းငှါ မသင့်လျော်ဟု ပြောဆို၍ လက်ဖျစ်ကို တီးခတ်ကုန်၏။ ထိုဓမ္မကထိကရဟန်းသည် ဝ၁ည်နေခြင်းငှါ မစွမ်းနိုင်သောကြောင့် ထိုဏာ၌သာလျှင် ထွက်ပြေးလေ၏။ ထို့နောက် အနှစ် နှစ်သောင်းတို့ ကာလပတ်လုံး အားထုတ်ပြုလုပ်အပ်သော ရဟန်းတရားသည် ထိုရဟန်းကို ကောင်းစွာ ခိုင်ခံ့တည်တံ့စေခြင်းငှါ မစွမ်းနိုင် ထိုဘဝမှ စုတေခဲ့၍ အဝီစိငရဲ၌ဖြစ်လျက် တစ်ဆူသောဘုရားရှင် အကြားကာလပတ်လုံး ခံစားရပြီး ဤယခုအခါ ဂိဇ္ဈကုဋ်တောင်၌ ဆိုအပ်ပြီးသော အပြားရှိသော အတ္တဘောဖြင့် ဆင်းရဲကို ခံစားရ၏ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားသည် ထိုဂါထာ၏ ရှေး၌ဖြစ်ခဲ့ဖူးသော မကောင်းမှုကို ဆောင်တော်မူပြီး၍ ချစ်သားရဟန်းတို့ ရဟန်းမည်သည် ကိုယ်အမှုအရာ စသည်တို့ဖြင့် ငြိမ်သက်သော သဘောရှိသည် ဖြစ်အပ်၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောကြားတော်မူ၏။

**ဝါစာနုရက္ခီ မနသာ သုသံဝုတော။**
**ကာယေန စ နာကုသလံ ကယိရာ။**
**ဧတေ တယော ကမ္မပထေ ဝိသောဓယေ၊**
**အာရာဓယေ မဂ္ဂမိသိပ္ပဝေဒိတံ။**

ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းအားဖြင့် နှုတ်ကို အစဉ်စောင့်ရှောက်ရာ၏၊ စိတ်ဖြင့်မနောဒုစရိုက်ကိုကောင်းစွာစောင့်စည်းရာ၏။ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ ထိုကမ္မပထတရား သုံးပါးတို့ကို သုတ်သင်ပြီးလျှင် မြတ်စွာဘုရား ဟောကြားအပ်သော မဂ်ကို ပြီးစေရာ၏။

ထိုဂါထာ၏အဓိပ္ပါယ်ကား။ ။ဝစီဒုစရိုက် လေးပါးတို့ကို ရှောင်ကြဉ်ခြင်းဖြင့် နှုတ်စောင့်စည်းခြင်းရှိသည်။ အဘိဇ္ဈာစသည်တို့ကို မဖြစ်စေခြင်းဖြင့် စိတ်ဖြင့် ကောင်းစွာစောင့်ထိန်းသည်။ သူ့အသက်သတ်ခြင်း အစရှိသည်တို့ကို ပယ်စွန့်လျက် ကိုယ်ဖြင့် အကုသိုလ်ကိုမပြုရာ။ ဤသို့ သုံးမျိုးသောကံ အထမြောက်

ကြောင်းတို့ကို သုတ်သင်ရာ၏။ ဤသို့ သုတ်သင်သောသူသည် သီလအစ အစရှိသည်တို့ကို ရှာမှီးကုန်သော ဘုရားအစရှိကုန်သော ရသေ့ရဟန်းတို့သည် သိစေအပ်သော မဂ္ဂင်ရှစ်ပါးကို ပြီးစေရာ၏တည်း။

ဒေသနာတော်၏အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

သူရကဝတ္ထုပြီး၏။

---

## ၇။ ပိဋကတ်သုံးပုံဆောင် ပေါဋ္ဌိလမထေရ် ဝတ္ထု

ယောဂါ ဝေ ဇာယတေ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပိဋကတ်သုံးပုံဆောင် အရှင်ပေါဋ္ဌိလမထေရ်ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ထိုပေါဋ္ဌိလမထေရ်သည် ခုနစ်ဆူကုန်သော ဘုရားရှင်တို့၏ သာသနာ၌ ပိဋကတ်သုံးပုံကို နှုတ်ငုံရွတ်ဆောင်လျက် ငါးရာသော ရဟန်းတို့အား တရားတော်ကို ချပို့နေလေ၏။ မြတ်စွာဘုရားသည် ဤပေါဋ္ဌိလ ရဟန်းအား မိမိ၏ ဝဋ်ဆင်းရဲမှ ထွက်မြောက်ခြင်းကို ပြုအံ့ဟူသော စိတ်မျှလည်း မရှိ။ ထိုပေါဋ္ဌိလကို ထိတ်လန့်စေအံ့ဟု ကြံစည်တော်မူ၏။ ထိုသို့ ကြံစည်တော်မူပြီးသည်မှ စ၍ မိမိအား ဆည်းကပ်ခြင်းသို့ လာရောက်သောအခါ၌ ထိုပေါဋ္ဌိလမထေရ်ကို အချည်းနှီးသော ပေါဋ္ဌိလ လာခဲ့လော့ အချည်းနှီးသော ပေါဋ္ဌိလ ထိုင်လော့။ အချည်းနှီးသော ပေါဋ္ဌိလ သွားလော့ဟု မိန့်ဆိုတော်မူ၏။ နေရာမှ ထ၍ သွားသောအခါ၌လည်း အချည်းနှီးသော ပေါဋ္ဌိလသည် သွားလေပြီဟု မိန့်ဆိုတော်မူ၏။ ထိုပေါဋ္ဌိလ မထေရ်သည် ကြံစည်၏။ အဘယ်သို့ ကြံစည်သနည်းဟူမူ "ငါသည် အဋ္ဌကထာနှင့်တကွသော ပိဋကတ်သုံးပုံတို့ကို ဆောင်၏။ ငါးရာစီကုန်သော ရဟန်းတို့၏ တစ်ဆယ့်ရှစ်ရပ်သော ဂိုဏ်းကြီးတို့ကို ပို့ချ၏။ ထိုသို့ ဖြစ်ပါလျက် ငါ့ကို မြတ်စွာဘုရားသည် အစဉ်မပြတ် အချည်းနှီးသော ပေါဋ္ဌိလဟု မိန့်ဆိုတော်မူဘိ၏။ အမှန်စင်စစ် စျာန်အစရှိသည်တို့၏ မရှိသော အဖြစ်ကြောင့် ငါ့ကို မိန့်ဆိုတော်မူသည်"ဟု ကြံစည်၏။

### ပေါဋ္ဌိလမထေရ် တောသွက်ခြင်း

ထိုပေါဋ္ဌိလ မထေရ်သည် ထိတ်လန့်ခြင်း ရှိသည်ဖြစ်၍ တောသို့ဝင်ရောက်ပြီး ရဟန်းတရားကို အားထုတ်ပြုလုပ်အံ့ဟု ကြံစည်ကာ မိမိကိုယ်တိုင်သာ သပိတ်သင်္ကန်းကို စီမံ၍ မိုးသောက်သောအခါ၌ အလုံးစုံသော စာသင်ရဟန်းတို့

နောက်ဆုံး၌ တရားတော်ကို သင်ယူပြီးလျှင် ထွက်ကြသော ရဟန်းနှင့်အတူတကွ ထွက်ကြ၏။ ပရိဝုဏ်၌ ထိုင်နေကာ သရဇ္ဈာယ်ကြကုန်သော ရဟန်းတို့သည် မိမိတို့ ဆရာမထေရ်တည်းဟု မမှတ်ထင်ကြကုန်။ ထိုပေါဋ္ဌိလ မထေရ်သည် ယူဇနာ တစ်ရာ့နှစ်ဆယ်ရှိသော ခရီးသို့သွား၍ တစ်ခုသော တောကျောင်း၌ သုံးကျိပ်သော ရဟန်းတို့သည် နေကြကုန်၏။ ထိုရဟန်းတို့သို့။ ချဉ်းကပ်၍သံဃာ့ မထေရ်ကို အရှင်ဘုရား တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်ပါကုန်လော့ဟုတောင်းပန် လျှောက်ထား၏ သံဃာ့ထေရ်က ငါ့ရှင် အသင်သည် ဓမ္မကထိကပေတည်း ငါတို့သည် အသင့်ကို မှီ၍ တစ်စုံတစ်ခုကို သိအပ်သည် ဖြစ်ပေရာ၏ အဘယ် ကြောင့်ဤသို့ပြောဆိုသနည်းဟု မေး၏။ အရှင်ဘုရားတို့ ဤသို့ မပြုပါကုန်လင့်။ တပည့်တော်၏ ကိုးကွယ်ရာ ဖြစ်ပါကုန်လော့ဟု ထပ်မံလျှောက်ထားပြန်၏။ ထို အလုံးစုံသော ရဟန်း သုံးကျိပ်တို့သည်ကား အာသဝေါကုန်ခန်း ရဟန္တာတို့ ချည်းသာတည်း။ ထိုအခါ မထေရ်က ဤပေါဋ္ဌိလမထေရ်အား သင်ယူအပ်သော ပရိယတ်ကို မှီ၍ တက်ကြွသော မာန်ရှိသည်သာလျှင်တည်းဟု သိတော်မူ၍ ထို ပေါဋ္ဌိလကို မိမိအောက်ငယ်သော မထေရ်၏ အထံသို့ စေလွှတ်၏။ ထိုမထေရ် ကလည်း ရှေးနည်းအတူသာလျှင် ထိုပေါဋ္ဌိလကို မိမိအောက်ငယ်သော မထေရ် ထံသို့ စေလွှတ်ပြန်၏။ ဤသို့သော အကြောင်းဖြင့် အလုံးစုံသော ရဟန်းတို့သည် လည်း ထိုပေါဋ္ဌိလကို စေလွှတ်ကြလျက် နေ့သန့်ရာအရပ်၌ ထိုင်နေ၍ သက်န်း ချုပ်နေသော ခုနစ်နှစ်သားမျှသာရှိသော သာမဏေ၏ အထံသို့ စေလွှတ်ကုန်၏ ဤသို့သော အခြင်းအရာဖြင့် ထိုပေါဋ္ဌိလ၏ မာနကို နုတ်ပယ်ကြကုန်၏။

## ခုနစ်နှစ်ရွယ် သာမဏေထံ၌ ကမ္မဋ္ဌာန်းယူပုံ

ထိုပေါဋ္ဌိလသည် နုတ်ပယ်ချိုးဖွဲ့အပ်သော မာန်ရှိလျက် သာမဏေ၏ အထံ၌ လက်အုပ်ကို မြှောက်ချီ၍ အိုသူတော်ကောင်း ကိုးကွယ်ရာသည် ဖြစ်ပါလော့ဟု တောင်းပန်ပြောဆို၏။ သာမဏေက ဆရာကြီး သြော်-အံ့ဖွယ် ရှိပေစွ အဘယ့်ကြောင့် ဤစကားကို ပြောဆိုလေကုန်သနည်း။ အရှင်ဘုရားတို့ သည် အရွယ်ကြီးကုန်၏။ များသော အကြားအမြင်ရှိကုန်၏။ အရှင်ဘုရားတို့၏ အထံ၌ တပည့်တော်သည် သိသင့် သိထိုက်သော တစ်စုံတစ်ခုသော အကြောင်း ရှိသည်သာ ဖြစ်ပေရာ၏ဟု ပြောဆို၏။ အိုသူတော်ကောင်း ဤသို့မပြုပါလင့်။ ငါ၏ ကိုးကွယ်ရာသာလျှင် ဖြစ်ပါလော့ဟု ပြောဆိုပြန်၏။ သာမဏေက အရှင် ဘုရားတို့ အကယ်၍ အဆုံးအမကို ခံယူကုန်သည် ဖြစ်ကုန်အံ့။ ထိုသို့ခံယူကုန် သည်ရှိသော် အရှင်တို့၏ ကိုးကွယ်ရာ ဖြစ်ပါတော့အံ့ဟု ဝန်ခံ၏။ အိုသူတော် ကောင်း ကိုးကွယ်ရာ ဖြစ်တော်မူပါ။ မီးပုံသို့ သက်ဆင်း ဝင်ရောက်လေလော့ဟု အသင်က ပြောသည် ရှိသော် ငါသည် မီးပုံတွင်းသို့ သက်ဆင်းဝင်ရောက်အံ့

သလျှင်ကတည်းဟု ပြောဆို၏။ ထိုအခါ ပေါဋ္ဌိလမထေရ်ကို အနီး၌ရှိသော တစ်ခုသော ရေအိုင်ကို ညွှန်ပြ၍ အရှင်ဘုရားဝတ်ရုံမြဲတိုင်း သက်န်းရှိ၍သာလျှင် ဤရေအိုင်သို့ သက်ဆင်းကြွဝင်ပါကုန်လော့ဟု ပြောဆို၏။

(ထိုသာမဏေ ပြောဆိုသော အကြောင်းကား ပေါဋ္ဌိလမထေရ်အား အဖိုးများစွာ ထိုက်သော နှစ်ထပ်သင်္ကန်းကို ဝတ်ရုံအပ်သည်၏ အဖြစ်ကို သိ၍လည်း အဆုံးအမ ခံနိုင်အံ့လောဟု စုံစမ်းလိုသောကြောင့် ဤသို့ ပြောဆိုခြင်း ဖြစ်လေသည်။)

ပေါဋ္ဌိလမထေရ်သည်လည်း တစ်ခွန်းတည်းသော စကားဖြင့်သာလျှင် ရေအိုင်သို့ သက်ဆင်း၏။ ထိုနောက် သင်္ကန်း အနားစွန်းတို့ကို ရေစွတ်စိုသော အခါ၌ ထိုပေါဋ္ဌိလမထေရ်ကို အရှင်ဘုရားတို့ ကြွလာပါကုန်လော့ဟု ခေါ်၍ စကားတစ်ခွန်းဖြင့်သာလျှင် လာရောက်တည်နေသော မထေရ်ကို သာမဏေက "အရှင်ဘုရား တောင်ပို့တစ်ခု၌ အပေါက်ခြောက်ပေါက် ရှိပါကုန်၏။ ထို အပေါက်ခြောက်ခုတို့တွင် အပေါက်တစ်ခုဖြင့် ဖွတ်သည် ဝင်သွားပါသည်။ ထို ဖွတ်ကို ဖမ်းယူခြင်းငှါ အလိုရှိသောသူသည် ဝင်ပေါက်မှ တစ်ပါးကုန်သော အပေါက်ငါးခုတို့ကို ပိတ်ဆို့၍ ခြောက်ခုမြောက် အပေါက်ကို ခွဲဖျက်ဖွင့်လှစ်၍ ဝင်သွားသော အပေါက်ဖြင့်သာလျှင် ဖမ်းယူ၏။ ဤနည်းတူစွာ အရှင်ဘုရားတို့သည် ခြောက်ပါးသော ဒွါရတို့၌ ဖြစ်ပေါ် တတ်ကုန်သော အာရုံတို့၌ ကြွင်းကုန်သော ငါးဒွါရတို့ကို ပိတ်၍ မနောဒွါရ၌ ကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုကို ဖြစ်စေကုန်လော့"ဟု ပြောဆို၏။ အကြားအမြင်များပြီးသော ရဟန်းအား ဤမျှသော နည်းပြစကားဖြင့်ပင်လျှင် ဆီမီးတန်ဆောင် အရောင်အလင်းကဲ့သို့ ဖြစ်၏။ ထိုပေါဋ္ဌိလမထေရ်သည် အိုသူတော်ကောင်း ဤမျှသာလျှင် ဖြစ်ပါစေတော့ဟု ဆိုပြီးလျှင် ကရဇကာယ၌ ဉာဏ်ကိုသက်စေ၍ ရဟန်းတရားကို အားထုတ်၏။ မြတ်စွာဘုရားသည် ယူဇနာ တစ်ရာ့နှစ်ဆယ်ထက်၌ သီတင်းသုံးတော်မူလျက် ထိုရဟန်းကို ကြည့်ရှုတော်မူပြီးသော် ဤရဟန်းသည် မြေကြီးအထုနှင့်တူသော ပညာရှိဘိသကဲ့သို့သာလျှင် ထိုအတူ ဤရဟန်းသည် မိမိကိုယ်ကို တည်စေခြင်းငှါ အပ်၏ဟု နှလုံးသွင်းတော်မူ၍ ထိုရဟန်းနှင့် အတူတကွ စကားပြောဆိုဘိသကဲ့သို့ အရောင်ကို နှံ့စေ၍ ဤဂါထာကို ဟောတော်မူ၏။

ယောဂါ ဝေ ဇာယတီ ဘူရိ၊ အယောဂါ ဘူရိသင်္ခယော။
ဧတံ ဒွေဓာပထံ ဉတွာ၊ ဘဝါယ ဝိဘဝါယ စ။
တထတ္တာနံ နိဝေသေယျ၊ ယထာ ဘူရိ ပဝဍ္ဎတိ။

ကမ္မဋ္ဌာန်းအာရုံ၌ အားထုတ်မှုလို့လကြောင့် ပညာဖြစ်ပွား၏၊ အာထုတ်မှု လို့လမရှိခြင်းကြောင့် ပညာကုန်ခန်း၏။ ပညာဖြစ်ပွားခြင်း ပညာဆုတ်ယုတ် ခြင်း၏ ဤအခြင်းအရာနှစ်ပါကိုသိ၍ အကြောင်းခြင်းအရာဖြင့် ပညာတိုးပွား၏၊ ထိုဒ ခြင်းအရာဖြင့် မိမိကိုယ်ကို သွင်းထားရာ၏။

ဤဂါထာ၌—

ယောဂ–ဟူသည် ၃၈-ဖြာသော ဘာဝနာအာရုံတို့၌ အသင့်အတင့် နှလုံး သွင်းခြင်းတည်း။

ဘူရိ–ဟူသည် မြေကြီးနှင့်တူသော ပြန့်ပြောသော ပညာတည်း။

သင်္ခယော–ဟူသည် ပျက်စီးခြင်းတည်း။

ဧတံ ဒွေဓာပထံ–ဟူသည် ဤအားထုတ်ခြင်း၊ အားမထုတ်ခြင်းတည်း။

ဘဝါယ ဝိဘဝါယာ–ဟူသည် တိုးပွားခြင်းစသည်လည်းကောင်း၊ မတိုးပွား ခြင်းသည်လည်းကောင်းတည်း။

တထာ–ဟူသည် ဘူရိဟုဆိုအပ်သော ပညာတိုးပွားခြင်းဖြင့် မိမိကိုယ်ကို သွင်းရာ၏တည်း။

ဒေသနာတော်၏အဆုံး၌ ပေါဋ္ဌိလမထေရ်သည် အရဟတ္တဖိုလ်၌ တည်၏။

ပေါဋ္ဌိလမထေရ် ပြီး၏။

---

### ၈။ ပဉ္စမဟလ္လကမထေရ် ဝတ္ထု

ဝနံ ဆိန္ဒထ–အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အသက်ကြီး သော ရဟန်းတို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

အရွယ်လွန်ပြီး ထိုရဟန်းကြီးတို့သည် လူဖြစ်စဉ်အခါ သာဝတ္ထိပြည်၌ ပစ္စည်း ဥစ္စာ ကြွယ်ဝသူတို့ဖြစ်ကြ၍ အချင်းချင်း အပေါင်းအဖော်တို့ ဖြစ်ကုန်ပြီးလျှင် အတူ တပေါင်းတည်း ကောင်းမှုကို ပြုကုန်လျက် မြတ်စွာဘုရား၏ တရားတော် ကို ကြားနာ၍ ငါတို့သည် အရွယ်ကြီးကုန်ပြီ။ အိမ်ရာဖွဲ့နှောင် ဤလူ့ဘောင်၌ နေသဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု တိုင်ပင်ကြပြီးလျှင် ဘုရားရှင်ကို ရဟန်းပြုရန် တောင်းပန်လျှောက်ကြား၍ ရဟန်းပြုကြကုန်၏။ အရွယ်ကြီးသော အဖြစ်အားဖြင့်ကား တရားတော်ကို သင်ယူခြင်းငှါ မစွမ်းနိုင်ကုန်သောကြောင့် ကျောင်း၏ အစွန်အဖျားနေရာ၌ သင်ရှုက်မိုးကျောင်းကို ဆောက်လုပ်စေ၍

တပေါင်းတည်း နေကြကုန်၏။ ဆွမ်းအလို့ငှါ လှည့်လည်ကုန်သော်လည်း မြှများသောအားဖြင့် သားမယားတို့၏ အိမ်သို့သာလျှင်ကြွသွားကုန်၍ ဆွမ်းစားကုန်၏။

ထိုရဟန်းကြီးတို့တွင် တစ်ပါးသော ရဟန်းကြီး၏မယားဟောင်း ဒါယိကာမသည် ကောင်းမွန်စွာ ချက်ပြုတ်တတ်သောကြောင့် မဓုရပါစိကာ အမည်ရှိ၏။ ထိုမဓုရပါစိကာသည် အလုံးစုံကုန်သော ထိုရဟန်းကြီးတို့အား ကျေးဇူး ပြုတတ်သည်ဖြစ်၏။ ထို့ကြောင့် အလုံးစုံကုန်သော ရဟန်းကြီးတို့သည်လည်း မိမိတို့ရအပ်သော အာဟာရကို ထိုမဓုရပါစိကာ၏ အိမ်၌သာလျှင် နေထိုင်၍ စားသုံးကုန်၏။ ထိုမဓုရပါစိကာသည်လည်း ထိုရဟန်းကြီးတို့အား ကောင်းစွာ စီမံအပ်သော ဟင်း-ဟင်းလျာကို ပေးလှူ၏။ ထိုမဓုရပါစိကာသည် အမှတ်မထင် တစ်စုံတစ်ခုသောအနာဖြင့် ကျင်နာထိခိုက်သည်ဖြစ်၍ သေလွန်၏။ ထိုအခါ သက်ကြီးရွယ်အို ထိုမထေရ်တို့သည် အဖော်ဖြစ်သော မထေရ်တစ်ပါး၏ သစ်ရွက်မိုး ကျောင်း၌ စုပေါင်းကြကုန်၍ ချင်းချင်း လည်ပင်းတို့၌ ကိုင်ဖက်ကုန်လျက် မဓုရပါစိကာ ဥပါသိကာမ သေလွန်ရလေပြီဟု မြည်တမ်းငိုကြွေးကုန်၏။ ရဟန်းတို့သည်လည်း ထက်ဝန်းကျင်အရပ်မှ ပြေးလာ၍ ငါ့ရှင်တို့ ဤအမှုကား အဘယ်နည်းဟု မေးကုန်သည်ရှိသော် အရှင်ဘုရားတို့ ဒါယကာတော်တို့၏ အပေါင်းအဖော်ဖြစ်သော ရဟန်း၏ မယားဟောင်း သေလွန်ပါသည်။ ထိုဒါယိကာမသည် ဒါယကာတော်တို့အား ကျေးဇူးအထူး ဝိသေသရှိလှပါပေသည်။ ဤယခုအခါ၌ အဘယ်မှာ ထိုသို့ သဘောရှိသော ဒါယိကာမကို ရနိုင်ပါကုန်အံ့နည်း။ ဤသို့သော အကြောင်းကြောင့် ငိုကြွေးပါကုန်သည်ဟု ပြောဆိုကုန်၏။ ရဟန်းတို့သည် တရားသဘင်၌ စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ချစ်သား ရဟန်းတို့ ဤယခုအခါ၌ အဘယ် မည်သော စကားဖြင့်ပြောကြားစည်းဝေး ထိုင်နေကုန်ဘိသနည်းဟုမေးတော်မူ၍ ဤအမည်ရှိသော အကြောင်းပါဟု လျှောက်ထားသည်ရှိသော် ချစ်သားရဟန်းတို့ ဤယခုအခါ၌သာလျှင် မဟုတ်သေး။ ရှေးအခါ၌လည်း ထိုရဟန်းကြီးတို့သည် ကျီးတိရစ္ဆာန် အမျိုး၌ဖြစ်၍ သမုဒ္ဒရာကမ်း၌ ကျက်စား လှည့်လည်သည် ရှိသော် သမုဒ္ဒရာလှိုင်းတံပိုး၏ အဟုန်ကြောင့် သမုဒ္ဒရာသို့ ကျဆင်းဝင်ရောက်သေရရှာသော ကျီးမကြောင့် ငိုကြွေးမြည်တမ်းကြကုန်၍ ထိုကျီးမကို ထုတ်ဆောင်ကုန်အံ့ဟု နှုတ်သီးဖြင့် သမုဒ္ဒရာရေကို ယူငင်သွန်းလောင်းကြကုန်လျက် ပင်ပန်းကြကုန်ဖူးပြီဟု မိန့်တော်မူ၍ အတိတ်ကို ဆောင်တော်မူ၏။

## ကျီးမိုက် ဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကိုပြုသည်ရှိသော် ဘုရားအလောင်းတော်သည် သမုဒ္ဒရာ၌ နတ်အဖြစ်

ဖြင့် ဖြစ်လေ၏။ ထိုအခါ တစ်ကောင်သော ကျီးတိရစ္ဆာန်သည် မိမိ၏မယား ဖြစ်သော ကျီးမကို ခေါ်ယူ၍ ကျက်စားရာကို ရှာမှီးလျက် သမုဒ္ဒရာကမ်းသို့ သွား၏။ ထိုအခါဝယ် လူတို့သည် သမုဒ္ဒရာ၏ကမ်း၌ နို့-နို့ထမင်း-ငါး-အမဲ-သေ အစရှိသည်တို့ဖြင့် နဂါးမင်းအား ဗာလိနတ်စာတင်ခြင်းအမှုကိုပြု၍ ဖဲသွားကုန်၏။ ထိုအခါ ကျီးသတ္တဝါသည် ဗာလိနတ်စာတင်ရာအရပ်သို့ သွား၍ နို့စသည်တို့ကို မြင်သည်ရှိသော် မယားဖြစ်သော ကျီးမနှင့်အတူဘက္က နို့-နို့ထမင်း-ငါး အမဲ စသည်တို့ကိုစား၍ များစွာသော သေကိုသောက်၏။ ထိုကျီးဖို-ကျီးမနှစ်ဦးတို့ သည်လည်း သေဖြင့် ယစ်မူးကုန်သောကြောင့် သမုဒ္ဒရာ၌ ကစားမြူးတူးကုန်အံ့ဟု ကြံပြီးလျှင် ကမ်းစွန်း၌ နေကုန်၍ ရေချိုးခြင်းငှာ အားထုတ်ကုန်၏။

ထိုအခါ တစ်ခုသော လှိုင်းတံပိုးသည်လာ၍ ကျီးမကိုမျှောယူပြီးလျှင် သမုဒ္ဒရာ ရေအဘွင်းသို့ သွင်းလေ၏။ ထိုကျီးမကို ငါးတစ်ကောင်သည် ခဲမျို၏။ ကျီးဖိုသည် ငါ၏မယား သေပါပြီဟု ငိုကြွေးမြည်တမ်း၏။ ထိုအခါ ကျီးဖို၏ မြည်တမ်းသံကိုကြား၍ များစွာသောကျီးတို့သည် စုဝေးလာရောက်လျက် အဘယ်ကြောင့် ငိုကြွေးမြည်တမ်းသနည်းဟု မေးကြကုန်၏။အသင်တို့၏ အဖော်မဖြစ်သော ကျီးမသည် ကမ်းစွန်း၌နေ၍ ရေချိုးသည်ရှိသော် လှိုင်းတံပိုးဆောင်ယူ၍ သွားပါသည်ဟု ပြော၏။ ထိုကျီးအပေါင်းတို့သည် တစ်ပြိုင်နက် တည်း မြည်တမ်းကုန်လျက် ငိုကြွေးကုန်၏။ ထိုနောက် ကျီးတို့အား ဤသမုဒ္ဒရာရေမည်သည် ငါတို့အား အဘယ်မှာ ပြောပလောက်အံ့နည်း။ ရေကိုနှုတ်သီးဖြင့် ငုံယူသွန်းလောင်း၍ သမုဒ္ဒရာကို အချည်းနှီး ရေကုန် သည် အထိပြုပြီး လျှင် အဖော်မကိုထုတ်ဆောင်ကုန် အံ့ဟု ကြံကြ၏။ ထိုကျီးတို့သည် နှုတ်သီးကို ပြည့်စေပြည့်စေ၍ ရေကိုအပြင်၌ စွန့်ကုန်၏။ ဆားငန်ရေကြောင့် လည်ချောင်းခြောက်သည်ရှိသော် ကုန်းပြင်သို့ သွားရောက်ပြီးလျှင် အပင်ပန်းဖြေကုန်၏။ ထိုကျီးတို့၏ မေးနှုတ်သီးတို့သည် ခံတွင်းသည် ခြောက်ကပ်ကာ မျက်စိတို့သည် နီကုန်လျက် ပင်ပန်းကုန်သည် ဖြစ်ရကား အချင်းချင်းခေါ်၍ အိုအချင်းတို့ ငါတို့သည် သမုဒ္ဒရာရေကိုယူ၍ အပပြင်ဘက်၌ ကျစေကုန်၏။ ယူတိုင်းယူတိုင်းသော အရပ်သည် တစ်ဖန် ရေဖြင့် ပြည့်၏။ သမုဒ္ဒရာကို အချည်းနှီး ရေကုန်အောင် ပြုခြင်းငှာ မစွမ်းနိုင်ကုန်ဟု ဆို၍ ဤဂါထာကို ရွတ်ဆိုကုန်၏—

အပိနု ဟနုကာ သန္တာ၊ မုခဉ္စ ပရိသုဿတိ။

ဩရမာမ န ပါရေမ၊ ပူရတေဝ မဟောဒဓိ။

အို ကျီးအပေါင်းတို့ စင်စစ် ငါတို့၏။ မေးနှုတ်သီးတို့ ပင်ပန်းကြကုန်ပြီ၊ ခံဘွင်းတို့သည်း ခြောက်ကပ်၍ နေကုန်ပြီ။ ရေကိုသယ်၍ ထုတ်ဆောင်ပါ၏၊ မကုန်ခန်းနိုင်ပါ၊ မဟာသမုဒ္ဒရာရေသည် ပြည့်မြဲတိုင်းသာတည်း။

ဤသို့ ဂါထာကို ရွတ်ဆိုကုန်ပြီး၍ အလုံးစုံလည်း ဖြစ်ကုန်သော ထိုကျီးတို့သည် ထိုသေလွန်သော ကျီးမ၏ နှုတ်သီးသည် ဤသို့ သဘောရှိသည်မည်သည် ဖြစ်၏၊ လုံးသောမျက်စိတို့သည် ဤသို့သဘောရှိကုန်၏။ အရေအဆင်း သဏ္ဌာန်သည် ဤသို့ သဘောရှိ၏။ သာယာသောအသံသည် ဤသို့သဘောရှိ၏။ ငါတို့၏ အဖော်ဖြစ်သော ထိုကျီးမသည် ခိုးသူသမုဒ္ဒရာကိုမှီ၍ ပျက်စီးရသည်ဟု များစွာ မြည်တမ်းကြကုန်၏။ ဤသို့ထူးပြား များစွာ မြည်တမ်းကုန်သော ထိုကျီးတို့ကို သမုဒ္ဒရာနတ်သည် ကြောက်မက်ဖွယ်သော အဆင်းကို ပြ၍ ပြေးစေ၏။ ဤသို့ ပြေးစေသောအခါမှ ထိုကျီးတို့အား ချမ်းသာခြင်းကို ရသည် ဖြစ်၏။

မြတ်စွာဘုရားသည် ဤဓမ္မဒေသနာကို ဆောင်တော်မူ၍ ထိုအခါ ကျီးမသည် ဤသေလွန်သော မယားဟောင်း ဒါယိကာမဖြစ်ပြီး ကျီးဖိုသည် အသက်ကြီး မထေရ်ဖြစ်ပြီး ကြွင်းကုန်သော ကျီးတို့သည် အသက်ကြီးမထေရ်တို့ ဖြစ်ကုန်ပြီ သမုဒ္ဒရာနတ်ကား ငါဘုရားသာလျှင် ဖြစ်ပြီဟု ဇာတ်ကို ပေါင်းတော်မူ၏။ ဧကကနိပါတ် ကာကဇာတ်ကို အကျယ် ဝိတ္ထာရ ဟောပြတော်မူပြီး၍ ထိုရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် ချစ်သားရဟန်းတို့ ရာဂ-ဒေါသ-မောဟတို့ကို မှီ၍ အသင်တို့သည် ဤသို့သော ဆင်းရဲသို့ ရောက်ရ၏။ တဏှာ-ရာဂ စသည် တွေးရှုပ် ထိုတောအုပ်ကို ပယ်နုတ်ဖြတ်တောက်ခြင်းငှာ အပ်ပေ၏။ ဤသို့ ခုတ်ထွင် သုတ်သင် ရှင်းလင်းသည်ရှိသော် ဆင်းရဲကင်းသည်ဖြစ်လတ္တံ့ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏။

ဝနံ ဆိန္ဒထ မာရုက္ခံ၊ ဝနတော ဇာယတေ ဘယံ။
ဆေတွာ ဝနဉ္စ ဝနထဉ္စ၊ နိဗ္ဗာနာ ဟောထ ဘိက္ခဝေါ။
ယာဝဉှိ ဝနထော န ဆိဇ္ဇတိ၊ အဏုမတ္တောပိ နရဿ နာရိသု။
ပဋိဗဒ္ဓမနောဝ တာဝ သော၊ ဝစ္ဆော ခီရပကောဝ မာတရိ။

ရဟန်းတို့ တဏှာတည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်လော့၊ (ပြကတေ့) သစ်ပင်ကို မခုတ်ဖြတ်ကုန်လင့်၊ (တဏှာဟူသော)တောကြောင့် (ဇာတိစသော) ဘေးဖြစ်၏။ တဏှာဟူသော တောကြီးတောငယ်ကို ခုတ်ဖြတ်၍ တဏှာဟူသော တောမှ ထွက်မြောက်ကြကုန်လော့။

နို့မကွာသေးသော နွားငယ်သည် အမိ(နွားမ)သို့ ကပ်သကဲ့သို့ ယောကျ်ားအား မိန်းမတို့၌ အနည်းငယ်မျှသော ကိလေသာတော မပြတ်သေးသမျှ ထိုယောကျ်ားသည် ကပ်ငြိသော စိတ်ရှိသည် ဖြစ်၍သာလျှင် သံသရာသို့ကပ်ရောက်၏။

ထိုဂါထာ၌—

မာရဗန္ဓ=ဟူသည် မြတ်စွာဘုရားတို့သည် တောကို ဖြတ်ကြကုန်လော”ဟု မိန့်ဆိုအပ်သည်ရှိသော် ထိုရဟန်းဖြစ်စေ ရဟန်းငယ်တို့အား “မြတ်စွာဘုရားသည် ငါတို့ကို ပဲခွပ်စသည်တို့ကိုယူ၍ တောကိုဖြတ်ခိုင်း၏’ ဟု ထင်၍ သစ်ပင်ကို ဖြတ်လိုမှု ပြုကြကုန်၏။ ထိုအခါ၌ ထိုရဟန်းအသစ်တို့ကို “ငါသည် ရာဂစသော ကိလေသာတည်းဟူသော တောကိုရည်ရွယ်၍ ဟောအပ်၏။ သစ်ပင်ကို ဖြတ်ခိုင်းသည်မဟုတ်”ဟု တားမြစ်လိုသောကြောင့် “မာရဗန္ဓ”ဟု ဆို၏။

ဝနတော ဇာယတေ ဘယံ=ဟူသည် ပကတိသောတောအား ခြင်္သေ့စသော ဘေးရန်ရှိသကဲ့သို့ ထို့အတူ ကိလေသာတည်းဟူသော တော၌ ဇာတိအစရှိသော ဘေးရန်သည် လည်းရှိ၏။–ဟူလို

ဝနဉ္စ ဝနထဉ္စ=ကြီးမားထူထဲသော သစ်ပင်ရှိသောကြောင့် ဝန မည်၏။ သေးငယ်နည်းပါးသော သစ်ပင်ရှိသောကြောင့် ဝနထ မည်၏။

ရှေးနှစ်ပေါင်းများစွာက ပေါက်ရောက်လာသောသစ်ပင်သည် ဝန မည်၏။ နောက်ပိုင်းကာလမှ ပေါက်ရောက်သောသစ်ပင် ဝနထ မည်၏။

ထိုနည်းတူစွာသာလျှင် ဘဝကို ဆွဲငင်တတ်ကုန်သော ကြီးကုန် ငယ်ကုန်သော ကိလေသာသည် ဝန မည်၏။

ယခုဖြစ်ပေါ်ဆဲ၌ ဖြစ်လာသော ပဝတ္တိအကျိုးကို ပေးတတ်သော ကိလေသာသည် ဝနထ မည်၏။

ရှေးဖြစ်သောကိလေသာတို့သည်ဝနမည်၏။နောက်ဆက်ဖြစ်သောကိလေသာတို့သည် ဝနထ မည်ကုန်၏။ ထိုနှစ်ပါးစုံကို အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်အပ်၏။ ထို့ကြောင့်“ရဟန်းတို့ဖြစ်ပြီးသောကိလေသာကိုလည်းကောင်း,ဖြစ်ပေါ်ဆဲကိလေသာကိုလည်းကောင်း ဖြတ်၍ ကိလေသာမရှိသည်ဖြစ်ကြကုန်လော”ဟု မိန့်တော်မူ၏။

နိဗ္ဗာန ဟောထ=ဟူသည် ကိလေသာ မရှိကြကုန်လင့် ဟူလို

**ယာဝဒိ ဝနထော**=ဟူသည် မိန်းမတို့အပေါ် ကိုလေသာတည်း ဟူသော တောအနည်းငယ်မျှ မပြတ်သေးသော ယောကျ်ားသည် နို့သောက်သော နွားငယ် သည် အမိနွားမသို့ ကပ်ရောက်သကဲ့သို့ နှောင်ဖွဲ့ကပ်ငြိသော စိတ်ရှိသည်သာ ဖြစ်၏။

ဒေသနာတော်၏အဆုံး၌ ထိုငါးဦးကုန်သော မထေရ်တို့သည် သောတာပတ္တိ ဖိုလ်၌ တည်ကုန်၏။ ရောက်လာသော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဟောခြင်းဖြစ်၏။

ပဥ္စမဟလ္လကမထေရ်ဝတ္ထု ပြီး၏။

## ၉။ ရွှေပန်းတိမ်သည်မထေရ် ဝတ္ထု

**ဥစ္ဆိန္ဒ သိနေဟ မတ္တနော** အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် အရှင်သာရိပုတ္တရာ၏တပည့် ရွှေပန်းတိမ်သည်မထေရ်ကို အကြောင်းပြု၍ ဟော ကြားတော်မူ၏။

အလွန်အဆင်းလှသော ရွှေပန်းတိမ်သည်၏ သားတစ်ယောက်သည် သာရိ ပုတ္တရာမထေရ်၏အထံ၌ ရဟန်းပြု၏။ မထေရ်သည် ပျိုနုသောသူတို့အား ရာဂ ဖြစ်တတ်သည်ဟု ကြံစည်တော်မူ၍ ရာဂကိုပယ်ဖျောက်ခြင်းအကျိုးငှာ ထိုရဟန်း ငယ်အား အသုဘကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ထိုသို့ပင် ပေးသော်လည်း အသုဘကမ္မဋ္ဌာန်းသည် ထိုရဟန်းငယ်အား မလျော်ပတ်။ ထိုကြောင့် တော သို့ဝင်၍ သုံးလတို့ပတ်လုံး လုံ့လပြုသော်လည်း စိတ်၏ တည်ကြည်ခြင်းမျှကို လည်း မရသောကြောင့် တစ်ဖန် သာရိပုတ္တရာမထေရ်၏အထံသို့ သွားရောက်၍ မထေရ်က ငါ့ရှင် အသင်အား ကမ္မဋ္ဌာန်း ထင်၏လောဟု မိန့်ဆိုသည်ရှိသော် ထိုအကြောင်းကို ကြားလျှောက်၏။ ထိုအခါ မထေရ်သည် ဤရဟန်းငယ်အား ကမ္မဋ္ဌာန်း မပြည့်စုံသေးဟု ကြံစည်၍ အသင်အား စင်ကြယ်ခြင်းသို့ရောက်ခြင်း ငှာ မအပ်လေသလောဟု ပြောဆိုပြီးလျှင် ထိုကမ္မဋ္ဌာန်းကိုပင်လျှင် ကောင်းစွာ ထပ်မံဟောကြား၍ တစ်ဖန် ပေးပြန်၏။

### စရိုက်နှင့်မလျော်သော ကမ္မဋ္ဌာန်းဖြစ်၍ တရားထူးမရခြင်း

ထိုရဟန်းငယ်သည် နှစ်ကြိမ်မြောက်၌လည်း တစ်စုံတစ်ခုသောတရားအထူးကို ဖြစ်စေခြင်းငှာ မစွမ်းနိုင်သောကြောင့် မထေရ်အထံ လာရောက်ကြားလျှောက် ပြန်၏။ သာရိပုတ္တရာမထေရ်လည်း အကြောင်းခြင်းရာ ဥပမာနှင့်တကွ ထို

ကမ္မဋ္ဌာန်းကိုသာလျှင် ပြောကြားပြန်ကုန်၏။ ထိုရဟန်းငယ်သည် တစ်ဖန်လည်း သွားရောက်အားထုတ် ပြန်လည် လာရောက်၍ ကမ္မဋ္ဌာန်း မပြည့်စုံသောအဖြစ်ကို လျှောက်ထားပြန်၏။ သာရိပုတ္တရာမထေရ်သည် "တရားကို အားထုတ်သော ရဟန်းသည် မိမိ၌ထင်ရှားရှိကုန်သော ကာမစ္ဆန္ဒ စသည်တို့ကို ထင်ရှားရှိကုန်သည်ဟု သိ၏။ ထင်ရှားမရှိကုန်သော ကာမစ္ဆန္ဒစသည်တို့ကို ထင်ရှားမရှိကုန်ဟု သိ၏။ ဤရဟန်းငယ်သည် တရားကို အားထုတ် ပြုလုပ်သလော။ သို့မဟုတ် အားမထုတ်မူ၍ပင် ရှိသလော၊ ကျင့်ဝတ်ပဋိပတ် ပြည့်စုံသလော။ သို့မဟုတ် ကျင့်ဝတ်ပဋိပတ် မပြည့်စုံသလော။ ငါသည်ကား ထိုရဟန်းငယ်၏အလို အဇ္ဈာသယကို မသိ။ ဤရဟန်းသည် ဘုရားရှင်တို့ ဆုံးမထိုက်သော ပုဂ္ဂိုလ်ဖြစ်လတ္တံ့" ဟု ကြံစည်၏။ ကြံပြီး၍ကား ထိုရဟန်းငယ်ကိုခေါ်ယူ၍ ညနေချမ်းအခါ၌ မြတ်စွာဘုရားအထံသို့ ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤရဟန်းသည် တပည့်တော်၏ အတူနေတပည့်ပါတည်း။ ဤရဟန်းအား တပည့်တော်သည် ဤသို့သောအကြောင်းဖြင့် ဤအမည်ရှိသော ကမ္မဋ္ဌာန်းကို ပေးအပ်ပါသည်။ စသည်ဖြင့် အလုံးစုံသော ထိုအကြောင်းကို ကြားလျှောက်၏။

## စရိုက်ကိုကြည့်၍ မြတ်စွာဘုရား ကမ္မဋ္ဌာန်း ပေးသနားတော်မူခြင်း

ထိုအခါ သာရိပုတ္တရာမထေရ်ကို မြတ်စွာဘုရားက "ဤအာသယာ နုသယ ဉာဏ် မည်သည် ပါရမီတို့ကိုဖြည့်၍ တစ်သောင်းသော လောကဓာတ်ကို ပဲ့တင်ထပ်စေ၍ သဗ္ဗညုအဖြစ်သို့ ရောက်ကုန်သော ဘုရားရှင်တို့၏အရာသာလျှင် ဖြစ်ပေသည်" ဟု မိန့်တော်မူ၍ အသို့ပေနည်း။ ဤရဟန်းသည် အဘယ်အမျိုးမှ ထွက်၍ ရဟန်းပြုသောသူနည်းဟု ဆင်ခြင်သည်ရှိသော် ရွှေပန်းတိမ်သည်အမျိုးမှ ထွက်၍ ရဟန်းပြုသောသူတည်းဟု သိတော်မူ၍ ရှေး၌ဖြစ်သော ကိုယ်၏အဖြစ်ကို ကြည့်ရှုပြန်သည်ရှိသော် ထိုရဟန်း၏ ရွှေပန်းတိမ်သည် အမျိုး၌သာလျှင် အစဉ်အတိုင်းအားဖြင့် ဖြစ်ကုန်သော ဘဝငါးရာတို့ကို မြင်တော်မူ၍ ရှည်မြင့်စွာသော နေ့ညဉ့်ပတ်လုံး ရွှေပန်းထိမ်သည်အမှုကို ပြုလုပ်သော ဤရဟန်းငယ်လည်း မဟာလှေကားပန်းပွင့် ပဒုမ္မာပန်းနှင့်တို့ကို ပြုလုပ်အံ့ဟုကြံ၍ နီမြန်းသောရွှေကို သာလျှင် အဆင်းဖောက်ပြန် ပြန်လှန် ကြည့်ရှုဖူးပြီ။ ထိုကြောင့် ဤရဟန်းငယ် အား မတင့်တယ် ရွံရှာဖွယ် အာရုံရှိသော အသုဘ ပဋိကူလကမ္မဋ္ဌာန်းဖြင့် မသင့်လျော် မလျော်ပတ် နှစ်သက်ဖွယ်သော ကမ္မဋ္ဌာန်းသာလျှင် လျောက်ပတ်သည်ဟု ကြံစည်တော်မူ၍ ချစ်သား သာရိပုတ္တရာ အသင်သည် ကမ္မဋ္ဌာန်းကိုပေး၍ လေးလတို့ပတ်လုံး ပင်ပန်းခြင်းသို့ ရောက်သောရဟန်းကို ယနေ့ညနေချမ်းအခါ၌ သာလျှင် အရဟတ္တဖိုလ်သို့ရောက်သည်ကို မြင်ရလတ္တံ့။ အသင် သွားလေလော့ဟု မိန့်ဆိုပြီးလျှင် အရှင်သာရိပုတ္တရာမထေရ်ကို လွှတ်လိုက်၍ တန်ခိုးတော်ဖြင့်

လှည်းဘီးစက်မျှရှိသော ရွှေပဒုမ္မာကြာပန်းကို ဖန်ဆင်းတော်မူ၍ ပွင့်ချပ်တို့ဖြင့်လည်းကောင်း၊ ကြာရိုးတို့ဖြင့်လည်းကောင်း၊ ရေပေါက်တို့ကို လွှတ်ဘိသကဲ့သို့ ပြု၍ ချစ်သားရဟန်း ဤပဒုမ္မာကြာပန်းကိုယူ၍ ကျောင်းစွန်ဖြစ်သော နေရာဝယ် သဲပုံစု၍တင်ထား၍ မျက်မှောက်ရှေ့တူရူအရပ်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေ၍ "လောဟိတကံ-လောဟိတကံ" ဟု ကမ္မဋ္ဌာန်းစီးဖြန်းခြင်း ပြုလေလော့ဟု ပြောဆိုမှာထား ပေးသနားတော်မူ၏။ ထိုရဟန်းငယ်အား မြတ်စွာဘုရားလက်တော်မှ ပဒုမ္မာကြာပန်းကို ယူစဉ်ပင်လျှင် စိတ်သည်ကြည်လင်၏။ ထိုရဟန်းငယ်သည် ကျောင်းစွန်သို့သွား၍ သဲကို စုပုံစေ၍ ထိုသဲပုံစုထက်၌ ပဒုမ္မာကြာရိုးကို သွင်း၍ မျက်မှောက် ရှေးရှု၍ ထက်ဝယ် ဖွဲ့ခွေ ထိုင်နေလျက် "လောဟိတကံ-လောဟိတကံ" ဟု ကမ္မဋ္ဌာန်း စီးဖြန်းခြင်းအမှုကို အားထုတ်၏။ ထိုအခါ ရဟန်းငယ်အား ထိုခဏ၌သာလျှင် နီဝရဏတို့သည် ကွာထွက်ကုန်၏။ ဥပစာရစျာန်သည်ဖြစ်၏။ ထိုဥပစာရစျာန်၏ အခြားမဲ့၌ ပထမစျာန်ကိုဖြစ်စေ၍ ငါးပါးသော အခြင်းအရာတို့ဖြင့် ဝသီဘော်သို့ရောက်စေပြီးလျှင် ထိုင်နေမြဲ ထိုင်နေလျက်သာ ဒုတိယစျာန် စသည်တို့သို့ရောက်၍ လေ့လာသည် ဖြစ်၍ဖြစ်သော ထိုရဟန်းငယ်သည် စတုတ္ထစျာန်ဖြင့် ကစားစံပယ်ခြင်းကို ကစားစံပယ်လျက် ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုရဟန်းငယ်၏ စျာန်ရရှိသောအဖြစ်ကို သိတော်မူ၍ ဤရဟန်းငယ်သည် မိမိအလိုအလျောက် အထက်ဖြစ်သော တရားအထူးကိုဖြစ်စေခြင်းငှာ စွမ်းနိုင်လတ္တံ့လောဟု ကြည့်ရှုတော် မူသည်ရှိသော် မစွမ်းနိုင်လတ္တံ့သည်ကို သိတော်မူသောကြောင့် ထိုပဒုမ္မာကြာပန်းသည် ညှိုးနွမ်းစေသတည်းဟု အဓိဋ္ဌာန်တော်မူ၏။ ထိုပဒုမ္မာကြာပန်းသည် လက်တို့ဖြင့် ဆုပ်နယ်အပ်သော ပဒုမ္မာကြာပန်း ညှိုးနွမ်းဘိသကဲ့သို့ ညှိုးနွမ်း မည်းညစ်သော အဆင်းရှိသည် ဖြစ်လေ၏။

## ရဟန်းငယ်အား ကမ္မဋ္ဌာန်းနိမိတ်ထင်ခြင်း

ထိုရဟန်းငယ်သည် ဝင်စားသောစျာန်မှ ထ၍ ထိုညှိုးနွမ်းသော ပဒုမ္မာကြာပန်းကိုကြည့်၍ အသို့နည်း၊ ဤပဒုမ္မာကြာပန်းသည် ဇရာ တိုက်ခတ်သော အရာ ကောင်းစွာ ထင်ခဲ့ချေ၏ ဟု ကား။ အနုပါဒိန္နကအဝိညာဏကဌ်ပင်လည်း ဤသို့ အခြင်းအရာ ဇရာနှိပ်စက် ဖျက်ဆီးခဲ့သည်ရှိသော် ဥပါဒိန္နကသဝိညာဏကဖြစ်သော ဤငါ၏ ကိုယ်၌ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း။ ထိုစကားမှန်လှ၏။ ငါ၏ကိုယ်ကိုလည်း အိုခြင်း- သေခြင်းသည် နှိပ်စက်လတ္တံ့ဟု ဆင်ခြင်၍ အနိစ္စလက္ခဏာကို ရှု၏။ ထိုအနိစ္စလက္ခဏာကို ရှုမြင်သည်ရှိသော်ကား ဒုက္ခလက္ခဏာကိုသည်းကောင်း၊ အနတ္တလက္ခဏာကိုလည်းကောင်း ရှုမြင်အပ်သည်သာလျှင် ဖြစ်ပေ၏။ ထိုရဟန်းအား သုံးပါးသော ဘဝတို့သည် အလျှံပြောင်ပြောင် တောက်သော မီးတို့ကဲ့သို့ လည်၌ ဖွဲ့ချည်အပ်သော

သူကောင်ပုပ်ကဲ့သို့ ထင်ကုန်၏။ ထိုခဏ၌ ရဟန်းငယ်၏ နေရာအနီး၌ သူငယ်တို့သည် တစ်ခုသော ရေအိုင်သို့ သက်ဆင်း၍ ကုမုဒြာကြာတို့ကို ချိုးယူ၍ ကုန်းပြင်၌ အစုအပုံကို ပြုကုန်၏။ ထိုရဟန်းသည် ရေ၌တည်ရှိသော ကုမုဒြာကြာ၊ ကုန်း၌ တည်ရှိသော ကုမုဒြာကြာတို့ကို ကြည့်ရှု၏။ ထိုအခါ ရေ၌ တည်ရှိသော ကုမုဒြာကြာတို့သည် အလွန် အဆင်းလှကုန်၏။ ရေတို့ဖြင့် ယိုစီးကျထွက်အံ့ သကဲ့သို့ ထိုရဟန်းအား ထင်ကုန်၏။ ကုန်းပြင်၌ တည်ရှိကုန်သော ကုမုဒြာကြာတို့သည် အဖျား အဖျားတို့၌ ညှိုးနွမ်းသော အခြင်းအရာတို့သည် ထင်ကုန်၏။ ထိုရဟန်းသည် အသက်ဝိညာဉ် ထင်ရှားမရှိသော အနုပါဒိန္နကဝတ္ထုကို ဇရာတရားသည် ဤသို့ပုတ်ခတ် ဖျက်ဆီးကုန်သေး၏။ အသက်ဝိညာဉ် ထင်ရှားရှိသော ဥပါဒိန္နကကို အဘယ်မှာ မပုတ်ခတ် မဖျက်ဆီးဘဲ ရှိချေမည်နည်းဟု ဆင်ခြင်၍ အတိုင်းထက်အလွန် အနိစ္စလက္ခဏာ စသည်တို့ကို ကြည့်ရှုထင်မြင်လေ၏။ မြတ်စွာဘုရားသည် ယခုအခါ ဤရဟန်းအား ကမ္မဋ္ဌာန်း ထင်သည် ဖြစ်ပေပြီဟု သိတော်မူ၍ ဂန္ဓကုဋိ၌ ထိုင်နေတော်မူလျက် သားလျှင်အရောင်ကို လွှတ်တော်မူ၏။ ထိုအရောင်သည် ကမ္မဋ္ဌာန်း စီးဖြန်းသော ထိုရဟန်း၏ မျက်နှာကိုထိခိုက်၏။ ထိုအခါ ဤအရောင်ကား အသို့နည်းဟု ကြံစည်၍ ထိုရဟန်း၏ကြည့်ရှုစဉ် မြတ်စွာဘုရားသည်ကြွတော်မူလာ၍ရှေးရှုမျက်မှောက်၌ ရပ်တည်တော်မူသကဲ့သို့ ဖြစ်၏။ ထိုရဟန်းသည် နေရာမှထ၍ လက်အုပ်ကို မြှောက်ချီ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုရဟန်းအား သင့်လျော် လျောက်ပတ်သော ဤတရားဒေသနာကို ဟောကြားတော်မူ၏။

ဥစ္ဆိန္ဒ သိနေဟ မတ္တနော၊ ကုမုဒံ သာရဒိကံဝ ပါဏိနာ။
သန္တိမဂ္ဂမေဝ ဗြူဟယ၊ နိဗ္ဗာနံ သုဂတေန ဒေသိတံ။

တန်ဆောင်မုန်းလ၌ ပွင့်သော ကုမုဒြာကြာကို လက်ဖြင့်ဖြတ်သကဲ့သို့ မိမိ၏ ချစ်ခြင်းတဏှာတရားကို အရဟတ္တမဂ်ဉာဏ်ဖြင့် ဖြတ်တောက်လေလော၊ မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိဗ္ဗာန်ရောက်ကြောင်းဖြစ်သော အဋ္ဌင်္ဂိကမဂ်ကိုသာလျှင် ပွားများအားထုတ်ပါလေလော။

ထိုဂါထာ၌ ဥစ္ဆိန္ဒ=ဟူသည် အရဟတ္တမဂ်ဖြင့် ပယ်ဖြတ်ပါလေဟူလို။

သာရဒိကံ=ဟူသည် တန်ဆောင်မုန်းလ၌ ပွင့်သော ဟူလို။

သန္တိမဂ္ဂံ=ဟူသည် နိဗ္ဗာန်ဆောက်ကြောင်းဖြစ်သော မဂ္ဂင်မျှစ်ပါးတည်း။

ဗြူဟယ=ဟူသည် ပွားများအားထုတ်ပါလော ဟူလို--

မြတ်စွာဘုရား ဟောကြားတော်မူအပ်သော နိဗ္ဗာန်ကိုရောက်ကြောင်း ဖြစ်သော မဂ္ဂင်ရှစ်ပါးကို ပွားများပါလောဟူလို—

ဒေသနာတော်၏ အဆုံး၌ ထိုရွှေပန်းထိမ်သည် မထေရ်သည် အရဟတ္တဖိုလ်၌တည်လေ၏။

ရွှေပန်းထိမ်သည်မထေရ်ဝတ္ထုပြီး၏။

---

## ၁၀။ မဟာဓနကုန်သည်ဝတ္ထု

ဣဓ ဝဿံ ဝသိဿာမိ အစရှိသော ဤ တရားဒေသနာတော် မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် မဟာဓနမည်သော ကုန်သည်ကြီးကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ထိုမဟာဓနကုန်သည်ကြီးသည် ငါးရာကုန်သောလှည်းတို့ကို ဝတ်ပန်းဆိုးရည်ဖြင့် တပ်ဆိုးအပ်ကုန်သော ဝတ်ပန်းပုဆိုးတို့ဖြင့် ပြည့်စေလျက် ကုန်သွယ်ခြင်း အကျိုးငှာ ဗာရာဏသီပြည်မှ သာဝတ္ထိပြည်သို့ လာခဲ့သတတ်။ ထိုမဟာဓနကုန်သည်ကြီးသည် တစ်ခုသောမြစ်၏ကမ်းသို့ ဆိုက်ရောက်၍ နက်ဖြန်ခါ၌ မြစ်ကိုကူးအံ့ဟု ကြံပြီးလျှင် ထိုမြစ်ကမ်း၌သာလျှင် လှည်းတို့ကို ချွတ်စေ၍ နေ၏။ ညဉ့်အခါ ကြီးမားသော မိုးကြီးသည် တက်၍ ရွာသွန်း၏။ မြစ်သည် ခုနစ်ရက်ပတ်လုံး ရေဖြင့် ပြည့်လျက် တည်၏။ မြို့၌နေသော လူတို့သည်လည်း ခုနစ်ရက်ပတ်လုံး နက္ခတ်ပွဲသဘင်တို့ကို ကစားမြူးထူးကုန်၏။ ပွဲသဘင် ပြီးဆုံးမှ သာဝတ္ထိမြို့သို့ နောက်သဖြင့် ဝတ်ပန်းပုဆိုးတို့ဖြင့် ရောင်းဝယ်ခြင်းအမှုသည် မပြီးဆုံးဘဲ ရှိလေ၏။ ကုန်သည်ကြီးသည် "ငါသည် ခရီးဝေးစွာ လာခဲ့ရ၏။ ပြန်သွားပြီး၍ တစ်ဖန်တစ်ခါက် အကယ်၍ လာရောက်သည်ဖြစ်အံ့။ ဤသို့တစ်ဖန် ပြန်လည်သာရောက်ဖို့ရာ ငါ့အား ကြာမြင့်သည် ဖြစ်ပေလတ္တံ့။ ဤသာဝတ္ထိမြို့၌သာလျှင် မိုးဥတု-ဆောင်းဥတု- နွေဥတုပတ်လုံး ငါ၏ အမှုကိစ္စကို ပြုလုပ်နေထိုင်၍ ဤဝတ်ပန်းပုဆိုးတို့ကို ရောင်းချတော့အံ့ဟု ကြံစည်၏။ ထိုအခိုက်အခါ၌ မြတ်စွာဘုရားရှင်သည် မြို့၌ဆွမ်းခံခြင်းငှာ လှည့်လည်လျက် ထိုကုန်သည်ကြီး၏ စိတ်အကြံကို သိတော်မူသောကြောင့် ပြုံးခြင်းကို ထင်ရှားပြုတော်မူ၍ အာနန္ဒာမထေရ်က ပြုံးခြင်း၏ အကြောင်းကို မေးလျှောက်သည်ရှိသော် ချစ်သား အာနန္ဒာ အသင်သည် မဟာဓနကုန်သည်ကြီးကို မြင်၏လောဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြင်ပါ၏ဟု ကြားလျှောက်လေလျှင် ချစ်သား အာနန္ဒာ ထိုကုန်သည်ကြီးသည်

မိမိ၏ အသက်အန္တရာယ်ကို မသိမူ၍ ဤနှစ်ပတ်လုံး ဤသာဝတ္ထိပြည်၌သာလျှင် နေထိုင်၍ ဘဏ္ဍာကို ရောင်းချခြင်းငှာ စိတ်အကြံကို ပြုဘိသည်ဟု မိန့်တော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အဘယ်သို့နည်း ထိုကုန်သည်ကြီးအား အန္တရာယ်ဖြစ်လတ္တံ့လောဟု မေးလျှောက်သဖြင့် မြတ်စွာဘုရားက ချစ်သားအာနန္ဒာ ပြောဘ် ဟုတ်မှန်၏။ ခုနစ်ရက်မျှသာလျှင် အသက်ဇီဝိတ်ခြွေ တည်နေမြဲရှည်၍ သေမင်း၏ ခံတွင်း၌ သက်ဆင်းကျရောက်လတ္တံ့ဟုမိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

**အဇ္ဇေဝ ကိစ္စမာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။**

**န ဟိ နော သင်္ဂရံ တေန၊ မဟာသေနေန မစ္စုနာ။**

**ဧဝံ ဝိဟာရိံ အာတာပိံ၊ အဟောရတ္တမတန္ဒိတံ။**

**တံ ဝေ ဘဒ္ဒေကရတ္တောတိ၊ သန္တော အာစိက္ခတေ မုနိ။**

ယနေ့ပင် ကောင်းမှုကုသိုလ်ပြုရမည်၊ မနက်ဖြန်သေမည် ယနေ့သေမည်ဟု ဘယ်သူမှ မသိနိုင်ပေ၊ စစ်သည်များစွာရှိသော သေမင်းနှင့် ချိန်းဆိုထားခြင်း မရှိသောကြောင့် သေမည့်အချိန်ကို မည်သူမျှ မသိနိုင်ပေ။

ဤသို့ နှလုံးသွင်းနေသော ကိလေသာကို ပူပန်စေတတ်သော လုံ့လရှိသော နေ့ရောညဉ့်ပါ ပျင်းရိခြင်းမရှိသော ပုဂ္ဂိုလ်ကို တစ်ညဉ့်မျှ အသက်ရှင်ရသော်လည်း ကောင်းသော အသက်ရှင်ခြင်းဟူ၍ သူတော်ကောင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဟောကြားတော်မူ၏။

အာနန္ဒာမထေရ်က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော် သွားရောက် ပြောကြားပါအံ့ဟု လျှောက်ထား၏၊ မြတ်စွာဘုရားက ချစ်သားအာနန္ဒာ သွားချေ၊ ရဲရဲဝံ့ဝံ့သာ ပြောချေလော့ဟု မိန့်တော်မူ၏။ အာနန္ဒာမထေရ်သည် လှည်းတို့ စုဝေးတည်ရှိရာ အရပ်သို့ ကြွသွားတော်မူ၍ ဆွမ်း အလို့ငှာ လှည့်လည်၏။ ကုန်သည်ကြီးသည် မထေရ်ကိုမြင်၍ဆွမ်းအာဟာရဖြင့် ဖိတ်မန်၏၊ ထိုအခါ ကုန်သည်ကြီးကို မထေရ်က အဘယ်မျှလောက်ကာလ ပတ်လုံး ဤသာဝတ္ထိပြည်၌ နေလတ္တံ့နည်းဟု မိန့်ဆိုတော်မူ၏။ အရှင်ဘုရား တပည့်တော်သည် ဝေးကွာသောအရပ်မှ လာခဲ့ရပါသည်၊ အကယ်၍ တပည့်တော် တစ်ဖန်သွားခဲ့အံ့၊ ကြာမြင့်ခြင်း ဖြစ်ပါလိမ့်မည်။ ထိုသို့ ဖြစ်သောကြောင့် ဤနှစ်ပတ်လုံး ဤသာဝတ္ထိပြည်၌ နေထိုင်၍ ဘဏ္ဍာကိုရောင်းချပြီးလျှင် သွားပါအံ့ဟု လျှောက်ကြား၏။ ဥပါသကာ အသက်၏ အန္တရာယ်ကား သိနိုင်ခဲ၏၊ မမေ့မလျော့သည်ကို ပြုခြင်းငှာ အပ်၏ဟု မိန့်ဆိုတော်မူ၏။ အရှင်ဘုရား

အသို့နည်း အန္တရာယ်ဖြစ်လတ္တံ့လောဟု မေးလျှောက်ပြန်သဖြင့် ဥပါသကာ ခြေသုံးဟုတ်ပေ၏။ ခုနစ်ရက်သာလျှင် အသင်၏အသက် ရှည်သည်ဖြစ်လတ္တံ့ဟု မိန့်ဆိုတော်မူ၏။ ထိုကုန်သည်ကြီးသည် ထိတ်လန့်တုန်လှုပ်သောစိတ်ရှိသည်ဖြစ်၍ ဘုရားအမှူးရှိသော ရဟန်းအပေါင်းကို ပင့်ဖိတ်ပြီးလျှင်ခုနစ်ရက်ပတ်လုံး ကြီးစွာသောအလှူကိုပေးလှူ၍အနုမောဒနာပြုရန်အကျိုးငှာ သပိတ်တော်ကိုယူ၏။ ထိုအခါ မြတ်စွာဘုရားသည်ထိုကုန်သည်ကြီးအား အနုမောဒနာပြုလိုသောကြောင့် ဥပါသကာ လာခဲ့လေ့ဟု ခေါ်တော်မူပြီးလျှင် ပညာရှိသောသူ မည်သည်ကား ဤအရပ်၌သာလျှင် နေအံ့။ ဤယခုအခါ၌နေအံ့။ ဤသို့သောအမှု ပြုလုပ်အံ့ဟူ၍ ကြံစည်ခြင်းငှာ မအပ်။မိမိ၏ အသက်အန္တရာယ်ကိုသာလျှင် မျှော်ရှုယ်ကြံစည်ခြင်းငှာ အပ်သည်ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

**ဣဓ ဝဿံ ဝသိဿာမိ၊ ဣဓ ဟေမန္တဂိမှိသု။**
**ဣတိ ဗာလော ဝိစိန္တေတိ၊ အန္တရာယံ န ဗုဇ္ဈတိ။**

ဤအရပ်၌ တစ်မိုးတွင်းလုံးနေမည် ဤနေရာ၌ တစ်နွေလုံး တစ်ဆောင်းလုံးနေမည်ဟု ပညာမရှိသူသည် နေထိုင်မှုကိုသာ တွေးတောကြံစည်နေ၏။ မိမိအား ဖြစ်ပေါ်လာမည့် အတွင်းအပြင် ဘေးအန္တရာယ်မှန်သမျှကိုတော့ မသိချေ။

ထိုဂါထာ၌ **ဣဓဝဿံ**=ဟူသည် ဤနေရာမှာ ဤမည်သော အလုပ်ကိစ္စကို ပြုလျက် တစ်မိုးတွင်းလုံးနေတော့အံ့ ဟူလို။

**ဟေမန္တဂိမှိသု**=ဟူသည် နွေအခါ ဆောင်းအခါတို့၌လည်း လေးလတိုင်တိုင် ဤမည်သော ဤမည်သောအလုပ်တွေကို ပြုလုပ်လျက် ဤနေရာမှာဘဲနေတော့မည်ဟု ကြံလျက် ပစ္စုပ္ပန် သံသရာအကျိုးရှိရာရှိကြောင်း မသိမမြင်နိုင်ဘဲ သူမိုက်သည် အချိုးမျိုးကြံစည်နေလေ၏။

**အန္တရာယံ**=ဟူသည် ဤအချိန် ဤနေရာ ဤအရွယ်မှာ သေရမည်ဟု မိမိ၏ အသက် အန္တရာယ်ကို မသိ ဟူလို။

ဒေသနာတော်၏ အဆုံး၌ ထိုမဟာဓနကုန်သည်ကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ရောက်လာကုန်သော ပရိသတ်တို့အားလည်း အကျိုးရှိသော တရားဟောခြင်းသည် ဖြစ်၏။ကုန်သည်ကြီးသည်လည်း မြတ်စွာဘုရားရှင်ကို ခရီးအစဉ်အတိုင်း လိုက်ပါပို့ရောက်ပြီး လမ်းခရီးမှသာလျှင် ပြန်လာခဲ့၍ ငါ့အား ဦးခေါင်းခဲဘိသကဲ့သို့သော ကျင်နာခြင်းရှိသည်ဟု ပြောဆို၍အိပ်ရာ၌

လျှောက်၏။ ထိုသို့အိပ်လျက်သာလျှင် သေ၍ တုသိတာနတ်ပြည် ဗိမာန်၌ ဖြစ်လေ၏။

မဟာဓနကုန်သည်ဝတ္ထု ပြီး၏။

---

## ၁၁။ ကိသာဂေါတမီဝတ္ထု

တံ ပုတ္တ ပသုသမ္မတ္တံ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ကိသာဂေါတမီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ အမတံ ပဒံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော အမတံ ပဒံ။

ရုပ်နာမ်တို့၏ဖြစ်ခြင်း ပျက်ခြင်းကို မသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည် ခြင်းထက် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်လျက် တစ်နေ့ တစ်ရက်မျှ အသက်ရှင်ရခြင်းသည် သာလွန်မြင့်မြတ်၏ ဟူသော ဤဂါထာဖြင့် ဒေသနာကို ဟောကြားတော်မူအပ်၏။

ထိုအခါ၌ မြတ်စွာဘုရားရှင်သည် "ကိသာဂေါတမီ သင်သည်လက်တစ်ဆုပ် စာမျှသော မုန်ညင်းစေ့ကို ရခဲ့၏လော"ဟု မေးတော်မူ၏။ "ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား မရခဲ့ပါဘုရား တစ်ရွာလုံး၌ အသက်ရှည်ရှည် နေကြရကုန်သော လူအများတို့သည် သေကြကုန်သတတ်"ဟု လျှောက်၏။ ထိုအခါ၌ ထိုကိသာဂေါတမီကို မြတ်စွာဘုရားသည် "သင်သည် ငါ၏သားသည် သာ သေ၏ဟု ထင်နေ၏၊ ဤသေခြင်းတရားသည် သတ္တဝါအားလုံးတို့၏ ဒမြဲ ဖြစ်သောသဘောတရားတည်း၊ သေမင်းသည် သတ္တဝါအားလုံးတို့၌ မပြည့်နိုင် သော အလိုရှိသည်ဖြစ်၍သာလျှင် ကြီးစွာသောရေအလျဉ်ကြီးကဲ့သို့ ထက်ဝန်း ကျင်မှ ဆွဲငင်လျက် အပါယ်တည်းဟူသော သမုဒ္ဒရာသို့ ပစ်ချတတ်၏"ဟုမိန့်ဆို ပြီး၍ တရားတော်ကို ဟောကြားတော်မူလိုရကား ဤဂါထာကိုဟောကြားတော် မူ၏—

၂၈၇။ တံ ပုတ္တပသုသမ္မတ္တံ၊ ဗျာသတ္တမနသံ နရံ။
သုတ္တံ ဂါမံ မဟောဃောဝ၊ မစ္စု အာဒါယ ဂစ္ဆတိ။

အိပ်မောကျနေကြသော တစ်ရွာလုံးကို ကြီးစွာသော မိုးရေအလျဉ်သည် သယ်ဆောင်တိုက်စား၍ သွားသကဲ့သို့ သား သမီး၊ ကျွဲ၊ နွားစသော သတ္တဝါတို့ အပေါ် ယစ်မူးစွဲလမ်းလျက် ရွှေငွေ အသုံးအဆောင် အာရုံအမျိုးမျိုးကို

ကပ်ငြိ တွယ်တာနေကြကုန်သော သတ္တဝါ အပေါင်းကို သေမင်းသည် သယ်ဆောင်၍ သွား၏။

ထိုဂါထာ၌ တံ ပုတ္တပသုသမ္မတ္တံ=ဟူသည် ရင်ရည် လုပ ခွန်အားဗလ စသည် တို့နှင့် ပြည့်စုံကုန်သော သားသမီးတို့ကိုလည်းကောင်း ကျွဲ နွား စသည် တို့ကို လည်းကောင်း ရ၍ "ငါ၏ သားသမီးတို့သည် အဆင်းလှပကုန်၏၊ ခွန်အား ဉာဏ်အားနှင့် ပြည့်စုံကုန်၏၊ ပညာတတ်ကုန်၏၊ ကိစ္စမှန်သမျှ ပြုလုပ်တတ် ကုန်၏၊ ငါ၏ နွားတို့သည် လှပကုန်၏။ ရောဂါမရှိကုန် ကြီးသောဝန်ကို ဆွဲဆောင်နိုင်၏၊ ငါ၏ နွားမသည် နို့ရည်အထွက်များ၏" ဟူ၍ သားသမီး တို့ ၌ဖြစ်စေ နွားစသည်တို့ဖြင့်ဖြစ်စေ ယစ်မူးသောလူကို ဟူလို။

ဗျာသတ္တမနသံ=ဟူသည် ရွှေငွေ စပါးစသည်တို့ကိုလည်းကောင်း သင်္ကန်း သပိတ် စသည်ဘို့ကိုလည်းကောင်း တစ်စုံတစ်ခုကို ရသည်ရှိသော် ထိုထက် အလွန် လိုချင်တောင့်တသည်၏ အဖြစ်ဖြင့် ကပ်ငြိတွယ်တာ မက်မောသော စိတ်ရှိသည်လည်း ဖြစ်ကုန်သော။

မျက်စိဖြင့် မြင်ခြင်း အစရှိကုန်သော အာရုံဘို့ဘွင် ဆိုအပ်ကုန်ပြီးသော အပြားရှိကုန်သော ပရိက္ခရာတို့ကို ရခြင်း၌ ကပ်ငြိ ကွယ်ဘာသည်၏ အဖြစ်ဖြင့် ပြင်းစွာ ကပ်ငြိဘတ်သော စိတ်ရှိသည်လည်း ဖြစ်ကုန်သော။

သုတ္တံ ဂါမံ=ဟူသည် အိပ်ပျော်ခြင်းသို့ရောက်သော သတ္တဝါအပေါင်းကို-

မဟောဃော၀=ဟူသည် ဤသို့ အိပ်ပျော်ခြင်းသို့ ရောက်သော တဇ်ရွာ လုံးရှိ သတ္တဝါအပေါင်းကို နက်ရှိုင်း ကျယ်ပြန့်သောအားဖြင့် များစွာသော မြစ်ကြီးတို့၏ အလျဉ်သည် အယုတ်ဆုံးအားဖြင့် ခွေးကိုမျှ မချန်ဘဲ အားလုံးကို သယ်ဆောင်၍ သွားသကဲ့သို့ ထို့အတူ ဆိုအပ်ပြီးသော အပြားရှိသော သတ္တဝါ အပေါင်းကို သေမင်းသည် သယ်ဆောင်၍ သွားလေ၏။

ဒေသနာဘော်၏ အဆုံး၌ ကိသာဂေါတမီသည် သောတာပတ္တိဖိုလ်၌ တည် သေ၏၊ နောက်လ ာကုန်သော သူဘို့အားလည်း အကျိုးရှိသော တရားဟော ခြင်းသည် ဖြစ်၏။

**ကိသာဂေါတမီဝတ္ထုပြီး၏။**

---

၁၂။ ပဗ္ဗာစာရဝတ္ထု

န သန္တိပုတ္တာ-အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ပဋာစာရာ ထေရီကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။

ရုပ်နာမ်တို့၏ဖြစ်ခြင်း ပျက်ခြင်းကို မသိမမြင်ဘဲ အနှစ်တစ်ရာ အသက်ရှည်ခြင်းထက် ရုပ်နာမ်တို့၏ ဖြစ်ခြင်း ပျက်ခြင်းကို မြင်လျက် တစ်နေ့ တင်ရက် အသက်ရှင်ရခြင်းသည် သာလွန်မြင့်မြတ်၏။ ဤဂါထာဖြင့် သဟဿဝဂ်၌ အကျယ်ဟောကြားတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် သောကနည်းပါးခြင်းသို့ ရောက်သော ပဋာစာရာကို သိတော်မူ၍ "ပဋာစာရာ သားသမီးတို့မည်သည် နောက်ဘဝသို့ သွားသောသူ၏ စောင့်ရှောက်ခြင်းကိုလည်းကောင်း, လဲလျောင်း မှီခိုရာကိုလည်းကောင်း, ကိုးကွယ်ရာကိုလည်းကောင်း မဖြစ်စေတတ်ကုန်သောကြောင့် အသက်ထင်ရှား ရှိနေကြကုန်သော်လည်း တင်ရှားမရှိကုန်သည်သာသို့ ဖြစ်ကုန်၏၊ ပညာရှိသည် သီလကို သုတ်သင်စေ၍ မိမိ၏ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော မဂ်ကိုသာလျှင် စင်ကြယ်အောင် သုတ်သင်သင့်၏"ဟု မိန့်တော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုရကား ဤဂါထာနှစ်ပုဒ်ကိုမိန့်မြွက်တော်မူ၏—

၂၈၈။ န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။
၂၈၉။ ဧတမတ္ထဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

သားသမီးတို့သည် ကိုးကွယ်အားထားရာမဟုတ် မိဘဆွေမျိုးတို့သည်လည်း အားကိုးရာမဟုတ် သေမင်းနှိပ်စက် ခံရ၍ သေခါနီး သူအား ဆွေမျိုးတို့သည်လည်း ကိုးကွယ်ပုန်းအောင်း အားထားရာမဟုတ်ကုန် ဤတရားသဘော အလိုကို သိ၍ ပညာရှိသောသူသည် သီလကို စောင့်ထိန်းလျက် လျင်မြန်စွာ နိဗ္ဗာန်ရောက်ကြောင်း လမ်းခရီးကို သုတ်သင်ရာ၏။

ထိုဂါထာ၌ တာဏာယ=ဟူသည် အားထားရာ၏ အဖြစ်ဖြင့် တည်ရာ၏ အကျိုးငှါ။

ဗန္ဓဝါ=ဟူသည် သားသမီးတို့ကို လည်းကောင်း, အမိအဘတို့ကိုလည်းကောင်း ထား၍ ကြွင်းသော ဆွေမျိုးအပေါင်းတို့သည်။

အန္တကေနာဓိပန္နသ=ဟူသည် သေမင်းသည် နှိပ်စက်အပ်သည် ဖြစ်၍ ဖြစ်သော အသက်ရှင်ဆဲအခါ၌ သားသမီးစသည်တို့သည် ထမင်း, ရေစသည်တို့ကို ပေးခြင်းဖြင့်လည်းကောင်း, ဖြစ်ပေါ်သော အမှုကိစ္စတို့ကို ဆောင်ရွက်ပေးခြင်းဖြင့်လည်းကောင်း အားထား စောင့်ရှောက်ကုန်သော်လည်း သေခါနီးအခါ၌ တစ်စုံတစ်ခုသောအကြောင်းဖြင့် သေခြင်းကို တားမြစ်ခြင်းငှာ မစွမ်းနိုင်သောကြောင့် ကိုးကွယ် အားထားရာ မရှိသည်မည်၏၊ ထို့ကြောင့် "နတ္ထိ ဉာတိသု တာဏတာ"ဟူ၍ ဆိုအပ်၏။

တေမတ္ထဝသံ=ဟူသည် ထိုသားသမီး စသည်တို့၏ အချင်းချင်း၏ ကိုးကွယ်အားထားရာ ဖြစ်ရန် မစွမ်းနိုင်သည်၏အဖြစ်ဟု ဆိုအပ်သောအကြောင်းကို၍ ပညာရှိသူသည် စတုပါရိသုဒ္ဓိသီလဖြင့် စောင့်စည်းလျက် စောင့်ရှောက် လုံခြုံစေ၍ နိဗ္ဗာန်သို့ရောက်ခြင်း၏အကြောင်းဖြစ်သော မဂ္ဂင်ရှစ်ပါးကို လျင်လျင်မြန်မြန် သုတ်သင်ရာ၏။

ဒေသနာတော်၏ အဆုံး၌ ပဋ္ဌာစာရာသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အခြားသော များစွာသော လူတို့သည်လည်း သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ပဋ္ဌာစာရာဝတ္ထု ပြီး၏။

နှစ်ဆယ်ခုမြောက် မဂ္ဂဝဂ် ပြီး၏။

# ၂၁။ ပကိဏ္ဏကဝဂ်

## ၁။ မြတ်စွာဘုရား၏ ရှေးကောင်းမှုဝတ္ထု

မတ္တာသုခပရိစ္စာဂါ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် မြတ်စွာဘုရားကိုယ်တော်မြတ်ဟူသော မိမိ၏ ရှေးကောင်းမှုကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

တစ်နေ့သောအခါ၌ ဝေသာလီပြည်သည် ခပ်သိမ်းဥဿုံ ပြည့်စုံတိုးပွား စည်ကားပွင့်လင်းကာ များစွာပြောထူ လူတို့ဖြင့် ပြွမ်းသည်ဖြစ်ပေ၏။ ထို ဝေသာလီပြည်၌ အလှည့်ကျ အလှည့်ကျ မင်းအဖြစ်ကို ပြုကြကုန်သောမင်းတို့၏ သာလျှင် ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်ကုန်သော မင်းတို့ရှိသည် ဖြစ်ကုန်၏။ ထိုမင်းတို့ စံနေခြင်းအကျိုးငှာ ထိုမျှလောက် အရေအတွက်ရှိသည် သာလျှင် ဖြစ်ကုန်သော အဆောင်ပြာသာဒ်၊ ဥယျာဉ်၌ ပျော်ပါးနေထိုင်ခြင်း အကျိုးငှါ ထိုမျှလောက် အရေအတွက်ရှိသော အထွတ်တပ်သောအိမ်၊ ထိုမျှ လောက် အရေအတွက်ရှိသည်သာလျှင် ဖြစ်ကုန်သော အာရာမ် လေးထောင့် ကန်တို့သည် ရှိသည် ဖြစ်ကုန်၏။

### ဝေသာလီပြည်၌ ကပ်ကြီး ၃-ပါး

ထိုဝေသာလီ ပြည်ကြီးသည် နောက်အဖို့ ဖြစ်သော တစ်ပါးအခါ၌ မကောင်းသော ကောက်ပင်ရှိကုန်သည်ဖြစ်၍ ငြိုငြင်ဆင်းရဲ ရခဲသော ဝမ်း အစာရှိသဖြင့် ခေါင်းပါးငတ်မွတ်ခြင်းဖြစ်လေ၏။ ထိုသို့ဖြစ်ရာအခါ၌ဆာလောင် မွတ်သိပ်ခြင်းဘေးကြောင့် ရှေးဦးစွာ ဆင်းရဲသောလူတို့သည် သေလွန်ကုန်၏။ ထို ထိုသို့သောအရပ်တို့၌ စွန့်ပစ်အပ်ကုန်သော ထိုထိုသို့သော သူသေကောင်ပုပ် တို့၏ မကောင်းသောအနံ့ကြောင့် ဘီလူးတို့သည် မြို့သို့ဝင်ကြကုန်၏။ ဘီလူးတို့၏ ဘေးဖြင့် များစွာသော လူအပေါင်းတို့သည် သေကြကုန်၏။ ထိုသေလွန် ကုန်သောသူတို့၏ သူကောင်ပုပ်အနံ့တို့ဖြင့် နှလုံးမသက်သာ လွန်စွာ စက်ဆုပ် ရွံရှာခြင်း ရှိသည်အဖြစ်ကြောင့် သတ္တဝါတို့အား လေအလွန်ပျက်၍ နှိပ်စက် ပြင်းပြ အတိဝါတရောဂါသည် ဖြစ်၏။ ဤသို့လျှင် ငတ်မွတ်ခြင်းဘေး, ဘီလူး ဘေး, ရောဂါဘေးဟူ၍ သုံးပါးကုန်သော ဘေးကြီးတို့သည် ဖြစ်ကုန်၏။ မြို့နေ သူ လူအပေါင်းတို့သည် စုဝေးကြကုန်၍ မြတ်သောမင်းကြီး၊ ဤမြို့၌ သုံးပါး ကုန်သော ဘေးကြီးတို့သည် ဤမှ ရှေးအထက် အခါ၌ ခုနစ်ဆက်ကုန်သော မင်းတို့တိုင်အောင် ဤသို့သဘောရှိသောဘေးမည်သည် မဖြစ်ဖူးပါ၊ ထိုစကား

မှန်ပါ၏။တရားကိုမစောင့်ကုန်သော မင်းတို့၏ လက်ထက်အခါ ဤသို့သဘော ရှိသော ဘေးမျိုးဖြစ်တတ်ပါသည်ဟု မင်းတို့ကို လျှောက်တင် ပြောဆိုကုန်၏။ မင်းကြီးသည် မင်းကွန်းတဲနန်း၌ အလုံးစုံသော လူအပေါင်းတို့ကို အစည်း အဝေးပြုကြစေ၍ ငါ၏ မတရားပြုကျင့်သော အဖြစ်သည် အကယ်၍ ရှိခဲ့အံ့၊ ထိုမတရားပြုကျင့်သော အမှုကိုစိစစ်ရှာဖွေ ကြကုန်လော့ဟု ခွင့်ပေး ပြောဆို၏။ ဝေသာလီပြည်၌ နေလေ့ရှိကုန်သောသူတို့သည် အလုံးစုံဆင်းသက် ရှေးအစဉ် အဆက်ကို စုံစမ်းရှာဖွေကြကုန်သည်ရှိသော် မင်းကြီး၏ တစ်စုံတစ်ခု ပြစ်ချက်ကို မမြင်ကြသောကြောင့် မြတ်သောမင်းကြီး အရှင်မင်းကြီးအား အပြစ်မရှိပါ ပြောဆိုကုန်၍ ငါတို့အား အဘယ်သို့သောနည်းဖြင့် ဤဘေးကြီး ငြိမ်းခြင်း သို့ ရောက်ပါအံ့နည်းဟု တိုင်ပင်ကြကုန်၏၊ အချို့သောသူတို့က ဗလိနတ်စာ ကျွေးခြင်းအမှုဖြင့် ငြိမ်းပေလတ္တံ့။ အချို့သော သူတို့က ကောင်းပန်ခြင်း ယာစိနမာ်လာပြုခြင်းဖြင့် ငြိမ်းပေလတ္တံ့ဟု အသီးသီး ပြောဆိုသည် ရှိသော် အလုံးစုံပင် ထိုအစီအရင်ကိုပြု၍ တားမြစ်ခြင်းငှါ မစွမ်းနိုင်ကြကုန်၊ ထိုအခါ တစ်ပါးသော သူတို့က ခြောက်ဦးကုန်သော ဆရာကြီးတို့သည် ကြီးသောတန်ခိုး အာနုဘော် ရှိကုန်၏။ ထိုဆရာကြီးတို့သည် ဤအရပ်ကို လာရောက်ကာမျှတို့၌ ဘေးကြီး ငြိမ်းပျောက်ပေရာ၏ဟု ပြောဆိုကြကုန်၏။ ထိုမှတစ်ပါးသောသူတို့က လည်း မြတ်စွာဘုရားရှင်သည် လောက၌ ဖြစ်ပေါ်တော် မူလာ၏။ ထို မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ အကျိုးစီးပွါးအလို့ငှါ တရား တော်ကို ဟောတော်မူ၏။ ကြီးသော တန်ခိုးရှိတော်မူ၏။ ကြီးသောအာနုဘော် ရှိတော်မူ၏။ ထိုမြတ်စွာဘုရား ကြွလာတော်မူသည်ရှိသော် ဤဘေးတို့သည် ငြိမ်းပျောက်ကုန်ရာ၏ဟု ပြောဆိုကြကုန်၏၊ ထိုသို့ ပြောဆိုကုန်သော သူတို့ စကားကို အလုံးစုံသောသူတို့ နှစ်သက်ကုန်၍ ထိုမြတ်စွာဘုရားသည် ဤယခု အခါ အဘယ်မှာသီတင်းသုံးသနည်းဟု မေးဆိုကြကုန်၏။ ထိုအခါ၌ မြတ်စွာ ဘုရားသည် ဝါကပ်ခြင်းငှါ နီးလတ်သော် ဗိမ္ဗိသာရမင်းကြီးအား ပဋိညာဉ်ကို ပေး၍ ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးစံနေတော်မူ၏။ ဝေသာလီပြည်၌ နေကုန်သောသူတို့ ပြောဆိုစည်းဝေးသော ထိုအခါ၌လည်း မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်သို့ ရှေးဦးစွာကြွတော်မူ၍ မြတ်စွာဘုရားသို့ဆည်းကပ်လာရောက် သော ဗိမ္ဗိသာရမင်းကြီး၏ အစည်းအဝေး၌ ဗိမ္ဗိသာရမင်းကြီးနှင့်အတူတကွ သောတာပတ္တိဖိုလ်သို့ရောက်သော မဟာလိအမည်ရှိသော လိစ္ဆဝီမင်းသည် ထို အစည်းအဝေး ပရိသတ်၌ ထိုင်နေသည် ဖြစ်၏၊ ဝေသာလီပြည်၌နေကုန်သော သူတို့သည် များပြားကြီးကျယ်သော လက်ဆောင်ပဏ္ဏာကာရကို စီရင်ပြီးလျှင် ဗိမ္ဗိသာရမင်းကြီးကို သိစေလျှော်ကန် ခွင့်ပန်၍ မြတ်စွာဘုရားကို ဤအရပ်သို့ ပင့်ဆောင်ခဲ့ပါကုန်လော့ဟု ပြောဆိုမှာထားပြီးလျှင် မဟာလိမည်သော လိစ္ဆဝီ မင်းကိုလည်းကောင်း၊ ပုရောဟိတ်ပုဏ္ဏား၏ သားကိုလည်းကောင်း စေလွှတ်ကြ

ကုန်၏။ ထိုသူတို့သည် အစဉ်အတိုင်း သွားရောက်၍ ဗိမ္ဗိသာရ မင်းကြီးအား လက်ဆောင်ပဏ္ဏာကာရကို ဆက်သပြီးလျှင် ထိုအကြောင်းဖြစ်ပုံ အလုံးစုံကို အကုန် လျှောက်ကြား၍ မြတ်သော မင်းကြီး မြတ်စွာဘုရားကို အကျွန်ုပ်တို့၏ မြို့သို့ ကြွတော်မူရန် တောင်းပန် ပင့်လျှောက်တော် မူကြပါကုန်လော့ဟု တောင်းပန်ကြကုန်၏။ မင်းကြီးက အသင်တို့သည် သာလျှင် ပင့်ရန် အခွင့်ကို ထောက်ချင့် သိရှိ ကြကုန်လော့ဟု မိန့်ဆို ဝန်ခံတော်မူ၏။ ထိုသူတို့သည် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ချဉ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဝေသာလီပြည်၌ သုံးပါးကုန်သော ဘေးတို့သည် ဖြစ်ပါကုန်၏။ ထိုဘေးတို့သည် အရှင်ဘုရားတို့ ကြွလာတော် မူကုန်သည်ရှိသော် ငြိမ်းပျောက် ပါကုန် လတ္တံ့၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား လာလှည့်တော် မူပါကုန်လော့။ သွားကြပါကုန်အံ့ဟု တောင်းပန်လျှောက်ကြားကုန်၏။

## ဝေသာလီပြည်သို့ မြတ်စွာဘုရား ကြွတော်မူရာ အကြီးအကျယ် ပူဇော်ပုံ

မြတ်စွာဘုရားသည် ထိုသူတို့လျှောက်ထားသောစကားကို ကြားတော်မူ၍ ဆင်ခြင်တော်မူလျှက် ဝေသာလီပြည်၌ ရတနသုတ်ကို ဟောတော်မူသည်ရှိသော် အစောင့်အရှောက်နှင့်တကွ စကြဝဠာ ကုဋေတစ်သိန်းကို နှံ့လတ္တံ့။ သုတ္တန်တရားတော်အဆုံး၌ ရှစ်သောင်း လေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိသည် ဖြစ်လတ္တံ့။ ထိုဘေးတို့သည်လည်း ငြိမ်းပျောက်လတ္တံ့ဟု သိမြင်တော်မူသောကြောင့် ထိုသူတို့ ပင့်ဖိတ်လျှောက်ကြားသောစကားကို ဝန်ခံတော်မူ၏။ ဗိမ္ဗိသာရမင်းကြီးကား မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ကြွတော်မူခြင်းကို ဝန်ခံတော်မူသတဲ့ဟု ကြားသိ၍ မြို့၌ ကြွေးကြော်ခြင်းကို ပြုစေလျက် မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့ပေနည်း။ ဝေသာလီပြည်သို့ ကြွတော်မူခြင်းကို ဝန်ခံပါသလောဟု မေးလျှောက်၏။ မြတ်သောမင်းကြီး ငါသည် ဝန်ခံမိပေ၏ဟု မိန့်တော်မူသည်ရှိသော် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား ထိုသို့ဖြစ်လျှင် . အကြင်မျှလောက် ကာလပတ်လုံး လမ်းခရီးကို သုတ်သင်ပြုပြင်ဆင်ပါအံ့။ ထိုမျှလောက် ကာလပတ်လုံး ဆိုင်းငံ့တော် မူပါကုန်ဦးလော့ဟု လျှောက်ကြားပြီးလျှင် ရာဇဂြိုဟ်၏ လည်းကောင်း၊ ဂင်္ဂါမြစ်၏ လည်းကောင်း၊ အကြား၌ ငါးယူဇနာရှိသော မြေအရပ်ကို ညီညွတ်သန့်ရှင်းသည်ကိုပြုစေ၍ တစ်ယူဇနာ တစ်ယူဇနာဝေးကွာသော အရပ်ရပ်၌ တစ်ဆောင်တစ်ဆောင်သော ကျောင်းကိုတည်စေ၍ မြတ်စွာဘုရားအား ကြွလာတော်မူရန်သင့်သောအခါကို ကြားလျှောက်၏။ မြတ်စွာဘုရားသည် ငါးရာသော ရဟန်း

တို့နှင့်တကွ မင်းကြီးလျှောက်ကြားအပ်သော လမ်းခရီးသို့ ကြွတော်မူ၏။ မင်းကြီးသည် တစ်ယူဇနာအတွင်း၌ ဒူးဝန်းထိမြုပ်လောက်သော အပိုင်းအခြားဖြင့် ငါးပါးသော အဆင်းရှိကုန်သော ပန်းတို့ကို ကြဲဖြန့်စေ၍ တံခွန်လုံး တံခွန်ပြား ငှက်ပျောပင် စသည်တို့ကို စိုက်ထောင်စေလျက် မြတ်စွာဘုရားအား အဆင့်ဆင့် အလွန်ကြီးမြင့်သော ထီးဖြူကို ပူလုပ်သန့်ရှင်း နှစ်စင်းသော ထီးဖြူတို့ကို အထက်၌ ဖြန့်ကြက်အုပ်မိုး ဆောင်းစေ၍ တစ်ပါးတစ်ပါးသော ရဟန်းအား တစ်စင်းတစ်စင်းသော ထီးဖြူကို အထက်၌ ဖြန့်ကြက်အုပ်မိုး ဆောင်းစေ၍ အခြံအရံနှင့်တကွ ပန်း–နံ့သာစသည်တို့ဖြင့် ပူဇော်ခြင်းကို ပြုလျက် မြတ်စွာဘုရားကို တစ်ခုတစ်ခုသောကျောင်း၌ သီတင်းသုံးတော်မူစေ၍ ကြီးကျယ်မြင့်မြတ်သောအလှူ အစရှိသည်တို့ကို ပေးလှူလျက် ငါးရက်တို့ဖြင့် ဂင်္ဂါမြစ်၏ ကမ်းသို့ ရောက်စေ၍ ထိုဂင်္ဂါမြစ်ကမ်း၌ လှေကို တန်ဆာဆင်လျက် ဝေသာလီပြည်၌နေသော သူတို့အား လမ်းခရီးကို ကောင်းစွာ စီရင်၍ မြတ်စွာဘုရားအား ခရီးဦးကြိုဆိုခြင်းကို ပြုကုန်လော့ဟူသော သတင်းစကားကို မှာထားပေးပို့၏။ ထိုဝေသာလီပြည်၌ နေကုန်သော သူတို့သည် နှစ်ဆထက် ပူဇော်ခြင်းကို ပြုကုန်အံ့ဟု ဝေသာလီပြည်၏လည်းကောင်း ဂင်္ဂါမြစ်၏လည်း ကောင်း အကြား၌ သုံးယူဇနာရှိသော မြေကို ညီညွတ်ပြေပြစ်သည်ကို ပြုစေ၍ မြတ်စွာဘုရားအား လေးစင်းသော ထီးဖြူတို့ဖြင့် တစ်ပါးတစ်ပါးသော ရဟန်းအား နှစ်စင်းနှစ်စင်းသော ထီးဖြူတို့ဖြင့် ကောင်းမွန်သည်ထက် ဆတက်ထူးချွန် အလွန် ကောင်းသော အဆင့်ဆင့်သော ထီးဖြူတို့ကို စီရင်ပြီးသော် ပူဇော်ခြင်းကို ပြုလျက် လာရောက်ပြီး၍ ဂင်္ဂါ မြစ်ကမ်း၌ တည်ကြကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် နှစ်စင်းသောလှေတို့ကို ဖွဲ့ချည်စပ်ယှက်စေ၍ မဏ္ဍပ်ကို ပြုလုပ်စေပြီးလျှင် ပန်းဆိုင်းစသည်တို့ဖြင့် တန်ဆာဆင်စေ၍ အလုံးစုံသော ရတနာတို့ဖြင့်ပြီးသော ဘုရားရှင်နေရာကို ခင်းစေ၏။ မြတ်စွာဘုရားသည် ထိုခင်းထားအပ်သောနေရာ၌ ထိုင်နေ သီတင်းသုံးတော်မူ၏။ ရဟန်းတို့သည်လည်း လှေထက်သို့ တက်ရောက်၍ မြတ်စွာဘုရားကို ခြံရံလျက် ထိုင်နေကုန်၏။ ဗိမ္ဗိသာရမင်းကြီးသည် အစဉ် လိုက်ပို့သည်ရှိသော် လည်ပင်းအရှည်ရှိသော ရေသို့သက်ဆင်း၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အကြွင်ရှေ့လောက် ကာလကြာသဖြင့် အရှင်ဘုရား ပြန်ကြွတော်မူလာ၏။

ထိုမျှလောက် ကာလပတ်လုံး ဒကာတော်သည် ဤဂင်္ဂါမြစ်ကမ်း၌ ဆိုင်းငံ့၍ နေပါအံ့ဟု လျှောက်ပြီးသော် လှေကိုလွှတ်လိုက်၍ ပြန်လည်ခဲ့၏။ မြတ်စွာဘုရားသည် တစ်ယူဇနာမျှ ဝေးကွာနေသော ခရီးသို့ ဂင်္ဂါမြစ်ပြင် ရေလျဉ်ခရီးဖြင့် ကြွသွားတော်မူ၍ ဝေသာလီပြည်၌ နေသောသူတို့၏ နယ်တွင်းသို့ ရောက်တော်မူ၏။ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားကို ခရီးဦးကြိုပြု၍

လည်ကင်းကိုသော ရေသို့ သက်ဆင်းပြီးလျှင် လှေကို မြစ်ကမ်းသို့ဆိုက်၍ လှေကို ယူဆောင်လျက် မြတ်စွာဘုရားကို လှေမှသက်ဆင်း၍ ပင့်ဆောင်ကုန်၏။ မြတ်စွာဘုရားသည် လှေမှ သက်ဆင်းတော်မူ၍ ကမ်း၌ခြေတော် ချကာမျှ၌သာလျှင် ပေါက္ခရမည်သော မိုးကြီး သည်းစွာ ရွာ၏။ အလုံးစုံသော အပူတို့၌။ ခါးပမာဏ ရှိကုန်သော ရေတို့သည် စီးကုန်လျက် အလုံးစုံသော သူကောင်ပုပ်တို့ကို ဂင်္ဂါမြစ်၌ မျှောကုန်၏။ သန့်ရှင်းစင်ကြယ်သော မြေရှိသည် ဖြစ်၏။ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားကို တစ်ယူဇနာ တစ်ယူဇနာရှိရာ အရပ်၌ သီတင်းသုံးတော်မူစေ၍ ကြီးစွာသော အလှူကို ပေးလှူကုန်ကြ ပူဇော်ခြင်း နှစ်ဆက်ပြုကုန်လျက် သုံးရက်ပတ်လုံး ဝေသာလီပြည်သို့ ပင့်ဆောင်ကုန်၏။ သိကြားမင်းလည်း နတ်အပေါင်း ခြံရံလျက် လာရောက်၏။ တန်ခိုးကြီးသော နတ်တို့ စည်းဝေးခြင်းကြောင့် ဘီလူးတို့သည် ထွက်ပြေးကုန်၏။

အရှင်အာနန္ဒာမထေရ် ရတနသုတ်ကို ဟောတော်မူခြင်း

မြတ်စွာဘုရားသည် ညနေချမ်းအခါ မြို့တံခါး၌ တန့်ရပ်တော်မူ၍ အာနန္ဒာ မထေရ်ကို မိန့်ဆိုတော်မူ၏။ အဘယ်သို့ မိန့်ဆိုသနည်း ဟူမူကား ချစ်သား အာနန္ဒာ ရတနသုတ်ကို သင်ယူ၍ လိစ္ဆဝီမင်းသားတို့နှင့် အတူဘက် လှည့်လည် လျက် ဝေသာလီပြည်၏ သုံးခုသော တံတိုင်းတို့၏ အကြား၌ အရံအတားကို ပြုလေလော့ဟု မိန့်ဆိုတော်မူ၏။ အာနန္ဒာမထေရ်သည် မြတ်စွာဘုရား ပေးသနားတော်မူသော ရတနသုတ်ကို သင်ယူ၍ မြတ်စွာဘုရား၏ ကျောက်ပြင့် ပြီးသော သပိတ်တော်ဖြင့် ရေကို ယည့်ယူ၍ မြို့တံခါး၌ ရပ်တည်လျက် ဒီပင်္ကရာ မြတ်စွာဘုရား လက်ထက်တော်အခါ ဘုရားဆုကို တောင်းယူသည်မှစ၍ မြတ်စွာဘုရား၏ ပါရမီဆယ်ပါး ဥပပါရမီဆယ်ပါး ပရမတ္ထပါရမီဆယ်ပါးဟုဆိုအပ် ကုန်သော အမျှသုံးဆယ်သော ပါရမီတော်တို့ကို ငါးပါးသော စွန့်ခြင်းကြီး တို့ကို လောကတ္ထစရိယ ဉာတတ္ထစရိယ ဗုဒ္ဓတ္ထစရိယတည်းဟူသော စရိယသုံးပါး တို့ကို ဖြည့်ဆည်းတော် မူခဲ့၍ နောက်ဆုံး ဖြစ်တော်မူသော ဘဝ၌ မယ်တော်၏ ဝမ်းတိုက်သို့ သက်ဆင်းတော်မူခြင်း, ပဋိသန္ဓေနေခြင်း, ဖွားတော်မူခြင်း, မြတ်သော တောထွက်တော်မူခြင်း, သမ္ဗုဒ္ဓ ပ္ပဓာန်၊ လုံ့လမွန်ဖြင့် အားသွန်ကြိုးပမ်း ကမ္မဋ္ဌာန်းဘာဝနာ ပွားများ ကျင့်ကြံခြင်း, ဗောဓိပလ္လင်၌ မာရ်မင်းကို အောင်တော်မူခြင်း, သဗ္ဗညုတဉာဏ်တော်ကို ထိုးထွင်း၍ သိခြင်း, ဓမ္မစကြာ ဒေသနာကို ကောင်းစွာ လည်တော်မူခြင်းကို လည်းကောင်း၊ လောကုတ္တရာတရား ကိုးပါးတို့ကို လည်းကောင်း၊ ဤသို့ အလုံးစုံလည်း ဖြစ်ကုန်သော ဤဘုရား ရှင်၏ ဂုဏ်ကျေးဇူးတော်တို့ကို ဆင်ခြင်၍မြို့သို့ဝင်ပြီးသော် ညဉ့်သုံးယာမ်ပတ်လုံး မြို့တံတိုင်းသုံးခု အကြားတို့၌ အရံအတားကို ပြုလျက် လှည့်လည်တော်မူ၏။ ထိုအာနန္ဒာ မထေရ်သည် "ယံကိဉ္စိ" ဟု အစရှိ ရွတ်ဆိုကာမျှ၌သာလျှင်

အထက်သို့ ကျသောရေသည် ဘီလူးတို့၏ အထက်၌ ကျ၏။ "ယာနီဓ ဘူတာနိ" ဟူသော ဂါထာကို ရွတ်သောအခါမှစ၍ ငွေဦးစောက်ပန်းကဲ့သို့သော ရေပေါက်တို့သည် ကောင်းကင်ဖြင့် တက်သွား၍ မကျွန်းမမာ သူနာဖြစ်သော လူတို့၏ အထက်၌ ကျကုန်၏။ ထိုခဏ၌သာလျှင် အနာရောဂါပျောက်ကုန်သော လူတို့သည် လျင်စွာထ၍ ထ၍ အာနန္ဒာမထေရ်ကို ခြံရံကြကုန်၏။ "ယံကိဉ္စိ"ဟု ရွတ်ဆိုအပ်သော ပုဒ်မှစ၍ကား ရေပေါက်တို့ဖြင့် ထိတိုင်း ထိတိုင်းသော ဘီလူး အားလုံးတို့သည် ထွက်ပြေးကုန်လျက် တံမြက်ချေးစုနှင့်ရာ နံရံအပေါက်တို့ကို မှီ၍ နေကုန်သော ဘီလူးတို့သည် ထိုထိုသောတံခါးဖြင့် ထွက်ပြေးကုန်၏။ အခွင့်ကို မရကုန်သည်ဖြစ်၍ တံတိုင်းကို ဖျက်၍လည်း ပြေးကြကုန်၏။ လူအပေါင်းသည် မြို့လယ်၌ မင်းကွန်းကို အလုံးစုံသော နံ့သာတို့ဖြင့် လိမ်းကျံ၍ အထက၌ ရွှေကြယ် စသည်တို့ဖြင့် ဆန်းကြယ်သော ဗိတာန်ကို ဖွဲ့ချည်၍ ဘုရားရှင်နေရာကို ခင်းထားပြီးလျှင် မြတ်စွာဘုရားကို ပင့်ဆောင်၏။ မြတ်စွာဘုရားသည် ခင်းထားအပ်သော နေရာ၌ ထိုင်းသုံး တော်မူ၏။ ရဟန်းအပေါင်းသည်လည်းကောင်း လိစ္ဆဝီမင်းအပေါင်းသည် လည်းကောင်း မြတ်စွာဘုရားကို ခြံရံ၍ ထိုင်နေ၏။ သိကြားမင်းသည် နတ်အပေါင်းခြံရံလျက် သင့်တင့်လျောက်ပတ်သော အရပ်၌နေ၏။ အာနန္ဒာ မထေရ်သည်လည်း အလုံးစုံသောမြို့ကို အစဉ်လှည့်လည်၍ ရောဂါပျောက်သော လူအပေါင်းနှင့်တကွ လာရောက်၍ မြတ်စွာဘုရားကို ရှိခိုးနေ၏။ မြတ်စွာ ဘုရားသည် မထေရ်ကိုကြည့်ရှုတော်မူ၍ ထိုရတနသုတ်ကိုပင် ဟောကြားတော် မူ၏။ဒေသနာတော်၏အဆုံး၌ ရှစ်သောင်းလေးထောင်ကုန်သော သတ္တဝါတို့အား သစ္စာလေးပါးတရားကို ထိုးထွင်း၍ သိမြင်လေ၏။ ဤသို့လျှင် ခုနစ်ရက် ပတ်လုံး ထိုရတနသုတ်ကိုသာလျှင် ဟောကြားတော်မူ၍ ဘေးအားလုံးတို့ ငြိမ်းအေးသောအဖြစ်ကို သိတော်မူလျှင် လိစ္ဆဝီမင်းအပေါင်းကို မိန့်ကြား တော်မူ၍ ဝေသာလီပြည်မှ ကြွတော်မူ၏။ လိစ္ဆဝီမင်းတို့သည် ပူဇော်သက္ကာရ ကိုပြုလျက် တစ်ဖန် သုံးရက်ပတ်လုံး မြတ်စွာဘုရားကို ဂင်္ဂါမြစ်ကမ်းသို့ ပင့်ဆောင်ကုန်၏။ ဂင်္ဂါမြစ်၌ ဖြစ်ကုန်သော နဂါးမင်းတို့သည် လူတို့ကား မြတ်စွာဘုရားအား ပူဇော်သက္ကာရ ပြုကြကုန်၏၊ ငါတို့သည် အဘယ်ကြောင့် မပြုကုန်အံ့နည်းဟု ကြံစည်ကြကုန်၏။ ထိုနဂါးမင်းတို့သည် ရွှေ-ငွေ-ပတ္တမြားဖြင့် ပြီးကုန်သော လှေတို့ကို ဖန်ဆင်းကုန်၍ ရွှေ-ငွေ-ပတ္တမြားဖြင့် ပြီးကုန်သော ပလ္လင်တို့ကိုလည်း ခင်းစေကုန်လျက် ရေအပြင်ကို ငါးပါးသောအဆင်းရှိကုန် သော ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးလွှမ်း၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာ ဘုရား၊ အကျွန်ုပ်တို့အားလည်း ချီးမြှောက်ခြင်းကို ပြုတော်မူပါကုန်ဦးလော့ဟု လျှောက်ထား၍ မိမိ မိမိ၏လှေထက်သို့ တက်စေခြင်းငှါ မြတ်စွာဘုရားကို ပင့်ဆောင်ပန်ကြကုန်၏။ လူတို့သည်လည်းကောင်း နဂါးတို့သည်လည်းကောင်း

မြတ်စွာဘုရားအား ပူဇော်ခြင်းကို ပြုကြကုန်၏။ ငါတို့သည်ကား အဘယ်ကြောင့် မပြုဘဲ ရှိကုန်အံ့နည်းဟု–ဘုမ္မဋ္ဌကနတ်ဘုံကို အစပြု၍ အကနိဋ္ဌဗြဟ္မာပြည် တိုင်အောင် အလုံးစုံသော နတ်ဗြဟ္မာတို့သည် ပူဇော်သက္ကာရကို ပြုကြကုန်၏။ ထိုသို့ ပူဇော်သက္ကာရပြုရာ၌ နဂါးတို့သည် တစ်ယူဇနာရှိကုန်သော အဆင့်ဆင့် သော ထီးဖြူတို့ကို ဆောင်းမိုးကုန်၏။ ဤသို့လျှင် အောက်မြေအပြင်၌ နဂါးတို့သည် သစ်ပင်-တောချုံ တောင် စသည်တို့၌ ဘုမ္မဋ္ဌကနတ်တို့သည် ကောင်းကင်၌၊ အာကာသဋ္ဌကနတ်တို့သည် ဤသို့ နဂါးပြည်ကို အစပြု၍ စကြဝဠာအဆုံး အပိုင်းအခြားဖြင့် ဗြဟ္မာပြည်တိုင်အောင် အဆင့်ဆင့်သော ထီးဖြူတို့ကို စိုက်ထောင်ကုန်၏။ ထီး၏အကြားအကြားတို့၌ တံခွန်လုံးတို့သည် ဖြစ်ကုန်၏။ တံခွန်လုံးတို့၏ အကြားအကြားတို့၌ တံခွန်ပြားတို့သည် ဖြစ်ကုန်၏။ ထိုထီး စသည်တို့၏ အကြားအကြားမှ ပန်းဆိုင်း-နံ့သာစသည်တို့ဖြင့် ပူဇော် သက္ကာရသည် ဖြစ်၏။ အလုံးစုံ တန်ဆာဆင်အပ်ကုန်သော နတ်သားတို့ သည်လည်း သဘင်သည် အသွင်ကို ယူ၍ ကြွေးကြော်လျက်သာလျှင် ကောင်းကင်၌ လှည့်လည်ကုန်၏၊ သုံးပါးပေါင်းဆုံ စည်းဝေးခြင်းတို့သည် အလွန်ကြီးကျယ်ကုန်သတတ်။ သုံးပါးတို့ဟူသည်ကား ရေမီးအစုံအစုံသော ယမိုက်ပြာဋိဟာကို ပြတော်မူသော အစည်းအဝေး၊ နတ်ပြည်မှ သက်ဆင်း တော်မူသော အစည်းအဝေး၊ ဤဂင်္ဂါမြစ်သို့ သက်ဆင်းတော်မူသော အစည်း အဝေး ဤသုံးပါးတို့တည်း။ တစ်ဖက်သောကမ်း၌ ဗိမ္ဗိသာရမင်းကြီးသည်လည်း လိစ္ဆဝီမင်းတို့ပြုအပ်သော ပူဇော်သက္ကာရထက် နှစ်ဆတက်ပူဇော်သက္ကာရကို စီရင်၍ မြတ်စွာဘုရား ကြွတော်မူလာခြင်းကို မျှော်လင့်လျက် တည်နေ၏။ မြတ်စွာဘုရားသည် ဂင်္ဂါမြစ်၏ နှစ်ဖက်သောကမ်းတို့၌ မင်းတို့၏ကြီးကျယ်သော စွန့်ကြဲခြင်းကို ကြည့်ရှုတော်မူ၍ နဂါးတို့၏အလိုကိုလည်း သိတော်မူသောကြောင့် တစ်စင်းတစ်စင်းသောလှေ၌ ရဟန်းငါးရာခြံရံလျက် တစ်ဆူတစ်ဆူသော နိမ္မိတ ဘုရားကို ဖန်ဆင်းတော်မူ၏။ ထိုနိမ္မိတဘုရားသည် တစ်စင်းတစ်စင်းသော ထီးဖြူ, တစ်ခုတစ်ခုသော ပဒေသာပင်, တစ်ခုတစ်ခုသော ပန်းဆိုင်း၏အောက်၌ နဂါးအပေါင်းခြံရံလျက် သီတင်းသုံး ကိုင်နေတော်မူ၏။ ဘုမ္မဋ္ဌကနတ် အစရှိသည် တို့တွင်လည်း တစ်ခုတစ်ခုသော အရပ်၌ အခြံအရံနှင့်တကွသော တစ်ဆူတစ်ဆူ သော နိမ္မိတဘုရားကို ဖန်ဆင်းတော်မူ၏။ ဤသို့အလုံးစုံသော စကြဝဠာတိုက်၌ တစ်ပြိုင်နက်လည်း တန်ဆာဆင်အပ်သော ပွဲလမ်းသဘင်သည် ဖြစ်သည်ရှိသော် မြတ်စွာဘုရားသည် နဂါးတို့အား ချီးမြှောက်ခြင်းကို ပြုတော်မူလို သောကြောင့် ရတနာဖြင့်ပြုလုပ်အပ်သော လှေထက်သို့ တက်စီးတော်မူ၏။ ရဟန်းတို့တွင်လည်း တစ်ပါးတစ်ပါးသော ရဟန်းသည် တစ်စင်းတစ်စင်းသော လှေကိုသာလျှင် တက်စီးတော်မူ၏ နဂါးမင်းတို့သည် ဘုရားအမှူးရှိသော ရဟန်း သံဃာကို နဂါးပြည်သို့ ပင့်၍ အလုံးစုံသော ညဉ့်ပတ်လုံး မြတ်စွာဘုရား

ထိတော်၌ တရားစကားကို ကြားနာပြီးသော် နှစ်ရက်မြောက်သောနေ့၌ နတ်၌ဖြစ်သော ခဲဖွယ်ဘောဇဉ်ဖြင့် ဘုရားအမှူးရှိသော ရဟန်းသံဃာကို လုပ်ကျွေးကုန်၏၊ မြတ်စွာဘုရားသည် အနုမောဒနာကို ပြုတော်မူ၍ နဂါးပြည်မှ ကြွတော်မူပြီးသော် အလုံးစုံသော စကြဝဠာ၌ နေကုန်သော နတ်ဗြဟ္မာတို့ ပူဇော်လျက် ငါးရာသော လှေတို့ဖြင့် ဂင်္ဂါမြစ်ကို လွန်မြောက်တော်မူ၏၊ ဗိမ္ဗိသာရ မင်းကြီးသည် ခရီးဦးကြို၍ မြတ်စွာဘုရားကို လှေထက်မှ သက်တော်မူစေပြီး ကြွလာတော်မူသော အခါ၌ လိစ္ဆဝီမင်းတို့သည် ပြုအပ်သော ပူဇော်သက္ကာရထက် နှစ်ဆတက်သော ပူဇော်သက္ကာရကိုပြု၍ ရှေးနည်းဖြင့်သာလျှင် ငါးရက်တို့ဖြင့် ရာဇဂြိုဟ်ပြည်သို့ ပင့်ဆောင်လေ၏။ ရာဇဂြိုဟ်ပြည်သို့ ရောက်၍ နှစ်ရက်မြောက်သောနေ့၌ ရဟန်းတို့သည် ဆွမ်းခံရွာမှ ဖဲကုန်သော် ညနေချမ်းအခါ တရားသဘင်၌ ထိုင်နေကုန်လျက် "ဘုရားရှင်တို့၏ ကြီးကျယ် မြင့်မြတ်သော အနုဘောသည် သြော်-အံ့ဖွယ်ရှိလေစွ၊ ဆရာဖြစ်သော မြတ်စွာဘုရား၌ နတ်လူတို့၏ ကြည်ညိုခြင်းသည် သြော်–အံ့ဖွယ်ရှိလေစွ၊ ဂင်္ဂါမည်သော မြစ်၏ ဤမှာဘက် ကမ်းမှလည်းကောင်း၊ ဟိုမှာဘက်ကမ်းမှလည်းကောင်း ရှစ်ယူဇနာ ရှိသော ခရီး၌ မြတ်စွာဘုရား၌ဖြစ်သော ကြည်ညိုခြင်းဖြင့် မင်းတို့သည်ညီညွတ်သော မြေအပြင်ကိုပြု၍ သဲဘွဲကို ကြဲကုန်လျက် ဒူးဝန်းမျှလောက် မြင့်မောက်တိုင်းအောင် အပိုင်းအခြားဖြင့် အထူးထူးသော အဆင်းရှိသော ပန်းတို့ကို ခင်းကုန်၏၊ ဂင်္ဂါမြစ်၌ ရေအလျဉ်ကို နဂါးတို့၏ အာနုဘော်ဖြင့် ငါးပါးသော အဆင်းရှိကုန်သော ပဒုမ္မာကြာပန်းတို့ဖြင့် ဖုံးလွှမ်းကုန်လျက် အကနိဋ္ဌ ဗြဟ္မာ့ပြည်တိုင်အောင် အဆင့်ဆင့်သော ထီးဖြူတို့ကို စိုက်ထောင် အပ်ကုန်သည်ဖြစ်၍ အလုံးစုံသော စကြဝဠာတို့သည် တစ်ပြိုင်နက်တည်း တန်ဆာဆင်အပ်သော ပွဲသဘင်ကဲ့သို့ဖြစ်၏" ဟူသော စကားကို ဖြစ်စေကြကုန်၏။ မြတ်စွာဘုရားသည် ကြွတော်မူလာ၍ ချစ်သားရဟန်းတို့ ဤယခုအခါ၌အဘယ်မည်သောစကားဖြင့် ပြောကြားထိုင်နေ ကုန်ဘိသနည်းဟု မေးတော်မူ၍ ဤအမည်ရှိသော စကားပါဟု လျှောက်ကြားသည်ရှိသော် ချစ်သားရဟန်းတို့ ဤသို့သော ပူဇော်သက္ကာရ မည်သည် ငါဘုရား၏ အာနုဘော်ကြောင့် ဖြစ်သည်မဟုတ်၊ နဂါး-နတ်-ဗြဟ္မာတို့၏ အာနုဘော်ကြောင့် ဖြစ်သည်မဟုတ် စင်စစ်သော်ကား လွန်လေသော အခါကာလ၌ အနည်းငယ်မျှသော အလှူဝတ္ထုကို လှူဒါန်းစွန့်ကြဲခြင်း အာနုဘော်ကြောင့် ဖြစ်လေသည်ဟု မိန့်ဆိုတော်မူ၍ ရဟန်းတို့ တောင်းပန်အပ်သောကြောင့် အတိတ်ကို ဆောင်တော်မူ၏။

## အလောင်းတော် သင်္ခပုဏ္ဏားကြီးအကြောင်း

ရှေးလွန်လေပြီးသောအခါ တက္ကသိုလ်ပြည်၌ သင်္ခအမည်ရှိသော ပုဏ္ဏားကြီးသည် ရှိ၏၊ ထိုပုဏ္ဏားကြီးအား တစ်ဆယ့်ခြောက်နှစ် အရွယ်ရှိသော သုသိမ

အမည်ရှိသော သားလုလင်သည် ရှိ၏၊ ထိုသုသီမလုလင်သည် တစ်နေ့သောအခါ၌ ဖခင်သို့ ချဉ်းကပ်၍ ဖခင်အကျွန်ုပ်သည် ဗာရာဏသီပြည်သို့သွား၍ဗေဒင်တို့ကို သင်ခြင်းငှါအလိုရှိပါ၏ဟုပြောဆို၏၊ ထိုအခါသုသီမလုလင်ကို ဖခင်ပုဏ္ဏားကြီးက ချစ်သားတိုသို့သွားလို သည်ရှိသော် ဤအမည်သောပုဏ္ဏားကြီးသည် ငါဖခင်၏ အဆွေခင်ပွန်းတည်း၊ ထိုပုဏ္ဏားကြီး ထံသို့သွား၍ သင်ယူပါလော့ဟု ပြော၏။ ထိုသုသီမလုလင်သည် ကောင်းပါပြီဟုဝန်ခံ၍ အစဉ်အတိုင်းအားဖြင့် ဗာရာဏသီပြည်သို့ သွားပြီးသော် ထိုပုဏ္ဏားကြီး၏အထံချဉ်းကပ်၍ မိမိဖခင်က စေလွှတ်လိုက်သောအဖြစ်ကိုပြောကြား၏၊ထိုအခါ သုသီမလုလင်ကို ပုဏ္ဏားကြီးက ငါ၏အဆွေခင်ပွန်း၏သားပေတည်းဟု ဝန်ခံ၍ ခရီးသွားလမ်းပင်ပန်းပူပန်ခြင်းငြိမ်းပြီးသော အခါ ကောင်းသောနေ့ရက်ဖြင့် ဗေဒင်တို့ကို ချပို့ခြင်းငှါ အားထုတ်၏၊ ထိုသုသီမလုလင်သည် များစွာသော ထိုဗေဒင်ကို သင်ယူသည်ရှိသော် မိမိသင်ယူတိုင်း သင်ယူတိုင်းသော ဗေဒင်သည် ရွှေခွက်၌ထည့်အပ်သော ခြင်္သေ့ဆီကဲ့သို့မပျောက်မပျက် ဆောင်ရွက် မှတ်မိလျက် မကြာမြင့်မီသာလျှင် ဆရာ၏ မျက်မှောက်မှ သင်ယူအပ်သော အရာကိုလျှင်စွာသင်ယူ၍ သရဇ္ဈာယ်ခြင်းကိုပြုလျက် မိမိသင်ယူအပ်သောအတတ်၏-အစ-အလယ်ကိုသာ မြင်၏။အဆုံးကိုမမြင်၊ထိုသုသီမလုလင်သည် ဆရာသို့ချဉ်းကပ်၍ အရှင်ဆရာ အကျွန်ုပ်သည် ဤအတတ်၏ အစအလယ်ကိုသာ မြင်၍ အဆုံးကိုမမြင်ပါဟု ပြောဆိုလျှင် ဆရာက အမောင် ငါလည်း မမြင်ပေဟု ပြောဆိုသည်ရှိသော် အရှင်ဆရာ ထိုသို့ ဆရာမမြင်ခဲ့သည်ရှိသော် အဘယ်သူသည် အဆုံးကို သိသနည်းဟု မေး၍ အမောင် ဣသိမည်တွင် အရှင်ပစ္စေကဗုဒ္ဓါတို့သည် ဣသိပတန မည်သော တောအုပ်၌ နေကြကုန်၏။ ထိုအရှင်တို့သည် သိကုန်ရာ၏။ ထိုအရှင်တို့၏ အထံသို့ ချဉ်းကပ်၍ မေးလျှောက်လေလော့ဟု ပြောဆို၏။ ထိုသုသီမ လုလင်သည် ဆရာက ပြောဆိုသည်ရှိသော် ပစ္စေကဗုဒ္ဓါသို့ ချဉ်းကပ်၍ အရှင်တို့သည် အဆုံးကိုသိပါကုန်သလောဟု မေး၏။ ဪ-ဟုတ်မှန်၏။ ငါတို့ သိကုန်၏ဟု ပြောဆိုသည်ရှိသော် ထိုသို့ဖြစ်ပါမူ အကျွန်ုပ်အား ပြောကြားပါကုန်လော့ဟု တောင်းပန်၏။ ငါတို့သည် ရဟန်းမပြုသော သူအား မပြောကြားကုန်။ အသင်သည် အဆုံးကို သိခြင်းဖြင့် အကယ်၍ အလိုရှိအံ့။ ရဟန်းပြုလော့ဟု ပြောဆိုကုန်၏။ ထိုသုသီမလုလင်သည် ကောင်းလှပါပြီဟု ဝန်ခံ၍ ထိုပစ္စေကဗုဒ္ဓါတို့၏ အထံ၌ ရဟန်းပြု၏။ ထိုနောက် ရဟန်းပြုပြီးသော သုသီမ လုလင်အား ထိုပစ္စေကဗုဒ္ဓါတို့သည် ဤသို့သော အကျင့်ကို ရှေးဦးစွာကျင့်လေလော့ဟု ပြောဆို၍ အသင်အား ဤသို့ဝတ်အပ်၏, ဤသို့ရုံအပ်၏, အစရှိသောနည်းဖြင့် အဘိသမာစာရိကဝတ်ကို ပြောကြားကုန်၏။ ထိုသုသီမသည် ပြောကြားမြွက်ဆို ထိုအဘိသမာစာရိကဝတ်၌သာလျှင် ကျင့်လျက် အကြောင်း ဥပနိဿယ ပြည့်ဝသည့် အဖြစ်ကြောင့် မကြာမြင့်မီသာလျှင် သစ္စာလေးပါး ကောင်းစွာသိမြင်သော ပစ္စေက ဗောဓိဉာဏ်ကို

ထိုးထွင်းသိမြင်၍ အလုံးစုံသော ဗာရာဏသီမြို့၌ ကောင်းကင် အပြင်ဝယ် လပြည့်ဝန်းကဲ့သို့ ထင်ရှားလျက် ပြန့်ပြောသောလာဘ် မြတ်သော ကျော်စော ခြင်းသို့ရောက်သည် ဖြစ်လေ၏။ ထိုသုသီမ ပစ္စေကဗုဒ္ဓါသည် နည်းသော အသက်ရှည်ခြင်းကို ဖြစ်စေတတ်သော ကံကို ပြုဖူးခဲ့သည်၏ အဖြစ်ကြောင့် မကြာမြင့်မီသာလျှင် ပရိနိဗ္ဗာန် စံတော်မူ၏။ ထိုအခါ ပစ္စေကဗုဒ္ဓါတို့သည် လည်းကောင်း၊ လူများအပေါင်းသည်လည်းကောင်း ထိုပစ္စေကဗုဒ္ဓါ၏ ကြွင်းကျန် ရှိကောင်း အလောင်းတော်ကိုယ်ကို သင်္ဂြိုဟ်ခြင်းကိစ္စ ပြုလုပ်ကြ၍ ဓာတ်တော် တို့ကို ယူပြီးလျှင် မြို့၏တံခါး၌ စေတီတည်ထားကုန်၏။ သင်္ခပုဏ္ဏားကြီးသည် ငါ၏သားဖြစ်သော သုသီမသည် သွားသည်ကား ကြာမြင့်ပြီ၊ ထိုသား၏ ဖြစ်ကြောင်းကို သိရအောင့်အံ့ဟု ကြံပြီးသော် ထိုသားကို တွေ့မြင်ခြင်းငှာ အလို ရှိသောကြောင့် တက္ကသိုလ်ပြည်မှ ထွက်ခဲ့၍ အစဉ်အတိုင်းအားဖြင့် ဗာရာဏသီ ပြည်သို့ သွားပြီးလျှင် လူများ ကောင်းစွာ စုဝေးသည်ကို တွေ့မြင်၍ ဧကန်စင်စစ် ဤမျှများစွာ ကုန်သော သူတို့တွင် တစ်ယောက်သော သူသည်လည်း ငါ၏သား ဖြစ်သော သုသီမ၏ ဖြစ်ခြင်းအကြောင်းကို ကောင်းစွာ သိလတ္တံ့ဟု ကြံ၍ လူများအပေါင်းသို့ ချဉ်းကပ်ပြီးလျှင် "သုသီမအမည်ရှိသော လုလင်သည် ဤဗာရာဏသီပြည်သို့ လာရောက်ဖူးပါသည် ထိုသုသီမလုလင်၏ ဖြစ်ခြင်း အကြောင်းကို စင်စစ် အသင်တို့ သိပါကုန်သလော" ဟု မေး၏။ ပုဏ္ဏားကြီး သြော်-သိပါကုန်၏။ ဤအမည်ရှိသော ပုဏ္ဏားကြီး၏အထံ၌ သုံးပုံသော ဗေဒင် တို့ကို သင်ယူသရဇ္ဈာယ်၍ ရဟန်းပြုပြီးလျှင် ပစ္စေကဗောဓိဉာဏ်ကို မျက်မှောက် ပြု၍ ပရိနိဗ္ဗာန်ပြုခဲ့ပါ၏၊ ဤစေတီကား ထိုသုသီမ ပစ္စေကဗုဒ္ဓါ၏ ဓာတ်တော်ကို ထည့်သွင်း ဌာပနာ၍ ကောင်းစွာ တည်ထားအပ်သော စေတီပေတည်းဟု ပြောကြားကြကုန်၏။

## စေတီတော်ရင်ပြင်၌ သဲခင်းခြင်းစသော ကုသိုလ်ကံပြုခြင်း

ထိုသင်္ခပုဏ္ဏားကြီးသည် မြေကြီးကိုလက်ဖြင့် ပုတ်ခတ်လျက် ငိုကြွေး မြည်တမ်းပြီးလျှင် ထိုစေတီရင်ပြင်သို့သွား၍ ပေါင်းမြက်တို့ကို နုတ်ယူသုတ်သင် ပြီးကာ အပေါ်ရုံပုဆိုးဖြင့် သဲကိုဆောင်ယူ၍ စေတီရင်ပြင်၌ ကြဲဖြန့်ခင်းထား ကရားမှ စောင်းငဲ့ကျဲဆင်းသော ရေဖြင့် ဆွတ်ဖျန်းလျက် တော၌ဖြစ်သော ပန်းတို့ဖြင့် ပူဇော်ခြင်းကိုပြု၍ ပုဆိုးဖြင့် တံခွန်ပြားကို တင်လှူလျက် စေတီ၏ အထက်၌ မိမိ၏ထီးကို စိုက်ထူဖွဲ့ချည်၍ ဖဲသွားလေ၏။ မြတ်စွာဘုရား သည် ဤသို့သော အတိတ်ကို ဆောင်တော်မူ၍ ချစ်သားရဟန်းတို့ ထိုအခါ ငါဘုရားသည် သင်္ခပုဏ္ဏားကြီး ဖြစ်ပြီ။ ငါဘုရားအလောင်းတော်သည် သုသီမ ပစ္စေကဗုဒ္ဓါ၏ စေတီရင်ပြင်၌ ပေါင်းမြက်တို့ကို နုတ်ပယ် သုသင်ကုန်ပြီး၊ ထို

ကောင်းမှုကံ၏ အကျိုးဆက်ဖြင့် ငါဘုရားအား ရှစ်ယူဇနာ ခရီးကို နှုတ်ငယ် အပ်သော သစ်ငုတ် ဆူးငြောင့် ရှိသည်ကိုပုံ၍ စင်ကြယ်ညီညာတ်သော အပြင် ရှိသည်ကို လုပ်ဆောင်ကုန်၏။ ငါဘုရားအလောင်းတော်သည် ထိုစေတီရင်ပြင်၌ သဲတို့ကို ကြဲဖြန့်ခဲ့ကုန်ပြီ။ ထိုကောင်းမှုကံ၏ အကျိုးဆက်ဖြင့် ငါဘုရားအား ရှစ်ယူဇနာရှိသော ခရီးလမ်းကို သဲကိုကြဲဖြန့် ခင်းထားကုန်၏။ ထိုစေတီရင်ပြင်၌ တောပန်းတို့ဖြင့် ပူဇော်ခြင်း ပြုအင်ကုန်ပြီ။ ထိုကောင်းမှုကံ၏ အကျိုးဆက် ဖြင့် ရှစ်ယူဇနာရှိသော ခရီးလမ်း၌ အထူးထူးသော အဆင်းရှိကုန်သော ပန်းတို့ ကို ဒူးဝန်း အတိုင်းအရှည် အပုံင်းအခြားရှိသည်တိုင်အောင် ကြဲဖြန့်ကြကုန်၏။ တစ်ယူဇနာ ဝေးကွာရပ်ဖြစ် ဂင်္ဂါမြစ်၌ ငါးပါးသော အဆင်းရှိကုန်သော ပဒုမ္မာ ကြာပန်းတို့ဖြင့် ရေအပြင်ကို လွှမ်းဖုံးလေ၏။ ငါဘုရားအလောင်းတော် ဖြစ်သော သင်္ခပုဏ္ဏားကြီးသည် ထိုစေတီရင်ပြင်၌ ကရားမှ စောင်းငဲ့သွန်ယူသော ရေဖြင့် မြေကြီးကို ဆွတ်ဖျန်းခဲ့ပြီ။ ထိုကောင်းမှုကံ၏ အကျိုးဆက်ဖြင့် ဝေသာလီပြည်၌ ပေါက္ခရမိုး ရွာခဲ့လေ၏။ ထိုဘုရားအလောင်းဖြစ်သော သင်္ခပုဏ္ဏားကြီးသည် ထိုစေတီ၌ တံခွန်ပြားတို့ကိုလည်း တင်လှူအပ်ကုန်ပြီ။ ထီးကိုလည်း စိုက်ထူ ဖွဲ့ချည်အပ်ခဲ့ပြီ။ ထိုကောင်းမှုကံ၏ အကျိုးဆက်ဖြင့် ငါဘုရားအား အကနိဋ္ဌဗြဟ္မာ့ပြည် တိုင်အောင် တံခွန်လုံး၊ တံခွန်ပြား၊ မလေးပွား အသီးသီး ထီးအဆင့်ဆင့်တို့ဖြင့် အလုံးစုံသော စကြာဝဠာတိုက်အလုံးသည် တစ်ပြိုင်နက်တည်းသော ပွဲသဘင်ကဲ့သို့ ဖြစ်၏။ ချစ်သားရဟန်းတို့ ဤသို့ပြဆိုခဲ့ပြီးသည်အတိုင်း ဤသို့သော ပူဇော်သက္ကာရသည် ငါဘုရား၏ အာနုဘော်ကြောင့် ဖြစ်သည် မဟုတ်။ နဂါး-နတ်-ဗြဟ္မာတို့၏ အာနုဘော်ကြောင့် ဖြစ်သည်မဟုတ်။ လွန်လေပြီးသော အတိတ်ဘဝ၌ အနည်းငယ်မျှကို စွန့်ချ ပေးကမ်း လှူဒါန်းခြင်း ကောင်းမှု၏ အာနုဘော်ကြောင့် ဖြစ်လေသည်ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏။

မတ္တာသုခပရိစ္စာဂါ၊ ပဿေ စေ ဝိပုလံ သုခံ။
စဇေ မတ္တာသုခံ ဓီရော၊ သမ္ပဿံ ဝိပုလံ သုခံ။

အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်ပြန့်ပြော သော ချမ်းသာကို ရလိမ့်မည်ဟု မြင်ပါမူ ကြီးကျယ်ပြန့်ပြောသော ချမ်းသာ ကိုမြင်သော ပညာရှိသည် အနည်းငယ်သော ချမ်းသာကို စွန့်လွှတ်ရာ၏။

ထိုဂါထာ၌ မတ္တာသုခပရိစ္စာဂါ ဟူသောပါဌ်ဖြင့် မတ္တာသုခ=ဟူသည် ပမာဏအတိုင်းအရှည်ရှိသော အနည်းငယ်သော ချမ်းသာကို ဆိုလို၍ ထိုချမ်း သာကို စွန့်ခြင်းဖြင့် ဟုဆိုလိုသည်။

**ဝိပုလံ သုခံ**=ဟူသည် ပြန့်ပြောသော ချမ်းသာဟူသည် နိဗ္ဗာန်ချမ်းသာကို ဆိုအပ်၏။ ထိုနိဗ္ဗာန်ကို မြင်ရ၏တည်း။ ဆိုလိုရင်းမှာ–ထမင်းခွက်တစ်ခုကို ငဲရင်စေ၍ စားသုံးသူအား အနည်းငယ်သော ချမ်းသာဖြစ်၏။ ထိုချမ်းသာကို စွန့်လွှတ်၍ ဥပုသ်စောင့်သူ အလှူပေးသူအား 'ကြီးကျယ်ပြန့်ပြော မွန်မြတ်သော နိဗ္ဗာန်ချမ်းသာ' ဖြစ်၏။ ထို့ကြောင့် ဤသို့ချမ်းသာ အနည်းငယ်ကို စွန့်လျှင် ကြီးကျယ်ပြန့်ပြောသော ချမ်းသာကို မြင်ရ၏။ သို့ဖြစ်၍ ဤချမ်းသာ ပြန့်ပြောခြင်းကို ကောင်းစွာရှုမြင်သော ပညာရှိသည် ထိုချမ်းသာ အနည်းငယ်ကို စွန့်ရာ၏။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

အတ္တနောပုဗ္ဗကမ္မဝတ္ထု ပြီး၏။

---

## ၂။ ကြက်ဥစားဝတ္ထု

ပရဒုက္ခူပဓာနေန–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ကြက်ဥကိုစားသော သတို့သမီးတစ်ယောက်ကို အကြောင်းပြု၍ ဟောတော်မူ၏။

သာဝတ္ထိပြည်အနီး၌ ပဏ္ဍုရအမည်ရှိသော တစ်ခုသောရွာသည် ရှိသတတ်။ ထိုပဏ္ဍုရရွာ၌ တစ်ယောက်သော တံငါသည်သည် နေ၏။ ထိုတံငါသည်သည် သာဝတ္ထိပြည်သို့ လာခဲ့သည်ရှိသော် အစိရဝတီမြစ်ကမ်း၌ လိပ်ဥတို့ကိုမြင်၍ ထိုလိပ်ဥတို့ကို ယူပြီးလျှင် သာဝတ္ထိပြည်သို့ လာရောက်သည်ရှိသော် တစ်ခုသော အိမ်၌ လိပ်ဥတို့ကို ပြုတ်စေ၍ စားသုံးလျက် ထိုအိမ်၌ သတို့သမီးအားလည်း တစ်လုံးသောလိပ်ဥကို ပေး၏။ ထိုသတို့သမီးသည် လိပ်ဥကိုစားပြီးလျှင် ထိုအခါမှစ၍တစ်ပါးသော စားဖွယ်မည်သည်ကိုအလိုမရှိ။ ထိုအခါ သတို့သမီး၏ မိခင်သည် ကြက်မ၏ မွေးဖွားသောအရပ်၌ တစ်လုံးသောကြက်ဥကို ယူ၍ပေး၏၊ ထိုသတို့သမီးသည် ကြက်ဥကိုစားရ၍ အရသာ၌ တပ်မက်တတ်သော တဏှာဖြင့် ဖွဲ့နှောင်လေ၏။ ထိုအခါမှစ၍ ကိုယ်တိုင်သာလျှင် ကြက်မ၏ဥတို့ကိုယူ၍ စားသုံး၏။ ကြက်မသည် မွေးဖွားတိုင်း မွေးဖွားတိုင်းသောအခါ၌ မိမိဥတို့ကို ယူ၍စားသော ထိုသတို့သမီးကိုမြင်၍ ထိုသတို့သမီး နှိပ်စက်သောကြောင့် ကြက်မသည် ရန်ငြိုးဖွဲ့၍ ယခုအခါ၌ ဤဘဝမှ စုတေခဲ့သည်ရှိသော် ဘီလူးမသည်ဖြစ်၍ အသင်၏မွေးဖွားတိုင်းသော သူငယ်တို့ကို စားခြင်းငှါစွမ်းနိုင်သည် ဖြစ်ရပါလို၏ဟု ဆုတောင်းခြင်းကို ဖြစ်စေ၍ သေလွန်ခြင်းကို ပြုသည်ရှိသော်

ထိုအိမ်၌သာလျှင် ကြောင်မအဖြစ်ဖြစ်လေ၏။ သတို့သမီးသည်လည်း သေလွန်ခြင်းကိုပြု၍ ထိုအိမ်၌ပင်လျှင် ကြက်မအဖြစ် ဖြစ်လေ၏။ ကြက်မသည် ဥတို့ကို ပေါက်ဖွား၏။ ကြောင်မသည် လာ၍ ထိုဥတို့ကို စားပြီးလျှင် နှစ်ကြိမ်မြောက်လည်းကောင်း၊ သုံးကြိမ်မြောက်လည်းကောင်း စားသည်သာလျှင်တည်း။ ကြက်မသည် သုံးကြိမ်မြောက်၌ ငါ၏ဥတို့ကို စားပြီး၍ ဤယခုအခါ၌ ငါ့ကိုလည်း စားခြင်းငှါ အလိုရှိသည်ဖြစ်၏။ ဤဘဝမှ စုတေခဲ့သည်ရှိသော် သားသမီးနှင့်တကွသော ထိုကြောင်မကို စားခြင်းငှါ ရပါလို၏ဟု ဆုတောင်းခြင်းကို ပြု၍ ထိုဘဝမှ စုတေသည်ရှိသော် သစ်မအဖြစ် ဖြစ်လေ၏။ ကြောင်မသည်လည်း သေလွန်ခြင်းကို ပြု၍ သမင်မ အဖြစ် ဖြစ်လေ၏။ ထိုသမင်မ၏ မွေးဖွားသောအခါ၌ သစ်မသည်လာ၍ သားသမီးနှင့်တကွသော ထိုသမင်မကို စား၏။

ဤသို့လျှင် တစ်ပြန်တစ်လှည့်စီအားဖြင့် စားကုန်လျက် ဘဝငါးရာသော ကိုယ်၏အဖြစ်၌ တစ်ယောက်သည် တစ်ယောက်အား ဆင်းရဲကို ဖြစ်စေ၍ အဆုံးဖြစ်သောဘဝ၌ တစ်ယောက်သောသူသည် ဘီလူးမ အဖြစ် ဖြစ်၏။ တစ်ယောက်သောသူသည် သာဝတ္ထိပြည်၌ အမျိုးသမီးအဖြစ် ဖြစ်လေ၏။

ထိုသတို့သမီးသည် အစဉ်အတိုင်းကြီးပွား၍ အရွယ်သို့ ရောက်လာသည်ရှိသော် မြို့တံခါး၏အနီးဖြစ်သော ရွာ၌ တစ်ဦးသော ခင်ပွန်းလင်ယောကျ်ား၏ အိမ်သို့ ရောက်သွားရလေ၏။ နောက်အခါ၌ ထိုအမျိုးမိန်းမသည် သားဖွားသည်ရှိသော် ဘီလူးမသည် အမျိုးမိန်းမ၏ ချစ်မြတ်နိုးအပ်သော အပေါင်းအဖော်၏အသွင်ကို ပြုပြင်ဖန်ဆင်းပြီးမှ လာ၍ ငါ၏အဖော်မသည် အဘယ်မှာနည်းဟု မေး၏၊ တိုက်ခန်း၏အတွင်း၌ သားဖွား၍ နေသည်ဟု ဆိုကြသော စကားကိုကြားသည့်အခါ သားယောကျ်ားပင် ဖွားမြင်လေသလော၊ သို့မဟုတ် သမီးမိန်းမပင် ဖွားမြင်လေသလော၊ ငါကြည့်ရှုအံ့ဟု ဆို၍ တိုက်ခန်းအင်တွင်းသို့ ဝင်ပြီးလျှင် ကြည့်ရှုသကဲ့သို့ ပြု၍ သူငယ်ကို ယူပြီးသောအခါ ကိုက်စားသည် ဖြစ်၍သွားလေ၏။ ၎င်းနောက်တစ်ဖန် ဒုတိယ အကြိမ်ဖွားမြင်သောအခါ၌လည်း ထိုအတူသာလျှင် ကိုက်စား၏။ သုံးကြိမ်မြောက်၌ ကိုယ်ဝန်ကို ရပြန်၍ ဖွားမြင်အံ့သောအချိန်သို့ နီးလတ်သည်ရှိသော် မိမိ၏ခင်ပွန်းလင်ကို တိုင်ပင်သည်မှာ အရှင် ဤအရပ်ဌာန ဤဒေသ၌ တစ်ယောက်သော ဘီလူးမသည် ငါ၏ နှစ်ယောက်သောသားငယ်တို့ကို စားသောက်၍ သွားလေဘိသည်။ ယခု ဖွားမြင်လတ္တံ့သော သားသူငယ်ကိုမူကား အမျိုးတို့အိမ်သို့ သွား၍ ဖွားမြင်အံ့ဟု တိုင်ပင်ပြီးလျှင် အမျိုးတို့ အိမ်သို့ သွား၍ သားကို ဖွားမြင်လေ၏။ ထိုအခါ ဘီလူးမသည် ရေပို့ဆောင်ရသော အလှည့်အကြိမ်သို့ ကျသဖြင့် သွားရလေ၏။

ထိုစကားမှန်၏။ ဝေဿဝဏ်နတ်မင်းကြီးအား ဘီလူးမတို့သည် အလှည့်အကြိမ်ဖြင့် အနောတတ္တအိုင်ကြီးမှ ဦးခေါင်းအဆက်ဆက်အားဖြင့် ရွက်ဆောင်ရကုန်၏။ ထိုသို့ ရွက်ဆောင်ခြင်းသည် လေးလကို လွန်သဖြင့်လည်းကောင်း၊ ငါးလကိုလွန်သဖြင့်လည်းကောင်း လွတ်ကြရကုန်၏။ တစ်ပါးသော ဘီလူးမတို့သည် ပင်ပန်းလှသော ကိုယ်ရှိသည်ဖြစ်၍ အသက်ကုန်ခြင်းသို့ ရောက်လေကုန်၏။ ထိုဘီလူးမသည်ကား ရေဆောင်ပို့ရသော အလှည့်အကြိမ်မှ လွတ်ကာမျှဖြင့်သာလျှင် လျင်စွာသောအဟုန်ဖြင့် ထိုအမျိုးမိန်းမအိမ်သို့ သွားလေ၍ ငါ၏အဖော်ခင်ပွန်းမသည် အဘယ်မှာနည်း၊ အဘယ်အရပ်၌ မြင်ကြပါသနည်းဟု မေး၏။ လူအပေါင်းတို့ကသည်း ထိုအမျိုးမိန်းမအား ဤအရပ်၌ဖွားမြင်သော သားသူငယ်တို့ကို ဘီလူးမလာ၍ စားလေသောကြောင့် အမျိုးတို့၏အိမ်သို့ သွားလေသည်ဟု ပြောဆိုကုန်၏။ ထိုဘီလူးမသည်လည်း ဟုတ်ဟုတ်ငြားငြား ယင်းသို့ သွားစေကာမူ ငါ၏လက်မှ ဆက်ဆက်မလွတ်ပေလတ္တံ့ဟု ကြံ၍ လျင်စွာသော အဟုန်ဖြင့် တိုက်တွန်းအပ်သော စိတ်ရှိလျက် မြို့သို့ ရှေးရှု ပြေးသွားလေ၏။

အမျိုးမိန်းမသည်လည်း အမည်ကို ယူအံ့သောနေ့၌ သူငယ်ကို ရေသုံးသပ်စေ၍ အမည်ကို ပြုပြီးသော် မိမိ၏ခင်ပွန်း လင်ယောကျ်ားအား အရှင် ငါတို့၏ နေရာအိမ်သို့ ပြန်ကြကုန်အံ့ဟု ပြောဆို တိုင်ပင်လျက် သားငယ်ကိုယူ၍ အရှင် လင်နှင့်တကွ မြတ်စွာဘုရား ကျောင်းတော်၏ အလယ်၌ ဖြတ်သန်း၍ သွားသော လမ်းခရီးဖြင့် သွားကြကုန်လျက် အမျိုးမိန်းမသည် သားငယ်ကို မိမိလင်အား ပေး၍ ကျောင်းရေကန်၌ ရေသုံးသပ်ပြီးသော် ရေကန်မှ တက်၍ သားငယ်ကို ယူပြီးမှ ခင်ပွန်းဖြစ်သော လင်ယောကျ်ားသည် ရေသုံးသပ်စဉ် သားငယ်ကို နို့တိုက်၍ နေသောကာလ၊ အဝေးမှလာသော ဘီလူးမကိုမြင်လျှင် သိနှင့်သည် ဖြစ်၍ အရှင် လျင်စွာလာ၍ သားငယ်ကို ဆောင်ယူပါလော့။ ဤရှုကလာသော သူသည်ကား ငါတို့၏ သားငယ်ကို ကိုက်စားတတ်သော ဘီလူးမတည်းဟု ကျယ်စွာသောအသံကိုပြု၍ ထိုခင်ပွန်းလင်လာသည်တိုင်အောင် တည်အံ့သောငှါ မစွမ်းနိုင်သည် ဖြစ်၍ ပြန်လည်ပြီးလျှင် မြတ်စွာဘုရား ကျောင်းတော်သို့ ရှေးရှု ပြေးဝင်လေ၏။ ထိုအခါ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်သည် ပရိသတ်တို့၏ အလယ်၌ တရားတော်ကို ဟောကြား၍ နေတော်မူ၏။ ထိုအမျိုးမိန်းမသည် မြတ်စွာဘုရား၏ ခြေတော်ရင်း အပြင်၌ သားငယ်ကိုချထား အိပ်နေစေပြီး၍ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား အရှင်ဘုရားတို့အား ဤသူငယ်ကို လှူပါ၏။ အရှင်ဘုရားတို့သည် တပည့်တော်မ၏ သားငယ်အား ဇီဝိတဒါနဲ့ဟု ဆိုအပ်သောအသက်ကို ကယ်မ ပေးသနားတော်မူပါဘုရားဟု လျှောက်ကြား၏။ တံခါးမုခ်၌ စောင့်နေသော သုမနနတ်သည် ဘီလူးမအား အတွင်းသို့ ဝင်စိမ့်

သောင့်ခွင့်မပေး။ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က အာနန္ဒာမထေရ်ကို ခေါ်တော်မူပြီးလျှင် ချစ်သား အာနန္ဒာ သွားတည့်ချေ။ ထိုဘီလူးမကို ခေါ်ချေလော့ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း သွား၍ မြတ်စွာဘုရား အမိန့်တော်ဖြင့် ခေါ်တော်မူ၍ ဘီလူးမသည် ဝင်လာသည်ရှိသော် အမျိုးမိန်းမလည်း အရှင်ဘုရား ကိုက်စားတတ်သော ဘီလူးမသည် လာချေပြီဟု လျှောက်၏။ မြတ်စွာဘုရားရှင်ကလည်း လာစေ အသင်သည် အသံ မပြုလင့်ဟု မိန့်တော်မူပြီးသော် လာရောက်၍ ရပ်တည်သော ဘီလူးမကို အဘယ့်ကြောင့် ဤကဲ့သို့သော အမှုကို ပြုဘိသနည်း၊ အသင်တို့သည် ငါကဲ့သို့သော သဘောရှိသော မြတ်စွာဘုရားရှင် မျက်မှောက်သို့ အကယ်၍ မရောက်ခဲ့သည် ဖြစ်တုံအံ့။ မြွေနှင့်မြွေပါတို့ ကဲ့သို့လည်းကောင်း၊ ဝံနှင့်ကြို့ ပင်စောင်နတ်တို့ ကဲ့သို့လည်းကောင်း၊ ကျီးနှင့် ခင်ပုပ်တို့ကဲ့သို့ လည်းကောင်း အသင်တို့အား ကမ္ဘာပတ်လုံး မဆုံးမချင်း ရန်ငြိုးဖွဲ့ခြင်းတို့သည် ဖြစ်ကုန်ရာ၏၊ အဘယ့်ကြောင့် ခိုက်ရန်ကို ရန်တုံ့မူခြင်း ပြုကြကုန်ဘိသနည်း။ ခိုက်ရန်ဘို့မည်သည်ကား ရန်တုံ့မမူသဖြင့် သာလျှင် ငြိမ်းပျောက်ကုန်၏။ ရန်တုံ့မူသဖြင့် ထိုထိုသော ခိုက်ရန်ခပ်သိမ်းတို့သည် မငြိမ်းမပျောက် သည်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ နှစ်ဦးကုန်သော သူတို့အားလည်း တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

> ပရဒုက္ခူပဓာနေန၊ အတ္တနော သုခမိစ္ဆတိ၊
>
> ဝေရသံသဂ္ဂ သံသဋ္ဌော၊ ဝေရာ သော န ပရိမုစ္စတိ။

သူတစ်ပါးကို ဆင်းရဲဖြစ်စေခြင်းဖြင့် မိမိ၏ ချမ်းသာကို အလိုရှိ၏။ ရန်နှင့်ရောယှက် ဆက်စပ်သူသည် ရန်အပေါင်းမှ မလွတ်မြောက်နိုင်။

ထိုဂါထာ၌ ပရဒုက္ခူပဓာနေန=ဟူသည် သူတစ်ပါး၌ ဆင်းရဲဖြစ်စေခြင်း ဖြင့်တည်း။

ဝေရသံသဂ္ဂသံသဋ္ဌော=ဟူသည် ဆဲရေးခြင်း, ပြန်ဆဲရေးခြင်း, ပုတ်ခတ်ခြင်း ပြန်လှန်ပုတ်ခတ်ခြင်း စသည်တို့၏ အစွမ်းဖြင့် အချင်းချင်း ပြုအပ်သော ရန်ရောယှက်ခြင်းဖြင့် ဆက်စပ်သောတည်း။

ဝေရာ သော ပရိမုစ္စတိ=ဟူသည် အမြဲ ရန်သူ၏အစွမ်းဖြင့် ဆင်းရဲကိုသာ ရောက်၏တည်း။

ဒေသနာတော်၏ အဆုံး၌ ဘိက္ခုမသည် သရဏဂုံတည်၍ ငါးပါးသီလ ဆောက်တည်ပြီး ရန်မှလွတ်၏။ အခြားသတ္တဝါသမီးသည်လည်း သောတာပတ္တိဖိုလ် ၌တည်၏။ ရောက်ရှိလာသူတို့အား တရားဒေသနာသည် အကျိုးရှိ၏။

ကြက်ဥစားဝတ္ထု ပြီး၏။

---

## ၃။ ဘဒ္ဒိယရဟန်းတို့ဝတ္ထု

ယံ ဟိ ကိစ္စံ – အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဘဒ္ဒိယမြို့ကို မှီ၍ မြဘ်လေးတော၌ သီတင်းသုံးတော်မူစဉ် ဘဒ္ဒိယမြို့နေ ရဟန်း တို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဘဒ္ဒိယမြို့၌နေကုန်သော ထိုရဟန်းတို့သည် ခြေနင်းကို တန်ဆာဆင်ခြင်းဖြင့် လုံ့လကြိုးကုတ် အားထုတ်ကုန်သည် ဖြစ်ကုန်သတတ်။ ထိုရဟန်းတို့သည် တစ်ပါးမက များလှစွာသော အပြားရှိသော ခြေနင်းကို တန်ဆာဆင်ခြင်းဖြင့် လုံ့လကြိုးကုတ် အားထုတ်ခြင်းကို အစဉ်မပြတ် မိမိကိုယ်တိုင်လည်း ပြုလုပ်ကြ ကုန်၏။ သူတစ်ပါးတို့ကိုလည်း ပြုလုပ်စေကုန်၏။ ဖြူဆံမြက်ဖြင့်ပြီးသောခြေနင်း ကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏။ သူတစ်ပါးတို့ကိုလည်း ပြုလုပ်စေကုန်၏။ ပြိန်းမြက်ဖြင့်ပြီးသော ခြေနင်းကို မိမိတို့ကိုယ်တိုင်လည်းပြုလုပ်ကုန်၏။ သူတစ်ပါး တို့ကိုလည်း ပြုလုပ်စေကုန်၏၊ ဓနုန်းဖြင့်ပြီးသောခြေနင်းကို မိမိတို့ကိုယ်တိုင် လည်း ပြုလုပ်ကုန်၏၊ သူတစ်ပါးတို့ကိုလည်း ပြုလုပ်စေကုန်၏။ ကမ္ဗလာဖြင့်ပြီး သော ခြေနင်းကို မိမိတို့ကိုယ်တိုင်လည်း ပြုလုပ်ကုန်၏။ သူတစ်ပါးတို့ကိုလည်း ပြုလုပ်စေကုန်၏။ ထိုရဟန်းတို့အား ပါဠိသင်ခြင်း၊ အဋ္ဌကထာ သင်ခြင်းသည် နှလုံးမသွင်းအပ်သော သီလသိက္ခာ၊ အဓိစိတ္တသိက္ခာ၊ အဓိပညာသိက္ခာ ဤသုံးပါးသော အခြင်းအရာသည် ရှိခဲမျှ နှလုံးမသွင်း၊ အချိုးနှိုး ကင်းဆိတ်ကုန်၏။ ရဟန်းတော် တို့သည် ထိုဘဒ္ဒိယရဟန်းတို့ ဖော်ပြမြွက်ဆို ထိုသို့သော အခြင်းအရာဖြင့် ပြုလုပ် သောအဖြစ်ကို ကဲ့ရဲ့ရှုတ်ချကုန်ပြီး၍ မြတ်စွာဘုရားအား ကြားလျှောက်ကြ ကုန်၏။ မြတ်စွာဘုရားသည် ထိုဘဒ္ဒိယရဟန်းတို့ကို ကဲ့ရဲ့တော်မူ၍ ချစ်သား ရဟန်းတို့ အသင်တို့သည် ဖိနပ်ခြေနင်း တန်ဆာဆင်ခြင်းစသည်တို့မှ တစ်ပါး သော အရဟတ္တဖိုလ် တက်ခိုလိုသောကိစ္စဖြင့် ငါဘုရား သာသနာတော်ထမ်း ရဟန်းအဖြစ်သို့ လာရောက်ပါကုန်လျက် အရဟတ္တဖိုလ် တက်ခိုရာအကြောင်း ကောင်းစွာသီလကို လုံခြုံစေခြင်းစသည်မှ တစ်ပါးသာလျှင် ဖြစ်သော ဖိနပ် ခြေနင်း တန်ဆာဆင်ခြင်း စသောကိစ္စ၌ လုံ့လကြိုးကုတ် အားထုတ်ကုန်ဘိ သည်ဟု မိန့်ဆိုတော်မူ၍ တရားတော်ကို ဟောကြားတော် မူလိုသောကြောင့် ဤဂါထာတို့ကို ဟောတော်မူ၏–

ယံ ဟိ ကိစ္စံ အပဝိဒ္ဓံ၊ အကိစ္စံ ပန ကယိရတိ။
ဥန္နဠာနံ ပမတ္တာနံ၊ တေသံ ဝဍ္ဎန္တိ အာသဝါ။
ယေသဉ္စ သုသမာရဒ္ဓါ၊ နိစ္စံ ကာယဂတာ သတိ။
အကိစ္စံ တေ န သေဝန္တိ၊ ကိစ္စေ သာတစ္စကာရိနော။
သတာနံ သမ္ပဇာနာနံ၊ အတ္ထံ ဂစ္ဆန္တိ အာသဝါ။

သီလဆောက်တည်ခြင်း၊ ဓုတင်ဆောင်ခြင်း၊ ဘာဝနာပွားခြင်း စသော ရဟန်းကိစ္စကိုပယ်၍ ထီးကိုတန်ဆာဆင်ခြင်းစသော ရဟန်းကိစ္စမဟုတ်သည်ကို ပြုလုပ်၍ မာနဖြင့်ကောင်လွှားကုန်သော မေ့လျော့ကုန်သော ရဟန်းတို့အား အာသဝေါတရားတို့သည် တိုးပွားကုန်၏။

ကာယဂတာသတိကို အမြဲအားထုတ်သော ရဟန်းတို့သည် ရဟန်းကိစ္စ မဟုတ်သည်ကို မမှီဝဲကြကုန်၊ ရဟန်းကိစ္စ၌သာ အမြဲမပြတ် ပြုကြကုန်၏။ သတိရှိကုန်သော အမြော်အမြင်ရှိကုန်သော ရဟန်းတို့အား အာသဝေါတရားတို့သည် ချုပ်ပျောက်ခြင်းသို့ ရောက်ကုန်၏။

ထိုဂါထာတို့၌ ယံဟိကိစ္စံ=ဟူသည်ကား ရဟန်းဖြစ်ချိန်မှ စ၍ အတိုင်းအရှည် မရှိသော သီလအစုကို စောင့်ထိန်းခြင်း၊ တော၌နေ၍ ဓုတင်ဆောင်ခြင်း၊ ဘာဝနာပွားခြင်း အစရှိသည်တို့သည် ကိစ္စမည်၏တည်း။

အကိစ္စံဟူသည်=ထီးကိုတန်ဆာဆင်ခြင်း ဖိနပ်ကိုတန်ဆာဆင်ခြင်း၊သပိတ်ခြေ၊ ခွက်ရေစစ်၊ ခါးပန်းကြိုး၊ ပခုံးလွယ်ကြိုးတို့ကို တန်ဆာဆင်ခြင်းသည် ရဟန်း၏ ကိစ္စမမည်၊ ထိုရဟန်းကိစ္စ မဟုတ်သည်တို့ကို ပြုသောရဟန်းတို့သည် မာနကို မြှောက်၍ ကျင့်သဖြင့် ကောင်လွှားတက်ကြွသော မာနရှိကုန်သော သတိ လွတ်ကင်း မေ့လျော့ခြင်းရှိကုန်သော ရဟန်းတို့အား အာသဝေါတရားတို့ တိုးပွားကုန်၏တည်း။

သုသမာရဒ္ဓါ=ဟူသည် ကောင်းစွာအားထုတ်အပ်ကုန်သည်တည်း။

ကာယဂတာသတိ=ဟူသည် ကိုယ်၌အဖန်ဖန် ရှုမြင်ပွားခြင်းတည်း။

အကိစ္စံ=ဟူသည် ထိုရဟန်းသည် ဤထီး တန်ဆာဆင်ခြင်းစသော ရဟန်း ကိစ္စမဟုတ်သည်ကို မမှီဝဲ မပြုလုပ်ကြကုန်တည်း။

ကိစ္စံ=ဟူသည် ရဟန်းဖြစ်ချိန်မှစပြီး ပြုသင့်ပြုထိုက်သော အတိုင်းအရှည် ပမာဏမရှိသော သီလအစုစောင့်ထိန်းခြင်းစသော ပြုဘွယ်ကိစ္စတို့ကိုတည်း။

သာတစ္စကာရိနော=ဟူသည် အမြဲမပြတ် မရပ်မနားပြုလုပ်ခြင်းရှိကုန်သော ထိုသူတို့၏သတိနှင့် မကင်းကွာသဖြင့် သတိရှိကုန်သော သာတ္ထကသမ္ပဇည, သပ္ပါယသမ္ပဇည, ဂေါစရသမ္ပဇည, အသမ္မောဟသမ္ပဇည ဟူသော သမ္ပဇဉ် လေးပါးတို့ဖြင့် ကောင်းစွာ အမြော်အမြင် ရှိကုန်သောသူတို့အား အာသဝေါ တရားတို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏။ ကုန်ခမ်း မရှိခြင်းသို့ ရောက်ကုန် ၏တည်း။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။ ရောက်ရှိသောသူတို့အားလည်း တရားဒေသနာသည် အကျိုးရှိ၏။

ဘဒ္ဒိယရဟန်းတို့ ဝတ္ထု ပြီး၏။

## ၄။ လကုဏ္ဍကဘဒ္ဒိယမထေရ် ဝတ္ထု

မာတရံ- အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် လကုဏ္ဍကဘဒ္ဒိယမထေရ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

### စကားကို အနည်းငယ်ခွဲ၍ဦးအံ့

တစ်နေ့သောအခါ၌ များစွာကုန်သော အာဂန္တုက ရဟန်းတို့သည် နေ့သန့် ရာ အရပ်၌ သီတင်းသုံး ထိုင်နေတော်မူသော မြတ်စွာဘုရားကို ချဉ်းကပ်ညွတ် လျိုး ရှိခိုးပြီး၍ သင့်တင့်သောအရပ်၌ ထိုင်နေကြကုန်၏။ ထိုခဏ၌ လကုဏ္ဍက ဘဒ္ဒိယမထေရ်သည် မြတ်စွာဘုရား၏အနီး၌ ဖြတ်သန်းကြသွား လွန်မြောက် လေ၏။ မြတ်စွာဘုရားသည် ထိုအာဂန္တုက ရဟန်းတို့၏ စိတ်အလို ဖြစ်မှုကို ကြည့်ရှုသိမြင်တော်မူလျှင် ချစ်သားရဟန်းတို့ ကြည့်ရှုကြကုန်လော့၊ ဤ ရဟန်းသည် အမိအဖတို့ကို ညှဉ်းဆဲသတ်ဖြတ်လျက် ဆင်းရဲမရှိသည်ဖြစ်၍ သွား၏ဟု မိန့်ဆိုတော်မူသည်ရှိသော် ထိုအာဂန္တုက ရဟန်းတို့သည် မြတ်စွာ ဘုရားကား အဘယ်သို့သောစကားကို မိန့်ဆိုတော်မူပါလိမ့်မည်နည်းဟု တစ်ပါး သည် တစ်ပါး၏ မျက်နှာတို့ကို ကြည့်ရှု၍ ယုံမှားခြင်းသို့ ပြေးဝင်ကုန်သဖြင့် ဘုန်းတော် ကြီးတော်မူသော မြတ်စွာဘုရား၊ အဘယ်အကြောင်းကြောင့် ဤ

မည်သောစကားကိုမိန့်ဆိုတော်မူပါကုန်သနည်းဟုမေးလျှောက်ကုန်သောကြောင့် ထိုရဟန်းတို့အား တရားကို ဟောကြားတော်မူလိုသည်ဖြစ်၍ ဤဂါထာကို မိန့်တော်မူ၏–

**မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ ခတ္တိယေ။**

**ရဋ္ဌံ သာနုစရံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။**

အမိနှင့်တူသော တဏှာကိုလည်းကောင်း၊ အဖနှင့်တူသော မာနကိုလည်း ကောင်း၊ မင်းနှစ်ယောက်နှင့် တူကုန်သော သဿတဒိဋ္ဌိ၊ ဥစ္ဆေဒဒိဋ္ဌိ ကိုလည်း ကောင်း သတ်ဖြတ်သောကြောင့် အမတ်နှင့်တူသော နန္ဒိရာဂနှင့် တကွသော ပြည်ရွာတိုင်းနှင့်တူသော တစ်ဆယ့်နှစ်ပါးသော အာယတနကို ဖြတ်တောက် သောကြောင့် ဆင်းရဲကင်းသော ရဟန္တာသည် သွား၏။

ထိုဂါထာ၌ **သာနုစရံ**=ဟူသည် ဘဝသုံးထပ်ကပ်ရောက်စေခြင်းနှင့်တကွသော ဤနေရာ၌ တဏှာသည် သတ္တဝါကို ဖြစ်စေ၏ဟု ဟောတော်မူသောကြောင့် ဘုံသုံးပါးတို့၌ သတ္တဝါကို ဖြစ်စေတတ်သော တဏှာသည် အမိမည်၏။ "ငါသည် ဤမင်း-အမတ်၏သားတည်း"ဟု အဖကိုမှီ၍ ငါဟူသော မာနဖြစ်ခြင်းကြောင့် ငါဟူသောမာနသည် အဖမည်၏။ လောက၌မင်းသည် အလုံးစုံသော အယူသို့ ရောက်ကုန်သော သဿတ ဥစ္ဆေဒဒိဋ္ဌိနှစ်မျိုးတို့သို့ကပ်ရောက်ကုန်၏။ ထို့ကြောင့် သဿတ ဥစ္ဆေဒဒိဋ္ဌိနှစ်ခုတို့သည် မင်းနှစ်ပါးတို့မည်ကုန်၏။ အာယတနတစ်ဆယ့် နှစ်ပါးတို့သည် ကျယ်ပြန့်သည်၏ အနက်သဘောဖြင့် တိုင်းပြည်နှင့် တူသည်၏ အဖြစ်ကြောင့် တိုင်းပြည်မည်၏။ မှူးမတ်ယောကျ်ားကဲ့သို့ ထို၌မှီသောနန္ဒိရာဂ သည် သူလျှိုမည်၏။

**အနီဃော**=ဟူသည်ဆင်းရဲခြင်းမရှိသောတည်း။

**ဗြာဟ္မဏော**=ဟူသည်အာသဝေါကုန်ခန်း ရဟန္တာပုဂ္ဂိုလ်တည်း၊ ဤတဏှာ အစရှိသည်တို့ကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်တတ်သည်၏ အဖြစ်ကြောင့် အာသဝေါကုန်ခမ်းသည် ဆင်းရဲကင်းသည်ဖြစ်၍ သွား၏တည်း။

## ဒေသနာတော်၏အကျိုး

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းဘို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ပြဆိုအပ်ခဲ့ပြီးသော ဝင်းဝတ္ထုနှင့်တူစွာသာလျှင် များစွာသော အာဂန္တုက ရဟန်းတို့ လာရောက်ဦးချ ကိုင်နေကြသော ထိုအခါ၌ မြတ်စွာဘုရားသည် ထိုလကုဏ္ဍက ဘဒ္ဒိယမထေရ်ကိုသာလျှင် အကြောင်းပြု၍ ထိုအာဂန္တုကရဟန်း

ဟိုအား တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို ဟောကြားတော်မူ၏—

မာတရံ ပိတရံ ဟန္တွာ၊ ရာဇာနော ဒွေ စ သောတ္ထိယေ။
ဝေယဂ္ဃပဉ္စမံ ဟန္တွာ၊ အနီဃော ယာတိ ဗြာဟ္မဏော။

အမိနှင့်တူသော တဏှာကိုလည်းကောင်း၊ အဖနှင့်တူသော မာနကိုလည်းကောင်း၊ နှစ်ယောက်သောမင်းနှင့်တူသော သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကိုလည်းကောင်း သတ်ဖြတ်၍ သွားရဲ့ရှိသော ခရီးခဲနှင့် တူသော ဝိစိကိစ္ဆာလျှင် ငါးခုမြောက်ရှိသော နီဝရဏတရားအပေါင်းကို အရဟတ္တမဂ်ဉာဏ်ဖြင့် သတ်၍ ဆင်းရဲခြင်းမရှိသော အာသဝေါကုန်ခန်း ရဟန္တာသည် သွား၏။

ထိုဂါထာ၌ ဒွေ စ သောတ္ထိယေ=ဟူသည် ပုဏ္ဏား နှစ်ယောက်တို့တည်း။ ဤဂါထာ၌ မြတ်စွာဘုရားသည် တရား၌ အစိုးရသည်၏ အဖြစ်ကြောင့်လည်းကောင်း၊ ဒေသနာ အစီအရင်၌ ကျွမ်းကျင်သည်၏ အဖြစ်ကြောင့် လည်းကောင်း၊ သဿတဒိဋ္ဌိ ဥစ္ဆေဒဒိဋ္ဌိတို့ကို ပုဏ္ဏားနှစ်ယောက် မင်းနှစ်ယောက်တို့ကို ပြု၍ ဟောတော်မူ၏။

ဝေယဂ္ဃပဉ္စမံ= ဟူသည် ဤ၌ ကျားရဲတို့သည် လှည့်လည်အပ်သော ဘေးရန်နှင့်တကွသော သွားရန် ခက်ခဲသောလမ်းသည် ဝေယဂ္ဃမည်၏။ ဝိစိကိစ္ဆာလျှင် ငါးခုမြောက်သော နီဝရဏသည်လည်း ထိုဝေယဂ္ဃနှင့် တူသည်၏အဖြစ်ကြောင့် ဝေယဂ္ဃမည်၏။ နီဝရဏ ငါးခုအပေါင်းသည် ဝေယဂ္ဃပဉ္စမမည်၏။ ဤဝေယဂ္ဃပဉ္စမကို အရဟတ္တမဂ် ဉာဏ် လက်နက်ဖြင့် အကြွင်းမရှိသတ်ဖြတ်၍ ရဟန္တာသည် ဆင်းရဲခြင်းမရှိသည်ဖြစ်၍သွား၏။ အကြွင်းမှာ ရှေးနှင့်တူပြီ။

လကုဏ္ဍကဘဒ္ဒိယဝတ္ထု ပြီး၏။

## ၅။ ထင်းလှည်းသမား၏ သားဝတ္ထု

သုပ္ပဗုဒ္ဓံ–အစရှိသော ဤတရားဒေသနာတော်ကိုမြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ထင်းလှည်းသမားတစ်ယောက်၏ သားကို အကြောင်းပြု၍ ဟောတော်မူ၏။

ရာဇဂြိုဟ်မြို့ကြီး၌ ဖြောင့်မတ်ယူရှိ သမ္မာဒိဋ္ဌိအမျိုး၏ သားငယ်လည်းကောင်း၊ မှားယွင်းယူရှိ မိစ္ဆာဒိဋ္ဌိအမျိုး၏ သားငယ်လည်းကောင်း ဤသို့လျှင်နှစ်ယောက်သောသူငယ်တို့သည် အစဉ်မပြတ်ခုံညင်းဒိုးကစားခြင်းကို ကစားကြကုန်၏။ ထိုနှစ်ယောက်သော သူငယ်တို့တွင် သမ္မာဒိဋ္ဌိအမျိုး၏ သားငယ်သည် ခုံညင်းကို ပစ်သည်ရှိသော် ဗုဒ္ဓါနုဿတိကို ဆင်ခြင်၍ "နမော ဗုဒ္ဓဿ" ဟု ရွတ်ဆို၍ ခုံညင်းကိုပစ်၏။ မိစ္ဆာဒိဋ္ဌိအမျိုး သားငယ်သည် တိတ္ထိတို့၏ ဂုဏ်ကျေးဇူးကို ရည်ညွှန်း၍ "နမော အရဟန္တာနံ" ဟု ဆို၍ ခုံညင်းဒိုးကို ပစ်၏၊ ထိုနှစ်ယောက်သော သူငယ်တို့တွင် သမ္မာဒိဋ္ဌိအမျိုး၏ သားငယ်သည် အောင်နိုင်၏။ မိစ္ဆာဒိဋ္ဌိအမျိုး၏ သားငယ်သည်ကား ရှုံး၏၊ ထိုမိစ္ဆာဒိဋ္ဌိအမျိုး၏သားငယ်သည်၊ သမ္မာဒိဋ္ဌိ အမျိုးသားငယ်၏ အမူအရာကို ကြည့်ရှု၍ "ဤသူသည် ဤသို့အောက်မေ့ပြီးလျှင် ဤသို့ရွတ်ဆို၍ ခုံညင်းကိုပစ်သည်ရှိသော် ငါ့ကိုအောင်နိုင်၏ ငါသည်လည်း ဤသို့ သဘောရှိသည်ကိုပြုအံ့" ကြံ၍ ဗုဒ္ဓါနုဿတိ၌ လေ့ကျက်ခြင်းကိုပြု၏၊ ထိုနောက် တစ်နေ့သောအခါ၌ ထိုသူငယ်၏ ဖခင်သည် လှည်းကိုယှဉ်က၍ ထင်းတို့၏ အလို့ငှါ သွားသည်ရှိသော် ထိုသူငယ်ကိုလည်း ခေါ်ယူသွားရောက်၍ တောအုပ်၌ ထင်းတို့ဖြင့် လှည်းကိုပြည့်စေပြီးလျှင် ပြန်လာခဲ့သည်ရှိသော် မြို့မှအပဖြစ်သောသုသာန်၏ အနီး၌ ရေတို့ဖြင့် ချမ်းသာရာ အလို့ငှါ နွားတို့ကို ဖြေလွှတ်၍ ထမင်းစားသုံး အပန်းဖြေခြင်းကိုပြု၏၊ ထိုအခါဖြေလွှတ်၍ ထားအပ်သော ထိုထင်းလှည်းသမား၏နွားတို့သည် ညနေချမ်းအခါ၌ မြို့သို့ဝင်သော နွားအပေါင်းနှင့်အတူတကွ မြို့သို့သာလျှင် ဝင်လေကုန်၏၊ ထင်းလှည်းသမားသည်လည်း နွားတို့ကို အစဉ်လိုက်လျက် မြို့သို့ဝင်ပြီးလျှင် ညချမ်းအခါ၌ နွားတို့ကို တွေ့မြင် ဖမ်းယူ၍ ပြန်ထွက်သည်ရှိသော် မြို့တံခါးသို့ ထိုလှည်းသမား မရောက်မီပင်လျှင် မြို့တံခါးကို ပိတ်၏၊ ထိုအခါ လှည်းသမား၏ သားငယ်သည် တစ်ယောက်ထီးတည်းသာလျှင် ည၌ အဖို့၌လှည်း၏အောက်ဝယ် လျောင်း၍ အိပ်ပျော်ခြင်းသို့ရောက်၏၊ ရာဇဂြိုဟ်ပြည်သည်ကား ပကတိအားဖြင့်လည်း ဘီလူးတို့သည် ပေါ်များကုန်၏၊ ဤသူငယ်သည်လည်း သုသာန်၏အနီး၌ လျောင်းအိပ်၏၊ ထိုအရပ်၌ နှစ်ယောက်ကုန်သော ဘီလူးတို့သည် လှည်းအောက်၌ အိပ်ပျော်သော ထိုသူငယ်ကို တွေ့မြင်ကုန်၏၊ တစ်ယောက်သောဘီလူးသည် သာသနာတော်၏ဆန့်ကျင်ဘက်ဖြစ်သော မိစ္ဆာ အယူရှိသောသူတည်း၊ တစ်ယောက်သော ဘီလူးသည် သမ္မာ အယူရှိသော သူတည်း၊ ထိုနှစ်ယောက်သော ဘီလူးတို့တွင် မိစ္ဆာဒိဋ္ဌိဘီလူးက ဤသူငယ်သည် ငါတို့၏အစာတည်း ဤသူငယ်ကိုစားကုန်အံ့ဟု ပြောဆို၏၊ သမ္မာဒိဋ္ဌိဘီလူးက မသင့်လျော် မလျောက်ပတ် ဤသူငယ်ကိုစားခြင်းငှါ မနှစ်သက်ပါလင့်ဟုပြောဆိုတားမြစ်၏၊ ထိုမိစ္ဆာဒိဋ္ဌိဘီလူးသည် သမ္မာဒိဋ္ဌိဘီလူးက တားမြစ်ပါသော်လည်း ထိုသမ္မာဒိဋ္ဌိဘီလူး၏စကားကို မနာယူမူ၍ သူငယ်ကိုခြေတို့၌ ကိုင်၍

ဆွဲငင်၏၊ ထိုသူငယ်သည် ဗုဒ္ဓါနုဿတိကိုလေ့ကျက်အပ်သည်အဖြစ်ကြောင့် ဘီလူး ဆွဲငင်သော ထိုခဏ၌ "နမောဗုဒ္ဓဿ"ဟု ရွတ်ဆို၏ ဘီလူးသည် ကြီးစွာသော ရှုံးကြောက်ခြင်းဖြင့် ထိတ်လန့် ရှုံးကြောက်သောကြောင့် ကြဉ်ရှောင်ဖယ်လွှဲ၍ ရပ်တည်၏၊ ထိုအခါ–မိစ္ဆာဒိဋ္ဌိဘီလူးကို သမ္မာဒိဋ္ဌိဘီလူးက ငါတို့နှင့်အတူတကွ မပြုလုပ်ထိုက်သော အရာဌာနကို ပြုလုပ်အပ်၏၊ ယိုသူငယ်အား ဒဏ်ဆောင် ခြင်းအမှုကို ပြုရကုန်အံ့ဟု ပြောဆိုပြီးသော် ထိုသူငယ်ကို စောင့်ရှောက်လျက် တည်နေ၏၊ မိစ္ဆာဒိဋ္ဌိဘီလူးသည် မြို့သို့ဝင်၍ မင်းကြီး၏ ဘောဇဉ်ထည့်သော ရွှေခွက်ကိုပြည့်စေ၍ ဘောဇဉ်ကိုယူဆောင်၏၊ ထိုအခါ-နှစ်ဦးလည်းဖြစ်ကုန်သော ဘီလူးတို့သည် အမိအဖတို့ကဲ့သို့ဖြစ်၍ ထိုသူငယ်ကို အိပ်ရာမှထစေပြီးသော် ဘောဇဉ်ကို ကျွေးမွေး၍ ဤအက္ခရာတို့ကို မင်းကြီးသည်သာလျှင် မြင်စေ သတည်း တစ်ပါးသောသူသည် မမြင်စေသတည်းဟု အဓိဋ္ဌာန်၍ ထိုသို့သော ဖြစ်ခြင်းအကြောင်းကို ထင်ရှားပြုလိုသောကြောင့် ဘီလူးကို၏ အာနုဘော်ဖြင့် ဘောဇဉ်ထည့်သော်ရွှေခွက်၌ အက္ခရာတို့ကို ရေးသားကုန်၏၊ တစ်ဖန် မိုးသောက် ရောက်သောနောက်နေ့၌မင်းမျိုးမှ ခိုးသူတို့သည် ရွှေခွက်ဘဏ္ဍာကို ခိုးအပ်၏ ဟု အုတ်အုတ်ကျက်ကျက် ပြုလျက် မြို့တံခါးတို့ကို ပိတ်၍ရှာဖွေကြည့်ရှုသည်ရှိသော် ထိုမြို့တွင်း၌ မတွေ့မမြင်သောကြောင့် မြို့မှထွက်၍ ထိုမှဤမှ ရှာဖွေကြည့်ရှု သည်ရှိသော် ထင်းသစ်သားတို့၏ အကြား၌ရွှေခွက်ကိုတွေ့မြင်၍ ဤသူသည် ခိုးသူတည်းဟု ပြောဆိုပြီးလျှင် သူငယ်ကိုဖမ်းယူ၍ မင်းကြီးအား ပြကြကုန်၏ မင်းကြီးသည် အက္ခရာတို့ကိုတွေ့မြင်၍ အမောင်သူငယ် ဤအမှုကား အကြောင်း အသို့နည်းဟု မေးသည်ရှိသော် အရှင်မင်းမြတ် အကျွန်ုပ်သည် မသိပါ အကျွန်ုပ် မိခင် ဖခင်တို့သည်လာရောက်ကုန်၍ ညဉ့်အဖို့၌ ကျွေးမွေး၍ စောင့်ရှောက်လျက် တည်နေပါကုန်၏၊ အကျွန်ုပ်သည်လည်း မိခင် ဖခင်တို့သည် ငါ့ကိုစောင့်ရှောက် ကုန်၏ဟု အောက်မေ့မိသဖြင့် ရှုံးကြောက်ခြင်း မရှိဘဲ အိပ်ပျော်ခြင်းသို့ ကပ်ရောက်ပါသည်၊ အကျွန်ုပ်သည် ဤမျှလောက်ကိုသာလျှင် သိပါ၏ဟု ပြော ဆိုလျှောက်တင်၏၊ ထိုအခိုက်အခါ၌ ထိုသူငယ်၏ မိခင်ဖခင် တို့သည်လည်း စစ်မေးသော ထိုအရပ်ဌာနသို့ သွားရောက်ကြကုန်၏၊ မင်းကြီးသည် ထိုသို့ သောအကြောင်း ဖြစ်ခြင်းကိုသိ၍ သုံးယောက်ကုန်သော ထိုသူတို့ကို ခေါ်ယူ ပြီးလျှင် မြတ်စွာဘုရား၏ ထံတော်မှောက်သို့ သွားရောက်၍ အလုံးစုံကို ကြားလျှောက်သော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား အသို့ နည်း ဗုဒ္ဓါနုဿတိ, သည်သာလျှင် အစောင့်အရှောက် ဖြစ်နိုင်ပါသလော သို့တည်းမဟုတ် ဓမ္မာနုဿတိ, အစရှိသည်တို့သည်လည်း အစောင့်အရှောက် ဖြစ်နိုင်ပါကုန်သေးသလောဟု မေးလျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုဗိမ္ဗိသာရ မင်းကြီးအား မြတ်သောမင်းကြီး သက်သက်သော်ကား ဗုဒ္ဓါနုဿတိ, သည်သာလျှင် အစောင့်အရှောက်ဖြစ်နိုင်သည်မဟုတ် အကြင်သူတို့အားကား ခြောက်ပါးသော အပြားရှိသောဌာန အားဖြင့် စိတ်ကိုကောင်းစွာ ပွားများအပ်၏၊ ထိုသူတို့အား တစ်ပါးဖြစ်သော အစောင့်အရှောက် ပိတ်ပင်တားမြစ်ခြင်းဖြင့်လည်းကောင်း၊ မန္တန်ဆေးဝါးတို့ဖြင့် လည်းကောင်း ပြုလုပ်ဖွယ် မရှိတော့ပြီဟု မိန့်တော်မူပြီး၍ ခြောက်ပါးသော ဌာနတို့ကို ပြတော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏—

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဗုဒ္ဓဂတာ သတိ။

သုပ္ပဗုဒ္ဓံ၊ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ဓမ္မဂတာ သတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ သံဃဂတာ သတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ နိစ္စံ ကာယဂတာ သတိ။

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ အဟိံသာယ ရတော မနော၊

သုပ္ပဗုဒ္ဓံ ပဗုဇ္ဈန္တိ၊ သဒါ ဂေါတမသာဝကာ။
ယေသံ ဒိဝါ စ ရတ္တော စ၊ ဘာဝနာယ ရတော မနော။

နေ့ညဉ့်မပြတ် ဘုရားဂုဏ်ကို အာရုံပြုသောသတိရှိကုန်သော ဂေါတမနွယ်ဝင် ဘုရားရှင်၏ တပည့်တို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည် မည်ကုန်၏။

နေ့ညဉ့်မပြတ် သံဃာတော်ဂုဏ်ကို အာရုံပြုသောသတိရှိကုန်သော ဂေါတမ နွယ်ဝင် ဘုရားရှင်၏ တပည့်တို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်းကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည် မည်ကုန်၏။

နေ့ညဉ့်မပြတ်ကိုယ်၌ဖြစ်သော သတိရှိကုန်သော ဂေါတမနွယ်ဝင် ဘုရားရှင်၏ တပည့်တို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည် မည်ကုန်၏။

နေ့ညဉ့်မပြတ် မညှဉ်းဆဲခြင်း၌ မွေ့လျော်သော စိတ်ရှိကုန်သော ဂေါတမ နွယ်ဝင် ဘုရားရှင်၏ တပည့်တို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည် မည်ကုန်၏။

နေ့ညဉ့်မပြတ် မေတ္တာဘာဝနာများ ပွားခြင်း၌ မွေ့လျော်သော စိတ်ရှိကုန်သော ဂေါတမနွယ်ဝင် ဘုရားရှင်၏ တပည့်တို့သည် နေ့ရောညဉ့်ပါ အခါခပ်သိမ်း ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်ကုန်၏။

ထိုဂါထာတို့၌-

**သုပ္ပဗုဒ္ဓံပဗုဇ္ဈန္တိ**=ဟူသည် ဘုရား၌ဖြစ်သော သတိကိုယူ၍ အိပ်ကုန် နိုးကုန်လတ်သော် ကောင်းသောနိုးကြားခြင်းဖြင့် နိုးကြားသည်မည်ကုန်၏။

**သဒါဂေါတမ သာဝကာ**=ဟူသည် ဂေါတမနွယ်ဝင် ဘုရားရှင်၏ စကားကို နားထောင်သည်၏ အဖြစ်ကြောင့်၊ ထိုဘုရားရှင်၏ အဖန်ဖန် ဆုံးမခြင်း၌ နားထောင်သည်၏အဖြစ်ကြောင့် ဂေါတမသာဝက မည်ကုန်၏။

**ဗုဒ္ဓဂတာသတိ**=ဟူသည် "ဣတိပိ သော ဘဂဝါ အစရှိသော အပြားရှိသော ဗုဒ္ဓဂုဏ်တော်တို့ကို အာရုံပြု၍ အမြဲမပြတ် သတိရှိကုန်လတ်သော် ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည်မည်ကုန်၏။ ထိုအတိုင်း မစွမ်းနိုင်ကုန်သော် တစ်နေ့သုံးကြိမ်ဖြစ်စေ နှစ်ကြိမ်ဖြစ်စေ တစ်ကြိမ်ဖြစ်စေ ဗုဒ္ဓဂုဏ်တို့ကို အောက်မေ့ခြင်း သတိကို စိတ်၌ပြုကုန်လတ်သော် ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားသည်မည်ကုန်၏။

**ဓမ္မဂတာသတိ**= ဟူသည် "သွာက္ခာတော ဘဂဝတာ ဓမ္မော အစရှိသော အပြားရှိသော တရားဂုဏ်တို့ကို အာရုံပြု၍ ဖြစ်ကုန်သောသတိ တည်း။

**ကာယဂတာသတိ**=ဟူသည် သုံးဆယ့်နှစ်ပါးသော အခြင်းအရာ၏ အစွမ်းအားဖြင့် လည်းကောင်း၊ ကိုးပါးသော အသုဘရှုခြင်း အစွမ်းအားဖြင့်လည်းကောင်း၊ စတုဓာတုဝဝတ္ထာန် အစွမ်းဖြင့်လည်းကောင်း၊ အဇ္ဈတ္တ နီလကသိုဏ်း အစရှိသော ရုပ်ဈာန်၏ အစွမ်းဖြင့်လည်းကောင်း ဖြစ်သောသတိ တည်း။

**အဟိံသာယရတော**=ဟူသည် ထိုသူသည် ကရုဏာနှင့်တကွ ဖြစ်သော စိတ်ဖြင့် အရပ်တစ်ခုကို ဖြန့်၍နေ၏၊ ဤသို့ဆိုအပ်ပြီးသောကရုဏာ ဘာဝနာ၌ လျော်သည်တည်း။

**ဘာဝနာယ**=ဟူသည် မေတ္တာဘာဝနာ၌ တည်း။အောက်၌ကရုဏာဘာဝနာကို ဆိုအပ်သည်၏ အဖြစ်ကြောင့် ဤ၌ကြွင်းသောတရားသည် ဘာဝနာ မည်၏။ ဤ၌ မေတ္တာဘာဝနာကိုသာ အလိုရှိအပ်၏ အကြွင်းမှာ ပထမဂါထာ၌ ဆိုအပ်ပြီးသည့် နည်းအတိုင်း သိအပ်၏။

**ဓမ္မပဒဝတ္ထု (စ) ၁၅-ပ-မ-သား-စ**

ဒေသနာတော်၏ အဆုံး၌ ကလေးသည် ဆမိအဖ ဘို့နှင့်တကွ သောတာပတ္တိဖိုလ်၌တည်၏။ နောက်မှရဟန်းပြု၍ အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ရောက်လာကုန်သူတို့အားလည်း တရားဒေသနာသည် အကျိုးရှိ၏။

ထင်းလှည်းသမား၏ သားဝတ္ထုပြီး၏။

၆။ ဝဇ္ဇိပုတ္တကဘိက္ခုဝတ္ထု

ဒုပ္ပဗ္ဗဇ္ဇံ– အစရှိသော ဤဂါထာ ဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေသာလီမြို့ကို မှီ၍ မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ဝဇ္ဇိတိုင်းသား ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အမျိုးအမည် မထင်ရှားသော ဝဇ္ဇိတိုင်းသား ဖြစ်သော ရဟန်းသည် ဝေသာလီပြည်၏အနီး ကြီးကျယ်ပြန့်ပွား မထင်ရှားသော တောအုပ်တစ်ခု၌ ချဉ်းကပ်နေထိုင်၏။ ထိုအခါဝယ် ဝေသာလီပြည်၌ အလုံးစုံသော ညဉ့်ပတ်လုံး ပွဲလမ်းသဘင်သည် ဖြစ်၏၊ ထိုညဉ့်အခါ ဝေသာလီပြည်၌ တူရိယာအမျိုးမျိုး တီးမှုတ်သံ၊ ကြွေကြော်သံကို ကြားရသည်ရှိသော် အောက်မေ့ ယောင်ယမ်းမြည်တမ်း ငိုကြွေးလျက် ဤဂါထာကို ရွတ်ဆို၏။

**ဧကကာ မယံ အရညေ ဝိဟရာမ၊ အပဝိဒ္ဓံဝ ဝနသ္မိံ ဒါရုကံ။**

**တာဒိသိကာယ ရတ္တိယာ၊ ကောသု နာမမှေဟိ ပါပိယော။**

တောအုပ်၌ စွန့်ပစ်ထားအပ်သော ထင်းသစ်သားတုံးကဲ့သို့ ငါတို့သည် တစ်ယောက်တည်းသာလျှင် တော၌ နေရကုန်၏။ ဤသို့သဘောရှိသော ညဉ့်အခါ၌ ငါတို့ထက် နိမ့်ကျသောသူသည် ယခုအခါ အဘယ်သူ ရှိနိုင်တော့အံ့နည်း။

ထိုရဟန်းသည် ဝဇ္ဇိတိုင်း၌ မင်းသားဖြစ်၍ အလှည့်အကြိမ်အားဖြင့် ရောက်သော မင်းအဖြစ်ကိုပယ်စွန့်၍ ရဟန်းပြုသတတ်။ ဝေသာလီပြည်၌ စတုမဟာရာဇ်နတ်မင်းကြီးနှင့်အတူတကွ စည်းစိမ်ချမ်းသာ ကောင်းစွာသတ်မှတ် တစ်စပ်တည်းကဲ့သို့ ပြု၍ အလုံးစုံသောမြို့၌ တံခွန်-ကုက္ကား-မုလေးပွား စသည်တို့ဖြင့် ပ.န်ဆာဆင်လျက် တန်ဆောင်မုန်းလပြည့်နေ့၌ အလုံးစုံသော ညဉ့်ပတ်လုံး ပွဲလမ်းသဘင် ပျော်ရွှင်လှည့်လည်ခြင်း ဖြစ်သည်ရှိသော် စည်ကြီး အစရှိကုန်သော တူရိယာတို့၏ တီးသောအသံ၊ ကြွေးကြော်သော အသံ၊ စောင်းအစရှိသည်တို့၏

တီးသောအသံတို့ကို ကြား၍ ဝေသာလီပြည်၌ အကြင်မျှလောက်ကုန်သော ခုနစ်ထောင့် ခုနစ်ရာ့ ခုနစ်ယောက်ကုန်သော မင်းတို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုမျှလောက်သောလျှင် ဖြစ်ကုန်သော ထိုမင်းတို့၏ အိမ်ရှေ့မင်း စစ်သူကြီး အစရှိသည်တို့သည် ရှိသည်ဖြစ်ကုန်၏။ ထိုပြည့်ရှင်မင်း-အိမ်ရှေ့မင်း-စစ်သူကြီး အစရှိသည်တို့သည် တန်ဆာဆင်အပ်သည်နှင့် စပ်ယှဉ်ကုန်လျက် နက္ခတ်ပွဲသဘင် ရှင်မြူးပျော်ပါး ကစားခြင်းငှာ ခရီးလမ်းမသို့ ထွက်ကြသက်ခြင်းကုန်သည် ရှိသော် အတောင်ခြောက်ဆယ်ရှိသော စကြံကြီး၌ လူးလာတုံ့ခေါက် စင်္ကြံလျှောက်လျက် ကောင်းကင်အလယ်၌ တည်ထွန်းတောက်ပသော လပြည့်ဝန်းကို မြင်၍ စင်္ကြံစွန်း၌ တံကဲပျဉ်ကိုမှီ၍ တည်နေလျက် ဦးရစ်ပေါင်းခြင်းအစရှိသော တန်ဆာဆင်ခြင်းမှ ကင်းသည် အဖြစ်ကြောင့် တော၌စွန့်ပစ်အပ်သော ထင်းသစ်တုံးကဲ့သို့ မိမိကိုယ်အဖြစ်ကို ကြည့်ရှု၍ ငါတို့အောက် ယုတ်နိမ့်သော တစ်ပါးသောသူသည် ရှိနိုင်ပါအံ့လောဟု- အောက်မေ့ကြံစည်လျက် ပကတိသဘောအားဖြင့် တော၌နေခြင်း အစရှိသည်တို့၏ ကျေးဇူးအထူးနှင့် ယှဉ်သည်ကို သိမြင်ပါသော်လည်း ထိုခဏ၌ဖြစ်သော မမေ့ခြင်းဖြင့် နှိမ်စက်အပ်သော ကြောင့် ဤသို့ ငိုကြွေးမြည်တမ်း ယောင်ယမ်းပြောဆို၏။ ထိုတောအုပ်၌ သိမ်းဆည်းစောင့်ရှောက်သော နတ်သည် ဤရဟန်းကို တုန်လှုပ် ထိတ်လန့်စေအံ့ဟူသော အလိုဖြင့် ဤဂါထာကို ရွတ်ဆို၏။

ဧကကောဝ တွံ အရညေ ဝိဟရသိ၊ အပဝိဒ္ဓံဝ ဝနသ္မိံ ဒါရုကံ။
တဿ တေ ဗဟုကာ ပိဟယန္တိ၊ နေရယိကာဝိယ သဂ္ဂဂါမိနံ။

တောအုပ်ကြီး၌ စွန့်ပစ်ထားအပ်သော ထင်းသစ်သားတုံးကဲ့သို့ သင်သည် တော၌ တစ်ယောက်တည်းနေ၏၊ ထိုသို့ တစ်ယောက်တည်းနေသော သင့်အား ငရဲသားတို့သည် နတ်ပြည့်စံစား နတ်သားနတ်သမီးတို့ကို တောင့်တကုန်သကဲ့သို့ များစွာသောနတ်တို့သည် တောင့်တချစ်မြတ်နိုး ကြကုန်၏။

ထိုရဟန်းသည် နတ်မင်းရွတ်ဆိုသော ဤဂါထာကို ကြားရပြီးလျှင် တစ်ဖန် မိုးသောက်သောနေ့၌ မြတ်စွာဘုရားသို့ ချဉ်းကပ်ပြီးသော် ရှိခိုးဦးချ၍ ထိုင်နေ၏။ မြတ်စွာဘုရားသည် ထိုရဟန်းဖြစ်ပုံ အလုံးစုံကို အကုန်သိပြီးဖြစ်၍ အိမ်ရာ ဖွဲ့နှောင် လူ့ဘောင်ဘဝ၏ ဆင်းရဲသောအဖြစ်ကို ပြတော်မူလိုရကား ဤဂါထာ တို့ကို ဟောတော်မူ၏-

ဒုပ္ပဗ္ဗဇ္ဇံ ဒုရဘိရမံ၊ ဒုရာဝါသာ ဃရာ ဒုခါ။
ဒုက္ခော သမာနသံဝါသော၊ ဒုက္ခာနုပတိတဒ္ဓဂူ။
တသ္မာ န စဒ္ဓဂူ သိယာ၊ န စ ဒုက္ခာနုပတိတော သိယာ။

ရဟန်းအဖြစ်ရရန် ခဲယဉ်း၏၊ ရ ဟန်းဘဝ၌ မွေ့လျော်ရန် ခဲယဉ်း၏၊ အိမ်၌ ချို့တဲ့စွာနေရခြင်း ဆင်းရဲ၏၊ သီလမရှိသောသူနှင့် အတူးပေါင်းဖေါ်ရခြင်းသည် ဆင်းရဲ၏၊ ဝဋ်ဆင်းရဲဟူသော အဓွန့်ခရီးသို့ သွားရခြင်းသည် ဆင်းရဲ၍ အစဉ်ကျရောက်သည်ဖြစ်၏။ ဝဋ်ဆင်းရဲ၌ အဓွန့်ရှည်စွာ ပြေးသွားရခြင်း အစဉ်ကျရောက်ရခြင်း မဖြစ်စေရာ။

ထိုဂါထာ၌–

ဒုပ္ပဗ္ဗဇ္ဇ=ဟူသည် နည်းသည်မှုလည်း ဖြစ်စေ, များသည်မှုလည်း ဖြစ်စေ စည်းစိမ်ချမ်းသာ, ဆွေမျိုးအပေါင်းကိုစွန့်၍ ဤသာသနာတော်၌ ရင်ကိုပေး၍ ရဟန်းပြုခြင်းငှါ ခဲယဉ်း၏။

ဒုရဘိရမံ=ဟူသည် ဤသို့ ရဟန်းပြုနေပါသော်လည်း ဆွမ်းခံစားခြင်းဖြင့် အသက်မွေးမှုခြင်းကို အားထုတ်ခြင်း အပ်သော အတိုင်းအရှည် မရှိသော အကျင့်သီလကို စောင့်ရှောက်သည်၏ အစွမ်းအားဖြင့် ဖြစ်သော လောကုတ္တရာ တရားကိုးပါးအား လျော်သောအကျင့်ကို ဖြည့်ကျင့်ခြင်းဖြင့် မွေ့လျော်ခြင်းငှါ ခဲယဉ်း၏။

ဒုရာဝါသော=ဟူသည် အိမ်၌နေသူသည် မင်းတို့၏ကိစ္စ ပိုင်ဆိုင်သူတို့၏ ကိစ္စကို ဆောင်ရွက်ရသည်။ ပေးထိုက်သူ လူ အပေါင်းတို့ကို လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့ကို လည်းကောင်း ချီးမြှောက်ပူဇော်ရသည်၊ ဤသို့ ဖြစ်သည် ရှိသော် အိမ်၌နေသောသူသည် အိုးပေါက်ကဲ့သို့ လည်းကောင်း၊ မဟာသမုဒ္ဒရာ ကဲ့သို့လ ည်းကောင်း ပြည့်နိုင်ခဲ၏။ ထို့ကြောင့် အိမ်၌နေကုန်သော သူတို့သည် အမှုကိစ္စပြည့်ဝအောင် ဆောင်ရွက်၍ နေခြင်းငှါ ခဲယဉ်း၏။

ဒုက္ခော သမာနသံဝါသော=ဟူသည် လူဖြစ်သော် နေရာဒေသ အမျိုးအနွယ် စည်းစိမ်တို့ဖြင့်, ၊ ရဟန်းဖြစ်သော် အကျင့်သီလ, များသောအကြားအမြင် စသည်တို့ဖြင့် တူမျှကြကုန်သော်လည်း "သင်သည် မည်သို့သောပုဂ္ဂိုလ်နည်း၊ ငါသည် အဘယ်သို့သဘောရှိသော ပုဂ္ဂိုလ်နည်း" စသည်ပြောဆို၍ ငြင်းခုံခြင်း များစွာဖြစ်ကြကုန်၏ သူတို့သည် မတူသော ပုဂ္ဂိုလ်တို့မည်ကုန်၏။ ထိုသူတို့နှင့် အတူပေါင်းသင်း နေရခြင်းသည် ဆင်းရဲ၏။

ဒုက္ခာနု ပတိတဒ္ဒဂူ=ဟူသည် ဝဋ်ဟုဆိုအပ်သော ခရီးလမ်းကြောင်းပေါ်သို့ ပြေးသွားတတ်သော သူတို့သည် ဆင်းရဲ၌ အစဉ်ကျရောက်သည်သာတည်း။

တသ္မာ န စဒ္ဒဂူ=ဟူသည် ဆင်းရဲ၌ ကျရောက်ရခြင်းသည် လည်းကောင်း၊ ဝဋ်ဆင်းရဲသို့ ပြေးသွားရခြင်းသည် လည်းကောင်း ဆင်းရဲရသည်၏ အဖြစ် ကြောင့် ဝဋ်ဆင်းရဲသို့ ပြေးသွားခြင်း မဖြစ်စေရာ။ ဆင်းရဲ၌ အစဉ်ကျရောက် ခြင်းလည်း မဖြစ်စေရာ ဟူလို။

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းသည် အရဟာနင်္ဂါးမျိုးတို့ကို ပြအပ် ကုန်သည်ရှိသော် ဆင်းရဲ၌ငြီးငွေ့လျက် ဩရမ္ဘာဂိယ သံယောဇဉ် ငါးပါး၊ ဥဒ္ဒံ ဘာဂိယသံယောဇဉ်တို့ကို ဖေါက်ခွဲ၍ အရဟတ္တဖိုလ်၌ တည်လေ၏။

ဝဇ္ဇိပုတ္တက ဘိက္ခုဝတ္ထုပြီး၏

## ၇။ စိတ္တဂဟပတိဝတ္ထု

သဒ္ဓေါ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန် ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် စိတ္တသူကြွယ်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ဝတ္ထုကို ဗာလဝဂ်၌ "အသန္တံ ဘာဝန မိစ္ဆေယျ" အစရှိသော ဂါထာဖွင့် ဖြင့် ချဲ့၍ရေးအပ်ပြီ။ ဂါထာကိုလည်း ထိုဗာလဝဂ်၌ပင် ဟောတော်မူအပ်ပြီ၊ ထိုဓမ္မပဒအဋ္ဌကထာ ပထမအုပ်၌ ဤအကြောင်းကို ဟောအပ်ပြီ။

"မြတ်စွာဘုရား ဤသူသည် အရှင်ဘုရားတို့၏ အထံသို့ လာရောက်စဉ် ဤလာဘ်ပူဇော်သက္ကာရသည် ဖြစ်၏။ သို့မဟုတ် အခြားသူထံ၌ သွားစဉ်၌လည်း ဖြစ်ပါသလော ဤသို့လျှောက်သော် "အာနန္ဒာ ငါဘုရား၏ အထံသို့လာစဉ်၌ လည်းကောင်း၊ အခြားသောအရပ်သို့ သွားစဉ်၌လည်းကောင်း ထိုသူအား လာဘ်ပူဇော်သက္ကာရ ဖြစ်သည်သာတည်း"။ မှန်ပေသည် ဤဥပါသကာသည် သဒ္ဓါတရားရှိပြီး သီလနှင့် ပြည့်စုံသောကြောင့် သူသွားလေရာ ရောက်လေရာ အရပ်၌ လာဘ်ပူဇော် သက္ကာရ ဖြစ်ရ၏"ဟု မိန့်တော်မူ၍ ဤဂါထာကို ဟောတော်မူ၏–

သဒ္ဓေါ သီလေန သမ္ပန္နော၊ ယသော ဘောဂသမပ္ပိတော။

ယံ ယံ ပဒေသံ ဘဇတိ၊ တတ္ထ တတ္ထေဝ ပူဇိတော။

အခြံအရံ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံ၍ သဒ္ဓါတရား သီလတရားနှင့် ပြည့်စုံသူသည် ဘယ်အရပ်မှာသွားသွား၊ ဘယ်အရပ်မှာနေနေ အပူဇော်ခံရသည်သာ။

ထိုဂါထာ၌-သဒ္ဓေါ=ဟူသည် လောကီသဒ္ဓါ လောကုတ္တရာ သဒ္ဓါနှင့် ပြည့်စုံသောတည်း။

သီလေန=ဟူသည် အိမ်ရာတည်ထောင်သော လူတို့၏ သီလ၊ အိမ်ရာမထောင်သော ရဟန်းတို့၏ သီလဟု ဆိုအပ်သော နှစ်မျိုးသော သီလတည်း။ ထိုသီလတို့တွင် ဤနေရာ၌ လူတို့၏ သီလကို အလိုရှိအပ်၏။ ထိုလူတို့၏ သီလနှင့်ပြည့်စုံ၏ တည်း။

ယသောဘောဂသမပ္ပိတော =ဟူသည် အနာထပိဏ် အစရှိသူတို့၏ ဥပါသကာ ငါးရာအခြံအရံဟု ဆိုအပ်သော လူတို့၏ အခြံအရံနှင့်လည်းကောင်း၊ ဥစ္စာစပါး အစရှိသောဘောဂ၊ အရိယာဥစ္စာခုနစ်ပါး ဘောဂဟူသော ဘောဂနှစ်မျိုးနှင့် လည်းကောင်း ပြည့်စုံသောတည်း။

ယံယံ ပဒေသံ=ဟူသည် အရှေ့အရပ် အစရှိသော အရပ်မျက်နှာတို့တွင် အရပ်တစ်ခုခုသို့ ကပ်ရောက်သော ဤသို့ သဘောရှိသော ပုဂ္ဂိုလ်ကို လာဘ်ပူဇော်သက္ကာရဖြင့် အပူဇော်ခံရသည်သာတည်း။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

စိတ္တဂဟပတိ ဝတ္ထုပြီး၏

## ၈။ စူဠသုဘဒ္ဒါဝတ္ထု

ဒူရေ သန္တော-အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ သမီး စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဟောတော်မူ၏။

အနာထပိဏ် သူဌေးကြီးအား ပျိုမျစ်နုနယ် ငယ်ရွယ်စဉ်ကာလမှစ၍ ဥဂ္ဂမြို့၌ နေလေ့ရှိသော ဥဂ္ဂမည်သော သူဌေးသားသည် ချစ်ကျွမ်းဝင်သော အပေါင်းအဖော်သည် ဖြစ်ပေသတတ်၊ ထိုသူနှစ်ဦးတို့သည် တစ်ဦးတည်းသော ဆရာ၏ အမျိုး၌ အတတ်ကို သင်ယူကုန်သျှက် တစ်ယောက်သည် တစ်ယောက်အား အချင်းချင်း ကတိကဝတ်ကို ပြုကုန်၏။ အဘယ်သို့ ပြုကုန်သနည်းဟူမူ နှစ်ယောက်ကုန်သော ငါတို့အား အရွယ်ရောက်သော အခါ၌ သားသမီးကို

မွေးဖွားကုန်သည်ရှိသော် အကြြင်သူသည် သားအား သမီးကို တောင်းဆို ဖိတ်မန်၏။ ထိုသူသည် တောင်းဆိုဖိတ်မန်သော ထိုသားအား သမီးကို ပေးအပ်၏ဟု ကတိကဝတ်ကို ပြုကုန်၏။ အရွယ်သို့ ရောက်ကုန်သော ထိုနှစ်ဦး ကုန်သော သူတို့သည်လည်း မိမိ မိမိ၏မြို့၌ သူဌေးအရာ၌ တည်ကြကုန်၏။ ထိုနောက် တစ်ပါးသောအခါ၌ ဥဂ္ဂသူဌေးသည် ရောင်းရန်လုံးစုံ ကုန်တို့ကို ဆည်းစုယူ၍စေပြီးသော် ငါးရာသော လှည်းတို့ဖြင့် သာဝတ္ထိပြည်သို့သွား၏။

အနာထပိဏ် သူဌေးသည် မိမိ၏သမီးဖြစ်သော စူဠသုဘဒ္ဒါကို ခေါ်၍ ချစ်သမီး အသင်၏ ဖခင်ဖြစ်သော ဥဂ္ဂ သူဌေးမည်သည် လာရောက်၏။ ထိုသူဌေး အား ပြုဖွယ်ကိစ္စဟူသမျှ အလုံးစုံသည် အသင်၏တာဝန် ဖြစ်ပါလေ၏ဟု ပြောဆို စေခိုင်း၏။ ထိုစူဠသုဘဒ္ဒါသည် ကောင်းပါပြီဟု ဝန်ခံ၍ ထိုဥဂ္ဂသူဌေး၏ လာရောက်သောနေ့မှစ၍ မိမိလက်ဖြင့်သာလျှင် ဟင်း, ဟင်းလျာ စသည်တို့ကို လုပ်ကိုင်ပြည့်စုံစေ၏။ ပန်း, နံ့သာ, နံ့သာပျောင်း စသည်တို့ကို ပြုပြင်စီရင်၏။ ဘောဇဉ်သုံးဆောင်သော အခါ၌ ထိုသူဌေး၏ ချိုးရေကို စီရင်စေ၍ ရေချိုး သော အခါမှစ၍ အလုံးစုံသော အမှုတို့ကို ကောင်းစွာပြုလုပ်၏။ ဥဂ္ဂသူဌေးသည် ထိုစူဠသုဘဒ္ဒါ၏ အကျင့်အာစာရ ကောင်းမွန်ပြည့်စုံသည်ကို မြင်သောကြောင့် ချစ်ခင်ကြည်ညိုသော စိတ်ရှိသည်ဖြစ်၍ တစ်နေ့သ၌ အနာထပိဏ် သူဌေးကြီးနှင့် အတူတကွ ချမ်းသာစွာ စကားပြောဆို ထိုင်နေလျက် ငါတို့သည် ငယ်ရွယ်စဉ် အခါ၌ ဤသို့သဘောရှိသော ကတိကဝတ်ကို ပြောဆို ပြုလုပ်ခဲ့ဖူးကုန်ပြီဟု ပြောဆို အောက်မေ့စေ၍ စူဠသုဘဒ္ဒါကို မိမိသား၏ အကျိုးငှါ ပြောဆို ဖိတ်မန်၏။

## စူဠသုဘဒ္ဒါ သူဌေးသမီး လက်ထပ်ခန်း

ထိုဥဂ္ဂသူဌေးသည်ကား ပကတိအားဖြင့် မိစ္ဆာအယူရှိသော သူတည်း။ ထို့ကြောင့် မြတ်စွာဘုရားအား ထိုအကြောင်းကို လျှောက်ကြား၍ မြတ်စွာ ဘုရားသည် ဥဂ္ဂသူဌေး၏ မဂ်ဖိုလ်ရကောင်း အကြောင်းဥပနိဿယကို မြင်တော်မူ၍ ခွင့်ပြုတော်မူသောကြောင့် ခင်ပွန်းမယားနှင့် အတူတကွပြောဆို တိုင်ပင် ပြီးလျှင် ထိုဥဂ္ဂသူဌေး၏ စကားကို ဝန်ခံ၍ နေ့ရက်ကို ချိန်းချက်ပိုင်းခြား မှတ်သားစေပြီးသော် ဝိသာခါကို ပေးအပ်ထိမ်းမြား၍ တိုက်တွန်းပြောဆိုသော ဓနဉ္စယ သူဌေးကြီးကဲ့သို့ ကြီးကျယ်သော ချီးမြှောက်ဖွယ် အသွယ်သွယ် အပေါင်းကို ကောင်းစွာ ပြုလုပ်ပြီးလျှင် သမီးဖြစ်သော သုဘဒ္ဒါကိုခေါ်၍ ချစ်သမီး ယောက္ခမတို့၏ အမျိုးအိမ်၌ နေထိုင်သော အမျိုးချွေးမ မည်သည် အတွင်းမီးကို အပြင်ပသို့ မထုတ်အပ်။ ဤသို့ အစရှိသော ဓနဉ္စယသူဌေး ကြီး၏ ဝိသာခါအား ပေးအပ်သော နည်းဖြင့်သာလျှင် ဆယ်ပါးကုန်သော အဆုံးအမ ဩဝါဒတို့ကို ပေး၍ ရောက်ရာအရပ်၌ ငါ၏သမီးအား အကယ်၍

အပြစ်ဖြစ်ခဲ့အံ့။ အသင်တို့သည် စောင့်ရှောက် သုတ်သင်အပ်၏ဟု ပြောဆိုမှာထားပြီးသော် ရှစ်ဦးသော သူကြွယ်တို့ကို အသီးအခြား ကိုယ်စားအတူ ပဋိညာဉ်ယူစေ၍ ထိုသမီးအား တိုက်တွန်းပြောဆို စေလွှတ်သောနေ့၌ ဘုရားအမှူးရှိသော ရဟန်းသံဃာအား ကြီးစွာသော အလှူကို ပေးလှူ၍ လွန်လေသော ရှေးဘဝ၌ မိမိသမီးသည် ပြုလုပ်အပ်ကုန်သော ကောင်းမှုတို့၏ အကျိုးပေး တင့်တယ်ခြင်းကို လူအပေါင်းအား ထင်ရှားသည်ကိုပြု၍ ပြဒါးသကဲ့သို့ ကြီးစွာသော ပူဇော်သက္ကာရဖြင့် သမီးကို စေလွှတ်၏။ အစဉ်အတိုင်းအားဖြင့် ဥဂ္ဂမြို့သို့ ရောက်သောအခါ၌ ထိုစူဠသုဘဒ္ဒါအား ယောက္ခမနှင့်တကွသော များစွာသော လူအပေါင်းသည် ခရီးဦးကြိုခြင်းကိုပြု၏။

ထိုစူဠသုဘဒ္ဒါသည်လည်း မိမိအသရေစည်းစိမ် ထင်ရှားသည်ကို ပြုခြင်းငှါ ဝိသာခါသူဌေးသမီးကဲ့သို့ အလုံးစုံသော မြို့သူမြို့သား အပေါင်းအား မိမိကိုယ်ကို ပြလျက် ရထားထက်၌ တည်နေ၍ မြို့သို့ဝင်ပြီးသော် မြို့သူမြို့သားတို့သည် ပေးပို့ဖေလှတ်ကုန်သော လက်ဆောင် ပဏ္ဏာကာရတို့ကို ခံယူ၍ အထိုက်အလျော်၏ အစွမ်းဖြင့် ထိုသူထိုသူတို့၏ ထံသို့ တုံ့ပြန်ပေးပို့ စေလွှတ်လျက် အလုံးစုံသောမြို့ကို မိမိဂုဏ်ကျေးဇူးတို့ဖြင့် ဝ.စ်စပ်တည်းဖွဲ့ယှက် ကျော်စေသည်ကို ပြု၏။ မင်္ဂလာပြုလုပ်သောနေ့ စသည်တို့၌ကား ထိုစူဠသုဘဒ္ဒါ၏ ယောက္ခမသည် အစေလကတို့အား ပူဇော်သက္ကာရကို ပြုလုပ်လျက် ငါတို့၏ ရဟန်းတို့ကို လာရောက်၍ ရှိခိုးပါလော့ဟု ပြောဆိုစေလွှတ်၏။ ထိုစူဠသုဘဒ္ဒါသည် ရှက်နိုးသောအားဖြင့် အဝတ်မဆည်း အချည်းနှီးသော အစေလကတို့ကို တွေ့မြင်ခြင်းငှါ မစွမ်းနိုင်သည်ဖြစ်၍ သွားခြင်းငှါ အလိုမရှိပေ။ ထိုယောက္ခမသည် အဖန်ဖန်အထပ်ထပ်စေလွှတ်ခေါ်ငင်သော်လည်း ထိုချွေးမက မလာမရောက် ဖြတ်တောက်ငြင်းပယ်သောကြောင့် အမျက်ထွက်၍ ထိုသူယုတ်မကို အိမ်မှနှင်ထုတ်ကုန်လော့ဟု ပြောဆို၏။

ထို စူဠသုဘဒ္ဒါသည် အကြောင်းမဲ့အားဖြင့် ကျွန်တော်မ၏အပေါ်သို့ အပြစ်တင်ခြင်းငှါ မသင့်လျော် မတတ်ကောင်းပါဟု ပြောဆိုပြီးလျှင် သူကြွယ်တို့ကို ခေါ်စေ၍ ထိုအကြောင်းကို ပြောကြား၏။ ထိုသူကြွယ်တို့က စူဠသုဘဒ္ဒါ၏ အပြစ်မရှိသော အဖြစ်ကိုသိ၍ ဥဂ္ဂသူဌေးကြီးကို ပြောဆိုနိုင်းညှိ သိစေကုန်၏။ ထိုဥဂ္ဂသူဌေးကြီးက ဤစူဠသုဘဒ္ဒါသည် ငါ၏ကိုးကွယ်ရာဖြစ်သော ရဟန်းတို့ကို အရှက်မရှိကုန်သော သူတို့ပေတည်းဟု ပြောဆို၍ ရှိခိုးဘဲ နေလေသည်ဟု မိမိ၏မယား သူဌေးကတော်အား ပြောကြား၏။ ထိုသူဌေးကတော်သည် ဤချွေးမသုဘဒ္ဒါ၏ ကိုးကွယ်ရာဖြစ်သော ရဟန်းတို့သည် အဘယ်သို့ သဘောရှိသည် ဖြစ်[illegible]လေကုန်သနည်း။ အလွန်လျှင် ထိုရဟန်းတို့၏ ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆိုဘိသည် တကားဟု ကြံဆင်ခြင်ပြီးလျှင် ထိုချွေးမသုဘဒ္ဒါကို ခေါ်စေ၍ ဤဂါထာဖြင့် မေးမြန်းပြောဆို၏—

ကီဒိသာ သမဏာ တုယှံ၊ ဗာဠှံ ခေါ နေ ပသံသသိ။
ကိံသီလာ ကိံသမာစာရာ၊ တံ မေ အက္ခာဟိ ပုစ္ဆိတာ။

ချစ်သမီး သင်ချစ်သမီး၏ ကိုးကွယ်ဆည်းကပ် ရဟန်းမြတ်တို့သည် ကြည်ညို စဖွယ် မစွန့်ပယ်နိုင်အောင် အဘယ်သို့ သဘောရှိပါလေကုန်သနည်း။ ကြည်ညို ညွတ်မှန်း ထိုရဟန်းတို့ကို သင်ချစ်သမီးသည် အပြင်းအထန် ချီးမွမ်းလှသည် သာလျှင်တည်း။ သင်ချစ်သမီး၏ ကိုးကွယ်ဆည်းကပ် ရဟန်းမြတ်တို့သည် အဘယ်သို့သော သီလရှိပါကုန်သနည်း။ အဘယ်သို့သော ကောင်းသောအကျင့် ရှိပါကုန်သနည်း။ ဤသို့ မေးမြန်း စုံစမ်းအပ်သော ငါ့မိခင်အား ထိုအကြောင်းကို သိသည်မှန်ငြား ချန်မထားဘဲ ပြန်ကြား ဖြေဆိုပါဦးလော့ဟု ပြောဆိုမေးမြန်း၏။

ထိုအခါ ယောက္ခမဖြစ်သော သူဌေးကတော်အား ချွေးမသုဘဒ္ဒါက မြတ်စွာ ဘုရားတို့၏ လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်ဖြစ်သော ရဟန်းတို့၏ လည်းကောင်း ဂုဏ်ကျေးဇူးအစဉ်တို့ကို အထင်အရှားပြလျက်—

သန္တိန္ဒြိယာ သန္တမာနသာ၊ သန္တံ တေသံ ဂတံ ဌိတံ။
ဩက္ခိတ္တစက္ခူ မိတဘာဏီ၊ တာဒိသာ သမဏာ မမ။

ကာယကမ္မံ သုစိ နေသံ၊ ဝါစာကမ္မံ အနာဝိလံ။
မနောကမ္မံ သုဝိသုဒ္ဓံ၊ တာဒိသာ သမဏာ မမ။

ဝိမလာ သင်္ခမုတ္တာဘာ၊ သုဒ္ဓါ အန္တရဗာဟိရာ။
ပုဏ္ဏာ သုဒ္ဓေဟိ ဓမ္မေဟိ၊ တာဒိသာ သမဏာ မမ။

လာဘေန ဥန္နတော လောကော၊ အလာဘေန စ ဩနတော။
လာဘာလာဘေန ဧကဋ္ဌာ၊ တာဒိသာ သမဏာ မမ။

ယသေန ဥန္နတော လောကော၊ အယသေန စ ဩနတော။
ယသာယသေန ဧကဋ္ဌာ၊ တာဒိသာ သမဏာ မမ။

ပသံသာယုန္နတော လောကော၊ နိန္ဒာယာပိစ ဩနတော။
သမာ နိန္ဒာပသံသာသု၊ တာဒိသာ သမဏာ မမ။

သုခေန ဥန္နတော လောကော၊ ဒုက္ခေနာပိ စ ဩနတော။
အကမ္ပာ သုခဒုက္ခေသု၊ တာဒိသာ သမဏာ မမ။

ဤသို့ အစရှိကုန်သော ပါဠိဂါထာစကားတို့ဖြင့် ပြောကြားပြီး ယောက္ခမ ဖြစ်သော သူဌေးကတော်ကို ကြည်ညို နှစ်သက်စေ၏။

အိုမိခင် အကျွန်ုပ် ရည်ရွယ်၍ ချီးမွမ်းအပ်ကုန်သော ရဟန်းတော်တို့သည် ဣန္ဒြေစောင့်စည်းလျက် ငြိမ်သက် နူးညံ့ပါကုန်၏၊ ငြိမ်သက်တည်ကြည်သော စိတ်ရှိပါကုန်၏။ ထိုရဟန်းမြတ်တို့၏ ကြွသွားခြင်း, ရပ်ခြင်းသည် ငြိမ်သက် အေးချမ်းပါ၏၊ မျက်လွှာချ၍ လေးတောင်ခန့်မျှ ကြည့်ကြပါကုန်၏၊ အကျိုး ရှိသော စကားကိုသာ နှိုင်းချိန်၍ ပြောဆိုကြပါကုန်၏။ ကျွန်ုပ်ကိုးကွယ်သော ရဟန်းတော်တို့သည် ထိုသို့သော သဘောရှိပါကုန်၏။

ထိုရဟန်းမြတ်တို့၏ ကိုယ်ဖြင့် ပြုသော ကာယကံမှုသည် စင်ကြယ်၏။ နှုတ်ဖြင့် ပြုသော ဝစီကံမှုသည် သူတစ်ပါးစိတ်ကို မနှောက်ကျုစေတတ်၊ စိတ်ဖြင့် ကြံစည်မှု မနှောက်သည် စင်ကြယ်၏။ အလွန်သန့်ရှင်း၏၊ အကျွန်ုပ် ကိုးကွယ်သော ရဟန်းတော်တို့သည် ထိုသို့သော သဘောရှိကုန်၏။

အညစ်အကြေးကင်းကုန်၏၊ ပွတ်သစ်စ ခရုသင်းကဲ့သို့ ဖြူစင်သောအရောင် ရှိကုန်၏။ အတွင်းအပြင်တို့၌ သန့်ရှင်းစင်ကြယ်ကုန်၏၊ သန့်ရှင်းစင်ကြယ် ကုန်သော တရားတို့နှင့် ပြည့်စုံကုန်၏၊ အကျွန်ုပ်ကိုးကွယ်သော ရဟန်းတော် တို့သည် ထိုသို့သော သဘောရှိကုန်၏။

လူအပေါင်းသည် လာဘ်ရသည့်အခါ မာနတက်ကြွတတ်၏။ လာဘ်မရသည့် အခါ စိတ်ဓာတ်ကျတတ်၏။ အကျွန်ုပ်ကိုးကွယ်သော ရဟန်းမြတ်တို့သည် လာဘ် ရှိသည်ဖြစ်စေ, မရှိသည်ဖြစ်စေ ပကတိ တူမျှသော သဘောတည်ရာ ရှိကုန်၏။

လူအပေါင်းသည် အခြံအရံရှိခြင်းကြောင့်လည်း စိတ်ဓာတ် တက်ကြွတတ်၏။ အခြံအရံ မရှိခြင်းကြောင့်လည်း စိတ်ဓာတ်ကျတတ်၏။ ဤ ရဟန်းမြတ်တို့ သည်ကား အခြံအရံ ရှိသည် ဖြစ်စေ, မရှိသည်ဖြစ်စေ တက်ခြင်း, ကျခြင်းမရှိ ပကတိသော တည်ရာသဘော ရှိကုန်၏။

လူအပေါင်းသည် ချီးမွမ်းခံရခြင်းကြောင့် စိတ်ဓာတ် တက်ကြွတတ်၏။ ကဲ့ရဲ့ခံရခြင်းကြောင့် စိတ်ဓာတ် ကျတတ်၏။ ဤရဟန်းမြတ်တို့သည်ကား တက်ခြင်း, ကျခြင်းမရှိ ပကတိသဘော တစ်ခုသော တည်ရာရှိကုန်၏။

လူအပေါင်းသည် ချမ်းသာခြင်းကြောင့် စိတ်ဓာတ် တက်ကြွတတ်၏။ ဆင်းရဲခြင်းကြောင့် စိတ်ဓာတ်ကျတတ်၏။ ဤရဟန်းမြတ်တို့သည်ကား တက်ခြင်း, ကျခြင်းမရှိ ပကတိသဘော တစ်ခုသောတည်ရာ ရှိကုန်၏။ မတုန်လှုပ်ကုန်။

## ယူဇနာ တစ်ရာ့နှစ်ဆယ်ကွာ အရပ်မှ မြတ်စွာဘုရားကိုပင့်ခြင်း

ဤသို့ အစရှိသော စကားတို့ဖြင့် ပြောကြားဖော်ပြ ယောက္ခမဖြစ်သော သူဌေးကတော်ကို နှစ်သက်စေ၏။ ထိုအခါ သူဌေးကတော်က ထိုသုဘဒ္ဒါကို ချစ်သမီး အသင်၏ ကိုးကွယ်ဆည်းကပ် ရဟန်းမြတ်တို့ကို ငါတို့အားလည်း ဖူးတွေ့ရန်ကိစ္စ ပြဋ္ဌင်းငှါ တတ်နိုင်ပါအံ့လောဟု ပြောဆိုမေးမြန်း၍ မိခင် တတ်နိုင်ကောင်းပါ၏ဟု ပြောဆိုသည်ရှိသော် ထိုသို့တတ်နိုင်လျှင် ချစ်သမီး အကြင်သို့သော အခြင်းအရာဖြင့် ပူဇော်အပ်သည်ရှိသော် ထိုရဟန်းတော်တို့ကို ငါတို့ ဖူးမြင်ရကုန်အံ့။ ထိုသို့သော အခြင်းအရာဖြင့် ကောင်းစွာအားယုတ်ပြုလုပ် ပါလော့ဟု ပြောဆိုသောအခါ ထိုသုဘဒ္ဒါက ကောင်းလှပါပြီဟု ဝန်ခံပြီးလျှင် ဘုရားအမှူးရှိသော ရဟန်းသံဃာအား လှူဒါန်းဖွယ်ရာ ကြီးစွာသော အလှူဝတ်ကို ညီညွတ်အောင်စီရင်၍ အထက်ပြာသာဒ် အပြင်ထက်၌ တက်ရောက် တည်နေပြီးသော် ဇေတဝန်ကျောင်းတော်ရှိရာသို့ ရှေးရှုရှိသောလှစွာ ငါးဖြာသော တည်ရာရှိသော ထိခြင်းဖြင့် ရှိခိုးဦးချ၍ ဘုရားရှင်၏ ဂုဏ်ကျေးဇူးကိုကို အထူး ဆင်ခြင်ပြီးလျှင် နံ့သာဖြင့် ထုံအပ်သော ပန်း-နံ့သာ အခိုးတိုင်တို့ဖြင့် ပူဇော်ခြင်းကိုပြု၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တပည့်တော်မ သည် နက်ဖြန်အလို့ငှါ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ပင့်ဖိတ်ပါ၏။ တပည့်တော်မ၏ ဤအမှတ်သညာဖြင့် မြတ်စွာဘုရားရှင်သည် ပင့်ဖိတ် အပ်သော အဖြစ်ကို သိတော်မူပါလော့ဟု လျှောက်ကြားပြီးလျှင် မြတ်လေးပန်း ရှစ်ဆုပ်တို့ကို ကောင်းကင်၌ ပစ်ချလွှင့်တင်လိုက်၏။ ပန်းတို့သည် ကောင်းကင် ခရီးဖြင့် တစ်ဟုန်တည်းတက်သွား၍ လေးပါးသော ပရိသတ်အလယ်၌ တင့်တယ် သင့်လျော် တရားတော်ကို ဟောကြားတော်မူသော မြတ်စွာဘုရား၏ အထက်၌ ပန်းမျက်နှာကြက် ဗိတာန်ဖြစ်၍ တည်ကုန်၏။

ထိုခဏ၌ အနာထပိဏ် သူဌေးကြီးသည် တရားစကားကို ကြားနာပြီးဆုံး၍ နက်ဖြန်အလို့ငှါ မြတ်စွာဘုရားကို ပင့်ဖိတ်၏။ မြတ်စွာဘုရားက ဒါယကာ သူဌေးကြီး ငါဘုရားသည် နက်ဖြန်အလို့ငှါ ဖြစ်သောဆွမ်းကို သာယာသည်းခံ၍ ပြီးလေပြီဟု မိန့်တော်မူသောကြောင့် အရှင်ဘုရား တပည့်တော်ထက် ရှေးဦးစွာ လာရောက်သောသူ မရှိပါ၊ အရှင်ဘုရားတို့သည် အဘယ်သူ၏ ဆွမ်းကို သာယာ သည်းခံ၍ ပြီးပါသနည်းဟု မေးလျှောက်သည် ရှိသော် ဒါယကာသူဌေးကြီး စူဠသုဘဒ္ဒါက ပင့်ဖိတ်အပ်သည်ဟု မိန့်တော်မူ၍ အရှင်ဘုရား စူဠသုဘဒ္ဒါသည် ဝေးလှစွာသော ဤသာဝတ္ထိပြည်မှ ယူဇနာတစ်ရာ့နှစ်ဆယ်အထက်၌ နေပါသည် မဟုတ်ပါလောဟု မေးလျှောက်ပြန်သည် ရှိသော် သူဌေးကြီး ဪ-ဟုတ်မှန် ပေ၏။ ဝေးသောအရပ်နေသည်လည်း ဖြစ်ကုန်သော သူတော်ကောင်းတို့သည်

ရွေးရှုမျက်မှောက်၌ လာရောက်တည်နေကုန်ဘိ သကဲ့သို့ ထင်ရှား ပြတတ်ကုန်၏ဟု မိန့်တော်မူလိုရကား ဤဂါထာကို ဟောကြားတော်မူ၏—

ဒူရေ သန္တော ပကာသေန္တိ၊ ဟိမဝန္တောဝ ပဗ္ဗတော။
အသန္တေတ္ထ န ဒိဿန္တိ၊ ရတ္တိံ ခိတ္တာ ယထာ သရာ။

သူတော်ကောင်းတို့သည် ဝေးသောအရပ်၌ တည်နေကုန်လည်း ဟိမဝန္တာ တောင်ကြီးကဲ့သို့ ထင်ရှားစွာ မြင်ရကုန်၏။ သူယုတ်တို့သည် မြတ်စွာဘုရား၏ လက်ယာဒူးဝန်းအနီး၌ ထိုင်နေကုန်လျက်လည်း ညအခါပစ်လွှတ်သော မြှားကဲ့သို့ မထင်မမြင်ရကုန်။

ထိုဂါထာ၌—

**သန္တော**=ဟူသည် ရာဂ စသည်တို့၏ ငြိမ်းအေးပြီးသည်၏ အဖြစ်ကြောင့် ဘုရားစသည်တို့သည် သန္တမည်၏။

[ဤနေရာ၌ ရှေးဘုရားတို့၌ ဆုတောင်းခြင်းကို ပြုပြီးကုန်သော များသော ကုသိုလ်လျှင် အရင်းမူလ ဖြစ်ကုန်သော ပွားပြီးသော ဘာဝနာရှိကုန်သော သတ္တဝါတို့ကို သန္တဟူ၍ ယူရမည်။]

**ပကာသေန္တိ**= ဟူသည် အဝေး၌တည်ရှိသော်လည်း မြတ်စွာဘုရားတို့၏ ဉာဏ်လမ်းကြောင်းပေါ်သို့ လာ၍ ထင်ကုန်၏။

**ဟိမဝန္တောဝ**= ဟူသည် ယူဇနာသုံးထောင်ကျယ်ပြန့်၍ ယူဇနာငါးရာအမြင့်ရှိပြီးသော တောင်လုံး ရှစ်ဆယ့်လေးလုံးတို့ကို အထွတ်တစ်ထောင်တို့ဖြင့် တန်ဆာဆင်အပ်သော ဟိမဝန္တာတောင်သည် ဝေးသောအရပ်၌ တည်နေသော သူတို့အားလည်း မျက်စိရှေ့၌ တည်ရှိနေသကဲ့သို့ ထင်ရှားသည်နှင့် တူစွာသာလျှင် ထင်ရှားဖြင်ကုန်၏။

**အသန္တေတ္ထ**= ဟူသည် မျက်မှောက်ဘဝ၌ ရှိသေမှုကို ခံယူကုန်လျက် သံသရာမှ လွတ်မြောက်မှုကို မရှေးရှုဘဲ ဆွမ်းအာမိသကိုသာ ကြည့်၍ အသက်မွေးလွယ်ကူခြင်းငှါ ရဟန်းပြုကုန်သော သူမိုက်ပုဂ္ဂိုလ်တို့သည် သူယုတ်မည်၏။ ထိုသူယုတ်တို့သည် မြတ်စွာဘုရားတို့၏ မြတ်သော လက်ယာဒူးဝန်း၏ အနီး၌ ထိုင်နေသော်လည်း မထင်ရှားကုန်။

ရတ္တိံ ခိတ္တာ= ဟူသည် အင်္ဂါလေးပါးနှင့် ပြည့်စုံသော မိုက်မှောင်ခြင်းဖြစ်ရာ ညအခါ၌ ပစ်လွှတ်အပ်သော မြားကို မမြင်နိုင်သကဲ့သို့ ထိုသို့ သဘောရှိသော အကြောင်းအထောက်အပံ့ဖြစ်သော ရှေးကံအကြောင်းမရှိခြင်းကြောင့် မထင်ရှားကုန်။

ဒေသနာတော်၏အဆုံး၌ များစွာသော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။ သိကြားနတ်မင်းသည် မြတ်စွာဘုရားရှင်ကား သုဘဒ္ဒါပင့်ဖိတ်သည်ကို သာယာ သည်းခံအပ်ပြီဟု သိ၍ ငါးရာကုန်သော အထွတ်တပ်သော ပြာသာဒ် ကျောင်းဆောင်တို့ကို ဖန်ဆင်း၍ နက်ဖြန်ခါ၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ဥဂ္ဂမြို့သို့ ပင့်ဆောင်လေလော့ဟု ပြောဆို၍ ဝိသကြုံနတ်သားကို စေခိုင်း၏။ ထိုဝိသကြုံနတ်သားသည် တဖန် မိုးသောက်သော နေ့၌ ငါးရာကုန်သော အထွတ်တပ်သော ပြာသာဒ်ကျောင်းဆောင်တို့ကို ဖန်ဆင်း၍ ဇေတဝန်ကျောင်းတော် တည်ရာဌာန၌ လာရောက်တည်နေ၏။ မြတ်စွာဘုရားသည် ရွေးကောက်တော်မူပြီးလျှင် အထူးသဖြင့် စင်ကြယ်ကုန်သော ရဟန္တာငါးရာတို့ကို ခေါ်ယူ၍ အခြံအရံနှင့်တကွ အထွတ်တပ်သော ပြာသာဒ် ကျောင်းဆောင်တို့၌ ထိုင်နေ သီတင်းသုံးတော်မူပြီးလျှင် ဥဂ္ဂမြို့သို့ ကြွတော်မူ၏။

အခြံအရံနှင့် တကွသော ဥဂ္ဂသူဌေးသည်လည်း သုဘဒ္ဒါက ပြောဆိုညွှန်းလတ် ပေးအပ်သော နည်းဖြင့်သာလျှင် မြတ်စွာဘုရား ကြွလာတော်မူအံ့သော ခရီးလမ်းကို မျှော်မှန်း ကြည့်ရှုလျက် တည်နေ၏။ မြင့်မြတ်ကြီးကျယ်စွာသော အသရေစည်းစိမ်ဖြင့် ကြွတော်မူလာသော မြတ်စွာဘုရားကို မြင်သည်ရှိသော် ကြည်ညိုသော စိတ်ရှိသဖြင့် ပန်းအစရှိသည်တို့ဖြင့် ကြီးကျယ်စွာသော ပူဇော်သက္ကာရကိုပြုလျက် အခြံအရံနှင့်တကွ ဖြဖြဝန်းရံ ခံယူညွှတ်လျှိုးရှိခိုးပြီး၍ ကြီးစွာသော အလှူကို ပေးလှူပြီးလျှင် အထပ်ထပ် အဖန်ဖန်ဖိတ်မန်လျှောက်ကြား၍ ခုနစ်ရက်ပတ်လုံး ကြီးစွာသော အလှူကိုပေးလှူ၏။ မြတ်စွာဘုရားသည်လည်း ထိုဥဂ္ဂသူဌေးအား သင့်လျော် လျောက်ပတ်သည်ကို မှတ်၍ တရားကို ဟောတော်မူ၏။ ရှစ်သောင်းလေးထောင်ကုန်သော သူတို့အား အကျွတ်တရားကို ရသည်ဖြစ်၍ မြတ်စွာဘုရားသည် စူဠသုဘဒ္ဒါအား ချီးမြှောက်တော် မူလိုသဖြင့် အနုရုဒ္ဓမထေရ်ကို အသင်သည် ဤအရပ်၌သာလျှင်နေသည်ဖြစ်ဘိလော့ဟု မိန့်ဆိုတော်မူ၍ ပြန်လည်ဆုတ်နစ်နေရစ်စေပြီးသော် ကိုယ်တော်ဘုရားသည် သာဝတ္ထိပြည်သို့သာလျှင် ကြွသွားတော်မူ၏။ ထိုအခါမှစ၍ ထိုဥဂ္ဂမြို့သည် သဒ္ဓါတရားရှိသော ဒါယကာ ဒါယိကာမတို့နှင့် ပြည့်စုံသော မြို့သည် ဖြစ်လေ၏။

စူဠသုဘဒ္ဒါဝတ္ထု ပြီး၏။

## ၉။ ဧကဝိဟာရိ နေလေ့ရှိသော ရဟန်းဝတ္ထု

ဧကာသနံ– အစရှိသော ဤတရား ဒေသနာတော်မြတ်ကို မြတ်စွာဘုရား ရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် ဧကဝိဟာရီ နေလေ့ရှိသော ရဟန်းကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

ထိုမထေရ်သည် တစ်ပါးတည်းသာလျှင် လျောင်းအိပ်ခြင်းကို ပြု၏။ တစ်ပါးတည်းသာလျှင် ထိုင်နေ၏။ တစ်ပါးတည်းသာလျှင် ကြွသွား၏။ တစ်ပါးတည်းသာလျှင် ရပ်တည်၏။ ဤသို့သော နေခြင်းအရာ အားဖြင့် လေးပါးသော ပရိသတ်အလယ်၌ ထင်ရှားသည် ဖြစ်သတတ်။ ထိုအခါ ရဟန်း တို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤမထေရ်သည် ဤသို့ သဘောရှိသည် မည်သည် ဖြစ်ပါသည်ဟု ထိုမထေရ်၏ အကြောင်းကို မြတ်စွာ ဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားသည် "သာဓု-သာဓု-ကောင်း၏ ကောင်း၏" ဟူ၍ ထိုမထေရ်အား ကောင်းချီး ပေးတော်မူပြီးသော် ရဟန်း မည်သည် ဆိတ်ငြိမ်သဖြင့် ဖြစ်အပ်၏ဟု ဆိတ်ငြိမ်ခြင်း၌ အကျိုးအာနိသင်ကို ဟောတော်မူလို၍ ဤဂါထာကို မိန့်ကြားတော်မူ၏–

> ဧကာသနံ ဧကသေယျံ၊ ဧကော စရမတန္ဒိတော။
>
> ဧကော ဒမယ မတ္တာနံ၊ ဝနန္တေ ရမိတော သိယာ။

ကမ္မဋ္ဌာန်းနှလုံးသွင်းလျက် တစ်ယောက်တည်းနေခြင်း, တစ်ယောက်တည်း အိပ်ခြင်းကို မှီဝဲလျက် မပျင်းမရိ လုံ့လရှိသည်ဖြစ်၍ တစ်ယောက်တည်းသာ လျှင် ကျင့်လျက် တစ်ယောက်တည်းသာ ဖြစ်သော မိမိကိုယ်ကို ဆုံးမကာ လူနေတိတ်ဆိတ်သော တော၌သာလျှင် မွေ့လျော်ရာ၏။

ထိုဂါထာ၌–

ဧကာသနံ ဧကသေယျံ=ဟူသည် ရဟန်းတစ်ထောင်တို့၏ အလယ်၌ ထိုင်နေသော်လည်း နှလုံးသွင်းနေမြဲဖြစ်သော ကမ္မဋ္ဌာန်းကို မစွန့်ပယ်မူ၍ နှလုံးသွင်းလျက်သာ ထိုင်နေခြင်းသည် တစ်ယောက်တည်း နေသည်မည်၏။ ကြေးပြာသာဒ်နှင့်တူသော ပြာသာဒ်ကို ရဟန်းတစ်ထောင်တို့၏ အလယ်၌ ခင်းထားပြီးလျှင် အဆန်းတကြယ် ပြုပြင်ခင်းကျင်းထားသော မြတ်သော ပုဂ္ဂိုလ်တို့သာ ထိုက်တန်သော အိပ်ရာ၌ သတိမပြတ်စေဘဲ မြတ်သော ရှုပွားခြင်းဟူသော အားထုတ်မြဲဖြစ်သော ကမ္မဋ္ဌာန်းကို နှလုံးသွင်းခြင်းဖြင့် လျောင်းအိပ်နေသော ရဟန်း၏ အိပ်ခြင်းသည် တစ်ယောက်တည်းအိပ်ခြင်း မည်၏။ ဤသို့သဘောရှိသော တစ်ယောက်တည်းနေခြင်း၊ တစ်ယောက်တည်း အိပ်ခြင်းကို မှီဝဲကြကုန်လော ဟူလို။

အတန္တိတော=ဟူသည် ခြေသလုံးကို အမှီပြု၍ အသက်မွေးခြင်းဖြင့် မပျင်းရိကြကုန်ဘဲ ဏ္ဍရိယာပုထ် လေးပါး၌တွင် တစ်ခုခုဖြင့်သာလျှင် ကျင့်လျက် ဟူလို။

ကောဒမယံ=ဟူသည် ညဉ့်နေရာအရပ် စသည်တို့၌ ကမ္မဋ္ဌာန်းတရားကို အားထုတ်၍ မဂ်ဖိုလ်ကို ရခြင်း၏ အစွမ်းဖြင့် တစ်ယောက်တည်းနေ၍ မိမိကိုယ်ကို ဆုံးမလျက် ဟူလို။

ဝနန္တေ ရမိတော သိယာ=ဟူသည် ဤသို့ မိမိကိုယ်ကို ဆုံးမသည်ရှိသော် ယောကျ်ား မိန်းမတို့၏ အသံစသည်ကင်းမှ ကင်းဆိတ်ရာ ဖြစ်သော တော၌သာလျှင် အလွန်မွေ့လျော်သည် ဖြစ်ရာ၏။ လူတို့နှင့် ရောပြွမ်း၍ နေခြင်းဖြင့် မိမိကိုယ်ကို ဆုံးမခြင်းငှါ မတတ်ကောင်း ဟူလို။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။ ထိုအခါမှစ၍ လူအပေါင်း တစ်ယောက်တည်း နေလိုသည်ကိုသာလျှင် တောင့်တ၏။

ကေစာရိနေလေ့ရှိသောရဟန်းဝတ္ထုပြီး၏။

နှစ်ဆယ့်တစ်ခုမြောက် ပကိဏ္ဏကဝဂ် ပြီး၏။

# ၂၂။ နိရယဝဂ်

## ၁။ သုန္ဒရီ ပရိဗိုဇ်မဝတ္ထု

အဘူတဝါဒီ–အစရှိသော ဤဂါထာကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန် ကျောင်းတော်၌ သီတင်းသုံး နေတော်မူစဉ် သုန္ဒရီ ပရိဗိုဇ်မကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

အကြင်အခါ၌ သုန္ဒရီပရိဗိုဇ်မသည် မြတ်စွာဘုရားအား စွပ်စွဲ၍ ထိုအခါ၌ မြတ်စွာဘုရားသည် အရှိအသေပြုခြင်းများသည်၊ အလေးပြုခြင်းများသည်၊ မြတ်နိုးခြင်းများသည်၊ ပူဇော်ခြင်းများသည် ဖြစ်ပေ၏။ ဤသို့ အစရှိသော အားဖြင့် ဝတ္ထုသည် အကျယ်ဝိတ္ထာရအားဖြင့် ဥဒါန်းပါဠိတော်၌ လာရှိသည် သာလျှင်တည်း။ ယင်းသို့ လာရှိသော်လည်း ဤဓမ္မပဒအဋ္ဌကထာ၌ အကျဉ်းအမြွက် စကားဆက်မျှကို ဖော်ပြဦးအံ့။

မြတ်စွာဘုရားရှင်အား လည်းကောင်း၊ ရဟန်းသံဃာအား လည်းကောင်း မြစ်ကြီးငါးသွယ်တို့၏ ကြီးစွာသော ရေအလျဉ်နှင့် တူသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်သည်ရှိသော် ဆုတ်ယုတ် ကုန်ပြတ်သော လာဘ်ပူဇော်သက္ကာရ ရှိကုန်သော သာသနာတော်မှ တစ်ပါးကုန်သော တိတ္ထိတို့သည် နေထွက်သောအခါ၌ ပိုးစုန်းကြူးကဲ့သို့ ကင်းပျောက်သော အရောင်ရှိကုန်သည် ဖြစ်၍ တပေါင်းတည်း စည်းဝေးတိုင်ပင်ကြကုန်သတတ်။ အဘယ်သို့ တိုင်ပင်ကုန်သနည်း ဟူမူကား ငါတို့သည် ရဟန်းဂေါတမ၏ ဖြစ်ပေါ်လာသောအခါမှ စ၍ ဆုတ်ယုတ်ကုန်ပြတ်သော လာဘ်ပူဇော်သက္ကာရ ရှိကုန်၏။ တစ်စုံ တစ်ယောက်သော သူမျှလည်း ငါတို့ရှိသည့် အဖြစ်ကိုမျှ မသိချေ။ အဘယ်သူနှင့် အတူတကွ တပေါင်းတည်း ဖြစ်ကြ၍ ရဟန်း ဂေါတမ၏ တက်ကြွပွားလူး ဂုဏ် ကျေးဇူး မရှိသည်ကို ဖြစ်စေ၍ လာဘ်ပူဇော်သက္ကာရ ကွယ်ပျောက်ပျက်စေ ပါကုန်အံ့နည်းဟု ကြံစည်ကြကုန်၏။ ထို့နောက် တိတ္ထိတို့အား သုန္ဒရီနှင့် အတူ တကွ တပေါင်းတည်း ဖြစ်ကြ၍ ပြုလုပ်ခြင်းငှါ စွမ်းနိုင်ကုန်အံ့ဟု ဤသို့သော အကြံဖြစ်ကြ၏။ ပြောဆိုကြကုန်ပြီး၍ ထိုတိတ္ထိတို့သည် တစ်နေ့သောအခါ၌ သုန္ဒရီပရိဗိုဇ်မသည် တိတ္ထိတို့ ကျောင်းအာရာမ်သို့ ဝင်ရောက်ရှိခိုး၍ တည်နေ သည်ကို စကားမပြောဆိုကြကုန်။ ထိုသုန္ဒရီပရိဗိုဇ်မသည် အထပ်ထပ် ဇဖန်ဖန် အတန်တန်စကား ပြောကြားပါလျက်လည်း တစ်ခွန်းတည်းသော စကား တုံ့ပြန်မှုကိုမျှ မရသောကြောင့် စင်စစ်အမှန်ပင် အရှင်တို့ကို တစ်စုံတစ်ယောက်

သော သူသည် ညှဉ်းဆဲပါကုန်သလောဟု မေး၏။ ချစ်နှမ အသို့နည်း ငါတို့ကို ညှဉ်းဆဲ၍ ဆုတ်ယုတ် ကုန်ပြတ်သော လာဘ်ပူဇော်သက္ကာရ ရှိသည်တို့ကိုပြု၍ သွားလာလှည့်လည်သော ရဟန်းဂေါတမကို အသင် ချစ်နှမသည် မမြင်ပါသလောဟု ပြောဆိုကြကုန်၏။ အရှင်တို့ ဤသို့ဖြစ်ပေါ်လာသော အရာ၌ အကျွန်ုပ်သည် အဘယ်ကို ပြုလုပ်ချင်းငှါ အပ်ပါသနည်းဟု မေးပြန်သောအခါ ချစ်နှမ အသင်သည် အလွန်အဆင်းလှ၏။ တင့်တယ်ခြင်း အထွတ်အထိပ်သို့ ရောက်ပါ၏။ ရဟန်းဂေါတမ၏ အကျော်အစော အရှိန်အဝါ အာနုဘော် မရှိခြင်းသို့ တင်ရောက်ဖြစ်ပွားစေ၍ လူများအပေါင်းကို အသင်ချစ်နှမ၏ စကားကို ယုံကြည်စေ၍ ဆုတ်ယုတ်ကွယ်ပြတ်သော လာဘ်ပူဇော်သက္ကာရ ရှိသည်ကို ပြုပါလော့ဟု ပြောဆိုကြကုန်၏။ ထိုသုန္ဒရီပရိဗိုဇ်မသည် တိတ္ထိတို့ ပြောကြားသော ထိုစကားကို ကြား၍ ကောင်းပါပြီဟု ဝန်ခံပြီး ဖဲသွားသည်ရှိသော် ထိုအခါမှစ၍ ပန်း, နံ့သာ, နံ့သာပျောင်း, ပရုပ်, ဆောင်းမေးခါးသီး အစရှိသည်တို့ကို လက်ဆွဲယူငင်၍ ညနေချမ်းအခါ များစွာသော လူအပေါင်း၏ မြတ်စွာဘုရား ဟောကြားသောတရားတော်ကို ကြားနာပြီး၍ မြို့သို့ ပြန်ဝင်သောအခါ၌ ဇေတဝန်ကျောင်းတော်သို့ ရှေးရှုသွားလျက် အသင်သည် အဘယ်အရပ်သို့ သွားသနည်းဟု မေးကုန်သည်ရှိသော် ရဟန်းဂေါတမ၏ အထံသို့သွား၏။ ငါသည် ထိုရဟန်းဂေါတမနှင့် အတူတကွ တစ်ခုတည်းသော ဂန္ဓကုဋီ၌ နေအံ့ဟု ပြောဆို၍ အမှတ်မရှိသော တစ်ခုသော တိတ္ထိတို့ကျောင်းအရာမ်၌ ဝင်လေပြီးသော် နံနက်စောစောကသာလျှင် ဇေတဝန်ကျောင်းတော်လမ်းခရီးသို့ ထွက်ပြီး သက်ရောက်၍ မြို့သို့ ရှေးရှုသွား၏။ သုန္ဒရီ အဘယ်အရပ်သို့ အသင်သွားသနည်းဟု လူတို့က မေးကုန်သည်ရှိသော် ရဟန်းဂေါတမနှင့် တတူတကွ တစ်ခုတည်းသော ဂန္ဓကုဋီ၌နေ၍ ထိုရဟန်းဂေါတမကို ကိလေသာ မွေ့လျော်ခြင်းဖြင့် မွေ့လျော်စေ၍ လာခဲ့သည် ဖြစ်ပေ၏ဟု ပြောဆို၏။ ထိုနောက် နှစ်ရက်သုံးရက်တို့ကို လွန်မြောက်သဖြင့် သေသောက်ကြူးတို့အား တိတ္ထိတို့ကအသပြာတို့ကိုပေး၍ အသင်တို့သည် သွားကြကုန်လော့။ သုန္ဒရီပရိဗိုဇ်မကို သတ်၍ ထိုသုန္ဒရီ၏ အလောင်းကို ရဟန်းဂေါတမ၏ နေရာ ဂန္ဓကုဋီ၏ အနီးဖြစ်သော ပန်းမှိုက်ပုံအကြား၌ သွင်းထားမြှုပ်နှံ၍ လာခဲ့ကြကုန်လော့ဟု ပြောဆိုကုန်၏။ ထိုသေသောက်ကြူးတို့သည် တိတ္ထိတို့ ပြောဆိုသည့်အတိုင်း ပြုလုပ်ကုန်၏။ ထိုနောက်မှ တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မကို မတွေ့မြင်ရကုန်ပြီဟု အဆင့်ဆင့် ပြောဆိုလျက် အုတ်အုတ်ကျက်ကျက်ကိုပြု၍ မင်းကြီးအား လျှောက်ကုန်သည်ရှိသော် အသင်တို့အား အသယ်သူကို ယုံမှားခြင်း ရှိကုန်သနည်းဟု မေးတော်မူသောအခါ ဤနေ့၌ဇေတဝန်ကျောင်း၌နေ၏ ထိုသို့နေရာ၌ဆိုသုန္ဒရီ၏အကြောင်း အဖြစ်ကို ငါတို့မသိပါကုန်ဟု ပြောဆိုကုန်သည်ရှိသော် ထိုသို့တပြီးကား သွားကြကုန်လော့။ ထိုသုန္ဒရီကို စုံစမ်းစိစစ်ကြကုန်လော့ဟု မင်းကြီးသည် အခွင့်

ပြုအပ်သောကြောင့် မိမိ၏ အလုပ်အကျွေးတို့ကို ခေါ်ယူ၍ ဇေတဝန်ကျောင်းတော်သို့ သွားရောက်ပြီးလျှင် ဇုံစမ်းကုန်လျက် ပန်းမှိုက်ပုံ အကြား၌ သုန္ဒရီ၏ အလောင်းကို တွေ့မြင်၍ညောင်စောင်းအသက်သို့ တင်လျှင် မြို့သို့ဝင်ပြီးသော် "ရဟန်း ဂေါတမ၏ တပည့်တို့သည် မိမိတို့ဆရာ ပြုလုပ်အပ်သော မကောင်းမှုကို ဖုံးလွှမ်းကုန်အံ့ဟု ကြံပြီးလျှင် သုန္ဒရီကိုသတ်၍ ပန်းမှိုက်ပုံအကြား၌ ထည့်သွင်းမြှုပ်နှံ၍ ထားကုန်၏"ဟု ဟစ်အော်ပြောဆိုပြီးလျှင် မင်းကြီးအား ကြားလျှောက်ကုန်၏။ မင်းကြီးသည် ထိုသို့ဂုစ်ပါမူကား သွားကြကုန်လော့။ မြို့ကို လှည့်လည် ကုန်လော့ဟု မိန့်ဆိုတော်မူ၏။ ထိုတိတ္ထိတို့သည် မြို့လမ်းခရီးတို့၌ သာကီဝင်မင်းသား ဖြစ်ကုန်သော ရဟန်းတို့၏ အမှုကို ကြည့်ရှုပါကုန်လော့။ ဤသို့အစရှိသော စကားတို့ကို ဟစ်အော်ပြောဆို၍ မြို့ကို လှည့်လည်ပြီးသောအခါ ကစ်ဖန် မင်းကြီး၏ နန်းအိမ်တော် တံခါးသို့ လာကြကုန်၏။ မင်းကြီးသည် သုန္ဒရီ၏ အလောင်းကောင်ကို သုသေ စွန့်ပစ်ရာ သုသာန်၌ ငြမ်းစင်ထက်သို့ တင်ထားပြီးလျှင် စောင့်ရှောက်စေ၏။ အရိယာဖြစ်သော မြတ်စွာဘုရားတပည့်တို့ကို ထား၍ များသောအားဖြင့် သာဝတ္ထိပြည်၌ နေသောသူတို့သည် သာကီဝင်မင်းသားတို့၏ အမှုကို ကြည့်ရှုပါကုန်လော့။ ဤသို့အစရှိသော စကားတို့ကို ပြောဆိုကုန်၏။ မြို့၏အတွင်း၌ လည်းကောင်း၊ မြို့၏အဝ၌ လည်းကောင်း၊ တောရပ် တောအုပ်တို့၌ လည်းကောင်း၊ ဆဲရေးကြကုန်လျက် လှည့်လည်ကုန်၏။ ရဟန်းတို့သည် ထိုသို့သော အကြောင်းကို မြတ်စွာဘုရားအား လျှောက်ကုန်၏။ မြတ်စွာဘုရားက ထိုသို့ဖြစ်လျှင်ကား အသင်တို့သည် လူတို့ကို ဤသို့ ပြောဆိုကုန်လော့ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

> အဘူတဝါဒီ နိရယံ ဥပေတိ၊ ယော ဝါပိ ကတွာ န ကရောမိ'စာဟ။
> ဥဘောပိ တေ ပေစ္စ သမာ ဘဝန္တိ၊ နိဟီနကမ္မာ မနုဇာ ပရတ္ထ။

မဟုတ်မမှန် ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏။ (မိမိ) ပြုလုပ်လျက် မပြုလုပ်သူ ပြောဆိုသောသူသည်လည်း ငရဲသို့ ရောက်ရ၏။ ထိုသူနှစ်ယောက်သို့သည်လည်း ယုတ်ညံ့သောအမှု ရှိကုန်သည် ဖြစ်၍ နောင်တမလွန်ဘဝ၌ (ငရဲခံခြင်း) တူကုန်၏။

ထိုဂါထာ၌ အဘူတဝါဒီ = ဟူသည် သူတစ်ပါး၏ အပြစ်ကို မမြင်မူ၍ မုသားစကားကိုပြု၍ အချည်းအနှီးဖြင့် သူတစ်ပါးကို စွပ်စွဲပြောဆိုသူတည်း။

ကတွာ = ဟူသည် အကြင်သူသည် မကောင်းမှုကံကို ပြု၍ "ငါသည် ဤမကောင်းမှုကံကို မပြု"ဟု ပြောပြီ။

ပေစ္စ သမာ ဘဝန္တိ=ဟူသည် လူနှစ်ယောက်တို့သည် တမလွန်မလောကသို့ သွား၍ ငရဲသို့ ကပ်ရောက်ခြင်းဖြင့် လားရာဂတိ တူကုန်၏။ ထိုသူတို့၏ဂတိကိုသာ ပိုင်းခြားအပ်ကုန်၏၊ အသက်ကိုကား မပိုင်းခြားအပ်၊ မကောင်းမှုကံအများကြီးကို ပြု၍ ငရဲ၌ ကျက်ကုန်၏။ အနည်းငယ်သော အကုသိုလ်ကို ပြု၍ကာလအနည်းငယ်သာတည်း။ ထိုသူတို့၏ ကံသည် ယုတ်ညံ့သည်သာ။ ထို့ကြောင့် "နိဟီနကမ္မာ မနုဇာ ပရတ္ထ"ဟု ဟောတော်မူအပ်ပြီ။

ပရတ္ထ=ဟူသည် ဤပုဒ်ကို ရှေးပေစ္စဟူသောပုဒ်နှင့် ဆက်စပ်အပ်၏။ တမလွန်ဘဝ၌ ဤဘဝမှသွား၍ ထိုသူတို့သည် ယုတ်ညံ့သောကံ ရှိကုန်သည်ဖြစ်၍ တမလွန်ဘဝ၌ တူကုန်၏။

## အမှုမှန်ပေါ်ထွက်ခြင်း

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော သူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏၊ ပသေနဒီကောသလ မင်းကြီးသည် သုန္ဒရီပရိဗိုဇ်မ၏ ရဟန်းတော်မှ တစ်ပါးကုန်သောသူတို့ ထွက်ပြူနှောင့်ယှက် သတ်ဖြတ်အပ်သောအဖြစ်ကို စူးစမ်းတည့်တည့် သိကြကုန်လော့ဟု ပြော၍ဆို၍ သူလျှိုမင်းချင်းယောကျ်ားတို့ကို စေလွှတ်၏။ ထိုအခါ သုန္ဒရီကို သတ်ကုန်သော ထိုသေသောက်ကြူးတို့သည် အဖိုးအခ ရရှိများစွာ ထိုအသပြာတို့ဖြင့် ဝယ်ကာရှင်မြောက်သေကို သောက်ကုန်လျက် အချင်းချင်း ငြင်းခုံခိုက်ရန်ကို ပြုကုန်၏။ တစ်ယောက်သော သေသောက်ကြူးက တစ်ယောက် သေသောက်ကြူးကို အသင်သည် သုန္ဒရီကို တစ်ချက်တည်းသော ပုတ်ခတ်ခြင်းဖြင့်သာလျှင် သတ်ဖြတ်၍ပန်းမှိုက်ပုံအကြား၌ သွင်းထားမြှုပ်နှံ၍ ထိုသုန္ဒရီကို သတ်ဖြတ်ခြင်းမှရအပ်သော အဖိုးအခ အသပြာဖြင့် သေကို သောက်ဘိ၏။ ရှိစေဦးလော့၊ ရှိစေဦးလော့ဟု ပြောဆို၏၊ မင်းချင်း ယောကျ်ားတို့သည် ထိုသေသောက်ကြူးတို့ကို ဖမ်းယူ၍ မင်းကြီးအား ပြကုန်၏။ ထိုအခါ မင်းကြီးက ထိုသေသောက်ကြူးတို့ကို အသင်တို့သည် သုန္ဒရီကို သတ်ကုန်သလောဟု မေးတော်မူ၏။ အရှင်မင်းကြီး ဟုတ်မှန်ပါ၏ဟု လျှောက်တင်သည်ရှိသော် အဘယ်သူတို့သည် စေခိုင်း သတ်စေအပ်သနည်းဟု မေးတော်မူပြန်သဖြင့် အရှင်မင်းကြီး သာသနာတော်မှ တစ်ပါးကုန်သော တိတ္ထိတို့သည် စေခိုင်းသတ်စေအပ်ပါသည်ဟု လျှောက်တင်သောအခါ မင်းကြီးသည် တိတ္ထိတို့ကို ခေါ်စေ၍ မေးတော်မူ၏။ ထိုတိတ္ထိတို့သည် ထင်ရှားပေါ်ပေါက်၍ လာပြီးဖြစ်သောကြောင့် ဖုံးကွယ်ခြင်းငှာ အခွင့်မရ။ ထိုအတိုင်းသာလျှင် ဝန်ခံပြောဆိုကြကုန်၏။ ထိုသို့ဖြစ်ပါမူကား အသင်တို့သည် သွားကြကုန်လော့။ ဤသို့ ပြောဆိုကုန်လျက် မြို့ကို လှည့်လည်ကြကုန်လော့။ အဘယ်သို့ လှည့်လည်ပြောဆိုရကုန်မည်နည်း ဟူမူ။ ဤသုန္ဒရီကို ရဟန်း

ဂေါတမ၏ အရှိန်အစော်မဲ့ခြင်းကို အပြစ်တင်ခြင်းငှာ အလိုရှိကုန်သော ငါတို့သည် စေခိုင်းသတ်စေအပ်၏။ ရဟန်းဂေါတမ၏ တပည့်တို့အား အပြစ်မရှိပေ။ ငါတို့အားသာလျှင် အပြစ်ရှိပေ၏ဟု ပြောဆိုလှည့်လည် ကုန်လေ၍ဟု စေခိုင်းတော်မူ၏။ ထိုတိတ္ထိတို့သည် မင်းကြီးစေခိုင်းသောအတိုင်း ပြုလုပ်ရကုန်၏။ မိုက်သောလူများအပေါင်းသည် ထိုအခါ၌ ယုံကြည်ခြင်း ဖြစ်လေ၏။ တိတ္ထိတို့သည် လည်းကောင်း၊ သေသောက်ကြူးတို့သည် လည်းကောင်း၊ သူသတ်အပြစ်ဒဏ်သို့ ရောက်ကုန်၏။ ထိုအခါမှစ၍ မြတ်စွာဘုရားတို့အား ပူဇော်သက္ကာရသည် ကြီးကျယ်မြင့်မြတ်သည် ဖြစ်လေ၏။

သုန္ဒရီပရိဗိုဇ်မ ဝတ္ထုပြီး၏။

---

## ၂။ ဒုစရိုက်အကျိုးခံစားရသော သတ္တဝါတို့ဝတ္ထု

ကာသာဝကဏ္ဍ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ဒုစရိုက်အကျိုး ခံစားရသော သတ္တဝါတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

အရှင်မောဂ္ဂလာန်သည် လက္ခဏမထေရ်နှင့် အတူတကွ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်တော်မူသည်ရှိသော် အရိုးစုပြိတ္တာ စသည်တို့၏ အတ္တဘောတို့ကို မြင်၍ ပြုံးခြင်းကို ပြုသောကြောင့် လက္ခဏမထေရ်က ပြုံးခြင်းအကြောင်းကို မေးသည်ရှိသော် ငါ့ရှင်လက္ခဏ ဤအမေးပုစ္ဆာ၏ မေးသောအခါကာလ မဟုတ်သေး၊ မြတ်စွာဘုရား၏ အထံတော်၌ ငါ့ကို မေးလေလော့ဟု ပြောဆို၍ ဆွမ်းခံကြွ၍ ဆွမ်းစားပြီးနောက် ဘုရားထံမှောက်သို့ လာရောက်ချဉ်းကပ်ပြီးခါ မြတ်စွာဘုရား၏ အထံ၌ လက္ခဏမထေရ် မေးအပ်သည်ရှိသော် အရိုးစုပြိတ္တာ စသည်တို့ မြင်အပ်သောအဖြစ်ကို ပြောကြားပြီး၍ ငါ့ရှင်လက္ခဏ ဤအရပ်၌ ငါသည် ဂိဇ္ဈကုဋ်တောင်မှ သက်ဆင်းသည်ရှိသော် ကောင်းကင်သို့ သွားသော ရဟန်းကို တွေ့မြင်ရပြီ၊ ထိုရဟန်း၏ ကိုယ်သည်လည်း အလျှံပြောင်ပြောင် တောက်လောင်သည် ဖြစ်၏။ ဤသို့ အစရှိသောနည်းဖြင့် သပိတ်-သင်္ကန်း-ခါးပန်း အစရှိသည်တို့နှင့် တကွ အလျှံပြောင်ပြောင် တောက်လောင်ခံစားရကုန်သော ငါးဦးကုန်သော သီတင်းသုံးဖော်တို့ကို ပြောကြား၏၊ မြတ်စွာဘုရားသည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကုန်၍ ရဟန်းတော်တို့၏ သင့်လျော်လျောက်ပတ် ပဋိပတ်ကို ဖြည့်မှတ်ပြုလုပ်ခြင်းငှာ မစွမ်းနိုင်ကုန်သော ထိုငါးဦးကုန်သော သီတင်းသုံးဖော်တို့၏ ယုတ်မာသောအဖြစ်ကို မိန့်ကြားတော်မူပြီး၍ ထိုခဏအခါ ထိုနေရာ၌ ထိုင်နေကြကုန်သော များစွာကုန်သော ယုတ်မာသော ရဟန်းတို့အား ဒုစရိုက်အကုသိုလ်ကံ စီမံအမျိုးမျိုး အကျိုးကို ပြတော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏။

ကာသာ၀ကဏ္ဍာ ဗဟဝေါ၊ ပါပဓမ္မာ အသညတာ။
ပါပါ ပါပေဟိ ကမ္မေဟိ၊ နိရယံ တေ ဥပပဇ္ဇရေ။

ယုတ်မာသော သဘောရှိကုန်သည် ဖြစ်၍ (ကိုယ်နှုတ်နှလုံးကို) မစောင့်စည်းကုန်သော သင်္ကန်းကို လည်ပင်း၌ ပတ်ကြကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။

ထိုဂါထာ၌ **ကာသာ၀ကဏ္ဍာ**=ဟူသည် ဖန်ရည်စွန်းသော အဝတ်ဖြင့် ရစ်ပတ်အပ်သော လည်ရှိကုန်သောတည်း။

**ပါပဓမ္မာ**=ဟူသည် ယုတ်ညံ့သော တရားရှိကုန်သည်တည်း။

**အသညတာ**=ဟူသည် ကိုယ်စသည်တို့ကို စောင့်စည်းခြင်းမှ ကင်းကုန်သည်တည်း။ ထိုယုတ်မာသော ပုဂ္ဂိုလ်တို့သည် မိမိပြုအပ်သော အကုသိုလ်ကံတို့ကြောင့် ငရဲကျကုန်၏။ ထိုသူတို့သည် ထိုငရဲ၌ကျ၍ ထိုငရဲမှ စုတေကုန်၍ အကျိုးဆက်အစွမ်းဖြင့် ပြိတ္တာတို့၌ ကျက်ကုန်၏တည်း။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဒုစရိုက်အကျိုးခံစားရသော သတ္တဝါတို့ ဝတ္ထု ပြီး၏။

---

## ၃။ ဝဂ္ဂုမုဒါ မြစ်ကမ်း၌နေသော ရဟန်းတို့ဝတ္ထု

သယော့ ဘာ အယောဂုဠော အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဝေသာလီပြည်ကိုမှီ၍မဟာဝုန်တော၌ သီတင်းသုံးနေတော်မူစဉ် ဝဂ္ဂုမုဒါ မြစ်ကမ်း၌ ရဟန်းတို့ကိုအကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကြောင်းမှာ ဥတ္တရိမနုဿဓမ္မပါရာဇိကင်၌ လာသည့်အတိုင်းပင်တည်း။

မြတ်စွာဘုရားရှင်သည် ဝေသာလီပြည်အနီး မဟာဝုန်တောကြီးဝယ် စုလစ်မွန်းချွန် အထွတ်တပ်သော ဇရပ်ကျောင်း၌ ကိန်းအောင်း သီတင်းသုံးတော်မူသောအခါ များစွာပေါပြင် ကြုံတွေ့မြင်၍ ကျွမ်းဝင်နီးရင်း ခင်မင်ခြင်းရှိကုန်သော ရဟန်းတို့သည် ဝဂ္ဂုမုဒါမြစ်ကမ်း၌ ဝါကပ်ဆိုတော်မူကုန်သတတ်။ ထိုအခါ ဝဇ္ဇီတိုင်းသည် ငတ်မွတ်ခေါင်းပါး အစာဆင်းရဲ ရခဲသောထမင်းရှိသည်ဖြစ်၏၊ ဤ

အရပ်၌ ချဉ်းကပ်နေတည် အသက်ရှည်အံ့လော, မရှည်အံ့လောဟု တွေးတော သံသယ နှလုံးနှစ်ခွရှိ၏။ ရေရှား မိုးခေါင် ပိုးကောင်ဖျက်ဆီးသဖြင့် အချည်းနှီး ဖွေးဖွေးဖြူသော ကောက်စပါးရှိ၏။ မစားမသောက်ရ ငတ်မွတ်ကြသည့်အနေ သေလွန်သောသူတို့ဖြင့် ဖွေးဖွေးဖြူသော အရိုးရှိ၏။ အလှည့်ကျယူငံလျှက် စာရေးတံဖြင့် အသက်မွေးရကုန်၏။ ရဟန်းသံဃာ ကျင့်ရာမှန်းလျက် သပိတ် လက်စွဲဆွမ်းခံသဖြင့် လျော်ကန်သင့်လှ မျှတခြင်းငှာ မလွယ်ကုန်။ ထိုအခါ ရဟန်းတော်တို့အား ဤသို့သောအကြံသည်ဖြစ်၏။ အဘယ်သို့ ဖြစ်သနည်းဟူမူကား ဤယခုအခါ ဝေဇ္ဇီတိုင်းကြီးသည် ပျက်စီးရှေးညွတ် ငတ်မွတ်ခေါင်းပါး အစားထမင်း ရခဲခြင်းဖြစ်လေသည်။ သပိတ်ပိုက်၍ ဆွမ်းခံလှည့်သဖြင့် မျှခြင်းငှာ မလွယ် အဘယ်သို့သော အကြောင်းဖြင့် ကောင်းစွာပြုပြင် စီရင်ပြီးခါ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ချမ်းချမ်းသာသာ ဝါလပတ်လုံး ကျင့်သုံးနေရပါကုန်အံ့နည်း။ အာဟာရဆွမ်းဖြင့် မပင်ပန်းဘဲရှိပါကုန်အံ့နည်းဟု ကြံစည်၏။ ထိုအခါ အချို့သော ရဟန်းတို့က ငါရှင်တို့ ယခုအခါ ငါတို့သည် လူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ကြကုန်အံ့။ ဤသို့ ပြုလုပ်သည်ရှိသော် ထိုလူတို့သည် ငါတို့အား ပေးကမ်းလှူဒါန်းခြင်းငှာ အောက်မေ့ မှတ်ထင်ကုန်လတ္တံ့။ ဤသို့မှတ်ထင် ကြည်ရွှင်လှူဒါန်းသည်ရှိသော် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ချမ်းသာစွာ ဝါလပတ်လုံး သီတင်းသုံးနေရကုန်လတ္တံ့။ အာဟာရဆွမ်းဖြင့်လည်း မပင်ပန်းဘဲ ရှိကုန်လတ္တံ့ဟု ပြောဆိုကုန်၏။ အချို့သော ရဟန်းတို့က ငါ့ရှင်တို့ လူတို့၏ အမှုကြီးငယ်ကို ပြုလုပ်ဆောက်တည်ခြင်းဖြင့် အကျိုးမရှိ။ ငါ့ရှင်တို့ ယခုအခါ ငါတို့သည် လူတို့၏ စေတမန် သွားလာခြင်းအမှုကို ဆောင်ကုန်အံ့။ ဤသို့ ဆောင်ကုန်သည်ရှိသော် လူတို့သည် ငါတို့အား ပေးကမ်းလှူဒါန်းခြင်းငှာ အောက်မေ့မှတ်ထင်ကုန်လတ္တံ့။ ဤသို့ မှတ်ထင် ကြည်ရွှင် လှူဒါန်းကုန်သည် ရှိသော် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ချမ်းချမ်းသာသာ ဝါလပတ်လုံး သီတင်းသုံးနေရကုန်အံ့။ အာဟာရဆွမ်းဖြင့်လည်း မပင်ပန်းဘဲ ရှိကုန်အံ့ဟု ဤသို့ ပြောဆိုကြကုန်၏။ အချို့သော ရဟန်းတို့က ငါ့ရှင်တို့ လူတို့၏ အမှုကြီးငယ်ကို ပြုလုပ်ဆောက်တည်ခြင်း, လူတို့၏ စေတမန် အမှုကို သွားလာ ရွက်ဆောင်ခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း။ ငါ့ရှင်တို့ ယခုအခါ ငါတို့သည် လူတို့အား အချင်းချင်း တစ်ယောက်သည်တစ်ယောက် ဥတ္တရိမနုဿဓမ္မဟု ဆိုအပ်သော ဈာန်-မဂ်-ဖိုလ်-တရားရခြင်း ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုကုန်အံ့။ အဘယ်သို့ ပြောရကုန်မည်နည်း ဟူမူကား ဤအမည်ရှိသော ရဟန်းသည် ပဌမ ဈာန်ကိုရ၏။ ဤအမည်ရှိသောရဟန်းသည် ဒုတိယဈာန်ကိုရ၏။ ဤအမည်ရှိ သော ရဟန်းသည် တတိယဈာန်ကိုရ၏။ ဤအမည်ရှိသော ရဟန်းသည် စတုတ္ထ ဈာန်ကိုရ၏။ ဤအမည်ရှိသောရဟန်းသည် သောတာပန်ပေတည်း ဤအမည်ရှိ သောရဟန်းသည် သကဒါဂါမ်ပေတည်း။ ဤအမည်ရှိသောရဟန်းသည် အနာဂါမ်

ပေသည်း။ ဤအမည်ရှိသော ရဟန်းသည် ရဟန္တာပေတည်း။ ဤအမည်ရှိသော ရဟန်းသည် ဝိဇ္ဇာသုံးပါးရရှိ၏။ ဤအမည်ရှိသော ရဟန်းသည် ခြောက်ပါးသော အဘိညာဏ်ရရှိ၏ဟု ပြောဆိုကြကုန်အံ့။ ဤသို့ပြောဆိုကုန်သည်ရှိသော် ထိုလူတို့သည် ငါတို့အား ပေးကမ်းလှူဒါန်းခြင်းငှါ အောက်မေ့မှတ်ထင်ကုန်လတ္တံ့။ ဤသို့ မှတ်ထင်ကုန်သည်ရှိသော် ငါတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ချမ်းချမ်းသာသာ ဝါလပတ်လုံး သီတင်းသုံးနေရကုန်အံ့။ အာဟာရဆွမ်းဖြင့်လည်း မပင်ပန်းဘဲ ရှိကုန်အံ့ဟု ပြောဆိုကုန်၏၊ ဤသို့ အတန်ကန် ကြံစည်ကြသော အရာဌာနတို့တွင် နောက်ဆုံးဖြစ်သော လူတို့အား အချင်းချင်း တစ်ယောက်သည် တစ်ယောက် ဈာန် မဂ်ဖိုလ်တရား ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုအပ်သော အရာသည် သင့်လျော် ကောင်းမြတ်၏ဟု တညီတညွတ်တည်း သဘောနှစ်သက်ကြကုန်၏။ ထိုနောက် ရဟန်းတို့သည် သဘောအညီ ကြံစည်သည့်အတိုင်း လူတို့အား အချင်းချင်း တစ်ယောက်သည် တစ်ယောက် ဈာန်, မဂ်, ဖိုလ် တရားရရှိခြင်း ဂုဏ်ကျေးဇူးကို ချီးကျူးပြောကြား ကုန်၏။ ထိုအခါ လူတို့သည် ငါတို့အား အရတော်လေစွ၊ ငါတို့အား ကောင်းစွာရအပ်လေကုန်စွ။ ငါတို့၏နေရာ၌ ဤသို့ သဘောရှိကုန်သော သီလရှိကုန်သော ကောင်းသော အကျင့်ရှိကုန်သော ရဟန်းတို့သည် ဝါကပ် ဆိုတော်မူကြကုန်၏။ ဤမှ ရှေးအခါ၌ ငါတို့၏နေရာဝယ် ဤသို့သဘောရှိကုန်သော သီလရှိကုန်သော ကောင်းသောအကျင့် ရှိကုန်သော ရဟန်းတော်တို့သည် ဝါမကပ် ဆိုဖူးကုန်ဟု အတိုင်းထက် အလွန် ကြည်ညိုကုန်သည်ဖြစ်၍ မိမိလည်း မသုံးဆောင်နိုင်။ အမိ အဖ သားမယား ကျွန်အမှုလုပ် ယောကျ်ား မိတ်ဆွေ ခင်ပွန်း အကျွမ်းဝင်သောသူ ဆွေမျိုး သားချင်းတို့အား မပေးကမ်း မကျွေးမွေးနိုင်။ ထိုသို့ သဘောရှိသော မွန်မြတ်ကုန်သော ဘောဇဉ် ခဲဖွယ် လျက်ဖွယ် သောက်ဖွယ် တို့ကို ရဟန်းတော်တို့အား ပေးကမ်း လှူဒါန်းကြကုန်၏။ ထိုအခါ ဝဂ္ဂုမုဒါ မြစ်ကမ်း၌ နေကုန်သော ရဟန်းတို့သည် မွန်မြတ်သော ဘောဇဉ် စသည်တို့ကို စားသုံး၍ လုသော ကိုယ်ရေ. အဆင်း ပျိုသော ဣန္ဒြေ ကြည်ညိုဖွယ်သော မျက်နှာအဆင်း ကြည်သင်သော ကိုယ်ရေ အဆင်းရှိသည် ဖြစ်ကုန်၏။ မြတ်စွာဘုရား လတ်ထက်တော်အခါ ဝါမှ ထမြောက်ကုန်သော ရဟန်းတို့အား မြတ်စွာဘုရားကို ကြည့်ရှု ဖူးမြော်ခြင်းငှါ သွားရောက် ချဉ်းကပ်ခြင်းသည် အလေ့ အကျက် ဖြစ်သတတ်။ ထိုအခါ ဝဂ္ဂုမုဒါမြစ်ကမ်း၌ နေကုန်သော ရဟန်းတို့သည် သုံးလလွန်ရောက် ဝါမှ ထမြောက်ကုန်သည်ဖြစ်၍ ကျောင်း အိပ်ရာ နေရာကို ကောင်းစွာသိုမှီးပြီးသော် သပိတ် သင်္ကန်းကို ဆောင်ယူ၍ ဝေသာလီပြည်သို့ သွားကုန်၏။ ခရီးအစဉ် အတိုင်းအားဖြင့် ဝေသာလီပြည် မဟာဝုန်တော စုလစ်မွန်းချွန် အထွတ်တပ်သော စရပ်ကျောင်းကို သွားရောက်ကြကုန်၍ မြတ်စွာဘုရား သီတင်းသုံးရာ အရပ်သို့ ချဉ်းကပ်၍ ရှိခိုးဦးချ သင့်လျော်သော

တစ်ခုသောနေရာ၌ ထိုင်နေကြကုန်၏။ ထိုအခါ အရပ်ဟစ်ပါးတို့၌ ဝါမှ ထမြောက်ကုန်သော ရဟန်းတို့သည် ကြုံလှီခေါင်းပါး ဖောက်ပြားအဆင်း ဖျော့တော့ခြင်းသဘော အကြောပြိုင်းပြိုင်း ထသော ကိုယ် ရှိကုန်၏။ ဝဂ္ဂုမုဒါ မြစ်ကမ်း၌ ဝါကပ်ဆိုခါ ရောက်လာသော ထိုရဟန်းတို့ကား ရှင်လန်းနှစ်မြို့ ပျိုသောဣန္ဒြေ သန့်ရှင်းသောမျက်နှာ ကြည်လင်သော ကိုယ်ရေအဆင်း ရှိကုန်၏။ မြတ်စွာဘုရားတို့အား အာဂန္တုက ရဟန်းတို့နှင့် အတူတကွ ဝမ်းမြောက်ဝမ်းသာ ပြောဆိုခြင်း အလေ့အကျက်တော် ရှိ၏။ ထိုအခါ မြတ်စွာ ဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်း၌ နေကုန်သော ရဟန်းတို့ကို ချစ်သားရဟန်းတို့ အသို့နည်း အသင်တို့အား ခံ့ကျန်းပါ၏လော။ မျှတပါ၏လော။ အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ကွဲပြား ငြင်းခုံခြင်းမရှိ၊ ချမ်းသာစွာ ဝါလပတ်လုံး နေရပါကုန်၏လော။ ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိပါကုန်၏လောဟု မေးတော်မူ၏။ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ခံ့ကျန်းပါ၏။ မျှတပါ၏။ တပည့် တော်တို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာ ကွဲပြား ငြင်းခုံခြင်းမရှိ ချမ်းသာစွာ ဝါလပတ်လုံး နေရပါကုန်ပြီ။ ဆွမ်းဖြင့်လည်း မပင်ပန်းကြပါ ကုန်ပြီဟု လျှောက်ကြားကုန်၏။

(မြတ်စွာဘုရားတို့သည် သိတော်မူကုန်လျက်လည်း မေးတော်မူ ကုန်၏။ သိတော်မူကုန်လျက်လည်း မေးတော်မမူကုန်။ အခါကိုသိ၍ မေးတော်မူကုန်၏၊ အခါကိုသိ၍ မေးတော်မမူကုန်။ အကျိုးစီးပွားနှင့် စပ်ယှဉ်သည်ကို မေးတော်မူကုန်၏။ အကျိုးစီးပွားနှင့် မစပ်ယှဉ်သည်ကို မေးတော်မမူကုန်။ အကျိုးစီးပွားမဲ့နှင့် စပ်ယှဉ်သည်၌ မြတ်စွာဘုရား တို့အား အကြောင်းကို ပယ်ဖျက် ဖြတ်တောက်တော်မူ၏။ ဝါဒ ပြုတော်မူလည်း ဟောကုန်အံ့ဟု တပည့်ရဟန်းတို့အား သိက္ခာပုဒ်ကိုမူလည်း ပညတ်ကုန်၏။ ဤနှစ်ပါးသော အခြင်းအရာတို့ဖြင့် မြတ်စွာဘုရား တို့သည် ရဟန်းတို့ကို မေးတော်မူကုန်၏။)

ထိုအခါ မြတ်စွာဘုရားသည် ဝဂ္ဂုမုဒါမြစ်ကမ်း၌ နေကုန်သော ရဟန်းတို့ကို ချစ်သား ရဟန်းတို့ အသင်တို့သည် အဘယ်သို့လျှင် အညီအညွတ် ဝမ်းမြောက် ဝမ်းသာ ကွဲပြား ငြင်းခုံခြင်း မရှိ ချမ်းသာစွာ ဝါလပတ်လုံး နေကုန်ဘိသနည်း။ အဘယ်သို့လျှင် ဆွမ်းဖြင့် မပင်ပန်းဘဲ ရှိကုန်သနည်းဟု မေးတော်မူ၏။ ထိုအခါ ရဟန်းတို့သည် မြတ်စွာဘုရားအား မိမိတို့ပြုလုပ်ခဲ့သော ထိုအကြောင်း အလုံးစုံကို အကုန်ပြန်ကြား လျှောက်ထားကုန်၏။ မြတ်စွာဘုရားက ချစ်သား ရဟန်းတို့ အသို့ပေနည်း။ အသင်တို့အား ဈာန်, မဂ်, ဖိုလ်တရား ထင်ရှားရှိပါ သလောဟု မေးတော်မူသည်ရှိသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထင်ရှားမရှိပါဟု ကြားလျှောက်ကုန်၏။ ထိုအခါ မြတ်စွာဘုရားက ထိုရဟန်း

တို့ကို ချစ်သား ရဟန်းတို့ အသို့ပေနည်း။ အသင်တို့သည် ဝမ်း၏ အကျိုးငှါ လူတို့အား အချင်းချင်း တစ်ယောက်သည် တစ်ယောက် ဥတ္တရိမနုဿဓမ္မ၏ ဂုဏ်ကျေးဇူးကို ချီးကျူး ပြောဆိုကုန်သလောဟု မေးတော်မူ၍ ထိုရဟန်းတို့က ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဩဩ် ဟုတ်တိုင်းမှန်ပါ၏ဟု လျှောက်သည်ရှိသော် ထိုရဟန်းတို့ကို များစွာသော အကြောင်းဖြင့် ရှုံးပေါင်း စုဖွဲ့ ကဲ့ရဲ့ရှုတ်ချတော်မူပြီး ဤဂါထာကို ဟောတော်မူ၏။

သေယျော အယောဂုဠော ဘုတ္တော၊ တတ္တော အဂ္ဂိသိခူပမော။
ယဉ္စေ ဘုဉ္ဇေယျ ဒုဿီလော၊ ရဋ္ဌပိဏ္ဍမသညတော။

ကိုယ်နှုတ်နှလုံး သုံးပါးလုံး မစောင့်စည်းသော သီလမရှိသော ပုဂ္ဂိုလ်သည် တိုင်းသူပြည်သား လှူဒါန်းသော ဆွမ်းကို စားသည်ရှိသော် ထိုဆွမ်းကို စားရခြင်းထက် ပြင်းစွာပူလောင်သော မီးလျှံနှင့်တူသော သံတွေခဲကိုသာလျှင် စားမျိုရခြင်းသည် တစ်ဘဝသာလျှင် သေလွန်ရပါသဖြင့် မြတ်သည်သာ။

ထိုဂါထာ၌ ယဉ္စ ဘုဉ္ဇေယျ=ဟူသည် သီလမရှိသော ပုဂ္ဂိုလ်သည် ကိုယ်အစရှိသည်တို့ဖြင့် မစောင့်စည်းဘဲ တိုင်းသားပြည်သူတို့သည် "ရဟန်းဖြစ်၏" ဟု သဒ္ဓါတရားဖြင့် ပေးလှူအပ်သော တိုင်းသားပြည်သူတို့၏ ဆွမ်းဟုသိလျက် ယူ၍စားအံ့၊ ပူလောင်တောက်ပ မီးလျှံရဲသော သံတွေခဲကို စားခြင်းက သာ၍ မြတ်သကဲ့တည်း။ အဘယ်အကြောင်းကြောင့်နည်း ဟူမူ ထိုအကြောင်းကြောင့် တစ်ဘဝသာလျှင် လောင်ကျွမ်းရာ၏။ သီလမရှိသူသည် သဒ္ဓါတရားဖြင့် ပေးလှူအပ်သော ဆွမ်းကို ဘဝရာပေါင်းများစွာ ငရဲ၌ ကျရာ၏တည်း။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းတို့ဝတ္ထု ပြီး၏။

---

## ၄။ ခေမကသေဋ္ဌိပုတ္တဝတ္ထု

စတ္တာရိဌာနာနိ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် အနာထပိဏ်သူဌေး၏ တူဖြစ်သော ခေမက သူဌေးသားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုသူဌေးသား ခေမကသည် အလွန် ဆင်းရဲလှ၏။ များသောအားဖြင့် မိန်းမတို့သည် ထိုသူဌေးသားခေမကို မြင်ကုန်သည်ရှိသော် တပ်နှစ်သက်ခြင်း ရာဂဖြင့် ပြင်းစွာ နှိပ်စက်ကုန်သည်ဖြစ်၍ အမျိုးအနွယ် တင့်တယ်စောင့်ဘိ ပကတိသော

မိမိ၏အဖြစ်ဖြင့် ကောင်းမွာ တည်တံ့ခြင်းငှါ မစွမ်းနိုင်ကုန်။ ထိုသူဌေးသားသည်လည်း သူတစ်ပါးသမီး ဇနီးမယားတို့၌ ဖြစ်မှားကျူးလွန်ခြင်းဟု ဆိုအပ်သော ပရဒါရကံ အဖန်ဖန် နှိပ်စက်သည်သာလျှင် ဖြစ်၏။ ထိုအခါ မင်းချင်းယောကျ်ားတို့သည် ထိုသူဌေးသား ခေမကကို ညဉ့်အခါ၌ ဖမ်းယူ၍ မင်းကြီးအား ပြကြကုန်၏။ မင်းကြီးသည် အနာထပိဏ် သူဌေးကြီးအား ရှက်နိုးအံ့ဟု နှလုံးသွင်း၍ ထိုသူဌေးသား ခေမကကို တစ်စုံတစ်ခုသော စကား မပြောကြားမဆိုမူ၍သာလျှင် လွှတ်စေ၏။ ထိုသူဌေးသား ခေမကသည်ကား ပရ-ဒါရကံမှုပြုလုပ်ခြင်းမှ မရှောင်ကြဉ်။ ထိုနောက် နှစ်ကြိမ်မြောက်လည်းကောင်း၊ သုံးကြိမ်မြောက် လည်းကောင်း မင်းချင်းယောကျ်ားတို့သည် ထိုသူဌေးသား ခေမကကို ဖမ်းယူ၍ မင်းကြီးအား ပြကြကုန်၏၊ မင်းကြီးသည် လွှတ်စေသည်သာလျှင်တည်း။ အနာထပိဏ် သူဌေးသည် ထိုသို့ ဖြစ်ခြင်းအကြောင်းကို ကောင်းစွာကြားသိရ၍ မိမိ၏တူဖြစ်သော ထိုသူဌေးသား ခေမကကို ခေါ်ယူပြီးလျှင် မြတ်စွာဘုရားရှင် ထံတော်သို့ သွားရောက်၍ ထိုသို့ဖြစ်ပုံ အလုံးစုံကို အကုန်ကြားလျှောက် ပြီးသော် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဤသူငယ်အား တရားကို ဟောတော်မူပါကုန်လော့ ဟု လျှောက်ထား၏။ မြတ်စွာဘုရားရှင်သည် ထိုသူဌေးသား ခေမကအား တိတ်လန့်ဖွယ်ရာ အပြာပြာ ဖော်ပြ သံဝေဂစကားကို ဟောကြားတော်မူပြီး၍ သူတစ်ပါးမယား၌ ဖြစ်မှားပြီးခါ သွားလာမှီဝဲခြင်း၌ လွန်ကဲသောအပြစ်ကို စိစစ်ဖော်ပြတော်မူလိုသောကြောင့် ဤဂါထာတို့ကို ဟောတော်မူ၏——

စတ္တာရိ ဌာနာနိ နရော ပမတ္တော၊
အာပဇ္ဇတိ ပရဒါရူပသေဝီ။
အပုညလာဘံ န နိကာမသေယျံ၊
နိန္ဒံ တတိယံ စတုတ္ထံ။

အပုညလာဘော စ ဂတီ စ ပါပိကာ၊
ဘီတဿ ဘီတာယ ရတီ စ ထောကိကာ။
ရာဇာ စ ဒဏ္ဍံ ဂရုကံ ပဏေတိ၊
တသ္မာ နရော ပရဒါရံ န သေဝေ။

သူတစ်ပါး သားမယား၌ မှီဝဲလေ့ရှိသော လူသည် မေ့လျော့သူဖြစ်၍ ဤလေးဌာနသို့ရောက်သော် အကုသိုလ်ရခြင်း အလိုရှိတိုင်း အိပ်မရခြင်း သုံးခုမြောက်သော ပညာရှိတို့ ကဲ့ရဲ့ခြင်း လေးခုမြောက် ငရဲသို့ရောက်၏။ ဤသို့ ဆင်းရဲကြောင်းလေးပါးသို့ ရောက်ရ၏။

မကောင်းမှုကိုရခြင်း ယုတ်မာသောငရဲသို့ လားရခြင်း ကြောက်လန့်နေသော ယောကျ်ား၏ ကြောက်လန့်နေသော မိန်းမနှင့် မွေ့လျော်ရခြင်းသည် အနည်းငယ်မျှသာ ပျော်မွေ့ခြင်း မင်းသည်လည်း လက်ဖြတ်ခြင်းစသော ပြင်းထန်သောဒဏ်ကို ပေးတတ်၏။ ထို့ကြောင့် သူတစ်ပါး သားမယားကို မမှီဝဲရာ။

ထိုဂါထာတို့၌ ဌာနာနိ=ဟူသည် ဆင်းရဲခြင်း အကြောင်းတို့သည်တည်း။

ပမတ္တော=ဟူသည် သတိလက်လွတ်ခြင်းနှင့် ပြည့်စုံသော တည်း။

အာပဇ္ဇတိ=ဟူသည် ရောက်၏ တည်း။

ပရဒါရူပသေဝီ=ဟူသည် သူတစ်ပါးသားမယားကို မှီဝဲလျက် မွှားယွင်းစွာ လှည့်လည်လေ့ရှိသည် တည်း။

အပုညလာဘံ=ဟူသည် အကုသိုလ်ကို ရခြင်းရှိသည်။

န နိကာမသေယျံ=ဟူသည် အကြင်အခြင်းအရာဖြင့် အလိုရှိ၏။ ဤသို့ အိပ်ခြင်းကို မရဘဲ အလိုမရှိအပ်သော အချိန်အနည်းငယ်မျှသာ အိပ်ရ၏တည်း။

အပုညလာဘော စ=ဟူသည် ဤသို့ ထိုသို့ပုဂ္ဂိုလ်အား အကုသိုလ်ရခြင်းသည် လည်းကောင်း ထိုအကုသိုလ်ကြောင့် ငရဲဟုဆိုအပ်သော ယုတ်ညံ့သော လားရာရှိသည်တည်း။

ရတီ စ ထောကိကာ=ဟူသည် ကြောက်တတ်သော ယောကျ်ားအား ကြောက်တတ်သောမိန်းမနှင့် အတူမွေ့လျော်ခြင်းသည် ပျော်မွေ့ဖွယ်နည်း၏ တည်း။

ဂရုကံ=ဟူသည် မင်းသည် လက်ဖြတ်ခြင်း စသည်တို့၏ အစွမ်းဖြင့် လေးလံသော ပြစ်ဒဏ်ကျစေ၏။

တသ္မာ=ဟူသည် သူတပါး သားမယားကို မှီဝဲသူသည် ဤအကုသိုလ် စသည်တို့ကို ရောက်၏။ ထို့ကြောင့် သူတပါးမယားကို မမှီဝဲရာ တည်း။

ဒေသနာတော်၏ အဆုံး၌ သူဌေးသား ခေမကသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ ထိုအခါမှစ၍ လူအများအပေါင်းသည် ချမ်းသာစွာ နေ-ရက်-လ နှစ်ကို လွန်မြောက်စေ၏။

## ခေမကသူဌေးသား၏ အတိတ်ဝတ္ထု

ထိုခေမကသူဌေးသား၏ ရှေး၌ပြုခဲ့ဖူးသော ကောင်းမှုကံကား အဘယ်သို့ပါနည်းဟု မေးခဲ့သည်ရှိသော် ဤသို့ ဆိုလတ္တံ့သော စကားအစဉ်ဖြင့် ဖြေကြားရာ၏။ ထိုသူဌေးသားခေမကသည် ကဿပမြတ်စွာဘုရား လက်ထက်တော်အခါ၌ အမြတ်ထူးချွန် အလွန်အကဲသော လက်ဝှေ့ လက်ပမ်းသည်သည်ဖြစ်၍ နှစ်ခုသော ရွှေဖြင့်ပြီးသော တံခွန်ပြားတို့ကို မြတ်စွာဘုရား၏ ရွှေစေတီ၌ ကောင်းစွာ စိုက်ထူ တင်လှူပူဇော်၍ ဆွေးမျိုးသားချင်း နှီးရင်းသော မိန်းမတို့ကိုထား၍ ကြွင်းကုန်သော မိန်းမတို့သည် ငါ့ကို မြင်ကုန်သည်ရှိသော် စွဲလမ်းနှစ်သက် တပ်မက်စေကုန်သတည်းဟု ဆုတောင်းခဲ့၏။

ဤသည်လျှင် ထိုသူဌေးသားခေမက၏ရှေး၌ပြုခဲ့ဖူးသောကောင်းမှုကံတည်း။ ထိုကောင်းမှုကံကြောင့်ဖြစ်တိုင်း ဖြစ်တိုင်းသော ဘဝ အရပ်ဌာန၌ ထိုသူဌေးသား ခေမကကို မြင်ကုန်သည်ရှိသော် တစ်ပါးသော ယောကျ်ားတို့၏ မိန်းမတို့သည် အမျိုးအနွယ် တင့်တယ်စောင့်ဘိ ပကတိသော မိမိ၏အဖြစ်ဖြင့် ကောင်းစွာ တည်တံ့ခြင်းငှါ မစွမ်းနိုင်ကုန်လေသတည်း။

ခေမကသေဋ္ဌိပုတ္တဝတ္ထု ပြီး၏။

---

## ၅။ ဆိုနိုင်ခက်သောရဟန်းဝတ္ထု

ကုသော ယထာ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ဆိုနိုင်ခက်သော ရဟန်းကို အကြောင်းပြု၍ ဟောတော်မူ၏။

ရဟန်းတစ်ပါးသည် စေတနာဖြင့် မစေ့ဆော်မူ၍ မြက်တစ်ပင်ကို ဖြတ်မိသောကြောင့် သို့လောသို့လော ဖြစ်သည်ရှိသော် တစ်ပါးသောရဟန်းသို့ ချဉ်းကပ်၍ ငါ့ရှင်အကြင်ရဟန်းသည် မြက်ကိုဖြတ်၏။ ထိုရဟန်းအား အဘယ်သို့ ဖြစ်သနည်းဟု မိမိသည် ပြုမိသောအဖြစ်ကို ပြောကြား၍ မေးမြန်းသတတ်။ ထိုအခါ မေးမြန်းသော ထိုရဟန်းကို ဤမှတစ်ပါးသော ရဟန်းက အသင်သည် မြက်ကို ဖြတ်ခြင်းဟူသော အကြောင်းကြောင့် တစ်စုံတစ်ခုသော အပြစ် ဖြစ်သည်ဟူ၍ အမှတ်သညာကို ပြုသလော။ ဤသို့ မြက်ကိုဖြတ်ရာ၌ တစ်စုံတစ်ခုသော အပြစ် မဖြစ်။ ဖော်ပြပြောကြားပြီး၍ကား အာပတ်မှလွတ်၏ဟု ပြောဆိုပြီးလျှင် မိမိသည်လည်း နှစ်ဖက်ကုန်သော လက်တို့ဖြင့် မြက်ကိုနုတ်ဖြတ်၍ ယူ၏။ ရဟန်းတို့သည် ထိုသို့အကြောင်းစုံကို မြတ်စွာဘုရားအား လျှောက်ကြား

ကုန်၏။ မြတ်စွာဘုရားသည် ထိုရဟန်းကို များစွာသော အကြောင်းဖြင့် ကဲ့ရဲ့ ရှုတ်ချ၍ တရားကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာကို မိန့်တော်မူ၏—

ကုသော ယထာ ဒုဂ္ဂဟိတော၊ ဟတ္ထမေဝါနုကန္တတိ၊
သာမညံ ဒုပ္ပရာမဋ္ဌံ၊ နိရယာယုပကဍ္ဎတိ။
ယံ ကိဉ္စိ သိထိလံ ကမ္မံ၊ သံကိလိဋ္ဌဉ္စ ယံ ဝတံ။
သင်္ကဿရံ ဗြဟ္မစရိယံ၊ န တံ ဟောတိ မဟပ္ဖလံ။
ကယိရာ စေ ကယိရာထေနံ၊ ဒဠှမေနံ ပရက္ကမေ။
သိထိလော ဟိ ပရိဗ္ဗာဇော၊ ဘိယျော အာကိရတေ ရဇံ။

မကောင်းသဖြင့် ကိုင်ဆွဲသောသမန်းမြက်သည် လက်ကိုသာလျှင် စူးရှသကဲ့သို့ ထို့အတူ သီလကျိုးခြင်းစသောအပြစ်ရှိသည်ဖြစ်၍ မကောင်းသဖြင့် သုံးသပ်အပ်သော ရဟန်းအဖြစ်သည်ငရဲသို့ ဆွဲငင်၏။ လျော့လျည်းစွာပြုအပ်သော အမှုကိစ္စသည်လည်းကောင်း၊ ညစ်နွမ်းသော အကျင့်သည်လည်းကောင်း၊ သံသယဖြစ်ဖွယ်ရှိသော ရဟန်းအကျင့်သည် လည်းကောင်း ထိုရဟန်းအကျင့်သည် ကြီးကျယ်ဖွံ့ဖြိုး များမြတ်သော အကျိုးမရှိ။

ထိုရဟန်းအဖြစ် ပြုငြားအံ့၊ ဤသို့ပြုသော် ခိုင်မြဲစွာ အားထုတ်ရာ၏၊ ထိုရဟန်းအဖြစ်ကို မြဲစွာလုံ့လပြုရာ၏။ မှန်၏၊ လျော့လျည်းသော ရဟန်းအဖြစ်သည် ရာဂစသော မြူကို ဖြန့်ကျဲတတ်၏။

ထိုဂါထာတို့၌–

ကုသော =ဟူသည် တစ်စုံတစ်ခုသော အသွားထက်မြက်သော မြက်အောက်ထစ်ဆုံး ထန်းရွက်တည်း။ သမန်းမြက်သည် မကောင်းသဖြင့် ကိုင်အပ်သောသူ၏ လက်ကိုခဲ၏။ ဤအတူ ရဟန်းတစ်ပါးဟု ဆိုအပ်သောရဟန်းအဖြစ်သည်လည်း သီလကျိုးခြင်းအစရှိသည်ဖြင့် မကောင်းသော သုံးသပ်ခြင်း၊

နိရယာယုပကဍ္ဎတိ =ဟူသည် ငရဲ၌ ဖြစ်စေ၏တည်း၊

သိထိလံ=ဟူသည် လျော့ရဲ၍ ပြုခြင်းဖြင့် လျော့ရဲစွာ ကိုင်ဆွဲခြင်းကိုပြုအပ်သော တစ်စုံတစ်ခုသော အမှုတည်း၊

သံကိလိဋ္ဌံ = ဟူသည် ပြည့်တန်ဆာမ အစရှိကုန်သော မကျက်စားအပ်သော နေရာတို့၌ ကျက်စားလှည့်လည်ခြင်းဖြင့် ညစ်နွမ်းသောတည်း။

**သက်ဿရံ** =ဟူသည် ယုံမှားခြင်းတို့ဖြင့် အမှတ်ရထိုက်သော ဥပုသ်ကိစ္စအစရှိသည်တို့ကွင် တစ်ခုခုသော ကိစ္စဖြင့် စုဝေးကျရောက်သော သံဃာကို မြင်၍ "မချွတ်ကေန် ဤရဟန်းတို့သည် ငါ၏ အကျင့်ကို သိ၍ ငါ့ကိုပစ်ချလိုကုန်သည်ဖြစ်၍ စုဝေးကြကုန်၏" ဤသို့ မိမိ၏ ယုံမှားခြင်းတို့ဖြင့် အမှတ်ရထိုက်သော ယုံမှားအပ်သောတည်း၊

**န တံ ဟာတိ**=ဟူသည် ဤသို့သဘောရှိသော ရဟန်းတရားဟု ဆိုအပ်သော မြတ်သောအကျင့်သည် ထိုပုဂ္ဂိုလ်အား အကျိုးမများချေ။ ထိုပုဂ္ဂိုလ်အား အကျိုးမများသည့် နည်းတူ ဆွမ်းအလှူရှင်တို့**အား**လည်း အကျိုး**မများ**ချေတည်း။

**ကယိရာစေ**=ဟူသည် ထို့ကြောင့် ပြုသင့်သောကံကို ပြုရာ၏ တည်း။

**ပရက္ကမေ** =ဟူသည် ခိုင်မြဲစွာ ပြုအပ်သည်ကို ပြု၍ မဆုတ်နစ်သော ဆောက်တည်ခြင်းရှိသည်ဖြစ်၍ ဤမြတ်သော ရဟန်းအကျင့်ကိုပြုရာ၏။

**ပရိဗ္ဗဇော** =ဟူသည် လျော့ရဲသည်၏ အဖြစ်ဖြင့် ပြုအပ်သော ကျိုးပြတ်သည်၏အဖြစ်သို့ရောက်သော ရဟန်းတရားတည်း။

**ဘိယျော အာကိရတေ ရဇံ**=ဟူသည် ကိုယ်တွင်း၌ ထင်ရှားရှိသော ရာဂမြူစသည်ကို ဤသို့သဘောရှိသော ရဟန်းတရားသည် ပယ်ရှားခြင်းငှါ မစွမ်းနိုင်။ ထိုအခါ အခြားသော ရာဂမြူစသည်ကိုလည်း ဖြန့်ကျဲတတ်၏။

ဒေသနာတော်၏ အဆုံး၌ လူများစွာတို့သည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏၊ ထိုရဟန်းသည်လည်း စောင့်စည်းခြင်း၌တည်၍ နောက်မှ ဝိပဿနာကို တိုးပွားစေ၍ အရဟတ္တဖိုလ်သို့ ရောက်၏။

ဆိုနိုင်ခက်သော ရဟန်းဝတ္ထုပြီး၏။

---

### ၆။ ငြူစူခြင်း နှိပ်စက်သော မိန်းမဝတ္ထု

### (မယားငယ်ကို နား နှာခေါင်းဖြတ်ခြင်း)

**အကတံ**-အစရှိသော ဤတရား ဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မသင်ရှားသော ငြူစူခြင်း နှိပ်စက်သော မိန်းမကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုမိန်းမ၏ အရှင်လင်သည် တစ်ယောက်သော အိမ်ကျွန်မနှင့် အတူတကွ ရောယှက်နှိုးနှောခြင်းကို ပြုသတတ်။ ထိုအိမ်ရှင်မိန်းမသည် ငြူစူခြင်းဖြင့် နှိပ်စက်သောကြောင့် ထိုအိမ်ကျွန်မတို့ လက်ခြေတို့၌ တတ်နှောင်ဖွဲ့ချည်၍ နားနှာခေါင်းကို ဖြတ်ပြီးလျှင် လျှိုဝှက်ဖုံးကွယ်သော တစ်ခုသောတိုက်ခန်း တွင်း၌ ထည့်သွင်းသိုထား တံခါးကို လုံစွာပိတ်၍ ထိုသို့သောအမှု မိမိပြုသော အဖြစ်ကို သိုဝှက် ဖုံးကွယ်ခြင်းငှာ ဘုရင် လာလှည့်လော့ ကျောင်းတော်သို့ သွား၍ တရားကို နာကုန်အံ့ဟု ဖျောင်းဖျပြောဆို မိမိအရှင် ခင်ပွန်းလင်ကို ခေါ်ယူ၍ ကျောင်းသို့ သွားရောက်ပြီးလျှင် တရားတော်ကို နာလျက်ထိုင်နေ၏။ ထိုအခါ အိမ်ရှင် မိန်းမ၏ ဆွေသည်အဆွေအမျိုးတို့သည် အိမ်သို့လာရောက်၍ တံခါးကို ဖွင့်ပြီးသော် မလျော်မမှန် ထိုသို့ဖောက်ပြန်သော အခြင်းအရာကို တွေ့မြင်ကုန်၍ အိမ်ကျွန်မကို ပြေချွတ်၍ လွှတ်လိုက်ကုန်၏။ အနှောင်အဖွဲ့မှ လွတ်သော ထိုအိမ်ကျွန်မသည် ကျောင်းတော်သို့ သွားရောက်၍ မလေးပါးသော ပရိသတ်အလယ်၌ ဝင်ရောက် တည်နေလျက် ထိုသို့သော အကြောင်းကို မြတ်စွာဘုရားအား ကြားလျှောက်၏။ မြတ်စွာဘုရားသည် ထိုအိမ်ကျွန်မ၏ လျှောက်ထားသော စကားကို ကြားတော်မူ၍ မကောင်းသော အကျင့်မည် သည် ငါ၏မကောင်းသော အကျင့်ကို တစ်ပါးသော သူတို့သည် မသိကုန်ဟု နှလုံးသွင်း၍ အနည်းငယ်မျှကိုပင်လည်း မပြုအပ်။ တစ်ပါးသောသူသည် မသိသော်လည်း ကောင်းသောအကျင့်ကိုသာလျှင် ပြုအပ်၏။ ထိုစကားသည် မှန်၏။ ဖုံးလွှမ်း၍ ပြုအပ်သည်လည်း ဖြစ်သော မကောင်းသော အကျင့်မည် သည် နောက်၌ အဖန်တလဲလဲ ပူပန်ရခြင်းကို ပြုတတ်၏။ ကောင်းသော အကျင့်သည်သာလျှင် ဝမ်းမြောက်ခြင်းကို ဖြစ်စေတတ်၏ဟု မိန့်ဆိုတော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

အကတံ ဒုက္ကဋံ သေယျော၊ ပစ္ဆာ တပ္ပတိ ဒုက္ကဋံ။
ကတဉ္စ သုကတံ သေယျော၊ ယံ ကတွာ နာနုတပ္ပတိ။

မကောင်းသောအမှုကို မပြုလုပ်ခြင်းသည်လျှင် မြတ်၏။ မကောင်းမှုကို ပြုခြင်းသည် နောင်တတစ်ဖန် ပူပန်ရ၏၊ နောင်တတစ်ဖန် မပူပန်ရသော အမှုကို ပြုခြင်းသည် ချီးမွမ်းအပ် မြတ်၏။

ထိုဂါထာ၌ ဒုက္ကဋံ=ဟူသည် အပြစ်ရှိသော အပါယ်၌ ဖြစ်စေတတ်သောကံကို မပြုခြင်းက မြတ်၏တည်း။

ပစ္ဆာ တပ္ပတိ= ဟူသည် ထိုအကုသိုလ်ကို အမှတ်ရတိုင်း အမှတ်ရတိုင်း ပူပင်ရ၏။

သုကတံ = ဟူသည် အပြစ်မရှိ ချမ်းသာကို ပေးတတ်သော သုဂတိကို ဖြစ်စေတတ်သော ကံကို ပြုခြင်းသည် မြတ်၏တည်း။

ယံ ကတွာ=ဟူသည် ပြုပြီးနောက် အမှတ်ရတိုင်း မပူပင်ရသော ရွှင်လန်း ဝမ်းမြောက်သော သဘောရှိသော ကံကိုပြုခြင်းသည် မြတ်၏တည်း။

ဒေသနာတော်အဆုံး၌ ဥပါသကာသည် လည်းကောင်း၊ ထိုမိန်းမသည် လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်ကုန်၏။ ထိုကျွန်မကို ထိုအရပ်၌ပင် ကျွန်အဖြစ်မှ လွှတ်၍ တရားကျင့်သည်ကို ပြုကြကုန်၏တည်း။

ဣဿာပက တိတ္ထိဝတ္ထု ပြီး၏။

---

## ၇။ များစွာသော ရဟန်းတို့ဝတ္ထု

နဂရံ ယထာ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် များစွာသော ဧည့်သည် ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

များစွာကုန်သော ထိုရဟန်းတို့သည်တစ်ခုသော ပစ္စန္တမြို့၌ ဝါကပ်ဆိုတော်မူကြ၍ ရှေးဦးစွာသောဝါ ၌ ချမ်းသာစွာ နေရကုန်သတတ်။ အလယ်ဖြစ်သော ဝါလ၌ ခိုးသူတို့သည်လာကုန်၍၊ ထိုရဟန်းတို့ ဆွမ်းခံရွာကို တိုက်ခိုက်လုယက် ဖျက်ဆီးပြီးလျှင် သို့ပန်းသူတို့ကိုခေါ်ယူ၍ သွားကုန်၏၊ ထိုအခါမှစ၍ လူတို့သည် ခိုးသူတို့ကို တားမြစ်ခြင်းအကျိုးငှါ ထိုပစ္စန္တမြို့ကို ပြုပြင်စီရင်ကုန်လျက် ထိုရဟန်းတို့ကို ရိုသေစွာ လုပ်ကျွေးခြင်းငှါ အခွင့်မရကုန်။ ထိုရဟန်တို့သည် မချမ်းမသာဘဲ ကာလပတ်လုံးနေ၍ ဝါမှထမြောက်ကုန်သည်ရှိသော် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှါ သာဝတ္ထိပြည်သို့ သွားကြကုန်၍ မြတ်စွာဘုရားကို ညွတ်ဘွားရှိကျိုး ရှိခိုးဦးချ နေမျှသင့်မှု တစ်ခုသောနေရာ၌ ထိုင်နေကုန်၏။ မြတ်စွာဘုရားသည် ထိုအာဂန္တုကရဟန်းတို့နှင့် အတူတကွ ပဋိသန္ထာရစကားကို ပြောကြားပြုလုပ်ခါ ချစ်သားရဟန်းတို့ အသို့နည်း။ ချမ်းသာစွာဝါလပတ်လုံး ကျင့်သုံးမပြတ် ဝါကပ်ဆိုနေထိုင်ရပါကုန်၏လောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား၊ တပည့်တော်တို့သည် ရှေးဦးစွာသော ဝါလ၌ ချမ်းသာစွာနေရပါကုန်ပြီ။ အလယ်ဖြစ်သောဝါလ၌ ခိုးသူတို့သည် ရွာကိုပုတ်ခတ် လုယက် ဖျက်ဆီးကုန်ပြီ၊ ထိုအခါမှစ၍ လူတို့သည် မြို့ကိုပြုပြင် စီရင်ကုန်လျက် ရိုသေစွာ လုပ်ကျွေးခြင်းငှါ အခွင့် မရပါကုန်။ ထို့ကြောင့် တပည့်တော်တို့ သည် ဝါလပတ်လုံး ချမ်းသာစွာ မနေရပါကုန်ဟု ကြားလျှောက်သည်ရှိသော်

ချစ်သား ရဟန်းတို့ မသင့်မလျော် မလျောက်ပတ် မကြံစည် မစိုးရိမ်ကြကုန်လင့်။ မြဲသော ကာလပတ်လုံး ချမ်းသာစွာ နေရခြင်း မည်သည် ရခဲလှ၏။ ထိုလူတို့သည် မိမိတို့နေရာဖြစ်သော မြို့ကို လုံခြုံစေကုန်သကဲ့သို့ ထို့အတူ ရဟန်းမည်သည် မိမိအတ္တဘောကိုသာလျှင် လုံခြုံစေခြင်းငှါ ကောင်းစွာ လျောက်ပတ်အပ်ပေ၏ဟု မိန့်တော်မူပြီး ဤဂါထာကို ဟောတော်မူ၏—

နဂရံ ယထာ ပစ္စန္တံ၊ ဂုတ္တံ သန္တရဗာဟိရံ။

ဧဝံ ဂေါပေထ အတ္တာနံ၊ ခဏော ဝေါ မာ ဥပစ္စဂါ။

ခဏာတီတာ ဟိ သောစန္တိ၊ နိရယမှိ သမပ္ပိတာ။

အစွန်အဖျားမြို့ကို တံတိုင်း တံခါး စသော အတွင်းပစ္စင် ကျုံးမြောင်းစသော အပနှင့်တကွ လုံခြုံအောင် စောင့်ရှောက်သကဲ့သို့ သင်တို့သည်လည်း မိမိကိုယ်ကို စောင့်ရှောက်ကြကုန်လော့၊ စင်စစ် အခွင့်ကောင်းကို မလွန်စေကုန်လင့်၊ အခွင့်ကောင်းကို လွန်ကုန်သော ပုဂ္ဂိုလ်တို့သည် ငရဲ၌ သက်ဝင်ကုန်သည် ဖြစ်ကြ၍ စိုးရိမ်ပူပန်ရကုန်တော့သည် သာတည်း။

ထိုဂါထာ၌—သန္တရဗာဟိရံ ဟူသည် ရဟန်းတို့ ထိုလူတို့သည် ထိုအစွန်အဖျားမြို့ကို တံခါးကာရံခြင်း အစရှိကုန်သော ခိုင်မြဲသည်တို့ကို ပြုကုန်လတ်သော် အတွင်းနှင့်တကွသော ပစ္စင်, ကျုံး စသော ခိုင်မြဲသည်တို့ကို ပြုကုန်လတ်သော် အပြင်နှင့် တကွသော ကောင်းစွာ လုံခြုံမှုကို ပြုအပ်သကဲ့သို့ ဤအတူ သင်တို့သည်လည်း သတိကို ဖြစ်စေ၍ အတွင်းဒွါရခြောက်ပေါက်တို့ကို ပိတ်၍ တံခါးစောင့်တည်း ဟူသော သတိကို မ[illegible]တ်ဘဲ ယူအပ်ကုန်သော အပြင်အာယတန ခြောက်ခုတို့သည် အတွင်းဒွါရတို့ကို ကပ်၍ ဖျက်ဆီးတတ်သော အခြင်းအရာအားဖြင့် မယူမူ၍ ထိုဒွါရတို့ကို ခိုင်မြဲသည်တို့ကို ပြု၍ ထိုအာယတနတို့၏ မဝင်ရောက်ခြင်းငှါ တံခါးစောင့်တည်းဟူသော သတိကို မပယ်မူ၍ လှည့်လည်ကုန်လျက် မိမိကိုယ်ကို စောင့်ရှောက်ကြကုန်လော့။

ခဏော ဝေါ မာ ဥပစ္စဂါ ဟူသည် ဤသို့ မိမိကိုယ်ကို မလုံခြုံစေသော ပုဂ္ဂိုလ်ကို ဤဘုရားပွင့်ရာ ခဏ၊ မဇ္ဈိမအရပ်၌ ဖြစ်ရခြင်းခဏ၊ အယူမှန်ရခြင်းခဏ၊ အာယတနခြောက်ပါး မချို့ခြင်းခဏ ဟူသော အလုံးစုံလည်း ဖြစ်သော ခဏသည် ကျော်လွန်၏။ ထိုခဏကို သင်တို့ မကျော်လွန်စေကုန်လင့်။

ခဏာတီတာ ဟူသည် ခဏကို ကျော်လွန်သူတို့ကို ခဏကလည်း ကျော်လွန်၏၊ ထိုခဏကျော်လွန်သူတို့သည် ငရဲ၌ ကျရောက်ကုန်၍ ပူဆွေးကြရကုန်၏။

မမ္ဗဓဝတ္ထု (၈) ၁၇—ပ.မ.သ.စ

ဒေသနာတော်၏ အဆုံး၌ ထိုရဟန်းတို့သည် သံဝေဂဖြစ်ကြ၍ အရဟတ္တ ဖိုလ်၌ တည်ကြကုန်၏။

များစွာသော ရဟန်းတို့ဝတ္ထု ပြီး၏။

---

၈။ နိဂဏ္ဌဝတ္ထု

အလဇ္ဇိတာယေ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် နိဂဏ္ဌတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။

တစ်နေ့သ၌ ရဟန်းတို့သည် နိဂဏ္ဌတို့ကို တွေ့မြင်ကုန်၍ ငါ့ရှင်တို့ အကြင် နိဂဏ္ဌတို့သည် ရှေ့အဖို့ဖြစ်သော တစ်ခုသော နံပါးကိုလည်း ဖုံးလွှမ်းကုန်သေး၏။ ဤနိဂဏ္ဌတို့သည် အရှက်ရှိယောင်ကုန်တကား။ အချင်းခပ်သိမ်း ဖဝတ်ဖုံးလွှမ်းခြင်း မရှိကုန်သော အစေလက တက္ကတွန်းတို့ထက် ဤနိဂဏ္ဌတို့သည် ကောင်းမြတ်ကုန်သေး၏ ဟူသော စကားကို ဖြစ်စေကြကုန်၏။ ရဟန်းတို့ ပြောဆိုသော ထိုစကားကို ကြား၍ နိဂဏ္ဌတို့က ငါတို့သည် ဤသို့သော အကြောင်းကြောင့် မဖုံးလွှမ်းကြကုန်။ စင်စစ်မူကား မြေမှုန့် မြူ စသည်တို့သည် ပုဂ္ဂိုလ်တို့မည်သည် သာလျှင်တည်း။ ဇီဝိတိန္ဒြေ တည်နေဖွဲ့ယှက် အသက်ရှိကုန်သည် သာလျှင်တည်း။ ထိုမြေမှုန့် မြူ စသည်တို့သည် ငါတို့၏ ဆွမ်းခွက်တို့၌ မကျပါစေကုန်သတည်းဟု ဤသို့သော အကြောင်းကြောင့် ဖုံးလွှမ်းကုန်၏ ဟု ပြောဆိုကုန်သည်ရှိသော် ထိုနိဂဏ္ဌတို့နှင့် အတူတကွ အယူဝါဒ တစ်ဦးကို တစ်ဦး အပြစ်တင်ကြသည့် အစွမ်းဖြင့် များစွာ ငြင်းခုံ ပြောဆိုခြင်းကို ပြုကုန်၏။ ရဟန်းတို့သည် မြတ်စွာဘုရား ထံတော်မှောက်သို့ သွားရောက် ချဉ်းကပ်၍ ထိုင်နေသော အခါ၌ ထိုသို့သော အကြောင်းဖြစ်ခြင်းကို ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက ချစ်သား ရဟန်းတို့ မရှက်အပ်သော အရာဌာနဖြင့် ရှက်နိုး၍ ရှက်နိုးအပ်သော အရာဌာနဖြင့် အရှက်မရှိကုန်သော သူတို့မည်သည် မကောင်းမှုပြုသော သူတို့၏ လားရာ ဒုဂ္ဂတိဘဝ လဲလျောင်းရာ ရှိကုန်သည်သာလျှင် ဖြစ်ကုန်၏ဟု မိန့်တော်မူပြီး၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာတို့ကို ဟောတော်မူ၏—

အလဇ္ဇိတာယေ လဇ္ဇန္တိ၊ လဇ္ဇိတာယေ န လဇ္ဇရေ။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

အဘယေ ဘယဒဿိနော၊ ဘယေ စာဘယဒဿိနော။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ။

မရှက်အပ်သော အရာ၌ ရှက်ကုန်၏။ ရှက်အပ်သော အရာ၌ မရှက်ကုန်။ ဤသို့ မှားသော အယူကို ဆောက်တည်ကုန်သော သတ္တဝါတို့သည် ငရဲစသော ဒုဂ္ဂတိဘဝသို့ ရောက်ကုန်၏။

ဘေးမဟုတ်သည်ကို ဘေးဟု ရှုလေ့ရှိကုန်သော ဘေးဟုတ်သည်ကို ဘေး မဟုတ်ဟု ရှုလေ့ရှိကုန်သော မိစ္ဆာအယူကို ဆောက်တည်ကုန်သော သတ္တဝါ တို့သည် ဒုဂ္ဂတိသို့ ရောက်ကုန်၏။

ထိုဂါထာတို့၌–အလဇ္ဇိတာယေ ဟူသည် မရှက်ထိုက်သောအရာဖြင့် ဆွမ်းခွက် (သပိတ်)သည် မရှက်ထိုက်သော အရာမည်၏။ ထိုဆွမ်းခွက်ကို ဖုံးလွှမ်းစေ၍ လှည့်လည်ကုန်လျက် ထိုဆွမ်းခွက်ဖြင့် ရှက်သည် မည်ကုန်၏။

လဇ္ဇိတာယေ ဟူသည် မဖုံးလွှမ်းအပ်သော အရှက်မရှိသော အင်္ဂါဖြင့် ရှက်သည်အဖြစ်ဖြင့် ထိုသူတို့သည် ထိုအင်္ဂါဇာတ်ကို မဖုံးလွှမ်းစေဘဲ လှည့်လည် ကုန်လတ်သော် ရှက်သည်၏ အဖြစ်ဖြင့် ရှက်သည် မည်ကုန်၏။ ထို့ကြောင့် ထိုမိစ္ဆာအယူရှိသူတို့၏ မရှက်ထိုက်သော အရာဖြင့် ရှက်၏၊ ရှက်ထိုက်သော အရာဖြင့် မရှက်၊ အချည်းနှီးယူသည်၏အဖြစ်ဖြင့်လည်းကောင်း၊ အခြားသော ယူခြင်း၏ အဖြစ်ဖြင့်လည်းကောင်း မှားသောအယူသည် ဖြစ်၏။ ထိုမိစ္ဆာအယူ ကို ဆောက်တည်၍ လှည့်လည်ကုန်လတ်သော် ထိုမိစ္ဆာအယူကို ဆောက်တည် ကုန်သော ထိုသတ္တဝါတို့သည် ငရဲစသော ဒုဂ္ဂတိသို့ ရောက်ကုန်၏။

အဘယေ ဟူသည် ဆွမ်းခွက်ကို မှီ၍ ရာဂ, ဒေါသ, မောဟ, မာန, ဒိဋ္ဌိ, ကိလေသာ ဒုစရိုက်ဘေးတို့ကို မဖြစ်ခြင်းကြောင့် ဆွမ်းခွက်သည် ဘေးမဟုတ် သောအရာ မည်၏။ ဘေးအားဖြင့် ထိုဆွမ်းခွက်ကို ဖုံးလွှမ်းကုန်သော် ဘေး မဟုတ်သည်၌ ဘေးဟု ရှုလေ့ရှိသည် မည်ကုန်၏။ အရှက်မရှိသော အင်္ဂါဇာတ်ကို မှီ၍ ရာဂ စသည်တို့ကို ဖြစ်ခြင်းကြောင့် ထိုအင်္ဂါဇာတ်သည် ဘေးမည်၏။ ထိုအင်္ဂါဇာတ်ကို မဖုံးလွှမ်းခြင်းဖြင့် ဘေး၌ ဘေးမဟုတ်ဟု ရှုလေ့ရှိကုန်သော ထိုမဟုတ်မမှန်ယူသောသူ၏ ထိုအယူကို ကောင်းစွာယူသည်၏ အဖြစ်ကြောင့် မှားသောအယူကို ကောင်းစွာဆောက်တည်ကုန်သော သတ္တဝါတို့သည် ဒုဂ္ဂတိသို့ ရောက်ကုန်၏။

ဒေသနာတော်၏အဆုံး၌ များစွာသော နိဂဏ္ဍတို့သည် ထိတ်လန့်ကုန်လျက် ရဟန်းပြုကြကုန်၏၊ ရောက်လာသော သူတို့အားလည်း တရားဒေသနာသည် အကျိုးရှိသည် ဖြစ်၏။

နိဂဏ္ဍဝတ္ထု ပြီး၏။

## ၉။ တိတ္ထိတပည့်တို့ဝတ္ထု

အဝဇ္ဇေ အဇရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် တိတ္ထိတို့၏ တပည့်ထိုကို အကြောင်းပြု၍ ဟောတော်မူကုန်၏။

အခါတစ်ပါး၌ သာသနာတော်မှတစ်ပါး တခြားအယူရှိ တိတ္ထိ၏ တပည့်တို့သည် မိမိ၏သားငယ်တို့သည် ဖြောင့်စွာအယူရှိသော ဥပါသကာတို့၏ သားငယ်တို့နှင့် အတူတကွ ရော‌ပြွမ်းဆက်ဆံ ခြံရံရှိ၍သွား ကစားသည်တို့ကို တွေ့မြင်၍ အိမ်သို့ ပြန်လာသော အခါ၌ အသင်တို့သည် သာကီဝင်မင်းသားဖြစ်ကုန်သော ရဟန်းတို့ကို ရှိမခိုးအင်ကုန်၊ ထိုရဟန်းတို့၏ ကျောင်းသို့လည်း မဝင်အပ်ဟု ခြိမ်းခြောက်ပြောဆို ကျိန်ဆဲခြင်းကို ပြုကုန်၏။ တိတ္ထိတပည့်၏ ထိုသားငယ်တို့သည် တစနေ့သောအခါ ဇေတဝန်ကျောင်းတော်၌ ကျောင်း၏အပြင် တံခါးမုခ်အနီး၌ ကစားကုန်လျက် ရေမွတ်သိပ်သည် ဖြစ်ကုန်၏။ ထိုအခါ တစ်ယောက်သော ဥပါသကာ၏သားငယ်ကို အသင်သည် ဤကျောင်းသို့ သွား၍ ရေကို သောက်ပြီးသော် ငါတို့၏ အကျိုးငှါလည်း ရေကို ဆောင်ယူခဲ့ပါလော့ဟု ပြောဆိုစေလွှတ်ကုန်၏။ ထိုဥပါသကာ၏သားငယ်သည် ကျောင်းသို့ သွားဝင်၏။ မြတ်စွာဘုရားကို ရှိခိုးဦးချ ရေကို သောက်၍ ထိုအကြောင်းကို ကြားလျှောက်၏။ ထိုအခါ မြတ်စွာဘုရားက ထိုဥပါသကာ၏ သားငယ်ကို အသင်သည်သာလျှင် ရေကို သောက်၍ သွားရောက်ပြီးလျှင် အသင်မှ တစ်ပါးသော ထိုသူငယ်တို့ကိုလည်း ရေသောက်ခြင်း အကျိုးငှါ ဤအရပ်သို့သာလျှင် စေလွှတ်လိုက်ဘိလော့ဟု မိန့်တော်မူ၏။ တိတ္ထိတပည့်၏ သားဖြစ်ကုန်သော ထိုသူငယ်တို့သည် ကျောင်းတော်သို့ သွားရောက်၍ ရေကို သောက်ကုန်၏။ မြတ်စွာဘုရားသည် ထိုသူငယ်တို့ကို ခေါ်စေ၍ ထိုသူငယ်တို့အား သင့်လျော်လျောက်ပတ်သော တရားစကားကို ဟောကြားတော်ပြီးသော် ထိုသူငယ်တို့ကို မတုန်မလှုပ်သော ကြည်ညိုခြင်း ရှိသည်တို့ကို ပြု၍ သရဏဂုံတို့၌ လည်းကောင်း၊ သီလတို့၌ လည်းကောင်း တည်စေ၏။ ထိုသူငယ်တို့သည် မိမိတို့အိမ်တို့သို့ ပြန်သွားကြ၍ ထိုအကြောင်းကို အမိအဘတို့အား ပြောကြားကုန်၏။ ထိုအခါ သူငယ်တို့၏ အမိအဘတို့သည် ငါတို့၏ သားတို့ကား ပျက်စီးသော အယူရှိကြသည်ဖြစ်ကုန်ပြီဟု နှလုံးမသာယာခြင်းသို့ ရောက်ကုန်သည် ဖြစ်၍ ငိုကြွေးကုန်၏။

ထိုအခါ ထိုသူတို့၏ အိမ်နီးချင်း ဖြစ်ကုန်သော သိကြား လိမ္မာကုန်သော များစွာကုန်သော လူတို့သည် လာရောက်ကုန်၍ နှလုံးမသာယာခြင်းကို ငြိမ်းပျောက်စေခြင်း အကျိုးငှါ တရားစကားကို ပြောကြားကုန်၏။ ထိုတိတ္ထိ၏ တပည့်တို့သည် အိမ်နီးချင်းဖြစ်ကုန်သော ထိုလူတို့၏စကားကို ကြား၍ ဤသူငယ်

တို့ကို ရဟန်းဂေါတမအားသာလျှင် ဆောက်နှင်းအပ်နိုကုန်အံ့ဟု ပြောဆို၍ များစွာသော ဆွေးမျိုး အပေါင်းနှင့် အတူတကွ ကျောင်းတော်သို့ ဆောင်ကုန်၏။ မြတ်စွာဘုရားသည်ထိုသူတို့၏ အလိုကို ကြည့်ရှုတော်မူ၍ တရားတော်ကို ဟောကြားတော်မူလိုသောကြောင့် ဤဂါထာတို့ကို မိန့်ဆိုတော်မူ၏—

အဝဇ္ဇေ ဝဇ္ဇမတိနော၊ ဝဇ္ဇေ စာဝဇ္ဇဒဿိနော။
မိစ္ဆာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ ။

ဝဇ္ဇဉ္စ ဝဇ္ဇတော ဉတွာ၊ အဝဇ္ဇဉ္စ အဝဇ္ဇတော။
သမ္မာဒိဋ္ဌိသမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ သုဂ္ဂတိံ ။

အပြစ်မရှိသောတရား၌ အပြစ်ရှိ၏ဟု လည်းကောင်း၊ အပြစ်ရှိသောတရား၌ အပြစ်မရှိဟုလည်းကောင်း ရှုလေ့ရှိသူတို့သည် အပါယ်ဆင်းရဲသို့ လားရောက်ရကုန်၏။

အပြစ်ရှိသော တရားကိုလည်း အပြစ်ရှိ၏ဟုလည်းကောင်း၊ အပြစ်မရှိသော တရားကိုလည်း အပြစ်မရှိဟု လည်းကောင်း အမြင်မှန်ရှိသူတို့မှာမူ သုဂတိဘဝသို့ လားရောက်ရကုန်၏။

ထိုဂါထာတို့၌-အဝဇ္ဇေ ဟူသည် ဆယ်ပါးသော အကြောင်းရှိသော သမ္မာဒိဋ္ဌိ၌ လည်းကောင်း၊ထိုသမ္မာဒိဋ္ဌိ၏ အားကြီးသောမှီရာ တရား၌လည်းကောင်း။

ဝဇ္ဇမတိနော ဟူသည် ဤဟာသည် အပြစ်ရှိ၏။ ဤသို့ အယူရှိကုန်၏၊ ဆယ်ပါးသော အကြောင်းရှိသော မိစ္ဆာဒိဋ္ဌိ၌လည်းကောင်း ထိုမိစ္ဆာဒိဋ္ဌိ၏ မှီရာဖြစ်သော တရား၌လည်း အပြစ်ဟု ရှုလေ့ရှိကုန်သော ဤအယူဝါဒသည် အပြစ်မရှိသည်ကို အပြစ်အားဖြင့် အပြစ်ရှိသည်ကို အပြစ်မဲ့အားဖြင့် သိ၍ ယူခြင်းဟု ဆိုအပ်သော မိစ္ဆာဒိဋ္ဌိကို ကောင်းစွာ ယူအပ်သည်၏ အဖြစ်ကြောင့် မိစ္ဆာဒိဋ္ဌိကို ဆောက်တည်ကုန်သော သတ္တဝါတို့သည် ဒုဂ္ဂတိသို့ ရောက်ကုန်၏။

ထိုဒေသနာတော်၏ အဆုံး၌ အလုံးစုံသော သူတို့သည် သရဏဂုံသုံးပါးတို့၌ တည်၍ အဖန်ဖန်အထပ်ထပ်တရားကို နာကုန်လတ်သော် သောတာပတ္တိ ဖိုလ်၌ တည်ကုန်၏။

တိတ္ထိတပည့်တို့ဝတ္ထု ပြီး၏။

နှစ်ဆယ့်နှစ်ခုမြောက် နိရယဝဂ် ပြီး၏။

# ၂၃။ နာဂဝဂ်

## ၁။ အတ္တဒန္တဝတ္ထု

အဟံ နာဂေါဝ အစရှိသော ဤတရားဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် ကောသမ္ဗီပြည်၌ သီတင်းသုံးနေတော်မူစဉ် (မြတ်စွာဘုရားတည်း ဟူသော) မိမိကိုယ်ကို အကြောင်းပြု၍ ဟောကြားတော်မူသည်။

မာဂဏ္ဍီ မိဖုရားသည် သာမာဝတီအမှူးရှိကုန်သော ထိုနန်းတွင်းသူမောင်းမတို့အား တစ်စုံတစ်ခုပြုခြင်းငှါ မစွမ်းနိုင်သော ကြောင့် “ရဟန်းဂေါတမအား သာလျှင် ပြုအပ်သော အမှုကို သိစေသည် ဖြစ်၍ ပြုအံ့” ဟု မြို့သူ မြို့သားတို့အား တံစိုးလက်ဆောင်ကို ပေး၍ မြို့တွင်းသို့ ဆွမ်းခံခြင်းငှါ လှည့်လည်ကြွဝင်လာသော ရဟန်းဂေါတမကို ကျွန်အမှုလုပ်တို့နှင့်တကွ ဆဲရေးရေရွတ်၍ ပြေးစေကြကုန်လော့ဟု စေခိုင်း၏၊ ရတနာသုံးပါးတို့၌ မကြည်ညိုကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် မြို့တွင်းသို့ ကြွဝင်တော်မူလာသော မြတ်စွာဘုရားရှင်၏ နောက်သို့ အစဉ်လိုက်၍ အသင်တို့သည် သူခိုးတည်း၊ မိုက်မဲသော သူတည်း၊ တွေဝေသောသူတည်း၊ ကုလားအုပ်, နွား, မြည်း, ငရဲသူ သတ္တဝါ တိရစ္ဆာန် ဖြစ်ပေသတည်း။ အသင့်အား ကောင်းသော လူအဖြစ် နတ်အဖြစ် မရှိ၊ အသင့်အား ဒုဂ္ဂတိဘဝသို့သာ လားရန် ရှိ၏၊ ဤသို့သော အခြင်းအရာ ဆယ်ဖြာကုန်သော ဆဲရေးခြင်း အက္ကောသဝတ္ထုတို့ဖြင့် ဆဲရေးကုန်၏။

ထိုသို့ ဆဲရေးရေရွတ်သည်ကို ကြား၍ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ဤသို့သော စကားကို လျှောက်ကြား၏၊ “ဘုန်းတော်ကြီးတော်မူသောမြတ်စွာဘုရား ဤကောသမ္ဗီပြည်သူပြည်သားတို့သည် တပည့်တော်တို့က အလွန်တရာ ဆဲရေးရေရွတ်ကြပါကုန်၏၊ ဤမြို့မှ တစ်ပါးသော မြို့သို့ ဖဲသွားကြပါကုန်အံ့” ဟု လျှောက်ထား၏။ ချစ်သားအာနန္ဒာ အဘယ်မြို့သို့ သွားမည်နည်းဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား တစ်ပါးသောမြို့သို့ သွားပါကုန်အံ့” ဟု လျှောက်၏။

“ချစ်သား အာနန္ဒာ ရွှေပြောင်း၍ သွားအပ်သော တစ်ပါးသောမြို့၌ လူတို့သည် ဆဲရေးရေရွတ်ကုန်သည်ရှိသော် တစ်ဖန်ဘယ်မြို့ ဘယ်အရပ်သို့ သွားပါကုန်အံ့နည်း” ဟု မေးမြန်းသည့်အခါ ထိုမှတစ်ပါးလည်း ဖြစ်ကုန်သော မြို့သို့ သွားပါကုန်အံ့” ဟု လျှောက်ထားလျှင်—

"ချစ်သား အာနန္ဒာ ထိုအရပ်၌ လူတို့သည် ဆဲရေးကုန်သည် ရှိသော် အဘယ်အရပ်သို့ သွားကုန်အံ့နည်း"ဟု မေးတော်မူသဖြင့် ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ထိုအခါ၌လည်း တစ်ပါးသောမြို့သို့ ရွှေပြောင်းသွားပါကုန်အံ့"ဟုလျှောက်ထားပြန်လျှင်"ချစ်သားအာနန္ဒာ ဤသို့ပြုခြင်းငှါမသင့်လျော်ပေ၊ အကြင်မြို့၌ အဓိကရုဏ်းသည် ဖြစ်၏၊ ထိုအရပ်၌သာလျှင် ထိုအဓိကရုဏ်းကို ငြိမ်းစေပြီးသော် တစ်ပါးသော အရပ်သို့ သွားခြင်းငှါ သင့်လျော်ကောင်းမြတ်ပေ၏၊ ချစ်သားအာနန္ဒာ အသင်တို့အား အဘယ်သူတို့သည် ဆဲရေးရေရွတ်ကုန်သနည်း"ဟု မေးတော်မူလျှင် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ကျွန်အမှုလုပ်တို့မှစ၍ လူအားလုံးတို့သည် ဆဲရေးရေရွတ်ကြပါကုန်သည်" ဟု လျှောက်ထားသောအခါ "ချစ်သား အာနန္ဒာ ငါဘုရားသည် စစ်မြေအရပ်၌ စစ်ဘက်သက်ဝင်သော ဆင်ပြောင်ကြီးနှင့်တူ၏"။ ထိုစကားမှန်၏၊ စစ်မြေအရပ်၌ စစ်ဘက်သက်ဝင်သော ဆင်ပြောင်ကြီးအား အရပ်လေးမျက်နှာတို့မှ ပစ်လွှတ်အပ်ကုန်သော မြားတို့ကို သည်းခံခြင်းငှါ ဝန်ဖြစ်သကဲ့သို့ ထိုအတူသာလျှင် များစွာကုန်သော သီလမရှိကုန်သောသူတို့သည် ပြောဆိုဆဲရေးရေရွတ်ကြသော စကားကို သည်းခံခြင်း မည်သည်ကား ငါဘုရား၏ ဝန်ပေတည်း" ဟု မိန့်တော်မူပြီးလျှင် မိမိကိုယ်တော်မြတ်အကြောင်းပြု၍ တရားဟောလိုရကား ဤဂါထာတို့ကို ဟောကြားတော်မူ၏ —

၃၂၀။ အဟံ နာဂေါဝ သင်္ဂါမေ၊ စာပတော ပတိတံ သရံ။
အတိဝါကျံ တိတိက္ခိဿံ၊ ဒုဿီလော ဟိ ဗဟုဇ္ဇနော။

၃၂၁။ ဒန္တံ နယန္တိ သမိတိံ၊ ဒန္တံ ရာဇာဘိရုဟတိ။
ဒန္တော သေဋ္ဌော မနုဿေသု၊ ယော' တိဝါကျံ တိတိက္ခတိ။

၃၂၂။ ဝရမဿတရာ ဒန္တာ၊ အာဇာနီယာ စ သိန္ဓဝါ။
ကုဉ္ဇရာ စ မဟာနာဂါ၊ အတ္တဒန္တော တတော ဝရံ။

စစ်မြေပြင်၌ ဆင်ပြောင်ကြီးသည် လေးမှ လွှတ်၍ မိမိအပေါ် ကျရောက်လာသော မြားကို သည်းခံသည်နှင့်အတူ ငါဘုရားသည် ရှစ်ပါးသော အနရိယဝေါဟာရအစွမ်းဖြင့်ဖြစ်သော လွန်ကျူးသောစကားကို သည်းခံတော်မူအံ့၊ သီလမရှိသော များစွာသော လူအပေါင်းသည် ချုပ်ချယ်ရွတ်ချ၍ ဆိုတတ်၏။

များစွာသော လူအပေါင်းတို့၏ အလယ်သို့ သွားကုန်သော သူတို့သည် ယဉ်ကျေးသော နွားမြင်းကို ဆောင်ကုန်၏၊ မင်းသည်လည်း ယဉ်ကျေးသော ဆင်မြင်းကို စီးသွား၏၊ အလွန်အကြူး ဆဲရေးရေရွတ်၍ ဆိုသောစကားကို သည်းခံလျက် ဒေါသမာန်မာနကို ဆုံးမပြီး၍ ယဉ်ကျေးသောသူသည် လူတို့ထက် အထူးမြတ်၍ ချီးမွမ်းအပ်၏။

ယဉ်ကျေးကုန်သော အသာဘိုရ်မြင်းတို့သည်လည်း မြတ်၏၊ ယဉ်ကျေးကုန်သောအကြောင်းဟုတ်သည်,မဟုတ်သည်ကို သိကုန်သောသိန္ဓောမြင်းတို့သည်လည်းကောင်း ယဉ်ကျေးကုန်ပြီးသော ကုဉ္ဇရ အမည်ရသော ဆင်ပြောင်ကြီးတို့သည်လည်းကောင်း မြတ်ကုန်၏၊ မဂ်ဉာဏ်ဖြင့် မိမိစိတ်ကို ကောင်းစွာ ဆုံးမပြီး၍ ယဉ်ကျေးသောသူသည် ထိုဆိုအပ်ပြီးသောသူအားလုံးတို့ထက် ပို၍မြတ်၏။

ထိုဂါထာတို့၌–နာဂေါ ဟူသည် ဆင်ပြောင်ကြီးကဲ့သို့တည်း။

စာပတော ပတိတံ ဟူသည် လေးမှ လွတ်သော။

အတိဝါကျံ ဟူသည် ယုတ်မာကြောင်း တပါးရှစ်ပါးတို့ဖြင့် ခေါ်ဝေါ်သည်၏ အစွမ်းဖြင့်ဖြစ်သော လွန်ကျူးသောစကားတည်း။

တိတိက္ခိဿံ ဟူသည် စစ်မြေပြင်သို့ကျက်စားလျက် ယဉ်ကျေးလိမ္မာသော ဆင်ပြောင်ကြီးသည် လှံဖြင့် ထိုးပုတ်ခြင်း စသည်တို့ကို သည်းခံလျက် လေးမှ လွတ်၍ မိမိ၌ကျလာသော မြားဘိုကို မဖျက်ဆီးဘဲ သည်းခံနိုင်သကဲ့သို့ ထို့အတူ ဤသို့သဘော ရှိသော လွန်ကျူး၍ပြောဆိုသော စကားကို သည်းခံအံ့။

ဒုဿီလော ဟိ ဟူသည် ဤလောကီလူအပေါင်းသည် များစွာ သီလမရှိသည် ဖြစ်၍ မိမိ မိမိနှစ်သက်ရာ စကားကို ပြောဆိုဟစ်အော် ထိခိုက်စေလျက် သွားလာ၏၊ ထိုသူတို့အပေါ်၌ သည်းခံ၍ လျစ်လျူရှုခြင်းသည် ငါဘုရား၏ ဝန်ပေတည်း။

ဒန္တံ ဟူသည် ဥယျာဉ်ကစားပွဲပါးရာ မဏ္ဍပ် စသည်တို့၌ လူအပေါင်းတို့၏ အလယ်သွားကုန်သည် ရှိသော် ယဉ်ကျေးသည်သာ ဖြစ်သော နွားတို့ကို လည်းကောင်း, မြင်းတို့ကိုလည်းကောင်း ယာဉ်၌ ယှဉ်ကစေပြီး၍ ဆောင်ကုန်၏။

ရာဇာ ဟူသည်ထိုသို့ သဘောရှိသော ရှက်ဆောင်ဖွယ်တို့ဖြင့် သွားလိုသော မင်းသည်လည်းယဉ်ကျေးသည်သာလျှင်ဖြစ်သော ဆင်, မြင်းသို့သာ တက်စီး၏။

မနုဿေသု ဟူသည် လူတို့တွင်လည်း မဂ်လေးပါးတို့ဖြင့် ကောင်းစွာ ဆုံးမ၍ ယဉ်ကျေးပြီးသောသူသည် ယဉ်ကျေးသည်သာလျှင်ဖြစ်၍ မြတ်၏။

ယောတိဝါကျံ ဟူသည် ဤသို့သဘောရှိသော လွန်ကျူးသောစကားကို အဖန်ဖန် ပြောဆိုအပ်သော်လည်း သည်းခံ၏၊ မဖြန့် မညှဉ်းဆဲ ဤသို့သဘော ရှိသော ယဉ်ကျေးသော သူသည် မြတ်၏။

အဿတရ ဟူသည် မြင်းမမှ ကောင်းစွာ မွေးဖွားအပ်သော။

အာဇာနီယာ ဟူသည် ဆုံးမခြင်းအကြောင်းကို လျင်မြန်စွာ သိခြင်းငှါ စွမ်းနိုင်သော ဆင်, မြင်းတည်း။

သိန္ဓဝါ ဟူသည် သိန္ဓဝတိုင်း၌ ဖြစ်သော မြင်းတည်း။

မဟာနာဂါ ဟူသည် ကုဉ္ဇရဟူ ဆိုအပ်သော ဆင်ပြောင်ကြီးတည်း။

အတ္တဒန္တော ဟူသည် ထိုအဿတိုရ် မြင်းသည်လည်းကောင်း, သိန္ဓော မြင်းတို့သည်လည်းကောင်း ဆင်ပြောင်ကြီးတို့သည် လည်းကောင်း ယဉ်ကျေး ကုန်သည်သာ ဖြစ်၍ မြတ်၏၊ မယဉ်ကျေးခဲ့သော် မမြတ်။

အရိယာမဂ်လေးပါးတို့ဖြင့် မိမိကိုယ်ကို ဆုံးမသည်၏ အဖြစ်ဖြင့် မိမိကိုယ်ကို ဆုံးမပြီး၍ ယဉ်ကျေးသောပုဂ္ဂိုလ်သည် ထိုအဿတိုရ်မြင်း, သိန္ဓောမြင်း, ဆင်ပြောင်ကြီးတို့ မြတ်သည်ထက် ပို၍ မြတ်၏၊ ထိုအလုံးစုံ မြတ်သည်တို့ထက် ပိုလွန်၍ မြတ်၏။

ဒေသနာတော်၏ အဆုံး၌ တံစိုးလက်ဆောင်ကို ယူ၍ ခရီးလမ်းဆုံ စသည်တို့၌ ရပ်၍ ဆဲရေး ရေရွတ်ကြကုန်သော အလုံးစုံသော လူအပေါင်းသည် သောတာပတ္တိဖိုလ် စသည်တို့သို့ ရောက်ကုန်၏။

[အတ္တဒန္တဝတ္ထု ပြီး၏။

---

## ၂။ ဆင်ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု

န ဟိ ဧတေဟိ အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် ဆင်ဆရာ ဖြစ်ဖူးသော မထေရ်တစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

ဆင်ဆရာ ဖြစ်ဖူးသော ထိုရဟန်းသည် တစ်နေ့သောအခါ အစိရဝတီ မြစ်ကမ်း၌ ဆင်တစ်ကောင်ကို ဆုံးမအံ့ဟု ကြံပြီးလျှင် မိမိအလိုဖြစ်သော အကြောင်းကို လိမ္မာစေခြင်းငှါ မစွမ်းနိုင်သော ဆင်ဆရာကို တွေ့မြင်သော် အနီး၌ တည်နေကုန်သော ရဟန်းတို့ကို ခေါ်၍ ငါ့ရှင်တို့ ဤဆင်ဆရာသည် ဤဆင်ကို ဤအမည်ရှိသော နေရာ၌ အကယ်၍ ထိုးဆွခဲ့အံ့။ လျင်လျင် မြန်မြန်သာလျှင် ဤအကြောင်းကို သိကြားလိမ္မာ ကောင်းစွာတတ်မြောက် သင်ယူရာ၏ဟု ပြောဆို၏။ ထိုဆင်ဆရာသည် အချင်းချင်း ပြောဆိုသော ထိုရဟန်း၏ စကားကို ကြား၍ ထိုသို့ ပြောဆိုသော အတိုင်း ပြုလုပ်ပြီးလျှင်

ထိုဆင်ကို ကောင်းစွာ ယဉ်ကျေးအောင် ဆုံးမ၏။ ထိုရဟန်းတို့သည် ထိုသို့သော အကြောင်းဖြစ်ခြင်းကို မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။

မြတ်စွာဘုရားသည် ထိုရဟန်းကို ခေါ်စေ၍ ချစ်သားရဟန်း အသင်သည် ဤသို့ပြောဆိုသော ဟူသည် ဟုတ်မှန်ပေသလောဟု မေးတော်မူ၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ဟုတ်မှန်ပါ၏ဟု လျှောက်ကြားသည် ရှိသော် ကဲ့ရဲ့တော်မူ၍ မင်္ဂလီဖိုလ်မှ အချည်းနှီးဖြစ်သော ယောကျ်ား အသင်အား ဆင်ယာဉ်ဖြင့် လည်းကောင်း ထိုဆင်ယာဉ်မှတစ်ပါး ကောင်းစွာ ဆုံးမအပ်ပြီးသော ယဉ်ကျေးသော ယာဉ်ဖြင့်လည်းကောင်း အဘယ်အကျိုးရှိအံ့နည်း။ ထိုစကားမှန်၏၊ ထိုယာဉ်တို့ဖြင့် တစ်ခါတစ်ခါက် မသွားရောက်ဖူးသော နိဗ္ဗာန်အရပ်သို့ သွားခြင်းငှါ စွမ်းနိုင်သော မည်သည် မရှိ။ စင်စစ်သော် မိမိသည်ကား ကောင်းစွာဆုံးမ ယဉ်ကျေးသဖြင့် တစ်ခါတစ်ခါက် မသွားရောက်ဖူးသော နိဗ္ဗာန်အရပ်သို့ သွားခြင်းငှါ တတ်ကောင်း၏၊ ထို့ကြောင့် မိမိကိုယ်ကို သာလျှင်ဆုံးမလေလော့။ အသင်အား ထိုဆင်စသည်တို့ကို ဆုံးမခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်းဟု မိန့်တော်မူပြီး ဤဂါထာကို ဟောကြားတော်မူလေ၏—

န ဟိ ဧတေဟိ ယာနေဟိ၊ ဂစ္ဆေယျ အဂတံ ဒိသံ။
ယထာ'တ္တနာ သုဒန္တေန၊ ဒန္တော ဒန္တေန ဂစ္ဆတိ။

ပကတိ ဆင်ယဉ်မြင်းယဉ်တို့ဖြင့် မရောက်ဖူးသေးသော နိဗ္ဗာန်သို့ မရောက်နိုင်သည်သာတည်း။ စက္ခုစသော ဣန္ဒြေတို့ကို ဆုံးမသဖြင့်လည်းကောင်း၊ မိမိစိတ်ကို ဆုံးမသဖြင့် လည်းကောင်း ယဉ်ကျေးပြီး ဖြစ်သူသည် အိပ်မက်တွင်မျှ မရောက်ဖူးသော နိဗ္ဗာန်အရပ်သို့ မုချရောက်နိုင်ပေ၏။

အဓိပ္ပါယ်ကား။ ။ဆင်ယာဉ် အစရှိကုန်သော ယာဉ်တို့ဖြင့် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်သည် အိပ်မက် မက်ခြင်းမျှဖြင့်သော်လည်း မရောက်နိုင်သောကြောင့် "အဂတ"ဟု ဆိုအပ်သော နိဗ္ဗာန်ပြည်သို့ မသွားရာ။

ရှေးဦးစွာ ဣန္ဒြေတို့ကို ဆုံးမပြီးနောက် အရိယာမဂ်ကို ပွားများခြင်းဖြင့် ကောင်းစွာ ဆုံးမပြီးသည် ဖြစ်၍ ယဉ်ကျေးပြီးသော ပညာရှိပုဂ္ဂိုလ်သည် ထိုရှေး၌ မရောက်ဖူးသေးသော နိဗ္ဗာန်ဟု ဆိုအပ်သော ငြိမ်းအေးရာမြေအရပ်သို့ ရောက်နိုင်၏။ ထို့ကြောင့် မိမိကိုယ်ကို ဆုံးမခြင်းသည်သာလျှင် ထိုမြတ်သော သူတို့ထက် ပို၍ မြတ်၏။

ဒေသနာတော်၏ အဆုံး၌ များစွာကုန်သော လူတို့သည် သောတာပတ္တိဖိုလ်စသည်တို့သို့ ရောက်ကုန်၏။

ဆင်ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု ပြီး၏။

## ၃။ ပုဏ္ဏားအိုနှင့် သားလေးယောက်ဝတ္ထု

**မနုပါလော** အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် ပုဏ္ဏားအိုကြီး၏ သားလေးယောက်တို့ကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာဝတ္ထိပြည်၌ တစ်ယောက်သော ပုဏ္ဏားကြီးသည် အသပြာရှစ်သိန်း စည်းစိမ်ရှိသည် ဖြစ်၍ အရွယ်သို့ ရောက်ကုန်သော သားလေးယောက်တို့အား အိမ်ရာဆောက်နှင်း ထိမ်းမြားခြင်းကို ပြု၍ လေးသိန်းကုန်သော အသပြာတို့ကို တစ်ယောက်လျှင် အသပြာတစ်သိန်းစီ ခွဲခြမ်းဝေဖန်၍ ပေးလေ၏။

ထို့နောက် ထိုပုဏ္ဏားကြီး၏ မယားဖြစ်သော ပုဏ္ဏေးမသည် သေလွန် ခြင်း ကို ပြုသည်ရှိသော် သားတို့သည် တိုင်ပင်ကြကုန်၏။ အဘယ်သို့ တိုင်ပင်ကုန် သနည်းဟူမူ ဖခင်ဖြစ်သော ဤပုဏ္ဏားကြီးသည် တစ်ပါးသောမယား ပုဏ္ဏေးမကို ယူဆောင်သည် ရှိသော် ထိုနောက် မယား ပုဏ္ဏေးမ၏ ဝမ်း၌ တည်နေ မွေးဖွား ဖြစ်ပေါ်လာသော သားသမီးတို့၏ အစွမ်းဖြင့် အမျိုးဥစ္စာသည် ပျက်စီးပေလတ္တံ့၊ ယခုအခါ ငါတို့တည် ဝန်းဝိုင်းချီးမြှောက်ကုန်အံ့ဟု တိုင်ပင် ကုန်၏။ တိုင်ပင်ပြီး၍ကား ထိုသားတို့သည် မွန်မြတ်ကုန်သော အစားအဝတ် စသည်တို့ဖြင့် လုပ်ကျွေးကုန်လျက် လက်ခြေဆုပ်နယ်ခြင်း အစရှိသော အမှု တို့ကို ပြုလုပ်ကုန်၏။ ပြုစုလုပ်ကျွေးပြီး၍ တစ်နေ့သောအခါ နေ့လယ်ခင်း အိပ်ရာမှထသော ထိုဖခင်ပုဏ္ဏားကြီး၏ လက်ခြေတို့ကို ဆုပ်နယ်ကုန်၏။ တစ်ဖန် အိမ်ရာတည်ထောင်ခြင်း၌ ရှိကြောက်ဖွယ်အဖြစ် အပြစ်အာဒီနဝကို ဖော်ပြ ပြောဆို၍ အကျွန်ုပ်တို့သည ‌အသင်ဖခင်တို့ကို ဤသို့သော အမှတ်ဖြင့် အသက်ရှည်သမျှ ကာလပတ်လုံး ပြုစုလုပ်ကျွေးပါကုန်အံ့။ ကြွင်းသော ဥစ္စာ ကိုလည်း အကျွန်ုပ်တို့အား ပေးပါကုန်လော့ဟု တောင်းကြကုန်၏။ ပုဏ္ဏား ကြီးသည် နောက်တစ်ဖန် တစ်ယောက် တစ်ယောက်သော သားအား အသပြာ တစ်သိန်းစီ ခွဲဝေပေးကမ်း၍ မိမိအဝတ်အရုံမျှကို ထား၍ ဝတ္ထု ရှိသမျှကို လေးပုံလေးစု ပြု၍ ပေးကမ်းဆောက်နှင်း၏။

ထိုပုဏ္ဏားကြီးကို သားကြီးသည် နှစ်ရက် သုံးရက်ပတ်လုံး ပြုစုလုပ်ကျွေး၏။ ထိုနောက် တစ်နေ့သ၌ ရေချိုး၍ လာသော ပုဏ္ဏားကြီးကို မြင်၍ တံခါးမုခ်၌ ရပ်လျက် အမျိုးချွေးမသည် ဤသို့ ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်း ဟူမူ အသင်ဖခင်သည် သားကြီးအား တစ်ရာကိုလည်းကောင်း, တစ်ထောင် ကိုလည်းကောင်း ပိုလွန်၍ ပေးအပ်သည် ရှိပါသလော။ အလုံးစုံသော သားတို့အား အသပြာ နှစ်သိန်း နှစ်သိန်းစီ ညီတူညီမျှ ခွဲဝေ၍ ပေးကုန်သည်

မဟုတ်တုံလော သည့်အိမ်မှ တစ်ပါး ကြွင်းကုန်သော သားတို့၏ နေရာအိမ် လမ်းခရီးကို မသိတော့ပြီလောဟု ပြောဆို၏။ ထိုပုဏ္ဏားကြီးသည်လည်း သူယုတ်မ ပျက်လေလော့ဟု အမျက်ထွက်၍ တစ်ပါးသော သား၏ အိမ်သို့ သွားလေ၏။ ထိုအိမ်မှလည်း နှစ်ရက် သုံးရက်ကို လွန်မြောက်သဖြင့် ဤသို့သော အကြောင်းဖြင့်သာလျှင် ထွက်သွားစေသောကြောင့် တစ်ပါးသော သား၏ အိမ်သို့ သွားပြန်၏။

ဤသို့သောနည်းဖြင့် တစ်ခုသောအိမ်သို့လည်း ဝင်နေခြင်းအခွင့်သင့်လျော်ရုံ မျှမရသောကြောင့် ပဏ္ဍရင်္ဂရဟန်းအဖြစ်ကို ပြု၍ ဆွမ်းအလို့ငှါ လှည့်လည်လျက် ကြီးရင့်သောအခါ အစားအသောက် အအိပ်အနေ ဆင်းရဲခြင်းဖြင့် ညှိုးနွမ်း သောကိုယ်ရှိလေ၏။ ဆွမ်းအလို့ငှါ လှည့်လည် သွားလာရသဖြင့် နာကျင်သော ကျောက်ကုန်းဖြင့် အိပ်ပျော်၍ အိပ်ရာမှ ထပြီးသော် မိမိကိုယ်ကို ကြည့်ရှု၍ သားတို့၌ ခိုကိုးရာကို မမြင်သောကြောင့် ရဟန်းဂေါတမသည် မျက်မှောင်မကြုတ်သတတ်။ ကြည်ရွှင်သော မျက်နှာရှိသတတ်။ ပေါင်းဖော် လွယ်ကူသတတ်။ ပဋိသန္ထာရနှင့် လိမ္မာသတတ်။ ငါသည် ရဟန်းဂေါတမသို့ ချဉ်းကပ်၍ ပဋိသန္ထာရကို ရခြင်းငှါ တတ်ကောင်း၏”ဟု ကြံစည်၏။ ကြံစည် ပြီး၍ကား ထိုပုဏ္ဏားကြီးသည် အဝတ်အရုံကို ကောင်းစွာ ပြုပြင် ဆင်ယင် ဝတ်ရုံ၍ ဆွမ်းထည့်ရန် ခွက်ကို လက်ဖြင့် ကိုင်ယူပြီးလျှင် တောင်ဝှေးကို ယူငင်၍ မြတ်စွာဘုရားရှင်၏ အထံသို့ သွားလေ၏။

ထိုအခါ များစွာသော ဥစ္စာနှစ် ရှိသော်လည်း ခေါင်းပါးသော အဝတ်ရုံ ရှိသော အမျိုးအမည်အားဖြင့် မထင်ရှားသော ပုဏ္ဏားကြီးသည် မြတ်စွာဘုရား ရှိတော်မူရာ အရပ်သို့ ချဉ်းကပ်လေ၏။ ချဉ်းကပ်ပြီး၍ သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ ထိုင်နေ၏၊ မြတ်စွာဘုရားသည် သင့်တင့်လျောက်ပတ် တစ်ခုသော အရပ်၌ ထိုင်နေသော ထိုပုဏ္ဏားကြီးနှင့် အတူတကွ ပဋိသန္ထာရကို ပြုတော်မူ၍ ပုဏ္ဏားကြီး အသင်ကား ခေါင်းပါးကြုံလှီသောကိုယ် ရှိ၏။ ခေါင်းပါးသော အဝတ်အရုံ ရှိ၏။ အကြောင်း အသို့နည်းဟု ဤသို့သော စကားကို မေးမြန်း မိန့်ဆိုတော်မူ၏။ အို ရှင်ဂေါတမ ဤအရပ်၌ အကျွန်ုပ်အား လေးယောက်ကုန်သော သားတို့သည် ရှိပါကုန်၏။ ထိုသားတို့သည် မိမိတို့၏ မယားတို့နှင့် အတူတကွ တိုင်ပင်ကြကုန်၍ အကျွန်ုပ်ကို အိမ်မှ ထွက်သွားစေ ပါကုန်၏ဟု လျှောက်ကြား၏။ “ပုဏ္ဏားကြီး ထိုသို့ ဖြစ်ပါမူကား အသင်သည် ဤဂါထာတို့ကို သင်ယူ၍ အစည်းအဝေး ပြုလုပ်ရာ သဘင်၌ လူစည်းဝေးရာသို့ အသင်၏ သားတို့သည် လာရောက်စည်းဝေးမိကုန်သည် ရှိသော် ရွတ်ဆိုလေ လော့”ဟု မိန့်တော်မူပြီး ဂါထာတို့ကို သင်ပြ၍ ပေးတော်မူ၏။

ထိုပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ အထံတော်၌ ဂါထာတို့ကို သင်ယူ၍ ထိုသို့သဘောရှိသော ပုဏ္ဏားတို့ အစည်းအဝေး ဖြစ်သောနေ့၌ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော မိမိသားတို့သည် ထိုအစည်းအဝေး သဘင်သို့ လာရောက်သက်ဝင်၍ ပုဏ္ဏားတို့၏ အလယ် ကြီးကျယ်သတ်မှတ် မြတ်သောသူတို့အား ထိုက်သော နေရာ၌ ထိုင်နေကုန်သည် ရှိသော် ဤအခါ သည်ကား ငါ့အား သင့်လျော်လျောက်ပတ်သော အခါတည်းဟု ကြံ၍ အစည်းအဝေးခွင် သဘင်အလယ်၌ ဝင်ရောက်ပြီးလျှင် လက်ကို ပင့်မြှောက်၍ ငါသည် အသင်တို့အား ဂါထာတို့ကို ရွတ်ဆို ပြောပြခြင်းငှါ အလိုရှိပါ၏။ အသင်တို့ ကြားနာကုန်လတ္တံ့လောဟု ပြောဆို၍ ပုဏ္ဏားကြီး ရွတ်သာ ရွတ်ဆို ပါလော့ ငါတို့ ကြားနာကုန်အံ့ဟု ပြောဆိုသည် ရှိသော် ပုဏ္ဏားကြီးသည် ရပ်တည်လျက်သာလျှင် ဤဂါထာတို့ကို ရွတ်ဆိုလေ၏—

ယေဟိ ဇာတေဟိ နန္ဒိဿံ၊ ယေသဉ္စ ဘဝမိစ္ဆိသံ။
တေ မံ ဒါရေဟိ သံပုစ္ဆ၊ သာဝ ဝါရေန္တိ သူကရံ။

အသန္တာ ကိရ မံ ဇမ္မာ၊ တာတ တာတာတိ ဘာသရေ။
ရက္ခသာ ပုတ္တရူပေန၊ တေ ဇဟန္တိ ဝယောဂတံ။

အဿောဝ ဇိဏ္ဏော နိဗ္ဘောဂေါ၊ ခါဒနာ အပနီယတိ။
ဗာလကာနံ ပိတာ ထေရော၊ ပရာဂါရေသု ဘိက္ခတိ။

ဒဏ္ဍောဝ ကိရ မေ သေယျော၊ ယဉ္စေ ပုတ္တာ အနဿဝါ။
စဏ္ဍမ္ပိ ဂေါဏံ ဝါရေတိ၊ အထော စဏ္ဍမ္ပိ ကုက္ကုရံ။

အန္ဓကာရေ ပုရေ ဟောတိ၊ ဂမ္ဘီရေ ဂါဓမေဓတိ။
ဒဏ္ဍဿ အာနုဘာဝေန၊ ခလိတွာ ပတိတိဋ္ဌတိ။

သားလေးယောက် ဖွားမြောက်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ နှစ်သက်ခဲ့ရပေပြီ။ သားတို့၏ ကြီးပွားမှုကိုလည်း တောင့်တတိုင်း ပြည့်ခဲ့ပြီ။ သို့သော် သားတို့သည် သူတို့၏ မယားတို့နှင့် တိုင်ပင်ကြကာ ခွေးတို့သည် အိမ်နေဝက်ကို ဟောင်ဟိန်း ချောက်လှန့်သကဲ့သို့ ငါ့ကို မြစ်တားကြကုန်သတတ်။

သူတော်မဟုတ် သူယုတ်ဘီလူးတို့သည် သားအသွင်ဆောင်၍ ငါ့ကို "ဖခင် ဖခင်" ဟု ခေါ်ခဲ့ကြကုန်၏။ သူတော်မဟုတ် သူယုတ်သားတို့သည် အရွယ် အိုမင်းလာသောအခါ ငါ့ကို စွန့်ပစ်ကြကုန်ပြီတကား။

အိုမင်းရင့်ရော်၍ အားအင်ကုန်ဆုံး အသုံးမကျတော့သည့် မြင်းအိုကြီးကို စားကျင်းမှ ဖယ်ထုတ်သကဲ့သို့ ထို့အတူ ငါ့ကိုလည်း ဖယ်ထုတ်ကြလေကုန်ပြီ။ သားမိုက်တို့၏ ဖခင် လူအိုကြီး ငါသည် သူတစ်ပါးအိမ်တို့၌ လှည့်လည်တောင်းခံစားသောက်ခဲ့ရပြီတကား။

ငါ၏ သားတို့သည် မှီခိုရာ မဖြစ်ကုန်။ အလိုသို့ မလိုက်ကုန်။ ငါကိုင်သော တောင်ဝှေးကမှ ကောင်းမြတ်ပေ၏။ နွားရိုင်းကိုလည်းကောင်း၊ ခွေးဆိုးကိုလည်းကောင်း တောင်ဝှေးက ဖယ်ရှားတားမြစ်နိုင်ပေ၏။ အမှောင်ထဲ၌လည်းကောင်း၊ ရေအနက်၌လည်းကောင်း တောင်ဝှေးကို အဖော်ပြု၍ သွားလာနိုင်ပေ၏။ ချော်ချော်သည် ရှိသော်လည်း တောင်ဝှေးဖြင့် ဖေးကူ ပြန်မတ်နိုင်ပေ၏တကား။

ထိုအခါ၌လည်း လူတို့အား “အကြင်သူတို့သည် အမိအဘတို့၏ ပစ္စည်းဉစ္စာကို သုံးဆောင်စားသောက်လျက် အမိအဘတို့ကို မလုပ်ကျွေး မမွေးမြူ၊ ထိုသူကို သတ်အပ်၏” ဟူ၍ ကတိကဝတ် ပြုထားအပ်သည် ဖြစ်၏။ ထို့ကြောင့် ဂါထာတို့ကို ကြားနာရကုန်သော ပုဏ္ဏားကြီး၏ ထိုသားတို့သည် ဖခင်၏ခြေတို့၌ ဝပ်စင်းကျရောက်၍ ဖခင် အကျွန်ုပ်တို့အား အသက်ကို ပေးပါကုန်လော့ဟု ပြောဆို တောင်းပန်ကုန်၏။ ထိုပုဏ္ဏားကြီးသည်လည်း နူးညံ့သော နှလုံးရှိသဖြင့် အို အချင်းတို့ ငါ၏ သားတို့ကို မဖျက်ဆီးကြပါကုန်လင့်။ ငါ့ကို မွေးမြူကြကုန်လတ္တံ့ဟု ပြောဆို၏။ ထိုအခါ ပုဏ္ဏားကြီး၏ သားတို့ကို လူတို့က အိုအချင်းတို့ ယနေ့မှ စ၍ ဖခင်ကို အကယ်၍ မလုပ်ကျွေး မပြုစုကုန်အံ့။ အသင်တို့အား သတ်ကုန်အံ့ဟု ပြောဆိုကုန်၏။ ထိုသားတို့သည် ရှုံကြောက်ကုန်သည် ဖြစ်၍ ဖခင်ကို အင်းပျဉ်၌ ထိုင်စေပြီးသော် ကိုယ်တိုင်ပင့်မြှောက်ချီ၍ အိမ်သို့ ပို့ဆောင်ပြီးလျှင် ကိုယ်ကို ဆီဖြင့် ဆုပ်နယ်လိမ်းကျံ၍ နံ့သာမှုန့် စသည်တို့ဖြင့် ရေချိုးစေပြီးသော် မယား ပုဏ္ဏေးမတို့ကို ခေါ်စေ၍ ယနေ့မှ စ၍ ငါတို့၏ ဖခင်ကို ကောင်းစွာ ပြုစုလုပ်ကျွေးကုန်လော့။ အကယ်၍ မေ့လျော့ခြင်းသို့ရောက်ကုန်အံ့။ အသင်တို့အား နှိပ်ကွပ်ကုန်အံ့ဟု ပြောဆို၍ မွန်မြတ်သော ဘောဇဉ်ကို ကျွေးကုန်၏။ ပုဏ္ဏားကြီးသည် ကောင်းသော ဘောဇဉ် စားသုံးရခြင်းကို လည်းကောင်း၊ ချမ်းသာစွာ အိပ်ရ နေရခြင်းကို လည်းကောင်း စွဲ၍ နှစ်ရက်, သုံးရက်ကို လွန်သဖြင့် ကောင်းစွာ ဖြစ်သော ခွန်အားတက်ပွားပြည့်ဖြိုးသော ဣန္ဒြေရှိသည် ဖြစ်၍ အတ္တဘောကို ကြည့်ရှုပြီးသော် ငါ့အား ဤသို့သော စည်းစိမ်ချမ်းသာကို ရဟန်းဂေါတမကို အမှီပြု၍ ရအပ်ပေ၏ဟု ကြံစည်ပြီးလျှင် လက်ဆောင်အကျိုးငှါ တစ်ခုသော ပုဆိုးအစုံကို ယူ၍ မြတ်စွာဘုရား ထံတော်သို့ သွားရောက်ပြီးလျှင် ပဋိသန္ထာရ ပြုပြီးသောအခါ လျောက်ပတ်စွာသော တစ်ခုသော နေရာ၌ ထိုင်နေလျက် ထိုပုဆိုးအစုံကို မြတ်စွာ

ဘုရား၏ ခြေတော်ရင်း၌ ထား၍ အို ရှင်ဂေါတမ ငါတို့ ပုဏ္ဏားတို့မည်သည် ဆရာဖြစ်သော သူအား ဆရာ၏ အဖို့ဥစ္စာကို ရှာမှီးရကုန်၏။ ဆရာဖြစ်သော အရှင်ဂေါတမသည် အကျွန်ုပ်၏ ဆရာအဖို့ ဥစ္စာဖြစ်သော ပုဆိုးအစုံကို ခံယူတော်မူလော့ဟု ပြောဆိုလျှောက်ထား၏။

မြတ်စွာဘုရားသည် ထိုပုဏ္ဏားကြီးအား အစဉ်သနားတော်မူသဖြင့် ထိုပုဆိုးအစုံကို ခံယူ၍ တရားကို ဟောကြားတော်မူ၏။ ဒေသနာတော်၏ အဆုံး၌ ပုဏ္ဏားကြီးသည် သရဏဂုံတို့၌ တည်၍ အို အရှင်ဂေါတမ အကျွန်ုပ်၏ သားတို့သည် အကျွန်ုပ်အား လေးခုကုန်သော အမြဲမပြတ် ဘတ်ဖြင့် လုပ်ကျွေးခြင်းဟု ဆိုအပ်သော ဓုဝဘတ်တို့ကို ပေးကြပါကုန်၏။ ထိုဓုဝဘတ်တို့မှ နှစ်ခုကုန်သော ဓုဝဘတ်တို့ကို အရှင်ဘုရားတို့အား ပေးလှူပါ၏ဟု ဤကဲ့သို့ လျှောက်ကြားလေ၏။ ထိုအခါ မြတ်စွာဘုရားက ထိုပုဏ္ဏားကြီးကို ပုဏ္ဏားကြီး ကောင်းလှပေ၏။ ငါဘုရားတို့မူကား နှစ်သက်သော အရပ်သို့သာလျှင် သွားကုန်အံ့ဟု မိန့်ဆိုတော်မူပြီး၍ လွှတ်လိုက်၏။ ပုဏ္ဏားကြီးသည် အိမ်သို့ သွားရောက်၍ သားတို့ကို ဤသို့ ပြောဆို၏။ အဘယ်သို့ ပြောဆိုသနည်းဟူမူ အိုအမောင်ချစ်သားတို့ ရဟန်းဂေါတမသည် ငါ့ဖခင်၏ အဖော် အဆွေခင်ပွန်းပေတည်း၊ ထိုရဟန်းဂေါတမအား ငါသည် နှစ်ခုကုန်သော ဓုဝဘတ်တို့ကို ပေးလှူအပ်ကုန်၏။ အသင် ချစ်သားတို့သည် ထိုရဟန်းဂေါတမ လာရောက်သည် ရှိသော် မမေ့လျော့ကုန်လင့်ဟု ပြောဆို၏။ ထိုသားတို့က ဖခင် ကောင်းလှပါပြီဟု ဝန်ခံကုန်၏။

မြတ်စွာဘုရားသည် တစ်ဖန်မိုးသောက်သော နေ့၌ ဆွမ်းအလို့ငှါ လှည့်လည်လျက် အကြီးဖြစ်သော သား၏ အိမ်တံခါးသို့ ကြွသွားတော်မူ၏။ ထိုသားကြီးသည် မြတ်ဘုရားကို မြင်လျှင် သပိတ်ကိုယူ၍ အိမ်သို့ပင့်သွားပြီးသော် မြတ်သော သူတို့အား ထိုက်သော ပလ္လင်၌ ထိုင်နေစေ၍ မွန်မြတ်သော ဘောဇဉ်ကို ပေးလှူ၏။ မြတ်စွာဘုရားသည် တစ်ဖန်မိုးသောက်သော နေ့၌ သားအကြီးမှ တစ်ပါးသော နှစ်ယောက်မြောက်သော သားငယ်၏လည်း အိမ်တံခါးသို့ ကြွသွားတော်မူ၏။ ဤသို့ အစဉ်အတိုင်းအားဖြင့် အလုံးစုံသော သားတို့၏ အိမ်တို့သို့ ကြွသွားတော်မူ၏။ အလုံးစုံသော သားတို့သည် ထိုသားကြီးအတူသာလျှင် ပူဇော်သက္ကာရကို ပြုကြကုန်၏။ တစ်နေ့သော အခါ၌ သားကြီးသည် ပြုလုပ်ဖွယ်ရာ မင်္ဂလာအမှုသည် ရှေးရှုထင်သည် ရှိသော် ဖခင်ပုဏ္ဏားကြီးကို ဖခင် အဘယ်သူအား မင်္ဂလာအလှူကို ပေးလှူရပါကုန်အံ့နည်းဟု မေးမြန်းပြောဆို၏။ ချစ်သား ငါသည် တစ်ပါးသောသူတို့ကို မသိ။ ရဟန်းဂေါတမသည် ငါ၏အဖော် အဆွေခင်ပွန်းပေတည်းဟု ပြောဆို၏။ ထိုသို့ဖြစ်ပါမူကား အသင်ဖခင်သည် နက်ဖြန်အလို့ငှါ ငါးရာသော ရဟန်းတို့နှင့် အတူတကွ ပင့်ဖိတ်ပါကုန်

လေ့ဟု ပြောဆိုသဖြင့် ပုဏ္ဏားကြီးသည် ထိုသို့ပြောဆိုသည့်အတိုင်း ပြုလုပ်၏။ တစ်ဖန် မိုးသောက်သောနေ့၌ အခြံအရံနှင့် တကွသော မြတ်စွာဘုရားသည် ထိုသားကြီး၏ အိမ်သို့ ကြွသွားတော်မူ၏။ ထိုသားကြီးသည် စိမ်းစိုသော မြေညက်ဖြင့် လိမ်းကျံအပ်သော အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော အိမ်၌ ဘုရားအမှူးရှိသော ရဟန်းသံဃာကို ထိုင်နေ သီတင်းသုံးစေ၍ ရေမရောသော ကောင်းမြတ်သော နို့ဃနာဆွမ်းဖြင့် လည်းကောင်း မွန်မြတ်သော ခဲဖွယ်ဖြင့်လည်းကောင်း လုပ်ကျွေး၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးသော အကြားကာလ၌သာလျှင် ပုဏ္ဏားကြီး၏ လေးယောက်ကုန်သော သားတို့သည် မြတ်စွာဘုရား၏ အနီး၌ ထိုင်နေကုန်၍ အိုအရှင်ဂေါတမ အကျွန်ုပ်တို့သည် အကျွန်ုပ်တို့၏ ဖခင်ကို ပြုစုလုပ်ကျွေးပါကုန်၏။ မမေ့မလျော့ကြပါကုန်။ ထိုဖခင်၏ အတ္တဘောကို ကြည့်ရှုတော်မူပါကုန်လော့ဟု လျှောက်ထားကြကုန်၏။ မြတ်စွာဘုရားက အသင်တို့ပြုအပ်သော အမှုသည် ကောင်းလှပေ၏။ အမိအဘတို့ကို လုပ်ကျွေးမွေးမြူခြင်းမည်သည် ရှေး၌ ဖြစ်ကုန်သော ပညာရှိတို့၏ အလေ့အကျက်သာလျှင်တည်းဟု မိန့်တော်မူပြီး၍ "တဿ နာဂဿ ဝိပ္ပဝါသေန၊ ဝိရူဠှာ သလ္လကီ စ ကုဋဇာ စ" အစရှိသော ကောဒသကနိပါတ် ၌ မာတုပေါသက ဆင်မင်းဇာတ်ကို အကျယ်ဝိတ္ထာရအားဖြင့် ဟောကြားတော်မူ၏။

## အမိကို လုပ်ကျွေးသော ဘုရားလောင်း ဆင်မင်းဝတ္ထု

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီပြည်မြတ်၌ ဗြဟ္မဒတ်မင်းကြီးသည် မင်းအဖြစ်ကို ပြုသည်ရှိသော် ငါဘုရားအလောင်းတော်သည် ဟိမဝန္တာအရပ်ဝယ် ဆင်မျိုး၌ဖြစ်၍ အလုံးစုံ ဖွေးဖွေးဖြူသည် အလွန် အဆင်းလှသည် ကြည့်ရှုဖွယ် ကောင်းသည် ကြည်ညိုဖွယ် ရှိသည် လက္ခဏာကြီးငယ်နှင့် ပြည့်စုံသည် စိတ်နှလုံးပွားခြင်းကို ပြုတတ်သည် ဖြစ်ပေ၏။ ရှစ်သောင်းသော ဆင်အပေါင်း အခြံအရံရှိ၏။ ထိုဘုရားအလောင်း ဆင်မင်းသည် အရွယ်ယိုယွင်း အိုမင်းလေပြီးသော မိခင်ကို လုပ်ကျွေးမွေးမြူ၏။ ထိုဘုရားအလောင်း၏ မိခင် ဆင်မသည်ကား အန္ဓဖြစ်သော ကန်းသောမျက်စိရှိ၏။ ထိုဘုရားအလောင်း ဆင်မင်းသည် ချိုမြိန်ညံ့ပျောင်း ကောင်းသည်ထက် ကောင်းကုန်သော သစ်သီးကြီးငယ်တို့ကို ဆင်တို့အား ပေးအပ်၍ မိခင်၏ အထံသို့ ပို့စေ၏။ ဆင်တို့သည် ထိုမိခင်ဆင်မအား မပေးမူ၍ မိမိတို့သည်သာလျှင် စားကုန်၏။ ဘုရားအလောင်းသည် စူးစမ်းဖမ်းယူသည်ရှိသော် ထိုသို့သော အကြောင်းဖြစ်ခြင်းကို သိ၍ ဆင်အပေါင်းကို စွန့်ပြီးလျှင် မိခင်ကိုသာလျှင် လုပ်ကျွေးတော့အံ့ဟု ကြံစည်၍ ညဉ့်အဖို့၌ တစ်ပါးသော ဆင်တို့ မသိကုန်စဉ် မိခင်ကို ခေါ်ယူ၍

စင်္ကြောရဏ တောင်ခြေသို့ သွားပြီးလျှင် ဝ.စ်ခုသော ကျူတောကို အမှိုပြုကာ တည်သော တောင်လိုဏ်ဂူ၌ မိခင်ကိုထား၍ ပြုစုလုပ်ကျွေး မွေးမြူ၏။ ထိုအခါ ဗာရာဏသီပြည်၌ နေခလေ့ရှိသော တစ်ယောက်သော ဟောလည် မုဆိုးသည် ခရီးလမ်းမှားသည်ဖြစ်၍ အရပ်မျက်နှာကို ပိုင်းခြားသ တ်မှတ်ခြင်းငှါ မစွမ်းနိုင် သောကြောင့် ကျယ်စွာသေ ာ အသံဖြင့် ငိုကြွေးမြည်တမ်း၏။

## အလောင်းတော်ဆင်မင်းသည် ပုဏ္ဏားယုတ်ကို ကယ်ဆယ်ခြင်း

ဘုရားလောင်း ဆင်မင်းသည် ထိုမုဆိုး၏ အသံကိုကြား၍ ဤယောကျ်ားကား အားထား ခိုကိုးရာ မဲ့လေပြီ။ ငါသည် ထင်ရှားရှိလျက် ဤယောကျ်ားသည် ဤအရပ်၌ အကြင်သို့သောအကြောင်းကြောင့် ပျက်စီးရ၏။ ထိုသို့ပျက်စီးခြင်း သည် မသင့်လျော်ချေတကားဟု ကြံစည်ပြီးလျှင် ထိုမုဆိုး၏ အထံသို့ သွားသည်ရှိသော် ကြောက်၍ရွံ့ခြင်းကြောင့် ထွက်ပြေးသော ထိုမုဆိုးကို မြင်၍ အိုအချင်းယောကျ်ား ငါ့ကိုမှီ၍ အသင့်အား ဘေးမရှိ မထွက်ပြေးလင့် အဘယ်ကြောင့် အသင်သည် ငိုကြွေးမြည်းတမ်းလျက် လှည့်လည်ဘိသနည်းဟု မေး၏။ အရှင် အကျွန်ုပ်သည် ခရီးလမ်းမှားခဲ့ပါ၏။ ယနေ့အကျွန်ုပ်အား ခုနစ် ရက်မြောက် ရှိခဲ့ပါပြီဟု ပြောဆိုသည်ရှိသော် အိုယောကျ်ား မကြောက်လင့် ငါသည် အသင့်ကို လူတို့၏ လမ်းကြောင်းခရီး၌ ပို့ရောက် တင်ထားပေအံ့ဟု ပြောဆိုပြီးလျှင် ထိုမုဆိုးကို မိမိ၏ ကျောက်ကုန်းထက်၌ ထိုင်နေစေ၍ တောမှ ထုတ်ဆောင်ပြီးသော် ပြန်လ ည်လေ၏။ ယုတ်မာသော ထိုမုဆိုးသည်လည်း မြို့သို့ သွားရောက်၍ မင်းကြီးအား လျှောက်ကြားအံ့ ဟူသော အကြံဖြင့် သစ်ပင်အမှတ် တောင်အမှတ်ကို ပြုလျက်သာလျှင် ထွက်သွား၍ ဗာရာဏသီ ပြည်သို့ သွားလေ၏။

ထိုအခါ မင်းကြီး၏ မင်္ဂလာဆင်တော်သည် သေလွန်လေရာ မင်းကြီးသည် "တစ်စုံတစ်ယောက်သောသူသည် တစ်စုံတစ်ခုသော အရပ်၌ မင်္ဂလာ ဆင်ယာဉ် ပြုလုပ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော ဆင်ကို အကယ်၍ တွေ့မြင် အပ်သည်ရှိအံ့။ ထိုသူသည် ပြောကြားစေသတည်း"ဟု စည်ကို လည်စေ၏။ ထိုယောကျ်ားသည် မင်းကြီးသို့ ချဉ်းကပ်၍ အရှင်မင်းမြတ် အကျွန်ုပ်သည် အရှင်တို့အား မင်္ဂလာဆင်ယာဉ် ဖြစ်ခြင်းငှါ သင့်လျော် လျောက်ပတ်သော ကိုယ်လုံးဖွေးဖွေးဖြူသော သီလရှိသောဆင်မင်းကို မြင်အပ်ပါ၏။ အကျွန်ုပ်သည် ခရီးလမ်းကိုပြပါအံ့။အကျွန်ုပ်နှင့်အတူတကွ ဆင်ဆရာတို့ကိုစေလွှတ်၍ ထိုဆင်မင်း ကို ဖမ်းယူပါစေကုန်လော့ ဟု လျှောက်တင်၏။ မင်းကြီးသည် ကောင်းပြီဟု

ဝန်ခံ၍ ထိုမုဆိုးကို ခရီးညွှန်ပြလျက် တောသို့သွား၍ ဤမုဆိုးကင်လျှောက်သော ဆင်ကြီးကို ဆောင်ကုန်လော့ဟု မိန့်ဆို၍ ထိုမုဆိုးနှင့် အတူတကွ ကြီးစွာသော အခြံအရံဖြင့် ဆင်ဆရာကို စေလွှတ်၏။ ထိုဆင်ဆရာသည် မုဆိုးနှင့် အတူတကွ သွား၍ ကျူကောသွင်း ကျက်စားနေသော ဘုရားအလောင်း ဆင်မင်းကို တွေ့မြင်လေ၏။ ဘုရားအလောင်းသည်လည်း ဆင်ဆရာကို မြင်၍ ဤဘေးသည် တစ်ပါးသော အရပ်မှဖြစ်သော ဘေးမဟုတ်။ သူ၏အသက်ကို ငါကယ်လိုက်သော ထိုယောကျ်ားထံ အထံမှ ဖြစ်ပေါ်လာလတ္တံ့၊ စင်စစ်သော်ကား ငါသည် ကြီးသော ခွန်အားရှိ၏၊ တစ်ထောင်သော ဆင်ကိုလည်း ဖျက်ဆီးခြင်းငှါ စွမ်းနိုင်သည် ဖြစ်၏။ အမျက်ထွက်သည် ရှိသော် တိုင်းပြည်နှင့် တကွသော စစ်သည်ဗိုလ်ပါကို ဖျက်ဆီးခြင်းငှါ စွမ်းနိုင်၏။ အကယ်၍ အမျက်ထွက်ခဲ့အံ့။ ငါ၏သီလသည် ပျက်လတ္တံ့။ ထို့ကြောင့် ပ ခု ငါ့အား လှံတို့ဖြင့် ထိုးနှက်သော်လည်း အမျက် မထွက်တော့အံ့ဟု မိဋ္ဌာန်ဆောက်တည်၍ ဦးခေါင်းကို ညွှတ်လျက် မတုန်မလှုပ်သောကျင် ရပ်တည်၏။

အလောင်းတော်ဆင်မင်းကို ဗာရာဏသီသို့

ဆောင်ယူပုံ

ဆင်ဆရာသည် ပဒုမ္မာအိုင်သို့ သက်ဆင်း၍ ဆင်မင်း၏ လက္ခဏာ ပြည့်စုံခြင်းကို မြင်သည်ရှိသော် ချစ်သား လာလှည့်လော့ဟု ပြောဆို၍ ငွေပန်းဆိုင်းနှင့် တူသော နှာမောင်း၌ကိုင်ဆွဲ၍ ခေါ်လာသော် ခုနစ်ရက်မြောက်သော နေ့၌ ဗာရာဏသီပြည်သို့ ရောက်လေ၏။ ဘုရားအလောင်း၏ မိခင်ဖြစ်သော ဆင်မသည် မိမိ၏ သားမလာသည်ရှိသော် ငါ၏သားကို ပြည့်ရှင်မင်း အမတ်စသည်တို့သည် ဆောင်ယူအပ်သည် ဖြစ်လတ္တံ့၊ ဤယခုအခါ၌ ငါ၏သားနှင့် ကွေကွင်းရခြင်းကြောင့် ဤတောအုပ်သည် အခက်မရှက် ပေါက်စည်ကား ကြီးပွားလတ္တံ့ဟု ငိုကြွေးမြည်တမ်းလျက် ဤနှစ်ဂါထာကို ရွတ်ဆိုလေ၏။

တဿ နာဂဿ ဝိပ္ပဝါသေန၊
ဝိရူဠှာ သလ္လကီ စ ကုဋဇာ စ။
ကုရုဝိန္ဒကရဝီရာ တိသသာမာ စ၊
နိဝါတေ ပုပ္ဖိတာ စ ကဏိကာရာ။

ကောစိဒေဝ သုဝဏ္ဏကာယုရာ၊
နာဂရာဇံ ဘရန္တိ ပိဏ္ဍေန။
ယတ္ထ ရာဇာ ရာဇကုမာရော ဝါ၊
ကဝစမဘိဟေဿတိ အဆမ္ဘိတော။

ငါ၏သားဖြစ်သော ဆင်မင်းနှင့် ကွေကွင်းရသဖြင့် နဘဲပင်တို့သည်လည်း ကောင်း၊ လက်ထုတ်ပင်တို့သည်လည်းကောင်း၊ ကုရုဝိန္ဒ, ကရဝီရ မည်သော သစ်ပင် မြက်ပင်တို့သည်လည်းကောင်း၊ ကြာစွယ် ကြာရင်း ကြာဟင်းပင်တို့ သည်လည်းကောင်း စည်ပင် ကြီးပွားကုန်ရာ၏။ လေကွယ် တောင်ခြေ၌ မဟာ လှေကားပင်တို့သည်လည်း ပွင့်ကုန်ပေရာ၏။

ရွှေတန်ဆာဝတ် အမတ်တစ်ယောက်ယောက်သည် ငါ့သား ဆင်မင်းကို နန်းတော်ကျ ထမင်းလုံးဖြင့် မွေးမြူကုန်ရာ၏၊ ငါ့သား ဆင်မင်း၏ ကျောက်ကုန်း ထက်၌ မင်းဖြစ်စေ အိမ်ရှေ့မင်းသားဖြစ်စေ ထိုင်နေလျက် ရန်သူများ၏ ချပ်ဝတ်တန်ဆာကို မကြောက်မရွံ့ ချေမှုန်းဖျက်ဆီးလတ္တံ့။

ဆင်ဆရာသည်လည်း လမ်းခရီး အကြား၌ သွားစဉ်ဖြစ်လျက်သာလျှင် မင်းကြီးအား သတင်းစကားကို ပေးပို့၏။ ထိုသတင်းစကားကိုကြား၍ မင်းကြီး သည် မြို့ကိုတန်ဆာဆင်စေ၏၊ ဆင်ဆရာသည် ဘုရားလောင်းဆင်မင်းကို နံ့သာ ဖြင့် အပြေအပြစ် ပြုအပ်သော တန်ဆာ ဆင်အပ်သည်နှင့် စပ်ယှဉ်သော ဆင်တင်းကုပ်နန်းတော်သို့ ဆောင်ယူ၍ ဆန်းကြယ်သော တင်းတိမ်အရံဖြင့် ဝန်းရံလျက် မင်းကြီးအား ကြားလျှောက်စေ၏၊ မင်းကြီးသည် အထူးထူးသော ကောင်းမြတ်သော အရသာရှိသော ဘောဇဉ်ကို ယူငင် သွားရောက်၍ ဘုရား လောင်း ဆင် င်းအားပေးစေ၏။ ထိုဆင်မင်းသည် မိခင်ကိုရှောင်ခွါ ကွေကွင်း၍ ကျက်စားခြင်းကို မယူဝေ ၁ဘ်ဟု ကြံ၍ ဘောဇဉ်ထမင်းခဲကို မယူလေပြီ။ ထိုအခါ ဆင်မင်းကို တောင်းပန်လိုသောကြောင့် ဂါထာကိုဆို၏။

**ဂဏှာဟိ နာဂ ကဗဠံ၊ မာ နာဂ ကိသကော ဘဝ။**
**ဗဟူနိ ရာဇကိစ္စာနိ၊ တာနိ နာဂ ကရိဿသိ။**

အသင် ဆင်မင်း စားစရာကို စားပါ၊ အသားအရေ ညှိုးနွမ်းကြုံလှီအောင် မပြုပါနှင့်၊ မင်းတို့ကိစ္စ ပြုဖွယ်များကို အသင် ဆင်မင်းသည် ပြုရပါအံ့။

မင်းကြီး ပြောဆိုသော စကားကို ကြား၍ ဘုရားအလောင်း ဆင်မင်းသည် ဂါထာကို ဆိုလေ၏။

**သာ နူန သာ ကပဏိကာ၊ အန္ဓာ အပရိဏာယိကာ။**
**ခါဏုံ ပါဒေန ဃဋ္ဋေတိ၊ ဂိရိံ စဏ္ဍောရကံ ပတိ။**

မြတ်သော မင်းကြီး အထီးကျန်ဘဝသို့ ရောက်နေလျက် ခရီးညွှန်သူမရှိ မျက်စိမမြင် ထိုဆင်အိုမကြီးသည် စဏ္ဍောရက အမည်ရသော တောင်သို့ ရှေးရှုသွားသည့်အခါ သစ်ငုတ်ဆူးငြောင့်ကို ခြေဖြင့် ထိခိုက်မိယောင်တကား။

ထိုအခါ ဘုရားအလောင်း ဆင်မင်းကို မေးမြန်းလိုသောကြောင့် မင်းကြီးသည် ဤဂါထာကို ရွတ်ဆိုလေ၏။

ကာ နု တေ သာ မဟာနာဂ၊ အန္ဓာ အပရိဏာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေသိ၊ ဂိရိံ စဏ္ဍောရဏံ ပတိ။

မြတ်သော ဆင်မင်း ဤထီးကျန်ဘဝ ရောက်နေလျက် ခရီးညွှန်သူမရှိ မျက်စိမမြင် ထိုဆင်အိုမကြီးသည် စဏ္ဍောရဏ အမည်ရှိသော တောင်သို့ ရှေ့ရှုသွားသည့်အခါ သစ်ငုတ်ဆူးငြောင့်ကို ခြေဖြင့် ထိခိုက်မိယောင်တကားဟု အသင်ဆင်မင်း ဆိုပါ၏၊ ဆင်မကြီးနှင့် အသင် ဆင်မင်းတို့ အသို့ တော်စပ်ပါသနည်း။

ဘုရားအလောင်း ဆင်မင်းသည် ထိုမင်းကြီးမေးသော စကားကို ဖြေကြားလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏။

မာတာ မေ သာ မဟာရာဇ၊ အန္ဓာ အပရိဏာယိကာ။
ခါဏုံ ပါဒေန ဃဋ္ဋေသိ၊ ဂိရိံ စဏ္ဍောရဏံ ပတိ။

မြတ်သော မင်းကြီး မျက်စိမမြင်သော ခရီးညွှန်ယူ ရှေ့ဆောင်သူမရှိသော အကြင်ဆင်အိုမသည် စဏ္ဍောရဏ အမည်ရှိသော တောင်သို့ ရှေးရှုသည် ဖြစ်၍ ကြီးငယ်သော သစ်ငုတ်အပေါင်းကို ခြေဖြင့် တုန်တခိုက်ခိုက် တိုက်ခတ်မိချေအံ့။ အရှယ်ယွင်းယို ထိုဆင်မအိုသည် အကျွန်ုပ်၏ အမိသခင် ကျေးဇူးရှင်ပါတည်းဟု ပြောဆို၏။

မင်းကြီးသည် ဘုရားအလောင်း ဆင်မင်း ဖြေဆိုအပ်သော ခြောက်ခုမြောက်သော ဂါထာဖြင့် အလွန်တရာ သနားကြင်နာဖွယ်ကောင်းလှသော ထိုအကြောင်းကို သိ၍ ဆင်မင်းကို လွှတ်စေလိုသောကြောင့် ဤဂါထာကို ရွတ်ဆို၏။

မုဉ္စထေ'တံ မဟာနာဂံ၊ ယေ'ဿယံ ဘရတိ မာတရံ။
သမေတု မာတရာ နာဂေါ၊ သဟ သဗ္ဗေဟိ ဉာတိဘိ။

အိုအမတ်အပေါင်းတို့ မြတ်သော ဆင်မင်းသည် ကျေးဇူးသခင် မွေးမိခင်ကို ပြုစုမွေးကျွေးပေ၏၊ ကျေးဇူးသိတတ် ဤမြတ်သော ဆင်မင်းကို သင်တို့သည် လွှတ်လိုက်ကြပါ ကုန်လော့ မြတ်သော ဆင်မင်းသည် ကျေးဇူးရှင် မိခင်ဆင်မနှင့်သည်းကောင်း အလုံးစုံကုန်သော အဆွေအမျိုး ဆင်တို့နှင့်လည်းကောင်း အတူတကွ ဝမ်းမြောက်ကြည်ဖြူ ညီညွတ်ခြင်းသို့ ရောက်ပါစေလော့။

## အလောင်းတော်ဆင်မင်းသည် မင်းကြီးအား ဆုံးမခဲ့၍ တောသို့ ပြန်သွားခြင်း

ထို ဘုရားအလောင်းဆင်မင်းသည် အနှောင်အဖွဲ့မှ လွတ်သည်ရှိသော် အနည်းငယ် အပန်းဖြေပြီး မင်းကြီးအား ဆယ်ပါးသောရာဇဓမ္မဂါထာဖြင့် တရားကို ဟောကြား၍ မြတ်သော မင်းကြီး မမေ့မလျော့သည် ဖြစ်ဘိလော့ဟု အဆုံးအမကို ပေး၏၊ များစွာသော လူအပေါင်းတို့၏ နံ့သာ ပန်းစသည်တို့ဖြင့် ပူဇော်မှုကို ခံယူလျက် မြို့မှ ထွက်ပြီးသော် ထိုနေ့၌ပင်လျှင် ပဒုမ္မာအိုင်သို့ ရောက်၏။ မိခင်အတွက် အစားအစာကို ငါကိုယ်တိုင် ယူဆောင်အံ့ဟု ကြံပြီးလျှင် များစွာသောကြာစွယ်ကို ယူ၍ နှာမောင်းပြည့်လောက်သောရေကို ယူဆောင်ပြီး ဂူ၏ တံခါး၌ နေသောမိခင်၏အထံသို့ သွား၏။ ခုနစ်ရက်ပတ်လုံး အစာအာဟာရကင်းသဖြင့် မိခင်၏ ကိုယ်အတွေ့ရခြင်းအကျိုးငှာ မိခင်၏ အသက်၌ ရေကို သွန်းလောင်း ဆွတ်ဖျန်း၏။

ဘုရားလောင်း၏ မိခင် ဆင်မသည်လည်း မိုးရွာ၏ဟူသော အမှတ်ဖြင့် ထိုမိုးကို ဆဲရေးရေရွတ်လိုသည် ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏။

ကောယံ အနရိယော ဒေဝေါ၊ အကာလေနပိ ပဝဿတိ။
ဂတော မေ အတြဇော ပုတ္တော၊ ယော မယှံ ပရိစာရကော။

ငါ့ ငါ့ဆင်မအိုကို အစာရေစာ ဖွေရှာလုပ်ကျွေးသော, သားကောင်း သားမွန်ဖြစ်သော အကြင်ငါ၏ သားသည် အရပ်တစ်ပါး ဖဲသွားခဲ့ရလေ၏။ သားနှင့်ဝေးကွာ၍ အစာရေစာအတွက် ဒုက္ခရောက်နေရသော ငါဆင်မကို အကြင်မိုးသည် အချိန်သင့်စွာ အခါမဟုတ်သဖြင့်လည်း ရွာသွန်းခဲ့၏။ ဤမိုးသည် အဘယ်သို့သော မိုးမျိုးပေနည်း။

ထိုအခါ ဘုရားအလောင်းဆင်မင်းသည် ထိုမိခင်ဆင်မကို သက်သာရာရစေလျက် ဤဂါထာကို ရွတ်ဆိုလေ၏။

ဥဋ္ဌေဟိ အမ္မ ကိံ သေသိ၊ အာဂတောတျာဟံ မတြဇော။
မုတ္တောမှိ ကာသိရာဇေန၊ ဝေဒေဟေန ယဿသိနာ။

အိုမိခင် ထပါလော့။ အဘယ်သို့သော အကြောင်းကြောင့် ဤမျှလောက် ကာလကြာအောင် လွန်စွာအိပ်နေဘိသနည်း၊ ကျေးဇူးအရှင် သင်မိခင်၏ သားရင်းဖြစ်သော အကျွန်ုပ်သည် ယခုတစ်ဖန် ပြန်ရောက် လာခဲ့ပါပြီ။ သူတစ်ပါးအား သနားစိတ်ကြီး လျှင်မြန်သောဉာဏ်ပညာရှိသော, များစွာသော အခြံအရံရှိသော ကာသိမင်းမြတ်သည် လွှတ်လိုက်အပ်သည် ဖြစ်ပါပြီ။

ဆင်မင်းပြောဆိုသော စကားကိုကြား၍ ထိုမိခင်ဆင်မသည် မင်းကြီးအား ဝမ်းမြောက်ဝမ်းသာ အနုမောဒနာကို ပြုလိုသည်ဖြစ်၍ ဤဂါထာကို ရွတ်ဆို၏။

စိရံ ဇီဝတု သော ရာဇာ၊ ကာသီနံ ရဋ္ဌဝဍ္ဎနော။
ယော မေ ပုတ္တံ ပမောစေသိ၊ သဒါ ဝုဒ္ဓါပစာယိကံ။

ကာသိတိုင်းသူတို့၏ အကျိုးစီးပွားကို ဆောင်တော်မူတတ်သော အကြင် မင်းမြတ်သည် နေ့ရောညဉ့်ပါမိခင်အိုကို အရိုအသေ လုပ်ကျွေးသော ငါ၏ ချစ်စွာသောသားကို သာယာနူးညွတ် လွှတ်လိုက်ပါပေ၏။ ထိုမင်းသည် ကြာမြင့်ရှည်စွာ သက်တော်ရှည်ပါစေသတည်း။

ကာသိမင်းသည် အလောင်းတော်ဆင်မင်းကို ဆည်းကပ်လုပ်ကျွေးခြင်း

ထိုအခါ ကာသိမင်းသည် ဘုရားလောင်း၏ ဂုဏ်ကျေးဇူး၌ ကြည်ညို၍ ကျူတောင်း အနီး၌ ရွာကို တည်ထောင်ဖန်ဆင်းစေပြီးသော် ဘုရားလောင်း အား လည်းကောင်း၊ ဘုရားလောင်း၏ မိခင် ဆင်မအား လည်းကောင်း အမြဲမပြတ်သော ပြုစုလုပ်ကျွေးခြင်း ဝတ်ကို ဖြစ်စေ၏။ နောက်အဖို့၌ ဘုရားအလောင်း ဆင်မင်းသည် မိခင်ဆင်မ သေလွန်သဖြင့် ထိုဆင်မ၏ ကိုယ်အလောင်းကို ကောင်းစွာ အစောင့်အရှောက်ကို ပြုပြီးသော် ကာရဏ္ဍက-အသမပဒမည်သော အရပ်သို့ သွားလေ၏။ ထိုအရပ်၌ကား ဟိမဝန္တာမှ သက်ဆင်း၍ ငါးရာကုန်သော ရသေ့တို့သည် နေကြကုန်၏။ မိမိအား ပြုစု လုပ်ကျွေးသော ထိုဝတ်ကို ထိုရသေ့တို့အား ပေးလှူ၏။ ကာသိကမင်းသည် ဘုရားလောင်းနှင့်တူသော အဆင်းရှိသော ကျောက်ဖြင့်ပြီးသော ဆင်ရုပ်ကို ထုလုပ်၍ ကြီးစွာသော ပူဇော်သက္ကာရကို ဖြစ်စေ၏။ အလုံးစုံသော ဇမ္ဗူဒိပ်၌ နေကြကုန်သော သူတို့သည် နှစ်တိုင်း နှစ်တိုင်း ပေါင်းဆုံစုဝေးကြ၍ ဆင်မင်း ပူဇော်ပွဲ မည်သည်ကို ပြုလုပ်ကုန်၏။ မြတ်စွာဘုရားသည် ဤသို့သော မာတု-ပေါသက ဆင်မင်းဇာတ်ကို အကျယ်ဝိတ္ထာရအားဖြင့် ဟောပြတော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

ဓနပါလော နာမ ကုဉ္ဇရော၊ ကဋုကဘေဒနော ဒုန္နိဝါရယော။
ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ၊ သုမရတိ နာဂဝနဿ ကုဉ္ဇရော။

ထက်သော မုန်ရှိသော ဆင်တင်းကုပ်သို့ သွင်းကာ နှောင်ဖွဲ့ထားသော ဓနပါလ အမည်ရှိသော မိခင်ကို လုပ်ကျွေးသူ ဆင်မင်းသည် မျှလောက်ရှိမျှ

အာဟာရကို မသုံးဆောင်နိုင်တော့သည်သာ၊ ဆင်မင်းသည် မျက်မမြင် ဆင်အိုမကြီး ပျော်စံရာ ကုံကော်တောကိုသာ အောက်မေ့၍သာ နေသတည်း။

ထိုဂါထာ၌– ဓနပါလော နာမ ဟူသည် ကာသိကမင်းသည် ဆင်ဆရာကို စေခိုင်း၍ မွေ့လျော်ဖွယ် ကောင်းသော ကုံကော်တော၌ ဖမ်းယူအပ်သော ဆင်၏ အမည်တည်း။

ကဋုကဘေဒနော ဟူသည် ထက်သော မုန်ယစ်ခြင်းရှိသော ဟူလို။

ဆင်တို့၏ မုန်ယစ်ရာအခါ၌ နားတို့သည် ကွဲကုန်၏။ သာမန်ပကတိသော ဆင်သော်မှလည်း ထိုမုန်ယစ်ရာ အခါ၌ ချွန်းဘို့ကိုလည်းကောင်း၊ လှံ၊ လှံမ ပ္ပ်ကို လည်းကောင်း မရေတွက် မကြောက်ရွံ့ကုန်၊ ကြမ်းတမ်း ကုန်၏။ ထိုဓနပါလမည်သော ဆင်သည်မူကား အလွန် ကြမ်းကြုတ်သည်သာတည်း။ ထို့ကြောင့် "ကဋုကဘေဒနော ဒုန္နိဝါရယော" ဟူ၍ ဆိုအပ်၏။

ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ ဟူသည် ထိုဖမ်းဆီးအပ်သော ဆင်မင်းသည် ဆင် တင်းကုပ်သို့ ဆောင်၍ အဆန်းတကြယ် စီရင်အပ်သော တင်းတိမ်ကန့်လန့်ကာ တို့ဖြင့် ကာရံစေ၍ အသုံးအဆောင်တို့ကို အနံ့ဖြင့် ပြုလုပ်စီမံလျက် အထက်၌ ဆန်းကြယ်စွာ ကပ်ဆင်အပ်သော မျက်နှာကြက် ရှိသည်ဖြစ်၍ မြေ၌ရပ်လျက် မင်းအားထိုက်သော အရသာထူးသော ဘောဇဉ်ဖြင့် မင်းသည် ပြုစုကျွေးမွေး ပါသော်လည်း အနည်းငယ်မျှ စားခြင်းငှါ အလိုမရှိ၊ ထိုအကြောင်းကို ရည်ရွယ်၍ "ဗဒ္ဓေါ ကဗဠံ န ဘုဉ္ဇတိ" ဟု ဆိုအပ်၏။

သုမရတိ နာဂဝနဿ ဟူသည် ထိုဓနပါလဆင်သည် ငါ၏နေရာအရပ်သည် မွေ့လျော်ဖွယ်ရှိ၏ဟု ကုံကော်တောကို သတိရ၏၊ ငါ၏မိခင်သည် တော၌ သားမရှိတော့ခြင်းကြောင့် ဆင်းရဲဒုက္ခ ရောက်နေရပြီ၊ ငါ့အား အမိအဘကို လုပ်ကျွေးမှု ကာရားသည် မပြည့်စုံတော့၊ ငါ့အား ဤဘောဇဉ်ဖြင့် အဘယ်သို့ ပြုရအံ့နည်း" ဟု တရားနှင့် ယှဉ်သော အမိအဘကို လုပ်ကျွေးလိုမှုကိုသာလျှင် သတိရ အောက်မေ့နေပြီး ထိုမိဘကို လုပ်ကျွေးမှုကို ထိုကုံကော်တော၌ နေမှသာ ပြည့်စုံနိုင်သောကြောင့် "သုမရတိ နာဂနဿ ကုဉ္ဇရော" ဟု ဆိုအပ်၏။

မြတ်စွာဘုရားသည် မိမိကိုယ်တော်၏ ရှေး၌ ကျင့်ခဲ့ဖူးသော ဤသို့သော အကြောင်းကို ဆောင်၍ ဟောတော်မူသည်ရှိသော် အလုံးစုံလည်းဖြစ်ကုန်သော ထိုပုဏ္ဏားကြီး၊ သား၊ ချွေးမတို့သည် မျက်ရည်အလျဉ် ယိုစီးကျထွက်ဖြစ်စေ၍ နူးညံ့သော နှလုံးရှိသောအားဖြင့် မြတ်စွာဘုရား စကား၌ နားစိုက်ထောင်ကြ

ကုန်၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုသူတို့၏ သင့်လျော်လျောက်ပတ်သည် အဖြစ်ကို သိသောကြောင့် သစ္စာတို့ကို ပြ၍ တရားကို ဟောတော်မူ၏။ တရားဒေသနာ အဆုံး၌ သား, ချွေးမတို့နှင့် တကွသော ပုဏ္ဏားကြီးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ပုဏ္ဏားအိုကြီး၏ သားလေးယောက်ဝတ္ထုပြီး၏။

---

### ၄။ ပသေနဒိကောသလဝတ္ထု

မိဒ္ဓီ ယဒါ–အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ပသေနဒိကောသလမင်းကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ပသေနဒိကောသလမင်းသည် ဆန်တစ်စိပ်ချက်၏ ထမင်းကို ထိုထမင်းအားလျော်သော ဟင်းလျာဖြင့် စား၏။ ထိုမင်းသည် တစ်နေ့သ၌ နံနက်စာ စားပြီး၍ ထမင်းဆီ ယစ်ခြင်းကို မပယ်ဖျောက်ဘဲ မြတ်စွာဘုရား၏ အထံသို့သွား၍ ပင်ပန်းသောကိုယ်ရှိသည်ဖြစ်လျက် အပြန်ပြန်အလှန်လှန်လှည့်၏။ အိပ်ချင်မှုသည် နှိပ်စက်အပ်သည်ဖြစ်၍ ဖြောင့်ဖြောင့်ထိုင်ခြင်းငှာ မစွမ်းနိုင်ဘဲ သင့်လျော်ရာ အရပ်တပါး၌ ထိုင်နေပြီ၊ ထိုအခါ မြတ်စွာဘုရားသည် ထိုမင်းကို "မင်းမြတ် သက်သာမှု မယူရဘဲ အပန်းမဖြေဘဲ လာခဲ့သလော"ဟု မေးတော်မူ၏။ အရှင်ဘုရား မှန်ပါ၏၊ ထမင်းစားပြီးသည်မှစ၍ တပည့်တော်အား ဆင်းရဲကြီးစွာ ရောက်နေပါသည်ဘုရား။ ထိုအခါ မြတ်စွာဘုရားသည် ပသေနဒိ ကောသလမင်းကို "မင်းမြတ် အလွန်များစွာ စားခြင်းသည် ဤသို့ ဆင်းရဲရ၏"ဟု မိန့်တော်မူလိုသောကြောင့် ဤဂါထာကို ဟောတော်မူ၏—

> မိဒ္ဓီ ယဒါ ဟောတိ မဟဂ္ဃသော စ၊
> နိဒ္ဒါယိတာ သမ္ပရိဝတ္တသာယီ။
> မဟာဝရာဟောဝ နိဝါပပုဋ္ဌော၊
> ပုနပ္ပုနံ ဂဗ္ဘမုပေတိ မန္ဒော။

အကြင်အခါ၌ ပညာမဲ့သောသူသည် အစားများစွာစား၍ ငိုက်မျဉ်းလေ့ရှိ၏၊ တပြောင်းပြန်ပြန် လူးလိမ့် အိပ်လေ့ရှိ၏။ အိမ်၌ မွေးမြူအပ်သော ဝက်ကြီးကဲ့သို့ ဖြစ်နေ၏။ ထိုပညာမရှိသော ပုဂ္ဂိုလ်သည် အမိဝမ်းတွင်းသို့ အဖန်ဖန် ကပ်ရောက်ရလေ၏။

ထိုဂါထာ၌—

မိဒ္ဓီ=ဟူသည် လေးလံထိုင်းမှိုင်းခြင်း လွှမ်းမိုးအပ်သည်တည်း။

မဟဂ္ဃသော=ဟူသည် အစားကြီးသူတို့သည် လက်ဖြင့် ကော်ယူ၍ ရလောက်အောင် စားသောသူ၊ ပုဆိုးမဝတ်နိုင်လောက်အောင် စားသောသူ၊ ထ မရအောင် စားသောသူ၊ ကျီးနှိုက်၍ရလောက်အောင် စားသောသူ၊ အန်ထွက်အောင် စားသူတို့တွင် တစ်ယောက်အပါအဝင် ဖြစ်သကဲ့သို့တည်း။

နိဝါပပုဋ္ဌော=ဟူသည် ဝက်သည် စားအပ်သော ဆန်ကွဲစသည်ဖြင့် ကျွေးမွေးအပ်၏၊ အိမ်၌ မွေးအပ်သောဝက်သည် ငယ်စဉ်မှစ၍ မွေးမြူအပ်သော် ဝဖိုးသောကိုယ်ရှိရာအခါ၌ အိမ်အပြင်သို့ ထွက်ခွင့်မရလတ်သော် ခုတင်အောက်စသည်တို့၌ အပြန်ပြန်လူးလိမ့်၍ တရှူးရှူး အသက်ရှူ၍ အိပ်လေ၏။ ဆိုလိုရင်းကား–ယောကျ်ားသည် ဝိုက်မျဉ်း၏၊ အစားကြီး၏၊ အိမ်မွေးဝက်ကဲ့သို့ အခြားဣရိယာပုထ်ဖြင့် မျှတခြင်းငှာ မစွမ်းနိုင်သည်ဖြစ်၍ အိပ်လေ့ရှိလျက် တပြောင်းပြန်ပြန် လူးလိမ့်အိပ်နေသောအခါ ထိုယောကျ်ားသည် "အနိစ္စ၊ ဒုက္ခ၊ အနတ္တ" ဟူသော လက္ခဏာသုံးပါးတို့ကို ပွါးခြင်းငှာမစွမ်းနိုင်၊ ထိုလက္ခဏာသုံးပါးတို့ကို နှလုံးမသွင်းခြင်းကြောင့် ပညာနည်းသူသည် အဖန်ဖန် အမိဝမ်းတိုက်သို့ ရောက်ရ၏။ အမိဝမ်း၌ နေရခြင်းမှ မလွတ်မြောက်၊ ဒေသနာတော်၏ အဆုံး၌ မြတ်စွာဘုရားသည် မင်းအား ကျေးဇူးပြုသည်၏အစွမ်းဖြင့်—

မနုဇဿ သဒါ သတိမတော၊ မတ္တံ ဇာနတော လဒ္ဓဘောဇနေ။
တနုကဿ ဘဝန္တိ ဝေဒနာ၊ သဏိကံ ဇီရတိ အာယုပါလယံ။

ရရှိသော ဘောဇဉ်အစာ၌ အတိုင်းအရှည်ကို သိသော အမြဲသတိရှိသော လူအား ဝေဒနာနည်းပါးလေ၏။ အသက်ကို စောင့်ရှောက်လျက် ဖြည်းနှေးစွာ အိုမင်းရ၏။

ဤဂါထာကို ဟောတော်မူ၍ ဥတ္တရလုလင်ကို သင်ယူစေ၍ "ဤဂါထာကို မင်း၏ ပွဲတော်တည်ရာအခါ၌ ကြားသိစေလော့၊ ဤဥပါယ်တံမျဉ်ဖြင့် ဘောဇဉ်ကို ယုတ်လျော့စေရာ၏" ဟု အကြောင်းကို ပြောပြတော်မူ၏။ ထိုလုလင်သည် မြတ်စွာဘုရား အမိန့်ရှိတော်မူသည့်အတိုင်း ပြုပြီး မင်းသည် အခါတစ်ပါး၌ အလွန်ဆုံး တစ်ကွမ်းစားမျှသော ထမင်းဖြင့် ကောင်းစွာတည်လျက် ပေါ့ပါးသော ကိုယ်ရှိသည် ချမ်းသာခြင်းသို့ ရောက်သည်ဖြစ်၍ မြတ်စွာဘုရား၌ အကျွမ်းဝင်ခြင်းဖြစ်ပြီး ခုနစ်ရက်ပတ်လုံး အတူမရှိသော အလှူကိုဖြစ်စေပြီး၊ အလှူအနုမောဒနာတရားကြောင့် လူအပေါင်းသည် မြတ်သော တရားထူးသို့ ရောက်ပြီ။

ပသေနဒိကောသလဝတ္ထုပြီး၏။

## ၅။ သာနုသာမဏေဝတ္ထု

ဣဒံ ပုဒေ – အစရှိသော ဒေသနာတော်မြတ်ကို မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် သာနုသာမဏေကို အကြောင်းပြု၍ ဟောကြားတော်မူ၏။

သာနုအမည်ရှိသော ထိုသာမဏေသည် ဥပါသိကာမတစ်ယောက်၏ တစ်ဦးတည်းသော သားဖြစ်သတတ်။ ထိုအခါ ထိုသာနုကို ငယ်ရွယ်စဉ်အခါ၌ ရှင်သာမဏေ ရဟန်းပြုစေ၏။ ထိုသာနုသည် ရဟန်းပြုသော အခါမှစ၍ သီလ ရှိသည်။ ကျင့်ဝတ်နှင့်ပြည့်စုံသည် ဖြစ်၏၊ ဆရာဥပဇ္ဈာယ် အာဂန္တုကတို့၏ ကြီးကြီးငယ်ငယ် ပြုလုပ်ဖွယ် ကျင့်ဝတ်ကိုမချွတ်အောင် ပြုသည်သာလျှင်ဖြစ်၏။ လဆန်းရှစ်ရက်နေ့၌ နံနက်စောစောထ၍ ရေတည်သားရာစင်၌ ရေကိုတည်ထား၏။ တရားနာသောနေရာ တရားတင်းကုပ်ကို တံမြက်လှည်းပြီးလျှင် နေရာကို ခင်း၍ ဆီမီးညှိထွန်းပြီးသော် သာသာယာယာသော အသံဖြင့် တရားနာခြင်းကို ကြွေးကြော်၏။ ရဟန်းတို့သည် ထိုသာနုသာမဏေ၏ အားစွမ်းအင်ကို သိ၍ ငါ့ရှင်သာမဏေ သရဘညဝတ်ကို ရွတ်ဆိုပါလော့ဟု ပြောဆို ဟိုက်တွန်းကုန်၏။ ထိုသာနုသာမဏေသည် အကျွန်ုပ်အား နှလုံးထိုးကျင့်ပါသည်ဟူ၍လည်းကောင်း ကိုယ်ကျင်နာပါသည် ဟူ၍လည်းကောင်း တစ်စုံတစ်ခု ပြန်လှန်မြစ်ပယ်ခြင်းကို မပြုမူ၍ တရားဟောနေရာသို့ တက်ရောက်ပြီး အာကာသဂင်္ဂါမည်သော မြစ်ရေ အလျဉ် စီးဆင်းသကဲ့သို့ သရဘညဝတ်ကို ရွတ်ဆို ဟောပြော၍ တရားဟောနေရာမှ သက်ဆင်းသည်မှုသော် ငါ၏ မိခင် ဖခင်တို့အား ဤသရဘညဝတ် ရွတ်ဆို ဟောပြောသည်၌ ရအပ်သော ကောင်းမှုအဖို့ကို ပေးဝေပါ၏ဟု ပြောဆို၏၊

### သာနုသာမဏေ၏ ရှေးက အမိတော်ဖူးသော ဘီလူးမ ဂုဏ်ကြီးပုံ

ထိုသာနုသာမဏေ၏ ယခုဘဝ၌ ဖြစ်ကြကုန်သော မိခင် ဖခင် တို့သည် ကောင်းမှုအဖို့ ပေးဝေသောအဖြစ်ကို မသိကြကုန်။ အခြားမဲ့သော ကိုယ်၏ အဖြစ်၌ ထိုသာနုသာမဏေ၏ မိခင်ဖြစ်ဖူးသော သူသည်ကား ဘီလူးမအဖြစ်ဖြင့် ဖြစ်နေ၏။ ထိုဘီလူးမသည် နတ်တို့နှင့် အတူတကွ လာရောက်လျက် တရားတော်ကို နာ၍ သာမဏေ ပေးဝေသော ကုသိုလ်အဖို့ကို ချစ်သား ဝမ်းမြောက်ပါ၏ဟု သာဓု ခေါ်ဆို၏၊ သီလနှင့် ပြည့်စုံသော ရဟန်းမည်သည်လည်း နတ်တို့ နှင့်တကွသော လူအပေါင်း၏ ချစ်ခင် မြတ်နိုးအပ်သည် ဖြစ်၏၊ ထို့ကြောင့် နတ်တို့သည် သာနုသာမဏေ၌ ပျက်ကြောက်ခြင်း ရှိသေခြင်း ရှိကုန်သည်ဖြစ်၍

ဖြဟ္မာမင်းကြီးကဲ့သို့ လည်းကောင်း မီးပုံကြီးကဲ့သို့ လည်းကောင်း မှတ်ထင်အောက်မေ့ကုန်၏၊ သာမဇာတ်၌ ရှိနေခြင်းဖြင့် မိခင်ဖြစ်ခဲ့ဖူးသော ထိုဘီလူးမကို အလေးအမြတ်ပြု၍ ချီးမွမ်းကုန်၏။ ထိုဘီလူးမသည် တရားနာသောအခါ ဘီလူးတို့စည်းဝေးသောအခါ စသည်တို့၌ "သာနု၏ မိခင်ပေတည်း" ဟု ဘီလူးမအား နေရာဦး, ရေဦး, ထမင်းဦးတို့ကို ပေးကြကုန်၏။ တန်ခိုးကြီးကုန်သော ဘီလူးတို့သည်ပင် ထိုဘီလူးမကို တွေ့မြင်ကုန်သည်ရှိသော် လမ်းခရီးမှ သက်ဆင်းဖဲရှောင်ရကုန်၏။ ထိုင်နေရာမှ ရှိသေသမှု ပြုသောအားဖြင့် ထရကုန်၏။

## သာနုသာမဇာ လူထွက်လို၍ အမိအိမ်သို့ ကြွသွားခြင်း

ထိုအခါ သာမဏေသည် အရွယ်ကြီးရင့်ခြင်းသို့ ရောက်သည်ကို အစွဲပြု၍ ရင့်ကျက်သော ဉာဏ်ရှိရကား မမွေ့လျော်ခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍ မမွေ့လျော်ခြင်းကို ပယ်ဖျောက်ခြင်းငှါ မစွမ်းနိုင်သောကြောင့် ကြီးပွါးရှည်ထွက်သော ဆံပင် ခြေသည်း လက်သည်း ရှိသည်ဖြစ်၍ ညစ်နွမ်းသော အဝတ်ကို ဝတ်ရုံလျက် တစ်စုံတစ်ယောက်သောသူအား မပြောကြားဘဲ သပိတ် သင်္ကန်းကို ယူ၍ တစ်ယောက်ထီးတည်းသာလျှင် မိခင်၏အိမ်သို့ သွားလေ၏။ မိခင် ဥပါသိကာမသည် သားကိုမြင်၍ ရှိခိုးပြီးသော် ချစ်သား၊ အသို့ပေနည်း အသင်သည် ရှေးအခါ၌ ဆရာဥပဇ္ဈာယ်တို့နှင့် အတူတကွ လည်းကောင်း၊ ရဟန်းငယ်သာမဏေတို့နှင့် အတူတကွလည်းကောင်း ဤအရပ်သို့ ကြွလာတတ်ပါ၏၊ အဘယ့်ကြောင့် ယနေ့ တစ်ပါးတည်း ကြွလာပါသနည်းဟု မေး၏။ ထိုသာနုသာမဏေက သာသနာ၌ ဆန့်ကျင်သောအဖြစ်ကို ပြောကြား၏၊ ဥပါသိကာမကြီးသည် အထူးထူးအပြားပြား များစွာသော အကြောင်းဖြင့် အိမ်ရာထောင်ရဲ့နှောင် လူ့ဘောင်၌ အပြစ်ကို ဖော်ပြ၍ သားကို ဆုံးမပါသော်လည်း မစွမ်းနိုင်သည် ဖြစ်၍ မိမိအလိုလိုအားဖြင့်လည်း သိမှတ်နိုင်ငြားအံ့လည်း မသိဟု ကြံပြီးလျှင် သားကို မလွှတ်လိုက်မူ၍ "ချစ်သား အကြွင်မျှလောက်သော ကာလပတ်လုံး အသင့်အား ယာဂုဆွမ်းကို ပြည့်စုံပါစေအံ့။ ထိုမျှလောက်တာ ကာလကြာအောင် ဆိုင်းငံ့ပါဦးလော့ ယာဂုကိုသောက်၍ ဆွမ်းစားခြင်းကိစ္စ ပြီးဆုံးသောအသင့်အား နှစ်သက်ဖွယ်ရှိကုန်သော အဝတ်ပုဆိုးတို့ကို ထုတ်ဆောင်၍ ပေးပါအံ့" ဟု ပြောဆိုပြီးသော် နေရာကိုခင်း၍ ပေး၏၊ သာမဏေသည် ထိုင်နေ၏ ဥပါသိကာမကြီးသည် တစ်မုဟုတ်မျှဖြင့်သာလျှင် ယာဂုခဲဖွယ်ကို ပြုပြင်ပေးလှူ၏။ ထို့နောက်ဆွမ်းကို ပြည့်စုံစေအံ့ဟုကြံ၍ အနီး၌ ထိုင်နေလျက် ဆန်ကို ဆေးကြော၏၊ ထိုအခါ၌ မိခင်ဖြစ်ခဲ့ဖူးသော ထိုဘီလူးမသည် သာမဏေသည် ဘယ်မှာနည်း တစ်စုံတစ်ခုသော ဆွမ်းအာဟာရကို ရပါ၏လော, မရလေသလောဟု ဆင်ခြင်သည်ရှိသော် ထိုသာမဏေ၏ လူထွက်

ခြင်းငှါ အလိုရှိသဖြင့် ထိုင်နေသော အဖြစ်ကို သိမြင်၍ သာမဏေသည် ငါ့အား တန်ခိုးကြီးကုန်သော နတ်တို့၏ အကြား၌ ရှက်ဖွယ်ကို ဖြစ်စေရာ၏။ ငါသည်သွားဦးအံ့ သာမဏေကိုလူမထွက်အောင် ပြုလုပ်အံ့ဟု ကြံစည်၍ လျင်စွာ လာပြီးသော် ထိုသာမဏေ၏ ကိုယ်၌ ပူးဝင်ပြီးလျှင် လည်ကို ရွှေနောက်လည် စေ၍ တံတွေးအလိမ်းလိမ်းဖြင့် မြေ၌လဲကျလေ၏။ ဥပါသိကာမကြီးသည် သား၏ ထိုသို့ဖောက်ပြန်သော အခြင်းအရာကို မြင်သည်ရှိသော် အမြန်သွား၍ သားကိုပွေ့ယူလည်ဖက် ရင်ခွင်ထက်၌ အိပ်စေ၏။ အလုံးစုံသောရွာ၌ နေကုန် သောသူတို့သည် လာရောက်ကုန်၍ ဗလိနတ်စာ ပေးခြင်းအမှု အစရှိသည့်တို့ကို ပြုလုပ်ကြကုန်၏။ ဥပသိကာမကြီးသည်ကား ငိုကြွေးမြည်တမ်းလျက် ဤဂါထာ တို့ကို ရွတ်ဆို၏။

စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာစ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။
ဥပေါသထံ ဥပဝသန္တိ၊ ဗြဟ္မစရိယံ စရန္တိ ယေ။
န တေဟိ ယက္ခာ ကီဠန္တိ၊ ဣတိ မေ အရဟတံ သုတံ။
သာ ဒါနိ အဇ္ဇ ပဿာမိ၊ ယက္ခာ ကီဠန္တိ သာနုနာ။

အကြင်သူတို့သည် တစ်ဆယ့်လေးရက်မြောက်သော နေ့၌လည်းကောင်း၊ တဆယ့်ငါးရက် မြောက်သောနေ့၌လည်းကောင်း လဆန်းပက္ခ, လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်သော နေ့၌လည်းကောင်း ပါဋိဟာရိယပက္ခ၌လည်းကောင်း အင်္ဂါရှစ်ပါးရှိသော သီလကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်အပ်၏။ မြတ်စင်နှလုံးညှပ်သုံးခြင်းကို ကျင့်သုံးကုန်၏ မြတ်သောအကျင့်ကို ကျင့်ကုန်၏၊ ထိုသူတို့ကို ဘီလူးတို့သည် ပူးဝင်မြေးတွယ် မကျီစယ် မကစားကုန်၊ ဤသို့ငါသည် ရဟန္တာဖြစ်ကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့၏ ပြောဆိုသော စကားကို ကြားဖူးပြီ၊ ယခုအခါ၌ ထိုငါသည် သာနုဟူသော သားကြောင့် ဘီလူးတို့သည် ပူးဝင်မြေးတွယ် ကျီစယ်ကစားကုန်သည်တို့ကို ယခုမြင်ရ၏ဟု ပြောဆို၏။

ဥပါသိကာမကြီး၏ စကားကို ကြား၍ ဘီလူးမသည် ဤဂါထာတို့ကို ရွတ်ဆို၏—

စာတုဒ္ဒသိံ ပဉ္စဒသိံ၊ ယာ စ ပက္ခဿ အဋ္ဌမီ။
ပါဋိဟာရိယပက္ခဉ္စ၊ အဋ္ဌင်္ဂသုသမာဂတံ။

ဥပေါသထံ ဥပဝသန္တိ၊ ဗြဟ္မစရိယံ စရန္တိ ယေ။
န တေဟိ ယက္ခာ ကီဠန္တိ၊ သာဟု တေ အရဟတံ သုတံ။

အကြင်သူတို့သည် တစ်ဆယ့်လေးရက်မြောက်သော နေ့၌လည်းကောင်း၊ တစ်ဆယ့်ငါးရက်မြောက်သော နေ့၌လည်းကောင်း၊ လဆန်း ပက္ခ, လဆုတ်ပက္ခ၏ ရှစ်ရက်မြောက်သော နေ့၌လည်းကောင်း၊ ပါဋိဟာရိယ ပက္ခ၌လည်းကောင်း၊ အင်္ဂါရှစ်ပါးရှိသော သီလကို ကောင်းစွာ စောင့်ရှောက် ဆောက်တည်အပ်၏။ ဖြူစင်နှလုံး ဥပုသ်သုံးခြင်းကို ကျင့်သုံးကုန်၏။ မြတ်သောအကျင့်ကိုကျင့်ကုန်၏။ ထိုသူတို့ကို ဘီလူးတို့သည် ပူးဝင်မြေးတွယ် မကျီစယ် မကစားကုန်။ ဤသို့သင်သည် ရဟန္တာဖြစ်ကုန်သော အရိယာအပေါင်း သူတော်ကောင်းတို့၏ ပြောဆိုသော စကားကို ကြားဖူးသည်ကား ဟုတ်မှန်ကောင်းမြတ်လှပေ၏ဟု ပြောဆိုပြီး ဤဂါထာတို့ကို ရွတ်ဆို၏—

သာနုံ ပဗုဒ္ဓံ ဝဇ္ဇာသိ၊ ယက္ခာနံ ဝစနံ ဣဒံ။
မာကာသိ ပါပကံ ကမ္မံ၊ အာဝိ ဝါ ယဒိ ဝါ ရဟော။
သစေ စ ပါပကံ ကမ္မံ၊ ကရိဿသိ ကရောသိ ဝါ။
န တေ ဒုက္ခာ ပမုတျတ္ထိ ဥပ္ပစ္စာပိ ပလာယတော။

အိပ်ပျော်မေ့လျော့ရာမှ နိုးကြားလာသော သာနုကို ဘီလူးတို့၏ ဤသို့ ကြောင်းလျား မှာထားခဲ့သောစကားကို အသင်ဥပါသိကာမသည် ပြောကြားပါလေလော့။ အဘယ်သို့ ပြောကြားရမည်နည်း ဟူမူ မျက်မှောက်၌လည်းကောင်း ထိုသို့မဟုတ်မူ၍ မျက်ကွယ်၌ လည်းကောင်း၊ ယုတ်မာသော မကောင်းမှုကံကို အသင်မပြုပါလင့်၊ ယုတ်မာသော မကောင်းမှုကံကို အကယ်၍ နောင်ကိုပြုလုပ်လတ္တံ့ သည်မူလည်းဖြစ်အံ့။ အကယ်၍ ယခုမူလည်း ပြုလုပ်အံ့၊ ဤသို့ပြုလုပ်သည် ရှိသော် အဇ္ဈာဝေဟင် ကောင်းကင်သို့ ပျံတက်၍ ထွက်ပြေးသောသင်အား ဘီလူးညှဉ်းဆဲ ဆင်းရဲအပေါင်းမှ မလွတ်မြောက် ရလတ္တံ့။ ဤသို့ ပြောဆိုပါလေလော့ဟု မှာထား ပြောဆိုပြီးလျှင် ထိုဘီလူးမသည် သာမဏေကို ဖမ်းယူခြင်းမှ လွတ်၏။ ထိုသာနုသာမဏေသည် မျက်စိတို့ကို ဖွင့်၍ ကြည့်သည်ရှိသော် ဆံပင်တို့ကို ဖရိုဖရဲ ကြဲဖြန့်၍ ထွက်သက်, ဝင်သက် နှစ်ချက်ပြင်းယူ ရှူရှိုက်ငိုကြွေးသော မိခင်ကိုလည်းကောင်း၊ စုဝေးကုန်သော အလုံးစုံသော ရွာ၌နေသော သူတို့ကိုလည်းကောင်း မြင်၍ မိမိ၏ ဘီလူးမ ဖမ်းစားသောအဖြစ်ကို မသိသောကြောင့် ငါသည် ရှေးအခါ အင်းပျဉ်ထက်၌ ထိုင်နေ၏။ ငါ၏ မိခင်သည် အနီး၌ ထိုင်နေ၍ ဆန်ကို ဆေးကြော၏။ ဤယခုအခါ၌ကား ငါသည် မြေကြီး၌ လျောင်းအိပ်သည် ဖြစ်၏။ ဤအကြောင်းကား အဘယ်သို့ ဖြစ်လေသနည်းဟု ကြံစည်၍ လျောင်းအိပ်လျက်သာလျှင် မိခင်ကို ဤဂါထာဖြင့် ပြောဆိုမေးမြန်း၏—

မတံ ဝါ အမ္မ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ။
ဇီဝန္တံ အမ္မ ပဿန္တီ၊ ကသ္မာ မံ အမ္မ ရောဒသိ။

မိခင် အကြင်သူသည်လည်း အသက်ရှင်သည်ကို မတွေ့ရ၍ စုတိပြောင်းကြွေ သေလွန်သော ထိုသူကိုမူလည်း အကြောင်းပြု၍ မိဘတစ်သင်း သားချင်း မျိုးဆွေတို့သည် ငိုကြွေးကြကုန်၏။ မိခင် အသက်ရှင်လျက်ရှိသော ငါ့ကို မျက်မှောက်ထင်လင် ရှုမြင်ရပါလျက် မိခင် အဘယ်သို့သော အကြောင်းကြောင့် အသင်မိခင်သည် စိုးရိမ်ပူဆွေး ငိုကြွေးမြည်တမ်းပါလေသနည်းဟု မေးမြန်း ပြောဆို၏။ ထိုအခါ သာမဏေ၏ မိခင်သည် ဝတ္ထုကာမ-ကိလေသာကာမတို့ကို ပယ်ချပစ်စွန့်၍ ရဟန်းပြုသောသူအား တစ်ဖန် လူထွက်ခြင်းအကျိုးငှါ ပြန်လာ ရာ၌ အပြစ်ကို ပြလျက် ဤဂါထာကို ရွတ်ဆို၏—

မတံ ဝါ ပုတ္တ ရောဒန္တိ၊ ယော ဝါ ဇီဝံ န ဒိဿတိ။
ယော စ ကာမေ စဇိတွာန၊ ပုနရာဂစ္ဆတေ ဣဓ။
တံ ဝါပိ ပုတ္တ ရောဒန္တိ၊ ပုန ဇီဝံ မတော ဟိ သော။

ချစ်သား အကြင်သူသည်မူလည်း အသက်ရှင်သည်ကို မတွေ့ရ၊ စုတေ ပြောင်းကြွေ သေလွန်သော ထိုသူကိုမူလည်း အကြောင်းပြု၍ မိဘတသင်း သားချင်းမျိုးဆွေတို့သည် ငိုကြွေးကြကုန်၏။ အကြင်သူသည်လည်း ကာမတို့ကို ကွင်းရှောင်စွန့်ပစ်၍ ဃရာဝါသ ကံစွဲဖွဲ့နှောင် ဤလူ့ဘောင်သို့ တစ်ဖန် သက်ရောက်လိုဟန် ပြန်လည်၍ လာပြန်၏၊ လူထွက်သော ထိုသူသည် တစ်ဖန် ဇီဝိန်မပျက် အသက်ရှင်ပါသော်လည်း သေသောသူ မည်သည်သာလျှင်တည်း။ ချစ်သား အသက်ရှင်လျက် လူထွက်သည့် အနေကြောင့် သေလွန်လေသော ထိုသူကိုလည်း အကြောင်းပြု၍ မိဘတစ်သင်း သားချင်းမျိုးဆွေတို့သည် ငိုကြွေးကြကုန်၏။ ဤသို့ ပြောဆိုပြီး၍ အိမ်ရာဖွဲ့နှောင် လူ့ဘောင်၌ နေခြင်းကို ပြာပူနှင့်တူသည်ကိုလည်းကောင်း၊ ငရဲနှင့်တူသည်ကိုလည်းကောင်း ပြုလုပ်ပြောဆိုပြီး၍ အိမ်ရာဖွဲ့နှောင် လူတို့ဘောင်၌ အပြစ်ကိုပြလျက် ဤဂါထာ ကို တစ်ဖန်ရွတ်ဆိုပြန်၏—

ကုက္ကုဠာ ဥဗ္ဘတော တာတ၊ ကုက္ကုဠံ ပတိတုမိစ္ဆသိ။
နရကာ ဥဗ္ဘတော တာတ၊ နရကံ ပတိတုမိစ္ဆသိ။

ချစ်သား ပြာပူမှ ထုတ်ဆောင်ပြီးပါလျက် ပြာပူသို့ ပြန်ဆင်းလိုဘိ၏။ နရက်ချောက်မှ တက်ပြီးသူ ဖြစ်ပါလျက် နရက်ချောက်သို့ ပြန်လည်ဆင်းသက် လိုဘိ၏။

ထိုနောက် ဥပါသိကာမသည် ထိုမိမိ၏ သားကို ချစ်သား အသင်အား ကောင်းခြင်းသည် ဖြစ်ပါလော့၊ ငါသည်ကား ငါတို့၏ ကျွဲသားငယ်ကို မီးလောင် အပ်သည်ရှိသော် အိမ်မှ ဘဏ္ဍာကို လွတ်လပ်အောင် ထုတ်ဆောင်ခြင်းကို ပြုသကဲ့သို့ ထိုအတူ လူ့ဘောင်မှ ထုတ်ဆောင်၍ ဘုရားမြတ်စွာ သာသနာ တော်၌ ရဟန်းပြုစေအပ်၏။ အသင်သားသည် ဝဋ်ဖန် မီးလောင်မြိုက်ခံခြင်းငှါ အလိုရှိဘိ၏။ ငါတို့အား စောင့်ရှောက်ကြကုန်လော့ဟု ပြောဆိုမှာထား ဘီလူးတို့ ထွက်သွားကုန်၏။ လူထွက်လိုရန် ဖောက်ပြန်သော အသင်ချစ်သား နှင့် ညှဉ်းပန်းနှိပ်စက်သော ဘီလူး ကျွန်ုပ်နှင့်ဦးကြားတွင် အဘယ်သူကို ငါတို့ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ရပါကုန်အံ့နည်းဟု ပြခြင်းငှါ ဤဂါထာကို ရွတ်ဆို၏—

အဘိဓာဝထ ဘဒ္ဒန္တေ၊ ကဿ ဥဇ္ဈာပယာမသေ။
အာဒိတ္တာ နီဟတံ ဘဏ္ဍံ၊ ပုန ဍယှိတုမိစ္ဆသိ။

မီးလောင်ရာမှ ထုတ်ဆောင်ခဲ့ပြီးသော ဘဏ္ဍာကို တစ်ဖန်လောင်ခြင်းငှါ အလိုရှိ၏။ သင့်အား ကောင်းခြင်းဖြစ်စေသတည်း။ ဘီလူးတို့သည် ဤသို့ဆို၍ ထွက်သွားကြကုန်၏။ အသင်နှင့် ဘီလူးတို့တွင် အဘယ်သူကို ငါတို့သည် ကဲ့ရဲ့ ရှုတ်ချရပါအံ့နည်း။

ထိုသာနုသာမဏေသည် မိခင်ဥပါသိကာကြီး ပြောဆိုစဉ် ထိုစကားကို မှတ်သားနာယူ၍ ငါ့အား လူ၏အဖြစ်ဖြင့် အကျိုးမရှိတော့ပါပြီဟု ပြောဆို၏။ ထိုအခါ သာမဏေ၏ မိခင်က ချစ်သား ကောင်းလှ၏ဟု ပြောဆိုပြီးလျှင် နှစ်သက်သည် ဖြစ်၍ မွန်မြတ်သော ဘောဇဉ်ကို ကျွေးမွေးပြီးသော် ချစ်သား အသင်သည် အဘယ်နှစ်နှစ် ရှိပြီနည်းဟု မေးမြန်း၍ ပြည့်သော နှစ်ရှိသော အဖြစ်ကို သိပြီးသော် သင်္ကန်းကို စီရင်၏။ ထိုသာနုသာမဏေသည် ပြည့်စုံသော သပိတ် သင်္ကန်း ရှိသည် ဖြစ်၍ ရဟန်းပဉ္စင်း အဖြစ်ကို ရလေ၏။ ထိုအခါ ပဉ္စင်းဖြစ်၍ မကြာမြင့်မီသော် ထို သာနုရဟန်း၏ စိတ်ကို နှိပ်ကွပ် ဆုံးမ၍ အားထုတ်ခြင်းကို ဖြစ်စေ လိုသော မြတ်စွာဘုရားသည် "ဤစိတ်မည်သည် အထူးထူး အပြားပြား များစွာသော အာရုံတို့၌ မြင့်ရှည်စွာသော နေ့ညဉ့်ပတ်လုံး ပြေးသွား လှည့်လည်တတ်၏။ ပြေးသွားလှည့်လည်သောစိတ်ကို မနှိပ်ကွပ် မဆုံးမသော သူအား ချမ်းသာသော အဖြစ်မည်သည် မရှိ။ ထို့ကြောင့် ချွန်းဖြင့်အမုန်ယစ် သော ဆင်တို့ကို နှိပ်ကွပ် ဆုံးမကုန်သကဲ့သို့ စိတ်ကို နှိပ်ကွပ် ဆုံးမခြင်း၌ အားထုတ်ခြင်းကို ပြုအပ်၏"ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

ဣဒံ ပုရေ စိတ္တမစာရိ စာရိကံ။
ယေနိစ္ဆကံ ယတ္ထကာမံ ယထာသုခံ။
တဒဇ္ဇဟံ နိဂ္ဂဟေဿာမိ ယောနိသော။
ဟတ္ထိပ္ပဘိန္နံ ဝိယ အင်္ကုသဂ္ဂဟော။

ဤစိတ်သည် ရှေးဘဝများစွာ သံသရာ၌ အလိုရှိတိုင်း ချမ်းသာသည် အားလျော်စွာ ကျက်စားလှည့်လည်ခဲ့ပြီ၊ ချွန်းကိုင် လိမ္မာသော ဆင်ဆရာသည် ချွန်းဖြင့် အမှန်ယစ်သောဆင်ကို နှိပ်ကွပ်ဆုံးမသကဲ့သို့ ငါသည် ယနေ့ ထိုစိတ်ကို နှိပ်ကွပ်ဆုံးမအံ့၊ ဤသို့ သင့်သောအားဖြင့် အားထုတ်ခြင်းကို ပြုအပ်သည်သာတည်း။

ထိုဂါထာ၌ အနက်အဓိပ္ပါယ်မှာ ဤမှ ရှေး၌ ရူပါရုံ အစရှိကုန်သော အာရုံတို့၌ ရာဂ အစရှိသည်တို့ကို လိုချင်မှုဖြင့် စိတ်တိုင်းကျ လှည့်လည်သူအား ချမ်းသာ၏။ ထိုချမ်းသာဖြင့် ညဉ့်မှည်ကြာစွာ လှည့်လည်၏၊ ထိုချမ်းသာကို ငါသည် ယနေ့ အမှန်ယစ်သောဆင်ကို ဆင်ဆရာသည် ချွန်းကို ကျွမ်းကျင်လျက် ချွန်းဖြင့် နှိပ်ကွပ်သကဲ့သို့ သင့်ဟင့်စွာ နှလုံးသွင်းခြင်းဖြင့် နှိပ်ကွပ်အံ့၊ ထို ချမ်းသာ၏ ကျော်လွန်ခြင်းငှာ မမြင်ရအံ့တည်း။

ဒေသနာတော်၏ အဆုံး၌ သာနုသာမဏေနှင့်တကွ တရားနာခြင်းငှာ လာကြကုန်သော နတ်တို့အားလည်း တရားကို ထိုးထွင်း၍သိခြင်းသည်ဖြစ်ပြီ၊ ထိုအရှင်သည်လည်း ပိဋကတ်သုံးပုံဟူသော ဘုရားစကားတော်ကို သင်ယူ၍ မဟာထေရ်ကြီးဖြစ်၍ အနှစ်တစ်ရာနေရလျက် ဇမ္ဗူဒိပ် တစ်ကျွန်းလုံးကို ချောက်ချားစေ၍ ပရိနိဗ္ဗာန်ပြုပြီ။

သာနုသာမဏေဝတ္ထု ပြီး၏။

## ၆။ ပါဝေယျကဟတ္ထိဝတ္ထု

အပ္ပမာဒရတာ— အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ဇေတဝန်ကျောင်း၌ သီတင်းသုံး နေတော်မူစဉ် ကောသလမင်း၏ ပါဝေယျကဆင်ကို အကြောင်းပြု၍ ဟောတော်မူ၏။

ထို ပါဝေယျက အမည်ရှိသော ဆင်သည် ပျိုနုသော အခါဝယ် ကြီးကျယ် ဖွံ့ထွား ခွန်အားရှိသည် ဖြစ်၍ နောက် အဖို့ အခါ၌ အရှယ် အိုကာ ဇရာတည်းဟူသော လေအဟုန်ခတ် တိုက်ခတ် ဖျက်ဆီးအပ်သည်

ဖြစ်သောကြောင့် အားနည်းယွင်းမှု တစ်ခုသော ကြီး ကျယ် သော အိုင်သို့ သက်ဆင်း၍ ညွန်၌ ကပ်ငြိ နစ်မြုပ်သည် ရှိသော် ထို ညွန် ပျောင်း မှ တက်ရောက်ခြင်းငှါ မစွမ်းနိုင်ဘဲ ရှိလေ၏။ လူများအပေါင်းသည် ထိုပါဝေယျက ဆင်ကိုမြင်၍ ဤသို့ သဘောရှိသည်လည်း မည်သော မင်းကြီး၏ ဆင်တော်သည် အရွယ်ကြီးပြီး ဤသို့ အားနည်းသောအဖြစ်ကို ရောက်ရပေ၏ ဟူသောစကားကို ဖြစ်စေ၏၊ မင်းကြီးသည် ထိုသို့သော အကြောင်းဖြစ်ခြင်းကို ကြားတော်မူ၍ ဆင်ဆရာကို ဆရာ သွားတည့်ချေ။ ထိုပါဝေယျက ဆင်ကို ညွန်ပျောင်းမှ ထုတ်လေလော့ဟု စေခိုင်းတော်မူ၏။ ထိုဆင်ဆရာသည် သွားရောက်ပြီးသော် ထိုရပ်ဌာန၌ စစ်ဦးကိုပြ၍ စစ်မြေပြင်၌ တီးအပ်သောစည်ကြီးကို ရိုက်တီး ခတ်နှက်စေ၏။ စစ်မြေပြင်ရပ် တီးခတ်လည်ပြန် စည်ကြီးသံကို ကြားရသောကြောင့် မာန်တက်ကြွသော သဘောရှိသော ဆင်သည် လျင်စွာသော အဟုန်ဖြင့် ညွန်ပျောင်းမှ ထကြွထွက်ရုန်း ဂုန်းပြင်၌တည်လေ၏။ ရဟန်းတို့သည် ထိုအကြောင်းကို တွေ့မြင်ခဲ့ကြ၍ မြတ်စွာဘုရားအား ကြားလျှောက်ကုန်၏။ မြတ်စွာဘုရားက "ချစ်သားရဟန်းတို့ ထိုဆင်သည် ထိုမျှလောက်ရှိ ပကတိညွန်ပျောင်းထက်မှ ထွက်မြောက်နိုင်ခဲ့သော မိမိကိုယ်ကို ထုတ်ဆောင် ထွက်မြောက်ပေ၏။အသင်တို့ သည်ကား ကိလေသာတည်းဟူသော ထွက်မြောက်နိုင်ခဲသော ညွန်ပျောင်း၌ ကောင်းစွာပြေးဝင် အစဉ်ကျွံနစ်ကုန်၏။ ထို့ကြောင့် သင့်တင့်ကောင်းမွန်သော အကြောင်းအခွင့်အားဖြင့် လုံ့လကြိုးကုတ်အားထုတ်ကုန်၍ အသင်တို့သည်လည်း ထိုကိလေသာတည်းဟူသော ညွန်ပျောင်းမှ မိမိ၏ကိုယ်ကို ကောင်းစွာ ထွက်မြောက်အောင် ထုတ်ဆောင်ကြကုန်လော့"ဟု မိန့်တော်မူပြီး၍ ဤဂါထာကို ဟောတော်မူ၏—

အပ္ပမာဒရတာ ဟောထ၊ သစိတ္တမနုရက္ခထ။

ဒုဂ္ဂါဥဒ္ဓရထတ္တာနံ၊ ပင်္ကေ သန္နောဝ ကုဉ္ဇရော။

မမေ့လျော့ခြင်း၌ မမေ့လျော့ကုန်သော မိမိစိတ်ကို စောင့်ရှောက်ကြကုန်လော့၊ ညွန်၌နစ်သော ဆင်သည် ညွန်နစ်ရာပျောင်းမှ မိမိကိုယ်ကိုထုတ်ဆောင်သကဲ့သို့ ဤအတူ သင်ချစ်သားတို့သည် ခက်ခဲသော ကိလေသာ ညွန်ပျောင်းမှ မိမိကိုယ်ကို ထုတ်ဆောင်ကြကုန်လော့။

ထိုဂါထာ၌—

အပ္ပမာဒရတာ—ဟူသည် သတိမကင်းသည်၌ မမေ့လျော့ကုန်၏တည်း။

သစိတ္တံ— ဟူသည် ရူပါရုံစသော အာရုံတို့၌ မိမိ၏စိတ်ကို မလွန်ကျူးအောင် စောင့်ရှောက်ကြကုန်လော့တည်း။

ဒုဂ္ဂါဟူသည်=ညွန်ဘ္ဍိနစ်သော ဆင်ပြောင်သည် လက်ခြေတို့ကို လှုံ့လပြု၍ ညွန်ဟူသောခရိုးခဲမှ မိမိကိုယ်ကိုထုတ်၍ ကုန်း၌တည်သကဲ့သို့ သင်တို့သည့် ကိလေသာခရိုးခဲမှ မိမိကိုယ်ကို ထုတ်ဆောင်၍ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌ တည်စေကြလော့တည်း။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ပါဝေယျကဟတ္ထိဝတ္ထု ပြီး၏။

---

၇။ သမ္ဗဟုလဘိက္ခု ဝတ္ထု

သစေလ ဘေထ အစရှိသော ဤတရားဒေသနာတော်ကို မြတ်စွာဘုရားသည် ပါလိလေယျကဆင်ကို အမှီပြု၍ စောင့်ရှောက်အပ်သော တောအုပ်၌ သီတင်းသုံး နေတော်မူလျက် များစွာသော ရဟန်းတို့ကို အကြောင်းပြု၍ ဟောတော်မူ၏။ ဝတ္ထုကြောင်းမှာ ယမကဝဂ်၌ "ပရေ စ နဝိဇာနန္တိ" အစရှိသော ဂါထာအဖွင့်၌ လာသည့်အတိုင်းပင်တည်း မှန်၏ ဤအကြောင်းကို ဟောတော်မူအပ်ပြီ။

ထိုအရပ်၌ မြတ်စွာဘုရားအား ဆင်ဒပြောင်သည် ပြုစု လုပ်ကျွေးနေခြင်း၏ အဖြစ်သည် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး ထင်ပေါ်ကျော်ကြားဖြစ်ပြီ၊ သာဝတ္ထိမြို့မှ အနာထပိဏ်သူဌေး ဝိသာခါ ဥပါသိကာမ အစရှိကုန်သော အမျိုးကြီးတို့သည် အရှင်အာနန္ဒာမထေရ်အား "အရှင်ဘုရား တပည့်တော် တပည့်တော်မတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခွင့် ပေးကြပါကုန်"ဟု သတင်းပို့ကြကုန်ပြီ၊ အရပ်မျက်နှာ၌ နေကြကုန်သော ရဟန်းငါးရာတို့သည် ဝါကျွတ်၍ အရှင်အာနန္ဒာမထေရ်ကို ချဉ်းကပ်၍ "အရှင်ဘုရား အာနန္ဒာ တပည့်တော်တို့သည် မြတ်စွာဘုရား မျက်မှောက်၌ တရားစကားကို ကြာမြင့်စွာက ကြားနာခဲ့ကြရပါကုန်ပြီ၊ အရှင်ဘုရား အာနန္ဒာ တပည့်တော်တို့သည် တောင်းပန်ပါ၏။ မြတ်စွာဘုရား၏ မျက်မှောက်၌ တရားစကားကို အဘယ်သို့လျှင် ကြားနာခွင့် ရကြပါမည်နည်း" ဟု တောင်းပန်ကြကုန်၏။ မထေရ်သည် ထိုရဟန်းတို့ကို ခေါ်၍ မြတ်စွာဘုရား ရှိရာအရပ်သို့ သွား၍ "ဝါကွင်း သုံးလပတ်လုံး တစ်ပါးတည်း နေလေ့ရှိသော မြတ်စွာဘုရားအထံသို့ ဤမျှလောက်များသော ရဟန်းတို့နှင့် အတူတကွ ချဉ်းကပ်ခြင်းသည် မသင့်တော်ဟု ကြံစည်၍ ထိုရဟန်းတို့ကို အပြင်၌ ထားခဲ့၍ တစ်ပါးတည်း မြတ်စွာဘုရားထံ ချဉ်းကပ်ပြီ၊ ပါလိလေယျကဆင်သည် ထိုအရှင်အာနန္ဒာကို မြင်၍ ဒုတ်ကိုယူ၍ ပြေးပြီ၊ ထိုဆင်ကို မြတ်စွာဘုရားသည် ကြည့်တော်မူ၍ "ပါလိလေယျက ဖယ်လော့ ဖယ်လော့ မတားမြစ်လင့်၊ ဤရဟန်း

သည် ဘုရား၏ အလုပ်အကျွေးတည်း”ဟု မိန့်တော်မူ၏။ ထိုဆင်သည် ထိုအရပ်၌ပင် ဒုတ်ကိုစွန့်ပစ်၍ သပိတ် သင်္ကန်း လှမ်းယူ၏၊ မထေရ်သည် မပေးဘဲထား၏။ ဆင်သည် “ဝတ္တသားသင်ဆားပြီးလျှင် မြတ်စွာဘုရား၏ ထိုင်ရာပျဉ်ချပ်၌ မိမိ၏ ပရိက္ခရာကို မထားလတ္တံ့”ဟု ကြံပြီ။ မထေရ်သည် သပိတ်သင်္ကန်းကို မြေ၌ထားပြီ မှန်၏။ ဝတ်နှင့်ပြည့်စုံသူတို့သည် လေးစားထိုက်သူတို့၏ ထိုင်ရာနေရာ အိပ်ရာတို့၌ မိမိ၏ ပရိက္ခရာကို မထားကြကုန်။

မထေရ်သည် မြတ်စွာဘုရားကို ရှိခိုး၍ သင့်လျော်ကပ်သောအရပ်၌ ထိုင်ပြီ၊ မြတ်စွာဘုရားသည် “တစ်ပါးတည်း လာခဲ့တာလား”ဟု မေးတော်မူလတ်သော် ပဉ္စသတ ရဟန်းငါးရာတို့နှင့် လာခဲ့ကြောင်းကို လျှောက်ထား၍ “ထိုရဟန်းများ ဘယ်မှာလဲ”ဟု မေးတော်မူ၍ “အရှင်ဘုရားတို့၏ စိတ်တော်ကို မသိခြင်းကြောင့် အပြင်၌ထား၍ လာခဲ့ပါသည်ဘုရား”ဟု လျှောက်ထားသော် “ထိုရဟန်းတို့ကို ခေါ်လိုက်ပါ”ဟု မိန့်တော်မူလေ၏။ မထေရ်သည် မြတ်စွာဘုရား ခိုင်းတော်မူသည့်အတိုင်း ပြုပြီ။

မြတ်စွာဘုရားသည် ထိုရဟန်းငါးရာတို့နှင့် နှီးနှောကြောင်း စကားကို ပြုသော် ထိုရဟန်းတို့သည်“ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မြတ်စွာဘုရားသည် ဘုရားဖြစ်၍ သိမ်မွေ့နူးညံ့တော်မူ၏။ မင်းမျိုးဖြစ်၍ သိမ်မွေ့နူးညံ့တော်မူ၏။ အရှင်ဘုရားတို့သည် ဝါတွင်းသုံးလပတ်လုံး တစ်ပါးတည်း ရပ်ခြင်း ထိုင်ခြင်းတို့ဖြင့် ဆင်းရဲစွာ ပြုအပ်ပါပြီ၊ ဝတ်ကြီးဝတ်ငယ် ပြုသူသည်လည်း ကောင်း၊ မျက်နှာသစ်ရေ လှူသူသည်လည်းကောင်း မရှိလေယောင်တကား” ဟု လျှောက်ကြကုန်သော် “ရဟန်းတို့ ပါလိလေယျကဆင်သည် ငါဘုရား၏ ကိစ္စအားလုံးတို့ကို ပြုအပ်ကုန်ပြီ၊ ဤသို့သော အပေါင်းအဖေါ်ကို ရသူသည် တစ်ဦးတည်း နေခြင်းငှာ သင့်လျော်၏၊ မရခဲ့လျှင် တစ်ပါးတည်းလှည့်လည်နေခြင်းက မြတ်၏”ဟု မိန့်တော်မူ၍ နာဂဝဂ်၌ ဤဂါထာတို့ကို ဟောတော်မူပြီ—

သစေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓု ဝိဟာရိ ဓီရံ။
အဘိဘုယျ သဗ္ဗာနိ ပရိဿယာနိ၊
စရေယျ တေ’တ္တ မနော သတိမာ။
နော စေ လဘေထ နိပကံ သဟာယံ၊
သဒ္ဓိံ စရံ သာဓုဝိဟာရိ ဓီရံ။

ရာဇာဝ ရဋ္ဌံ ဝိဇိတံ ပဟာယ၊
ဧကော စရေ မာတင်္ဂ ရညေဝ နာဂေါ။
ဧကဿ စရိတံ သေယျော၊
နတ္ထိ ဗာလေ သဟာယတာ။
ဧကော စရေန စ ပါပါနိ ကယိရာ၊
အပ္ပေါဿုကော မာတင်္ဂ ရညေဝ နာဂေါ။

ရင့်သောပညာရှိသော ကောင်းသော နေခြင်းရှိသော တည်ကြည်သော သမာဓိရှိသော အတူတကွကျင့်ဖော်ဖြစ်သော အဆွေခင်ပွန်းကို အကယ်ရသည် ဖြစ်အံ့၊ ထိုအဆွေခင်ပွန်းနှင့် ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ သတိရှိသည် ဖြစ်၍ ဘေးရန်အားလုံးတို့ကို ဖိနှိပ်၍ ကျင့်ရာ၏။

ရင့်ကျက်သော ပညာရှိသော ကောင်းသော နေခြင်းရှိသော ခိုင်ခံ့တည် ကြည်သော သမာဓိရှိသော အတူတကွ ကျင့်ဘက်ဖြစ်သော အဆွေခင်ပွန်းကို အကယ်၍ မရကုန်အံ့ အောင်အပ်ပြီးသော တိုင်းနိုင်ငံကိုစွန့်၍ တောထွက်ကျင့် သော မဟာဇနက တေမိယစသော မင်းကဲ့သို့လည်းကောင်း မာတင်္ဂတော၌ အဖော်မပါ တစ်ယောက်တည်း လှည့်လည်နေသော ပါလိလေယျကဆင်ကဲ့သို့ လည်းကောင်း ဧကော တစ်ယောက်တည်းသာ ကျင့်ရာ၏။

တစ်ယောက်တည်းတည်း ကျင့်ခြင်းသည် မြတ်၏။ လူမိုက်၌ အဆွေခင်ပွန်း အဖြစ်သည်မရှိ၊ မာတင်္ဂတော၌ ဆင်ကဲ့သို့ ကြောင့်ကြမဲ့ တစ်ယောက်တည်း တည်း ကျင့်ရာ၏၊ မကောင်းမှုတို့ကို မပြု ကျင့်ရာ။

ထိုဂါထာတို့၌-

နိပကံ-ဟူသည် ရင့်ကျက်သော ပညာနှင့်ပြည့်စုံသောတည်း။

သာဓုဝိဟာရိ ဓီရံ-ဟူသည် ကောင်းစွာ လှည့်လည်လေ့ရှိသော ပညာရှိကို တည်း။

ပရိဿယာနိ-ဟူသည် ထိုကဲ့သို့ ရှုအပ်သောမေတ္တာဖြင့် နေလေ့ရှိသော အဆွေခင်ပွန်းကိုရလေသော် ခြင်္သေ့ ကျားစသော ထင်ရှားသော ဘေးရန်တို့ကို လည်းကောင်း၊ ရာဂဘေး, ဒေါသဘေး, မောဟဘေး အစရှိသော ဖုံးထား သော ဘေးရန်တို့ကိုလည်းကောင်း အလုံးစုံသော ဘေးရန်တို့ကို လွှမ်းမိုး၍ ထို အဆွေခင်ပွန်းနှင့် ဝမ်းမြောက်သောစိတ်ရှိသည် ထင်သောသတိရှိသည်ဖြစ်၍ ကျင့်ရာ၏၊ နေရာ၏ တည်း။

ရာဇာဝရဒ္ဓံ-ဟူသည် တိုင်းနိုင်ငံကိုစွန့်၍ သွားသော မဟာဇနကမင်းကဲ့သို့တည်း။ ဆိုလိုရင်းမှာ-အောင်မြေအရပ်ရှိသော မင်းသည် "ဤမင်းအဖြစ်မည်သည် ကြီးမှုဝံမေ့လျော့ကြောင်းတည်း။ ငါသည် မင်းပြုခြင်းဖြင့် အဘယ်အကျိုးရှိအံ့နည်း"ဟု အောင်ပြီးသော တိုင်းနိုင်ငံကိုစွန့်၍ တစ်ယောက်တည်းသာ တောကြီးသို့ဝင်၍ ရသေ့ရဟန်းအဖြစ်ကိုပြု၍ ဣရိယာပုထ်လေးပါးတို့၌ တစ်ယောက်တည်းသာ ကျင့်၏ ဤအတူသာလျှင် တစ်ပါးတည်းသာလျှင် ကျင့်ရာ၏တည်း။

မာတင်္ဂရညေဝနာဂေါ-ဟူသည် "ငါသည် ဆင်ထီးတို့ဖြင့်လည်းကောင်း၊ ဆင်မတို့ဖြင့်လည်းကောင်း၊ ဆင်ဘိုဖြင့်လည်းကောင်း၊ ဆင်ငယ်တို့ဖြင့်လည်းကောင်း ရောရှောနှောနှော နေရ၏။ ပြတ်ပြီးသောမြက်တို့ကိုလည်း စားရ၏။ ငါ၏ ချိုး၍ချိုး၍ ချအပ်သော ကျိုးပြတ်သော သစ်ကိုင်းကိုလည်း ခဲစားကြ၏။ ရေနောက်တို့ကိုလည်း သောက်ရ၏။ ရေမှတက်သော ငါအား ရေ၌ ဆင်းကုန်သော ဆင်မတို့သည် ကပ်၍ ပွတ်သွားကြကုန်၏။ ငါသည် တစ်ကောင်တည်းသာ ဆင်အပေါင်းမှ ကင်းဆိတ်ရာ အရပ်ရှိသည်ဖြစ်၍ နေရပါမူကား ကောင်းလေစွ၊" ဤသို့ ပြန်လှန်စဉ်းစား၍ သွားသော မတင်္ဂဆင်သည် ဤတော၌ ဤဆင်ပြောင်သည် ဆင်အပေါင်းကို ပယ်စွန့်၍ ဣရိယာပုထ်အားလုံးတို့၌ တစ်ကောင်တည်းသာလျှင် ချမ်းချမ်းသာသာ ကျင့်၏။ ဤအတူပင် တစ်ပါးတည်းကျင့်ရာ၏တည်း။

ဧကဲသ -ဟူသည် ရဟန်းမှာ ရဟန်းဖြစ်ရာကာလမှစ၍ တစ်ပါးတည်းအဖြစ်၌ မမေ့လျော့လျက် တစ်ပါးတည်းသာလျှင် ကျင့်ခြင်းသည် မြတ်၏ တည်း။

နတ္ထိ ဗာလေ သဟာယတာ-ဟူသည် အသေးစားသီလ၊ အလတ်စားသီလ အကြီးစားသီလ၊ ကထာဝတ္ထုဆယ်ပါး၊ ဓုတင်တစ်ဆယ့်သုံးပါး၊ ဝိပဿနာဉာဏ် မဂ်လေးပါး၊ ဖိုလ်လေးပါး၊ ဝိဇ္ဇာသုံးပါး အဘိညာဉ်ခြောက်ပါး မြတ်သော မဟာနိဗ္ဗာန်ဟူသော ဤတရားအပေါင်းသည် အဆွေခင်ပွန်းအဖြစ်မည်၏။ ထို အဆွေခင်ပွန်း အဖြစ်မျိုးကို လူမိုက်တို့ကိုမှီ၍ မရနိုင်၊ ထို့ကြောင့် လူမိုက်၌ အဆွေခင်ပွန်း၏အဖြစ်သည် မရှိတည်း။

ဧကော-ဟူသည် ဤအကြောင်းကြောင့် ဣရိယာပုထ် အားလုံးတို့၌ တစ်ယောက်တည်း ကျင့်ရာ၏။ အနည်းငယ်သော မကောင်းမှုတို့ကိုလည်းမပြုရာ ကြောင့်ကြခြင်းမရှိသော ပျင်းရိခြင်းမရှိသော မာတင်္ဂဆင်သည် ဤတော၌ အလိုရှိရာ အလိုရှိရာအရပ်၌ ချမ်းသာစွာ လှည့်လည်သကဲ့သို့ ဤအတူ တစ်ယောက်တည်းဖြစ်၍ ကျင့်ရာ၏။ အနည်းငယ်လည်း ဖြစ်ကုန်သော အကုသိုလ်တို့ကို မပြုမိရာ။ ထို့ကြောင့် သင်တို့သည် သင့်လျော်သော အဆွေခင်ပွန်းကို

မရကုန်လတ်သော် တစ်ယောက်တည်း ကျင့်ခြင်းသည်သာ ဖြစ်ရာ၏။ ဤအနက်အဓိပ္ပါယ်ကို ပြလိုသော မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ဤတရားဒေသနာတော်ကို ဟောတော်မူ၏။

ဒေသနာတော်၏အဆုံး၌ ထိုရဟန်းငါးရာတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

သမ္မဟုလ ဘိက္ခုဝတ္ထု ပြီး၏။

## ၈။ မာရဝတ္ထု

အတ္ထမှိ အစရှိသော ဤ တရားဒေသနာတော်ကို မြတ်စွာဘုရားရှင်သည် ဟိမဝန္တာအရပ်၌ တောကျောင်း၌သီတင်းသုံးတော်မူစဉ် မာရ်မင်းကိုအကြောင်းပြု၍ ဟောတော်မူ၏။

ထိုအခါကာလ၌ ပြည့်ရှင်မင်းတို့သည် တိုင်းနိုင်ငံသူ လူအပေါင်းတို့ကို နှိပ်စက် ညှဥ်းပန်း၍ မင်းအဖြစ်ကို ပြုကုန်သတတ်။ ထိုအခါ မြတ်စွာဘုရားသည် တရားကို မစောင့်ကုန်သော မင်းတို့၏ မင်းပြုရာ၌ ဒဏ်ထားခြင်းဖြင့် ပြုလုပ်နှိပ်စက်အပ်ကုန်သော လူတို့ကိုမြင်တော်မူ၍ သနားကြင်နာတော်မူသောစိတ်ဖြင့် ဤသို့ ကြံစည်တော်မူ၏။ အဘယ်သို့ ကြံစည်တော်မူသနည်းဟူမူ မသတ်ဖြတ်ထိုက်သောသူကို မသတ်ဖြတ်စေမူ၍ မအောင်နိုင်ထိုက်သောသူကို မအောင်နိုင်စေမူ၍ မကြောင့်ကြ မစိုးရိမ်ထိုက်သောသူကို မကြောင့်ကြ မစိုးရိမ်မူ၍ တရားသဖြင့် ငါသည် မင်းအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်အံ့လောဟု ကြံစည်တော်မူ၏။ ယုတ်မာသော သဘောရှိသော မာရ်မင်းသည် မြတ်စွာဘုရား၏ ထိုသို့သော အကြံအစည်ကိုသိ၍ ရဟန်းဂေါတမသည် မင်းအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်အံ့လောဟု ကြံစည်၏။ ဤယခုအခါ၌ မင်းအဖြစ်ကို ပြုခြင်းငှါ အလိုရှိသည်ဖြစ်လတ္တံ့။ ထိုမင်းအဖြစ် မည်သည်လည်း မေ့လျော့ခြင်း၏ တည်ရာအကြောင်းတည်း။ ထိုမင်းအဖြစ် ပြုသည်ရှိသော် အပေါက်အခွင့်ရခြင်းငှါ တတ်ကောင်း၏။ ငါသည် သွားဦးအံ့။ ထိုရဟန်းဂေါတမအား အားထုတ်ခြင်းကို ဖြစ်စေအံ့ဟု ကြံ၍လျှင် မြတ်စွာဘုရားရှင်သို့ ချဥ်းကပ်၍ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား မင်းအဖြစ်ကို ပြုတော်မူပါလော့။ ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရား မသတ်ဖြတ်ထိုက်သော သူတို့ကို မသတ်ဖြတ်စေမူ၍ မအောင်နိုင်ထိုက်သောသူကို မအောင်နိုင်စေမူ၍ မကြောင့်ကြ မစိုးရိမ်ထိုက်သောသူကို မကြောင့်ကြ မစိုးရိမ်စေမူ၍ တရားသဖြင့် မင်းအဖြစ်ကို ပြုတော်မူပါလော့ဟု လျှောက်

ထား၏။ ထိုအခါ မြတ်စွာဘုရားက ထိုမာရ်မင်းကို ဟယ်မာရ်ယုတ် အသင်သည် ငါဘုရားကို မင်းအဖြစ်ကို ပြုတော်မူပါလော့ဟု အကြင်စကားကို ဆို၏။ ထိုစကားကို ငါဘုရားအား အဘယ်သို့သောအကြောင်းကို အသင်မြင်၍ ဤသို့ ပြောဆိုဘိသနည်းဟု မိန့်တော်မူသည် ရှိသော် အရှင်ဘုရား မြတ်စွာဘုရားအား လေးပါးကုန်သော ဣဒ္ဓိပါဒ်တို့ကို ကောင်းစွာ ပွားအပ်ပါကုန်၏။ ထိုစကားမှန်၏။ မြတ်စွာဘုရားသည် အလိုရှိတော်မူသည် ရှိသော် ဟိမဝန္တာတောင်မင်းကို ရွှေဖြစ်စေ သတည်းဟု နှလုံးသွင်း ကြံစည်ခဲ့ငြားအံ့၊ ထိုဟိမဝန္တာတောင်မင်း သည်လည်း ရွှေသည်သာလျှင် ဖြစ်ရာ၏။ အကျွန်ုပ်သည်လည်း ထိုဉစ္စာဖြင့် ပြုလုပ်ဖွယ် အမှုကိစ္စကို ပြုလုပ်ပါအံ့။ ဤသို့ ပြုလုပ်သည်ရှိသော် အသင်တို့သည် တရားသဖြင့် မင်းအဖြစ်ကို ပြုကုန်လတ္တံ့ဟု လျှောက်ထား၏။ ထို့ကြောင့် သဂါထာဝဂ္ဂသံယုတ်ပါဠိတော်၌ ဤဂါထာကို မြတ်စွာဘုရား ဟောကြားတော် မူ၏—

> ပဗ္ဗတဿ သုဝဏ္ဏဿ၊
> ဇာတရူပဿ ကေဝလော။
> ဒွိတ္တာ ဝ နာလမေကဿ၊
> ဣတိ ဝိဒ္ဒါ သမံ စရေ။
>
> ယော ဒုက္ခမဒက္ခိ ယတော နိဒါနံ။
> ကာမေသု သောဇန္တု ကထံ နမေယျ။
> ဥပဓိံ ဝိဒိတွာ သင်္ဂေါတိ လောကေ၊
> တဿေဝ ဇန္တုဝိနာယာယ သိက္ခေ။

ဟယ်မာရ်ယုတ် သက်သက် ရွှေ၏ အကြင်တောင်သည် လည်းကောင်း တစ်ခုသောတောင်ကို ထားဘိဦး ဒုတိယ ရွှေ၏ အကြင်တောင်သည် လည်းကောင်း ဖြစ်ရာ၏၊ ထိုရွှေတောင် တစ်ခုနှစ်ခုကို ပုဂ္ဂိုလ်တစ်ယောက်အား ပေးပြီး၍လည်း ရောင့်ရဲခြင်းငှါ မစွမ်းနိုင်။ ဤသို့သိ၍ သိသောပညာရှိသည် ကောင်းစွာကျင့်ရာ၏။

ငါးပါးအာရုံ ကာမဂုဏ်ဟူသော အကြောင်းကြောင့် ဆင်းရဲပညာမျက်စိဖြင့် မြင်သောလူသည် ဝတ္ထုအာရုံ ကာမဂုဏ်တို့၌ အဘယ်အကြောင်းကြောင့် စိတ်ညွှတ်ပါအံ့နည်း၊ လောက၌ ကာမဂုဏ် ဥပဓိကို ကပ်ငြိတတ်၏ဟု သိသော လူသည် ထိုကာမဂုဏ် ဥပဓိကိုသာလျှင် ပယ်ဖျောက်ခြင်းငှါ ကျင့်ရာ၏။

ဤဂါထာတို့ဖြင့် ထိတ်လန့်တုပ်လှုပ်စေ၍ ဟယ်မာရ်ယုတ် အသင်၏ အဆုံးအမ သြဝါဒစကားကား တစ်ပါးတခြားသည်သာလျှင်တည်း။ ငါဘုရား၏အဆုံးအမ သြဝါဒစကားကား တစ်ပါးတခြားတည်း။ ငါဘုရားအား အသင်မာရ်ယုတ်နှင့် အတူတကွ တရားစကား ပြောကြားနိုးနှောခြင်းမည်သည် မရှိနိုင်။ ငါဘုရားသည်လည်း ဤသို့ ဆုံးမပေအံ့ဟု မိန့်တော်မူပြီး၍ ဤဂါထာတို့ကို ရွတ်ဆို ဟောကြားတော်မူ၏—

အတ္ထမှိ ဇာတမှိ သုခါ သဟာယာ၊ တုဋ္ဌီသုခါ ယာ ဣတရီတရေန။
ပုညံ သုခံ ဇီဝိတသင်္ခယမှိ၊ သဗ္ဗဿ ဒုက္ခဿ သုခံ ပဟာနံ။

သုခါ မတ္တေယျတာ လောကေ၊ အထော ပေတ္တေယျတာ သုခါ။
သုခါ သာမညတာ လောကေ၊ အထော ဗြဟ္မညတာ သုခါ။

သုခံ ယာဝ ဇရာ သီလံ၊ သုခါ သဒ္ဓါ ပတိဋ္ဌိတာ။
သုခေါ ပညာယ ပဋိလာဘော၊ ပါပါနံ အကရဏံ သုခံ။

အကြောင်းကိစ္စသည် ဖြစ်ပေါ်ခဲ့သော် အဆွေခင်ပွန်းကို ရခြင်းသည် ချမ်းသာ၏။ ရသမျှနှင့်ရောင့်ရဲခြင်းသည် ချမ်းသာ၏။ သေခါနီး၌ ပြုလုပ်အပ်သော ကောင်းမှုကုသိုလ်သည်သာလျှင် ချမ်းသာ၏။ ဝဋ်ဆင်းရဲအားလုံးကို အရဟတ္တမဂ်ဖြင့် ပယ်ဖျက်ခြင်းသည် ချမ်းသာ၏။

လောက၌ အမိအဖကို ပြုစုခြင်းသည် ချမ်းသာ၏။ ရဟန်းအဖြစ်သည် ချမ်းသာ၏။ မကောင်းမှုမှအပ ပြုပြီးခြင်းသည် ချမ်းသာ၏။

သီလသည် အိုသည်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား မတုန်မလှုပ် တည်ခြင်းသည် ချမ်းသာ၏။ ပညာကို ရခြင်းသည် ချမ်းသာ၏။ မကောင်းမှုကို မပြုခြင်းသည် ချမ်းသာ၏။

ထိုဂါထာတို့၌—

အတ္ထမှိ-ဟူသည် ရဟန်းမှာ သင်္ကန်းပြုဖွယ် စသည့်၌ လည်းကောင်း အဓိကရဏ်း ငြိမ်းအေးခြင်း စသည့်၌လည်းကောင်း၊ လူတို့မှာ လယ်ထွန်မှုစသည့်၌ လည်းကောင်း၊ အားကြီးသော အုပ်စုဖွဲ့၌ မှီခိုကပ်သူတို့သည် လွှမ်းမိုးခြင်း၌လည်းကောင်း ကိစ္စဖြစ်ပေါ်သော် ပြီးစေခြင်းငှာ စွမ်းနိုင်သော အဆွေခင်ပွန်းဖြင့် ချမ်းသာကုန်၏။

တုဋ္ဌိသုခါ–ဟူသည် လူတို့မှာ မိမိဥစ္စာဖြင့် မရောင့်ရဲနိုင်ကြဘဲ အိမ်နံရံ ဖောက်ထွင်းခြင်း စသည်တို့ကို အားထုတ်ကုန်၏။ ရဟန်းတို့မှာလည်း မထင်ရှား သော ရှာမှီးခြင်းအမျိုးမျိုးတည်း။ ဤသို့ ထိုသူတို့သည် ချမ်းသာကို မရနိုင်ကြ ကုန်။ ထို့ကြောင့် နည်းနည်းများများသော မိမိ၏ ဥစ္စာစည်းစိမ်ဖြင့် ရောင့်ရဲ ခြင်းသည် ချမ်းသာ၏ဘည်း။

ပုညံ–ဟူသည် သေခါနီး၌ မိမိအလိုဖြင့်ဖြန့်၍ ပြုအပ်သောကုသိုလ်ကံသည် သာ ချမ်းသာ၏။

သဗ္ဗဿ–ဟူသည် အလုံးစုံသော ဝဋ္ဋဒုက္ခကို ပယ်ခြင်းဟု ဆိုအပ်သော အရဟတ္တမဂ်သည်သာ ဤလောက၌ ချမ်းသာမည်၏။

မတ္တေယျတာ–ဟူသည် မိခင်၌ ကောင်းစွာ ကျင့်ခြင်းတည်း။

ပေတ္တေယျတာ=ဟူသည် အဖ၌ကောင်းစွာ ကျင့်ခြင်းတည်း။ နှစ်ပုဒ်ဖြင့် မိခင်ဖခင်တို့အား လုပ်ကျွေးခြင်းကို ဟော၏။ မိခင်ဖခင်တို့သည် သားသမီးတို့၏ အစဉ်လုပ်ကျွေးသည်၏ အဖြစ်ကိုသိကြ၍ မိမိ၏ဥစ္စာကို မြေ၌ မြှုပ်ကြကုန်၏။ သူတပါးတို့အား စွန့်ကြဲကြကုန်၏။ မိခင်ဖခင်တို့သည် မလုပ်ကျွေးကုန်သော ထို သူတို့အား ကဲ့ရဲ့ခြင်းပွား၏။ သေသောအခါ ဘင်ဘုတ်ငရဲ၌ ဖြစ်ကြရကုန်၏။ မိဘတို့ကို ရိုသေစွာ လုပ်ကျွေးကြကုန်သူတို့အား ဥစ္စာစီးပွား ဖို့ကြကုန်၏။ ချီးမွမ်းကြကုန်၏။ သေသောအခါ နတ်ပြည် ရောက်ကြကုန်၏။ ထို့ကြောင့် ဒီမိ အဘ နှစ်ဦးလုံး လုပ်ကျွေးခြင်းသည် ချမ်းသာတည်းဟု ဟောတော်မူအပ်ပြီ။

သာမညတာ–ဟူသည် ရဟန်းတို့၌ ကောင်းစွာ ကျင့်ခြင်းတည်း။

ဗြဟ္မညတာ–ဟူသည် မကောင်းမှုကို မျှောအပ်ပြီးကုန်သော ဘုရားပစ္စေက ဗုဒ္ဓါသာဝကတို့၌ ကောင်းစွာ ကျင့်ခြင်းသာဘည်း။ နှစ်မျိုးအားဖြင့်လည်း ထို ပုဂ္ဂိုလ်တို့အား ပစ္စည်းလေးပါးတို့ဖြင့် ကျွေးမွေးသုတ်သင်ထိုက်သည်၏ အဖြစ်ကို ဟောအပ်ပြီး ဤအကျင့်ကိုလည်း လောက၌ ချမ်းသာဟူ၍ ဟောအပ်၏။

သီလ=ဟူသည် ပတ္တမြားနားဋ္ဌောင်း နီသောအဝတ် အစရှိကုန်သော တန် ဆာဘို့သည့် အရွယ်အလိုက်သာသျှင် တင့်တယ်ကုန်၏။ ငယ်ရွယ်သူတို့၏တန်ဆာ သည် ကြီးသောအခါ၌လည်းကောင်း၊ ကြီးသောသူတို့၏ တန်ဆာသည် ငယ်ရွယ် စဉ်၌လည်းကောင်း မတင့်တယ်ပေ။ ဤမသင့်သော တန်ဆာဆင်ထားသူသည် အရူးဟု မှတ်ထင်ကုန်၍ ကဲ့ရဲ့ခြင်းအပြစ်ကိုသာ ဖြစ်စေ၏။ ငါးပါးသီလ အစရှိ သော သီလသည် ငယ်သော အရွယ် ကြီးသောအရွယ် အားလုံးတို့၌ တင့်တယ်

၏။ ဤသူသည် ကြောင် သီလရှိသူပါပေတည်းဟု ချီးမွမ်းခြင်းဖြင့် ရှင်လ နှင့်းဝမ်းမြောက်ခြင်းကို ဆောင်၏။ ထို့ကြောင့် "သီလသည် အိုသည့်တိုင်အောင် ချမ်းသာ၏"ဟု ဟောတော်မူ၏။

သဒ္ဓါပတိဋ္ဌိတာ=ဟူသည် လောကီသဒ္ဓါ လောကုတ္တရာသဒ္ဓါ နှစ်မျိုးသည် မတုန်လှုပ်မူ၍ တည်၏တည်း။

သုခေါ ပညာယ ပဋိလာဘော=ဟူသည် လောကီပညာ လောကုတ္တရာ ပညာကို ရခြင်းသည် ချမ်းသာ၏။

ပါပါနံ အကရဏံ=ဟူသည် အကုသိုလ်သတ်ခြင်း၏ အစွမ်းဖြင့် အကုသိုလ်တို့ကို မပြုခြင်းသည် ဤလောက၌ ချမ်းသာ၏တည်း။

ဒေသနာတော်၏အဆုံး၌ နတ်များစွာတို့၏ တရားထူးရခြင်းသည် ဖြစ်ပြီ။

မာရဝတ္ထု ပြီး၏။

နှစ်ဆယ့်သုံးခုမြောက် နာဂဝဂ် ပြီး၏

ဓမ္မပဒအဋ္ဌကထာမြန်မာပြန် ဓမ္မပဒဝတ္ထု စတုတ္ထတွဲ ပြီး၏။

ဓမ္မပဒဝတ္ထု၊ စာတွဲ

# မှတ်သားဖွယ်ရာ အက္ခရာစဉ်


| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[အ]** | |
| အကုသိုလ်တရားသည် ဘဝ၏ ကေန် ပျက်စီးကြောင်း | ၁၁၄ |
| အကျိုးရှိ အကျိုးမဲ့တို့ကို စူးစမ်းဆင်ခြင်၍ ပြောရ | ၁၄၈ |
| အခြေနှစ်ချောင်း ရှိသူတို့တွင် ဘုရားရှင်သည် အမြတ်ဆုံး | ၁၆၇ |
| အဂ္ဂါဠဝမည်သော စေတီ၌ ဘုရားရှင် သီတင်းသုံး | ၅၉ |
| အဆင့်ဆင့် သဒ္ဓါတရား ဖြစ်ပေါ်လာပုံ | ၁၀၁ |
| အညတရ ဗြာဟ္မဏဝတ္ထု | ၁၀၁ |
| အဇ္ဈာဝေဟင် | ၂၀၅ |
| အတုလ ဥပါသကာဝတ္ထု | ၈၈ |
| အတ္တဒတ္ထ ဝတ္ထု | ၂၆၂ |
| အတိတ်ဖြစ်ရပ် သူကရဇာတ် | ၁၀၀ |
| အတိတ်ဝတ္ထုကို ဟောတော်မူခြင်း | ၈၇ |
| အနာဂါမ်လေးအတွက် ပြောရမှာရှက် | ၄၇ |
| အနတ္တလက္ခဏ ဝတ္ထု | ၁၇၁ |
| အနာဂါမ်မထေရ် တစ်ပါးဝတ္ထု | ၄၇ |
| အနိစ္စ လက္ခဏဝတ္ထု | ၁၆၉ |
| အနိတ္ထိဂန္ဓကုမာရ ဝတ္ထု | ၃၈ |
| အနုပ္ပါဒိန္နက အဝိညာဏကဥပင် ဤသို့ ဇရာနှိပ်စက် ဖျက်ဆီးခံသော် | ၁၉၃ |
| အနှစ်တစ်ရာ အသက်ရှည်ခြင်းထက် | ၁၉၈ |
| အမိဂါရုက်ား | ၂၆၃ |
| အပန်းဖြေ နားနေခြင်းသို့ မရောက်ရာ | ၁၆၅ |
| အပါယ်တည်းဟူသော သမုဒ္ဒရာသို့ | ၁၉၈ |
| အမိကို လုပ်ကျွေးသော ဘုရားလောင်း ဆင်မင်းဝတ္ထု | ၂၇၂ |
| အမျက်မထွက်ခြင်းကြောင့် နတ်သမီးဖြစ် | ၇၆ |
| အမှုမှန်ဖော်ထုတ် | ၂၄၃ |
| အရိယမည်သော ငါးမျှားသမား | ၁၆၂ |
| အရွယ်သုံးပါးတို့ကို လွန်၍ သေမင်းခံတွင်းဝ၌တည် | ၁၀၀ |
| အရှက်မရှိသူနှင့် အရှက်ရှိသူ နှစ်ဦးတို့အကြောင်း | ၁၁၆ |
| အရှင်အာနန္ဒာမထေရ် ရတနသုတ်ကို ဟောတော်မူခြင်း | ၂၀၆ |
| အရှင်မဟာကဿပ မထေရ်အား မုန့်လှူခြင်း | ၄၅ |
| အရှင်သာရိပုတ္တရာ၏ အပျော်နေတပည့် စူဠသာဒိ | ၁၁၅ |
| အရှိးစု ပြိတ္တာ | ၂၄၄ |

အက္ခရာစဉ် စာမျက်နှာ

[ အ ]

အလောင်းတော် ဆင်မင်း
ပုဏ္ဏားယုတ်ကို ကယ်ဆယ် ၂၇၂
အလောင်းတော်ဆင်မင်း
မင်းကြီးအားဆုံးမ၍ တော
သို့ပြန် ၂၇၇
အလောင်းတော်ဆင်မင်းကို
ဗာရာဏသီပြည်သို့ဆောင်ယူ ၂၇၄
အလောင်းတော် သခ်
ပုဏ္ဏားကြီးအကြောင်း ၂၀၉
အလွန်အကဲဆုံး အညစ်
အကြေးကားမသိမှု
အဝိဇ္ဇာပင် ၁၁၃
အဝရောဇ သူကြွယ်၏တူ
အဝရောဇ ၁၃၃
အဿဘိုရ်မြင်း ၂၆၅
အသေကမ္မနိ ဖြစ်ဘိသသူ
လားရာဘဝမရှိတော့ပြီ ၈၃
အသက်အန္တရာယ်ကား
သိနိုင်ခဲ၏ မမေ့မလျော့
သည်ကိုပြုခြင်းငှာအပ် ၁၉၆
အသင်တို့သည် ကိလေသာတို့
ဖြင့်လွန်စွာ ထိုးကျင့်ကုန်
သည်ဖြစ်၍ နေရ ၄
[အာ]
အာဘဿရ ဗြဟ္မာကြီးများ
ကဲ့သို့ ပီတိ အာဟာရဖြင့်
နေကုန်အံ့ ၇
အာရုံအမျိုးမျိုးကို ကပ်ငြိ
တွယ်တာ သတ္တဝါလို
သေမင်းသည် သယ်ဆောင်
၍ သွား ၁၉၉

[ အာ ]

အာသဝေါကုန်ခန်း ရဟန္တာ
သည်သာ အပန်းဖြေနား
နေခြင်းသို့ရောက် ၁၆၅
အာဠဝီပြည်တွင်းမှ ဆင်းရဲသား
တစ်ယောက် ၁၀

[ဣ၊ ဤ]

ဣရိယာပထ သင့်မျှမှန်စွာ
လွန်ချမ်းသာ ၁၆
ဤနတ်သမီးကို မရသည်ရှိသော်
ငါအားသေလွန်ခြင်း
ဖြစ်ရတော့အံ့ ၅၉
ဤဘဝဥပင် မိမိ၏မူရင်း
အခြေအမြစ်ကို တူးဖို့
ဖျက်ဆီးသည် မည်သူ ၁၂၀
ဤရေသည် အဘယ်မျှလောက်
အဖိုးထိုက်သနည်း ၃

[ဥ၊ ဦ]

ဥဂ္ဂသေဋ္ဌေး ၂၃၁
ဥဇ္ဈာနသညီတ္တေရဝတ္ထု ၁၄၃
ဥတ္တရာဥပါသိကာမဝတ္ထု ၆၂
ဥတ္တရာကို ထောပတ်ဆီပူဖြင့်
ခပ်ယူလောင်း ၇၁
ဥတ္တရိမနုဿဓမ္မ ၂၄၆
ဥဒ္ဒိသောတ ပုဂ္ဂိုလ် ၄၈
ဥပါသကာ ငါးဦးဝတ္ထု ၁၂၉
ဥပါသကာတို့၏ အဘိတ်ကို
ဆောင်တော်မူ ၁၃၀
ဥပါယ်တံမျဉ် ၂၀၁
ဦးရှိး၏သမီး ရေဝတီ ၄၉

အက္ခရာစဉ် စာမျက်နှာ

[ဧ]

ဧကနိပါတ် ကဏှာဟာကဇာတ် ၁၂၁
ဧကနိပါတ် ကာကဇာတ် ၁၈၉

[အိမ်]

အိမ်ရာဖွဲ့နှောင် ၂၈၆

[အောင်]

အောင်နိုင်သောသူ ရန်ပွား၍
ရှုံးသောသူ ဆင်းရဲစွာအိပ်ရ ၈
အောင်ရာလေးခင်း အောင်ခြင်း
လေးဖြာ ၇၄
အောင်,ရှုံးပယ်ခွာ
မြတ်ချမ်းသာ ၈

[က]

ကပိလဝတ်နှင့် ကောလိယ
မြို့အကြားရှိ ရောဟိဏီမြစ် ၁
ကာယဒုစရိုက်ကို ပယ်စွန့်၍
ကာယသုစရိုက်ကို
ကျင့်ရာ၏ ၉၃
ကာသိမင်းသည်
အလောင်းတော် ဆင်မင်းကို
ဆည်းကပ်လုပ်ကျွေး ၂၇၈
ကိလေသာ ထွေးအန်ပြီးသော
ပညာရှိကို ကောင်းသော
သဘောရှိသူဟု ဆိုအပ် ၁၅၆
ကိလေသာ ပျို့အန်ပြီးသော
ပုဂ္ဂိုလ်ကိုသာ
မထေရ်ဟု ဆိုအပ် ၁၅၄
ကိသာဂေါတမီဝတ္ထု ၁၉၈
ကုမုဒြာကြာ ၁၄၉

အက္ခရာစဉ် စာမျက်နှာ

[က]

ကုရုဝိန္ဒ, ကရဝီကရမည်သော
သစ်ပင် ၂၇၅
ကောသလမင်းကြီး
စစ်ရှုံးသော ဝတ္ထု ၇
ကံကော်တော ၂၇၉
ကောက်ပင်လယ်တွင်း
ရေသွင်းခြင်းက-စ ၃
ကောင်း, မကောင်းမှု
အပပြုမျော ခန္ဓာဝေလောက၌
ဆင်ခြင်၍ ကျင့်သုံးသူကို
ဘဏ္ဍာဟု ဆိုအပ် ၁၅၉
ကောင်းမှုရှိသူကို ကောင်းမှု
တို့သည် ကြိုဆိုခံယူ ၅၂
ကောင်းသော နိုးကြားခြင်း ၂၂၅
ကျောင်းရရန် ကုန်းချော ၁၇၈
ကြံတစ်ချောင်းလှူခဲ့၍
နတ်သမီးဖြစ် ၇၇
ကြက်ဥစားဝတ္ထု ၂၁၃
ကြည့်ရှုဖန်များ ကိလေသာပွါး ၉
ကိုးကွယ်ပုန်းအောင်း ၂၀၀

[ခ]

ခန္ဓာဝန်ထမ်း ပင်ပန်းလွန်ကဲ
ဆင်းရဲမရှိ ၉
ခရီးလမ်းအကြောင်း
ပြောကြားကုန်သော
ရဟန်းငါးရာတို့ဝတ္ထု ၁၉၆

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ခ ] | |
| ခုနစ်နှစ်အရွယ် သာမဏေငယ် ထံ၌ ကမ္မဋ္ဌာန်းယူပုံ | ၁၀၄ |
| ခေမက သူဌေးသား၏ အတိတ်ဝတ္ထု | ၂၅၂ |
| ခေမက သေဋ္ဌိပုတ္တ ဝတ္ထု | ၂၄၉ |
| ခွေးကိုမျှ မချန်ဘဲ | ၁၉၉ |
| ချမ်းသာမှန်နှင့် ဆင်းရဲရန် | ၂၂ |
| [ ဂ,ဃ ] | |
| ဂေါတမမြတ်စွာဘုရား လက်ထက်တော်၌ အကျိုးပေး | ၁၄၀ |
| ဃရာဝါသ ကိစ္စဖွဲ့နှောင် ဤလူ့ဘောင် | ၂၀၆ |
| [ င ] | |
| ငါးဦးကုန်သော သူတို့အတွက် တစ်ကမ်းစားသော ဆန်ကိုချက် | ၁၃၇ |
| ငါးဒွါရတို့ကို ပိတ်၍ မနေဘဲ ဒွါရခြ၌ ကမ္မဋ္ဌာန်း စီးဖြန်း | ၁၀၅ |
| ငါးမျှားသမားဝတ္ထု | ၁၆၂ |
| ငါးရာသော သတို့သမီးတို့အား တရားဟောတော်မူ | ၆ |
| ငြိုးငွေ့ခြင်းသည် ကိလေသာမှ စင်ကြယ်ခြင်း၏ လမ်းကြောင်း | ၁၇၀ |
| ငြူစူခြင်း နှိပ်စက်သော မိန်းမဝတ္ထု | ၂၅၄ |
| ငတ်မွတ်ခြင်းဘေး | ၂၀၂ |
| [ င ] | |
| ငတ်မွတ်ခြင်းနှင့် တူသော အခံခက်သော ရောဂါမရှိ | ၁၃ |
| [ စ ] | |
| စကြံသွားရာတွင် ငိုက်မျဉ်း | ၁၇၃ |
| စက္ခုပါလဗ | ၂၅၇ |
| စရိုက်ကိုကြည့်၍ မြတ်စွာဘုရား ကမ္မဋ္ဌာန်းတရား ပေးသနားတော်မူ | ၁၉၂ |
| စရိုက်နှင့် မလျော်သော ကမ္မဋ္ဌာန်းဖြစ်၍ တရားထူး မရ | ၁၉၃ |
| စူဠသုဘဒ္ဒါ | ၂၃၁ |
| စေတီတော် ရင်ပြင်၌ သဲခင်းခြင်းစသော ကုသိုလ်မှုကို ပြု | ၂၁၁ |
| စွဲယူခြင်း, ပင်ပန်းခြင်း မရှိလျှင် မငြိုကပ် | ၅၇ |
| စိတ်တိုင်းမကျသော ဒါယကာ | ၈၁ |
| စိတ်သဘော ကောက်ကျစ်သော ရဟန်းများဝတ္ထု | ၁၅၄ |
| စိုးရိမ်ကြောင့်ကြ အနိတ္ထိဂန္ဓ | ၄၁ |
| စိုးရိမ်မှု, ကြောင့်ကြမှုတွေ ဘာကြောင့် ဖြစ်ကြသလဲ | ၃၅ |
| [ ဆ ] | |
| ဆဗ္ဗဂ္ဂိယဝတ္ထု | ၁၄၉ |
| ဆဗ္ဗဂ္ဂိရဟန်းတို့ဝတ္ထု | ၉၂ |
| ဆရာဖြစ်ဖူးသော ရဟန်းဝတ္ထု | ၂၆၅ |
| ဆွေတော် မျိုးတော်တို့ ခိုက်ရန် ဖြစ်ပွားကြ | ၂ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဆ ]** | |
| ဆွေတော် မျိုးတော်များ ရန်ပွဲ ပြေငြိမ်းခြင်း ဝတ္ထု | ၁ |
| ဆွေမျိုးတော်က ညာတိ၊ အတူတကွ မိတ္တာ၊ ချစ်ခင်ခြင်း သုဟဇ္ဇ၊ | ၅၂ |
| ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်း | ၅၅ |
| ဆွမ်းဒါန ဒိဋ္ဌဓမ္မအကျိုး | ၁၄၀ |
| ဆင်ပြောင်ကြီး | ၂၆၅ |
| ဆင်ပြောင်ကြီးနှင့် တူ၏ | ၂၆၃ |
| ဆယ့်ခြောက်နှစ်ဝယ် အရွယ်လည်းလှ တကယ်လည်းလှ | ၃၉ |
| ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမည်သည်မဖြစ် | ၁၆၁ |
| ဆိုနိုင်ခက်သော ရဟန်းဝတ္ထု | ၂၅၂ |
| **[ ဇ၊ည ]** | |
| ဇရာနှိပ်စက် | ၁၉၃ |
| ညစ်ကြေးမစင် ဦးထိပ်တင် | ၂၀ |
| **[ တ ]** | |
| တဏှာကြောင့် သဒ္ဓါဖြစ် | ၄၅ |
| တဏှာမြစ်နှင့် တူသော မြစ် မရှိ | ၁၃၂ |
| တရားအပေါင်းတို့တွင် ရာဂကင်း | ၇၇ |
| တိတ္ထိတပြည့်တို့ဝတ္ထု | ၂၆၀ |
| တိဿတ္ထေရဝတ္ထု | ၁၇ |
| **[ တ၊ထ ]** | |
| တိဿမထေရ် စုတေ၍ သန်းဖြစ် | ၁၀၄ |
| တိဿရဟန်းငယ်ဝတ္ထု | ၁၂၂ |
| တူရိယာအမျိုးမျိုး သံကြား ရ၍ ငိုကြွေးခြင်း | ၂၂၆ |
| တစ်ခါတစ်ခေါက် မသွားရောက် ဖူးသော အရပ် | ၂၆၆ |
| တစ်ဂါထာ ဥဒါန်းကျူးသော ရဟန္တာမထေရ် | ၁၅၀ |
| တစ်ဆယ့်နှစ် ယူဇနာအပြန့် ယူဇနာတစ်ရာ အမြင့်ရှိ | ၅၀ |
| တစ်ညဉ့်မျှ အသက်ရှင်ရသော် ကောင်းသော အသက် ရှင်ခြင်းဖြင့် | ၁၉၅ |
| တစ်နေ့တစ်ထောင်ဖြင့် သိရိမာကိုငှါး | ၇၀ |
| တစ်နွယ်ငင် တစ်စင်ပါ | ၂၅ |
| တစ်နိုင်ငံတစ်ပိုင် အဆုံးအမ | ၂၆ |
| တွင်းပနှစ်ဖြာ ခန္ဓာကိုသိ မုနိဟုဆို | ၁၆၂ |
| တောင်ဝှေးကမှ ကောင်းမြတ်လှ၏ | ၂၇၀ |
| တန်ဆာတို့သည် အရွယ် အလိုက်သာ တင့်တယ်ကုန်၏ | ၂၉၇ |
| တန်ဆောင်မုန်းလဘ် ပွင့်သော ကုမုဒြာကြာ | ၁၉၄ |
| ထင်းလှည်းသမား၏ သား | ၂၂၁ |

အက္ခရာစဉ် စာမျက်နှာ

[ဒ၊ဓ]

ဒုက္ခလက္ခဏာဝတ္ထု ၁၇၀
ဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် သုစရိုက်ကို စောင့်စည်းရာ၏ ၁၈၂
ဒေါသကိုစွန့် မာနကိုပယ် သံယောဇဉ်ကို လွန်မြောက်ရာ၏ ၅၇
ဒေါသတည်းဟူ ပြစ်တူမရှိ ၉
ဒေါသနှင့် တူသော ဖမ်းစားခြင်းမည်သည်မရှိ ၁၃၂
ဒေါသ, မာန်, မာန ၂၆၃
ဓနပ္ပါလနှင့် သုမနဒေဝီ ဓနပါလမည်သော ၂၇၉
ဓုဝဘတ် ၂၇၁

[န]

နန္ဒိယသူကြွယ်ဝတ္ထု ၄၉
နရက်ခြောက်မှ ၂၈၆
နိဂဏ္ဌဝတ္ထု ၂၅၀
နိဗ္ဗာန်ချမ်းသာ ကောင်းစွာ တူမျှ သုခ မရှိ ၁၀
နိမိတ္တဘုရား ၂၀၀
နွားကိုတည်း ရှာမှီးအံ့လော တဆူးကိုတည်း နာရအံ့လော ၁၁
နွားပျောက်သော ဥပါသကာ တစ်ဦးဝတ္ထု ၁၀
နွားသတ်ယောကျ်ား လျှာပြတ်၍ အဝီစိသို့လား ၆၅

အက္ခရာစဉ် စာမျက်နှာ

[န]

နွားသတ်ယောကျ်ား၏ သားငယ်ဝတ္ထု ၆၅
နတ်ပြည်ရောက်ကြောင်းတရား ဤသုံးပါး ၇၉
နတ်သမီးက တားဆီး ၅၉
နတ်သမီး ဒေါသချုပ်တီးပုံ ၆၀
နတ်သားလေးယောက် လုနေကြ၍ သိကြားမင်း သိမ်းပိုက်ရ ၅၀
နှစ်မြောဝန်ဘဲ့ခြင်းသည် ပေးလှူသူ၏ ပျက်စီးကြောင်း ၁၁၄

[ပ]

ပကတိသော တောခြသေ့ ဘေးရန် ကိလေသာတော ဇာတိဘေးရန်ရှိ ၁၉၀
ပစ္စန္တမြို့ ၂၅၆
ပစ္စေကဗုဒ္ဓါ အထံ၌ ဆုတောင်း ၁၃၅
ပဥ္စဉပါသကာဝတ္ထု ၁၁၉
ပဉ္စမဟာလ္လကမထေရ်တို့ဝတ္ထု ၁၈၆
ပဥ္စသာလာမည်သော ပုဏ္ဏား ၅
ပညာရှိကို ရခြင်းသည် ချမ်းသာ ၂၉၆
ပညာမဲ့သူသည် မုနိမမည် ၁၆၁
ပညာရှိသည် သီလကို စောင့်လျက် နိဗ္ဗာန်လမ်း ခရီးကို သုတ်သင် ၂၀၀
ပဌာစာရာဝတ္ထု ၁၉၉
ပဏ္ဍုရင်ရဟန်း ၂၉၈
ပဒုမ္မာအိုင် ၂၇၇

အက္ခရာစဉ်　　　စာမျက်နှာ

[ ပ ]

ပဒေသာပင်　　၂၀၈
ပဓာနကမ္မိကတိဿမထေရ်
　ဝတ္ထု　　၁၇၂
ပရိယာယ်ဖြင့် ကဲ့ရဲ့တတ်သော
　အလေ့ကို ဆုံးမ　　၁၂၇
ပသေနဒီကောသလမင်းဝတ္ထု　　၁၄
ပါလိလေယျကဆင်　　၂၉၀
ပါဝေယျကဆင်　　၂၇၉
ပိဋကသုံးပုံဆောင် ဂေါဋ္ဌိလ
　မထေရ်　　၁၀၄
ပုဏ္ဏကျွန်မဝတ္ထု　　၈၇
ပုဏ္ဏသူရင်းငှါး သူဌေးဖြစ်　　၆၃
ပုဏ္ဏားအိုနှင့် သားလေးယောက်
　ဝတ္ထု　　၂၆၇
ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့
　ဈာပနကို ပူဇော်မှုခြင်း　　၈၂
ပုထုဇဉ်တို့ မမြဲနိုင်သော　　၁၆၇
ပူပန်မှုကင်းရန် နည်းကောင်း　　၁၉
ပေးကမ်းသို့စိတ် ပိတ်ပင်
　တားမြစ်သော် ချမ်းသာ
　သုံးမျိုးကို မရ　　၁၁၅
ပေါ်ကွာရမည့်သော မိုးကြီး　　၂၀၆
ပေါဋ္ဌိလမထေရ် တောထွက်ခြင်း　၁၈၃
ပျင်းရိသောလုလင်　　၁၇၅
ပျင်းရိသူသည် ပညာဖြင့်
　ရယူနိုင်သော အရိယာမဂ်ကို
　မရနိုင်　　၁၇၆
ပြင်းစွာဆာလောင် မွတ်သိပ်
　သော်လည်း တရားတော်ကို
　နာယူ　　၁၁
ပန်းမှိုက်ပုံအကြား　　၂၄၂

[ ပ ]

ပြုံးရယ်ခြင်းအပြ　　၁၇၆

[ ဖ၊ဗ ]

ဖြစ်ပေါ်လာသော အမျက်
　ဒေါသကို တားဆီးထိန်း
　ချုပ်နိုင်သူသာ ရထားထိန်း　၆၁
ဗိမ္ဗိသာရမင်းနှင့် ဝေဒေဟီ
　မိဖုရား　　၇
ဗုဒ္ဓမည်းတော် ပုဏ္ဏားမဝတ္ထု　　၇၉
ဗြာဟ္မဏ ဟင်းယောက်ဝတ္ထု　　၄၂
ဗြဟ္မာပြည်ဟိုင်ကောင်　　၂၀၈

[ ဘ ]

ဘောဇဉ်၌ အတိုင်းအရှည်ကိုသိ
　အမြဲသတိရှိ　　၁၅
ဘုန်းရှိသူကို စော်ကားသမျှ
　မပြီးမြောက်သည့် မျိုး　　၇၉
ဘုရားဖူးလောင်းသည် သမုဒ္ဒရာ၌
　နတ်၏အဖြစ်ဖြင့် ဖြစ်　　၁၈၈
ဘုရားဂုဏ်တော်ကို အာရုံပြု
　သော သတိရှိက ကောင်း
　သော နိုးကြားခြင်းမည်　　၂၂၄
ဘီလူးဘေး　　၂၀၂
ဘာ့ကြောင့် ဆင်းရဲကြသလဲ　　၂၇
ဘဝငါးရာ ခမည်းတော်ဖြစ်ဖူး　　၈၁
ဘဒ္ဒိယရဟန်းတို့ ဝတ္ထု　　၂၃၇

[ မ ]

မကောင်းမှုကို မပြုခြင်းသည်
　ချမ်းသာ၏　　၂၈၆

အက္ခရာစဉ် စာမျက်နှာ

[ မ ]


မကောင်းမှုတို့ ငြိမ်းပြီးသည်
အဖြစ်ကြောင့် သမ္မာ ၁၅၇
မင်္ဂလာအလှူ ၂၇၁
မာတင်္ဂတော၌ အဖော်မပါ
ပါလိလေယျက ဆင်ကဲ့သို့ ၂၉၂
မာတုပေါသထ ဆင်မင်း ၂၇၈
မထင်ရှားသော အမျိုးသမီးငယ်
ဝတ္ထု ၉
မထင်ရှားသော အမျိုးသား
ဝတ္ထု ၁၁၂
မယင်ရှားသော သူကြွယ်ဝတ္ထု ၂၈
မခုရ ပါစိကာ ဥပါသိကာမ
သေလွန်ရလေပြီ ၁၈၇
မဟာခနကုန်သည် ဝတ္ထု ၁၉၅
မဟာမောဂ္ဂလာနတွေ့ရပဥ္စဝတ္ထု ၇၅
မဟာသမုဒ္ဒရာရေကား ပြည့်မြဲ
တိုင်းသာ ၁၈၈
မာရဝတ္ထု ၅
မာရ်နတ်မင်း နှောင့်ယှက်ပုံ ၆
မိဂဒါဝုန်တော၌ ကျောင်း
တော်ဆောက်လုပ်
လှူဒါန်း ၅၀
မိမိအဖြစ်ကိုကား မြင်နိုင်ခဲ ၁၄၃
မိစ္ဆာဒိဋ္ဌိ လင့်အိမ်သို့ လိုက်ပါရ ၆၈
မိန်းမတို့မည်သည် အလုံးစုံသော
သူဘို့နှင့် ဆက်ဆံ ၁၁၃
မုနိ ၁၆၁
မုနိအသွင်ဆောင်ကုန်သော
တိတ္ထိတို့ဝတ္ထု ၁၆၀
မေတ္တာကသောင်္ဂဝတ္ထု ၁၃၃
မေတ္တာကနှင့် စန္ဒပဒုမာ ၁၃၃


အက္ခရာစဉ် စာမျက်နှာ

[မ]


မောဟနှင့်တူသော ပိုက်ကွန်
မည်သည်မရှိ ၁၃၂
များစွာစား၍ ငိုက်မျဉ်းနေ၍
ရှိသူ အိမ်၌ မွေးမြူဝက်နှင့်တူ ၁၄
များစွာသော ရဟန်းတို့ဝတ္ထု ၂၅၆
မင်းတို့မည်သည်ကား အဖိုး
အတိုင်းမသိထိုက်ကုန် ၇
မင်းသုံးအစဉ် ဟော်ဝင်ထိုက်စွာ
ပဉ္စာမြားရတနာ ၁၆
မယ်ဥတ္တရာ၏ အလှူဒါန ၆၄
မယ်ဥတ္တရာ၏ ယုံမှာပုံ ၆၅
မြင်မြင်ချင်း ချစ်ခင်ခြင်း
ကြောင်းရင်းနှစ်ပါး ၈၂
မြတ်စွာဘုရားအား အရှင်
မောဂ္ဂလာန်မထေရ်
မေးမြန်းလျှောက်ထား ၇၈
မြတ်စွာဘုရားအား ကဲ့ရဲ့ရှုတ်ချ ၁၂
မြတ်စွာဘုရားအား ဆန်ကွဲ
မုန့်လှူ ၈၅
မြတ်စွာဘုရား ကြွတော်မူ၍
ရန်ပွဲငြိမ်း ၇
မြတ်စွာဘုရား သူကြွယ်အိမ်သို့ကြွ ၂၈
မြတ်စွာဘုရား၏ ချီးကောင်းမှု
ဝတ္ထု ၂၀၂


[ယ၊ ရ]


ယနေ့သေမည် မနက်ဖြန်
သေမည်ဟု ဘယ်သူမှ
မသိနိုင် ၁၉၆
ယာစိနမင်္ဂလာ ၂၀၃
ရဟန်းခုနစ်ရာ ထိတ်လန့်ရှာ ၁၈

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ ရ ] | |
| ရဟန်းငယ်အား ကမ္မဋ္ဌာန်း နိမိတ်ထင် | ၁၉၇ |
| ရဟန်းငယ်၏ အမျိုးကို စုံစမ်း | ၁၂၂ |
| ရဟန်းတစ်ပါး ဝတ္ထု | ၃၉ |
| ရဟန်းပြုရန် ခဲယဉ်း | ၂၂၈ |
| ရဟန်းပြုရန် ထွက်ပြေးကြ | ၂၄ |
| ရာဂနှင့်တူ မီးပူမရှိ | ၉ |
| ရေငတ်သင့်သမီးနှင့် လက်ထပ် | ၄၉ |
| ရောဂါဘေး | ၂၀၂ |
| ရောဟိဏီ အသင်အား ကောင်းမှုကို ပြုခြင်းငှါ မအပ်သလော | ၃၄ |
| ရောဟိဏီ ခတ္တိယ [illegible]ဝတ္ထု | ၃၄ |
| ရောဟိဏီ မင်းသမီးအား ယားယံသော ရောဂါဖြစ် | ၃၄ |
| ရောဟိဏီမင်းသမီး သောတာပတ္တိဖိုလ်၌တည် | ၃၇ |
| ရောဟိဏီမြစ်၏ အလယ်အပြင် ကောင်းကင်၌ထက်ဝယ်ဖွဲ့ | ၃ |
| ရောဟိဏီမြစ်၏ ရေသွားကို တားဆီးသောဆယ်တစ်ခု | ၁ |
| ရုပ်နာမ်ဖြင့်ပျက်ကို မြင်လျက် အသက်ရှင်ရခြင်းသည်မြတ် | ၁၉၈ |
| ရှေ့စင်ရုပ်နှင့် သမီးကညာ | ၃၉ |
| ရှေ့ပဒုမ္မာ | ၁၉၃ |
| ရှေ့ပန်းထိမ်သည် အတတ်ကို သင်ယူ | ၆၇ |
| ရှေ့ပန်းထိမ်သည် မထေရ်ဝတ္ထု | ၁၉၁ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| [ လ ] | |
| လကုဏ္ဍက ဘဒ္ဒိယထေရ ဝတ္ထု | ၁၅၃ |
| လကုဏ္ဍဒါယိ မထေရ်၏ မစင်တွင်းသို့ကျ | ၁၀၈ |
| လာဠုဒါယီ မထေရ်ဝတ္ထု | ၁၀၆ |
| လိစ္ဆဝီဝတ္ထု | ၃၇ |
| လူချစ်လူခင်များနည်း | ၄၆ |
| လူအများစု ရန်လိုနေချိန်မှာ ရန်မလိုဘဲ နေထိုင်ကြပါစို့ | ၄ |
| လောက၌ · အကဲ့ရဲ့လွတ်သော သူမည်သည် မရှိ | ၉၁ |
| လက်ခြေဆုပ်နယ်ခြင်း | ၂၆၇ |
| လင်ကိုလွန်ကျူး၍ကျင့်ခြင်းသည် မိန်းမ၏ ပျက်စီးကြောင်း | ၁၁၄ |
| လမ်းတို့တွင် မဂ္ဂင်ရှစ်ပါးလမ်း သည်သာ အမြတ်ဆုံး | ၁၆၇ |
| လိမ္မာ ပြီးပေါင်ရိုးကျိုး | ၁၇၃ |
| လျှဒါန်းပူဇော်ကာမှု ဖြင့်ငါဘုရား အား ပူဇော်သည်မမည် | ၁၁ |
| လှေထက်သို့ တက်စီးတော်မူ | ၂၀၈ |
| [ ဝ ] | |
| ဝဇိရကုမာရီ အမည်ရှိသော သမီးတော် | ၁၆ |
| ဝက်ပြိတ္တာ၏ အတိတ်ဝတ္ထု | ၁၇၇ |
| ဝဂ္ဂုမုဒါမြစ်ကမ်း၌နေသော ရဟန်းတို့ဝတ္ထု | ၂၄၃ |
| ဝိနိစ္ဆယမဟာမတ္တာဝတ္ထုရဝတ္ထု | ၁၄၇ |
| ဝိပဿီ မြတ်စွာဘုရားအား ဆင်ဝင် ဇရပ်လှူဒါန်း | ၁၃၄ |
| ဝိသာခါဝတ္ထု | ၃၅ |

| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ ဝ ]** | |
| ဝေသာလီပြည်၌ ကပ်ကြီး သုံးပါး | ၂၀၂ |
| ဝေသာလီပြည်သို့ မြတ်စွာဘုရား ကြွတော်မူ | ၂၀၃ |
| ဝတ်ကြီး ဝတ်ငယ်ကျေပွန်သ ဖြင့် ဆင်းရဲမှုလွတ်၍ချမ်းသာရ | ၁၂၅ |
| ဝတ်ပန်းပုဆိုး | ၁၆၅ |
| **[ သ ]** | |
| သင်္ကန်းကိုအသစ်တစ်ဖန်ပြန်လည် ရက်လုပ် | ၁၀၃ |
| သစ္စပုဏ္ဏား | ၁၆၇ |
| သစ္စာစကား ပြောခဲ့ရ၍ နတ်သမီးဖြစ် | ၇၅ |
| သစ္စာတို့တွင် အရိယသစ္စာ လေးပါးတို့သည်အမြတ်ဆုံး | ၁၆၇ |
| သစ္စဥမင်း | ၁၆၇ |
| သစ္စာလေးပါးတရား၌ မမေ့ မလျော့သူသည်သာ | ၁၅၂ |
| သတ္တဝါခပင်း မညှဉ်းဆဲတတ်သူကို အရိယာဟု ဆိုအပ် | ၁၆၃ |
| သတိမကင်းသည့်၌ မေ့လျော့ကိုန် | ၂၈၉ |
| သတို့သမီး တွေ့ရှိခြင်း | ၄၀ |
| သဒ္ဓါကြည်ယုံ မတုန်မလှုပ် တည်ခြင်းသည် ချမ်းသာ | ၂၈၆ |
| သဒ္ဓါသီလပြည့်စုံက အပူဇော်ခံရ | ၂၄၀ |
| သမ္ပဇဉ်လေးပါး | ၂၁၉ |
| သမ္မှဟုလာဘ်ကျွဝတ္ထု | ၂၈၀ |
| သမုဒ္ဒိဟူသည် | ၁၆၂ |



| အက္ခရာစဉ် | စာမျက်နှာ |
|---|---|
| **[ သ ]** | |
| သဝိညာဏကဖြစ်သော ငါ၏ ကိုယ်၌ အဘယ်ဆိုဖွယ်ရာ ရှိပါအံ့နည်း | ၁၈၃ |
| သာနုသာမဏေ၏ရှေးဘဝ အမိတော်ဖူးသောဘီလူးမ | ၂၈၂ |
| သာနုသာမဏေ လူထွက်လို၍ အမိအိမ်သို့ကြွသွား | ၂၈၃ |
| သာနုသာမဏေဝတ္ထု | ၂၈၂ |
| သာဝတ္ထိပြည် လူဦးရေ | ၃၆ |
| သိကြားမင်း အထူးကြည်ညိုခြင်း၏ အကြောင်းရင်း | ၂၁ |
| သိကြားမင်း ဆင်းသက်၍ မေးမြန်းရ | ၄၁ |
| သိကြားမင်း လုပ်ကျွေးပြုစုပုံ | ၂၀ |
| သိကြားမင်းဝတ္ထု | ၂၀ |
| သိကြားမင်း၏ မိဖုရားဖြစ် | ၅၈ |
| သိန္ဓောမြင်း | ၂၆၅ |
| သိရိမာတောင်းပန်ခြင်း | ၇၂ |
| သိရိမာ၏အထက်၌ အမျက် ထွက်ခြင်းမရှိခဲ့ပါမူ | ၇၂ |
| သီလစသည်နှင့် ပြည့်စုံသော ရဟန်းများဝတ္ထု | ၁၆၄ |
| သီလသည်အိုသည့်တိုင်အောင် ချမ်းသာ | ၂၈၆ |
| သုန္ဒရီ ပရိဗိုဇ်မ | ၄၁ |
| သုဘဒ္ဒပရိဗိုဇ်ဝတ္ထု | ၁၄၄ |
| သူကရပေတဝတ္ထု | ၁၇၆ |
| သူငယ်ငါးရာဝတ္ထု | ၄၄ |
| သူငယ်ရဟန်းပြုပုံ | ၂၄ |
| သူဌေး၏မြေး ဝိသာခါ | ၁၃၃ |

| အက္ခရာစဉ် | စာမျက်နှာ |
| --- | --- |
| **[သ]** | |
| သူတစ်ပါးတို့၏ အပြစ်ကို မြင်လွယ် | ၁၄၃ |
| သူယုတ်ဘီလူးကြီး | ၂၆၉ |
| သူရင်းငှါးပုဏ္ဏားကို သူဌေးမြှောက် | ၆၇ |
| သေတာတွေက နှလုံးသွင်းကြ | ၃၀ |
| သေမင်းနှိပ်စက်ခံရ | ၂၀၀ |
| သောကပယ်ရေး နည်းလမ်းပေး | ၂၈ |
| သောကပယ်ရှားသော အလောင်းတော်ပုဏ္ဏား | ၂၉ |
| သားအမိသုံးယောက် ရဟန်းပြုသောဝတ္ထု | ၂၄ |
| **[သ၊ဟ]** | |
| သားငယ်တက္ကသိုလ်ပြည်သို့ လက်ပြေးခြင်း | ၈၆ |
| သစ်သီးတစ်လုံး လုယူဖူးသော နတ်သမီးများ | ၇၇ |
| သန်းဖြစ်ရသော တိဿမထေရ်ဝတ္ထု | ၁၁၃ |
| သန်းဘဝမှ ကျွတ်၍ တုသိတာနတ်ပြည်သို့ရောက် | ၁၀၄ |
| သုံးဆယ့်ရှစ်ဖြာ ဘာဝနာအာရုံ | ၁၈၆ |
| ဟတ္ထကရဟန်းဝတ္ထု | ၁၅၆ |

# ပြင်ဆင်ဖတ်ရှုပါရန်

| စာမျက်နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၂၄၁ | ၂၁ | တတူတက္ခ | အတူတက္ခ |
| ၂၄၁ | ၃၁ | အသယ်သူကို | အဘယ်သူကို |
| ၂၅၀ | ၄ | မေခက | ခေမက |
| ၂၅၀ | ၇ | မေခက | ခေမက |
| ၂၅၀ | ၁၀ | မေခက | ခေမက |
| ၂၅၆ | ၁၇ | အကျိုးငှါ | အကျိုးငှါ |

ပ·မ·သ·စ—၁၉·၉·၉၂ (၃၀၀၀) အုပ်